ညောင်ကန် အရှင်ကုဏ္ဍကာ ၏

မိုးကုတ်၊ မိုးမိတ်၊ မဘျူပင်

# မဟာစည်ဒေသနာခရီး



စာကြည့်တိုက်
ဘာသာပြန်စာပေ
ပြန်ကြားရေးဌာန

ညောင်ကန်-အရှင်ဇန္ဒက

မိုးကုတ်၊ မိုးမိတ်၊ မအူပင်

# မဟာစည် ဒေသနာခရီး

တန်ဖိုး-၁၂-ကျပ်

စာကြည့်ခန်း
-၁၆၅၈-

သာသနာ-၂၅၂၁ ကောဇာ-၁၃၃၉

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက် အမှတ် (၁၀၀၄၅)

ပဥ္စမ အကြိမ်

အုပ်ရေ-၃၀၀၀

၁၉၇၇-ခု၊ စက်တဘ်ာလ

မျက်နှာဖုံး-ချင်းတွင်း

# ဓမ္မဒါန

ထုတ်ဝေသူ။ ။အရှင်ဉာန္ဒက ကင်းလွတ်ခွင့်အမှတ်(၀၄၀၀၅) အမှတ်-၁၆၊ သာသနာ့ရိပ်သာ၊ ဟာမစ်တစ်လမ်း၊ ရွှေဂုံတိုင်စာတိုက်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ။ ။ဦးတင်မောင် (၀၂၅၆-မြ) စာပေပေါင်းကူး စာပုံနှိပ်တိုက်၊ အမှတ်-၉၀၊ အော-ဘီ၊ ဝေဇယန္တာလမ်း၊ (၈) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့၊ ရန်ကုန်က ပုံနှိပ်သည်။

# မာတိကာ


| ဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ဆရာတော် အရှင်တိလောကသာရ၊ (ရန်ကုန်)၏ အဖွင့်လွှာ | |
| | ငြိမ်းအေးမှု ဘုရားရှိခိုး | |
| | ကျေးဇူးစကား | |
| ၁။ | မိုးကုတ်မြို့သို့ မဟာစည်ဒေသနာခရီး .... | ၁ |
| ၂။ | မဟာစည်သာသနာပြုအဖွဲ့ မန္တလေးမှ ထွက်ခဲ့ပါပြီ .... | ၁ |
| ၃။ | ဆရာတော် ဦးမုနိန္ဒ၏ ဓမ္မာနုဂ္ဂဟ ဓမ္မဒါန ပွဲတော်သို့ .... | ၃ |
| ၄။ | မင်းကွန်းရောက်သော် .... | ၄ |
| ၅။ | ဟိုဘက်ကမ်းကူးတော့မလိုပါဘုရား .... | ၅ |
| ၆။ | ဘိုးတော်ဦးဝိုင်းနှင့် လူမစွမ်းနတ်မ .... | ၇ |
| ၇။ | မင်းကွန်းပုထိုးတော်ကြီးနှင့် အပျိုကြီးပုံပြင် .... | ၆ |
| ၈။ | ဆရာတော်ဘုရားကြီးများ၏ ခရီးသွားကျင့်ဝတ်များ .... | ၁၁ |
| ၉။ | ခရီးသွားကျင့်ဝတ် (၅) ပါး .... | ၁၂ |
| ၁၀။ | ခရီးသွားရကျိုးဖလ .... | ၁၄ |
| ၁၁။ | စဥ့်ကူးရောက်သော် ပူဇော်ကြသည် .... | ၁၇ |
| ၁၂။ | သင်္ဘောခရီးစဥ်လင်္ကာ .... | ၁၈ |
| ၁၃။ | ကျောက်မြောင်းရောက်သော် ပူဇော်ကြပြန် | ၂၀ |
| ၁၄။ | အညာသိဟတောဘုရားကို ဖူးမြင်ရပါပြီ .... | ၂၇ |

# မာတိကာ

| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
| --- | --- | --- | --- |
| ၁၅။ | သပိတ်ကျင်းရောက်သော် ပူဇော်ကြပြန် | .... | ၃၀ |
| ၁၆။ | ဗိုလ်တဲရောက်သော် | .... | ၃၁ |
| ၁၇။ | ပူဇော်ကန်တော့ပွဲစပါပြီ | .... | ၃၂ |
| ၁၈။ | သန်းကောင်ကျော်မှ တရားပွဲစသည် | .... | ၃၄ |
| ၁၉။ | ဒေဝတာသုတ်တရားတော် | .... | ၃၆ |
| ၂၀။ | တရားအားထုတ်ပွဲမှာ ဘယ်နှစ်ယောက် စာရင်းပါကြသလဲ | .... | ၃၉ |
| ၂၁။ | အလကား ဘဝင်မြင့်ကြတယ် | .... | ၄၁ |
| ၂၂။ | သပိတ်ကျင်းမှ ကျပ်ပြင်သို့ | .... | ၄၃ |
| ၂၃။ | ကျပ်ပြင်တည တရားပွဲ | .... | ၄၅ |
| ၂၄။ | မိုးကုတ်ကျပ်ပြင်နှင့် ပတ္တမြားငမောက် | .... | ၄၈ |
| ၂၅။ | မိုးကုတ်မြို့သို့ ရောက်ပါပြီ | .... | ၅၄ |
| ၂၆။ | ကဆုန်လပြည့် ဗုဒ္ဓနေ့ | .... | ၅၇ |
| ၂၇။ | သံဃာဥပုသ်ပြုကြသည် | .... | ၆၁ |
| ၂၈။ | ဩဝါဒထူး | .... | ၆၄ |
| ၂၉။ | သာသနာပြုပုံ အစီအစဉ် | .... | ၆၉ |
| ၃၀။ | ယောဂီတို့ နေ့စဉ်လုပ်ရှားပုံ | .... | ၆၉ |
| ၃၁။ | နေ့စဉ် တရားဟောကြားပုံ အစီအစဉ် | .... | ၇၂ |
| ၃၂။ | နေ့စဉ် တရားစစ်ဆေးညွှန်ကြားပုံ အစီအစဉ် | .... | ၇၅ |
| ၃၃။ | ကိုရင်ထိန်းသင်တန်းပြု အစီအစဉ် | .... | ၇၆ |
| ၃၄။ | ကျေးမွေးလှူဒါန်းကြပုံ | .... | ၈၃ |
| ၃၅။ | ကမ္မသကတာသမ္မာဒိဋ္ဌိဉာဏ်အခြေခံကြောင့် | | ၈၅ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၆။ | ကျန်းမာရေးစောင့်ရှောက်ပုံ .... | ၈၆ |
| ၃၇။ | ဝေယျာဝစ္စဆောင်ရွက်ကြပုံ .... | ၈၈ |
| ၃၈။ | ရတနာမြို့တော် (မိုးကုတ်မြို့)ဖွဲ့တေးထပ် .... | ၉၁ |
| ၃၉။ | မိုးကုတ်မြို့တည်နေရာ .... | ၉၂ |
| ၄၀။ | မိုးကုတ်မြို့ဝယ် ကြည်ညိုဖွယ် .... | ၉၃ |
| ၄၁။ | ဖေါင်တော်ဦးဘုရားနှင့်ရုပ်သာများ .... | ၉၃ |
| ၄၂။ | မောနေယျတောင် .... | ၉၅ |
| ၄၃။ | ဘီးနှင့်မှန် .... | ၉၇ |
| ၄၄။ | ရေကန်တောင်ကျောင်းသို့ .... | ၉၈ |
| ၄၅။ | ကျမ်းပြုဆရာတော် ၂-ပါးထံတော်ပါးသို့ .... | ၉၈ |
| ၄၆။ | ခါတော်မှီသို့ .... | ၉၉ |
| ၄၇။ | ဈေးကျောင်းသို့ .... | ၁၀၂ |
| ၄၈။ | ရှုခင်းသာယာ မီးစက်ဟောင်းကြီးရှိရာသို့ .... | ၁၀၂ |
| ၄၉။ | ဈေးနှင့်လူနေအိမ်ခြေ .... | ၁၀၅ |
| ၅၀။ | မိုးကုတ်ထွက်ပစ္စည်း .... | ၁၀၆ |
| ၅၁။ | ရာသီဥတု .... | ၁၀၇ |
| ၅၂။ | လမ်းပန်းအဆက်အသွယ် .... | ၁၀၈ |
| ၅၃။ | မိုးကုတ်သမိုင်း .... | ၁၀၉ |
| ၅၄။ | မိုးကုတ်မြို့၏ အမည် .... | ၁၁၀ |
| ၅၅။ | လယ်ဦးရွာအောင်တော်မူ သာသနာ့ရိပ်သာမှာ ဩဝါဒမင်္ဂလာ .... | ၁၁၁ |
| ၅၆။ | မဟာစည်တပည့်များ၏ စုပေါင်းဆွမ်းဒါန .... | ၁၂၁ |

# မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၅၇။ | မြို့တွင်းသို့ကြွချီ၍ ချီးမြှောက်ရပုံ | .... | ၁၂၂ |
| ၅၈။ | မိုးကုတ် မူလမဟာစည်သာသနာ့ရိပ်သာမှာ ဩဝါဒကထာ | .... | ၁၂၃ |
| ၅၉။ | ဤရိပ်သာသမိုင်း | .... | ၁၂၄ |
| ၆၀။ | မမေ့သင့်သော ဒုလ္လဘ ၂-မျိုး | .... | ၁၂၅ |
| ၆၁။ | ဘုရားအလိုတော်ကျ နက်နဲတဲ့တရားကိုသာ ဟောလေ့ရှိခဲ့တယ် | .... | ၁၂၇ |
| ၆၂။ | သာသနာတွင်းမှာ ဆင်းရဲငြိမ်းအောင် အားထုတ်ကြ | .... | ၁၂၈ |
| ၆၃။ | ဝိပဿနာတရားဟောပြောပြ-ကြတဲ့နေရာမှာ | | ၁၂၉ |
| ၆၄။ | ကမ္မဋ္ဌာန်းဋ္ဌာနဆိုယင် ယောဂီရှိရမယ် | .... | ၁၃၀ |
| ၆၅။ | ယောဂီရှိတာကို တွေ့ချင်တယ် | .... | ၁၃၂ |
| ၆၆။ | ပန်းမ-အလှူမှာ အနုမောဒနာ | .... | ၁၃၃ |
| ၆၇။ | လှူဒါန်းသောအကြောင်းအရာမှာ | .... | ၁၃၄ |
| ၆၈။ | မျက်ရည်တိတ်အောင် ဟောမှ ကောင်းတယ် | | ၁၃၅ |
| ၆၉။ | သုတ်တော်နိဒါန်း | .... | ၁၃၆ |
| ၇၀။ | နောင်လာနောက်သားများအတွက် | .... | ၁၃၇ |
| ၇၁။ | တရားတော် ဆောင်ပုဒ်များ | .... | ၁၃၈ |
| ၇၂။ | နယုန်လပြည့် မဟာသမယနေ့ | .... | ၁၄၀ |
| ၇၃။ | ရေလှုပွဲမှ စစ်ပွဲသို့ | .... | ၁၄၁ |
| ၇၄။ | မြတ်ဗုဒ္ဓ၏ ငြိမ်းချမ်းရေးတရားတော် | .... | ၁၄၁ |
| ၇၅။ | မဟာဝုန်နှင့် ကုဏာလအိုင်ကြီးသို့ | .... | ၁၄၂ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇၆။ | မဟာဝုန်ပြန်ကြ ရဟန္တာဖြစ်ကြပြီ .... | ၁၄၃ |
| ၇၇။ | စင်ကြယ်သောညနှင့် စင်ကြယ်သောပရိသတ် | ၁၄၃ |
| ၇၈။ | နတ်ဗြဟ္မာအပေါင်း သောင်းသောင်းဖျဖျ ရောက်လာကြ .... | ၁၄၄ |
| ၇၉။ | မဟာသမယသုတ်များ ဟောမိန့်ကြား .... | ၁၄၅ |
| ၈၀။ | မြို့လယ်ရိပ်သာမဟာသမယအခါတော်နေ့.... | ၁၄၇ |
| ၈၁။ | ဓမ္မာနုဂ္ဂဟဓမ္မမင်္ဂလာ အလှူမင်္ဂလာအောင်ပွဲကြီး | ၁၄၉ |
| ၈၂။ | မဟာသမယသုတ် ပဂ်ဖိုလ်ရကြောင်း တရားတော်ကြီး အကျဉ်းဆောင်ပုဒ်များ .... | ၁၅၆ |
| ၈၃။ | ဉာဏ်စဉ်တရား ဟောကြားခြင်း .... | ၁၅၇ |
| ၈၄။ | ဉာဏ်စဉ်နာနိုင်သူ .... | ၁၅၇ |
| ၈၅။ | ဉာဏ်စဉ်မနာသင့်သူ .... | ၁၅၈ |
| ၈၆။ | ဉာဏ်စဉ်ဟောရခြင်း အကြောင်းရင်း .... | ၁၅၉ |
| ၈၇။ | အရိယာဖြစ်ကြောင်း ဆရာက မဆုံးဖြတ်ကောင်း .... | ၁၆၀ |
| ၈၈။ | ဉာဏ်စဉ်မှာတမ်းသြဝါဒကထာ .... | ၁၆၁ |
| ၈၉။ | စုံစမ်းမေး- မေးယင်ဒီလိုဖြေ .... | ၁၆၁ |
| ၉၀။ | ရိုးရိုးမေးယင် ဖြေသင့်ကဖြေ .... | ၁၆၀ |
| ၉၁။ | ဒါကို ချင်းချက်ထားပြီး ပြောရတယ် .... | ၁၆၂ |
| ၉၂။ | ဘေးကဝိုင်းကြည့်နေတတ်ကြတယ် .... | ၁၆၃ |
| ၉၃။ | လောဘ-ဒေါသကို မှတ်ပြီးတော့ပယ် .... | ၁၆၃ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၉၄။ | ကိုယ့်ကိုယ်ကိုလဲ သိပ်အထင်မကြီးနဲ့ သူများကိုလဲ မနှိမ်ချနဲ့ .... | ၁၆၄ |
| ၉၅။ | ဉာဏ်စဉ်ဟူသည် .... | ၁၆၅ |
| ၉၆။ | ဝမ်းမြောက်ဖွယ် .... | ၁၆၆ |
| ၉၇။ | ဥဒါန်းကျူးကြကုန်ရာတည်း .... | ၁၆၇ |
| ၉၈။ | ဘုရားဟော အမြတ်ဆုံးတရားများ .... | ၁၆၈ |
| ၉၉။ | ဆန္ဒမှန် .... | ၁၇၀ |
| ၁၀၀။ | မိုးမိတ်မြို့သို့ မဟာစည်ဒေသနာခရီး .... | ၁၇၁ |
| ၁၀၁။ | မိုးမျက်ရည်က သဲသဲမဲမဲရွာမစဲနိုင် .... | ၁၇၄ |
| ၁၀၂။ | မိုးကုတ်မြို့မှမိုးမိတ်မြို့သို့ .... | ၁၇၅ |
| ၁၀၃။ | သာယာရှုမောဘွယ်တို့ကို ပြောရလျှင် .... | ၁၇၆ |
| ၁၀၄။ | မိုးမိတ်မြို့ ပုဗ္ဗာရုံကျောင်းတိုက်၌ တည်းခိုကြသည် .... | ၁၇၈ |
| ၁၀၅။ | ယောဂီတရား အားထုတ်ရေးဆွေးနွေး .... | ၁၈၁ |
| ၁၀၆။ | အလုပ်ပေးတရားဟော၍ တရားစစ်ရန် စာရင်းအပ် .... | ၁၈၂ |
| ၁၀၇။ | ဆရာတော်ကြီး ဖြစ်ရတာလဲ မသက်သာ .... | ၁၈၃ |
| ၁၀၈။ | ဗုဒ္ဓ၏တပည့်သား ဗုဒ္ဓကိုယ်စား .... | ၁၈၅ |
| ၁၀၉။ | မိုးမိတ်မြို့နှင့် မဟာစည်ဒေသနာ .... | ၁၈၈ |
| ၁၁၀။ | အရိယာဝါသ တရားတော်ကြီး .... | ၁၉၀ |
| ၁၁၁။ | နေ့စဉ်ဆွမ်း အလှူဒါန ... | ၁၉၃ |
| ၁၁၂။ | အစောင့်အရှောက်ဖြင့် တရားပွဲကျင်းပရသည် | ၁၉၄ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၁၃။ | ဝိပဿီမြတ်စွာဘုရားလက်ထက်တော်ကို သတိရမိသည် .... | ၁၉၆ |
| ၁၁၄။ | ခုနစ်နှစ်-ခုနစ်လ ဘုရင့်အလှူဒါန .... | ၁၉၇ |
| ၁၁၅။ | ဘုရင်ချည့်လှူ ပြည်သူမကျေနပ် .... | ၁၉၉ |
| ၁၁၆။ | သံဃာကိုပေးလျှင်ပေး မပေးလျှင် စစ်တိုက်ယူမည် .... | ၂၀၁ |
| ၁၁၇။ | ဘုရင်ကြီးက နောက်ထပ်ခုနစ်ရက်မျှသာ ခွင့်ပြုပါတော့တဲ့ .... | ၂၀၂ |
| ၁၁၈။ | ငါ့အလှူမျိုး လှူနိုင်ကြရဲ့လား တဲ့ .... | ၂၀၃ |
| ၁၁၉။ | ဘုရင့်အလှူဟူသည် ပြည်သူကို မှီ၍ဖြစ်ရသည်တဲ့ | ၂၀၄ |
| ၁၂၀။ | သူချည့်မလှူရ၍ ငိုရသည် .... | ၂၀၄ |
| ၁၂၁။ | စစ်သူကြီး အလှူပေးမည့်နေ့ .... | ၂၀၅ |
| ၁၂၂။ | မငိုပါနဲ့အမေရယ် သမီးဦးအောင်လှူပါမယ် | ၂၀၅ |
| ၁၂၃။ | အစောင့်စစ်သားများကို တပတ်ရိုက်၍လှူလိုက်သည် .... | ၂၀၆ |
| ၁၂၄။ | သူနှင့်သာနေရလျှင် နတ်စည်းစိမ်ရဘို့ မခက်ပါ | ၂၀၉ |
| ၁၂၅။ | အလှူချင်းပြိုင် ဘယ်သူနိုင်မည်နည်း .... | ၂၁၀ |
| ၁၂၆။ | ဆက်လိုပါသေးသည် .... | ၂၁၂ |
| ၁၂၇။ | ကောင်းမှုရှင်ဟူသည် .... | ၂၁၃ |
| ၁၂၈။ | ကောသလမင်းကြီး၏သမီး သုမနာဖြစ်လာပြန်သည် .... | ၂၁၃ |
| ၁၂၉။ | သူနှင့်အတူ သောတာပန်နှစ်ထောင်ဖြစ်ကြပြီ | ၂၁၅ |

မာတိကာ

| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁၃၀။ | သူဘာ့ကြောင့်၊ ဘုရားထံသွားသနည်း | .... | ၂၁၆ |
| ၁၃၁။ | ဘတ္တဂ္ဂဝတ်ကျင့်သူနှင့်သာရနိယဝတ်ကျင့်သူ | | ၂၁၆ |
| ၁၃၂။ | ငါ့ကအထက်က မင်းကအောက်က | .... | ၂၁၈ |
| ၁၃၃။ | ခေတ်-ဟူသည် သာသနာတွင်းစကား | .... | ၂၂၀ |
| ၁၃၄။ | ဇမ္ဗူဒိပ်မှာ သူတို့ ၃-ဦးသာ ရထားငါးရာစီ ရကြသည် | .... | ၂၂၁ |
| ၁၃၅။ | သုမနသုတ်ဘော် | .... | ၂၂၂ |
| ၁၃၆။ | မိုးမိဘ်မြို့အကြောင်း | .... | ၂၂၇ |
| ၁၃၇။ | တည်နေရာ | .... | ၂၂၈ |
| ၁၃၈။ | ဘောတောင်ရေမြေ အခြေအနေ | .... | ၂၂၉ |
| ၁၃၉။ | အကျယ်အဝန်း | .... | ၂၃၁ |
| ၁၄၀။ | ရာသီဥတုနှင့် မိုးရေချိန် | .... | ၂၃၁ |
| ၁၄၁။ | မြို့နေအိမ်ခြေ လူဦးရေ | .... | ၂၃၂ |
| ၁၄၂။ | လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာဝါဒ | .... | ၂၃၂ |
| ၁၄၃။ | မိုးမိတ်ကျောင်းကန်-ဘုရား-သိမ်-ခေါင်းလောင်းများ | .... | ၂၃၆ |
| ၁၄၄။ | စာပေနှင့် စကား | .... | ၂၄၂ |
| ၁၄၅။ | ဝတ်စားဆင်ယင်မှု | .... | ၂၄၂ |
| ၁၄၆။ | တူရိယာ အကအခုန် | .... | ၂၄၂ |
| ၁၄၇။ | လောင်းကစားပွဲများ | .... | ၂၄၃ |
| ၁၄၈။ | စုန်းကဝေစသည် စွဲလမ်းမှု | .... | ၂၄၄ |
| ၁၄၉။ | လမ်းပန်းဆက်သွယ်ရေး | .... | ၂၄၅ |

| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁၅၀။ | မိုးမိတ်သမိုင်း | .... | ၂၄၆ |
| ၁၅၁။ | သမိုင်းဦး | .... | ၂၄၆ |
| ၁၅၂။ | သန့်လျက်(ဒါး)မြို့ | .... | ၂၄၇ |
| ၁၅၃။ | မြို့သစ်နှင့် ခံတပ်ဆယ်မြို့ | .... | ၂၄၈ |
| ၁၅၄။ | အင်္ဂလိပ်ကို တော်လှန်ခြင်း | .... | ၂၄၉ |
| ၁၅၅။ | အင်္ဂလိပ်လက်အောက်ခံ | .... | ၂၄၉ |
| ၁၅၆။ | အပြန်ခရီး | .... | ၂၅၀ |
| ၁၅၇။ | မအူပင်မြို့သို့မဟာစည်ဒေသနာခရီး | .... | ၂၅၂ |
| ၁၅၈။ | မအူပင်မြို့ ဆိပ်ကမ်းထက်က တခဲနက် ကြိုဆို ပူဇော်ကြသည် | .... | ၂၅၆ |
| ၁၅၉။ | ရန်အောင်သာသနာ့ရိပ်သာဟူသည်မှာ | .... | ၂၅၈ |
| ၁၆၀။ | ပေါ်တော်မူ-ရွှေဘုန်းမြင့်စေတီတော် | .... | ၂၆၀ |
| ၁၆၁။ | သမိုင်းကျောက်စာ | .... | ၂၆၂ |
| ၁၆၂။ | နာမည်ကျော်မအူပင်မုန့်ဟင်းခါး | .... | ၂၆၄ |
| ၁၆၃။ | ဘုရားဖူးရင်း လေ့လာရေးခရီး | .... | ၂၆၅ |
| ၁၆၄။ | ပထမညတရားပွဲ | .... | ၂၆၇ |
| ၁၆၅။ | မှတ်တမ်းတင်ဓာတ်ပုံနှင့် ညမွေးပန်း ထိကရုန်းတို့အကြောင်း | .... | ၂၆၉ |
| ၁၆၆။ | ဒုတိယညတရားပွဲ | .... | ၂၇၁ |
| ၁၆၇။ | ဒုတိယမှ မြို့တွင်းလေ့လာရေးခရီး | .... | ၂၇၃ |
| ၁၆၈။ | ဦးအောင်သိန်းနှင့် ဦးဗဆွေ | .... | ၂၇၆ |
| ၁၆၉။ | မအူပင်မြို့နှင့်နယ်မှ ထင်ရှားခဲ့သူများ | .... | ၂၇၈ |

| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
| --- | --- | --- | --- |
| ၁၇၀။ | ဝိပဿနာအခြေခံတရားတော် | .... | ၂၀၀ |
| ၁၇၁။ | ဘာကို ဝိပဿနာရှုသလဲ | .... | ၂၀၁ |
| ၁၇၂။ | သမထ ကမ္မဋ္ဌာန်း(၄၀) | .... | ၂၀၁ |
| ၁၇၃။ | စွဲလမ်းနိုင်တဲ့ ခန္ဓာငါးပါးကို ဝိပဿနာ ရှုရတယ် | .... | ၂၀၄ |
| ၁၇၄။ | ဘယ်အကျိုးငှါ ဝိပဿနာရှုရသလဲ | .... | ၂၀၆ |
| ၁၇၅။ | ဘယ်အခါ ရှုရသလဲ | .... | ၂၀၈ |
| ၁၇၆။ | မစွဲဖို့ရာ ဖြစ်ဆဲမှာ ရှုရတယ် | .... | ၂၀၈ |
| ၁၇၇။ | ပစ္စုပ္ပန်ကိုစ၍ ရှုရသည် | .... | ၂၉၀ |
| ၁၇၈။ | အားထုတ်ခါစရှုနည်း | .... | ၂၉၆ |
| ၁၇၉။ | ဝါယောဓာတ်ရဲ့ လက္ခဏာစသည် | .... | ၂၉၇ |
| ၁၈၀။ | အခြေခံမှုစ၍ အပြည့်အစုံအားထုတ်ပုံ | .... | ၂၉၈ |
| ၁၈၁။ | နီဝရဏစဉ်တော့-ဉာဏ်စဉ်တက်ပုံ | .... | ၃၀၁ |
| ၁၈၂။ | ဝိပဿနာရှုယင်း, တွေ့ရတဲ့-မဂ္ဂင်ရှစ်ပါး | .... | ၃၀၇ |
| ၁၈၃။ | အရိယမဂ်ကို ရောက်သွားပုံ | .... | ၃၀၉ |
| ၁၈၄။ | ဝိပဿနာရှုနည်း-မှုသေစည်း | .... | ၃၁၁ |
| ၁၈၅။ | နောက်ဆက်တွဲ တရားပွဲများ | .... | ၃၁၂ |
| ၁၈၆။ | သဒ္ဓါဟုန်စက်ခလုတ် နှိုးသော်ကြောင့် | .... | ၃၁၃ |
| ၁၈၇။ | ဂျပန်ပြည်သူပြည်သားတို့ နှုတ်ဆက်ပုံ | .... | ၃၁၅ |
| ၁၈၈။ | ဓမ္မဒါနရှင်များ | .... | ၃၁၇ |

ဆရာတော် အရှင်တိလောကသာရ (ရန်ကုန်)၏

# အဖွင့်လွှာ

## (၁)

“နိဒါန်း”ဟုဘဲ ဆိုဆို၊ “အမှာ” ဟုဘဲ ပြောပြော၊ “မိတ်ဆက်စာ”ဟုဘဲ သုံးသုံး၊ ညောင်ကန်အရှင်ဣန္ဒက၏ စာမူ၌အဖွင့်အနေဖြင့် ရှေ့ပြေးစာရေးရမည်ကို စာရေးသူက လက်မခံလိုပါ။

လက်မခံလိုသည်မှာ “နတ်သုဓာ”တမျှ ကောင်းမွန်လှသော ပွဲတော်အုပ်ကြီး၌ ငပိရည် တို့စရာထည့်သွင်းသည်နှင့်တူမည် စိုးသောကြောင့်သာ ဖြစ်ပါသည်။

မှန်ပါ၏“သူတော်ချင်းချင်း သိတင်းလွ့လွ့ ပေါင်းဖက်တွေ့”ဟူသော မြန်မာ စကားအတိုင်းနာမည်ဝှက် (ကလောင်အမည်)တခုဖြင့်စာရေးလေ့ရှိသော ဤစာရေးသူနှင့် အမည်တော်ရင်းအတိုင်းစာရေးလေ့ရှိသူ အရှင်ဣန္ဒကတို့မှာ တွေ့တွေ့ခြင်းပင် ခင်မင်ခဲ့ပါ၏။

မတွေ့မီကလည်း စာအနေဖြင့် သိကျွမ်းနေပြီး၊ တွေ့ပြီးနောက်၌လည်း မကြာမကြာစာပေဆွေးနွေးခြင်း စာပေဖလှယ်ခြင်းတို့ဖြင့် ပိုမိုရင်းနှီးခဲ့ရသည်၊ သို့သော် စာရေးသူက စာသာရေးလေ့ရှိသည်၊ အရှင်ဣန္ဒကမူ စာလည်းရေးသည်၊ တရားလည်းဟောသည်၊ စာရေး၍ ထင်ပေါ်သလို တရားဟော၍လည်း ကျော်စောသူဖြစ်၍ စွယ်စုံနှစ်ဖက်ချွန် ဆိုထိုက်သူဖြစ်ပါ၏၊ ထို့ကြောင့် သူက သူ၏ စာမူဖိုင်တွဲကြီးတခုကို ပေးကာ “ဖတ်ကြည့်ပြီး အမှာရေးပါဘုရား”ဟု အပ်လှာသောအခါ၌ စာရေးသူက လက်မခံလိုဘဲ နည်းအမျိုးမျိုးဖြင့် ရှောင်လွှဲခဲ့ပါသည်။

## (၂)

မည်သို့ပင် ဖြစ်စေ-စာဆိုလျှင် အငန်းမရ ဖတ်လိုစိတ်ရှိသူ ဤစာရေးသူသည် "မဟာစည်ဒေသနာဝေး" ဟု မျက်နှာဖုံးတွင် ထိုးထားသော စာလုံးကြီးများ၏ ဆွဲဆောင်မှုကြောင့် သူ့စာ ဖိုင်တွဲကြီးများကို လက်ကမ်းခဲ့မိသည်၊ အချိန်ရလျှင်ရခြင်း ဖတ်ကြည့်မိသည်။

မိုးကုတ်၊ မိုးမိတ်၊ မအူပင် (မ-သုံးလုံး) မြို့များသို့ မဟာစည် ဆရာတော်ဘုရားကြီး ကြွရောက်ဘရားဟော တရားပွဲတော်မှုပုံ တို့ကို အသေးစိတ် ခြယ်မှုံးထားသည်ကို တွေ့ရသည်၊ အစမှ အဆုံးတိုင် တရွက်ပြီးတရွက် လှန်ကာလှောကာ အချိန်ရသမျှ ဖတ်နေမိသည့်တိုင်အောင် ဆွဲဆောင်သွားသည်။

အမှာစာရေးရမည့် တာဝန်ကို တတ်နိုင်သမျှ ရှောင်လွှဲလို သော်လည်း အစအဆုံးဖတ်ရှုလိုမှု အာသာကို မသိမ်းဆည်းနိုင် သဖြင့် စာဖိုင်တွဲကြီးလက်ခံရယူခဲ့ပြီးနောက် ဤအတိုင်းပြန်ပေး ရန် မဖြစ်နိုင်တော့သည်နှင့် ပြန်ပေး၍ ကောင်းရုံမျှပင် ဖြစ်စေ တော့ဟု အရှင်ဣန္ဒကာ၏ အလိုအတိုင်း မရေးဝံ့ဝံ့ ရေးဝံ့ဝံ့နှင့်ပင် ရေးသားရပါတော့မည်။

နတ်သုဓာတမျှကောင်းမွန်လှသော ရသာတွေကဲ စားတော် ပွဲကြီးပင် ဖြစ်လင့်ကစား မြန်မာလူမျိုးပီပီ ငပိနှင့်တို့စရာကလေး များကို တောင့်တတတ်ကြသဖြင့် စာရေးသူ၏ အမှာကိုလည်း ဖတ်လိုက ဖတ်ကြရန် အရဲစွန့်၍ ထည့်သွင်းလိုက်ပါသည်။

ညောင်ကန်အရှင်ဣန္ဒက ဖတ်လိုက သူ၏စာမူကို မဟာစည် ဒေသနာခရီး-ဟု ခေါင်းစီးတပ်ထားပြီး ဆရာတော်ဘုရားကြီး၏ မြောက်မြားစွာသော ဒေသနာခရီးများမှလက်ရွေးစင်အနေဖြင့် မိုးကုတ်, မိုးမိတ်, မအူပင်, မ-သုံးလုံးခရီးစဉ်ကို စိတ်ဝင်စားဖွယ်ရာ တင်ပြထားပါ၏။

(၃)

ဖွင့်လျှင် ဖွင့်ခြင်းပင် မိုးကုတ်ခရီးစဉ်ကို တွေ့ရသည်၊ စာရေးသူသည် မြန်မာနိုင်ငံ မြို့နယ်တော်တော်များများသို့ ခရီးသွားခဲ့ဘူးပါ၏၊ သို့သော် မိုးကုတ်, မိုးမိတ်တို့သို့ကား မရောက်သေးပါ၊ ထို့ကြောင့် အရှင်ဣန္ဒက၏ မိုးကုတ်ခရီးစဉ် ဆောင်းပါးမှာ မဖတ်ရဘူးသေးသော စာတအုပ်, မကြားနာ ရဘူးသေးသော တရားတပုဒ်ပမာ စိတ်ဝင်စားစရာ ကောင်းလှပါသည်။

တကြောင်းတပုဒ်ပင် ကျော်လွှား၍ မသွားမိအောင်တစိမ့်စိမ့် ဖတ်နေမိသည်၊ ရေးသားပုံကလည်း အသေးစိတ်လှသဖြင့် စာဖတ်သူအား အပါခေါ်၍ ဘေးမှရပ်ကာ တခုစီ တခုစီ လက်ညှိုးညွှန်၍ ပြောပြနေသည့်အလား ဖတ်ကြားနာယူ၍ အားမရ လောက်အောင် ကောင်းလှသည်။

မန္တလေးမှ ပုညာသဘော်နှင့် တအိအိ ထွက်ခွါသွားပြီး မင်းကွန်း, စဉ့်ကူး, ကျောက်မြောင်း, သပိတ်ကျင်း, တခုပြီး တခု အသေးစိတ် ပြောပြသွားလေသည်။

မင်းကွန်း ဘုရားပုထိုးများနှင့် နာမည်ကျော် အညာသီဟ တော ဘုရားတို့ကိုလည်း သမိုင်းကြောင်းနှင့်တကွ ရှင်းရှင်းကြီး ပြောပြထားသည်၊ ရာဇဝင် အချက်အလက်တို့နှင့်လည်း ညှိနှိုင်း ပြသွားသည်၊ ရယ်စရာ, ပြုံးစရာလည်းပါ၏၊ အံ့သြစရာ, ချီးမွမ်း စရာလည်း ပါ၏၊ ထိုအတူ ကြားဘူးတာလည်းပါသည်၊ မကြား ဘူးသေးတာလည်း ပါသည်၊ မဟာစည် ဆရာတော်ဘုရားကြီး နှင့် တပည့်ဒကာ နောက်ပါ အသိုင်းအဝိုင်းတို့၏ လှုပ်ရှားမှု များပါ ဖေါ်ပြထားရာ စာဖတ်ရသူသည်လည်း အလိုလို ယင်း အသိုင်းအဝိုင်း၌ တဦး အပါအဝင် ဖြစ်မှန်းမသိ ဖြစ်သွားရလေ သည်။

သို့သော် ဤခရီးစဉ် ဆောင်းပါးစာ၏ အနှစ်သာရကား ပြည့်နှံ့ထားသည့် ဒေသန္တရ ဗဟုသုတတို့သာ မဟုတ်သေး၊ ယင်း တို့၏ အတွင်းသားအနေဖြင့် တနေရာသို့ ရောက်တိုင်း ရောက် တိုင်း မဟာစည်ဆရာတော်ဘုရားကြီး အမှူးပြုသော သာသနာ ပြု ဓမ္မကထိက အရှင်တို့၏ တရားဒေသနာများပင်ဖြစ်ပါသည်၊ အထူးအားဖြင့် မဟာစည် ဆရာတော်ဘုရားကြီး၏ ဩဝါဒ ဒေသနာတော်များ ဖြစ်ပါလေ၏။

ဆရာတော်ဘုရားကြီး၏ ခမ်းနားသော တရားပွဲကြီးတိုင်း၌ ကက်ဆက် ရီကော်ဒါများဖြင့် အသံဖမ်းထားပြီး ထူးခြားသည့် တရားတော်ကြီးများကို စာအုပ်များ ထုတ်ထားသဖြင့် မနာရ ဘူးသော်လည်း ဖတ်ရသည်၊ မှတ်သားရသည်၊ ဤဒေသနာခရီး ပါ ကြုံစဉ်ကြိုက်စဉ် အမှတ်မထင် ဟောရသော တရားတော် များကို မျက်မှောက် နာကြားရသူတို့လောက်သာ သိရှိကြလေ

မည်၊ သို့သော် ဤဒေသနာခရီး ဆောင်းပါးစာတွင် ယင်းသို့သော တရားဒေသနာများကို ကောင်းစွာ ဖတ်ကြားနာယူနိုင်ပေသည်။

( ၄ )

ပုံစံအားဖြင့် သပိတ်ကျင်းသို့ ညှဉ့်သန်းခေါင်းကျော်မှရောက်၍၊ သာမန်အားဖြင့် ဆိုသော် ခရီးပန်းလာကြသဖြင့် အိပ်စက်အနားယူရန်ပင် ဖြစ်ပေမည်၊ သို့သော် သပိတ်ကျင်း ဥပါသကာ ဥပါသိကာမများကား မဟာစည်ဆရာတော် ဘုရားကြီးကဲ့သို့သော ပုဂ္ဂိုလ်ကြီး၏တရားကို ရောက်ခိုက်ကြုံခိုက် နာဖြစ်အောင် နာကြမည်သာ ဖြစ်၏၊ နံနက်စောစော ထွက်ခွာကြသွားမည် ဖြစ်၍လည်း တရားပွဲကို နောက်နေ့မှလုပ်၍ မဖြစ်၊ သန်းခေါင်ကျော်မက၍ သန်းလွဲပင်ဖြစ်ပါစေ၊ နာဖြစ်အောင် နာကြမည်သာ။

ဆရာတော်ဘုရားကြီးကလည်း ကရုဏာတော်အရ ခရီးပန်းလှပြီဟူ၍ အနားယူမနေသာပေ၊ ပရိသတ်၏စိတ်ဓာတ်နှင့်လည်းကိုက်ညီ၊ ရာသီစာ ပမာ အချိန်အခါနှင့်လည်း လျော်သည့်တရားတော်ကို ဟောကြားတော်မူခဲ့ပေ၏၊ ယင်းတရားတော်ကား ဘုရားရှင် ကိုယ်တော်မြတ် သန်းခေါင်ယံ၌ ဟောကြားတော်မူသည့် ဒေဝတာသုတ် တရားတော်ပင်ဖြစ်သည်၊ ယင်းမှာလည်း ကြိုဆိုပွဲနှင့်လျော်သော "ကြိုရှိခိုးရေး၊ နေရာပေး၊ ကျေးမွေးချဉ်းကပ်သည်"စသော နတ်ပြည်ဖြစ်ကြောင်း တရားကျင့်ဝတ်ကိုးပါး တရားတော်ဖြစ်ရာအခါနှင့်ကိုက်၊ စရိုက်နှင့်ညီသော

ရာသီစာ တရားပင် ဖြစ်လေသည်၊ အခါနှင့်ကိုက်ညီအောင် ရွေးချယ် ဟောကြားတော်မူတတ်သည့် ဆရာတော် ဘုရားကြီး၏ ဒေသနာဉာဏ်ကို အံ့သြချီးကျူးစရာပင် ဖြစ်ပါ၏။

(၃)

ထို့ပြင် ကျပ်ပြင်တွင်ဟောကြားတော်မူသောတရား၊ မိုးကုတ်တွင် ဟောကြားတော်မူသော ဩဝါဒများကား ဤဆောင်းပါးလာမှာမှ တွေ့နိုင် ဖတ်ရှုနိုင်သော တရားအဆီအနှစ်များပင် ဖြစ်ပါသည်။

တခါတရံ တရားတော် ဩဝါဒတော်များမှ အကြောင်းအားလျော်စွာ လိုက်လျောတော် မူရသော်လည်း ဆရာတော်ဘုရားကြီး၏ အလိုတော်ကို တစေ့တစောင်း ဖေါ်ပြထားချက်ကလေးများကို ရေးကနဲ ရိပ်ကနဲ တွေ့သိရသည်မှာ အဘိုးတန်လှပါသည်။

ပုံစံအားဖြင့် "ဒုလ္လဘ ရဟန်းခံပွဲကြီးတွေ ရှင်ပြုပွဲကြီးတွေ ကိုလဲ ကျင်းပတတ်တယ်၊ အဲဒါတွေ အားလုံးကိုတော့ ဘုန်းကြီးတို့က အားမပေးပါဘူး၊ ရှင်ပြုပွဲကတော့ တော်ပါရဲ့၊ ဒါပေမဲ့ ပျော်ပွဲရှင်ပွဲတွေ မပါမှကောင်းတယ်" စသော ဩဝါဒမျိုးပင် ဖြစ်ပါသည်။

မိုးကုတ်ဒေသနာခရီး ဆောင်းပါးသည် မိုးကုတ်မရောက်ဘူးသေးသူအား ဖတ်ကြည့်ရုံနှင့် မိုးကုတ်မြို့သို့ ရောက်သွားသည့်အလား အံသေးစိတ်ဖေါ်ပြထား၏၊ ရောက်ဘူးပြီးသူ မိုးကုတ်

မြို့၌ နေထိုင်သူများပင် ဖြစ်လင့်ကစား ဤဆောင်းပါးအရ မိုးကုတ်မြို့သမိုင်းစသော သိမှတ်ဖွယ်ရာ အဖြာဖြာတို့ကြောင့် ထပ်ကာထပ်ကာ ဖတ်ရှုမှတ်သားနေရမည့် ဆောင်းပါးပင် ဖြစ်နေပါလေပြီ။

(၆)

ထိုနောက် မိုးကုတ်မှ မိုးမိတ်သို့ ခရီးဆက်တော်မူ၍၊ ထိုခရီးစဉ်ကိုလည်း အသေးစိတ်ပင် ဖော်ပြရေးသားထားပြန်၍၊ မိုးကုတ်မိုးမိတ် ၂၈-မိုင်ခရီး၏ သဲထိတ်ရင်ဖို အတွေ့အကြုံ၌ စာဖတ်သူကိုပါ လှုပ်ရှားသွားစေလေသည်၊ အေးမြသော မိုးကုတ်မှ ပူနွေးသော မိုးမိတ်သို့ စာရေးသူရောက်သွားသလို စာဖတ်သူကိုလည်း နွေးသွားအောင် ဆွဲခေါ်သွားခဲ့ပြန်သည်။

မြန်မာပြည် အထက်ပိုင်း မိုးကုတ်မိုးမိတ်ခရီးကို ရှုံးအိသွားမည်စိုး၍လား မသိ၊ ထိုမိုးနှစ်မိုး ခရီးအဆုံးတွင် မြန်မာပြည်အောက်ပိုင်း မအူပင် ဒေသနာခရီးကိုလည်း တဆက်ထည်း ဖော်ပြထားလေသည်၊ ထိုဒေသနာခရီးကလည်း တဘာသာပင် ဖြစ်၍၊ ရန်ကုန်မြို့မှ ၄၆-မိုင်မျှသာဝေးသောမအူပင်မြို့ကို ၆-နာရီလုံးလုံး သွားရပုံကို သရုပ်ဖော်ထားသည်မှာလည်း သဲထိတ်ရင်ဖို မဟုတ်လင့်ကစား အားမလိုအားမရ ဖြစ်စရာ ကောင်းလှသည်၊မအူပင်မြို့၏သမိုင်းကြောင်းများနှင့်ဘုရားသမိုင်း,ကျောင်းတိုက် သမိုင်းများကြောင့် ယင်း ဒေသနာခရီး ဆောင်းပါးမှာလည်း ဖတ်၍ကောင်းသော ဆောင်းပါးတစောင်ပင် ဖြစ်နေပါ၏။

(၇)

ညောင်ကန် အရှင်ဣန္ဒက ပေးအပ်လိုက်သော(မ-သုံးလုံး ဒေသနာခရီး)ဖိုင်ကြီးကိုကား အစအဆုံး တလုံးမကျန် ဖတ်ရှုပြီးပါပြီ၊ ဖတ်ရှုပြီးနောက် မိမိ၌ တွေ့သိခံစားရသည်တို့ကို စဉ်းငယ်စဉ်းငယ်မျှ တင်ပြပြီးပါပြီ၊ နောက်ဆုံး ထင်မြင်ချက်တရပ်အနေဖြင့် ဆိုရသော် ဤဒေသနာခရီး စာစဉ်များကို ဖတ်ရှုရသူတိုင်းသည် မိုးကုတ် မိုးမိတ် မအူပင် ခရီးလမ်းပန်း မြို့နယ်ဒေသ၏ ဒေသန္တရ အတွေ့အမြင်တို့ကို ကိုယ်တိုင် တွေ့မြင်ခံစားရရုံမျှမက ဓမ္မဒေသနာ ဩဝါဒအဖြာဖြာတို့ကိုလည်း မဟာစည် ဒေသနာခရီးပါ အဖွဲ့ဝင်များပမာ ကိုယ်တိုင်ကြားနာမှတ်သားနေရသဖြင့် ညောင်ကန် အရှင်ဣန္ဒက၏ ဤ "မဟာစည်ဒေသနာခရီး" စဉ်ငယ်သည် "အညာတခွင် တရားဟော ထွက်ခဲ့စဉ်က" ဟူသော စာအုပ်ကြီးပမာ အောင်မြင်သော စာစဉ်တခုပင်ဖြစ်ကြောင်း မှာထား ပြောဆိုလိုပါသတည်း။

အရှင်တိလောကသာရ(ရန်ကုန်)

၁၂–၁–၇၇

## “ငြိမ်းအေးမှု ဘုရားရှိခိုး”

သန္တော သော ဘဂဝါ၊
သမထာယ ဓမ္မံ ဒေသေတိ။
တံ ဘဂဝန္တံ အဟံ ဝန္ဒာမိ။

သောဘဂဝါ၊ ကျွန်ုပ်တို့အများ၏ အားထား ကိုးကွယ်ရာအစစ် ဖြစ်တော်မူသော ထိုမြတ်စွာဘုရားသည်။ သန္တော၊ ရာဂ စသား အလှုပ်အရှား ကင်းလျက် ငြိမ်သက်ငြိမ်းအေး တော်မူပြီးသည်ဖြစ်၍။ သမထာယ၊ သတ္တဝါ အများ ကျွန်ုပ်တို့အားလည်း အလားတူစွာ ငြိမ်သက်ငြိမ်းအေး ကြပါစေခြင်း အကျိုးငှါ။ ဓမ္မံ၊ ငြိမ်သက်စေရန် တရားမှန်ကို။ ဒေသေတိ၊ ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော် မူခဲ့ပါပေ၏။ (တံဘဂဝန္တံ၊ သက်ဘော်ထင်ရှား ထိုမြတ်စွာဘုရားကို၊ အဟံ၊ အကျွန်ုပ်သည်၊ ဝန္ဒာမိ၊ ရိုသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပူဇော်ပါ၏ အရှင်ဘုရား။)

# ကျေးဇူးစကား

ဤ "မိုးကုတ်၊ မိုးမိတ်၊ မအူပင်၊ မဟာစည် ဒေသနာခရီး" စာအုပ် ဖြစ်မြောက်ရေးအတွက်....

၁။ "အဖွင့်လွှာ" ရေးသား ချီးမြှင့်တော်မူသော ဆရာတော် အရှင်တိလောကသာရ (ရန်ကုန်) အားရှင်း၊

၂။ လက်နှိပ်စက် စာမူ (ပရူ) ကြည့်ရှု စစ်ဆေးပေးတော်မူကြသော....

(က) ရန်ကုန်မြို့ အလယ်တောရ (မဟာစည် ဓမ္မကထိက အမျိုးသား ပဌမကျော်၊ အစိုးရဓမ္မာစရိယ၊ဘီအေ) ဆရာတော် ဦးသုန္ဒရအားရှင်း ၊

( ခ ) မြို့သစ်မြို့နယ် အင်တိုင်းရွာ၊ မဟာစည် ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ ဦးပဏ္ဍိတအားရှင်း။

၃။ ဘဏ္ဍာရေးနှင့် စာရင်းကိုင်ခြင်း၊ စာပေဖြန့်ချိခြင်းတို့ကို ဆောင်ရွက်ပေးလာကြသော –

(က) ရန်ကုန်မြို့ သာသနာ့ရိပ်သာ အခန်း(၁၉)မယ်တော်ကြီး ဒေါ်ပွဲဟန်၊

( ခ ) ညီဝမ်းကွဲမောင်အုန်းရွှေ (ဘီအေ) တို့အားရှင်း၊

၄။ လက်နှိပ်စက်စာမူရိုက်နှိပ်ကူညီသော ရန်ကုန်မြို့(၁၆)ဟာမစ် တစ်လမ်း၊ လက်နှိပ်စက်စာရေး မသန်းသန်းအားရှင်း။

၅။ မိုးကုတ် မိုးမိတ် မအူပင် ဓမ္မဒါနရှင်များအားရှင်း၊ကျေးဇူးတင်ပါကြောင်း၊ ကျေးဇူးစကား ဆိုပါသည်။

ညောင်ကန် အရှင်ဣန္ဒက

သာသနာတော်နှစ်၊ ၂၅၂၀-ခု။
မြန်မာသက္ကရာဇ် ၁၃၃၈-ခု။ တပေါင်းလဆုတ် ၂-ရက်စနေနေ့။
ခရစ်နှစ် ၁၉၇၇-ခု၊ မတ်လ ၆-ရက်။



မအူပင်မြို့-ကျက်သရေဆောင်-ပေါ်တော်မူ
ရွှေတုန်းမြင့်စေတီတော်

ဍုၚ်ဂှ် ကေဂွံဗ္ၜိုၚ်ဒကေကေဂွံဒေအဒၞ်ဗ ၊ ကြုၚ်ဂဗ္ဗိုၚ်





ဂ္ဗလေဝ္ဇကဲ ထ္ၜေဒွံၚ်းဂ္ကဝ္ၚထေဒလထေ္ငကိုဲ
ယဒ္ၚဝယ္ၚဒလခကိုၚ်ဒ္ၚဂဏ်ဗကၞ်းဂ္ကဒ္ၚဂဃ ဒွံၚ်းမြူၚ်းဒလဲဝ္ၚထေဒလထ ၚ္ဒဗဂဟဂ ဒွ်ၚ်ဗ်းယွဒ





ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး၊ ကျောက်မြောင်းမြို့ဆိပ်ကမ်းမှ ရွှေနှံ့တိုးဓမ္မာရုံသို့ကြွစဉ်၊ ရွှေခွန်ရွှေတိုက်ဆရာတော်က ဦးဆောင်ပင့်လာပုံ။

ကြိုဒှ်ဂါ်ဒေရ ဍုံဗဒှ်ကြ ယးဒှ်ဝေဒေဒ္ဂကြိုးပ္ဍဲ



# မိုးကုတ်မြို့သို့ မဟာစည် ဒေသနာခရီး

## မဟာစည် သာသနာပြုအဖွဲ့ မန္တလေးမှ ထွက်ခဲ့ပါပြီ

မန္တလေးမြို့တော်၏ အနောက်ဖက်ရှိ ဧရာဝတီမြစ်သည် မြောက်မှ တောင်သို့ တသွင်သွင်စီးဆင်းနေ၏၊ ဧရာဝတီမြစ်၏ အနောက်ဖက်ဆီသို့ မှန်းမျှော်ကြည့်လိုက်လျှင် စေတီတန်ဆောင်း ကျောင်းကန်တို့ကို ဦးထိပ်ရွက်ပန်ဆင်ထားသော စစ်ကိုင်း မင်းဝံ တောင်ရိုးကို သာယာကြည်နူးဖွယ်ရာ တွေ့ရပေမည်။

ယနေ့ကား ၁၃၃၅-ခု၊ ကဆုန်လဆန်း ၁၃-ရက် တနင်းလာ နေ့တည်း၊ အချိန်မှာ နံနက် (၆)နာရီ ၃၅-မိနစ် ဖြစ်သည်၊ အထက်ထပ် အောက်ထပ် လူတွေ ပြည့်ညပ်နေသော ပုညာ သင်္ဘောကြီးသည် မန်း-ရွှေမြို့တော်၏ ချော်ဆိပ်မှ ထွက်ခွာခဲ့ ပါပြီ၊ ရေနည်းနေသေးသဖြင့် ဂေါဝိန်ဆိပ်ကမ်း၌ သင်္ဘော မဆိုက်ကပ်နိုင်သောကြောင့် ဤချော်ဆိပ်မှ ထွက်ခဲ့ရခြင်း ဖြစ်လေသည်။

ထို သင်္ဘောပေါ်၌ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မဟာစည် ဆရာတော်ဘုရားကြီး အမှူးရှိတော်မူသော ထိုထို သာသနာ့ရိပ်သာ၏ နာယက ကမ္မဋ္ဌာနာစရိယ ဓမ္မကထိက ဆရာတော်များ၊ တပည့် ရဟန်း ရှင်သာမဏေ သီလရှင် ရသေ့ လူ ဥပါသကာ ဥပါသိကာများသည် လိုက်ပါလာကြကုန်၏၊ သင်္ဘောပေါ် ဆိုသော်လည်း အထူးခန်း၌ နေထိုင်လိုက်ပါလာ ကြရသောကြောင့် ချမ်းချမ်းသာသာ လိုက်ပါလာကြရ၏။

အကြောင်းမှာ ပင့်ဆောင်ရေး တာဝန်ခံ ဆရာတော် ဦးကောဏ္ဍည အရှင်မြတ်က အထူး စီစဉ်ပေးတော်မူသော ကြောင့်ပင်၊ ထိုအရှင်ကား လျင်မြန်ဖျတ်လတ်၍စေ့စပ်ပါးနပ်စွာ ဆောင်ရွက်တော် မူတတ်ပါပေသည်၊ မှန်ပါသည်၊ မနေ့ကပင် ရန်ကုန်မှ မန္တလေးသို့ ရောက်နှင့်တော်မူကြသော မဟာစည် ဆရာတော်ဘုရားကြီးနှင့် တပည့် ရဟန်း ရှင် လူ ယောဂီများ ကျောက်ပန်းတောင်းဆရာတော်စသည်တို့တွင် အချို့ကို သင်္ဘော ပေါ်၌ပင် ပင့်ဖိတ် နေရာချ၍ အချို့ကို မန္တလေး စိန်ပန်း ရိပ်သာ၌ပင် နေရာချလေသည်၊ မန္တလေး စိန်ပန်းရိပ် ရတနာပုံ ရိပ်သာ ဂေါပကလူကြီးများကလည်း ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးနှင့် ထေရ်ကြီး ဝါကြီး ဆရာတော်များကိုမူ အထူး ဂရုစိုက်၍ လေဆိပ်သို့ ကားများဖြင့် သွားရောက်ကြိုဆို ခြင်း ပို့ခြင်း၊ ရိပ်သာ၌ ရှိသေစွာ ပြုစု စောင့်ရှောက်ခြင်း၊ ကုသိုလ်များကိုမူ လက်လွှတ်မခံကြပေ၊ နံနက်လင်း၍ သင်္ဘော ပေါ်၌ အားလုံး သံဃာစုံလေသော် တခန်း နှစ်ပါး သုံးပါးစီ

နေရာချ၍ ဦးခန်း ခန်းမဆောင်ကြီး၌ သီလရှင်နှင့် လူ ဥပါသကာ-ဥပါသိကာများကို အရှင်ကောဏ္ဍည ဆရာတော် ကပင် နေရာချပေးတော်မူသည်။

ယနေ့နံနက် အရုဏ်တက်ချိန်၌လည်း ဤအရှင်ကောဏ္ဍည ဆရာတော် စီမံချက်အရ ရွှေဘို ဝိသာခါ ဆွမ်းချက်အဖွဲ့နှင့် ရန်ကုန် သိန်းတရာဒေါ်စောတို့ ချက်ပြုတ်ဆက်ကပ်သော ယာဂု (ဆန်ပြုတ်)နှင့် အချိုပွဲ အဖန်ပွဲများကို အားလုံး ဘုဉ်းပေး သုံးဆောင်ကြရပါပေပြီ။

ဆရာတော် ဦးမုနိန္ဒ၏-ဓမ္မာနုဂ္ဂဟ ဓမ္မဒါနပွဲတော်သို့

ဤသို့ ဤအရှင်ကောဏ္ဍညဆရာတော် ဆောင်ရွက်နေခြင်း သည် အကြောင်းရှိပါသည်၊ အကြောင်းမှာ မိုးကုတ်မြို့-မြို့လယ်ရပ် သာသနာ့ရိပ်သာနာယက ကမ္မဋ္ဌာနာစရိယ၊ အဂ္ဂ-မဟာဓမ္မကထိက လောကမာရဇိန် ရွှေဘိုဆရာတော် ဦးမုနိန္ဒ-က စေလွှတ်တော်မူလိုက်သောကြောင့် ဖြစ်သည်၊ အဘယ်ကြောင့် စေလွှတ်တော်မူလိုက်ရသနည်းဟူမူ၊ထိုမြို့လယ်သာသနာ့ရိပ်သာ၌ ထိုရွှေဘိုဆရာတော် ဦးမုနိန္ဒအမှူးရှိသော တပည့် ဒကာ-ဒကာမ တို့က ဓမ္မာနုဂ္ဂဟ ဓမ္မဒါနပွဲကြီး ကျင်းပရန် အစီအစဉ်ရှိသော ကြောင့်ပါပေ။

ထို ပွဲတော်ကြီး၌ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်ဘုရားကြီး အမှူးရှိတော်မူသော ကမ္မဋ္ဌာနာ စရိယ ဓမ္မကထိကဆရာတော်များက တရားဟော တရားပြတော်

မူကြမည်၊ မိုးကုတ်မြို့၊ ရွှေဘိုဆရာတော် ဦးမုနိန္ဒအမှူးရှိသော တပည့် ဒကာ-ဒကာမတို့က ပစ္စည်းလေးပါးတို့ဖြင့် တာဝန်ယူကာ ရဟန်း ရှင် လူ ယောဂီအပေါင်းကို စောင့်ရှောက်ပြုစုကြမည်ဖြစ်ပေသည်။

ထို့ကြောင့်ပင် ဤ ပုညာသတော်ပေါ်၌ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး အမှူးရှိသော မဟာစည် သာသနာပြုတဖွဲ့လုံး လိုက်ပါလာခဲ့ရ၏၊ဤအဖွဲ့ကြီးတွင် ရန်ကုန်၊ ပုသိမ်၊ ကျောက်ပန်းတောင်း သာသနာ့ရိပ်သာ ဆရာတော်များသာ ပါခဲ့ကြသည်မဟုတ်သေး၊ မန္တလေးမြို့၊ ဝါခင်းကုန်း ဇောတိကာရာမနှင့် ဆူးဖြူ သာသနာ့ရိပ်သာ ဆရာတော် ဦးဇောတိက၊ မြေနီကျင်း သာသနာ့ရိပ်သာ ဆရာတော် ဦးဥက္ကံသ၊ နန်းတော်ရှေ့ ရွှေစည်ရိပ်သာဆရာတော် ဦးကုလိသ၊ စိန်ပန်းရပ် ရတနာပုံသာသနာ့ရိပ်သာဆရာတော် ဦးသံဝရ (ယခု-ရန်ကုန်သာသနာ့ရိပ်သာ)တို့သည်လည်းလိုက်ပါလာတော်မူသေး၏၊ ထို့ပြင် စစ်ကိုင်းတောင်ရိုး သမိဒ္ဓေါချောင် သီလရှင် ဆရာလေးများကလည်း ထိုပွဲတော်ကြီး၌ တရားအားထုတ်ရန် လိုက်ပါလာကြသေး၏။

## မင်းကွန်း ရောက်သော်

ပုညာသတော်ကား တောင်မှ မြောက်သို့ ခုတ်မောင်းလျက်ရှိပါသည်။ သင်္ဘော၏ အနောက်ဖက်ကမ်း၌ မင်းဝံတောင်တန်းသည်ရင်း၊ အရှေ့ဖက်၌ မန်း-ရွှေမြို့တော်သည်ရင်း သင်္ဘော၏

နောက်၌ တရိပ်ရိပ် ကျန်ရစ်ခဲ့လေသည်၊ မန္တလေးတောင်ကို မြင်ရသောအခါ "ဟောဒီ အရှေ့ဖက်ဆီမှာတွေ့ရတဲ့ ဘုရားတန်ဆောင်းတွေကို ဦးထိပ်ရွက် ပန်ဆင်ထားတဲ့ တောင်က မန္တလေးတောင်တော်ဘဲ"ဟုရှင်း၊ မိုးမိတ်ဘုရားနှင့် မင်းကွန်းရောက်သောအခါ"ဟောဒါက မင်းကွန်းတိပိဋကဓရဆရာတော်ကိုယ်တော်တိုင် နှစ်စဉ်နှစ်တိုင်း ဦးစီးကျင်းပလေ့ရှိတဲ့ မင်းကွန်းမိုးမိတ်စေတီတော်၊ ဟောဒါကမင်းကွန်းစက်တော်ရာဘုရားကြီး၊ ပြီးတော့ မြသိန်းတန်စေတီတော်၊ ဟို-နီနီရဲရဲပြိုကွဲနေတဲ့ ဘုရားငုတ်တိုကြီးက ဘိုးတော် ဦးဝိုင်း တည်ခဲ့တဲ့ အဆုံးမသတ်တဲ့ ဘုရားကြီး၊ အဲဒီရှေ့က – အမတ်ကြီး ဦးပေါ်ဦး ဘိုးတော် ဦးဝိုင်းကို ကြောက်လို့ ကွဲရှဲချင်လျက်နဲ့ မကွဲရှဲရတဲ့ ခြင်္သေ့ကြီးနှစ်ကောင်၊ ဟိုဟာက ဖောင်တော်သီ ကျောင်းတိုက်နှင့် ဒေါ်ဦးဇွန်း တည်ထောင်ခဲ့တဲ့ မင်းကွန်း ဘိုးဘွားရိပ်သာလူအိုရုံဘဲ" ဟုရှင်း စာရေးသူက ပုသိမ်နှင့် မဲဇလီကုန်းမှ လိုက်ပါလာခဲ့ကြသော ကိုအုန်းမောင်၊ မောင်စိန်ဝင်း၊ မမေခါ၊ မရင်မြင့်၊ မတင်ရွှေတို့ကို ပြောပြရသည်။

## ဟိုဘက်ကမ်းကူးတော့မလိုလိုပါဘုရား

"နီနီရဲရဲ ပြိုကွဲနေတဲ့ ဘိုးတော်ဦးဝိုင်းတည်ခဲ့တဲ့ အဆုံးမသတ်တဲ့ ဘုရားငုတ်တိုကြီးဆိုတာရယ်- ဦးပေါ်ဦး မကွဲရှဲ့ရတဲ့ခြင်္သေ့ကြီး ၂-ကောင်ဆိုတာရယ်က ဘယ်လိုလဲဘုရား"ဟု တပည့်မောင်စိန်ဝင်းက သူ မရှင်းသည်ကို ထပ်၍မေးလျှောက်နေပြန်ပါသည်၊ ထို့ကြောင့် စာရေးသူက ထပ်ရှင်းပြရပြန်၏။

"ဘုရင်ဘိုးတော်ဘုရားဆိုတာကြီးကြီးမားမားတည်ဆောက်တဲ့လုပ်ငန်းကို အလွန်ဝါသနာကြီးတဲ့ ဘုရင်ကြီးနဲ့ တူပါတယ်၊ အချင်း ၂၉၃-တောင် ၂-မိုက် လေးသစ်ရှိတဲ့ ဒီမင်းကွန်း ပုထိုးတော်ကြီး၊ ပိဿာချိန် ၅၅၅၅၅၅-ရှိတဲ့ မင်းကွန်း ခေါင်းလောင်းကြီး အမြင့် အတောင် ၆၀-ရှိမည့် ခြင်္သေ့ရုပ်ကြီးများကို တည်ဆောက်ခဲ့တယ်၊ အဲဒီ ပုထိုးတော်ကြီးဆိုတာ အခုမြင်နေရတဲ့ ပြိုနေတဲ့ဘုရားကြီးပေါ့၊ ဒါ့လောက်ကြီးတာ ဘယ်အဆုံးသတ်နိုင်ပါ့မလဲ၊ခေါင်းလောင်းကြီးကိုတော့ ဒီကနေမမြင်ရဘူး။

"ဦးပေါဦး မကဲ့ရဲ့ဝံ့တဲ့ ခြင်္သေ့ကြီး ၂-ကောင်ဆိုတာက ဘိုးတော်ဦးဝိုင်းချွှမှာသာမကဲ့ရဲ့ဝံ့တာပါ၊ကွယ်ရာတော့ကဲ့ရဲ့ဝံ့ပါတယ်၊ တခါတုန်းက ဘိုးတော်ဦးဝိုင်းဟာ စေတီတော်ပတ်လည်ကို လှည့်လည်ရှုစား ဖူးမျှော်နေတဲ့အခိုက် အမတ်ကြီးဦးပေါဦးဟာ မယောင်မလည်နဲ့ နောက်ချန်နေခဲ့သတဲ့။

"နောက်ပြီး ပုထိုးတော်ကြီးနဲ့ အရှေ့ဖက် မလှမ်းမကမ်းမှာရှိတဲ့ ဒို့ခုမြင်နေရတဲ့ ခြင်္သေ့ကြီး ၂-ကောင်ကို လှည့်ကာပတ်ကာကြည့်ရှုနေသတဲ့၊ ဦးပေါဦးရဲ့ နောက်ကလဲ အဆောင်ကိုင်တပည့် သုံးလေးယောက်ပါဆိုကိုး၊ ဦးပေါဦးက ခြင်္သေ့ကြီး ၂-ကောင်ကို ကြည့်ပြီး ခေါင်းကဘယ်လို ခါးကဘယ်သို့ ခြေထောက်က ဘယ်နှယ် လက်ကဘယ်ပုံ ကိုယ်အလုံးမှာ ရှေ့ငိုက်နေတယ် စသည်ဖြင့် ဝေဖန်ပြောဆိုနေသတဲ့၊ ဘိုးတော်ဦးဝိုင်းလဲ သက်တော်စောင့် လေးယောက်နဲ့အတူ ဘုရားကြည်ညိုပြီး

ခြင်္သေ့ကြီး ၂-ကောင်ဆီ ဦးပေါဦးတို့အနား အမှတ်မဲ့ရောက်လာသတဲ့၊ ဘိုးတော်ဦးဝိုင်းရောက်လာတာကို မသိဘဲ ဦးပေါဦးက သူ့တပည့်များအား "ခြင်္သေ့ကြီး ၂-ကောင်ကတော့ကွာ" လို့ ဆက်လက် ဝေဘန်ကဲ့ရဲ့နေစဉ် ဘိုးတော်ဦးဝိုင်းက ရုတ်တရက် သံလျက်နဲ့ ရွယ်ပြီး "ဘာဖြစ်သလဲဆိုစမ်း ငပေါဦး" လို့ ငေါက်လိုက်တော့ ဦးပေါဦးက ရှေ့ဆက်မကဲ့ရဲ့ဝံ့တာနဲ့ "မှန်လှပါ ဟိုဖက်ကမ်း ခုန်တော့မလိုလိုကူးတော့မလိုလိုပါဘဲ ဘုရား" ဟု လျှောက်လိုက်တော့မှ ဘိုးတော်ဦးဝိုင်းက "အေး-တော်သေးတာပေါ့" လို့ မိန့်ကာ ပြုံးနေတော်မူသတဲ့" ဤသို့ စာရေးသူက ရှင်းပြလိုက်သည်။

## ဘိုးတော်ဦးဝိုင်းနှင့် လူမစွမ်းနတ်မ

ထိုအခါ ရန်ကုန် သာသနာ့ရိပ်သာ ဒီဃနိကာယကောဝိဒ အရှင် ကေလာသက "အဲဒီ အပြီးမသတ်နိုင်တဲ့ ပြိုနေတဲ့ ပုထိုးတော်ကြီးနဲ့စပ်ပြီး လူမစွမ်း နတ်မဆိုတဲ့ စကားပုံတောင်ရှိသေးတယ်" ဟု စပ်မိစပ်ရာ မိန့်လိုက်ပြန်သည်။

"အဲဒါ အမိန့်ရှိစမ်းပါဦး ဘုရား" ဟု စာရေးသူက လျှောက်ထားလိုက်၏။

ထို့ကြောင့် အရှင်ကေလာသက ဤသို့ ရှင်းပြတော်မူသည်၊ "တခါက ဘိုးတော်ဦးဝိုင်းဟာ ဒီမင်းကွန်းပုထိုးတော်ကြီး တည်

နေခိုက်မှာ မင်းကွန်းရဲ့အရှေ့ဖက်ကမ်းတွင် ယာယီတဲနန်းနဲ့စံမြန်း ကုပ်ကဲနေလေသတဲ့၊ ဘုရင်ထွက်တယ်ဆိုယင်ဘဲ၊နောက်တော်ပါ ဦးပေါ်ဦးလဲ လိုက်ပါခစားမြဲဘဲတဲ့၊ ဘိုးတော်ဦးဝိုင်းဟာ သူ့ ကောင်းမှုတော်များနှင့်ပတ်သက်ပြီး အလွန်ပီတိဖြစ်ပြီး ကြည်နူး နေဆိုကိုး၊ ဒါပေမဲ့ ခုနင်က ညောင်ကန် အရှင်ဥက္ကဋ္ဌ ပြောတဲ့ အချင်း ၂၈၃-တောင် ၂-မိုက်လေးသစ်ရှိတဲ့ ပုထိုးတော်ကြီးဟာ အမြင့်ဥာဏ်တော် ၅၂၀-တောင် ၂-မိုက် ၄-သစ်အထိ ဆောက် လုပ်နိုင်ရန် စီမံကိန်းရှိတော့ လူအင်အားများစွာနဲ့တည်ဆောက် ပေမဲ့လဲ မပြီးနိုင်ဘဲ ကြာနေသတဲ့။

ဒါကြောင့် ဘိုးတော်ဦးဝိုင်းက အပါးတော်မှာရှိတဲ့ ဦးပေါ် ဦးအား "နေပါဦး ပေါ်ဦးရဲ့၊ ငါတို့ရဲ့ ဘေးလောင်းတော် ဘိုးလောင်းတော်များ တည်ထားကိုးကွယ်ကြတဲ့ ရွှေတိဂုံစေတီ တော်ကြီးတို့၊ ပုဂံက ရွှေစည်းခုံစေတီတော်များတော့ လူတရစ် နတ်တရစ် တည်ကြတယ် ဆိုမို့လား" လို့ မိန့်သတဲ့။

ဒီတော့ ဦးပေါ်ဦးက "ဖတ်ကြားမှတ်သားဘူးပါကြောင်း" လို့ လျှောက်တယ်။

ဒါနဲ့ ဘိုးတော်ဦးဝိုင်းက "အေးဟဲ့-အခု ငါကိုယ်တော်မြတ် တည်ဆောက်နေတဲ့ ပုထိုးတော်ကြီးကိုတော့ ဘယ်နတ်ကမှ လာမကူ ပါလားကွဲ့" လို့ မိန့်ဆိုကိုး။

ဒီတော့ ဦးပေါ်ဦးက "မှန်လှပါ၊ ရှေးရှေးသော ပညာရှိများထားခဲ့တဲ့ စကားပုံတခု ရှိပါတယ်ဘုရား"လို့ စကားစကို လျှောက်သတဲ့။

ဒါနဲ့ ဘိုးတော်ဦးဝိုင်းက "ဘယ်လိုရှိတာလဲ" လို့ မေးတော်မူတယ်။

ဒီတော့ ဦးပေါ်ဦးက "လူမစွမ်းနတ်မ-ဆိုတဲ့ စကားပုံ ဖြစ်ပါကြောင်း၊ ရွှေတိဂုံနဲ့ ရွှေစည်းခုံတို့ကို တည်ဆောက်တဲ့ ဒကာဘုရင်များက အရှင်မင်းကြီးလောက် ဘုန်းကံမကြီးလို့ နတ်များက မ-ရခြင်းဖြစ်ပါကြောင်း၊ အရှင်မင်းကြီးမှာတော့ လူစွမ်းကောင်းဖြစ်လို့ နတ်များက မ,ရန် မလိုပါသဖြင့် မ-မခြင်း ဖြစ်ပုံရပါတယ်ဘုရား" ဟု သံတော်ဦးတင်တယ်တဲ့။

ဒီတော့ ဘိုးတော်ဦးဝိုင်းမှာ ကေဂ္ဂဘာစော သဘောတော်ကျလှဘာမို့ "အင်း-မောင်မင်းလျှောက်မှဘဲ နှစ်သိမ့်ရပေတော့တယ်"လို့ မိန့်ကြားတော် မူတယ်တဲ့၊ ဤသို့ အရှင်ကေလာသက မိန့်ပါသည်။

"ဒီ မင်းကွန်း ပုထိုးတော်ကြီး ဘုရားပြိုကြီးကလဲ စိတ်ဝင်စားစရာ ကောင်းလှပါကလား" ဟု ရန်ကုန် သာသနာ့ရိပ်သာ ဦးဝိစာရိန္ဒ-က မှတ်ချက်ချတော်မူပြန်ပါသည်။

## မင်းကွန်း ပုထိုးတော်ကြီးနှင့် အဂျိုကြီးပုံပြင်

"ဒီမင်းကွန်းဘုရား ပုထိုးတော်ကြီးနဲ့ပတ်သက်ပြီး အပျိုကြီးပုံပြင်လဲ ရှိသေးတယ်ဘုရာ့" ဟု အရှင်ကေလာသက မိန့်ပြန်ပါသည်။

"ဘယ်သို့လဲဘုရား"ဟု ကပ္ပိယလူပျိုကြီး မောင်စိန်ဝင်းက စိတ်ပါဝင်စားစွာထောက်၍ လျှောက်ပြန်၏။

"ဪ-အဲဒါက ဒီလိုပါ၊ ဒီ နီနီရဲရဲနဲ့ အပြိုကြီး ပြိုနေတဲ့ မင်းကွန်းပုထိုးတော်ကြီးဘုရားကိုတချို့ဘုရားဖူးတွေက အပြိုကြီးဘုရားလို့ အမြင်အတိုင်း ပြောကြတယ်၊ ဒါကို တချို့ အပျိုကြီးတွေက သူတို့လို အပျိုကြီးတွေ တည်ခဲ့တဲ့ဘုရား ထင်နေကြတယ်ဆိုတဲ့ ပုံပြင်ပါဘဲ၊ အမှန်ကတော့ ဘိုးတော်ဦးဝိုင်းတည်ခဲ့တာဘဲ"ဟု အရှင်ကေလာသက ခပ်တည်တည်ဖြင့် ဟာသဆံဆံ မိန့်လိုက်ပါသည်။

"အရှင်ကေလာသ မိန့်လိုက်ယင် အပျိုကြီးတွေကို ခလုပ်တိုက်တိုက် သွားတယ်၊ တခါက ရန်ကုန် သာသနာ့ ရိပ်သာ ဖလ်ယဉ်ခန်းမှာ တရားဟောတုန်းကလဲ ပဉ္စဂ္ဂပုဏ္ဏား ဝတ္ထုကို ဟောတယ်၊ မြတ်စွာဘုရားက ကျွတ်တမ်းဝင်မှာကို မြင်တော်မူလို့ ပဉ္စဂ္ဂပုဏ္ဏားကြီးနဲ့သူ့ဇနီးတို့ ထမင်းစားနေခိုက် ကြွလာတဲ့ အကြောင်း၊ ပုဏ္ဏေးမကြီးက မြတ်စွာဘုရားကို မြင်တော့ သူ့ ခင်ပွန်း ပုဏ္ဏားကြီးသာ မြတ်စွာဘုရားကို မြင်သွားယင် ဆွမ်း လောင်းလိမ့်မယ်၊ ဒီ ချက်ပြီးသား ဆွမ်းကို လောင်းလိုက်ယင် ငါတော့ နောက်ထပ် ထမင်းထပ်ချက်နေရဦးမယ် လို့ စိတ်ကူးပြီး မြတ်စွာဘုရားကို ပုဏ္ဏားကြီး မမြင်ရအောင် သူ့ကိုယ်နဲ့ ကွယ်လိုက်ကွယ်၊ မျက်ရိပ်ပြပြီး ကန်တော့ဆွမ်းလိုဆွမ်း၊ တိုးတိုးလေး ကန်တော့ဆွမ်းလိုဆွမ်းတဲ့အကြောင်း ဟောယင်းကနေ "ဒီပုဏ္ဏေးမကြီးနှယ် ကုသိုလ်ရေးနဲ့စပ်ပြီးများ ထမင်းထပ်ချက်ရမှာ ပျင်းနေလိုက်တာ၊ အစတုန်းကပျင်းယင် ဘာဖြစ်လို့ အိမ်

ထောင်ပြုသေးလဲ၊အပျိုကြီးလုပ်နေပါလားလို့၊ အပျိုကြီးတွေကို ခလုပ်တိုက် ပြောတယ်” ဟု အရှင်ဝိစာရိန္ဒ-က အရှင်ကေလာသ၏ ဟာသဉာဏ်ကို ချီးကျူးယင်း ထေ့တေ့တေ့ ပြောလေသည်။ “အရှင်ဘုရားရဲ့ အပျိုကြီးတွေကို တမင်ပြောချင်လို့ မဟုတ်ပါဘုရား၊ ထန်းသီးကြွေခိုက် ကျီးနင်းခိုက် ဖြစ်သွားလို့ပါ” ဟု အရှင်ကေလာသက ပြန်ကလိယင်း ပြုံးစနဲ့နဲ့ဖြင့် မိန့်လိုက်ပြန်ပါသည်၊ မင်းကွန်းတောင်တော်ကား သင်္ဘောနောက်၌ ကျန်ရစ်ခဲ့ပါလေပြီ၊ မင်းကွန်းအကြောင်းကား သင်္ဘောပေါ်၌ ပါလာဆဲတည်း။

## ဆရာတော်ဘုရားကြီးများ၏ ခရီးသွားကျင့်ဝတ်များ

ကျွန်းကြီးကျွန်းငယ် အသွယ်သွယ်နှင့် ရွာငယ်ရွာကြီး အသီးသီးတို့က သင်္ဘော၏ဝဲယာ၌ တရိပ်ရိပ်ပြေးသွားဘိသို့ ရှိကုန်၏၊ အမှန်မှာ သင်္ဘောကသာ ပြေးသွားနေခြင်း ဖြစ်လေသည်၊ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးကား သင်္ဘောဦးခန်းမကြီးထဲ၌ တပည့်ဥပါသကာ ဥပါသိကာတို့အား ရှစ်ပါးသီလ ပေးတော်မူလျက် ရှိလေသည်။ ဆရာတော်ဘုရားကြီး၏နောက်ပါ ကပ္ပိယမှန်သမျှ ဤသို့ပင် ရှစ်ပါးသီလ ဆောက်တည်ကြရကုန်၏။

ဤသို့ ဆောက်တည်စေခြင်းဖြင့် ဆောက်တည်ရသူတို့လည်း မြင့်မြတ်သော သီလဝန္တ ဖြစ်ကြရ၏၊ ညနေစာအတွက်လည်း

ကြောင့်ကြမဲ့စွာ ခရီးသွားလာ၍ လွယ်ကူလေသည်။ ကျေးမွေး ပြုစုရသူတို့ အတွက်လည်း ညစာအတွက် သက်သာကြသည်၊ ထို့ပြင် ရှစ်ပါးသီလရှိသူ သီလဝန္တမျှားကို ကျွေးမွေး ပြုစုရသော ကြောင့် ကုသိုလ်အကျိုး ပွားတိုး ကြီးမားနိုင်လေသည်။

ဤသည်မှာ အမြော်အမြင် ကြီးမားတော်မူကြသောကျေး ဇူးရှင် ဆရာတော်ဘုရားကြီးမျှား၏ ညွှန်ကြားဆုံးမရိုး အစီအမံ ဖြစ်လေသည်၊ မှန်၏၊ အဘိဓဇမဟာရဋ္ဌဂုရု စံကင်းဆရာတော် ဘုရားကြီးသည်လည်း မိမိနှင့်အတူ ခရီးသွား ရဟန်းရှင်လူတို့ အတွက် စည်းကမ်း ငါးချက်ကိုထားတော်မူခဲ့လေ၏၊ စံကင်း ဂုရုပ္ပတ္တိကထာ စာအုပ်စာနှာ(၁၂၈)၌ ဤသို့ တွေ့ရလေသည်။

ခရီးသွားကျင့်ဝတ် ၅-ပါး

၁။ ခရီးသွားယင်း သူတပါးအပြစ်ကို မပြောကြရ။
၂။ တထပ်သာ စားရမည်။
၃။ သဘော်စသည်မှာ သဟာသေယျလောက်သော နေရာ တွင် မအိပ်ရ။
၄။ မထေရ်အကြီးအကဲတို့ကို ပန်ကြားပြီးမှ သင့်လျော်ရာ အရပ်သို့ သွားလာကြရမည်။
၅။ ဂိလာနမဟုတ်ဘဲ ခရီးပင်ရှည်သော်လည်း နွားလှည်း မြင်းရထား မစီးသွားရ။

ဤကား စံကင်းဆရာတော်ဘုရားကြီး၏ ခရီးသွားကျင့်ဝတ် ငါးပါးတည်း။

ဤ၌ ၃-နံပါတ်နှင့် ၅-နံပါတ် ကျင့်ဝတ်စည်းကမ်းတို့သည် ရဟန်း သံဃာတော်တို့နှင့် သီးခြားသက်ဆိုင်သော ကျင့်ဝတ်စည်းကမ်းတို့ဖြစ်ကုန်၏၊ ကျန်ကျင့်ဝတ်များကား သူတော်ကောင်း ရဟန်းရှင်လူ ခရီးသည် အားလုံးနှင့် သက်ဆိုင်ကုန်၏။

ခရီးသွား ကျင့်ဝတ်စည်းကမ်းနှင့် ပတ်သက်၍ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏နယ်လှည့်မဟာစည်ဓမ္မကထိက ဆရာတော်များအား သတိပေး ညွှန်ကြားသော ခရီးသွားကျင့်ဝတ်စည်းကမ်း သြဝါဒကထာကိုလည်း သတိရမိသေးတော့သည်။

“ပုဂ္ဂိုလ်က ကြည်ညိုဘွယ်ဂုဏ်နှင့် ပြည့်စုံမှ ဟောသည့်တရားကိုလည်း အများက လေးလေးနက်နက် နှလုံးသွင်းလက်ခံကြပေလိမ့်မည်၊ ထို့ပြင် အရပ်ရပ်အနယ်နယ်မှာ စုံစမ်းဆင်ခြင်တတ်သော ပညာရှိပုဂ္ဂိုလ်များရှိနေတတ်ကြပါသည်၊ ထို့ကြောင့် မဟာစည် ဓမ္မကထိက အရှင်မြတ်တို့သည် ဝိနည်းသိက္ခာပုဒ်အရအားဖြင့်၎င်း၊ အပိစ္ဆ-သန္တုဋ္ဌိ-သလ္လေခ ဂုဏ်တို့ အရအားဖြင့်၎င်း၊ ပါသာဒိကေန သမ္ပာဒေထ’ဟု မိမိတို့၏ ဥပဇ္ဈာယ် ဆရာများက မိန့်မှာခဲ့သည့်အတိုင်း အဖက်ဖက်မှ ပါသာဒိကဂုဏ်နှင့် ပြည့်စုံအောင် သတိဆောင်ကြစေလိုပါ၏။

အထူးအားဖြင့် ခရီးသွားရာ၌ သက်နိုးရှိ သွားခြင်းသည် ပါဒိကဂုဏ်ကို အထူးပင် ဆောင်တတ်ပါပေသည်၊ ထို့ကြောင့် ကျောင်းမှရင်း၊ တည်းခိုရာမှရင်း အပြင်သို့သွားလျှင် ဝိနည်းက ခွင့်ပြုထားသော အရပ်ပင်ဖြစ်သော်လည်း 'သက်နိုးရှိလျက်' သာ သျှင် ပါသာဒိကဂုဏ်ကို ဆောင်လျက်သွားကြစေလိုပါ၏။

ထို့ပြင် အပါသာဒိကဖြစ်သော ဆေးလိပ်သောက်ခြင်း၊ ကွမ်းစားခြင်း၊ ဆေးငုံခြင်းများကို ရန်ကုန်သာသနာ့ရိပ်သာ၌ ကမ္မဋ္ဌာနာစရိယများကဲ့သို့ပင် ကြဉ်ရှောင်ကြစေလိုပါ၏၊ ကျန်းမာပါလျက် ဆိုက်ကား မြင်းလှည်းစသည် စီးခြင်းကိုလည်း ကြဉ်ရှောင်ကြစေလိုပါ၏။

ဓမ္မကထိကအရှင်မြတ်များအား ဤကဲ့သို့ သတိပေးစကား ပြောကြားရသည့်အတွက် အားနာပါသည်၊ သို့သော် မိမိ အမြင်အားဖြင့် သာသနာပြုရာ၌ အလွန်အရေးကြီးသည်ဟု ထင်မြင်သောကြောင့် ပြောကြားလိုက်ရခြင်းဖြစ်ပါသည် အရှင်၊ မြတ်တို့ကလည်း အထူးအလေးပြု၍ ကျင့်ဆောင်နိုင်ကြပါစေ၊ ဤကား ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ခရီးသွားကျင့်ဝတ်စည်းကမ်း ဩဝါဒပါတည်း၊ ဤဩဝါဒများ ကား ခရီးသွားဆဲသာ ကျင့်ရမည်မဟုတ်ပဲ အမြဲကျင့်ရမည့် ဩဝါဒများပေတကား။

## ခရီးသွားရ ကျိုးဖလ

ပကတိ လေပြေသည် သဘော ခုတ်မောင်းသောကြောင့် တိုက်ခတ်သောအချိန်နှင့် ရော၍ တိုက်ခတ်လျက် ရှိပါသည်၊

ဆရာတော်ဘုရားကြီး၏ တပည့်ရဟန်းတော်များသည် သင်္ဘော အထူးခန်း ကုန်းပတ်သို့ထွက်၍ မြစ်ကမ်းရှုခင်းများကို ကြည့်ယင်း ရှုယင်း အလ္လာပသလ္လာပ စကားများကိုလည်း ပြောဆိုယင်း လိုက်ပါလာခဲ့ကြသည်။

"ခရီးသွားရဒါ စိတ်ကို ကြည်နူးစေတယ်၊ ရုပ်ကိုလဲ ရွှင်လန်း စေတယ်၊ မမြင်စဘူး အမြင်ထူးတွေကိုလဲမြင်ရတယ်၊ ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ ပစ္ဆာသမဏဥပဋ္ဌာက လက်ပန်တန်း အရှင်ဝိစာရိန္ဒ-က ခရီးသွားရခြင်းနှင့်စပ်၍ ကျေနပ်မှုကို ဖွင့်ဟ တော်မူလိုက်ပါသည်၊ သူ၏ ခန္ဓာကိုယ်ဝဝကြီးကို လေအဝေ့ လိုက်၌ ပူအိုက်မှုကင်း၍ အေးမြခြင်းသုခကို သတိပြုယင်း ရှုခင်း သစ်တွေကို ကြည့်ယင်း ရှုယင်း ကိုယ်တွေ့မျက်တွေ့ ဖွင့်ဟလိုက်ပုံ ရသည်။

"အရှင်ဝိစာရိန္ဒက ခရီးသွားရဒါ ကောင်းကြောင်း စတော့ တပည့်တော် ကိုယ်တိုင် တထောင့်တည ပုံပြင်ထဲက အလီရဲ့ ကဗျာကို ရေးဖွဲ့ထားတဲ့ "ခရီးသွားရကျိုး ဖလကဗျာ"ကို သတိ ရမိတယ်ဘုရာ့" ဟုသို့ ရွှေစည်ဆရာတော်က အရှင်ဝိစာရိန္ဒ၏ စကားကို ထောက်ခံယင်း သူ၏ကဗျာကို ပွဲထုတ်ရန် နိဒါန်း ပျိုးတော်မူလိုက်ပါသည်။

"ဒီလိုဆို အဲဒီကဗျာလေးကို ရွတ်ပြတော်မူစမ်းပါဦးဘုရာ့" ဟု စာရေးသူက အလိုက်သိစွာ အဘိယာစကပြုလိုက်ပါသည်၊ ထိုအခါ မဆွတ်ခင်က ညွတ်ချင်နေသော ရွှေစည်ဆရာတော်က ဤသို့ ရွတ်ပြတော်မူပါသည်။

"ခရီးသွားတဲ့သူတွေဟာ၊
မိတ်ဟောင်းအစား မိတ်သစ်ရှာခြင်းပါ၊
လောကီစည်းစိမ်ဆိုသည်မှာ—ဆင်းရဲခံမှ ရနိုင်တာ၊
တရွာပြောင်းမှ ထိုသူဟာ သူကောင်းဖြစ်မည် မလွဲရာ၊
လှောင်၍ထားတဲ့ရေတွေဟာ ပုပ်၍သွားမည် အမှန်ပါ၊
တသွင်သွင်စီးတဲ့ ရေတွေဟာ သန့်ရှင်းအေးမြ ချိုသည်သာ၊
ဆန်း ဆုတ် မရှိတဲ့ လ-မင်းဟာ လူတိုင်းမြှော်တာ့ မခံရာ၊
ဂူကမထွက်တဲ့ ခြင်္သေ့ဟာ အစာရမည် မဟုတ်ပါ၊
လေးကိုမစွန့်တဲ့ မြှားကလေးဟာ၊
အရပ်ဝေးသို့ မရောက်နိုင်ပါ၊
မြေကမထွက်တဲ့ ရွှေရတနာ တန်ဖိုးရှိမည် မဟုတ်ပါ၊
ဘောကမထွက်တဲ့ ကျွန်းသစ်ဟာ တန်ဖိုးထင်းမျှ ရှိနေတာ"

ဤကား ရွှေစည်ဆရာတော် ရွတ်ပြသော ခရီးသွားရကျိုးဖလ-ကဗျာ ဖြစ်လေသည်။

စာရေးသူက ကူးယူပြီး ယပ်လှဲသံပါပါနှင့် ရွတ်ပြရာ ရွှေစည်ဆရာတော်က "အရှင်ဘုရားကို ဒီလို အသံကောင်းမှန်း သိလို့ ဒီကဗျာကိုပေးတာဘဲ" ဟု သြော်လိုက်ပါသေးသည်။

"တယ်ကောင်းတဲ့ ကဗျာကလေး" ဟု မြေနီကျောင်းရိပ်သာ ဆရာတော်က ချီးကျူးတော်မူလိုက်သည်၊ အားလုံးကလည်း ထိုနည်းရင်းပင် သြဘာပေးကြ၏။

## မိုးကုတ်၊ မိုးမိတ်၊ မအူပင်၊ မဟာစည်ဒေသနာခရီး ၁၇

### စဉ့်ကူးရောက်သော်-ပူဇော်ကြသည်

ပုညာသတော်ကား အရှိန်မပျက် ခုတ်မောင်းလျက်ရှိသည်၊ နံနက် ၁၀-နာရီ၌ စဉ့်ကိုင်ရောက်သည်၊ ရွှေဘို ဝိသာခါအဖွဲ့က သင်္ဘောပေါ်၌ သံဃာတော်များနှင့် ဥပုသ်သည် ယောဂီများအား ဆွမ်းဆက်ကပ် ကျွေးမွေးကြသည်၊ ဆွမ်းဘုဉ်းပေးရာ၌ အညာ မန်ကျည်းရွက်ချဉ်ရေနှင့် အညာ ငါးဆိမ့်ချက်များမှာ ဘုဉ်းပေး၍ မြိန်ယှက်လှကုန်၏။

နေ့ ၂-နာရီ ၁၅-မိနစ်၌ တုံးကြီးဆိပ်ကမ်းသို့ သင်္ဘောဆိုက်ကပ်သည်၊ ညနေ ၄-နာရီ၌ စဉ့်ကူးဆိပ်ကမ်းသို့ဆိုက်ကပ်သည်၊ ထိုဆိပ်ကမ်း၌ လူများစည်ကားလျက် ရှိလေသည်၊ အကြောင်းကိုမေးကြည့်သော် ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး အမှူးရှိသော သံဃာတော်များအား ကမ်းပေါ်သို့ ခေတ္တပင့်ဆောင်ပူဇော်ကြမည့်အကြောင်း သိရသည်၊ ဤအစီအစဉ်မှာ မိုးကုတ်မြို့ ရွှေဘိုဆရာတော် ဦးမုနိန္ဒ၏ ကြိုတင်စီစဉ်ချက်ဖြစ်လေသည်၊ အခွင့်ကောင်းကြုံခိုက် ကုသိုလ်တိုးပွားစေရေးအတွက် ဖန်တီးပေးချက်ပင်ဖြစ်သည်၊ ချွေကျောက်မြောင်းဆိပ်ကမ်းရောက်လျှင်လည်း ကြိုဆိုပူဇော်ကြပေဦးမည်။

ဆရာတော် ဘုရားကြီးအမှူးရှိတော်မူသော မဟာစည် ခရီးကထိက တဖွဲ့လုံး သင်္ဘောပေါ်မှ ဆင်းကြ၍၊ ဆိပ်ကမ်းပေါ်တက်ကြ၍၊ ဆိပ်ကမ်းရှိရွာဝင်ပေါက်ဝ ခင်းထားသော ဇရပ်

ပေါ်၌ အပူဇော်ခံကြရသည်၊ သိန်းတရာ ဒေါ်စော၏တူ—ကျုံး စဥ့်ကူး၌ တာဝန်ထမ်းဆောင်နေသူ ပါတီယူနစ်ဥက္ကဋ္ဌ ဗိုလ်ကြီး တင်စန်းနှင့် ရွာသူရွာသားများက ပန်းဆီရောင် တောက်နေသော ဇီးဖျော်ရည်များကို ဆက်ကပ်ကြသည်၊ ပြီးလျှင် လူပရိသတ်အားလုံးက ကန်တော့ကြသည်၊ ဆရာတော်ဘုရားကြီးက ဆုပေးပြီးနောက် ငါးပါးသီလချီးမြှင့်တော်မူသည်၊ နှုတ်ခွန်းဆက်စကား အနည်းငယ်မိန့်ကြားတော်မူပြီးနောက် ရတနာသုံးပါးကို ပူဇော်ကန်တော့ရသော အကျိုးကိုမိန့်တော်မူသည်။

“ဗုဒ္ဓေါ၊ တရားအလုံးစုံကို အကုန်အစင် သိမြင်တော်မူပေသော မြတ်စွာဘုရား”ဟူ၍လည်း ပရိသတ်များအား ချပို့ကာ ဗုဒ္ဓါနုဿတိ ကုသိုလ်ထူးကို ဆည်းပူးပွားများစေတော်မူသေး၏။

ပြီးသော် သင်္ဘောပေါ် ပြန်လည်တက်ခဲ့ကြ၏၊ ထိုစဥ့်ကူးမှ စုပေါင်းလှူဒါန်းလိုက်သော နဝကမ္မ ၄၉-ကျပ်ကို ကပ္ပိယဒကာကြိုင်နှင့် ဦးသိန်းဟန်တို့က ယူခဲ့ကြလေသည်၊ စဥ့်ကူးမှ ထွက်ခွါခဲ့ကြပါပြီ၊ ဆိပ်ကမ်းပေါ်က ပရိသတ်ကား လက်အုပ်တချီချီဖြင့် ကျန်ရစ်ခဲ့ကြပါသတည်း။

## သင်္ဘောခရီးစဉ် လင်္ကာ

အနောက်ဖက်က နေရောင် ထိုးလာပြီ ဖြစ်သောကြောင့် သံဃာအားလုံး အရှေ့ဖက် သင်္ဘောကုန်းပတ်ပေါ်၌ စုမိကြပြန်ပါသည်၊ အခန်းတွင်း နေကြသည်က နည်းကြ၏၊ သင်္ဘော

ကုန်းပတ်ပေါ်၌ သင်္ဘောဝရံတာကိုကိုင်၍ရှင်း၊ ထိုင်ခုံများပေါ်ထိုင်၍ရှင်း၊ လေညှင်းခံယင်း ရှုခင်းကြည့်ယင်း လိုက်ပါလာကြလေသည်၊ သင်္ဘောဆိပ်ကမ်းရွာများ လယ်ယာကိုင်းကျွန်းများကား သင်္ဘောဘေး၌ တရိပ်ရိပ်ကျန်ရစ်ကြ၏။

"ဦးဣန္ဒက ဟောဒီ သင်္ဘောလက်မှတ်ခရီးစဉ်ကို ကူးယူထားပါဦးလား"ဟုဆရာတော် ဦးသံဝရက စာရေးဝါသနာအိုး စာရေးသူအား သတိပေး တိုက်တွန်းလာပြန်သည်။

ထိုအခါ "မန္တလေးမှ ဗန်းမော်အထိ ဆိပ်ကမ်းရေးစဉ်ကို ၁၃၂၀- ခုနှစ်က ခရီးသွားယင်း ရေးထားတာတော့ ရှိတယ်၊ ကူးယူပါလား"

ရွှေစည်ဆရာတော်က ခူးပြီး ခပ်ပြီး နပ်ပြီး ဆွမ်းပွဲကိုလှူဒါန်းသည့်ပမာ သူ့လက်ာကို လှူဒါန်းတော်မူပြန်၏။

ရွှေစည် ဆရာတော်ကား လယ်တီ အရှင်ကုလိသ ဟူသော ကလောင်နာမည်ဖြင့် ဗုဒ္ဓ ဓမ္မ လောက စာစောင်၌ စာရေးနေသော ကလောင်ဝါရင့်တချောင်းပိုင်ရှင် ဖြစ်သည်၊ စာရေးဆရာလည်းဖြစ်၊ ဓမ္မကထိကလည်းဖြစ်၊ ကမ္မဋ္ဌာနာစရိယ ဆရာတော်လည်း ဖြစ်၍ သွက်လက် ဖျတ်လတ်တော်မူလှ၏၊ စေ့စပ်ပါးနပ်တော်မူလှ၏၊ ထို့ကြောင့်လည်း အကြောင်းပေါ်က သူ့ရေးပြီးမှတ်ပြီးများကို လွယ်လင့်တကူ အသုံးပြုနိုင်ခြင်းဖြစ်သည်။

ဆရာတော်ကား သတိပဋ္ဌာန် ဝတ်ရွတ်စဉ်၊ ဒေသနာ ပန်းခိုင်များ၊ အိန္ဒိယနှင့် သီဟိုဠ် ဘုရားဖူးမှတ်တမ်း၊ ကုလိသကထာ ဒေသနာ၊ နည်းသစ် သင်ပုန်းကြီးနှင့် ဖတ်စာ၊ ရွှေစည်စာမွန် စသောစာအုပ်များကိုလည်းပြုစုတော်မူသော ဆရာတော်တည်း။

ထို့ကြောင့် မပေးခင်ကပင် လိုချင်နေသော စာရေးသူက "ဒီလိုဆို ရွတ်ဆိုပြတော်မူပါဦးဘုရား၊ တပည့်တော် ကူးယူပါရစေ"ဟု အဘိယာစကပြုလိုက်ပြန်ပါသည်၊ ထို့ကြောင့် ရွှေစည်ဆရာတော်က ဤသို့ ရွတ်ပြတော်မူ၏။

"မန္တလေး မြောက်၊ စဥ္စကူး ရောက်၏။ ကျောက်မြောင်း သပိတ်ကျင်း၊ တခင်းမှတ်ဖွယ်၊ မလယ်-ကြာညှပ်၊ တကောင်း မှတ်လော့၊ နောက်ထပ်တလည်၊ ထီးချိုင့်မည်၏၊ ကမ်းနီအင်းရွာ၊ မြို့ကသာနှင့်၊ မှတ်ပါကျောက်ထုံးကြီး၊ တသီးမိုးတား၊ တခြား မှတ်အုံး၊ မင်းကျောင်းကုန်းတည့်၊ ဗိုလ်ကုန်း ကျောက်ကြီး၊ နောက်ပြီး တမူ၊ ရွှေကူစင်ကမ်း၊ စခမ်း ဗန်းမော်၊ သဘော ပေါ်မှာ၊ ပျော်ပျော်လိုက်သွား၊ လူအများသည်၊ မှတ်သားစေဖို့ ဆိပ်ကမ်းတည်း...."

## ကျောက်မြောင်းရောက်သော် ပူဇော်ကြပြန်

နေရိန်ပျော့၍ အပူလျော့သည်၊ ထို့ကြောင့် စာရေးသူတို့ စကားဝိုင်းသည် သင်္ဘော အနောက်ဖက်ဘေး ကုန်းပတ်ပေါ် ရောက်လာကြပြန်သည်၊ ညနေ ၅-နာရီ၌ စဥ္စအိုးများစွာ

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
စာကြည့်တိုက်
ကမ္ဘာအေး ၄ ရန်ကုန်


ထွက်သော ရွှေခုန်ရွှေတိုက်ရွာကြီးကို သင်္ဘောပေါ်က မြင်ခဲ့ရသည်၊ ၅-နာရီခွဲသော် ကျောက်မြောင်းဆိပ်ကမ်း၌ သင်္ဘောဆိုက်ကပ်သည်။

သင်္ဘောဆိပ်၌ သင်္ကန်းတော်ရောင် ဝင်းပြောင်ထိန်ဝါး သံဃာတော်များ၊ ဝတ်ဖြူစင်ကြယ်များကို ဝတ်ဆင်ထားကြ၍ သာသနာ့အောင်လံတော်နှင့် ရွှေထီးများကို ကိုင်ဆောင်ထားသော အမျိုးသား ဥပါသကာများ၊ သပြေပန်းနှင့် ရေချမ်းသောင်ရေအိုးများကို ကိုင်ဆောင်ထားကြသော အမျိုးသမီး ဥပါသိကာများ၊ ဗုံရှုနှင့် မောင်းတီးသူ၊ ဒိုးပတ်နှင့်စည်တော်ကြီး ယွန်းသူများသည် စည်ကားသိုက်မြိုက်စွာကြိုဆိုနေကြသည်၊ ရွှေတို ကျောက်မြောင်း နှစ်မြို့ပေါင်း၍ ကြိုဆိုကြသောကြောင့် ပရိသတ် ညီမျှ စည်ကားနေခြင်းဖြစ်သည်။

သင်္ဘောဆိုက်လျှင် သင်္ဘောပေါ်မှ ဆင်းကြ၍၊ ဆိပ်ကမ်းပေါ် တက်ကြ၍၊ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး အမှူးပြုသော သံဃာတော်များနှင့် လမ်းညွှန် ဥပါသကာများက ရှေ့ဆုံးမှ ကြွတော်မူကြ၍၊ ထို့နောက်၌ တီးဝိုင်းများ၊ ဥပါသကာများ၊ ဥပါသိကာများက အစဉ်အတိုင်း စီတန်း၍လိုက်ကြသည်။

ကြည်နူးဖွယ် ခင်းတပ်ပြားဖွင့်၍ ကြိုဆိုလျက်ရှိသော ရွှေနိုးတိုးဘုရား မြေရှိအတွင်း ရောက်သော် ပူဇော်ပွဲ အခမ်းအနားကို စတင်ကျင်းပကြ၍၊

ရှေးဦးစွာ ရွှေခုန်ရွှေတိုက်ရိပ်သာဆရာတော် အရှင်သုနန္ဒ မထေရ်မြတ်က "ယခုလို ကျေးဇူးရှင် မဟာစည် ဆရာတော်

၁၉၇၇၄

ဘုရားကြီးကို ကြိုဆိုဖူးမျှော် ပူဇော်ခွင့်ကြုံလို့ ကြိုဆိုဖူးမျှော် ပူဇော်ကြရခြင်းသည် အလွန်ဝမ်းမြောက်ဖွယ်ကောင်းကြောင်း၊ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးကလည်း အချိန်ရသမျှ သြဝါဒ တရား မိန့်ကြားတော်မူဦးမည်ဖြစ်ကြောင်း၊ ဒါကြောင့် ပရိသတ် အားလုံး ရိုရိုသေသေ လေးလေးမြတ်မြတ် တရားနာကြားကြရန် နှိုးဆော်ပါကြောင်း'' စသည်ဖြင့် အခမ်းအနားဖွင့်၍ သတိပေး စကားတို့ကို မိန့်ကြားတော်မူလေသည်။

ထို့နောက် ဓမ္မာရုံကြီးတခုလုံး ပြည့်လျှံနေသော ပရိသတ် အားလုံးက ညီညာစွာ ကန်တော့ကြလေသည်၊ ဆရာတော် ဘုရားကြီးက ဆုပေးသီလ ချီးမြှင့်တော်မူပြီးနောက် သြဝါဒ တရားကို မိန့်ကြားတော်မူလေသည်။ မိန့်ကြားရာ၌—

''သတော ဘိက္ခဝေ ဘိက္ခု ဝိဟရေယျ သမ္ပဇာနော၊
အယံ ဝေါ အမှာကံ အနုသာသနီ။ [သံ ၃၊၁၂၃]''

ဟူသော ပါဠိတော်ကို ရွတ်ဆိုမိန့်ကြားတော်မူသည်။ ထို့နောက်—

''အဲဒါဟာ မြတ်စွာဘုရားရဲ့ အဆုံးအမစကားတော်ဘဲ၊ ဘုန်းကြီးတို့ကလဲ ဒီမြတ်စွာဘုရား ဆုံးမတော်မူတဲ့အတိုင်းဘဲ ဆုံးမရပါတယ်၊ ဒီမြတ်စွာဘုရားစကားတော်ရဲ့ လိုရင်းအဓိပ္ပါယ် ကတော့ သံသရာကို ဘေးလို့ ရှုမြင်နေတဲ့ ကိလေသာတွေကို ဖျက်ဆီးနေတဲ့ ဘိက္ခုမည်သော ပုဂ္ဂိုလ်ဟာ မိမိတို့ရဲ့ ဒွါရ ခြောက်ပါးမှာ ထင်ရှား ဖြစ်ပေါ်တိုင်း ဖြစ်ပေါ်တိုင်းသော

ရုပ်နာမ်တွေကို ဖြစ်ပေါ်ဆဲ ဖြစ်ပေါ်ဆဲမှာ မလွတ်တမ်း အမြဲ အမှတ်ရနေပြီး မှန်စွာ သိနေရမယ်၊ အဲဒီ အမှတ်ရစေ၊ သိလျက်နေရမယ်ဆိုတဲ့ စကားတော်ဟာ သင်ချစ်သား - ချစ်သမီးများအတွက် ငါဘုရားတို့ရဲ့ အဖန်ဖန်အထပ်ထပ် ဆုံးမတော်မူအပ်တဲ့ အဆုံးအမတော်ပါဘဲ-လို့ ဆိုလိုပါတယ်"ဟူ၍ရှင်း....

"ဤ အဆုံးအမအတိုင်း အနည်းဆုံး အပါယ်ဘေးငြိမ်းတဲ့ ဉာဏ်အဆင့်ရောက်အောင် ထို့ထက် စွမ်းနိုင်ယင် အရဟတ္တမဂ် အရဟတ္တဖိုလ် ရောက်အောင် ကြိုးစားကြပါ၊ အကြောင်း မညီညွတ်လို့ သောတာပန်မဖြစ်သေးယင်ဘဲဖြစ်ဖြစ် သောတာပန်ဖြစ်ပြီးယင်ဘဲဖြစ်ဖြစ် ဆိုင်ရာမဂ်ဖြင့် မပယ်ရသေးတဲ့ လောဘ ဒေါသ စတဲ့ ကိလေသာစိတ်ကြမ်းကြီးတွေကတော့ ဖြစ်စရာနှင့်ကြုံတဲ့အခါတိုင်း ဖြစ်ပေါ်လာလိမ့်အုန်းမယ်၊ အဲဒီလို ဖြစ်ပေါ်လာယင် မိမိဂုဏ်သိက္ခာကိုလဲ ထိန်းသိမ်းပြီးသား ဖြစ်အောင်၊ အကျယ်အကျယ် မငြိမ်းဖွယ်လဲမဖြစ်ရအောင်၊ အလေ့အကျင့်လဲရ သမာဓိဉာဏ်လဲ ရင့်ကျက် တိုးတက်အောင် သတိဉာဏ်ဖြင့် ရှုမှတ်ပြီး ပယ်ဖျောက်ပစ်ကြရမယ်"ဟူ၍ရှင်း....

"၁။ အမှတ်ရစေ၊ သိလျက်နေ၊ နှစ်ထွေ ဘုရားအဆုံးမတော် ပေတည်း။

၂။ အပါယ်ဘေးငြိမ်းခွင့်၊ ဉာဏ်အဆင့်၊ အသင့်ရောက် ပါစေ။

၃။ ထိုဉာဏ်ဖြင့်လဲ၊ မတော်ဘဲ၊ ဆင်းရဲငြိမ်းပါစေ။

၄။ ဖြစ်ပေါ်လာခြင်း၊ စိတ်ကြမ်းများ၊ ပယ်ရှားနိုင်ပါစေ”ဟူသော ဆောင်ပုဒ်များကို ချမှတ်ပေးတော်မူ၍ရင်း၊ ဩဝါဒကို မိန့်ကြားတော်မူပါသည်။

## ကျောက်မြောင်းဆိပ်ကမ်းမှ ထွက်ခဲ့ကြသော်

ဩဝါဒမိန့်ကြားပြီး၍ ပူဇော်ပွဲပြီးသော် အားလုံး ပုသိမ်သင်္ဘောပေါ် ပြန်ရောက်ကြပါပြီ၊ ဆရာတော်ဘုရားကြီး အမှူးရှိသော မဟာစည်ဓမ္မကထိက အဖွဲ့နှင့်အတူ နောက်ထပ် ရွှေဘိုဝက်လက်ကျောက်မြောင်းမှ ရဟန်းရှင်လူများပါ သင်္ဘောပေါ် လိုက်ပါလာခဲ့ကြလေသည်၊ ထိုဝက်လက်ရွှေဘိုကျောက်မြောင်းမှ ရဟန်းရှင်လူများသည်လည်း အဂ္ဂမဟာဓမ္မကထိက ဆရာတော် ဦးနန္ဒ-က မိုးကုတ်မြို့ ဓမ္မာနုဂ္ဂဟ ဓမ္မဒါနပွဲသို့ ကြွရောက်ပါရန် ပင့်လျှောက်ဖိတ်မန်သောကြောင့် ဤပုသိမ်သင်္ဘောပေါ်သို့ လိုက်ပါလာကြခြင်းဖြစ်သည်၊ ကျောက်မြောင်းဆိပ်မှပုသိမ်သင်္ဘော ထွက်ခဲ့ချိန်မှာ ည ၇-နာရီဖြစ်လေသည်။

ဝက်လက်မှလိုက်ပါလာတော်မူသော ဆရာတော်မှာ မဟာဂန္ထရတနာ၊ နိဗ္ဗာန်ဟူသည်၊ နိဗ္ဗာန်ခရီး၊ဒုက္ခရေးရာ၊ဆင်းရဲမှုတရားခံစသော ကျမ်းပေါင်း များစွာကို ပြုစုတော်မူသည့် ဝက်လက်မစိုးရိမ် ဦးတိဿဆရာတော်ပင်ဖြစ်၏၊ ဆရာတော်ကား စာရေးသူတို့၏ ပုသိမ်မြို့ အောင်မြေဘုံကျော် ဓမ္မာရုံကြီး ရေစက်ချပွဲမှ ပြန်ကြွသွားသည်မှာ မကြာသေးပေ၊ ယခုတဖန်စာရေးသူတို့နှင့် ရေစက်ဆုံကြပြန်လေပြီ။

"ဦးဣန္ဒကတို့ ပုသိမ်ခမ္မာရုံ ရေစက်ချပွဲ့အပြန် ကျောင်းရောက်တော့ မိုးကုတ်က ပင့်စာရောက်နေနှင့်တာနဲ့ ခရီးခေါက်မဆိုက် ထ လိုက်လာရပြန်တယ်"ဟူ၍လည်း ဆရာတော်ကလိုက်ပါလာရခြင်း၏အကြောင်းကိုပါ ပြုံးပြုံးကြီးမိန့်တော်မူပါသည်၊ ဆရာတော်ကား အနေအထိုင် ရိုးသားသလောက် စာရေးရာ၌ ခေတ်မှီသည်၊ ပြောဆိုရာ၌ ချိုသာသလောက် စာရေးရာ၌လည်း ညက်ညောတော်မူလေသည်။

တနေ့လုံး ထွန်းလင်းတောက်ပလာခဲ့ရသော နေမင်းကား အနောက်ကျွန်းသို့ ယွန်းကာ သူ၏ရောင်ခြည်ကို ရုပ်သိမ်းသွားလေပြီ၊ အနောက်မိုးကုတ်စက်ဝိုင်း၌ ပုဇွန်ဆီသွေးရောင် နီနီရဲရဲ တိမ်တို့သည် တောက်ပနေကြ၏၊ ငှက်များလည်း တနေ့တာ အစာရှာခြင်းလုပ်ငန်းကို ရုပ်သိမ်း၍ မိမိတို့သိုက်နန်းသို့ ပြန်မြန်းကြလေ၏၊ တဖြေးဖြေးဖြင့် ညအချိန်ရောက်ခဲ့လေပြီ၊ နေမင်းအလှည့်ကုန်၍ လမင်းအလှည့် ရောက်လာပြန်ချေပြီ၊ လမင်းသည် သူ့အလှည့်ရောက်သော်လည်း မိုးရိပ်မိုးငွေ့များကြောင့် ထိန်ထိန်မသာနိုင်ရှာဘဲ၊ မှုံဝါးဝါးမျှသာ သာနိုင်ရှာလေသည်၊ ကောင်းကင်ကြယ်များကလည်း မှိတ်တုတ်မှိတ်တုတ်ဖြင့် စွမ်းအားရှိသမျှ အလင်းရောင် လုပ်အားပေးနေ ကြလေသည်၊ သင်္ဘောသည် လရောင်မှုံဝါးဝါးဖြင့် အားယူ ခုတ်မောင်းနေသောကြောင့် မီးဆလိုက်ကို အရေးကြီးသော နေရာရောက်မှသာ ထိုးလေသည်။ ဆိပ်ကမ်းတဖက်တချက်ရှိ အချို့သော ရွာများ၌ ထွန်းညှိထားသော မီးရောင်မှိန်မှိန်များကိုလည်း မြင်ရ

၏၊ သင်္ဘောစီး ခရီးသည်များလည်း နေ့ခင်းကလို လှုပ်ရှားခြင်း မပြင်းပြဘဲ ငြိမ်သက်စွာလိုက်ပါလာကြ၏၊ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးကား မိမိအိပ်ခန်းပြင်ဖက် ကုန်းပတ်ပေါ်ထွက်ကာ ထိုင်ခုံဖြင့် တရားမှတ်ယင်း "သဟာသေယျ" သိက္ခာပုဒ်ကို စောင့်လျက် ငြိမ်သက်စွာ လိုက်ပါတော်မူလျက်ရှိ၏။

အေးမြသော လေညှင်းက သင်္ဘောစီးခရီးသည်တို့အားတိုက်ခတ်ဖြေဖျော်နေသည်၊ ညဉ့်သည် တဖြေးဖြေး တိတ်ဆိတ်လာသည်။

"ဦးဣန္ဒက လာပါ သင်္ဘော ခေါင်မိုးပေါ် တက်ကြည့်ရအောင်"ဟု ဆရာတော် ဦးပညာဒီပက ခေါ်သဖြင့် ဝက်လက် မစိုးရိမ် ဆရာတော်နှင့်အတူ လှေခါးပေါ် တက်လိုက်သွားကြသည်၊ ဆရာတော် ဦးပညာဒီပကား စာလည်းရေး၍ တရားလည်းဟောကာ ရန်ကုန် ကမ္ဘာအေးမှာ သီတင်းသုံးတော်မူသော ဆရာတော်တည်း၊ နိုင်ငံခြားသို့ သာသနာပြုရောက်ဖူး၍ နိုင်ငံခြား ဗဟုသုတလည်းရှိ ခေတ်ပညာလည်းတတ်သော ဆရာတော်တည်း၊ယခုဆရာတော် ဦးမုနိန္ဒပင့်၍ မိုးကုတ်ကိုလိုက်ပါလာခြင်းဖြစ်သည်၊ သုံးပါးလုံး သင်္ဘော ခေါင်မိုးပေါ် ရောက်ကြသည်၊ အေးသော ကောင်းကင်လွင်ပြင်သို့ရောက်သည့်နှယ် လေနုအေး၏ အတွေ့ကို ခံစားကြရ၏၊စကားတပြောပြောဖြင့် သင်္ဘောမောင်းသူ ဆလင်နားသို့လည်း ရောက်သွားကြ၏၊ "အညာသီဟတော ဘုရားရောက်လျှင် ပြောစမ်းပါ" ဟုလည်း

စာကြည့်တိုက်
ပိဋကတ သာသနာပြန့်ပွား
ပြန့်ပွားရေးအဖွဲ့


သင်္ဘောဆလင်အား မှာထားရ၏၊ "ရောက်လျှင် သင်္ဘောဥသြလည်း မှုတ်ပေးပါမည်၊ မီးဆလိုက်လည်း ထိုးပြပါမည်"ဟု သင်္ဘောဆလင်က ပြန်လျှောက်၏၊သင်္ဘောအမိုးပေါ်ရောက်ခါစက လေနုအေး၏ အတွေ့သည်ကောင်းသော်လည်း [illegible] ဂုတ်ဆက်များလေး၍ နှာစေး နှာချီလာ သ[illegible] အော့ကုန် ပြန်ဆင်းလာကြသည်။

ကြည့်ခန်း ၁၆၅၈

## အညာသိဟာတောဘုရားကို ဖူးမြင်ရပါသည်

ည ၁၀-နာရီကျော်လောက်၌ သင်္ဘောဥသြ သုံးကြိမ်မှုတ်သည်၊မီးဆလိုက်လည်းထိုးပြသည်၊ထို့ကြောင့် သင်္ဘောခရီးသည်အားလုံး ရေလည်မှ အညာသိဟာတော ဘုရားကို ဖူးမြင်ရသည်၊ တချို့ ခရီးသည်များ အိပ်ပျော်နေကြ၍ မအိပ်သူအဖော်များက နှိုးကာ ဘုရားဖူးစေကြ၏၊ ရေတိုက်စားမှုဒဏ်ကို ခံနိုင်ရန် ပြုလုပ်ထားသည့် ဖိနပ်တော်ခုံ၊ ကုံးမြင့်ထက်ရှိ အညာသိဟာတောစေတီတော်သည်ဇရပ်,တန်ဆောင်း,ကျောင်း,မာလိန်တိုင်တို့ဖြင့်ရင်း၊သစ်ပင်ပန်းမာလ်တို့ဖြင့်ရင်း၊ခြံရံကာငွါးငွါးစွင့်စွင့်တင့်တင့်တယ်တယ်စံပယ်တော်မူသောအညာသိဟာတောစေတီတော်ကား ကြည်ညိုဖွယ်ကောင်းလှပါပေသည်၊ သင်္ဘောစီးယင်း တဒင်္ဂမျှ ဖူးကြရသဖြင့် ဖူးမဝကြပေ၊ သင်္ဘောက ဘုရားကိုလွန်၍ ခုတ်မောင်းခဲ့ပါသည်၊ အညာသိဟာတော စေတီတော်ကား နောက်၌ ကျန်ရစ်တော်မူခဲ့လေသည်၊ သို့သော် သင်္ဘောစီး ခရီးသည်တို့၏ စိတ်အာရုံ၌မူ မီးဆလိုက်ဖြင့် ကွင်းကွင်းကွက်ကွက် ဖူးမြော်ခဲ့ရ

သော စေတီတော်ကို ထင်ယောင် မြင်ယောင်လျှက် ရှိနေကြဆဲ ဖြစ်ကြပေမည်။

အညာသီဟတော ဘုရားနှင့် ပတ်သက်၍ "သီဟတောဘုရား ရှိသော ကျွန်းသည် အစဦးက သီဟာဂီရိကျွန်းဟု ခေါ်သည်၊ ၎င်းသီဟာဂီရိကျွန်းအဦးရှိ တောင်ကို သီဟာဂီရိတောင်တွင်သတည်း၊ ၎င်းတောင်ဝယ် ဘုရားလောင်း ခြင်္သေ့မင်း အစစ်ဖြစ်တော်မူသောကာလ မောင်နှံနှစ်ပါး အရံပါးရာနှင့် ပျော်ပါးနေဘူး၏၊ ၎င်းသီဟာဂီရိတောင်၌ ဗဟန်းဖြူ ဗဟန်းနက်ရှိ၏၊ မနိုရာဇရသေ့၊ ဂန္ဓာရီဇော်ဂျီတို့နှင့် များစွာသော ဝိဇ္ဇာလုလင်တို့မှီသော တောင်ကြီးတည်း" စသည်ဖြင့် သီဟဗလသီရိပုံချို ဦးစောလင်း (အငြိမ်းစား သစ်တောမင်းကြီး) ပြုစုသော သီဟတောစေတီသမိုင်း စာမျက်နှာ (၃၄)၌ တောင်တွင်းဆရာတော် ခင်ကြီးပျော်၏ ပဋ္ဌမဆရာသင်လက်စွဲ ကဝေသာရကျမ်း ဒုတိယတွဲမှ ကောက်နုတ်ချက်အဖြစ် ဖော်ပြထားသည်ကို တွေ့ရသည်။

ထို့ပြင် ၎င်းဘုရားသမိုင်း စာအုပ်မှာ (၇ နှင့် ၈)၌လည်း "သာသနာတော်သက္ကရာဇ် ၂၁၈-ခုနှစ်တွင် ပြူကန်းရုပ်လူမျိုးတို့ အကြီးအမှူး ဖြစ်သော သိန်းတတောနယ် သူကြီး၊ ခံစပ်ကုန်း သူကြီး၊ခချောင်းသလဲ သူကြီးတို့က ရောဝတီမြစ်ညာ သီဟတော ဘုမ္မိကုန်းတော်၌ ပါတလိပုတ်ပြည် သီရိဓမ္မာသောကမင်းကြီး၏ ဝေသော ဂေါတမ မြတ်စွာဘုရား၏ ဓာတ်တော်မွေတော် တဆူကို လက်ခံပြီးလျှင် သံတောင်(၄)တောင်ခန့် ဝါဖန့်ခြင်း

ပုံတော်ရှိသောစေတီကို တည်ထားကိုးကွယ်လေသည်"စသည်ဖြင့် ဖော်ပြထားသည်။

ထို့နောက် အလောင်းစည်သူမင်းလက်ထက်၌ ဖောင်စကြာဖြင့် လှည့်လည်လာရာ တွေ့ရှိ၍ ထပ်မံပြုပြင်ပုံကို ဖော်ပြ၏၊ ထို့နောက် ၎င်းစာအုပ်မှာ (၉)၌ သီဟတောစေတီတော် တည်နေရာ ကျွန်းတော်ကို ကောက္ကသံကုန်မြတ်စွာဘုရားလက်ထက်က "ဟတ္ထိဇေယျကျွန်း"ဟု ခေါ်၏၊ ဂေါဏာကုန်မြတ်စွာဘုရား လက်ထက်တွင် ဇေယျဘုမ္မိကျွန်းဟု ခေါ်တွင်၏၊ ကဿပမြတ်စွာဘုရား လက်ထက်တွင် ဂေါတမမြတ်စွာဘုရားအလောင်းတော် ပျော်စံရာကျွန်း ဖြစ်၍ "သီဟဇေယျဘုမ္မိကျွန်း" အမည်တွင်ခဲ့သည်ဟု ဖော်ပြထား၏။

ထို့နောက် သိကြားမင်းပေးသော သရက်ခံသားကို ဘုရားထု၍ ၆-ဆူရရာ ၎င်း ၆-ဆူအနက် တဆူကို ဤသီဟတောစေတီ၌ ဌာပနာ၍ ထပ်မံငုံလျက် အလောင်းစည်သူမင်းက ၃၂-တောင် အမြင့်ရှိသော စေတီတော်ဖြစ်အောင် တည်ခဲ့ပုံ၊ ထို့နောက် မင်းဖျား၏ မိဖုရားခေါင်ကြီးက ၇၂၈-ခုနှစ်တွင် ထပ်မံပြင်ဆင်ပုံ၊ ၎င်းနောက် မင်းတုန်းမင်းတြားကြီးက ဤစေတီတော်ဝိုင်းတွင်း၌ ဘုံခုနှစ်ဆင့်·အာရုံခံပြာသာဒ် ဆောက်လုပ် လှူဒါန်းပုံတို့ကို ဖော်ပြသည်၊ ထို့နောက် ခေတ်အပျက်၌ ပျက်စီးခဲ့ရာ သီဟတောစေတီတော်၏ဝန်းကျင် ရဟန်းရှင်လူများ ဦးဆောင်သော ဂေါပကအဖွဲ့နှင့် အမြို့မြို့အနယ်နယ် ကုသိုလ်ရှင်

များက ပြုပြင်ခဲ့ကြ၍ ယခုကဲ့သို့ ကြည်ညိုဖွယ်ဆောင်နေကြောင်း ပေါ်ပြသားသည်။

## သပိတ်ကျင်းရောက်သော် ပူဇော်ကြပြန်

ည ၁၂-နာရီ ၃၀-မိနစ်၌ သပိတ်ကျင်းမြို့ ဆိုက်ရောက်၏၊ သပိတ်ကျင်းမြို့ကား မန္တလေး-ဗန်းမော်လမ်း၏ သင်္ဘောဆိပ်မြို့လည်း ဖြစ်သည်၊ ကျပ်ပြင်-မိုးကုတ်သွားရန် ကားလမ်း စခန်းထောက်မြို့လည်း ဖြစ်သည်။

သပိတ်ကျင်း သင်္ဘောဆိပ်တခုလုံး ဖယောင်းတိုင်မီးတို့ဖြင့် ထိန်ထိန်ညီးနေလေသည်၊ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး အမှူးရှိသော မဟာစည် ဓမ္မကထိကအဖွဲ့ကို ကြိုဆိုနေသော မီးရောင်များ ဖြစ်ကုန်၏၊ မဟာစည် ဓမ္မကထိက တဖွဲ့လုံး သင်္ဘောပေါ်မှ ဆင်းခဲ့ကြ၏၊ သပိတ်ကျင်း မြို့သူမြို့သားများက ဆီမီးဖယောင်းတိုင် ကြာပန်းခိုင် ကိုယ်စီ ကိုင်ကြ၍ ဘုန်းဘော်ဘွဲ့များကို သံပြိုင်ကြွေးကျော် ကြိုဆိုပူဇော်ကြလေသည်၊ သူတို့ သီကျူးပူဇော်ကြသော ရှစ်လုံးဘွဲ့ မြန်မာကဗျာများ၏ အဓိပ္ပါယ်မှာ "တောင်ညိုငါးလုံး ပိတ်ဖုံးကာခိုသည့် ရာဇဂြိုဟ်မြို့တော်နှင့်တူသော သပိတ်ကျင်းမြို့က သူတော်စင်များက ဆီမီး ဖယောင်းတိုင် ကြာပန်းခိုင်နှင့် ကြိုဆို ပူဇော်ပါသည်၊ ဤကောင်းမှုကြောင့် နိဗ္ဗာန်မဂ်ဖိုလ်ကို ရက်တိုတိုနှဲ့ ရောက်ရပါလို၏၊ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးသည် ကျန်းမာချမ်းသာစွာ သက်တော်ရာကျော်ရှည်၍သာသနာ

တော်ကို ဆ တန်ဖိုးတို့၏ ပူဇော်ရောက်တော်မူနိုင်ပါစေ”
စသည်ဖြင့် ဖြစ်လေသည်။

## ဗိုလ်တဲ ရောက်သော်

ဆိပ်ကမ်းမှ ပူဇော်ပွဲကျင်းပမည့် ဗိုလ်တဲအထိ ငှက်ပျော ပင်ရှင်များစိုက်၍ အချိုးနေရာ၌ သဲဖြူခင်း ရာစမတ်ကာလျက် ကြိုဆိုပူဇော်ကြသည်၊ ဗိုလ်တဲရောက်သော် ဗိုလ်တဲပေါ်၌ အသင့် တင်ထားသော အသံချဲ့စက်ကလည်း ဘုန်းတော်ဘွဲ့ သီဆိုသံ များဖြင့် ချီးကျူးပူဇော်လျက်ရှိသည်၊ အသံချဲ့စက်မှာ တချက် တချက် ပျက်ပျက်သွားသဖြင့် အရသာ ပျက်ပျက်သွားသည်၊ အသံချဲ့စက်ကောင်းရန် အရေးကြီးလှ၏။

ဗိုလ်တဲ ခန်းမဆောင်အတွင်း လေးတိုင်စဉ် ခံတင်ပေါ်သို့ ဆရာတော်ဘုရားကြီးက ကြွတော်မူရသည်၊ဆရာတော်ဘုရားကြီး ၏ နောက်ပါ ရဟန်းရှင်လူများက သီတင်းငယ် ရဟန်းတော် များနှင့် အမျိုးသားများကို ဗိုလ်တဲ အခန်း ၂-ခန်း၌ နေရာ ချပေးကြသည်၊ သီလရှင် ရသေ့နှင့် အမျိုးသမီးများမှာ နေရာ မရကြသေး၍ ဗိုလ်တဲဝ ဝါးပုံပေါ်၌ရင်း, အကြော်တဲ၌ရင်း ပစ္စည်းများ ခေတ္တချ၍ မိုးတိုးမတ်တတ် နေကြရ၏၊ ပူဇော်ပွဲ အခမ်းအနားက အရေးကြီးနေသေးသောကြောင့် နေရာချထား ရေးကို အလေးပေး မဆောင်ရွက်နိုင်သေးခြင်းဖြစ်ဟန်တူသည်၊ ကြိုဆိုရာ၌ သိုက်မြိုက်သလောက် ပူဇော်ပွဲအခမ်းအနား၌ အနည်း ငယ် ‘ဟာ’နေလေသည်။

ဗိုလ်တဲပေါ်သို့ မြို့သူမြို့သားများက တိုးဝှေ့တက်နေကြသည်၊ ပြို့မကျအောင် ညင်သာစွာတက်ကြရန် အသံချဲ့စက်မှ မေတ္တာရပ်ခံနေရ၏၊ ဆရာတော်ဘုရားကြီး၏အနီး၌ နောက်ပါ ရဟန်းတော်များနှင့် ကပ္ပိယဒကာကြီးများက ခြံရံကာ ရိုရိုသေသေ ထိုင်နေကြရသည်၊ ကပ္ပိယ ဒကာကြီးများမှာ ဒကာကြိုင်၊ အငြိမ်းစား တရားသူကြီး ဦးသိန်းဟန်၊ ကျောင်းဒကာကြီး ဦးကြင်ပို၊ ဗိုလ်ကြီးဟောင်း ဦးသန်းမောင်၊ မောင်ဖိုးကျော် စသည်တို့ ဖြစ်ကြ၏၊ ဤသူတို့ကား ရန်ကုန်ရိပ်သာကတည်းက လိုက်ပါလာကြသူများတည်း။

အသံချဲ့စက် စကားပြောခွက်ကား ဆရာတော်ဘုရားကြီး၏ ရှေ့တော်မှောက်သို့ မရောက်လာသေးပေ၊ ယခုမှပင် ဗိုလ်တဲနေရာ အခန်းမှ စက်ပါ ရှေ့ပြောင်းယူဆောင်ဆဲ ဖွင့်လှစ်ရန် ပြင်ဆင်ဆဲတည်း၊ ဆရာတော်ဘုရားကြီး၏ နောက်၌ရှိသောတိုင်၏ ပလပ်ပေါက်သို့ မီးကြိုး ဆက်သူက ဆက်နေ၏၊ ပြီးသော် အသံချဲ့စက်ကို စမ်းကြည့်သည်၊ စက်က "တကျွိကျွိ တဝီဝီ" မြည်လျက်မကောင်းသေးကြောင်း ပြနေ၏၊ ဆရာတော်ဘုရားကြီး အမှူးရှိသော သံဃာတော်များအား ဘိလပ်ရည် ဆက်ကပ်သူများက ကပ်ကြဆဲတည်း။

## ပူဇော်ကန်တော့ပွဲ ဝ,ပါပြီ

ပရိသတ်က ရုပ်ရုပ်သဲသဲ မငြိမ် မသက် ဖြစ်နေသေး၏။ အချိန်ကလည်း အနည်းငယ်ကြာညောင်းသွားလေပြီ၊ ထို့ကြောင့်

အသံချဲ့စက် မပီတပီဖြင့် ငြိမ်သက်စွာ ညီညီညာညာကန်တော့ကြရန် နှိုးဆော်လိုက်သည်၊ ပရိသတ်လည်း ငြိမ်သွားပါပြီ၊ အသံချဲ့စက်လည်းအနည်းငယ်ဟောဖြစ်လောက်အောင် ကောင်းလာပါပြီ။

ဆရာတော်ဘုရားကြီး ဆုပေးပြီး၍ သီလချီးမြှင့်ရာ၌ အသုံးချရန်•စကားပြောခွက် ရောက်လာသော်လည်း စကားပြောခွက်မိုက်တိုင်မရှိသေးပါ၊ ထို့ကြောင့် စကားပြောခွက်ကို ဆရာတော်ဘုရားကြီး၏ ရှေ့တည့်တည့် စားပွဲခုံ တခုပေါ်၌ ကွမ်းအစ်တင်လျက်၊ ကွမ်းအစ်ပေါ်၌ စကားပြောခွက် တင်ရန် စီမံပါသည်၊ သို့သော် အဆင်မပြေပါ၊ ဤသို့ဖြင့် အချိန်က ၁၂-နာရီကျော်ပါပြီ၊ ထို့ကြောင့် ဒကာတယောက်က ဒူးတဖက်ထောက်၊ လက်တဖက်မြှောက်၍ စကားပြောခွက်ကို ဆရာတော် ဘုရားကြီး၏ ရှေ့တော်သို့ညွတ်၍ ကိုင်ထားသည်၊ သူတို့လုပ်ပုံကိုင်ပုံကိုကြည့်၍ ဆရာတော် ဦးသံဝရက ပြုံးရာမှ ရယ်သည်၊ အရှင်ကေလာသနှင့် အရှင်ဝိစာရိန္ဒတို့ကလည်း ပြုံးရာမှ တိတ်တိတ်ရယ်ကြသည်၊ တခွီခွီ အသံမထွက်အောင် ပါးစပ်ကို လက်ကိုင်ပုဝါဖြင့် ပိတ်ထားကြသည်၊ သို့သော် ကိုယ်ခန္ဓာများက သိမ့်သိမ့်တုန်ခါနေကြသည်၊ သူတို့ တိတ်တိတ် ကြိတ်ရယ် နေကြခြင်းတည်း၊ အားလုံးပင် ရယ်လိုကြသော်လည်း ဣန္ဒြေဆယ်ကာ အမှတ်တရားဖြင့် သိုသိပ်စွာနေကြရသည်။

ည ၁၂-နာရီလည်း ကျော်ပါပြီ၊ ပရိသတ်အားလုံးက ဆရာတော်ဘုရားကြီးအား ညီညာစွာကန်တော့ကြသည်၊ ဆရာတော်

ဘုရားကြီးကဆုပေး၍ သီလကိုလည်း ချီးမြှင့်သည်၊ ထို့နောက် နိုးကုတ်မြို့က ဓမ္မာနုဂ္ဂဟဓမ္မဒါနပွဲကပင့်၍ ကြုံကြိုက်သဖြင့် ယခုလို သပိတ်ကျင်းမှာ တည်းခိုခွင့်ရကြောင်းစသဖြင့် နှုတ်ခွန်းဆက်စကားကို မိန့်ကြားတော်မူသည်။

ထိုစဉ်က ဒကာတယောက်က အကြောင်းညီညွတ်ခိုက် တရားပါ ချီးမြှင့်တော်မူပါရန် လျှောက်ထားလေသည်၊ ဆရာတော်ဘုရားကြီးက "ယနေ့ညတော့ သန်းခေါင် ကျော်သွားပါပြီ၊ ပရိသတ်တွေလဲ ကြိုဆိုရတာနဲ့ မောကုန်ရှာမည်၊ တရားနာကြားနိုင်ကြတော့မည် မထင်ဘူး၊ အစကတည်းက အသွားဖြစ်စေ၊ အပြန်ဖြစ်စေ၊ သပိတ်ကျင်းမှာတရားပွဲကျင်းပပေးဖို့ ဆရာတော်ဦးမုနိန္ဒထံ ခွင့်ပန်မထားကြဘဲကိုး၊ ဘုန်းကြီး ဒီသပိတ်ကျင်းကိုရောက်ရတာ နှစ်ခေါက် သုံးခေါက်ရှိပါပြီ၊ တခါမှ တရားဟောရန် အကြောင်းမညီညွတ်ဘူး၊ နောင်အကြောင်းညီညွတ်အောင် ဒကာတွေက ကြိုတင်ဆောင်ရွက်ကြယင် ကောင်းမည်" ဟု မိန့်တော်မူပါသည်။

## သန်းခေါင်ကျော်မှ တရားပွဲစသည်

ထိုအခါ ပရိသတ်များက "သန်းခေါင်ကျော်ပေမဲ့ ဆရာတော် ဘုရားကြီးကသာ ချီးမြှင့်တော်မူမည် ဆိုယင် ယခုပင် ကြုံကြိုက်ခိုက် နာကြားလိုပါသည်ဘုရား၊ ဟောသာဟောတော်မူပါဘုရား" ဟု စိတ်အားထက်သန်စွာ လျှောက်ကြလေသည်။

"ဒီလိုဆိုယင်လဲ စုံစုံလင်လင် ကျယ်ကျယ်ပြန့်ပြန့်တော့ ဟောချိန် မရဘူး၊ တိုတိုကျဉ်းကျဉ်း လိုရင်းလောက်တော့ ဟောရသေးတာပ၊ ဘုန်းကြီးရဲ့ တသက်နဲ့တကိုယ်မှာ ယခုလို သန်းခေါင်ကျော် တရားဟောရတာ ဒီတခါပဲ ကြုံဘူးသေးတယ်၊ ထူးခြားတဲ့ တရားပွဲပါပဲ၊ ဘုန်းကြီးတို့ မြတ်စွာဘုရား ထင်ရှားရှိတော်မူစဉ်တုန်းကတော့ မြတ်စွာဘုရားက နတ်ဗြဟ္မာတွေ လာလာမေးတဲ့ ပြဿနာတွေကို ဖြေကြားယင်း နတ်ဗြဟ္မာတွေ အား တရားဟောတော်မူနေကျအချိန်ဟာ ဒီလိုအချိန်ပါဘဲ။

"ယခုလည်း ကြုံဆိုပူဇော်ရကျိုးများများပါဝင်တဲ့ အင်္ဂုတ္တရနိကာယ်လာ 'ဒေဝတာသုတ်တရားတော်'ကို ဟောရမယ်၊ဒီတရားတော် ဖြစ်ပေါ်ချိန်ဟာလည်း သန်းခေါင်ယာမ် အချိန်ပါဘဲ"ဟု ဆရာတော်ဘုရားကြီးက တရားနိဒါန်းပျိုးတော်မူပါသည်။

အသံချဲ့စက်က တချက်တချက် ပျက်ပျက်သွားသေးသည်၊ စကားပြောခွက်ကိုင်ပေးရသော ဒကာလည်း မသက်သာလှပေ၊ လက်တဖက်ညောင်းသော်လည်း လက်တဖက်ပြောင်း၍ ကိုင်ပေးရသည်၊ သူ့ကိုကြည့်ရသည်မှာ ဘုရားပွဲ ကထိန်ပွဲတို့၌ ခင်းကျင်းပြသသော 'ရုပ်သေ-သရုပ်ပြဇာတ်ကောင်'နှင့် တူလှသည်၊ သူ့မျက်နှာသည် အစ၌ ပြုံးချိုချိုနေသော်လည်း နောက်သော် တွေ့ရသွား၏။

ဆရာတော်ဘုရားကြီးသည်လည်း တနေ့လုံး သဘော်စီးရ၍ ခရီးပန်းတော်မူလာသည်၊ သန်းခေါင်ကျော်အထိ အနားမယူ

ရသေးပါ၊ ကျိန်းစက်ချိန်ပင် လွန်သွားလေသည်၊ သို့သော် တကာ၊ တကာမတို့ကလည်း လိုလိုလားလား နာကြားချင်ကြသည်၊ နောက်တခါ ကြုံကြိုက်ရန်လည်း ဖြုံးကနဲ မလွယ်လှပေ၊ မိုးကုတ်မြို့ကိုပင် ၁၀-နှစ်တကြိမ်ဆိုသလို ကြွနိုင်လေသည်၊ ယခုလည်း သက်တော် (၇၀) အတွင်းသို့ ရောက်နေပြီဖြစ်သည်၊ နောက် ကြုံကြိုက်ရန် ခက်မည်၊ ထို့ကြောင့် ပင်ပန်းမှုကို ဂရုမထားဘဲ တကာ၊တကာမတို့၏ စေတနာသဒ္ဓါတရားကိုငဲ့ညှာ၍ မေတ္တာကရုဏာပွားကာ ဟောကြားတော်မူရန် ဆုံးဖြတ်တော်မူလေသည်၊ ဆက်လက် ဟောကြားတော်မူပုံမှာ ဤသို့ဖြစ်၏။

## ဒေဝတာသုတ် တရားတော်

"ဒေဝတာသုတ်တော် ဆိုတာ နတ်များ လာလျှောက်တဲ့ အကြောင်းကို ရဟန်းတော်များအား မြတ်စွာဘုရား ပြန်ပြောင်း ဟောကြားတော်မူတဲ့ တရားတော်ပါအဲ၊ အခါတပါး မြတ်စွာဘုရားသခင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှာ သီတင်းသုံးတော်မူစဉ်တုန်းက ယခုလို ညသန်းခေါင်ယာမ်အချိန်မှာများစွာသော နတ်အုပ်စု(၆)စုတို့ဟာ မြတ်စွာဘုရားထံ လာရောက်ပြီး တအုပ်စုပြီး တအုပ်စု အစဉ်အတိုင်း လျှောက်ထားကြပါတယ်။

သူတို့ လျှောက်ထားချက်များကတော့ သူတို့ လူ့ပြည်မှာ လူဖြစ်စဉ်တုန်းက ရဟန်းတော်တွေ အိမ်ကြွလာစဉ် ပူဇော်ခဲ့ကြတဲ့ ကျင့်ဝတ်တရားတွေပါဘဲ၊ အဲဒီ ကျင့်ဝတ်တရားတော်တွေကို ကျင့်ခဲ့ကြပြီးနောက် သူတို့တတွေဟာ လူ့ပြည်က စုတေပြီးတော့

ယခု နတ်ပြည်ရောက်ပြီး နတ်ဖြစ်ကြရတဲ့အကြောင်းများ ဖြစ်တယ်၊ ထူးတာကတော့ ပဌမဆုံးလျှောက်ထားတဲ့ နတ်အုပ်စုတွေက ပဌမဆုံးကျင့်ဝတ် တရားတွေကိုသာ ကျင့်ခဲ့ကြတယ်၊ ဒုတိယနတ်အုပ်စုက ပဌမ ကျင့်ဝတ်ရော၊ ဒုတိယ ကျင့်ဝတ်ပါ ကျင့်ဝတ်နှစ်ပါးသာ ကျန်ခဲ့ရတယ်၊ ထို့အတူ တတိယအုပ်စုက (၃)ပါး စတုတ္ထအုပ်စုက (၄)ပါး၊ ပဥ္စမအုပ်စုက (၅)ပါး၊ ဆဋ္ဌမအုပ်စုက(၆)ပါး၊ သတ္တမအုပ်စုက(၇)ပါး၊ အဋ္ဌမအုပ်စုက (၈)ပါး၊စီသာ အသီးသီး ကျင့်ခဲ့ကြရတယ်၊ နောက်ဆုံး နဝမအုပ်စုကတော့ (၉)ပါးလုံး အပြည့်အစုံကျင့်ခဲ့နိုင်တယ်။

အဲဒီ ပဌမအုပ်စုကနေ အဋ္ဌမအုပ်စုအထိ တပါးစီ-တပါးစီ သာလာပြီး ကျင့်ခဲ့ကြတဲ့ နတ်တွေဟာ နတ်ဖြစ်လာတော့လဲ တဆင့်နှင့် တဆင့် အညှို့အကောင်း စည်းစိမ်တွေကို ခံစားကြရတယ်၊ အဆင့်အတန်းနိမ့်မြင့် အဆင့်ဆင့် ကွာခြားကြတယ်၊ (၈)ပါးသာ ကျင့်ခဲ့ကြတဲ့ နတ်တွေကလဲ သူ့အောက် လျော့နည်းပြီးကျင့်ခဲ့ကြတဲ့ နတ်တွေထက်တော့ စည်းစိမ် သာပါရဲ့၊ ဒါပေမယ့် ကိုးပါးလုံး အပြည့်အစုံကျင့်ခဲ့ကြတဲ့နတ်တွေလောက်တော့ အဆင့်အတန်းမမြင့်ကြဘူး၊ ဒါကြောင့် သူတို့နတ်အုပ်စု (၈)စုလုံးဟာ "တပည့်တော်တို့ဟာ လူ့ဘဝတုံးက ကျင့်ဝတ်မပြည့်စုံခဲ့ကြလို့ ကိုယ့်ထက်သာတဲ့နတ်တွေ ရှိနေကြလို့ အောက်တန်းစား နတ်များသာ ဖြစ်ကြရတာကြောင့် နှလုံးစိတ်ဝမ်း မချမ်းမြေ့ကြပါဘုရား၊ နောင်တ တဖန်ပူပန်ကြရပါတယ်ဘုရား" လို့ မြတ်စွာဘုရားကို အသီးသီး လျှောက်ထားကြပါတယ်။

နောက်ဆုံး နဝမမြောက် လျှောက်ထားတဲ့ နတ်အုပ်စုများက တော့ "တပည့်တော်များဟာ လူ့ဘဝတုန်းက ရဟန်းတော်များ အိမ်ကြွလာစဉ် ကျင့်ဝတ်(၉)ပါးလုံး အပြည့်အစုံကျင့်ခဲ့ကြလို့ နတ်ဘဝ ရောက်တဲ့အခါ အဆင့်အတန်းအမြင့်ဆုံး နတ်များ ဖြစ်ကြရပါတယ်၊ ဒါကြောင့် နှလုံးစိတ်ဝမ်း ချမ်းမြေ့ပျော်ရွှင် စွာနဲ့ နောင်တတဖန် မပူပန်ဘဲ နေကြရပါတယ်ဘုရား" လို့ လျှောက်ထားကြတယ်။

အဲဒီနတ်တွေ လူ့ဘဝတုန်းက ကျင့်ခဲ့ကြလို့ နတ်ဖြစ်ကြရတဲ့ နတ်ဖြစ်ကြောင်း တရားကျင့်ဝတ် (၉)ပါးကတော့ ရဟန်း တော်တွေ အိမ်ကြွလာတဲ့အခါ....

၁။ ခရီးဦးကြိုဆိုခြင်းက တပါး၊
၂။ ရှိခိုးခြင်းက တပါး၊
၃။ နေရာပေးခြင်းက တပါး၊
၄။ စွမ်းနိုင်သမျှ ဝေဖန်ခွဲခြမ်းလှူဒါန်းခြင်းက တပါး၊
၅။ တရားနာရန် ချဉ်းကပ်ခြင်းက တပါး၊
၆။ နားစိုက်၍ နာကြားခြင်းက တပါး၊
၇။ နာပြီးတရားကို ဆောင်မှတ်ထားခြင်းက တပါး၊
၈။ ဆောင်မှတ်ထားတဲ့တရားရဲ့အဓိပ္ပါယ်ကို စူးစမ်းဆင်ခြင် ခြင်းက တပါး၊
၉။ အဲဒီ တရားနည်းလမ်းကိုသိပြီး လောကုတ္တရာတရား ကိုးပါးအား လျော်တဲ့အကျင့်ကို ကျင့်ခြင်းက တပါး အားလုံး(၉)ပါးဖြစ်တယ်။

အဲဒီကျင့်ဝတ်တွေကို မှတ်မိအောင် ဘုန်းကြီးက ဆောင်ပုဒ်ချပေးပါဦးမယ်၊ ကဲ....အားလုံး လိုက်ဆိုကြပါ။

၁။ ကြို့ရှိခိုးရေး၊ နေရာပေး၊ ကျေးမွေ့ချဉ်းကပ်သည်။
၂။ ကြားနာ့ဆောင်မှတ်၊ ဆင်ခြင်လတ်၊ အမြတ်ကျင့်သုံးသည်။
၃။ ကျင့်ဝတ်ကိုးထွေ၊ မစုံလေ၊ နတ်တွေ ပူကြသည်။
၄။ ကျင့်ဝတ်ကိုးထွေ၊ စုံလင်ပေ၊ နတ်တွေပျော်ကြသည်။
၅။ နတ်လောကမှာ၊ ပျော်ဘို့ရာ၊ စုံစွာ ဒို့ကျင့်မည်။

အဲဒီလို နတ်များလျှောက်ထားပုံအလုံးစုံကို မြတ်စွာဘုရားက ရဟန်းများအား ပြန်လည်ဟောကြားတော်မူပါတယ်၊ ဟောပြီး ရဟန်းများကို ဆိတ်ငြိမ်ရာချဉ်းကပ်ပြီး မမေ့သော သတိတရားနဲ့ ဘာရးကို ကြိုးစားအားထုတ်ကြဘို့ပါ တဆက်တည်း သတိပေး တိုက်တွန်းမိန့်ကြားတော်မူပါတယ်၊ အဲဒါဟာ ဒေဝတာ သုတ်တရားတော် အကျဉ်းချုပ်ပါဘဲ(၎င်းသုတ်အကျယ်ကို နဝင်္ဂုတ္တရ-ဒေဝတာသုတ်နှင့် ညောင်ကန် အရှင်ဣန္ဒကာ၏ ဗုဒ္ဓမေ့ ဆောင်းပါးများစာအုပ်တို့၌ ကြည့်ရှုနိုင်ပါသည်။)

## တရားအားထုတ်ပွဲမှာ ဘယ်နှစ်ယောက် စာရင်းပါကြသလဲ

ဒီတရားတော်ဟာ ဒီသပိတ်ကျင်းမြို့က သောင်းသောင်းဖျဖျ ကြိုဆိုပူဇော်ကြတာနဲ့တော့ သင့်တော်တဲ့တရားတော်ဘဲ၊ ဒီတရားတော်မှာ မိမိတို့ထံကြွရောက်လာကြတဲ့ ရဟန်းတော်တွေနဲ့စပ်ပြီး မိမိတို့က ဘာတွေ ကျင့်ရမယ်ဆိုတာ အပြည့်အစုံ ပါပါတယ်။

တရားနာ ပရိသတ်တွေဟာ ငါတို့ဘာတွေကျင့်ပြီးလို့၊ ဘာတွေ လိုသေးတယ်ဆိုတာသိပြီး ကျင့်ကြရုံဘဲ။

အထူးအားဖြင့်တော့ အခုသပိတ်ကျင်းက ဒကာဒကာမတွေမှာ ဒီ ကျင့်ဝတ်ကိုးပါးထဲက ရှေ့(၈)ပါးနဲ့တော့ ပြည့်စုံနေကြပါပြီ၊ နောက်ဆုံးကျင့်ဝတ်ဖြစ်တဲ့ လောကုတ္တရာတရား ကိုးပါးအားလျော်တဲ့အကျင့်ကို ကျင့်ဘို့လိုတော့တာပါဘဲ၊ အဲဒီအကျင့်ဟာ ဘုန်းကြီးတို့ ကြွရောက်ကြမဲ့ မိုးကုတ်မြို့ မြို့လယ် သာသနာ့ရိပ်သာဆရာတော် ဦးမုနိန္ဒတို့ ကျင်းပကြမည့် ဓမ္မာနုဂ္ဂဟဓမ္မဒါနပွဲမှာ ညွန်ကြားပြသ အားထုတ်ကြမည့် သတိပဋ္ဌာန် ဝိပဿနာအကျင့်ပါဘဲ၊ အဲဒီမှာ ဒီသပိတ်ကျင်းမြို့က တရားအားထုတ်ရန် ဘယ်နှစ်ယောက် စာရင်းသွင်းထားကြသလဲ”။

ဤသို့လျှင် ဆရာတော်ဘုရားကြီးကတရားအဆုံးသတ်ခါနီး၌ အရေးကြီးသောအချက်ကို မေးတော်မူသည်၊ ပရိသတ်ငြိမ်သက်နေသည်၊ သူတို့မျက်နှာများကလည်း ပြုံးရွှင်နေကြသည်၊ စကားပြန်ကား မရပေ၊ ထို့ကြောင့် ဆရာတော်ဘုရားကြီးက ဤသို့ဆက်လက် မိန့်တော်မူလေသည်။

“အဲ—တရားအားထုတ်ရန် စာရင်းသွင်းထားတဲ့ ပုဂ္ဂိုလ်တွေရှိကြသေးဟန်မတူဘူး၊ အဲဒီစာရင်းထဲပါအောင်လဲ ကြိုးစားကြ၊ အခုမပါသေးလဲ မကြာခင် တရားအားထုတ်ဖြစ်အောင် ဆောင်ရွက်ကြရမယ်၊ အဲဒီ နောက်ဆုံး ကျင့်ဝတ် တပါးပါး ပြည့်စုံမှနတ်ပြည်ရောက်တဲ့အခါ ပျော်ပျော်ပါးပါး နေကြရမယ်၊ ဒါမှ

မဟုတ်ယင် ကျင့်ဝတ်ကိုးပါးလုံး ပြည့်စုံခဲ့တဲ့ ကိုယ့်ထက်သာတဲ့ နတ်တွေနဲ့တွေ့ပြီး စိတ်မချမ်းသာဘဲ ဖြစ်နေကြရအုံးမယ်။

## အလကား ဘဝင်မြင့်ကြတယ်

နတ်ပြည်လောက်တင်မကဘဲ၊ တခါတည်းရဟန္တာဖြစ်အောင် အားထုတ်နိုင်ယင်လဲ အကောင်းသားဘဲ၊ တခါတည်း ရဟန္တာ ဖြစ်အောင်ဆိုတာကလဲ မလွယ်လှဘူး၊ ရှေးကံ ပါရမီနှင့် ယခု ဘဝမှာလဲ ဆရာကောင်းနဲ့ နည်းမှန်အတိုင်း အားထုတ်မှုစတဲ့ အကြောင်းတွေ ညီညွတ်မှ ရဟန္တာဖြစ်နိုင်တယ်၊ ရဟန္တာမဖြစ် သေးယင်တော့ ကြားထဲမှာ ဘဝသစ်က ဖြစ်ရအုံးမှာ ကေန် ပါဘဲ။

"ဘဝအသစ် ဖြစ်ခြင်းဖြစ်ရယင် နတ်ဘဝစတဲ့ သုဂတိဘဝ ဖြစ်ရတာဟာ အကောင်းဆုံးဘဲ၊ နတ်ဖြစ်ပြန်ယင်လဲ ကျင့်ဝတ် ကိုးပါးလုံးပြည့်စုံမှ အထက်တန်းစားနတ်ဖြစ်ပြီး ပျော်ရွှင်စွာ နေကြရမှာဘဲ၊ တရားနာပရိသတ်တွေကို ဘုန်းကြီးက မေးရအုံး မယ်၊ အကယ်၍ရဟန္တာမဖြစ်သေးယင် နတ်ဘဝမှာ ပျော်ပျော် ရွှင်ရွှင် မနေချင်ကြဘူးလား"၊ ဤသို့ ဆရာတော်ဘုရားကြီးက မေးတော်မူပါသည်။

"နေချင်ကြပါတယ်ဘုရား" ဤသို့ ပရိသတ်က ပြန်ဖြေကြ လေသည်၊ ထို့နောက် ဆရာတော်ဘုရားကြီးက ဤသို့ဆက်လက် မိန့်တော်မူလေသည်။

"ဒီလိုဆိုယင် ကျင့်ဝတ်ကိုးပါးလုံးနဲ့ ပြည့်စုံအောင်ကျင့်ကြပေတော့၊ တချို့ကတော့ ရဟန္တာဖြစ်အောင်လဲ မကျင့်နိုင်ကြဘဲနဲ့၊ ရဟန္တာထားလို့ ဝိပဿနာဉာဏ်တောင် သန်သန်ဖြစ်အောင် မကျင့်နိုင်ကြပါဘဲနဲ့ နတ်ပြည်မှာတောင် မပျော်ချင်ကြဘူးတဲ့၊ နတ်ဖြစ်မှာလဲ ကြောက်ကြသတဲ့၊ ဗြဟ္မာဖြစ်မှာလဲ ကြောက်ကြသတဲ့၊ နတ်မဖြစ်ချင်၊ ဗြဟ္မာမဖြစ်ချင်လို့၊ ဒါနလဲ မပြုဘူးတဲ့၊ သီလလည်း မဆောက်တည်ဘူးတဲ့၊ ဘာဝနာလဲ မပွားဘူးတဲ့၊ သူများပြုတဲ့ ဒါနကုသိုလ် အဘို့ကိုပါ သာဓုမခေါ်ချင်ဘူးလို့ ပြောကြတယ်၊ အလကားဘဝင်မြင့်နေကြတယ်၊ နတ်တို့ ဗြဟ္မာတို့ဆိုတာလဲ ကိုယ်ဖြစ်ချင်တိုင်း ဖြစ်ရတာ မဟုတ်ပါဘူး၊ ဒါနသီလဘာဝနာကုသိုလ်တွေကိုပြုနိုင်မှဖြစ်ရတာဘဲ၊ သူတို့လို ဘာမှမလုပ်ဘဲ အချောက်တိုက် ဘဝင်မြင့်တဲ့ ပုဂ္ဂိုလ်တွေတော့ သုဂတိဘဝရောက်ဘို့လဲ ခက်ပါတယ်၊ အရိယာဖြစ်ဘို့လဲမလွယ်ပါဘူး၊ အဲဒီအတိုင်းသာ ဘာမှမလုပ်ဘဲနဲ့ ဒါန၊ သီလ၊ ဘာဝနာကုသိုလ်တွေကိုလဲ မပြုဘဲနဲ့၊ နတ်ဖြစ်မှာဗြဟ္မာဖြစ်မှာ ကြောက်တဲ့သူတွေတော့ အပါယ်ကျမှာဘဲ ရှိတယ်၊ ရှေးရှေးတုန်းက ကောင်းမှုအဟုန်ကြောင့် လူဖြစ်တောင် 'ဒါနနဲ့တော့ မွဲတတ်တယ်၊ သီလနဲ့တော့ ရောဂါတွယ်၊ ဘာဝနာနဲ့တော့ သံသရာလယ် ဆိုတာလိုဖြစ်ကြမှာဘဲ၊ မွဲမယ် ငတ်မယ်၊ ရောဂါများမယ်၊ သံသရာ,လယ်မယ်ပေါ့၊" ဆရာတော်ဘုရားကြီးသည် ဤသို့လည်း ဟိုမရောက် ဒီမရောက် ကမြောက်ကမ အချောက်တိုက် အလကားဘဝင်မြင့်ပြီး အယူလွဲနေသူများကိုလည်း စပ်မိ၍ မလွဲမှားရန် မေတ္တာ

ကာရုဏာရှေ့ရှု၍ သတိပေးဟောကြားတော်မူပါသေးသည်၊ ထို့နောက် ဤသို့ပင် တရားကိုအဆုံးသတ်တော်မူ၏။

"ကဲ–ဒါလောက်ဆို တရားလိုရင်း ပြည့်စုံပါပြီ၊ တရားနာပရိသတ်တို့သည် ကြိုဆိုကန်တော့ပူဇော်ကြရတဲ့ ကုသိုလ် စေတနာ၊ ဆောက်တည်ကြရတဲ့ သီလကုသိုလ်စေတနာ၊ ကြားနာကြရတဲ့ ဓမ္မသဝန ကုသိုလ်စေတနာ၊ ဤသို့ အစရှိသော ကုသိုလ်စေတနာ အဖြာဖြာတို့ကြောင့် ဤဒေဝတာသုတ် တရားတော်လာအတိုင်း အပြည့်အစုံ ဖြည့်ကျင့်နိုင်ကြကုန်၍ နိဗ္ဗာန်ကို လျှင်မြန်စွာ ဆိုက်ရောက်လျက် မျက်မှောက် ပြုနိုင်ကြပါစေ"။

သာဓု....သာဓု....သာဓု....။

တရားပွဲအပြီးတွင် ကျေးဇူးရှင် မဟာစည် ဆရာတော် ဘုရားကြီးနှင့် သက်တော် ဝါတော်ကြီး ဆရာတော်များက ကျောင်းအဖြစ် လှူဒါန်းထားသော ဒေါ်သိန်းအိမ်၌ ကျိန်းစက်ကြသည်။ တယောက်ထဲသမား ဒေါ်သိန်းက တခြားအိမ် သွားအိပ်၏၊ ရဟန်းငယ်နှင့်ဒကာများက ဗိုလ်တဲမှာပင် အိပ်ကြရ၏၊ သီလရှင်ခေသ့အမျိုးသမီးများက အိမ်တအိမ်မှာ သွားရောက် အိပ်ကြရလေသည်။

## သပိတ်ကျင်းမှ ကျပ်ပြင်သို့

နံနက်အရုဏ်၌၊ သပိတ်ကျင်း၌ပင် ယာဂု ဘုဉ်းပေးကြ၏၊ နံနက် ၆-နာရီ ၁၀-မိနစ်၌ မဟာစည် ဓမ္မကထိကတဖွဲ့လုံး

ကားငါးစီးဖြင့် ထွက်ခဲ့ကြသည်၊ ကားများသည် စိမ်းသော စိုသော တောတောင်တို့ကိုဖြတ်ကျော်၍ ကွေ့သောကောက်သော ကတ္တရာစေးလမ်းအတိုင်း ခပ်မှန်မှန် မောင်းလျက်ရှိကြသည်၊ ဝါးဖြူတောင်နှင့် ညောင်ပင်သာကို ဖြတ်ကျော်ခဲ့ပြီ။

## ကျောက်လှည်းဘီးရောက်သော် ပူဇော်ကြပြန်

ကျောက်လှည်းဘီးရွာရောက်သော် နံနက် ၇-နာရီ ရှိပေပြီ၊ ကျောက်လှည်းဘီးရွာ၏ ငှက်ပျောပင်ရှင်စိုက် သဲဖြူခင်း ရာဇမတ်ကာလျက် မဏ္ဍပ်ထိုး၍ ကြိုဆိုပူဇော်ကြသည်၊ မဏ္ဍပ်တွင်းသို့ ဆရာတော်ဘုရားကြီး တပါးတည်း ကြွ၍ အပူဇော်ခံတော်မူသည်၊ ဆုပေးသီလ ချီးမြှင့်ပြီးနောက် နှုတ်ခွန်းဆက်စကား အနည်းငယ် ပြောကြား၍ သြဝါဒပေးပြီးသော် ကျောက်လှည်းဘီးမှ ထွက်ခဲ့ကြလေသည်၊ ကားထွက်ခါနီး၌ ပန်းများဖြင့် ကားများပေါ်သို့ ကြဲ၍ ပူဇော်လိုက်ကြသေးသည်။

## ရွှေညောင်ပင်ရောက်သော် ပူဇော်ကြပြန်

နံနက် ၈-နာရီ၌ ရွှေညောင်ပင်ရောက်ကြပြန်သော် အပူဇော်ခံကြရပြန်၏၊ အချိုပွဲ အဖန်ပွဲများဖြင့်လည်း ဆက်ကပ်လှူဒါန်းကြသေးသည်၊ “ကောက်ညှင်းကျည်တောက်နဲ့ ပဲမုန့်ကြော်က ဖြင့် တယ်ကောင်းတယ်” ဟု ဝက်လက်ဆရာတော်က မိန့်လေသည်၊ အချို့မှာ အကွေ့အကောက် တောင်တက်လမ်းများ၌ ကားစီးကြရ၍ မူးနေကြသောကြောင့် ကောင်းစွာမစားသောက်

နိုင်ကြပေ၊ ရှုဆေးနှင့် ပရုပ်ဆီများကို အသုံးပြုကြသော်လည်း အန်သူ အန်ကြသေး၏၊ ရွှေညောင်ပင်၌လည်း ဆရာတော်ဘုရားကြီးက ပူဇော်ကြသူများအား ဆုပေး၍ သီလခံမှင့်ကာ ဩဝါဒအနည်းငယ် ပေးသော်မူခဲ့လေသည်။

## အကြိုအထောက် ရောက်လာပါပြီ

ရွှေညောင်ပင်မှ ထွက်ခဲ့ကြပြန်၏၊ ကားများသည် ရက္ကန်းလွန်းထိုးသလို ကွေ့ကောက်မောင်းကြရ၏၊ ကင်းရွာအနီး ရောက်သော် သာသနာ့အောင်လံတော် တလူလူ လွင့်ထူထားသော ကားများကို တွေ့ရတော့သည်၊ ၎င်းကားတို့ကား အကြိုအဆိုလာသော ဆရာတော်ဦးမုနိန္ဒတို့၏ကားများပေတည်း၊ ကင်းရွာ, ကပိုင်, စခန်းကြီး, ရွှေးပင်, သင်ဆိမ့်ကုန်း, ကျောက်ကြမ်းရွာတို့ကို လွန်သော် မိုးကုတ်နယ် ကျပ်ပြင်ရောက်ကြတော့သည်၊ ကျပ်ပြင်ရောက်သော် နံနက် ၁၀-နာရီရှိပေပြီ၊ ကျပ်ပြင်မြို့ ကျောင်းကြီးကျောင်းတိုက်၌ တည်းခိုကြရသည်။

## ကျပ်ပြင်တည တရားပွဲ

ကျပ်ပြင်ကျောင်းကြီး ဆရာတော် အမှူးရှိသော တပည့်ဒကာ-ဒကာမများက နံနက် ၁၀-နာရီခွဲ၌ ဆွမ်းဆက်ကပ်ကြလေသည်၊ ဟင်းမျိုးကား စုံလှပါ၏၊ မိုးကုတ်မြို့၌ နာမည်ကြီးလှသော မုံညင်းစောနှင့် ငက်သားနီကြော်လည်း ပါလေသည်၊ ခရီးလည်းပန်း ဆွမ်းများ ဟင်းများကလည်း ကောင်းလှသဖြင့် ဘုဉ်းပေး၍ အထူး မြိန်ယှက်ကြပါသည်။

သံဃာတော်များနှင့်အမျိုးသားယောဂီများက ကျောင်းကြီး ကျောင်းတိုက်၌ပင်တည်းခိုကြရ၍ အမျိုးသမီးယောဂီအားလုံးက မြို့သဲ အိမ်တအိမ်၌ တည်းခိုကြရသည်၊ ကျောင်းကြီး ကျောင်းတိုက်ကား နာမည်နှင့်လိုက်အောင်ပင် ကျောင်းကြီး တိုက်ကြီး များ မဟာရံတံတိုင်းများဖြင့် ကြီးကျယ်ခမ်းနားသော ကျောင်းတိုက်ကြီး ဖြစ်ပါသည်၊ ကျောင်းတိုက်တွင်း၌ ရေ မီးနှင့် ရေလောင်းအိမ်သာမှအစ အရာခပ်သိမ်း ကုံလုံပြည့်ဝလှပါသည်။

ကျပ်ပြင် ရောက်သည်ဆိုကတည်းက တောင်ခိုး တောင်ငွေ့များကြောင့် မကြာမကြာ မိုးတစွတ်စွတ် ရွာသွန်းလေတော့သည်၊ တခြေးဖြေး စိမ့်စိမ့်အေး အေးလာသည်၊အားလုံး အနွေးထည်များကို ဝတ်ဆင်ခြုံရုံကြရ၏၊ ခြေအိတ် လက်အိတ်များကိုလည်း စွပ်သူများက စွပ်ထားကြသည်၊ မိုးတဖွဲဖွဲထည်း၌ပင် အေးစေတီ ကျောင်းတိုက် တောင်ပေါ် ကျောင်းတိုက်များသို့လည်း ကားတစီးဖြင့် သွားဖြစ်အောင် သွားလည်လိုက်ကြသေး၏။

နေဝင်လာလျှင် မီးလှုံကြရ၏၊ ည ၇-နာရီ၌ ကမ္ဘာအေး ဆရာတော် ဦးပညာဒီပနှင့် ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးတို့က ကျပ်ပြင် ကျောင်းကြီးပေါ်၌ တရားချီးမြှင့်တော်မူကြရ၏၊ ကမ္ဘာအေးဆရာတော် ဦးပညာဒီပက “ကံလမ်း ဈာန်လမ်း၊ ဉာဏ်လမ်း တရားတော်ကို” ဟောကြားတော်မူ၏။

ကျေးဇူးရှင် ဆရာတော်ဘုရားကြီးက“ကောင်းခြင်းလေးဖြာ မင်္ဂလာတရားတော်” ကို ဟောကြားတော်မူလေသည်၊ ဆရာ

တော်ဘုရားကြီး ဟောကြားတော်မူသော ကောင်းခြင်းလေးဖြာ မင်္ဂလာတရားတော် ဆောင်ပုဒ်မှာ ဤသို့တည်း။

၁။ အိုသည့်တိုင်အောင်ကောင်းတာ ဘယ်ဟာလဲ၊
၂။ အိုသည့်တိုင်အောင်ကောင်းတာ ကိုယ်ကျင့်သီလဘဲ၊
၃။ ခိုင်မြဲတည်တံ့ယင်ကောင်းတာ ဘယ်ဟာလဲ၊
၄။ ခိုင်မြဲတည်တံ့ယင်ကောင်းတာ သဒ္ဓါတရားဘဲ၊
၅။ လူ့ရတနာ ဘယ်ဟာလဲ၊
၆။ လူ့ရတနာ အသိအလိမ္မာပညာဘဲ၊
၇။ မခိုးနိုင်တာ ဘယ်ဟာလဲ၊
၈။ မခိုးနိုင်တာ ကုသိုလ်ကောင်းမှုတရားဘဲ၊

တရားဟောချိန်၌လည်း မိုးက တဖွဲဖွဲရွာနေပါသည်၊ ပရိသတ်ကတော့ မိုးရွာထဲ၌ပင် ကျောင်းကြီးအပေါ်ထပ်တခုလုံး ပြည့်လျှံနေပါသည်၊ ည ၁၀-နာရီကျော်လျှင် တရားပွဲ ပြီးလေသည်၊ တရားပွဲအပြီး၌ ဆရာတော်ဘုရားကြီးနှင့်တကွ မဟာစည် ဓမ္မကထိကတဖွဲ့လုံးအား ဘိလပ်ရည်များကပ်၍ လှူဖွယ်ဝတ္ထုများကို လှူသေး၏။

## အနေကဇာတင်ပွဲ

ယနေ့ကား ကဆုန်လပြည့် ဗုဒ္ဓနေ့ဖြစ်သည်၊ နံနက် အရုဏ်ဆွမ်းကို ကျပ်ပြင် ကျောင်းကြီးတိုက်၌ပင် ဘုဉ်းပေးကြရ၏။

နံနက်(၆)နာရီ၌ အေးစေတီကျောင်းသို့ ကြွ၍ အနေကဇာ တင်ကြရသည်၊ ထိုကျောင်း၏ တပည့် ဒကာ-ဒကာမ အလှူရှင် များက ပင့်သောကြောင့် ဖြစ်သည်။

အနေကဇာတင်ပြီးနောက် ကျေးဇူးရှင် မဟာစည် ဆရာ တော်ဘုရားကြီးကိုယ်တိုင် သီလပေး ရေစက်ချ ချီးမြှင့်၍ အနု မောဒနာတရား အနည်းငယ်ကိုလည်း ဟောကြားတော်မူခဲ့ သေးသည်။

ထို အနေကဇာတင်ပွဲကလည်း အချိုပွဲ အဖန်ပွဲ မျိုးစုံဖြင့် ဆက်ကပ်လိုက်သေးသည်၊ ထီး, ဘိနပ်, သင်္ကန်းနှင့် နဝကမ္မများ ကိုလည်း တပါးစီ တပါးစီ ပိုင်းခြား၍ လှူဒါန်းလိုက်သေးသည်၊ ကဆုန်လပြည့် ဗုဒ္ဓနေ့နှင့် အနေကဇာတင်ပွဲမှာ ပဏာရ အဆင် သင့်လှပါသတည်း။

## မိုးကုတ်ကျပ်ပြင်နှင့် ပတ္တမြားမြောက်

ကျပ်ပြင်မြို့မှာ သပိတ်ကျင်းနှင့် မိုးကုတ်မြို့ကြားရှိ ပေ ၄၅၀၀-အမြင့်ရှိ တောင်ထိပ်၌ တည်ထားသောမြို့ ဖြစ်သည်၊ ကျပ်ပြင်သည် မိုးကုတ်နှင့် နီးကပ်သည်၊ ထို့ကြောင့် မိုးကုတ် ကျပ်ပြင်ဟု တွဲခေါ်ကြသည်၊ ကျပ်ပြင်မြို့ ဝန်းကျင်၌လည်း တောင်များ ဝန်းရံလျက်ရှိသည်၊ ကျပ်ပြင်သည် မိုးကုတ်ထက် မြင့်သောကြောင့် မိုးကုတ်ထက် အအေးပိုလေသည်၊ ကျပ်ပြင်၌ လည်း အထက်တန်းကျောင်း ဈေး စသည်များဖြင့် စည်ကား၏၊ ကျပ်ပြင်၌ ကျောက်တူးလုပ်ငန်း ကျောက်အရောင်းဝယ်လုပ်ငန်း များကို လုပ်ကိုင်ကြသည်။

ဤကျပ်ပြင်၌ ပတ္တမြားငမောက်နှင့် ဆက်စပ်သော သိမှတ်ဖွယ်ရာရှိ၏၊ ယင်းအကြောင်းကို (ကလပ်ရှိချန္ဒာ၏-နဝရတ်ကိုးပါး)စာအုပ်မှ ကောက်နုတ်၍ ဖော်ပြလိုက်ပါဦးမည်။

"ပတ္တမြားငမောက်သည် ကွမ်းသီးလုံးခန့်ပမာဏရှိ၍ အကွက်မဖော်ရသေးသော စင်းလုံးချော ပတ္တမြားဖြစ်သည်၊ အလေးချိန်မှာ ရတီချိန်(၉၀)ကျော်ရှိပြီး အမှောင်ခန်းထဲတွင် ထိုကျောက်ကို ကလပ်ပေါ် တင်၍ထားသော် မီးကဲ့သို့ လင်းသည်ဟု ဆို၏၊ နွားနို့ ဂွမ်း စသည်တို့တွင် ထည့်သော် ဆေးနီဆိုးသကဲ့သို့ နီ၏၊ ထိုကျောက်ထုကို မှောက်ကြည့်သောအခါ အရည်တစက်စက် ယိုကျသည်ကဲ့သို့ ထင်ရ၏။

ယင်း ကျောက်ကို ငါးထပ်ကြီး ဘုရားဒါယကာ ပင်းတလဲမင်း၏ညီတော် ပြည်မင်းလက်ထက် မြန်မာသက္ကရာဇ် ၁၀၂၃-ခုနှစ်တွင် ချင်းတွင်းရွာသား ငမောက်ဆိုသူ လာရောက်ဆက်သ၍ ငမောက်ကျောက်ဟုတွင်ကြောင်း အဆိုရှိပါသည်။

ဤသို့ သတ္တိဘူးရှိသော ငမောက်ပတ္တမြားသည် နိုင်ငံခြားနှင့် ရှုပ်ထွေးခဲ့ဘူးသော ကိစ္စတရပ်ကိုပင် ၎င်းကျောက်အစွမ်းနှင့် ရှင်းလင်းခဲ့ဘူးသည်၊ ကုန်းဘောင်ခေတ် မင်းတုန်းမင်းတရားကြီး လက်ထက်တွင် ကင်းဝန်မင်းကြီးသည် ဥရောပ အနောက်နိုင်ငံများသို့ သွားရောက်ခဲ့သည်၊ ထိုစဉ်က ပြင်သစ်နိုင်ငံတွင် သူဌေးများနှင့် ကျောက်တွင်း အရောင်းအဝယ်ပြုရန် စီစဉ်ခဲ့သည်၊ နေပြည်တော်သို့ ပြန်ရောက်၍ ထိုအကြောင်းကို မင်းတုန်းမင်းတရားကြီးအား လျှောက်ထားသောအခါ ကင်းဝန်မင်းကြီး

၏ အမှားကို မြင်သော ဘုရင်မင်းမြတ်သည် အကြံကြပ်လျက်ရှိ၏။

ထို့နောက်မှ ရွှေပြည်မင်းကြီး(ယောအတွင်းဝန် ဦးဘိုးလှိုင်)ကို ခေါ်၍ တိုင်ပင်တော်မူပြီး အဆိုပါ ငမောက်ပတ္တမြားကို ပြင်သစ်သူဌေးတို့အား ပြ၍ တန်ဘိုးဖြတ်စေသည်။

နေပြည်တော်သို့ စာချုပ်ရန် ရောက်လာကြသော ပြင်သစ်တို့လည်း ပတ္တမြားငမောက်၏ထူးခြားသောသတ္တိကို သိမြင်လိုက်ရသောအခါ တန်ဘိုးမဖြတ်နိုင်ဘဲ ရှိကြ၏၊ ထိုအခါ ရွှေပြည်မင်းကြီးက "ဤကျောက်တလုံးတည်းကိုပင် တန်ဘိုးမဖြတ်နိုင်လျှင် ဤကျောက်မျိုး အများအပြား ထွက်သော မိုးကုတ်ကျောက်တွင်းများကို မည်ကဲ့သို့ တန်ဘိုးဖြတ်မည်လဲ" ဟူသော နောက်ဆုံးစကားချပ်ဖြင့် ကင်းဝန်မင်းကြီး၏အမှားကို အမှန်သို့ ရောက်စေခဲ့သည်။

ငမောက်ပတ္တမြားနှင့်ပတ်သက်၍ ဤကဲ့သို့ အဆိုတရပ်လည်း ကြားသိရသေးသည်။

ပတ္တမြား ငမောက်သည် ချင်းတွင်း နယ်သား ဖြစ်သော ငမောက်ဆိုသူ ရရှိသည်၊ ငမောက်သည် မိုးကုတ်နယ်မြေတွင် လာရောက်၍ လယ်ယာ စိုက်ပျိုးနေထိုင်ရာ၊ တညသော အခါ မိမိခြံအတွင်းမှ ပြိုးပြိုးပျက်ပျက် အရောင်တောက်ပသော အရာဝတ္ထုတခုကိုမြင်ရ၍ ကောက်ယူကြည့်ရှုလေရာ၊ အလွန်မှပင် လှပတောက်ပြောင်သော ကျောက်နီပတ္တမြား ဖြစ်နေသည်ကို သိရ

လေတော့သည်၊ ငမောက်လည်း အလွန်အားရဝမ်းသာဖြင်ကာ ထိုကျောက်ကို သိမ်းဆည်းထားလိုက်လေသည်။

ထို့နောက်၊ ဤရတီချိန် ၉၀-ကျော်ရှိ ကျောက်ကြီးအား (၂)ပိုင်းခွဲပြီးလျှင် တပိုင်းကို သူ၏ ယောက်ဖဖြစ်သူ မောင်ရွှေအားပေး၍ တရုတ်ပြည်ဖက်သို့ ရောင်းရန် စေလွှတ်လိုက်သည်၊ ကျန်အပိုင်းကို ငမောက်ကိုယ်တိုင် မြန်မာသက္ကရာဇ် ၁၀၂၃-ခုနှစ်တွင် ပင်းတလဲမင်း၏ညီတော် ပြည်မင်းအား ဆက်သည်။

ဘုရင်မင်းမြတ်မှာများစွာပင်ဝမ်းမြောက်လှသဖြင့် ငမောက်အား ဆုတော်ငွေများ ချီးမြှင့်တော်မူလေသည်။

ကျောက်တပိုင်းမှာ တရုတ်ပြည်ဖက်သို့ ရောက်သွား၏၊ ထိုအခါ တရုတ်ပြည်တွင် "မင်း"ခေါ် မင်းဆက်ပျက်စီး၍ တိုင်းပြည် မငြိမ်မသက်ဖြစ်နေရာ လူမြောက်မြားစွာတို့သည် မြန်မာပြည်သို့ ရောက်ရှိလာကြသည်၊ မြန်မာပြည်သို့ ဝင်ရောက်လာသူများက ငမောက်ပတ္တမြားတပိုင်းကို ပြည်ဘုရင်အား ဆက်သကြလေသည်။

ဘုရင်မင်းမြတ်လည်း ဝမ်းသာအားရပင် မိမိတွင်ရှိရင်းဖြစ်သော ကျောက်တခြမ်းနှင့် ဆက်စပ်ကြည့်ရာ တလုံးတည်းသောရှမငြိးသည့် ကျောက်ကြီးဖြစ်ကြောင်း သိရလေသည်၊ ထိုအခါ ဘုရင်မင်းမြတ်သည် "အဘယ်ကြောင့် သူ့အား ကျောက် တခုလုံးကို မဆက်သရသနည်း"ဟု ငမောက်ကို အမျက်တော် ပွားလေသည်။

ထိုကြောင့် ဘုရင်မင်းပရိယာယ်ဖြင့် ရေဝေးရာတောင်ကုန်းတွင် မီးလောင်စဉ်ကြီးများ ပြုလုပ်၍ ငမောက်၏ဆွေခုနစ်ဆက် မျိုးခုနစ်ဆက်တို့ကိုခေါ်၍ ကွပ်မျက်တော်မူလေသည်။

မီးတိုက်ခံနေသော အခြင်းအရာကို ငမောက်၏ အမဖြစ်သူ ဒေါ်နန်း မြင်လျှင် လွတ်မြောက်ရာသို့ ထွက်ပြေး လေသည်၊ တောင်ထိပ်တခုပေါ်သို့ ရောက်သောအခါ ပြန်လှည့်ကြည့်လိုက်ရာ၊ များစွာမှပင် ပူပင်သောက စိတ်ဒုက္ခရောက်၍ ရင်ကွဲနာကျလျက်၊ ထိုတောင်ပေါ်တွင် သေလေသည်၊ ဒေါ်နန်းက ထိုတောင်ပေါ်မှလှည့်၍"ကြည့်"လိုက်သောကြောင့် ထိုတောင်ကို "ဒေါ်နန်းကြည့်တောင်" နောက်မှ "ဒေါ်နန်းကြည်တောင်" ဟု ခေါ်ဆိုခဲ့သည်မှာ ယနေ့ထိပင်ရှိသည်၊ (မိုးကုတ်မြို့နယ် ကျပ်ပြင်ရွာ၏ တောင်ဘက်တွင်ရှိသော တောင်ဖြစ်၍ ထိုတောင်၏ ရှုခင်းမှာ အင်မတန်မှပင် သာယာလှပါသည်) ဒေါ်နန်း သေဆုံးရာ၌ လွမ်းစေတီကလေးတဆူပင် တည်ထားလျက်ရှိလေသည်၊ ငမောက် သေဆုံးသောရွာကို "လောင်းစင်ရွာ" ဟူ၍ရင်း၊ ရေဝေးရာအရပ်ဖြစ်၍ "ရေဝေး"ဟု ခေါ်ရာမှ ကာလ ရွေ့လျောလာသောအခါ "ရေဝေ"ဟု ပြောင်းလဲခေါ်ဆိုခဲ့ကြလေသည်။

ပြည်မင်း လက်ထက်မှစ၍ ပတ္တမြား ငမောက်ကို မြန်မာမင်းအဆက်ဆက်တို့ နန်းစဉ် ရတနာအဖြစ် ထိန်းသိမ်းလာခဲ့ကြရာ သီပေါမင်းလက်ထက် ခရစ်သက္ကရာဇ် ၁၈၈၅ ခုနှစ်တွင် မြန်မာ

နိုင်ငံ ဗြိတိသျှတို့ သိမ်းယူလေသော် ထိုငမောက် ပတ္တမြား ပါ သွားသည်ဟု သိရသည်။

ဤကား မိုးကုတ်ကျပ်ပြင်နှင့် ဆက်စပ်လျက်ရှိသောပတ္တမြား ငမောက်အကြောင်းတည်း။

## ကျပ်ပြင်မှ မိုးကုတ်သို့

နံနက် ၈-နာရီ ၂၀-မိနစ်၌ ကျပ်ပြင်မှ ထွက်ခဲ့ကြ၏၊ ကျပ်ပြင် ရွာမဈေးရပ် တောင်ပေါ်ကုန်း၊ ခေါင်းဦးပါ၊ ပန်းမ၊ ကသဲ၊ လူးထ၊ ကမ္ဘာအေးရွာ ဆိုသည်တို့ကို ကျော်ဖြတ်ခဲ့ရသည်၊ ဤရပ်ရွာ နာမည်များသည် မြန်မာဘုရင်က နန်းတော်တိုင် ခုတ်ခိုင်း၍ မိုးကုတ်မှ ခုတ်ခဲ့လျက် ဆင်နှင့်ဆွဲလာစဉ် အကြောင်း အမျိုးမျိုးကြောင့် အမည်အမျိုးမျိုး တွင်နေကြောင်း နားစွန်နားဖျားကြားခဲ့ရသည်၊ ထိုထိုရွာ၏ ရွာသားရွာသူများက သာသနာ့အောင်လံတော် တလူလူလွှင့်ထူလျက် ကားများဖြင့် ကြွရောက်လာတော်မူကြသော ကျေးဇူးရှင် မဟာစည် ဆရာတော် ဘုရားကြီး အမှူးရှိသော မဟာစည် ဓမ္မကထိက အဖွဲ့အား လမ်းသို့ထွက်၍ ကြိုဆိုဦးချ ပူဇော်ကြလေသည်။

ကျပ်ပြင်မှ ထွက်လာကတည်းက တောင်ဆင်းလမ်းဖြစ်သည်၊ ချောက်ကမ်းပါးများ တောင်မို့မို့များ၊ လှေခါးထစ် စိုက်ပျိုးခင်းများ၊ လီရှော ရွာငယ်များကို ကားပေါ်က မြင်ခဲ့ရသည်၊ ကျပ်ပြင်မှ မိုးကုတ်အထိ ပေ ၇၀၀-ကျော်မျှ ကွေ့ကာကောက်

ကာ တောက်လျှောက် လျှောဆင်းခဲ့ရသည်၊ လမ်းတလျှောက်လုံး ရှုခင်းမှာ သာယာလှပါသည်၊ သပိတ်ကျင်းမှ မိုးကုတ်အထိ ၉၉၉-ဘွေ့ရှိသည်ဟူ၏။

## မိုးကုတ်မြို့ ရောက်ပါပြီ

နံနက် ၉-နာရီခွဲသော် မိုးကုတ်မြို့ကို ဝင်ခဲ့ကြပါပြီ၊ ပျော်ချင်စဖွယ်ကောင်းသည်ဆို၍ မျှော်တလင့်လင့်ဖြင့် လာခဲ့ရသော မိုးကုတ်ကိုကားရောက်ရပါပြီ၊ ထို့ကြောင့် မဟာစည် ဓမ္မကထိက တဖွဲ့လုံး ကြည်နူးနေကြပါပြီ၊ မိုးကုတ်မြို့ကိုရောက်သော် ကားတန်းကြီးက မြို့ကိုတပတ် လှည့်လိုက်သေးသည်၊ ဤသို့လှည့်ခြင်းဖြင့် မဟာစည် ဓမ္မကထိက အဖွဲ့သည်လည်း မိုးကုတ်မြို့ကို ရောက်ရောက်ခြင်း ပူပူနွေးနွေး ကြည့်ရှုခွင့်ရကြသည်၊ မြို့လူထုလည်း မဟာစည် ဆရာတော်ဘုရားကြီး အမှူးရှိသော မဟာစည် ဓမ္မကထိကအဖွဲ့ ရောက်ကြောင်း သံသယကင်းစွာ သိခွင့်ရသည့်ပြင် ကြိုဆိုဖူးမျှော် ကြည်ညိုခွင့်လည်း ရကြ၏၊ ကောင်းသော အစီအစဉ်တရပ်ပင် ဖြစ်ပါသည်။

ရှေ့ဆုံးကားက "ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး ကြွရောက်တော်မူလာပြီဖြစ်ကြောင်း ကြိုဆိုဖူးမျှော်ကြည်ညိုကြပါရန် နှိုးဆော်ပါကြောင်း" ကို အသံချဲ့စက်ဖြင့် ကြွေးကျော်၍ တငြိမ့်ငြိမ့်မောင်း သွားလေသည်၊ ဆရာတော်ဘုရားကြီးအမှူးရှိသော မဟာစည်ဓမ္မကထိကအဖွဲ့ကို တင်ဆောင်သည့် ကားတန်းကြီးက နောက်ကတန်း၍ လိုက်ပါခဲ့လေသည်။ လမ်း

တလျှောက်၌ မြို့လူထုကလည်း မိမိတို့ အိမ်အသီးသီးမှထွက်၍ ရှိခိုးဦးတင်, ကြည်ညိုဖူးမျှော်ပူဇော်ကြလေသည်။

တောင်ပတ်လည် ဝန်းရံလျက်ရှိသော ချိုင့်ဝှမ်းကြီးအတွင်း၌ ဘုရားတန်ဆောင်း ကျောင်းကန်တို့အထွဋ် တင်လျက်တိုက်တာ အိမ်ခြေစည်ကားစွာ တည်ထားသော မိုးကုတ်မြို့ကို ကြည့်ရှု ဖွယ်ရာ တွေ့မြင်ရပါသည်၊ မြို့လယ်ရှိ ရေကန်ကို ပတ်ချာဝိုက်၍ ကားစီးခဲ့ရသောကြောင့် သာယာတင့်တယ် ရှုချင့်စဖွယ်သော မိုးကုတ်မြို့၏ ကန်တော်ကြီးကိုလည်း တွေ့ခဲ့ရလေသည်။

## မြို့လယ်သာသနာ့ရိပ်သာရောက်ပါပြီ

နံနက် ၁၀-နာရီ၌ မြို့လယ်သာသနာ့ရိပ်သာသို့ ရောက်ကြ၏၊ မြို့လယ်သာသနာ့ရိပ်သာကား ဓမ္မာရုံစံကျောင်းမြေညွှတ်စောင်းမျှ အပေါင်းကမ္ဗဋ္ဌာန်း ကျောင်းသခ်မ်းတို့ဖြင့် စိမ်းလန်းသာယာလှပါသည်၊ စိမ်းစိမ်းရွှင်ရွှင် သစ်တော်ပင် တို့ကလည်း အဆိုင်အဆိုင် အသီးခိုင်တို့ဖြင့် မြိုင်ဆိုင်လှပါသည်။

အထူးအားဖြင့် ဤတရားအားထုတ်ပွဲတော်အတွက် အလွယ် တကူသုံးဆောင်နိုင်ရန် စီမံထားသော အုတ်ရေကန်တို့မှာ ၁၃ လုံးပင် ရှိကြပါသည်၊ အလျားပေ ၁၀၀ အနံပေ ၉၀ ရှိ သုဓမ္မာမည်ခေါ် ဓမ္မာရုံတော်ကြီးနှင့် ၃-ထပ်တိုက် မဟာစည် စံကျောင်းကြီးများကိုလည်း တွေ့ရှိပါသည်၊ ၎င်းတို့ကို ဆောက် လုပ်ဆဲတည်း၊ မိုးရွာရွာနေသောကြောင့် အပြီးမသတ်နိုင်သေး ခြင်းဖြစ်ကြောင်း သိရသည်၊ ဤအဆောက်အဦကြီး ၂-ခုမှာ

ဤတရား အားထုတ်ပွဲအတွက် ရည်ရွယ်ဆောက်လုပ်ထားသော်လည်း မပြီးသေးသဖြင့် စိတ်တိုင်းကျ မသုံးစွဲနိုင်သေးပေ၊ ပြီးလျှင်မူ သုံးထပ်မဟာစည်စံကျောင်း၌ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးကိုသိတင်းသုံးစေ၍ သုဓမ္မာ ဓမ္မာရုံကြီးကိုမူ ယောဂီ (၁၀၀၀) တပြိုင်နက် တရားအားထုတ်ရာဌာနအဖြစ် ရည်ရွယ်ထားသည်ဟူ၏၊ယခုလောလောဆယ်၌မူ သုဓမ္မာကြီး၌ ယောဂီများကိုထမင်းကျွေးရန် စီမံ၍ ၃-ထပ်စံကျောင်းပြီးသမျှ၌ အမျိုးသမီးများကိုထားရန် စီမံရလေသည်။

"မိုးကုတ်မြို့သို့ ကြွရောက်လာပြီး ၁၃၁၆-ခုနှစ်မှာ ဖေါင်တော်ဦးဘုရားအနီးက မူလဌာန သာသနာ့ရိပ်သာ မဟာစည်ကမ္မဋ္ဌာန်းတိုက်ကိုတည်ထောင်ခဲ့တယ်၊ဒီမြို့လယ်သာသနာ့ရိပ်သာကိုတော့ ၁၃၂၄-ခုနှစ်ကမှ တည်ထောင်ရတယ်"ဟု ဆရာတော်ဦးမုနိန္ဒက မိန့်တော်မူပါသည်။

မြို့လယ်သာသနာ့ရိပ်သာသို့ ရောက်လျှင် ပရိသတ်အားလုံးသည် ကျောင်းအမကြီးဒေါ်စောရင်နှင့် အများကောင်းမှု မူလရှိရင်းဓမ္မာရုံကြီးထည်း၌ စုဝေးကြသည်၊ ဓမ္မာရုံအတွင်း၌ ပကတိလူတမျှကြီးမားသော သပ္ပါယ်တော်မူလှသော ဆရာတော်ဦးမုနိန္ဒ၏ ဓါတ်ပုံနှင့် ဗုဒ္ဓဝင်ရုပ်စုံပန်းချီများ၊ မှန်စီရွှေချပလင်ကြီးများမှာခမ်းနားထည်ဝါ ကြည်ညိုဖွယ်ရာကောင်းလှပါသည်။

ပရိသတ် စုံသောအခါ ပရိသတ်အားလုံးက ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးအား ကန်တော့ကြသည်။

ဆရာတော် ဘုရားကြီးက ဆုပေး၍ သီလ ချီးမြှင့်ပြီးနောက် နှုတ်ခွန်းဆက် စကား အနည်းငယ် မိန့်ကြားတော် မူသည်၊ ထို့နောက် မိုးကုတ်မြို့က အထူးစီမံဆက်ကပ်သော ဆွမ်းများ ကို မူလရှိရင်း စံကျောင်းကြီးပေါ်၌ ဘုဉ်းပေး ကြရသည်၊ သီလရှင်နှင့် ယောဂီများကား သုဓမ္မာ တန်ဆောင်းတော်ကြီး ထဲ၌ စားသောက်ကြရလေသည်။

## နေထိုင်ကြရပုံ

ဆရာတော်ဘုရားကြီးက ဒေါ်စောရင် ဓမ္မာရုံကြီး ခေါင်း ရင်းခမ်း၌ သီတင်းသုံးတော်မူရသည်၊ ဆရာတော်ဘုရားကြီးနှင့် လိုက်ပါလာကြသောမဟာစည်ဓမ္မကထိကကမ္မဋ္ဌာနာစရိယများ ထေရ်ကြီးဝါကြီးသံဃာတော်များ ကပ္ပိယဒကာမများက ဒေါ် စောရင် ဓမ္မာရုံကြီး၏ လက်ဝဲဖက် သီးသန့်အခန်းရှည်ကြီးထဲ၌ ၎င်း မူလရှိရင်း စံကျောင်းထဲ၌၎င်း သီတင်းသုံး နေထိုင်ကြရ သည်၊ တရားအားထုတ်မည့် ယောဂီရဟန်းတော်များက သိမ် တိုက်ပေါ်၌ သီတင်းသုံးကြရသည်၊ အမျိုးသား ယောဂီများ အမျိုးသမီး ယောဂီများကား မိမိတို့သက်ဆိုင်ရာ ကမ္မဋ္ဌာန်း ကျောင်းများ၌ နေကြရသည်။

## ကဆုန်လပြည့်ဗုဒ္ဓနေ့

ယနေ့ကား ကဆုန် လပြည့်နေ့ ဖြစ်သည်၊ ဤ ကဆုန်လ ရောက်လျှင် ကောင်းကင်ခရီး၌ ဝိသာခါကြယ်သည် စန်းခေါ် လမင်းစန္ဒာနှင့်ယှဉ်သည်၊ ဟတ္ထိ (ဆင်)တာရာကခြံရံလျက်ရှိ၏။

ကြတ္တိကာနက္ခတ်ကား နေမင်းနှင့်ယှဉ်၍၊ ဤကား ကမ္ဘာကို လှည့်ပတ်နေသော နေလနက္ခတ်တို့၏ ကဆုန်လ အနေအထား ဖြစ်သည်။

လေအပင့်၌ ရွှေစကားဝါနှင့် အရိုးစိမ်းသော မိုးစွေပန်း တို့လည်း ပွင့်ခဲ့ကြပါပြီ၊ စကားဝါပန်းပွင့်နှင့် မိုးစွေပန်းတို့ကို လှမ်းလင့်ဆွတ်ခူး၍ စိန္တေဦးတင်သူက တင်ကြ၍ ကေသာတွင် ပန်ဆင်သူတို့က ပန်ကြပေမည်။

## ဗျာဒိတ်တော်ပန်း—ဆင်မြန်းကဆုန်

ဤကဆုန်လပြည့်နေ့ကား ဗုဒ္ဓသာသနာဝင်တို့အတွက် ပိုမို ထူးခြားသော နေ့ဖြစ်၍၊ ဂေါတမ နွယ်ဘွား မြတ်ဘုရား၏ အလောင်းတော် သုမေဓာရှင် ရသေ့သည် ဒီပင်္ကရာဘော မြတ်စွာ၏ထွဋ်ချာ သေဌ်နင်းခြေတော်ရင်း၌ နိယတဗျာဒိတ် ပန်းကို ဆင်မြန်းတော် မူသည်မှာ ဤကဆုန်လပြည့် နေ့ပင် ဖြစ်သည်။

## မယ်မာယာဝမ်း—ကြွလှမ်းကဆုန်

ဂေါတမ မြတ်စွာဘုရား အလောင်းတော်သည် ဘိုးတော် အဉ္စနမင်းကြီး ဖို့ခွင်းသက္ကရာဇ် (၆၈)ခုနှစ်၌ မယ်တော်မာယာ မဟာဒေဝီ၏ ဝမ်းစေတီမှ ကြွချီဖွားမြင်တော်မူသည်မှာလည်း ဤကဆုန်လပြည့်နေ့ပင်ဖြစ်သည်။

## မိုးကုတ်၊ မိုးမိတ်၊ မအူပင်၊ မဟာစည်ဒေသနာခရီး ၅၉

### ရွှေညောင်ပေါဓိ—ပေါက်သည့်ကဆုန်

အာ- ပေါ- ကာ- ယ- ဆန်- ရွှေ- ကဏ်၊ ဟူသော ဘုရားအလောင်းတော်၏ ဘွားဘက်တော် ခုနှစ်မျိုးတို့တွင် တမျိုးအပါအဝင် ဖြစ်သော ပေါဓိညောင် ရွှေဗုဒ္ဓဟောပင် ပေါက်သည်မှာလည်း ဤကဆုန်လပြည့်နေ့ပင် ဖြစ်သည်။

### မြတ်ဗုဒ္ဓ-ဖြစ်ရဤကဆုန်

ဂေါတမမြတ်စွာဘုရားအလောင်းတော်သည် မဟာသက္ကရာဇ် (၁၀၃)ခုနှစ်၌ပေါဓိပင်နှင့် ရွှေပလ္လင်မှာ မာရ်ငါးပါးကိုအောင်မြင်ပြီးသဗ္ဗညုဘုရားဖြစ်တော်မူသည်မှာလည်း ဤကဆုန်လပြည့်နေ့ပင် ဖြစ်သည်။

### ဗုဒ္ဓဝင်စစ်-ဟောလစ်ကဆုန်

ဂေါတမနွယ်ဘွား၊ မြတ်ဘုရားသည်၊ မဟာသက္ကရာဇ် (၁၀၄)ခုနှစ်ဝယ် ကပိလဝတ်နေပြည်တော်၌ ဗုဒ္ဓဝင်တရားကို ဟောတော်မူသည်မှာလည်း ဤကဆုန်လပြည့်နေ့ပင်ဖြစ်သည်။

### ခန်ဓာတ်ရုပ်သိမ်း-ချုပ်ငြိမ်းကဆုန်

ဂေါတမမြတ်ဗုဒ္ဓသည်၊ မဟာသက္ကရာဇ် (၁၄၈) နှစ်ဝယ် ကုသိနာရုံပြည် မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်၌ ခန္ဓပရိနိဗ္ဗာန်စံတော်မူသည်မှာလည်း ဤကဆုန်လပြည့်နေ့ပင်ဖြစ်သည်။

## ခေတ်တော်စုရုံး-ချုပ်ဆိုးကဆုန်

သာသနာတော်နှစ် (၅၀၀၀) ငါးထောင်၌ မဇ္ဈိမဒေသ ဗောဓိပလ္လင်ဝယ် ခေတ်တော်အားလုံး စုရုံး၍ တန်ခိုးပြာဋိဟာ ပြတော်မူပြီးလျှင် ခေတုပရိနိဗ္ဗာန်စံဝင်တော် မူမည်မှာလည်း ဤကဆုန်လပြည့်နေ့ပင်ဖြစ်သည်။

## များဗုဒ္ဓ-ပွင့်ကြ၍ကဆုန်

ဂင်္ဂါဝါဠုသဲစုမက ပွင့်တော်မူကြသော ဘုရားရှင်တို့သည် သဗ္ဗညုဘုရားဖြစ်တော်မူကြသည်မှာလည်း ဤကဆုန်လပြည့်နေ့ ပင်ဖြစ်သည်။

ဤသို့ဤနှယ် ဂုဏ်ပေါင်းကြွယ်သည့် လပြည့်နေ့၌ ဗုဒ္ဓသာသနာဝင်တို့သည် ကဆုန်လပြည့်နေ့ ဗုဒ္ဓနေ့ ကျင်းပကြခြင်း၊ ကဆုန်ညောင်ရေးသွန်းပွဲတော် ကျင်းပကြခြင်း၊ ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်များကို ကျင့်သုံးပွားများကြခြင်းကို ပြုလုပ်ကြပေသည်။

## မြို့လယ် သာသနာ့ရိပ်သာ ဗုဒ္ဓနေ့ တရားပွဲ

ယခု ၁၃၃၅-ခုနှစ် ကဆုန်လပြည့် (ဤဗုဒ္ဓနေ့) နေ့လယ် ၁-နာရီအချိန်၊ မိုးကုတ်မြို့ မြို့လယ်သာသနာ့ရိပ်သာ ဒေါ်စောရင် ဓမ္မာရုံကြီးအတွင်း၌ကား မန္တလေးမြို့၊ ရတနာပုံသာသနာ့ရိပ်သာ ဦးစီးနာယက ကမ္မဋ္ဌာနာစရိယ မဟာစည် မေ့ကထိက ဆရာတော် ဦးသံဝရ အရှင်မြတ်က "ကဆုန်လပြည့် ဗုဒ္ဓနေ့ တရားတော်ကြီး"ကို ဟောကြားတော်မူသည်။

ထို့နောက် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မဟာစည် ဆရာတော်ဘုရားကြီးကလည်း "ဗုဒ္ဓဖြစ်တော်မူပုံ တရားတော်ကြီး" ကို ဟောကြားတော်မူပါသည်၊ တရားနာ ပရိသတ်မှာ တရိပ်သာလုံး အပြည့်အလျှံမျှ စည်ကားလှပါသည်။

## သံဃာ့ဥပုသ်ပြုကြသည်

တရားပွဲပြီးသော် ညနေ ၅-နာရီ၌ မိုးကုတ်မြို့လယ် သာသနာ့ရိပ်သာ သိမ်တိုက် ကျောင်းကြီးပေါ်ဝယ် သံဃာ့ဥပုသ် ပြုကြသည်၊ သံဃာတော်များမှာ နှယ်စုံလှကုန်၏၊ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် ပါတိမောက် ပြတော်မူ၏၊ ရန်ကုန် သာသနာ့ရိပ်သာ၌မူ ဗျတ္တိဗလ စွမ်းနိုင်သော အလှည့်ကျ ယောဂီဟောင်း ရဟန်းတော်များက ပါတိမောက် ပြတော်မူကြသည်၊ ယခုလို ခရီးထွက်ယင်း အရပ်တပါး၌မူ ကျေးဇူးရှင်ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင်ပါတိမောက် ပြတော်မူမြဲ ဖြစ်လေသည်၊ ယခုလို ခရီးသွားယင်း တပည့်တပါး ပါးကို ခိုင်းလျှင်လည်း ဖြစ်နိုင်သည်၊ သို့သော် ကြိုတင်နှုတ်လုံး သွင်းထားခြင်းမရှိပါက ဝန်လေးနေမည် စိုးသောကြောင့်လည်း ဖြစ်နိုင်သည်၊တပည့်များအပေါ်၌ငဲ့ညှာ၍ ကိုယ်တော်တိုင်နှုတ်ကြား ထကြွစွာ ပါတိမောက်ပြတော်မူခြင်းလည်း ဖြစ်နိုင်သည်၊ တရား ဟော၍ ပင်ပန်းနေသည်ကိုပင် ဂရုစိုက်တော်မမူပေ၊ ထိုထို ပင်ပန်းမှုတို့ကို သည်းခံတော်မူနိုင်သည်မှာ ချီးမွမ်းဘွယ်ပင်၊ ဆရာတော် ဘုရားကြီး၏ "ထကြွနှုတ်ကြား၊ သနားသည်းခံ၊

ဝေဘန်ဆောက်ရှု၊ ဤခြောက်ခု၊ ကြီးသူ့နာယကဂုဏ်”များနှင့် ပြည့်စုံတော်မူပုံကို အထူးကြည်ညို လေးစားမိပါသည်။

## ဥပသမ္ပဒကံဆောင်ခြင်း

ဥပုသ်ပြုပြီးသော် ဤမိုးကုတ်မြို့ ဓမ္မာနုဂ္ဂဟဓမ္မဒါန ပွဲတော်၌ ဒုလ္လဘ ရဟန်းပြု၍ တရားအားထုတ်ရန် ရည်သန်ချက်ဖြင့် ရေနံချောင်းမြို့မှ ဤရိပ်သာသို့ ရောက်ရှိနေသော အကျိုးဆောင် ဦးအေး ရှင်ဥက္ကံသကို ဥပသမ္ပဒ- ကံဆောင်ပေးရန် စီမံကြရဘောသည်။

ဤဥပသမ္ပဒ ကံဆောင်ပွဲ၌ ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ မဟာစည် ဆရာတော်ဘုရားကြီးက ဥပဇ္ဈာယ်အဖြစ် ဆောင်ရွက်တော်မူသည်၊ ရန်ကုန် သာသနာ့ရိပ်သာ ဒိဃနိကာယကောဝိဒ အရှင် ကေလာသက အနုသာသက (ရဟန်းသောင်းဆုံးမသူ) အဖြစ် ဆောင်ရွက်တော်မူသည်၊ ရဟန်းသောင်း ဆုံးမရာ၌ နဘေလက်ာများဖြင့် ရှည်လျားစွာ တန်ဆာဆင်၍ အနက် မပေးဘဲ ရန်ကုန်သာသနာ့ရိပ်သာ၌ ဆုံးမနေကျအတိုင်း ရဟန်း ဖြစ်မှုနှင့် နားလည်မှုကို ဦးစားပေးကာ လိုရင်း မြန်မာပြန်ဖြင့် သာ ဆုံးမတော်မူသည်၊ ခရမ်း သပြေကုန်း ဆရာတော်နှင့် ဆရာတော် ဦးသံဝရ၊ ရွှေဘို ဦးတိလောက စာရေးသူ စသည် တို့က ကမ္မဝါစာဖတ်ကြရ၏၊ ကံဆောင်ပြီးသော် ရေနံချောင်း မြို့ ရှင်ဥက္ကံသသည် ရဟန်းတော် ဦးဥက္ကံသအဖြစ်သို့ ရောက်ရှိ သွားလေသည်။

## အလုပ်ပေးတရား ဟောကြားခြင်း

ည ၇-နာရီ၌ ကျောင်းအမကြီး ဒေါ်စောရင် မွေ့ရုံကြီး အတွင်း၀ယ် ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးက ယောဂီများအား အလုပ်ပေးတရားတော်ကို ဟောကြားတော်မူပါသည်၊ ရဟန်းရှင်လူ ယောဂီပေါင်း ၄၀၀-လေးရာကျော်ခန့်ရှိပေသည်။

"အလျား ပေ ၁၀၀-အနံပေ ၆၀-ရှိ သုခမွေ့ရုံကြီး မပြီးသေးလို့သာပ၊ ပြီးလျှင် ယောဂီတထောင် တပြိုင်တည်း လက်ခံပြီး အားထုတ်စေလိုက်ရလျှင် အလွန်အားရစရာ ကောင်းမှာပဲ၊ အခုလဲ လေးရာကျော် ငါးရာဆိုတော့ မနဲလှပါဘူး" ဤသို့လျှင် အဂ္ဂမဟာ ဓမ္မကထိက လောကမာရဇိန် ရွှေဘိုဆရာတော် ဦးမုနိန္ဒက မိန့်တော်မူသည်၊ ဆရာတော်မှာ ထောင်နဲ့သောင်းနဲ့ သိန်းနဲ့ချီပြီး စည်ကားသော သာသနာပြုပွဲကြီးများကို ကျင်းပနေကျဖြစ်သည်။

ထို့ကြောင့် ဤယောဂီလေးရာကျော် ငါးရာခန့်ကိုပင်အားရသေးဟန်မတူပေ၊ အမှန်မှာ တရားအားထုတ်သော ယောဂီပရိသတ်အဖြစ်ဖြင့် ဤမျှဆိုလျှင် သင့်တော် လောက်ပေပြီ၊ တရက်လည်းမဟုတ်၊ နှစ်ရက်လည်းမဟုတ်ဘဲရက်ပေါင်းများစွာဖြင့်သောကြောင့် ယောဂီများကို နေ့စဉ်ကျွေးမွေးရန် စီမံရမည့်တာ၀န်, နေရာထိုင်ခင်းတာ၀န်, တရားစစ်ဆေးရမည့် တာ၀န်စသည့်တာ၀န်များကား နှယ်နှယ်ရရတာ၀န်များ မဟုတ်ကုန်၊ အားစိုက်ခွန်စိုက် စေ့စပ်သေချာစွာ ဆောင်ရွက်ရမည့် တာ၀န်

များဖြစ်ကုန်၏၊ ဤလိုဓမ္မာနုဂ္ဂဟဓမ္မဒါနစစ်စစ် သာသနာပြုပွဲ ကျင်းပရသည်မှာ အလွန်တရာပင် အားရဝမ်းမြောက်ဖွယ် ကောင်းလှပါသည်။

## ဩဝါဒထူး

ယနေ့ကား ၁၃၃၅-ခု ကဆုန်လဆုတ် ၁-ရက်နေ့ဖြစ်သည်၊ မိုးကုတ်ရောက်သော ၂-ရက်မြောက်နေ့ဖြစ်၏၊ နံနက် ၆-နာရီ၌ သံဃာတော်အားလုံး ဓမ္မာရုံကြီးအတွင်းသို့ စုရုံးကြ၏။

သံဃာစုံသောအခါ ဤမိုးကုတ်မြို့-မြို့လယ်သာသနာ့ရိပ်သာ၏ ဦးစီးနာယကဖြစ်တော်မူသော အဂ္ဂမဟာဓမ္မကထိက လောကမာရဇိန် ရွှေဘိုဆရာတော်ဦးမုနိန္ဒက "ဒီဓမ္မာနုဂ္ဂဟ ဓမ္မဒါနပွဲကြီးမှာ ပင့်ဆောင်ရေးတာဝန်ခံ ရွှေဘိုမြို့ စေတီတော်ရိပ်သာ ဆရာတော် ရွှေဘိုဦးတိလောက၏ ပင့်လျှောက်လွှာဆက်ကပ်၍ ဆောင်ရွက်ချက်အရ ယခုလို သံဃာတော်များက ရွှေတန်းမှကြွရောက် အားပေးတော်မူကြပါသဖြင့် အထူးဝမ်းမြောက်လှပါကြောင်း၊ သံဃာတော်များကြွရောက်၍ တရားအားထုတ်တော်မူကြခြင်းဖြင့် တပည့်တော်များမှာလည်း ဓမ္မာနုဂ္ဂဟဓမ္မဒါနကုသိုလ်ထူးကို ဆည်းပူးခွင့်ရရှိပါကြောင်း၊ ထို့ကြောင့် ပင့်ဘိတ်လွှာ၌ ပါသည့်အတိုင်း မဟာသတိပဋ္ဌာန် ဝိပဿနာတရားများကိုလည်း ကြိုးစားအားထုတ်တော်မူကြပါရန် အထူး တိုက်တွန်း လျှောက်ထားရပါကြောင်း" စသည်ဖြင့် သံဃာတော်များအား အထူးလျှောက်ထားလေသည်။

ထို့နောက် ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးက အထူးဩဝါဒတရားကို မိန့်ကြားတော်မူလေသည်။ ဩဝါဒမိန့်ကြားတော်မူရာ၌—

"အာရဗ္ဘထ နိက္ကမထ၊ ယုဉ္ဇထ ဗုဒ္ဓသာသနေ၊
ဓုနာထ မစ္စုနော သေနံ၊ နဠာဂါရံဝ ကုဉ္ဇရော။

ဗုဒ္ဓသာသနေ၊ ဗုဒ္ဓမြတ်စွာ သာသနာတော်၌။ တုမှေ၊ သင်တို့သည်။ အာရဗ္ဘထ၊ စ၍အားထုတ်ကြပါလော့။ ဝါ၊ သမထဝိပဿနာစသည်တို့၌ ဝီရိယကို ပြုကြကုန်လော့။နိက္ကမထ၊ကာမမှ ထွက်မြောက်အောင် အားထုတ်ကြကုန်လော့။ ဝါ၊ ပျင်းရိခြင်းကောသဇ္ဇမှ လွတ်မြောက်ရန် ကာမတို့ကို ဖျက်ဆီးနိုင်ရန် အားထုတ်ကြကုန်လော့။ ယုဉ္ဇထ၊ အားထုတ်ပြီးငြား ရပ်မထားဘဲ တရားစွဲအောင် အမြဲမပြတ်ရှုမှတ်အားထုတ်ကုန်လော့။ဝါ၊မိမိတို့ရည်မှန်းသည့် မဂ်ဖိုလ်ပန်းတိုင် ရောက်အောင် အားထုတ်ကြပါကုန်လော့။ ကိမိဝ၊ ဥပမာပုံဆို ဘယ်လိုနည်းဟူမူကား။ ကုဉ္ဇရော၊ အားအင်ပြည့်ဆောင် ဆင်ပြောင်ကြီးသည်။ နဠာဂါရံ၊ ကျူထရံအိမ်ကို။ ဓုနာတိဣဝ၊ မှုန့်မှုန့်ညက်ညက် နင်းချေဖျက်သကဲ့သို့။ ဝေံ၊ ဤအတူ။ မစ္စုနော၊ သေမင်း၏။ သေနံ၊ လောဘဒေါသ မောဟ စသော ကိလေသာ စစ်သည်အပေါင်းကို။ ဓုနာထ၊ ပင့်သန္ဓေ အိုနာသေ ဝဋ္ဋဇာတ်ငြိမ်းအောင် ဖျက်သိမ်းလိုက်ကြပါကုန်လော"ဟူသော ဂါထာပါဠိနှင့် အနက်ကို ရှေးဦးစွာ မိန့်ကြားတော်မူလေသည်၊ ထို့နောက် ဤသို့ ဆက်လက်မိန့်တော်မူ၏။

"ဆရာတော် ဦးမုနိန္ဒ စီမံထားတဲ့ ဓမ္မာနုဂ္ဂဟဓမ္မဒါနပွဲမှာ ခုလို သံဃာတော်များ လာရောက်ပြီး တရားအားထုတ်တော်မူကြတာဟာ အလွန် ဝမ်းမြောက်ဖွယ်ကောင်းပါတယ်၊ ဒါမှလဲ သံသာရဝဋ္ဋဒုက္ခတောမောစနတ္ထာယပဗ္ဗဇ္ဇံယာစာမိ (ဥပသမ္ပဒံယာစာမိ) သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ရန် ရှင်ရဟန်းအဖြစ်ကို တောင်းပန်ပါ၏" ဆိုခဲ့တာနဲ့ လိုက်လျောကိုက်ညီမယ်။

•

စပ်မိလို့ ပြောရဦးမယ်၊ ဘုန်းကြီးငယ်ငယ်၁၂-နှစ်အရွယ်တုန်းက အစ်ကို(ဝမ်းကွဲ)တယောက် ကိုရင်ဝတ်တာကိုမြင်တာနဲ့ ကိုရင်ဝတ်ချင်ခဲ့တယ်၊အဲဒီတုန်းက သံသရာဝဋ်ဆင်းရဲက ထွက်မြောက်ဖို့ဆိုတာကို ကောင်းကောင်း မသိသေးပါဘူး၊ သူကိုရင်ဝတ်လို့ ဝတ်ချင်တာပါဘဲ၊ ဒါနဲ့ ကိုရင်ဝတ်တော့ ဆရာဘုန်းကြီးက သေခိယ-ရှင်ကျင့်ဝတ်ရအောင်ကျက်ရမယ်-ဆိုလို့ ကျက်ခဲ့ရတယ်၊ ငယ်ငယ်ဆိုတော့ ဉာဏ်ကလဲ ကောင်း, လိုကလဲ လိုချင်တော့ သေခိယ ရှင်ကျင့်ဝတ်ကို ၃-ရက်နဲ့ အာဂုံ အလွတ်ရအောင် ကျက်နိုင်ခဲ့တယ်၊ နောက်တဖြေးဖြေး စာသင်ရင်းမှ တဖြေးဖြေးနဲ့ "သံသာရဝဋ္ဋဒုက္ခတောမောစနတ္ထာယ"ကို သဘောပေါက်လာတယ်၊ သံသရာဝဋ်ဆင်းရဲက လွတ်ချင်ယင် မဟာသတိပဋ္ဌာန်ဝိပဿနာတရားကို အားထုတ်ရမယ်ဆိုတာ သိလို့ ကိုယ်တိုင်လဲ အားထုတ်၊အများကိုလဲ ဟောကြားပြသဖြစ်လာတယ်" ဤသို့လျှင် ဆရာတော်ဘုရားကြီးက ရှင်ရဟန်းပြုခြင်း၏ ရည်ရွယ်ချက်နှင့် ရည်ရွယ်ချက်အားလျော်စွာ လုပ်ဆောင်ရမည့် လမ်းစဉ်ကို ကိုယ်တော်တိုင်တွေ့ သာဓကကိုပါပြ၍လိုရင်းမိန့်တော်မူပါသည်။

သံဃာပရိသတ်ကား တိတ်ဆိတ်ငြိမ်သက်စွာ ကြားနာနေတော်မူကြပါသည်၊ ထို့နောက် ဤသို့ ဆက်လက် မိန့်တော်မူပါသည်။

"သံသရာ ဝဋ်ဆင်းရဲက လွတ်အောင် ကိလေသာကာမှ ထွက်မြောက်အောင် တရား အားထုတ်တဲ့အခါမှာ ဝီတိက္ကမ ကိလေသာကို သီလသိက္ခာနဲ့ သတ်ရတယ်၊ ပရိယုဋ္ဌာနကိလေသာကို သမာဓိသိက္ခာနဲ့ သတ်ရတယ်၊ အနုသယကိလေသာကို ပညာသိက္ခာနဲ့ သတ်ရတယ်။

ယခု ဘုန်းကြီးတို့ပြသနေတဲ့ မဟာသတိပဋ္ဌာန် သုဒ္ဓဝိပဿနာ ရှုနည်းမှာက သမာဓိနှင့် ပတ်သက်လို့ ခဏိကသမာဓိ ဥပစာရ သမာဓိ၊အပ္ပနာသမာဓိဆိုတဲ့ သမာဓိသုံးမျိုးရှိတဲ့အနက်၊ ပေါ်ရာ ပေါ်ရာ ရုပ်နာမ်အာရုံမှာ သတိဉာဏ်မပြတ် ကပ်တည်နေတဲ့ ခဏိကသမာဓိကိုယူတယ်၊သမထယာနိကဝိပဿနာရှုနည်းတွေလို ဥပစာရသမာဓိ အပ္ပနာသမာဓိများကို သီးခြား မထူထောင်ရတော့ဘူး၊ ဒါပေမဲ့ ဝိပဿနာရှုယင်း သမာဓိနှင့် ဉာဏ်အားကောင်းလာတဲ့အခါမှာ ဥပစာရသမာဓိ၊ အပ္ပနာသမာဓိတို့နှင့် ညီမျှတဲ့ သမာဓိမျိုးကိုလဲ တွေ့ရတတ်ပါသေးတယ်။

အနုသယမှာလဲ အာရမ္မဏာနုသယ၊ သန္တာနာနုသယ- လို့ နှစ်မျိုးရှိတယ်၊ မရှုမှတ်မိတဲ့ အာရုံမှာ ကိန်းနိုင်ဖြစ်နိုင်တဲ့ အာရမ္မဏာနုသယ ကိလေသာကို ဝိပဿနာဉာဏ်နဲ့ ရှုမှတ်ပြီးပယ်ရတယ်၊ ဝိပဿနာဉာဏ်က ပယ်နိုင်တယ်၊ သံသရာတခွင်တုန်းကတည်းက မိမိတို့ ခန္ဓာအစဉ်မှာ ကိန်းအောင်းစွဲငြိလာခဲ့တဲ့

သန္တာနာနုသယကိုတော့ ဝိပဿနာဉာဏ် အဆင့်ဆင့် ပြည့်စုံလို့ မဂ်ဉာဏ်အဆင့်ဆင့်ရောက်မှ သက်ဆိုင်ရာ သန္တာနာနုသယ ကိလေသာတွေကို သက်ဆိုင်ရာ မဂ်ဉာဏ်များက အဆင့်ဆင့် ပယ်သွားနိုင်ပါတယ်၊ ကာယဒုစရိုက် ဝစီဒုစရိုက်တွေကို ကျူးလွန်ကျော်နင်းတတ်တဲ့ ဝီတိက္ကမ ကိလေသာတွေကို သီလသိက္ခာနဲ့ ပယ်နိုင်ပုံကတော့ ထင်ရှားပါပြီ။

အထူးအားဖြင့် သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ အခြေခံပြည့်စုံပြီး ဝိပဿနာဉာဏ်မပြတ် ဖြစ်အောင် ရှုမှတ်နေဘို့က အရေးကြီးပါတယ်၊ ကဲ ဒါလောက်ဆို တော်ပါပြီ၊ ယခုဆုံးမတဲ့ ဩဝါဒတိုက်တွန်းချက်အတိုင်း ကြိုးစားအားထုတ်နိုင်ကြ၍ ဒုက္ခကင်းရာ နိဗ္ဗာန်ချမ်းသာကို လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေ''၊ (သာဓု၊ သာဓု၊ သာဓု)

ဤသို့လျှင် ဆရာတော်ဘုရားကြီးက ကိလေသာ ပယ်ပုံနှင့်တကွ မပြတ်ရှုမှတ်ဘို့ အရေးကြီးပုံများကို လိုရင်း မိန့်တော်မူ၍ သံဃာတော်များအတွက် အထူး မိန့်ကြားချက် ဩဝါဒတရားကို အဆုံးသတ်တော် မူလိုက်ပါသတည်း။

## နေ့ညတရားပွဲ

နေ့ ၁-နာရီ၌ ရွှေစည်ဆရာတော်က ''ဇရာမရဏစက်ကွင်း မလွတ်ကင်း တရားတော်'' ကို ဟောကြားတော်မူသည်၊ ထို့နောက် နေ့ ၂-နာရီခွဲရင်း ည ၇-နာရီခွဲပင်း ကျေးဇူးရှင် မဟာ

စည် ဆရာတော်ဘုရားကြီးက ဟောကြားတော် မူပါသည်၊ ဟောကြားတော်မူသော တရားတော်မှာ "ဝိပဿနာဉာဏ် ဖြစ်ပေါ်ပုံ တရားတော်ကြီး" ဖြစ်ပါသည်။

## သာသနာပြုပုံ အစီအစဉ်

ယနေ့ကား ၁၃၃၅ခု၊ ကဆုန်လဆုတ် ၂-ရက်နေ့ဖြစ်သည့်၊ ကဆုန်လပြည့်မှ နယုန်လပြည့်နေ့အထိ ရက်၃၀-တရားအား ထုတ်ပွဲ ကျင်းပရန် သေချာသွားလေပြီ၊ ထို့ကြောင့် ဆရာတော်ဘုရားကြီးက နေ့စဉ် သာသနာပြုရမည့် အစီအစဉ်ကို မနေ့ညနေကပင် သင်ပုန်းကြီးများ၌ရေးကာ ချမှတ်ခဲ့လေသည်။

## ယောဂီတို့ နေ့စဉ်လုပ်ရှားပုံ

ထိုစီစဉ်ချက်အရ ယောဂီတို့သည် ၂၄-နာရီ တရက်လျှင် ညအိပ်ချိန် ၄-နာရီမှအပ မဟာသတိပဋ္ဌာန် ဝိပဿနာတရားကို မပြတ် ဒလစပ် ရှုမှတ်ပွားများ ကြရလေသည်။

နံနက် ၃-နာရီ အချိန်ရောက်လျှင် အချက်ပေးသံချောင်း ခေါက်သံသည် တရိပ်သာလုံး သိမ့်သိမ့် ညံသွားပါသည်၊ "ယောဂီများ တရားအားထုတ်ချိန် ရောက်ပြီဖြစ်ပါ၍ မမွာရိုပေါ် လာခောက် တရားအားထုတ်ကြရန် နှိုးဆော်ပါတယ်" ဟူသော အကျိုးဆောင် ရွှေဘို ဦးတိလောက ဆရာတော်၏ နှိုးဆော်သံနှင့် မရှေးမနှောင်း၌ ရိပ်သာအတွင်းရှိ ယောဂီ အားလုံး အိပ်ရာမှထကြပါသည်၊ သတိအမှတ်ဖြင့် အိပ်ရာမှယကြ၍

သတိအမှတ်ဖြင့်ပင် မျက်နှာသစ်ကြသည်၊ သတိအမှတ်ဖြင့် စကြံ့န်သွားကြသည်။

ထို့နောက် နံနက် ၃-နာရီ ၃၀-မိနစ်၌ သာယာသော ကြေးမောင်းသံ ကြားရပြန်ပါသည်၊ ထိုကြေးမောင်းသံနှင့် မရှေးမနှောင်းပင် ယောဂီအားလုံး အမှတ်တရားဖြင့် မိမိတို့နေရာ အသီးသီးမှ ထွက်ခဲ့ကြသည်၊ ဒေါ်စောရင် ဓမ္မာရုံကြီးပေါ်သို့ အညီအညွတ် တက်ရောက်၍ တရားထိုင်ကြသည်။

နံနက် ၆-နာရီအချိန်၌ ကြေးမောင်းတီးသံ ထွက်ပေါ်လာပြန်ပါသည်၊ ထိုအသံနှင့် မရှေးမနှောင်းပင် "သံဃာတော်အားလုံး စံကျောင်းပေါ်သို့ ကြွရောက်၍ ယာဂု ဘုဉ်းပေးတော်မူကြပါဘုရား" ဟူသော အကျိုးဆောင်ဆရာတော်ဦးတိလောက၏ သာယာသော ပင့်ဖိတ်သံကို ကြားရပါသည်၊ ထို့ကြောင့် သံဃာတော်အားလုံး စံကျောင်းပေါ်ကြွ၍ ယာဂုဘုဉ်းပေးကြပါသည်။

ထို့နောက် ဒုတိယ ကြေးမောင်းသံနှင့်အတူ "သီလရှင်ဆရာ ယောဂီများ အမျိုးသား အမျိုးသမီး ယောဂီများ သုဓမ္မာ ဓမ္မာရုံ တန်ဆောင်းတော်ကြီးသို့ လာရောက်၍ ဆန်ပြုတ် သုံးဆောင်ရန် နှိုးဆော်ပါတယ်" ဟူသော ဆရာတော် ဦးတိလောက၏ မင်္ဂလာရှိသော အသံကို ကြားရပြန်ပါသည်၊ ထို့နောက် ထိုယောဂီအားလုံး သုဓမ္မာ တန်ဆောင်းတော်ကြီးသို့သွား၍ ဆန်ပြုတ် သောက်ကြလေသည်၊ ထို့နောက် ယောဂီအားလုံး အမှတ်တရားဖြင့် စင်္ကြံလျှောက်ကြသည်။

နံနက် ၇-နာရီ ကြေးမောင်းတီးပြန်လျှင် ယောဂီအားလုံး ဒေါ်စောရင် ဓမ္မာရုံကြီးပေါ်စု၍ သီလခံယူပြီး တရားထိုင်ကြပါသည်။

နံနက် ၈-နာရီ၌ ယောဂီအားလုံး တရားစစ်ခံကြရပါသည်။

နံနက် ၉-နာရီ၌ တနေ့ ဆွမ်းအလှူရှင်တို့၏ ရေစက်ချ ဒါန မောဒနာ တရားပွဲကျင်းပရာ ဒေါ်စောရင် ဓမ္မာရုံကြီးပေါ်၌ပင် ယောဂီအားလုံးပါ တရားနာကြရပါသည်။

နံနက် ၁၀-နာရီ ၁၅-မိနစ်၌ ပထမ ကြေးမောင်းတီးပြန်သော် သံဃာတော်အားလုံး စံကျောင်းပေါ်ကြွ၍ နေ့ဆွမ်းဘုဉ်းပေးတော်မူကြရ၏။

ဒုတိယ ကြေးမောင်းတီးပြန်လျှင် သီလရှင်နှင့် အမျိုးသား အမျိုးသမီး ယောဂီအားလုံး သုခမ္မာ တန်ဆောင်းကြီးပေါ် သွားရောက်၍ နေ့စာစားကြရ၏။

နေ့ ၁-နာရီ ကြေးမောင်းတီးသော် ယောဂီအားလုံး ဒေါ်စောရင် ဓမ္မာရုံကြီးပေါ်၌ တရားနာကြရ၏၊ ထို့နောက် တရားထိုင်ကြရလေသည်။

ညနေ ၆-နာရီ၌ နံနက်က တရားစစ်မခံရသေးသော ယောဂီများ တရားစစ်ခံကြရပါသည်။

ည၇-နာရီ၌ ကြေးစည်သံ ခေါင်းလောင်းထိုးသံ သံချောင်းခေါက်သံတို့သည် တရိပ်သာလုံး သိမ့်သိမ့်ညံသွားပြန်ပါသည်၊

ထိုအခါ ယောဂီအားလုံး ဒေါ်စောရင် ဓမ္မာရုံကြီးပေါ်၌ တရားနာကြရပြန်ပါသည်၊ တရားနာပြီးသော် တရားအားထုတ်ကြရပါသည်။

ည ၁၀-နာရီ၌ အချက်ပေးသံချောင်းခေါက်သော် ယောဂီအားလုံး မိမိတို့နေရာအသီးသီးသို့ အမှတ်တရားဖြင့်ပြန်၍မအိပ်မီ တရားဆက် အားထုတ်ကြရသည်။

ဤကား နေ့စဉ်ယောဂီယျသာသနာပြုပုံ အစီအစဉ်ဖြစ်သည်၊ အကြောင်းထူးရှိသောအခါ အချို့အစီအစဉ်ကို အနည်းငယ် ရွှေ့ပြောင်းရသည်လည်းရှိသေးသည်၊ ယောဂီများမှာ ရက်၃၀ ပတ်လုံး ၃၀၀-မှ ၅၀၀အတွင်း အတက်အကျ အဝင်အထွက် ရှိကြသည်၊ ထွက်သွားသူများရော အသစ်ဝင်ရောက် အားထုတ် သူများကိုပါ ရေတွက်လျှင် ယောဂီပေါင်း တထောင်ကျော်ခန့် ရှိပါသည်။

## နေ့စဉ်တရားဟောကြားပုံအစီအစဉ်

ဤရက်သုံးဆယ် တရားအားထုတ်ပွဲကြီး၌ဆွမ်းအနုမောဒနာ တရားနှင့် ယောဂီများ သဒ္ဒါဝိရိယတက်ကြွစေရန်အတွက် မဟာ သတိပဋ္ဌာန် ဝိပဿနာတရားတို့ကို ကျေးဇူးရှင် မဟာစည်ဆရာ တော်ဘုရားကြီး အမှူးရှိသော ထိုထိုရိပ်သာ ဆရာတော်များ ဓမ္မကထိက ဆရာတော်များက ဟောကြားတော်မူကြပါသည်။ ထိုဆရာတော်များမှာ အောက်ပါအတိုင်း ဖြစ်တော်မူကြကုန်၏။

၁။ ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော် ဘုရားကြီး၊
၂။ အဂ္ဂမဟာဓမ္မကထိက လောကမာရဇိန်ရွှေဘိုဆရာတော် ဦးမုနိန္ဒ၊
၃။ ပြည်မြို့သိမ်ကုန်းကျောင်းတိုက် တိပိဋကဓရဆရာတော် ဦးကောသလ္လ။
၄။ ခရမ်းမြို့ သပြေကုန်း သာသနာ့ရိပ်သာဆရာတော် ဦးသုမန၊
၅။ ကျောက်မြောင်းမြို့ ရွှေခွန်ရိပ်သာဆရာတော် ဦးသုနန္ဒ၊
၆။ မန္တလေးမြို့ ဝါခင်းကုန်း ဇောတိကာရာမ ဆုံးဖြူသာသနာ့ရိပ်သာဆရာတော် ဦးဇောတိက၊
၇။ ရန်ကုန်မြို့၊ သာသနာ့ရိပ်သာ (နာယက - ကမ္မဋ္ဌာနာစရိယ) ဓမ္မကထိက ဟံလင်းကြီးဆရာတော် ဦးဝိဇယ၊ (ယခု၊ မန္တလေး ရတနာပုံရိပ်သာဆရာတော်)
၈။ မန္တလေးမြို့၊ စိန်ပန်းရပ် ရတနာပုံသာသနာ့ရိပ်သာ သိရိပဝရဓမ္မာစရိယဆရာတော် ဦးသံဝရ၊ (ယခုရန်ကုန် သာသနာ့ရိပ်သာ)
၉။ မန္တလေးမြို့၊ နန်းရှေ့ ရွှေစည်ရိပ်သာဆရာတော် ဦးကုလိသ၊
၁၀။ ရွှေဘိုမြို့ စေတီတော်ရိပ်သာဆရာတော် ဦးတိလောက၊
၁၁။ ရန်ကုန်မြို့၊ ကမ္ဘာအေး- သာသနာပြုနယ်လှည့် ဓမ္မကထိကဆရာတော် ဦးပညာဒီပ၊
၁၂။ ကျောက်ပန်းတောင်းမြို့ဓမ္မကထိကဆရာတော်ဦးသေိက၊

၁၃။ ပုသိမ်မြို့ အောင်မြေဘုံကျော် မဟာစည်သာသနာ့ရိပ်သာဆရာတော် ညောင်ကန်အရှင်ဣန္ဒက။(ယခု ရန်ကုန်သာသနာ့ရိပ်သာ)

ဤ၌ ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီးသည် ဆွမ်းအနုမောဒနာတရားကိုင်း၊ နေ့စဉ် နေ့ ၁-နာရီနှင့် ည ၇-နာရီအချိန် မဟာသတိပဋ္ဌာန် ဝိပဿနာတရားများကိုင်း ဟောကြားတော်မူရပါသည်။

လောကမာရဇိန် ရွှေဘိုဆရာတော်ဦးမုနိန္ဒသည် ကျေးဇူးရှင်မဟာစည် ဆရာတော်ဘုရားကြီး ဆွမ်း အနုမောဒနာတရား မဟောကြားမီ ရှေ့ပိုင်းနာရီဝက်ခန့် ဆွမ်းအနုမောဒနာတရားကိုင်း၊ ည ၇-နာရီအချိန် ရှေ့ပိုင်းတနာရီခန့် မဟာသတိပဋ္ဌာန် ဝိပဿနာတရားကိုင်း ဟောကြားဘော်မူပါသည်၊ ကျန်ဆရာတော်များမှာကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးတရားမဟောကြားမီ ရှေ့ပိုင်းနေ့တနာရီအချိန်၌ အလှည့်ကျဟောဘော်မူကြပါသည်၊ ထိုပြင် ပြည်မြို့ တိပိဋကဓရဆရာတော်၊ ရန်ကုန်ကမ္ဘာအေးဆရာဘော် ဦးပညာဒီပ၊ကျောက်မြောင်းမြို့ ရွှေခွန်ရိပ်သာဆရာတော်၊ မန္တလေးမြို့ရတနာပုံ သာသနာ့ရိပ်သာဆရာတော်ဦးသံဝရ၊ ကျောက်ပန်းတောင်းမြို့ ဓမ္မကထိကဆရာတော်ဦးသေိကဘို့သည် ပြန်စရာအကြောင်းကိစ္စ ရှိတော်မူကြသောကြောင့်ရက်သတ္တတပတ်ခန့်အတွင်းပြန်ကြွသွားတော်မူကြသဖြင့် တကြိမ်နှစ်ကြိမ်စီမျှလောက်သာ ဟောကြားတော်မူကြပါသည်၊ ကျန်ဆရာတော်တို့ကသာ တရားပွဲကြီးပြီးဆုံးသည်အထိ အကြိမ်ကြိမ်အလှည့်ကျ ဟောကြားတော်မူကြရပါသည်၊ မန္တလေးမြို့

မြေနီကျင်း သာသနာ့ရိပ်သာ ဆရာတော် ဦးဥက္ကံသ မှာမူ အကြောင်းထူး အရေးကြီးသော ကိစ္စပေါ်၍ ကြွေးနန်းလာသောကြောင့် ပြန်သွားတော်မူရသဖြင့် တရားပင်တပွဲမျှ ဟောကြားသွားတော်မမူရရှာပေ၊ တရားအားထုတ်ဆဲ ယောဂီရဟန်းတော်များထဲ၌ပင် ဓမ္မကထိကဆရာတော်များပါတော်မူကြသေးသော်လည်း တရားအားထုတ်ဆဲဖြစ်သောကြောင့် တရားဟောကြားခွင့်ရတော်မမူကြပေ၊ ဓမ္မကထိကပေါင်းစုံ ကြွရောက်သောအံ့သြဖွယ်ကောင်းမြောက်ဘွယ်ရာ ဓမ္မာနုဂ္ဂဟဓမ္မဒါနပွဲကြီးပေတကား။

## နေ့စဉ်တရားစစ်ဆေး ညွှန်ကြားပုံ အစီအစဉ်

ဤဓမ္မာနုဂ္ဂဟဓမ္မဒါနပွဲကြီး၌ ယောဂီများကို နေ့စဉ်တရားစစ်ဆေးညွှန်ကြားစောင့်ရှောက်ခြင်းလုပ်ငန်းသည်လည်း အဓိကကျသော လုပ်ငန်းကြီးဖြစ်သည်၊ ထိုလုပ်ငန်းကို အောက်ပါအတိုင်း ကမ္မဋ္ဌာနာစရိယဆရာတော်များက ဆောင်ရွက်တော်မူကြပါသည်။

သံဃာတော် ယောဂီများတွင် ထေရ်ကြီးဝါကြီးပုဂ္ဂိုလ်များကို ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် တရားစစ်ဆေးညွှန်ကြားတော်မူပါသည်။

သတင်းငယ်ယောဂီရဟန်းတော်များကိုခရမ်းမြို့ သပြေကုန်းရိပ်သာဆရာတော်က တရားစစ်ဆေးညွှန်ကြားတော်မူပါသည်။

အမျိုးသားယောဂီများကို ရန်ကုန်သာသနာ့ရိပ်သာ ကမ္မဋ္ဌာနာစရိယ ဟံလင်းကြီးဆရာတော်က စစ်ဆေးညွှန်ကြားတော်မူပါသည်။

အမျိုးသမီးယောဂီများကို မန္တလေးမြို့ အရှေ့ပြင် ဝါခင်းကုန်း ဇောတိကာရာမဆုံးဖြူသာသနာ့ရိပ်သာဆရာတော် ဦးဇောတိက၊ မန္တလေးမြို့ စိန်ပန်းရတနာပုံသာသနာ့ရိပ်သာဆရာတော် ဦးသံဝရ၊ မန္တလေးနန်းတော်ရှေ့ ရွှေစည်ရိပ်သာဆရာတော်ဦးကုလိသတို့ကသုံးစုခွဲ၍ တရားစစ်ဆေးညွှန်ကြားတော်မူကြပါသည်။

ကဆုန်လဆုတ် ၈- ရက်နေ့၌ မန်းရတနာပုံသာသနာ့ရိပ်သာဆရာတော် ဦးသံဝရ ပြန်ကြွတော်မူသောကြောင့်ရှင်း အမျိုးသမီးယောဂီများကို ပုသိမ်မြို့ အောင်မြေဘုံကျော် မဟာစည်သာသနာ့ရိပ်သာ ဆရာတော် - ညောင်ကန်-အရှင်ဇလန္ဒက အရှင်မြတ်က တရားစစ်ဆေးညွှန်ကြားတော်မူရပါသည်။

ဤကမ္မဋ္ဌာနာစရိယ ခမ္မကထိကဆရာတော်များသည် တရားစစ်ဆေး ညွှန်ကြားတော်မူကြရရုံမျှသာမကဘဲ ယောဂီများကို နံနက်တိုင်း အလှည့်ကျ သီလပေးခြင်း၊ တရားထိုင်ချိန်၌ စောင့်ရှောက်ခြင်းများကိုပါ ဆောင်ရွက်တော်မူကြရပေသည်။

## ကိုရင်ထိန်း သင်တန်းပြ အစီအစဉ်

မြို့လယ် သာသနာ့ရိပ်သာ၌ အနာဂတ်သာသနာပြုလောင်းလျာ ကိုရင်သာမဏေ ၅၀-တို့လည်း ရှိကြသေးသည်၊ သူတို့တွင် အချို့က အမြဲနေများ ဖြစ်ကြ၍ အချို့က ဒုလ္လဘကိုရင်များ ဖြစ်ကြသည်၊ ကျောင်းပိတ်ရက်၌ ခေတ္တမျှ ကိုရင်ဝတ်သူတို့ကို ဒုလ္လဘကိုရင်-ဟု ဆိုကြသည်၊ သူတို့အထဲတွင် မြန်မာများလည်းပါဝင်သလို ရှမ်း-လီရှော-ပလောင်-တရုတ်အမျိုးသား တိုင်းရင်း

သားများလည်း ပါဝင်ကြလေသည်၊ သူတို့သည် အနာဂတ် ဗုဒ္ဓသာသနာကို ဆက်လက် တာဝန်ယူကြမည့်သူများဖြစ်ကြရာ သူတို့ကို အခြေခံမှစ၍ ဗုဒ္ဓဘာသာသင်ခန်းစာများကို သင်ပေးထားဖို့ အရေးကြီးလေသည်၊ "ကိုရင်ကလေးတွေပဲ ပျော်သလိုနေကြပါစေ"ဟု ခပ်ပေါ့ပေါ့ ပစ်ထား၍မဖြစ်ပေ၊ ထို့ကြောင့် သူတို့ကို ထိန်းကျောင်းပေးရန် တရားစာပေများ သင်ကြားပေးရန် လက်တွေ့တရားထိုင်စေရန်အတွက် အထူးကိုရင်ထိန်းနှင့် အထူးသင်တန်းပြပေးမည့်သူများ လိုအပ်လာပါသည်။

ဤ တာဝန်နှစ်ရပ်တွင် ထိန်းကျောင်းရေးတာဝန်ကို ဤမြို့လယ်သာသနာ့ရိပ်သာရဟန်းတော် ဦးသုန္ဒရအား ပေးအပ်၍၊ သင်တန်းပြရေး တာဝန်ကို ရန်ကုန်သာသနာ့ရိပ်သာ အရှင်ကေလာသအား ပေးအပ်လေသည်၊ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ တာဝန်ပေးချက်အရ ထို ၂-ပါးတို့က ထိုတာဝန်များကို ဆောင်ရွက်ကြရလေသည်။

ဦးသုန္ဒရသည် ပြီးခဲ့သောဝါတွင်းကစ၍ ရန်ကုန်သာသနာ့ရိပ်သာ၌ မဟာသတိပဋ္ဌာန် ဝိပဿနာတရားကို ကြိုးစား အားထုတ်နေခဲ့သည်၊တနှစ်တာမျှပင် အားရကျေနပ်အောင် ရန်ကုန်မြို့ရိပ်သာ၌ ယောဂီအဖြစ် သိတင်းသုံးခဲ့သူ ဖြစ်သည်၊ ယခုပင် မဟာစည်မေ့ကာထိကာအဖွဲ့နှင့်အတူ ရန်ကုန်မှ မိုးကုတ်သို့ ပြန်လည်လိုက်ပါလာခဲ့သည်၊ထို့ကြောင့် ဦးသုန္ဒရကို မဟာစည်မေ့ကာထိကာ တဖွဲ့လုံးက ရင်းနှီးစွာ သိနေကြသည်၊ ဘာမဆို လိုတာရှိလျှင် ဦးသုန္ဒရကို တောင်းကြသည်၊ခိုင်းကြသည်၊ သူကလည်း သဘော

ကောင်းစွာ လိုတိုင်း ဆောင်ရွက်ပေးသေသည်၊ သူသည် ပထမ ကြီးတန်းအထိ ပရိယတ္တိစာပေကို သင်ကြားတတ်မြောက်ခဲ့သည်၊ ကျန်းမာရေး မကောင်း၍ စာမေးပွဲကို ဆက်လက် မဝင်ဖြစ်ချေ။ သူသည် မိုးကုတ်ဇာတိဖြစ်သည့်အပြင် သဘောလည်း ကောင်း စိတ်လည်း ရှည်သဖြင့် သူ့အား ကိုရင်များကို ထိန်းကျောင်းရန် တာဝန်ပေးအပ်ခြင်းဖြစ်သည်။

အရှင်ကေလာသကား မိတ္ထီလာမြို့နယ် ဇာတိ ဖြစ်သည်၊ မန္တလေး ဝိသုဒ္ဓါရုံ၌ ငယ်-လတ်-ကြီး-ဓမ္မာစရိယနှင့်ဒီဃဘာဏက ဆောင်သည်အထိ ပညာသင်ကြားခဲ့ပြီးနောက် ရန်ကုန်သာသနာ့ ရိပ်သာ၌ တရားအားထုတ်လေသည်။

တရားအားထုတ်ပြီးနောက် ယောဂီဟောင်းအဖြစ် ရန်ကုန် ရိပ်သာ၌ သီတင်းသုံးယင်း ကျန်ရှိနေသေးသော ဒီဃနိကာယ ကောဝိဒအောင်ပန်းကို ဆွတ်လှမ်းခဲ့လေသည်၊ ရန်ကုန်သာသနာ့ ရိပ်သာ၌ ယောဂီဟောင်းအဖြစ် သီတင်းသုံးယင်း ဒီဃနိကာယ ကောဝိဒ အောင်မြင်တော်မူသောကြောင့် ရိပ်သာ ဂေါပကနှင့် ရိပ်သာတွင်း ယောဂီတို့က ၁၃၃၂-ခုနှစ် တန်ခူးလ၌ ရန်ကုန် သာသနာ့ရိပ်သာ ဖလ်ယဉ်ဓမ္မာရုံကြီးဝယ် အရှင် ကေသာသ အား ချီးကျူးပူဇော်ပွဲကျင်းပ၍ ချီးကျူးပူဇော်ခဲ့ကြလေသည်၊ ထိုပွဲ၌ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးကိုယ်တော် တိုင် ဩဝါဒချီးကျူးစကားတို့ကို မိန့်ကြားတော်မူခဲ့လေသည်။

အရှင်ကေလာသကားရိပ်သာ၌သီတင်းသုံးယင်း ဒီဃနိကာယ ကောဝိဒအောင်ပန်း ဆွတ်ခူးနိုင်ရန် စာကြည့်ရုံသာ ကြည့်၍

နေခဲ့သည်မဟုတ်၊ တဖက်ကလည်း ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ တရားစာမူစသည့် စာမူကြမ်းများ စာမူချောများကို လက်နှိပ်စက် ရိုက်နှိပ်ပေးခြင်း စာမူပရုဖ်ကြည့်ရှုပေးခြင်းဖြင့်လည်း ဆရာတော်ဘုရားကြီး၏ကိစ္စ သာသနာရေးကိစ္စများကို ဆောင်ရွက်ပေးတော်မူသေးသည်။

ထို့ပြင် ရိပ်သာတွင်း၌ ဒုလ္လဘရဟန်းဝတ်၍ တရားအားထုတ်သော ယောဂီ ဒုလ္လဘရဟန်းလောင်းများအား ရဟန်းလောင်းဆုံးမခြင်း၊ ဒုလ္လဘရဟန်းဖြစ်လာသောအခါ ရဟန်းကျင့်ဝတ်ဝိနည်းအဓိပ္ပါယ်များကို ရလည်အောင် ပြောပြသင်ကြားပေးရခြင်း တာဝန်တို့ကိုလည်း ဆောင်ရွက်ရသေးသည်။

အထူးအားဖြင့် နွေရာသီ ကျောင်းပိတ်ရက်၌ ရန်ကုန်သာသနာ့ရိပ်သာဝယ် ကိုရင်သာမဏေဝတ်ဖြင့် တရားကျင့်ကြသော ကိုရင်များကိုလည်း ထိန်းသိမ်းစောင့်ရှောက်ရသည်၊ ဗုဒ္ဓဘာသာ သင်ခန်းစာများကိုလည်း ပြပေးရသည်၊ ကိုယ်တွေ့တရားထိုင်ရန်လည်း တရားပြပေးရသည်။

ထိုသို့ ဗုဒ္ဓဘာသာသင်ခန်းစာများကို ပြပေးရာ၌ သူငယ်တန်း၊ ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်း၊ စတုတ္ထတန်း ဟု အတန်းခွဲ၍ စိတ်ဝင်စားအောင်သင်ကြားပေးသည်၊ ပထမတန်းမှစ၍ ရေး-ဖြေ စာမေးပွဲစံနစ်ဖြင့် ဖြေဆိုစေသည်၊ ဖြေဆိုအောင်မြင်သူများအား အောင်လက်မှတ်နှင့် အောင်ဆု ချီးမြှင့်သည်၊ ဖောင်းကြွငွေစာလုံးဖြင့် ပုံနှိပ်ထားသော အောင်လက်မှတ်၌

ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ လက်မှတ်ကမ္ပည်း လည်း ပါရှိသည်၊ ဆုများကိုမူ ဆရာတော်ဘုရားကြီးနှင့်တကွ စေတနာရှင်များကပါ လှူဒါန်းချီးမြှင့်ကြသည်။

ထို ကိုရင်လူငယ်များကို သင်ကြားပေးရသော သင်ခန်းစာ များကို လက်နှိပ်စက်ဖြင့် ရိုက်နှိပ်၍၎င်း၊ စာကူးစက်ဖြင့် ကူး၍ ၎င်း၊ အသုံးချကြည့်ရာ အောင်မြင်ကျယ်ပြန့်လာသဖြင့် ရှေ့သို့ တဆင့်တက်၍ စာအုပ်ရိုက်လိုက်သည်။

ထိုစာအုပ်၏အမည် အပြည့်အစုံမှာ 'ဘာသာရေး နုနယ်သည့် ခလေးငယ်များအတွက် အထူးစီစဉ်အပ်သော အရှင်ကေလာသ (ဒီဃနိကာယကောဝိဒ)၏ ရှင်ကျင့်ဝတ်နှင့် အခြေပြုဗုဒ္ဓဘာသာ သင်ခန်းစာ'ဟူ၍ ဖြစ်၏။

ယင်းစာအုပ်၌ စာမျက်နှာ ၂၁၄ - ရှိသည်၊ ရှင်ကျင့်ဝတ် အခန်း၌ ရှင်ပြုပုံကစ၍ ရှင်ကျင့်ဝတ်၊ ပစ္စဝေက္ခဏာဆင်ခြင်ပုံ၊ လိင်ဆယ်ပါး - ဒဏ်ဆယ်ပါး သေခိယ - ခန္ဓဝတ်တို့ကို ပါဠိကို ရှောင်ကွင်း၍ မြန်မာပြန်လိုရင်းကို ကလေးတို့နှင့် လိုက်လျော အောင် ရေးသားထားသည်။

သူငယ်တန်းကဏ္ဍ၌ သရဏဂုံနှင့် ဆောက်တည်ပုံ ဆောက် တည်ရကျိုး သာသနာ့ ယဉ်ကျေးမှုကျင့်ဝတ်၊ ကံအကြောင်း ငါးပါး သီလဆောက်တည်ပုံ ဆောက်တည်ရကျိုး၊ သီလပျက် ခြင်းအပြစ် ကမ္မဋ္ဌာန်း အားထုတ်ရခြင်း အကြောင်းတို့ကို ရေး သားထားသည်။

ပထမတန်းကဏ္ဍ၌ ဩကာသ ကန်တော့ခန်းနှင့် အဓိပ္ပါယ်အဖွင့် ရတနာသုံးပါး၏ ဂုဏ်တော်များ၊ ဗုဒ္ဓဝင်များကို ရေးသားထားသည်။

ဒုတိယတန်းကဏ္ဍ၌ ပဋိပတ္တိပူဇနာ ဘုရားရှိခိုး၊ ဒုစရိုက် သုစရိုက်သရုပ်နှင့် အဓိပ္ပါယ်များ၊ ဥပုသ်သီလ ဆောက်တည်ပုံ၊ ဆောက်တည်ရခြင်း အကျိုး၊ ဆွမ်းလှူရကျိုး၊ ဆွမ်းကပ်ပုံ ဆုတောင်း၊ ရေ၊ ပန်း၊ မီးဆက်ကပ်ပုံ အကျိုးပေး ဆုတောင်းနှင့် အမျှဝေချများကို ရေးသားထားသည်။

တတိယတန်း ကဏ္ဍ၌ မေတ္တာပွားရန် စသည် ပုညကိရိယာဝတ္ထုဆယ်ပါး၊ သားသမီးကျင့်ဝတ် စသည်၊ မိတ်ဆွေကောင်း လက္ခဏာစသည်၊ ဒါန-သီလနှင့် သတိပဋ္ဌာန် ဘာဝနာ၏ ဂုဏ်ကျေးဇူးများ၊ သတိပဋ္ဌာန်ရှုမှတ်ပုံ၊ ဥာဏ် ဖြစ်ပေါ်ပုံ များကို ရေးသားထားသည်။

စတုတ္ထကဏ္ဍ၌ ရတနာသုံးပါး၏ ဂုဏ်တော်အဖွင့်၊ မင်္ဂလသုတ်အဖွင့်နှင့် ကဗျာများကိုရှင်းလင်း၍ လိုရင်းကို ရေးသားထားသည်။ (ယခုအခါ ၁၀-တန်းအထိ ရေးသားပုံနှိပ်ပြီးပါပြီ)

ဤသို့သော အရှင်ကေလာသ၏ အရည်အချင်း များကို သိရှိတော်မူ၍ ဤမိုးကုတ်မြို့ သာသနာပြု ပွဲတော်ကြီးသို့လည်း အရှင်ကေလာသကို ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး က ခေါ်တော်မူခဲ့သည်၊ ရောက်သောအခါ ရန်ကုန်သာသနာ့ ရိပ်သာမှာ ဆောင်ရွက်ခဲ့ရသော ကိုရင်ထိန်း သင်တန်းပြ တာ

ဝန်ကိုပင် အရှင်ကေလာသအား ဆရာတော်ဘုရားကြီးက အပ်နှင်းခြင်းဖြစ်သည်။

အရှင်ကေလာသကလည်း ဆရာတော်ဘုရားကြီး ပေးအပ်မည့်တာဝန်ကို သိပြီးဖြစ်ရာ ကိုရင်များကိုသင်ပြရန် ပေါ်ပြူပါဗုဒ္ဓဘာသာသင်ခန်းစာ စာအုပ်များကိုပါ ယူဆောင်ခဲ့၍ ထိုစာအုပ်များကို ကိုရင်များအားဖြန့်ဝေ၍ သင်ကြားပြသတော်မူပါသည်၊ ကိုရင်တို့လက်မှတဆင့် ထိုစာအုပ်များကို ယူ၍ကြည့်မိကြသော သူများကပါ ထိုစာအုပ်များကို တောင်းဆိုကြသောကြောင့် ရန်ကုန်ရိပ်သာ၌သုံးရန် ထားခဲ့သော စာအုပ်များကိုပင် ဤပွဲတော်ကြီး နောက်ပိုင်းရက်များ၌ ဖြန့်ဝေလိုက်ရာ စာအုပ်ပေါင်း ငါးရာကျော်ခန့် ပြောကုန်သွားသဖြင့် ဆရာတော်ဘုရားကြီးကပင် "ရန်ကုန်ရိပ်သာ သုံးဘို့ရာ ချန်ထားအုန်း" ဟု မိန့်တော်မူရသည်၊ ထို့ကြောင့် ထပ်ရိုက်ရန် ဟန်ပြင်ရတော့သည်။

"ဆရာတော် ဘုရားကြီးကား မိမိ၏တပည့်များကို အရည်အချင်းလိုက်၍ သူ့နေရာနှင့်သူ ချီးမြှောက်တော် မူတတ်ပါပေသည်၊ ထို့ကြောင့်လည်း မဟာစည်နိကာယကြီး တိုးတက်ပြန့်ပွားနေခြင်း ဖြစ်ပေသည်တကား"ဟု အားရဝမ်းသာမိပါသည်၊ ဤလို အများချမ်းသာရေး တရားတော်များ ကြီးပွားသည်ကို အဘယ်မည်သော သူတော်ကောင်းသည် ဝမ်းမသာဘဲ ရှိပါချေမည်နည်း။

## ကျွေးမွေးလှူဒါန်းကြပုံ

ဤမဟာ နဂ္ဂဟ-မမ္မဒါနပွဲကြီး ကျင်းပရာ၌ သာသနာပြု ဆရာတော် သံဃာတော်များနှင့် ရဟန်း ရှင်လူ ယောဂီများ၊ ဝေယျာဝစ္စ ဆောင်ရွက်သူများကို ကျွေးမွေး ပြုစုမှုကလည်း အရေးကြီးပါသည်၊ ဤကိစ္စပေါ့လျှင်လည်း မဖြစ်ပေါ၊ မှန်ပါသည်၊ သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိကာ၊ ဒႇလုံးစုံသော သတ္တဝါတို့သည် အစာအာဟာရလျှင် တည်ရာ ရှိကုန်၏-ဟု (ဒီ-၃။ ၁၇၈)၌ လာရှိသည်မဟုတ်ပါလော၊ အစာအာဟာရ မသုံးဆောင်ရလျှင် သာသနာပြုဆရာတော် သံဃာတော်များလည်း သာသနာပြုနိုင်ကြမည် မဟုတ်ကြပါ၊ ယောဂီများလည်း တရားအားထုတ်နိုင်ကြမည်မဟုတ်ပါ၊ ဝေယျာဝစ္စ ဆောင်များလည်း ဝေယျာဝစ္စ ဆောင်ရွက် နိုင်ကြမည် မဟုတ်ပါ။ ထို့ကြောင့် ကျွေးမွေး လှူဒါန်းမှုကလည်း အရေးကြီးသည်ဟုဆိုရပါသည်။

ဤမိုးကုတ်မြို့ မြို့လယ်သာသနာ့ရိပ်သာ မဟာနဂ္ဂဟ မမ္မဒါန သာသနာပြုပွဲတော်ကြီး၌ကျွေးမွေးပြုစုကြပုံကား အစစအရာရာ လိုလေသေး မရှိကြပါ၊ အလျှံပယ် ပြည့်စုံကြွယ်ဝလှပါသည်၊ ရက် ၃၀-ပတ်လုံး နေ့စဉ်နေ့တိုင်းပင် နံနက်အာရုံ၌ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးအား ဒေါ်စောရင် မဟာရုံကြီးပေါ်ဝယ် သက်သတ်လွတ် ယာဂုကို သီးသန့်ဆက်ကပ်ပါသည်၊ ယာဂုနှင့်အတူ သက်သတ်လွတ် ခဲဘွယ်စုံနှင့် စော်ဘွား နှုတ်ခမ်းမွေး ခေါ်သော လဘက်ခြောက် အကောင်းစား ခပ်ထည့်သည့် လက်ဖက်ရည်အဖန်၊ ဟောလင်-အိုဘာလ်တင်း- ကော်ဖီ- အချို

ရည်နှင့် နွားနို့ တို့ကိုလည်း သင့်လျော်သလိုဆက်ကပ်သေးသည်၊ ရန်ကုန်ယောဂီများက အထူးစီမံကြသော မြင်းခွာရွက်ပြုတ်ရည် ကလည်း ပါလိုက်သေးသည်။

သက်သတ်မလွတ်သော သံဃာတော်များကိုမူ ဝက်သား နှပ်ကြော် ငါးပုပ်ပြား၊ ငါးကြော်စသော တွဲဖက် အမြည်းများ ဖြင့် ယာဂု ဆက်ကပ်ပါသည်၊ အချိုပွဲ အဖန်ပွဲများကလည်း စုံလှပါသည်၊ ယောဂီအားလုံးကိုလည်း ထိုနည်းငင်းပင် ကျွေး မွေးပြုစုကြပေသည်၊ မြီးရှည်နှင့် မုန့်ဟင်းခါး ညှပ်သည့်အခါ လည်း ညှပ်လိုက်ပါသေးသည်။

နေ့ဆွမ်းချိန် ရောက်ပြန်လျှင်လည်း ဆရာတော် ဘုရားကြီး အား သက်သတ်လွတ် ဟင်းမျိုးစုံဖြင့် ဆွမ်း ဆက်ကပ်ကြပါ သည်။

သက်သတ် မလွတ်သော သံဃာတော်တို့အား ဝက်စကူး၊ ငါးကြော်၊ ပုဇွန်ဆီပြန်၊ ဥယင်ကောက်ချဉ်ရေစသည်ဖြင့် တနေ့ တမျိုး မရိုးရအောင် အမျိုးမျိုးသော ဆွမ်း-ဆွမ်းဟင်းများကို ဆက်ကပ်ကြလေသည်၊ ယောဂီများအားလည်း ထိုနည်းငင်းပင် ကျွေးမွေး ပြုစုကြသည်၊ နေ့ဆွမ်းနှင့် တဆက်တည်း အချိုပွဲ အဖန်ပွဲများကလည်း စုံလှပါသည်။

“တပည့်တော်တို့ ဆွမ်းဘုဉ်းပေးနေကြရတာ မြန်မာပြည်ထဲ က မိုးကုတ်မြို့မှာမှ ဟုတ်ရဲ့လား၊ ဒီဃနိကာယ်ပိဋကတ်တော်မှာ

ပါတဲ့"စားလှည့်ကုန်၊ သောက်လှည့်ကုန်၊ ခဲလှည့်ကုန်" ဆိုသော အသံမျိုးစုံတို့ဖြင့် ချမ်းသာကြွယ်ဝလှပါတယ် ဆိုတဲ့ ကုသာဝတီမင်းနေပြည်တော်ကြီးကိုများ ရောက်နေကြရ လေရော့လား၊ ဒါမှမဟုတ်ယင် အလှန်ဆူဖြိုးကြွယ်ဝလှပါတယ်ဆိုတဲ့ မြောက်ကျွန်းများ ရောက်နေလေရော့သလားလို့တောင် ထင်မှတ်ရမလိုလို ဖြစ်မိပါတယ်၊ စေတနာ သဒ္ဓါတရားလဲကြွယ်ဝ၊ ပစ္စည်းဥစ္စာလဲ ကြွယ်ဝတဲ့ မိုးကုတ်မြို့ပါပဲဘုရား" ရန်ကုန် သာသနာ့ရိပ်သာ ဒီဃနိကာယကောဝိဒ အရှင်ကေလာသက စာသံပေသံ ပါပါဖြင့် ချီးကျူးထောမနာတော်မူလေသည်။

အရှင်ကေလာသသာ မဟုတ်၊ အားလုံးကပင် အမျိုးမျိုး ချီးကျူးထောမနာကြလေသည်၊ ချီးကျူးထောမနာမည် ဆိုကလည်း ချီးကျူးထောမနာ စရာပင်တည်း၊ ရက် ၃၀ ပတ်လုံး ဆွမ်းဒါယကာ တဦးစီက တနေ့တွက်တနေ့တွက်စီလှူဒါန်းကြလေသည်၊ ဆန်ဈေး ငါးဈေး ဟင်းသီးဟင်းရွက်ဈေး စသည်ကြီးလှပါသည်ဆိုသော မိုးကုတ်မြို့၌ ပရိသတ် ၅၀၀-ကျော်ကို တနေ့တာ ကျွေးမွေးလှူဒါန်းခြင်း စရိတ်မှာ(၁၀၀၀ိ)တထောင်ကျပ်မှ(၃၀၀၀ိ)သုံးထောင်ကျပ်အထိ ကုန်ကျသည်ဟု သိရသည်၊ အနည်းဆုံး တနေ့လျှင် တထောင်ကျပ်နှုန်းဖြင့် တွက်သော်မှပင် ရက် ၃၀-မှာ သုံးသောင်းကုန်ကျနေပေပြီကော။

## ကမ္မသကတာသမ္မာဒိဋ္ဌိဉာဏ် အခြေခံကြောင့်

ဤသို့ စေတနာ သဒ္ဓါဗလဝဖြင့် လှူဒါန်းကျွေးနေခြင်းသည် ကုသိုလ်ကံ အကုသိုလ်ကံရှိသည်၊ ကုသိုလ်ပြုလျှင် ကောင်းကျိုး

ခံစားရသည်၊ အကုသိုလ်ပြုလျှင် မကောင်းကျိုး ဆိုးပြစ်ခံရသည်၊ သတ္တဝါမှန်သမျှ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြသည် ဟူသော ကမ္မဿကတာသမ္မာဒိဋ္ဌိဉာဏ်ကို ဗုဒ္ဓသာသနာဝင်များ သာလျှင် မှန်ကန်တိကျပိုင်နိုင်စွာ ရရှိကြလေသည်၊ ဤဉာဏ် အခြေခံရှိသော 'ဗုဒ္ဓသာသနာတော်ကြီး ထွန်းကားလျှင် ထွန်းကားသလောက် သတ္တဝါများ ချမ်းသာပွားကြမည်၊ မှန်ပါသည်၊ မကောင်းတာကို မကောင်းမှန်းသိလျှင် ရှောင်မည်၊ ကောင်းတာကို ကောင်းမှန်းသိလျှင် ဆောင်မည်၊ စိတ်ကို စင်ကြယ်စွာ ထားရမည်၊ ဤသို့ ကျင့်သုံးလျှင် အဘယ်မည်သော သူသည် အဘယ်မည်သော သတ္တလောကသည် အပြစ်ကင်းသောကောင်းကျိုးချမ်းသာကို မရရှိဘဲ ရှိနိုင်ပါအံ့နည်း။

## ကျန်းမာရေးစောင့်ရှောက်ပုံ

အာရောဂျ ပရမံ လာဘံ၊ ကျန်းမာခြင်းသည် အကောင်းဆုံးလာဘ်ဟု မြတ်စွာဘုရားက ဟောထားတော်မူသည်၊ မှန်ပါသည်၊ မကျန်းမာလျှင် ပစ္စည်းဥစ္စာ ကြွယ်ဝ၍လည်း မခံစားနိုင်ပါ၊ ပညာတတ်၍လည်း အသုံးမချနိုင်ပါ၊ ကျန်းမာလျှင် လိုတာရနိုင်သည်'' လောကီ စည်းပွားကိုရှာလိုသလား၊ လောကုတ္တရာစီးပွားကိုရှာလိုလား၊ လိုတာကို ရှာဖွေနိုင်သည်၊ ရနိုင်သည်၊ ရောက်နိုင်သည်သာ၊ ထို့ကြောင့် မြတ်စွာဘုရားက အာရောဂျ ပရမံလာဘံ-ကျန်းမာခြင်းသည် အကောင်းဆုံး လာဘ်ဟု ဟောကြားတော်မူလေသည်။

ထိုပြင်တရားအားထုတ်ရာ၌လည်း "ယုံကြည်ကျန်းမာ၊ ဖြောင့်စွာစိတ်ထား၊ ကြိုးစားတွင်တွင်၊ ဖြစ်ပျက်မြင်၊ ငါးအင်အားထုတ်ကြောင်းဟု" တရားရခြင်းအကြောင်းငါးမျိုးတို့တွင်လည်း ကျန်းမာရေးကို အင်္ဂါတရပ်အနေဖြင့် မြတ်စွာဘုရားက ထည့်သွင်းဟောကြားထားလေသည်၊ မကျန်းမာမှုရောဂါကို ဝိပဿနာရှု၍ နိဗ္ဗာန်မျက်မှောက်ပြုသွားကြသူ အနည်းအကျဉ်း ရှိသော်လည်း ကျန်းမာရေးကောင်းကောင်းဖြင့် ဝိပဿနာရှုရလျှင် ပိုမိုအောင်မြင်နိုင်ကြောင်းမှာ ထင်ရှားလှပါသည်၊ ထို့ကြောင့် မြတ်စွာဘုရားကလည်း ကျန်းမာရေးကို တရားအားထုတ်ရကြောင်း အင်္ဂါတရပ်အနေဖြင့် ထည့်သွင်းဟောကြားတော်မူခဲ့ပေသည်။

ထို့ကြောင့် ဤမိုးကုတ်မြို့ ဗုဒ္ဓသာသနာပြု ဓမ္မာနုဂ္ဂဟ-ဓမ္မဒါနပွဲတော်ကြီး၌ သာသနာပြု ပုဂ္ဂိုလ်များ၊ ဝေယျာဝစ္စဆောင်များ၏ ကျန်းမာရေးကိုလည်း အထူးဂရုစိုက်ရပါမည်၊ ထို့ကြောင့် အနေအထိုင် အစားအသောက်ကို ဆင်ခြင်တိုင်းထွာ၍ နေထိုင်စားသောက်ကြရန် သန့်ရှင်းစင်ကြယ်စွာ ဆောင်ရွက်ကြရန် အရေးကြီးကြောင်းကို သက်ဆိုင်ရာတို့က သတိပေးကြရသည်။

အကယ်၍ ကျန်းမာရေးအတွက် ဂရုတစိုက်ကျင့်သုံးပါလျက် ရုတ်တရက်ရှောင်တခင်ရောဂါစွဲဝင်ခဲ့သော်ကုသပြုစုရေးအတွက် ဆရာတော် ဦးမုနိန္ဒအမှူးပြုသော သာသနာပြုအဖွဲ့က တာဝန်ယူစီမံထားလေသည်။

ရွှေဘိုမြို့က မြန်မာသမားတော် ဗြဟ္မဏဆရာသက်ကြီးက ကိုယ်တိုင်လာရောက်၍ ဤရိပ်သာအတွင်း၌ ဆေးခန်းဖွင့်ကာ အခမဲ့ ပြုစုကုသခွင့်ပေးပါသည်၊ ဤသို့သော ဆေးဆရာတတ် ဝါရင့်သမားတော် ကိုယ်တိုင် စောင့်ရှောက်ကုသမှုကို ခံယူကြရသော ပရိသတ်တို့မှာလည်း တခါတခါ ဖြစ်တတ်သော ခေါင်းကိုက် ဝမ်းနာ အအေးမိ၊ အပူဝင်၊ အဖျားရောဂါမျိုးမှ သက်သာပျောက်ကင်းခွင့်ကို ရရှိကြပါသည်၊ အထူးလိုအပ်သော အခါ၌လည်း မိုးကုတ်မြို့ ဆေးရုံကြီးနှင့် ဆေးတိုက်မှ ဆရာဝန်များကိုယ်တိုင် လာရောက်၍ ကုသပြုစုခြင်းကိုလည်း စီမံထားပါသည်၊ ဆရာတော် ဦးမုနိန္ဒ၏ စီမံပုံ ထောင့်စေ့ခြင်းကိုလည်း မည်သူမျှ မချီးကျူးပဲ မနေနိုင်စရာကြီးပါတကား။

## ဝေယျာဝစ္စဆောင်ရွက်ကြပုံ

အလုပ်ကြီးတခုလုပ်လျှင် ဝေယျာဝစ္စ ဆောင်ရွက်ရေးသည်လည်း အရေးကြီး၏၊ သူမပါလျှင်လည်း မပြီးနိုင်ပေ၊ သာသနာပြုရာ၌ ဝေယျာဝစ္စ အလုပ်အကျွေးကိုလည်း အထူးလိုအပ်လေသည်၊ ကုသိုလ်ရေး၌ ကျွမ်းကျင်သူများဝေယျာဝစ္စ ဆောင်ရွက်မှသာလျှင် ချောမောအဆင်ပြေစွာ တွင်တွင်ကျယ်ကျယ် ပြီးမြောက်အောင်မြင်လေသည်။

မှန်ပါသည်၊ ဓမ္မပဒ-သုမနဒေဝီသူဌေးသမီးဝတ္ထု၌-

''သာဝတ္ထိပြည်၌ အနာထပိဏ်သူဌေးကြီးအိမ်၌ နေ့တိုင်း နေ့တိုင်း ရဟန်းနှစ်သောင်းတို့သည် ဆွမ်းဘုဉ်းပေးတော်မူကြကုန်၏။

ဝိသာခါဒါယိကာမကြီး၏ နေအိမ်၌လည်း ထို့အတူ ရဟန်းနှစ်ထောင်တို့သည် ဆွမ်းဘုဉ်းပေးတော်မူကြကုန်၏။

သာဝတ္ထိပြည်၌ အကြင်သို့သောသူသည် အလှူဒါနကို ပေးလှူခြင်းအလို့ငှာအလိုရှိ၏။ ထိုသို့သောသူသည် ထိုနှစ်ဦးကုန်သော အနာထပိဏ်ဝိသာခါတို့ထံမှအခွင့်ကိုရမှ သာလျှင် အလှူဒါနကို ပြုလေ၏။

အဘယ်ကြောင့်နည်း ဟူမူကား "သင်တို့၏ အလှူလှူရာအရပ်သို့ အနာထပိဏ်သူဌေးကြီးသည်ရင်း ဝိသာခါ ဒါယိကာမကြီးသည်ရင်း၊ လာရောက်ပါ၏လော"ဟု မေးသောအခါ မလာရောက် ဟုဆိုသည်ရှိသော် "တသိန်းသောအသပြာကို လှူသော်လည်း ဤအလှူဒါနမည်သည် အဘယ်သို့သော အလှူဒါနပေနည်း"ဟု ကဲ့ရဲ့ရှုတ်ချကြကုန်၏။

နှစ်ယောက်ကုန်သော ထိုအနာထပိဏ် ဝိသာခါတို့သည်ကား ရဟန်းသံဃာတော်မြတ်အပေါင်း၏ အလိုကိုရင်း၊ လျော်ကန်ပတ်သောအမှုတို့ကိုရင်း အလွန်လျှင် သိတတ်ကြကုန်၏၊ ထိုအနာထပိဏ်ဝိသာခါတို့သည် ကြည့်ရှုစီရင်ကုန် သည်ရှိသော် ရဟန်းတို့သည် စိတ်တိုင်းကျကျဘုဉ်းပေးသုံးဆောင်တော်မူကြကုန်၏။ ထို့ကြောင့် အလုံးစုံကုန်သော သူတို့သည် အလှူဒါနကို ပေးလှူလိုကုန်သည်ရှိသော် ထိုအနာထပိဏ် ဝိသာခါတို့ကို ဘိတ်ခေါ်၍ သာလျှင် သွားကြလေကုန်၏၊"ဟု ပါရှိလေသည်။

ထို့ပြင် မြတ်စွာဘုရားသည်ပင်လျှင် ညီတော်အာနန္ဒာအား အလုပ်အကျွေးအရာ၌ ဧတဒဂ်ထား၍ ချီးမြှောက်တော်မူခဲ့လေသည်။

ဤမိုးကုတ်မြို့ ဓမ္မာနုဂ္ဂဟဓမ္မဒါန သာသနာပြုပွဲတော်ကြီး၌လည်း ကျွမ်းကျင်သော ဝေယျာဝစ္စဆောင်များကို အထူးလိုအပ်လှပါသည်၊ ထို့ကြောင့် ဆရာတော်ဘုရားကြီးများက ဝေယျာဝစ္စဆောင်များကို သူ့နေရာနှင့်သူ စီမံချီးမြှောက်တော်မူကြလေသည်။

ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ဝေယျာဝစ္စကြီးငယ်များကို ရန်ကုန်သာသနာ့ရိပ်သာ လက်ပန်တန်းအရှင်ဝိစာရိန္ဒကရင်း၊ မိုးကုတ်မြို့က ဦးအုန်းဖေ ရန်ကုန်က အငြိမ်းစားတရားသူကြီး ဦးသိန်းဟန်၊ ကျောင်းဒကာကြီးဦးကြင်ပို၊ ဦးကြိုင်၊ အငြိမ်းစားဗိုလ်ကြီး သန်းမောင်တို့ကရင်း ဆောင်ရွက်ကြလေသည်။

တရိပ်သာလုံး၏ လျှပ်စစ်မီးအမြဲသင်းရေး၊ ရေအမြဲဖူလုံရေးစသည်တို့ကို မိုးကုတ်ရိပ်သာ ဦးသာသန၊ ဦးဝိရောစန၊ ဦးဇယန္တ၊ ဦးသုန္ဒရ၊ ဦးဇင်းထွန်းတင်၊ ဖြူဖြူဝဝပဲခူး ဦးဉာဏ စသည်တို့ကဆောင်ရွက်တော်မူကြလေသည်။

ချက်ပြုပ်ကျွေးမွေးရေးကို ရွှေဘိုနှင့် မိုးကုတ်တာဝန်ခံအဖွဲ့ကရင်း၊ထိုကိစ္စအားလုံးကုန် စီမံဆောင်ရွက်ရာ၌ ခေတ်သစ်ဝိသာခါကျောင်းအမကြီး ဒေါ်စောရင်အမှူးရှိသော ကျပ်ပြင်ဆရာမမခင်စမ်း၊ ရိပ်သာမြင့်မြင့်စိန်၊ ရန်ကုန် သိန်းတရာအလှူခံဝိဇ္ဇာဒေါ်စောနှင့် ဒေါ်လှရီ၊ ရန်ကုန်ရိပ်သာ ဒေါ်ဝေမာ၊ ဒေါ်ဇေယျာ၊ ဒေါ်ခင်ညွန့်၊ ဒေါ်အေးပု၊ ဒေါ်ကြည်အောင်၊ ပုသိမ်

ဒေါ်ရင်မြင့်၊ မောင်စိန်ဝင်းတို့ကလည်း ကျွေးမွေးပြုစုရေးတို့ကို ဆောင်ရွက်ကြလေသည်၊ သိုက်မြိုက် ပြည့်စုံ ထောင့်စေ့လှပါ ကုန်၏။

ရတနာမြို့တော် (မိုးကုတ်မြို့ပွဲ) တေးထပ်

ဘောင်သေလာ- ပတ်ကာမို့- နတ်ရွာသို့သွင်ပေါ်၊
မြတ်ရတနာ မြို့တွင်ခေါ်သည်- အမြင်သော်လွန်လှ၊
မြို့လယ်ကရေကန်တော်ရယ်- ကောန်နော် ကြည့်လို့မဝ၊
ကျောင်းဇရပ် ဘုရားစုံ- တရားဘုံဌာန၊
ပွားထုံကာ သဒ္ဓါဗလဝနှင့်- ဒါနသီလအခြေခံ၊
ဘာဝနာ အလုပ်တရားကိုလဲ- အဟုတ်သား ပွါးကြဖန်ဖန်၊
လောကီလုပ် ရတနာမှန်ကို- မကြာအတန်တန် အထူး မြော် တွေးပါလို့၊
တူးဖေါ်သွေး အကောင်းဘာကယ် ရောင်းဝယ်ကြတယ်၊
မိုးကုတ်မြို့ ရတနာနယ်ကို-လာ့အလယ်ရောက်သင့်ရှဲလေး။ ။

မိုးကုတ်မြို့၌ သာသနာပြုယင်း တလမျှနေထိုင်ရမည်ဖြစ်ပါသည်၊ ထို့ကြောင့် မိုးကုတ်မြို့ကိုလည်း အထိုက်အလျောက် လေ့လာခွင့်ရပါသည်၊ ထိုအခါ ဖေါ်ပြပါ တေးထပ်ကို ရေးစပ်မိပါတော့သည်၊

ရေးစပ်မည်ဆိုကလည်း ရေးစပ်စရာပင်၊ မိုးကုတ်မြို့ကား ကျောက်မျက်ရတနာဟူသော လောကီရတနာများသာ ထွက်ပေါ်ခဲ့သည် မဟုတ်ဘဲ ဘုရား-တရား-သံဃာ ဟူသော လောကုတ္တရာ ရတနာများလည်း ထွန်းလင်းတောက်ပရာ မြို့တော်ဖြစ်လေသည်။

## မိုးကုတ်မြို့ တည်နေရာ

မိုးကုတ်မြို့သည် မြန်မာနိုင်ငံ အထက်ပိုင်း စစ်ကိုင်းတိုင်း ရွှေဘိုခရိုင်တွင် ပါဝင်သော မိုးကုတ်မြို့နယ်၊ မိုးကုတ်မြို့နယ်တို့၏ ရုံးစိုက်မြို့ဖြစ်သည်၊ မိုးကုတ်နယ်သည် ရွှေဘိုခရိုင်၏ အရှေ့ဖက်တွင် ကျရောက်၍ ရှမ်းပြည်နယ်များနှင့် ဆက်စပ်လျက်ရှိသည်၊ မိုးကုတ်မြို့သည် ဧရာဝတီမြစ်၏ အရှေ့ဖက် ၃၆-မိုင်ကွာလှမ်း၍ ရှမ်းကုန်းပြင်မြင့်၏ အနောက်ဖက်စွန်း ဒေသတွင် ပင်လယ်ပြင်ထက် ပေ (၄၀၀၀) လေးထောင်ခန့် မြင့်ရာအရပ်၌ တည်ရှိသည်။

## တည်နေပုံ

မြို့၏အရှေ့ဖက်တွင် ပေ ၆၇၃၃-မြင့်သော ကြေးနီတောင်၊ အနောက်ဖက်တွင် ပေ- ၅၃၄၅- မြင့်သော ပင့်ကူတောင်၊ တောင်ဖက်တွင် ပေ-၅၆၀၆-ပေ မြင့်သော ထင်းရှူးတောင်နှင့် မြောက်ဖက်တွင် ပေ-၇၅၄၄ မြင့်သော တောင်မည်းတောင်တို့ တည်ရှိကုန်၏။

ထိုတောင်များ၏ အကြားရှိ ချိုင့်ဝှမ်းတွင် ခပ်ခွက်ခွက်တည် ရှိသောကြောင့် မိုးကုတ်မြို့၏ ပုံသဏ္ဍာန်သည် ဒယ်အိုးသဖွယ် ဖြစ်သည်၊ တောတောင်များဖြင့် ဝန်းရံလျက် ရှိသောကြောင့် မိုးကုတ်မြို့ ပတ်ဝန်းကျင် ရှုခင်းမှာ သာယာလှပေသည်။

## မိုးကုတ်မြို့ဝယ် ကြည်ညိုဖွယ်

မိုးကုတ်မြို့ ပတ်ဝန်းကျင်နှင့် မြို့နယ်အတွင်းရှိ တောင်ကုန်း များပေါ်၌လည်း ထည်ဝါသော ဘုန်းတော်ကြီး ကျောင်းများ နှင့် စေတီဖြူဖြူဖွေးဖွေးများကို သွားယင်း လာယင်း ကြည်နူး ဖွယ်ရာ ဖူးမြော်ခဲ့ရပါသည်။

## ဖောင်တော်ဦးဘုရားနှင့် ရိပ်သာများ

မြို့တွင်းဝန်းကျင်ရှိ စေတီတော်များအနက် ထင်ရှားလှသည် မှာ ပုဂံပြည် အလောင်းစည်သူမင်းတည်ခဲ့သည်ဆိုသော ဖောင် တော်ဦးဘုရား ရွှေဆင်းတုရုပ်ပွားတော်ကြီးကိုလည်း ဖူးခဲ့ရပါ သည်၊ ဖောင်တော်ဦး မြတ်စွာဘုရား၏ ကျောင်းဆောင်တော် ကြီးကား ရွှေချပင်(၆၀၆ဝ၇)ခြောက်သောင်းကျော်ကုန်ကျ ကြောင်းကို ကျောင်းဆောင်တွင်း သင်ပုန်းကြီး၌ ဖတ်ခဲ့ရလေ သည်။

ဖောင်တော်ဦးဘုရားဖူးပြီးသော် မိုးကုတ်မြို့ မူလမဟာစည် သာသနာ့ရိပ်သာကိုလည်း ရောက်ခဲ့သည်၊ ဆရာတော် ဦးမုနိန္ဒ ဦးစွာတည်ထောင်ခဲ့သော ဤမဟာစည်ရိပ်သာသည် တောင်

ကမ်းပါးရံ အဆင့်ဆင့်၌ တည်ထားသောကြောင့်၊ ရှုချင်စဖွယ် ရှိလှပါသည်၊ ရိပ်သာမှာ ဖောင်တော်ဦးဘုရားနှင့် ကပ်လျက်ရှိပေသည်၊ ထို့နောက် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး၏ မိုးကုတ်ဝိပဿနာရိပ်သာသို့လည်း ရောက်ခဲ့ပါသည်၊ ထိုရိပ်သာသည်လည်း ဖောင်တော်ဦးဘုရားအနီး ဘောင်ကမ်းပါးရံအဆင့်ဆင့်၌ ရှုချင့်စဖွယ် တင့်တယ်စွာတည်ထားသောရိပ်သာဖြစ်ပါသည်၊ မိုးကုတ်ဆရာတော် ဘုရားကြီး၏ အထိမ်းအမှတ်စေတီနှင့် ပြတိုက်တော်များမှာ ခမ်းနားထယ်ဝါလှကုန်၏။

မိုးကုတ် ဝိပဿနာ ကျမ်းပေါင်း များစွာနှင့် ပဋိစ္စသမုပ္ပါဒ်ကျမ်းပေါင်းများစွာထွက်ပေါ်လာသည်အထိ ဟောပြောတော်မူခဲ့နိုင်သော ဆရာတော်ဘုရားကြီး၏ ဝီရိယတော်မှာ အလွန်အံ့ဩ ချီးကျူးဖွယ် ကောင်းလှပါသည်၊ ယင်းသို့ ဟောပြောနိုင်ခဲ့သောကြောင့်လည်း ဆရာတော်ဘုရားကြီး လွန်တော်မူပြီးနောက်၊ ယခုအချိန်အထိပင် မိုးကုတ်ဝိပဿနာတရားတော်များမှာ မြန်မာပြည်တဝှမ်းလုံး ပြန့်နှံ့ကျော်ကြားလျက် ရှိလေသည်၊ မိုးကုတ် ဝိပဿနာရိပ်သာပေါင်း များစွာလည်း ပေါ်ပေါက်ခဲ့ပါသည်။

ဤရိပ်သာသည် ရိပ်သာပေါင်းများစွာတို့တွင် မူလနာမည်ရင်း ထွက်ပေါ်ရာ မိုးကုတ်မြို့၌တည်ရှိသော မိုးကုတ် ဝိပဿနာရိပ်သာကြီးပင်ဖြစ်ပါသည်၊ ဆရာတော်ဘုရားကြီး အမြဲသီတင်းသုံးတော်မူသော မင်္ဂလာရာမ (မိုးကုတ် ဝိပဿနာ ရိပ်သာ) ကျောင်းတိုက်မှာ အမူရပူရတောင် မြို့၌ တည်ရှိပါသည်။

## မောနေယျတောင်

မိုးကုတ် ဝိပဿနာရိပ်သာကို လေ့လာကြပြီးနောက် ဖောင်တော်ဦးဘုရား မိုးကုတ်ရိပ်သာ၊ မဟာစည်ရိပ်သာတို့၏ အထက် ခေါင်ထိပ်၌တည်ရှိသော "မောနေယျတောင်ပေါ်ရှိ မောနေယျ စံကျောင်း" သို့လည်း ရောက်ခဲ့ပါသည်၊ ထိုတောင်ထိပ်မှ ပတ်ဝန်းကျင်သို့ မျှော်ကြည့်လျှင် သာယာ၍ ရှုမောဖွယ်ရာ ရှုခင်းများကို တွေ့မြင်ရပါသည်၊ မောနေယျ တောင်ထိပ်၌ မဟာသိမ်တော်ကြီးတခု သမုတ်ထားသည်ကို တွေ့ခဲ့ပါသည်။

မောနေယျ စံကျောင်းမှာ ၂-ထပ်တိုက်ကလေး ဖြစ်သည်၊ ၂-ထပ်လုံး၌ အခင်းများ သပ်ရပ်စွာ ခင်ထားသည်မှတပါး၊ သေနာသနအသုံးအဆောင် များစွာမရှိပေ၊ အပေါ်ထပ်၌ ဗုဒ္ဓရုပ်ပွားတော်နှင့် ဓမ္မစေတီစာအုပ်ဘီရို တခုသာလျှင်ရှိလေသည်၊ ကျောင်းပေါက်များကိုဖွင့်ထားလျှင် လေတဟူးဟူးဖြင့် တောင်ခိုး နှင်းမှုန်များ၏ အေးမြသောအတွေ့အထိကို တွေ့ထိခံစားရပါသည်။

ထိုမောနေယျ စံကျောင်း၌ ကျောင်းကို စတင်တည်ထောင်သော အရှင်မဟာကဿပ အမည်ခံ ဓုတင်များစွာဆောင်သည် ဆိုသော ရဟန်းတော်တပါးကို တွေ့ခဲ့ရသည်၊ ထိုရဟန်းတော် တပါးသည် မြို့တွင်းသို့ ဆင်း၍ သက်သတ်လွတ် သစ်သီးဆွမ်းများကိုခံယူဘုဉ်းပေး၍ ကြမ်းပြင်၌ ကျောခင်းလျက် မကျိန်းစက်သော "နိသဇ္ဇိဓုတင်" ကို အမြဲဆောက်တည်သည်ဟု မြို့ပေါ်တွင် ကျော်ကြားလျက်ရှိသည်။

ထိုရဟန်းတော်ကို စာရေးသူ ပခုက္ကူမြို့ မဟာဝိသုတာရာမ ကျောင်းတိုက်ကြီး၌ နေခဲ့စဉ်က ဦးပညောဘာသဟူသော စာသင်သား ရဟန်းတော်တပါး အဖြစ် သိကျွမ်းခဲ့ဘူးပါသည်၊ ယခု ရောက်သွားသောအခါ၌လည်း ထိုရဟန်းတော်က စာရေးသူတို့အား ပျူပျူငှာငှာ ဧည့်ဝတ်ပြု၍ မြို့ပေါ်ရှိ ဘုရားပေါင်းစုံကိုပင် လိုက်၍ ပို့လိုက်ပါသေးသည်၊ သူ၏ သန္တာန္ဒိ-သလ္လေ ခေါင်းပါးသော ပဋိပတ်ဓုတင်အကျင့်များကို ကျင့်နေခြင်းကို ကြည်ညိုချီးကျူးရပါသည်၊ ထိုမောနေယျစံကျောင်း ဝန်းကျင်၌ အရိပ်ကောင်း၍ ပင်ခြေရှင်းရှင်းလျက် သစ်သားပျဉ်များခင်းထားသော ရုက္ခမူဓုတင်ဆောက်တည်ရန်သစ်ပင်ကြီး များကိုလည်း တွေ့ခဲ့ရပါသည်။

## ကုလားဘုရား ချမ်းသာကြီး ရွှေဂူ တရုတ်ဘုရား စိတ္တဂုတ်

မောနေယျတောင်ထိပ်မှ ဆက်လျှောက်ခဲ့သော် သာယာကျယ်ပြန့်သောဂေါက်ကွင်းကြီးကိုလည်း တွေ့ခဲ့ရသည်၊ထို့နောက် ကုလားဘုရားကျောင်း တမြို့လုံး ရေပေးသည့် ရေလှောင်ကန်၊ ချမ်းသာကြီးဘုရား၊ ရွှေဂူဘုရားတို့ကိုလည်း ရောက်ရှိ ဖူးမျှော်ခဲ့ရပါသည်၊ ထို့နောက် ကျောက်တောင်လိုဏ်ဂူကြီး၌ ဗုဒ္ဓရုပ်ပွားတော်ငယ်ပေါင်း မြောက်များစွာ ထွင်းထုထားသော တရုတ်ဘုရားတထောင်ကျောင်း၊ဂိဇ္ဈကုဋ္ဌ-ခေါ် (စိတ္တဂုတ်)တောင်တော်နှင့် ဘုရား၊ ကျောင်းတို့ကိုလည်း ရောက်ရှိဖူးမျှော်ခဲ့ရသည်၊ ထိုကျောင်း၌လည်း ပခုက္ကူ မဟာဝိသုတာရာမတိုက်ထွက် ဦးဉာဏောဘာသကို တွေ့ခဲ့ရသည်၊ ထို့နောက် ပိတ်စွယ်ရပ်ရှိ ဘုရားနှင့်

ကျောင်းတိုက်ကိုလည်း ရောက်ခဲ့ပါသည်၊ ကောင်းမှုတော်တောင်နှင့် ဘုရားသို့လည်း ရောက်ရ၏။

## ဘီးနှင့် မှန်

ထို့နောက် ဘီးတောင်စေတီတော်ဘုရားကိုလည်း ဖူးမျှော်ခဲ့ရပါသည်၊ ဖောင်တော်ဦးဘုရား၊မောနေယျတောင်ထိပ်၊စိတ္တဂုတ်တောင်ထိပ်တို့မှ ကြည့်ရှုခဲ့ရာ၌ ကြည်နူးဖွယ်ရာ ကောင်းသော မိုးကုတ်မြို့ကို မြင်ခဲ့ရသလို ဤဘီးတောင်ပေါ်မှ ကြည့်ရှုရပြန်သော အခါ၌လည်း မိုးကုတ်မြို့သည် တမျိုးကြည့်၍ ကြည်နူးဖွယ်ရာ ကောင်းလှပါသည်၊ မြို့လယ်က ကန်တော်ကြီးနှင့် ပတ်ဝန်းကျင် မြို့နေ အိမ်ခြေတိုက်တာများ၊ တောင်ကမူ နိမ့်မြင့်အဆင့်ဆင့်ရှိ ဘုရားတန်ဆောင်းကျောင်းကန်များမှာ ကြည်ညို၍အားမရနိုင်အောင်ပင် ရှိပါတော့သည်။

ဘီးသဏ္ဌာန် ခပ်ကုန်းကုန်းတည်ရှိသောတောင်ကို ဘီးတောင်ဟူ၍ရှင်း၊ မှန်-လိုကြည်လင်နေသော မြို့လယ်က ရေကန်ကြီးကို မှန်-ဟူ၍ရှင်း တင်စား ခေါ်ဝေါ်ကြကြောင်း သိရသည်၊ ဤဘီးတောင်စေတီတော်ကို နာမည်ကျော် ရသေ့ကြီး ဦးခန္တီဦးဆောင်၍ တည်ခဲ့သည်၊ ရသေ့ကြီး ဦးခန္တီက "မိုးကုတ်မြို့မှာ ဘီးနှင့် မှန်ဟာ အင်မတန်ဟန်ကျ ကြည့်လို့လှတယ်"ဟု ပြောခဲ့ကြောင်းကိုသည်း သိခဲ့ရသည်၊ ဤသည်တို့မှာ မိုးကုတ်မြို့၏ ကြည်ညိုဖွယ် ဘုရားတန်ဆောင်း ကျောင်းကန်တို့ပါတည်း။

## ရေကန်တောင်ကျောင်းသို့

ထို့နောက် ရေကန်တောင်ဘုရားနှင့် ကျောင်းသို့လည်းရောက်ခဲ့ကြသည်၊ ရေကန်တောင်ကျောင်း၌ ရန်ကုန် သာသနာ့ရိပ်သာ၌ တရားအားထုတ်ဘူးသော ယောဂီများ ရှိသောကြောင့် သွားကြသည်၊ ထိုကျောင်းထိုင် ဆရာတော်နှင့် ထိုယောဂီဟောင်း ရဟန်းတော်များသည် စာရေးသူ မန္တလေးအနောက်ပြင် မိုးကောင်းတိုက်၌ ကိုရင်ဘဝနေစဉ်က ကျောင်းနားနီးချင်း သိကျွမ်း ဟောင်းများလည်း ဖြစ်နေသဖြင့် ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ်များကို ပြောမကုန်နိုင်အောင် နောက်ကြောင်း ပြန်ခဲ့ကြပေသည်။

ရေကန်တောင်ထိပ်မှ ပတ်ဝန်းကျင်ကို မှန်းမျှော်ကြည့်လိုက်ရာ ကြည်နူးဖွယ်ရှုခင်းများကို တွေ့မြင်ရပြန်ပါသည်၊ထိုတောင်၏ တောင်ဖက်သို့ ဆက်လက်သွားလျှင် လဘက်ခြောက်ထွက်သော ရှမ်းရွာများရှိကြောင်း သိခဲ့ရသည်၊ အရှင်ဝိစာရိန္ဒ၊ အရှင်ကေလာသ၊ မောင်စိန်ဝင်းတို့နှင့်အတူ ထိုရေကန်တောင်ကို လှည့်လည်ပြီးနောက် ပြန်ခဲ့ကြလေသည်။

## ကျွမ်းပြူဆရာတော် ၂-ပါး ထံတော်ပါးသို့

ထို့ပြင် ရွှေစည်ဆရာတော်နှင့် စာရေးသူတို့သည် မိုးကုတ်မြို့ ပင်းတံကားရပ် ဒါတော်မှိုကျောင်းတိုက် ကျွမ်းပြူဆရာတော် ဘုရားကြီးထံသို့လည်း ရောက်ခဲ့ကြပါသေးသည်။

## ခါတော်မှီသို့

ဆရာတော်ဘုရားကြီးထံ ရောက်လျှင်ပင် ဆရာတော်ဘုရားကြီးက စာရေးသူတို့၏ ဘွဲ့အမည် နေရပ်နှင့် လာရင်းကိစ္စများကို မေးတော်မူပါသည်၊ စာရေးသူတို့က ဘွဲ့အမည်နှင့် နေရပ်များကို လျှောက်ထားကြပြီးနောက် မြို့လယ်ရိပ်သာ ဓမ္မာနုဂ္ဂဟ-မေဒါန သာသနာပြု ပွဲတော်ကြီးသို့ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးနှင့် လိုက်ပါလာကြပြီး တရားဟော တရားပြယင်း အားလပ်ချိန်မှာ ဆရာတော်ဘုရားကြီး၏ ဂုဏ်သတင်းကို ကြားသိကြရပါသဖြင့် ယခု အဖူးအမြော် ရောက်လာကြရပါကြောင်းကို လျှောက်ထားကြပါသည်။

ထိုအခါ ဆရာတော်ဘုရားကြီးက "ရွှေစည်ဆရာတော်နှင့် သဘောပေါ်မှာတခါ တွေ့ဘူးသည်ကို မှတ်မိကြောင်းနှင့် ဦးဣန္ဒကက ပုသိမ်အောင်မြေ ဘုံကျော်မဟာစည်ရိပ်သာမှာ သာသနာပြုနေတယ်ဆိုတော့ ပုသိမ်က ခါတော်မှီ စာသင်ကျောင်းတိုက်ကို သိမှာပေါ့၊ ဆရာတော်လဲ ပုသိမ်မြို့ ဇာတိဖြစ်တယ်၊ အဲဒီလို ပုသိမ်ခါတော်မှီကျောင်းတိုက်ထွက်ဖြစ်လို့ ဒီမိုးကုတ်မှာလဲ ခါတော်မှီကျောင်းတိုက် နာမည်နဲ့ပဲ သီတင်းသုံး သာသနာပြုနေရတယ်" ဟု ပဋိသန္ထာရ အဆက်အစပ်စကားများကို မိန့်ကြားတော်မူပါသည်။

ဆရာတော်ဘုရားကြီးသည် နေ့ ၁-နာရီခွဲမှ ညနေ ၄-နာရီခွဲ အထိပင် စာရေးသူတို့အား အခွင့်အရေးပေး၍ သာသနာရေး ဗဟုသုတများကို ဆွေးနွေးဟောကြားကာ ချီးမြှောက်တော်မူလိုက်ပါသည်။

ဆရာတော်ဘုရားကြီးသည် နံနက်စောစောတိုင်း ကျန်းမာရေးအတွက် လမ်းလျှောက် တော်တော်ဝေးဝေး ကြွတော်မူကြောင်းနှင့် ကျန်းမာရေးနှင့် ကိုယ်ခန္ဓာ နေရာထိုင်ခင်း စသည်များကို ထိခိုက်ညစ်ပေစေတတ်သော ဆေးလိပ်သောက်ခြင်းကိုလည်း ရှောင်ကြဉ်တော်မူကြောင်း၊ အိန္ဒိယ- ကလကတ္တားတက္ကသိုလ်၌ အပြင်ကျောင်းသားအဖြစ် သက်န်းဝတ်ဖြင့်ပင် ခေတ်ပညာ သင်ကြားခဲ့ဘူးကြောင်း၊ အိန္ဒိယသီဟိုဠ် စသည်သို့ လှည့်လည်လေ့လာခဲ့ဘူးကြောင်း၊ ယခုအခါ ဆရာတော်ဘုရားကြီးသည် ဤမိုးကုတ်မြို့၌ပင် သီတင်းသုံးယင်း ပိဋကတ်တော်နှင့် နိုင်ငံခြား အင်္ဂလိပ်စာအုပ်များကို မွှေနှောက်၍ ဗုဒ္ဓဘာသာ ဗုဒ္ဓသာသနာတော် မူလရင်းမြစ် အနှစ်သာရနှင့် သမိုင်းကြောင်းဖြစ်ရပ်မှန်များကိုရေးသားကျမ်းပြုနေတော်မူကြောင်းရှေ့လည်း သေသည်အထိ ဗုဒ္ဓဘာသာ သာသနာတော်၏ အဘိုးတန် ဓမ္မရတနာများကို ကမ္ဘာ့သူ ကမ္ဘာ့သားများ သိရှိကျင့်သုံးခွင့်ရအောင် အထူးအားဖြင့် မြန်မာပြည်သူ ပြည်သားများ အမှန်အတိုင်း သိရှိကျင့်သုံးခွင့်ရအောင် ကြိုးစား အားထုတ်သွားမည်ဖြစ်ကြောင်းတို့ကို ဆရာတော်ဘုရားကြီးထံတော်မှသိရှိခွင့်ရခဲ့ကြပါသည်။

ဆရာတော်ဘုရားကြီးသည်....

၁။ လက်တွေ့ဗုဒ္ဓဘာသာ

၂။ စင်ကြယ်သောဗုဒ္ဓဘာသာ

၃။ ပင်ရင်းမူလ ဗုဒ္ဓဘာသာ- ကျမ်းစာအုပ်များကို ရေးသားထုတ်ဝေပေါ် မူခဲ့ပြီးလေပြီ၊ ယခုအခါ "ဆန်းကြယ်သော ဗုဒ္ဓဘာသာ" စာအုပ်ကို ရိုက်နှိပ်ရန် တပည့်စာရေးဆရာ ပါရဂူအား အပ်နှင်းထားပြီး ဖြစ်ကြောင်းများကိုလည်း သိခဲ့ရပါသည်။

ဆရာတော် ဘုရားကြီးက ပြန်ခါနီး၌ စာရေးသူတို့အား "စင်ကြယ်သော ဗုဒ္ဓဘာသာနှင့် ပင်ရင်းမူလဗုဒ္ဓဘာသာ" အတိုးတန် ကျမ်းစာအုပ် ၂-အုပ်စီကို ချီးမြှင့်တော်မူလိုက်ပါသည်၊ ထို့နောက် ဗုဒ္ဓပိဋကတ်ကျမ်း စာအုပ်ပေါင်း မြောက်မြားစွာနှင့် နိုင်ငံခြား အင်္ဂလိပ်စာအုပ်ပေါင်း မြောက်မြားစွာရှိသော ကိုယ်ပိုင်စာကြည့်တိုက် စာကြည့်ခန်းကိုလည်း ဆရာတော်ဘုရားကြီးက ပြတော်မူသဖြင့် လေ့လာကြည့်ရှုခဲ့ကြရပါသည်။

စာရေးသူနှင့် ရွှေစည်ဆရာတော်တို့သည် ညနေ ၄-နာရီခွဲ၌ ချီးမြှင့်တော်မူသော အတိုးတန် စာ၂-အုပ်စီကို ရင်ဝယ်ပိုက်လျက်—

* ပရိယတ္တိ သာသနာဟိတ ဓမ္မာစရိယ

* သာသန ဓဇသိရီပဝရ (အစိုးရ) ဓမ္မာစရိယ

* အစိုးရပဌမကျော် (ဘီအေ) ကျမ်းပြု အရှင်ပညိန္ဒာဘိဝံသ ဆရာတော်ဘုရားကြီး၏ ခြေတော်ရင်းမှ ဝပ်စင်းကော်ရော်ပူဇော်ကန်တော့ခဲ့ကြပြီးနောက် မြို့လယ်ရိပ်သာသို့ ပြန်ခဲ့ကြပါသတည်း၊ ဆရာတော် ဘုရားကြီးထံတော်မှ ပြန်ခဲ့သောနေ့မှာ ၁၃၃၅-ခု ကဆုန်လဆုတ် ၇-ရက်နေ့ ဖြစ်ပါသည်။

## ဈေးကျောင်းသို့

ကဆုန်လဆုတ် ၈-ရက်နေ့၌ ရွှေစည်ဆရာတော်၊ ကျောက်ပန်းတောင်းဆရာတော်ဦးသေကတို့နှင့်အတူ ဈေးကျောင်းတိုက်ကြီးသို့လည်း ရောက်ခဲ့ကြပါသည်။

ဈေးကျောင်း၊ ဆရာတော်ဘုရားကလည်း အလ္လာပသလ္လာပစကားများ မိန့်ကြားတော်မူလိုက်ပြီးနောက် ဆရာတော်ကိုယ်တော်တိုင်ပြုစုတော်မူသော "ဗုဒ္ဓါနုဿတိဉာဏ်မျက်စိနှင့်အချက်တဆယ်ဆင်ခြင်ဖွယ်" ကျမ်းစာအုပ် ၂-အုပ်စီကို ချီးမြှင့်တော်မူလိုက်ပါသည်။

မိုးကုတ်မြို့၌ ဈေးကျောင်းဂိုဏ်း၊ ရွှေကျောင်းဂိုဏ်း၊ ရိပ်သာဂိုဏ်းဟူ၍ ဂိုဏ်းကြီးသုံးဂိုဏ်းရှိရာ ဤဈေးကျောင်းဂိုဏ်းသည်လည်း ကြီးကျယ်သော ဂိုဏ်းကြီးဖြစ်သည်၊ ဈေးကျောင်းစာသင်ကျောင်းတိုက်ကြီးကားမြို့လယ်ကုန်းမြင့်၌ မားမားမတ်မတ် သပ်ရပ်ဆန်းကျယ်ထယ်ဝါစွာ တည်ရှိလျက်ရှိပါသည်။

## ရှုခင်းသာယာ မီးစက်ဟောင်းကြီးရှိရာသို့

ထို့ပြင် ယခင်က မိုးကုတ်တမြို့လုံးကို ရေအားဖြင့် မောင်း၍ လျှပ်စစ်မီး ပေးခဲ့သည်ဆိုသော မီးစက်ဟောင်းကြီးသို့ လည်း ရောက်ခဲ့ကြလေသည်၊ ထိုစက်ဟောင်းကြီးမှာ မိုးကုတ်နှင့် ၂-မိုင်ခန့်ဝေးသည်၊ စိမ်းစိုသော တောင်များအကြားရှိ တဝေါဝေါစီးဆင်းနေသော ချောင်းကမ်းပါးအတိုင်း သာယာသော ရှုခင်းများကိုကြည့်ယင်းရှုယင်း လျှောက်သွားကြရသည်။

ကြိုးတံတားတခုကိုဖြတ်ကျော်သွားကြရာ ကပ္ပိယဖိုးကျော်က ရှေ့ကရောက်အောင် သွားနှင့်ပြီးအမျိုးသမီးများတံတားအလယ် ခေါင်ရောက်လျှင် ကြိုးတံတားကို ခုန်ပေါက်၍ လှုပ်ရှားအောင် ပြောင်နောက်သည်၊ ဒေါ်ဝေမာ၊ ဒေါ်ဇေယျာ- ဒေါ်ခင်ညွန့်၊ မရင်မြင့်၊ ဒေါ်တင်ရွှေ- မမေခာတို့မှာ ကြောက်တတ်သူများ ဖြစ်ရာ ကပ္ပိယဖိုးကျော်ကို အော်ဟစ်မောင်းမဲ့ကြသည်၊ ဦးသိန်း ဟန်၊ ဦးကြင်ပို၊ ဦးသန်းမောင်၊ ဦးအုန်းမောင်၊ မောင်စိန်ဝင်းနှင့် ရဟန်းတော်များကမူ မကြောက်ကြပါ၊ တငြိမ့်ငြိမ့်ပျော်သလိုပင် ရှိကြပါသေးသည်၊ သို့သော်ပြည်သူ့ ပစ္စည်းပြုံးတီးနိုင်သည့်အပြင် မတော်တဆဒုက္ခရောက်နိုင်သောကြောင့်နောင်ဤသို့မပြုလုပ်ရန် ပညာပေးရသည်။

ရတနာတွက်သော မြို့တော်တွင်းပြင်သို့ သွားတိုင်းစကျွန်ခြွေ ချသွားလေ့ရှိကြသည်၊ အကြောင်းမှာ မထိုးဘဲနှင့် အချောင် ပေါက်တတ်သော ထီတမျိုးကို ပေါက်လိုပေါက်ငြား ကြည့်ရှု သွားကြခြင်းဖြစ်သည်။

အဖိုးတန်ကျောက်တလုံးလောက် ကောက်ရလိုက်လျှင် တရာ ဆိုလည်းဟုတ်၊ တသောင်း ဆိုလည်းဟုတ်၊ တသိန်းဆိုလည်း ဟုတ်သောထီကို ပေါက်နိုင်ပေသည် မဟုတ်ပါလော၊ မိုးကုတ်မြို့ တော်ကား ကံကောင်း မကောင်း စမ်းသပ်လိုသူများအတွက် အကွက်ကောင်းသော မြို့တော်ဟုပင်ဆိုချင်ပါသည်၊ တနေကုန် တနေခန်း ရက်လများစွာ တူးဖော်ရှာပါသော်လည်း အဖိုးတန်

ကျောက်များ ရချင်မှရနိုင်သော်လည်း လမ်းလျှောက်သွားယင်း ကော်ကွက် တက်နင်းမိချင် တက်နင်းမိနိုင်လေသည်။

ယခုလိုတနယ်သားများအဖို့လမ်းသွားယင်းဝင်းဝင်းမြင်တိုင်း မချက်မကြောက် ကုန်းကောက်မိတတ်ကြသည်၊ နီနီပြာပြာ ကျောက်မှုံ ကျောက်မွှားများကား မိုးကုတ်မြို့တွင်းပြင်ဝန်းကျင် နေရာတိုင်း၌ ပေါများလှ၏။

ကပ္ပိယ ဦးအုန်းမောင်ဆိုလျှင် ဝင်းလက်စိမ်းကြည်နေသော ရွေးကြီးစေ့ခန့်ရှိကျောက်စိမ်းဟုယူဆရသော ကျောက်တလုံးကို ကောက်ရသည်၊ အချင်းချင်းဝိုင်းကြည့်ကြပြီး "တသောင်းလော် တန်မည်"ဟု-ရမ်းပြောကြသည်၊ ဦးအုန်းမောင်နှင့် ဇနီးမတင်ရွှေ ကြီးတို့မှာ ပျော်တပြုံးပြုံး မော်မဆုံး ဖြစ်နေကြလေသည်၊ သို့ သော် လမ်း၌ ကျောက်ရောင်း ကျောက်ဝယ် လုပ်နေသော ကျောက်ပညာရှင်ရှမ်းမကြီးတယောက်ကိုပြကြည့်ရာ "ဖလ်ကွဲကြီး" ပါဟု ပြောလိုက်သဖြင့် ခဲလေသမျှသဲရေကျဖြစ်ရလေသတည်း။

သည်လိုပင် မီးစက်ဟောင်းကြီးရှိရာသို့ ရောက်ခဲ့ကြသည်၊ စက်ကြီးမှာ ဟောင်းနွမ်း ပျက်စီးစ-ပြုနေလေပြီ၊ သက်ဆိုင်ရာ တို့က ထိန်းသိမ်းပြုပြင်ပြီး တနေရာရာ၌ တနည်းနည်းဖြင့် အသုံး ချသင့်သည်ဟု ထင်မြင်မိပေသည်။

ထိုစက်ကြီးရှိသော လမ်းသည် လေကောင်းလေသန့်လည်း ရသည်၊ ရှုခင်းလည်းလှသည်၊ ထို့ကြောင့်တရားဟောတရားပြချိန် အား၍ ရာသီဥတုသာယာတိုင်းလိုလိုပင်ထိုလမ်းသို့လမ်းလျှောက် သွားကြသည်။

## ဈေးနှင့်လူနေအိမ်ခြေ

မိုးကုတ်မြို့ပေါ်တွင် ဈေးရုံများ၊ အထက်တန်းကျောင်းများထောင်နှင့် အိမ်ကြီးအိမ်ကောင်း တိုက်တာအိမ်ခြေများ၊ ဆေးရုံဆေးခန်းများအပြင် ဘုန်းတော်ကြီးကျောင်းပေါင်း ၃၀-ကျော်ရှိကုန်၏။

ဈေးမှာ ၅-ရက်တဈေးဖြစ်သည်၊ ဈေးနေ့တိုင်းပင် မြို့ရောနယ်ပါ ဈေးသို့လာ၍ ရောင်းဝယ်ဖေါက်ကားကြသည်။ ငါးရက်တဈေးဆိုတော့ တခေါက်ဝယ်လျှင် ငါးရက်စာ ဝယ်ကြခြမ်းကြသည်၊ မြို့နှင့်နယ်၌များစွာ မထွက်သဖြင့် အခြားနယ်မှတင်သွင်းရသောကြောင့် ဈေးကြီးသည်၊ ဈေးရောင်းသူများကဈေးကို ဆိုချင်တိုင်းတင်ဆိုကြ၍ ဈေးဝယ်သူများကလည်း ပေးချင်သလောက် ဈေးဆစ်ပေးကြသည်၊ တရာတန်ပါသည်ဟုဆိုသောပစ္စည်းကို ၁၀-ဖြင့်ဆစ်သော်လည်း ရောင်းသူက စိတ်မဆိုးပါ၊ "မရောင်းပါဘူး"ဟု သာ ပြုံးရွှင်စွာဖြင့် ချိုချိုငံငံပြောပါသည်။

မြို့ပေါ်ရှိလူဦးရေမှာ ၁၉၅၃-ခုနှစ် စာရင်းအရ ၈၃၃၄ ဖြစ်၍ အိမ်ခြေပေါင်းမှာ ၁၈၀၀ ခန့်ရှိသည်ဟု သိရသည်။

မိုးကုတ်မြို့နှင့်နယ်၌ နေထိုင်ကြသူတို့တွင် ရှမ်းအမျိုးသားများမှာ အများစုဖြစ်ကြ၍ ဗုဒ္ဓဝါဒီများဖြစ်ကြသည်၊ တရုပ်နှင့် အိန္ဒိယအမျိုးသား(ဂေါရခါး)များလည်းရှိသည်၊ မြန်မာ၊ မြေလတ်၊ ခနော်၊ လီဆော၊ ဟူမိုင်း၊ ပလောင်နှင့် ရှမ်းတရုပ်များလည်းရှိကြသည်။

## မိုးကုတ်ထွက်ပစ္စည်း

မိုးကုတ်နယ်သည် ကျောက်တောင်ထူထပ်သည်၊ တောင်များမှာ လျှို မြောင်ချောက်များဖြင့်ပြတ်လျက်ရှိ၏၊ ဤကျောက်များကား လိပ်သည်းကျောက်၊ ပုံဆောင်ထုံးကျောက်တို့ဖြစ်ကြ၏၊ ယင်းကျောက်များမှာ ပတ္တမြား၊ နီလာ၊ ကျောက်နီအပြင်၊ ဥက္ကဋ္ဌနီလာ၊ဥဿဖယား၊ဖရဲအူ၊ မြော၊ပြောင်ခေါင်းစိမ်း၊ အညံ့ ကျောက်၊ရွှေတွင်းဝါ၊ နဂါးသွဲ့၊ မှတ်မီး- စသည်တို့ ထွက်ကြသည်၊ မိုးကုတ်နယ်အတွင်းရှိ ကျပ်ပြင်မှာ ရှေးအခါက ပတ္တမြားကုမ္ပဏီ၏ဌာနချုပ်တည်ရာဖြစ်သည်။

ကမ္ဘာတွင် အကောင်းဆုံး ပတ္တမြားသည် မိုးကုတ်မှထွက်သည်၊ ထို့ကြောင့် ပတ္တမြား နီလာစသော ကျောက်မျက်ရတနာထွက်ရာ ဒေသအဖြစ် မြန်မာနိုင်ငံတွင်သာမက ကမ္ဘာ၌ပင် ထင်ရှားသည်၊ မိုးကုတ်မြို့နယ်၌ လက်ဖက်ခြောက်နှင့် သစ်တော်သီးများလည်း ထွက်ကြပါသည်။

## အလုပ်အကိုင်

မိုးကုတ်မြို့နယ်နှင့် မိုးကုတ်မြို့တို့၌နေထိုင်သူတို့သည် ကျောက်တွင်းများကို အမှီသဟဲပြု၍ နေသူများဖြစ်ရကား ကျောက်များတူးဖေါ်ခြင်း၊ ကျောက်ပွဲစားလုပ်ခြင်း၊ ကျောက်သွေးခြင်း၊ ကျောက်များဖြင့် အထည်ပြုလုပ်ခြင်း၊ ကျောက်ရောင်းခြင်းတို့မှာ ရှေးကပင် ထင်ရှားခဲ့သည်၊ ယခုအခါ ထိုလုပ်ငန်းများကို နိုင်ငံတော်အစိုးရက ဦးဆောင်လျက် လုပ်ကိုင်နေကြောင်း သိရသည်။

ကုန်းမြင့်ဒေသများ ဖြစ်ခြင်းကြောင့် တောင်ယာများလည်း လုပ်ကိုင်ကြသေးသည်၊ အခြားအရောင်းအဝယ်နှင့် အရောထမ်း အမှုထမ်း လုပ်ငန်းနှင့် ခရီးသည် သယ်ယူပို့ဆောင်ရေး ကား ပြေးခြင်း စသည်တို့ကိုလည်း လုပ်ကိုင်ကြသေးသည်။

## ရာသီဥတု

မိုးကုတ်မြို့သည် တောင်ကုန်းမြင့်ပေါ်၌တည်ရှိသောကြောင့် အခြားမြေပြန့်များထက် အေးသောဥတုရှိသည်၊ ဆောင်းရာသီ၌ ဖါရင်ဟိုက် ၃၇-ဒီဂရီအထိ ကျဆင်းတတ်သည်၊ အနောက် မြောက်ဖက် ၁၀-မိုင်ကွာ၌ရှိသော ဗားနှဒ်မြို့မှာ ပို၍မြင့်သော ကြောင့် ပို၍ပင်အေးသည်၊ ရှေးကဆိုလျှင် မိုးကုတ်မြို့၌ ရေခဲ အောင်ပင် အေးသောဟူ၏။

ယခုမဟာစည် ဓမ္မကထိကအဖွဲ့ ရောက်လာသော ကဆုန် နယုန်သည် နွေဥတုဖြစ်သောကြောင့် မြေပြန့်ဒေသ၌ ပူပြင်း ခြောက်သွေ့နေမည်ဖြစ်သော်လည်း ဤမိုးကုတ်မြို့၌မူ မိုးတဖွဲဖွဲ ကျ၍ အေးအေးမြမြ ရှိလေသည်၊ ကျေးဇူးရှင် မဟာစည် ဆရာ တော် ဘုရားကြီးကမူ 'မိုးကုတ်ရောက်မှ နေထိုင်ကောင်းတယ်၊ ရာသီဥတုကလဲ တယ်မျှတတယ်' ဟု မိန့်တော်မူပါသည်။

အချို့မှာမူကား ရေပြောင်း ရေလွှဲ အစာပြောင်း အစာလွှဲ ကြောင့်လားမသိ၊ ခြေအေး ဝမ်းယောင်ဖြစ်ခြင်း၊ အအေးမိ နှာစေးခြင်း၊ ဖျားခြင်းများပင် အနည်းငယ် ဖြစ်ကြသေး၏၊ ကျန်းမာရေး အားနည်းသူများကား အစားအသောက် အနေ အထိုင် ရေချိုးမိုးချိုး ဆင်ခြင်ကြရသည်။

အေးသော ဥတုကြောင့်လားမသိပေ၊ မိုးကုတ်မြေက လူများသည် အသားအရေ ကျစ်လစ်မှုမရှိကြပဲ ဆူဖြိုးထွားကြိုင်း၍ အသားပွပွ မျက်နှာပြင်မို့မို့ ရုပ်သွင်များ ရှိကြသည်ကို သတိထားမိပါသည်၊ သစ်ပင် တောတောင်များကမူ အမြဲတမ်း စိမ်းလမ်းစိုပြေလှပေသည်၊ ဖုံတွေမှုံတွေ နည်းပါးကုန်၏၊ အောင်ချမ်းသာလိုရုပ်ကွက်သစ်များ၌မူရွှံ့များ ရေများကမနားတမ်းထူပြောနေဘတ်လေသည်။

## လမ်းပန်းအဆက်အသွယ်

မိုးကုတ်မြို့နယ်အတွင်း၌ မီးရထားလမ်းမရှိပေ၊ မိုးကုတ်နယ်အပိုင် သပိတ်ကျင်းမြို့မှာမူ ဧရာဝတီမြစ်၏ လက်ဝဲဖက်ကမ်းပေါ်တွင်တည်ရှိရာ မန္တလေးမြို့နှင့် ဗန်းမော်သွားသင်္ဘောများ ဆိုက်ကပ်ရပ်နား၍ ကုန်တင်ကုန်ချ သင်္ဘောဆိပ်တခု ဖြစ်၏။

သပိတ်ကျင်းမှ မိုးကုတ်အထိ ၆၁-မိုင် ကားလမ်း ရှိသည်၊ မဟာစည် ဓမ္မကထိကအဖွဲ့ လာခဲ့သော လမ်းတည်း၊ မိုးကုတ်နှင့်မိုးမိတ်လည်း ကားလမ်းပေါက်သည်၊ မိုးမိတ်လမ်းမှာ ဗန်းမော်သို့ပင် ပေါက်ခဲ့ပြီဖြစ်၍ ဗန်းမော်မှတဆင့် မြစ်ကြီးနားအထိပင်ကားဖြင့်သွားနိုင်သည်၊ မိုးကုတ်မှ ၇၆-မိုင်ဝေးသော ကျောက်မဲမြို့သို့လည်း ကားလမ်းပေါက်ပါသည်၊ မိုးကုတ်နှင့် မန္တလေးမြို့လည်း ကားလမ်းပေါက်လျက် ရှိသည်၊ မိုးကုတ်ကား ကားလမ်းခရီးတခုတည်းဖြင့်သာ တိုက်ရိုက်သွား၍ရသော မြို့တည်း။

## မိုးကုတ်သမိုင်း

မိုးကုတ်မြို့ကို သက္ကရာဇ် ၅၇၉ (ငါးရာခုနှစ်ဆယ့်ကိုး) ခုနှစ်တွင် တည်သည်ဟု ဆို၏၊ ထိုစဉ်က မိုးမိတ်စော်ဘွား၏ လက်အောက်ခံ ဖြစ်ခဲ့သည်၊ ထို့နောက်တွင်ကား မြန်မာဘုရင်များက ပိုင်သည့်အခါ ပိုင်ခဲ့၍ မိုးမိတ်စော်ဘွားများ၏လက်တွင် တည်မြဲသည့်အခါ မြဲခဲ့သည်။

သာလွန်မင်းလက်ထက် ရှမ်းတို့ မိုးကုတ်နယ်ကို လက်လွှတ်ပြန်လေသည်၊ မင်းတုန်းမင်းလက်ထက်တွင် မိုးကုတ်မှ ပတ္တမြားတို့ကို တူးဖော်ပြီးလျှင် အနောက် နိုင်ငံသားများနှင့် အရောင်းအဝယ်ပြုသည်။

သီပေါမင်း လက်ထက်တွင် ပြင်သစ်တို့သည် မိုးကုတ်၌ ပတ္တမြား တူးဖော် လုပ်ကိုင်ခွင့်ပြုချက် ရသည်တွင် အင်္ဂလိပ်တို့သည် ပြင်သစ်တို့ခြယ်လှယ်မည်ကို အလွန်စိုးရိမ်ခဲ့သည်၊ ထိုခွင့်ပြုချက်သည် မြန်မာနိုင်ငံကို အင်္ဂလိပ်တို့ အမြန်သိမ်းအောင် ဖန်တီးသော အကြောင်းတရပ်လည်း ဖြစ်ပေမည်။

ခရစ် ၁၈၈၉-ခုနှစ်တွင် အင်္ဂလိပ်တပ်များ မိုးကုတ်မြို့သို့ ချီတက်လာစဉ် မိုးကုတ်မြို့သား ဗိုလ်သာစံနှင့် ဗိုလ်ရွှက်တို့ ဦးဆောင်ကာ ရှုတ်ရှုတ်ချွန်ချွန် ခုခံတိုက်ခိုက်ကြသေး၏။

အင်္ဂလိပ်တို့ မြန်မာနိုင်ငံကို သိမ်းပိုက်ပြီးသည့် နောက်တွင် ပတ္တမြားတွင်းခရိုင်ဟု ဖွဲ့စည်းခဲ့၍ မိုးကုတ်သည် ခရိုင်ရုံးစိုက်မြို့ ဖြစ်ခဲ့၏။

၁၉၂၀-ပြည့်နှစ်တွင် မိုးကုဘ်ပတ္တမြားတွင်းခရိုင်ကို ဖျက်လိုက်၍ ကသာခရိုင်နှင့် ပေါင်းလိုက်သောအခါ နယ်မျှသာဖြင်လျက် မိုးကုတ်မြို့သည် နယ်ပိုင်ရုံးစိုက်မြို့ ဖြစ်လာသည်။

စစ်ပြီးခေတ် ဖြစ်သော ၁၉၄၇-ခုနှစ်တွင် မိုးကုတ်နယ်ကို ရှမ်းပြည်တောင်တန်းဒေသနှင့် ပူးပေါင်းရန် ကြံစည်သေးသည်၊ မအောင်မြင်ပေ။

၁၉၄၇-ခုနှစ်မှစ၍ ရွှေဘိုခရိုင်တွင် နယ်တခုအဖြစ် ပါဝင်သွားလေသည်။

## မိုးကုတ်မြို့ အမည်

မိုးကုတ်ဟူသော အမည်သည် မြို့အေး-ဟု အဓိပ္ပါယ်ရသော ရှမ်းစကား 'မိုင်းကတ်'မှ ရွေ့လျားလာသည် ဟူ၍ငင်း 'မြို့ခမောက်'မြို့ဒယ်အိုး-ဟုအဓိပ္ပါယ်ရသောရှမ်းစကား''မိုင်းကွတ်'' မှ ရွေ့လျားလာသည်ဟူ၍ငင်း ယူဆကြသည်၊ မိုးကုတ်မြို့သည် လေည်း၍ ခမောက်နှင့် ဒယ်အိုးသဏ္ဌာန်လည်း တည်ရှိသဖြင့် အမည် ၂-မျိုးလုံးသင့်၏။

ဤမိုးကုတ်မြို့အကြောင်းကို မှတ်တမ်းရေးရာ၌ စာရေးသူ၏ အကြားအမြင်အတွေ့နှင့်မြန်မာ့စွယ်စုံကျမ်းအတွဲ(၉)ကိုလေ့လာ ရေးသား လိုက်ရသည်၊ စာရှုသူများကြေနပ် အားရလိမ့်မည်ဟု မျှော်လင့်ပါသည်၊ ဤသို့လျှင် မိုးကုတ်မြို့သည် သာယာကြည်နူးဖွယ် ရှုခင်းသာတို့ဖြင့်ငင်း၊ အဖိုးတန် ကျောက်မျက်ရတနာတို့ဖြင့်ငင်း၊ ဘုရား၊ တရား၊ သံဃာ ဟူသော ရတနာမြတ်သုံး

ပါးတို့ဖြင့်ရှင်း၊ ပြည့်စုံကြွယ်ဝသော 'ရတနာမြို့တော်' ဖြစ်ပါသည်၊ ဤမိုးကုတ်မြို့ကို မရောက်ဖူးသေး သူများသည် တခါတခေါက် လာရောက်လေ့လာ စိတ်အပမ်းဖြေစရာ ကောင်းလှပါကုန်သတည်း၊ ထို့ကြောင့် စာရေးသူသည် ဖေါ်ပြပါရတနာမြို့တော် (မိုးကုတ်မြို့) ဖွဲ့တေးထပ်ကို ရေးစပ်မိခြင်း ဖြစ်ပါသည်။

## လယ်ဦးရွာ အောင်တော်မူ သာသနာ့ရိပ်သာမှာ သြဝါဒမင်္ဂလာ

ယနေ့ကား ကဆုန်လဆုတ် ၁၀-ရက်နေ့ဖြစ်သည်၊ အဂ္ဂမဟာဓမ္မကထိက ဆရာတော် ဦးမုနိန္ဒက မိမိဦးစီးတည်ထောင်၍ မိမိ၏တပည့်ကြီး ဦးသာသန အား ကမ္မဋ္ဌာနာစရိယ နာယက အဖြစ် တင်မြှောက်ထားသော မိုးကုတ်မြို့ လယ်ဦးရိပ်သာသို့ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင်ကြွရောက်ကာ သြဝါဒပေးသနားတော်မူပါရန် လျှောက်ထားသည်၊ထို့ကြောင့် ညနေပိုင်း၌ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး အမှူးရှိသော ရိပ်သာတွင်းရှိ ရဟန်းရှင်လူယောဂီများသည် ထိုလယ်ဦးရိပ်သာသို့ ကြွသွားကြပါသည်။

စာရေးသူကား ခြေအေး ဝမ်းယောင်နေ၍ မလိုက်နိုင်ပါ၊ ထို့ကြောင့် ရန်ကုန် သာသနာ့ရိပ်သာ အရှင်ကေလာသအား မှတ်တမ်းရေးခဲ့ပါရန် လျှောက်ထားလိုက်ရပါသည်၊ထို့ကြောင့် အရှင်ကေလာသက လယ်ဦးရိပ်သာသွားမှတ်တမ်းကို အောက်ပါအတိုင်း ရေးသားလာခဲ့ပေသည်။

## လယ်ဦးရိပ်သာသို့

ညနေ ၄-နာရီ ၄၅-မိနစ်၌ မြို့လယ်ရိပ်သာမှ ကား၆-စီးဖြင့် ထွက်ခဲ့ကြလေသည်၊ လယ်ဦးရိပ်သာသို့ ညနေ ၅-နာရီ၌ရောက်ကြသည်။

လယ်ဦးရိပ်သာမှ ပတ်ဝန်းကျင်ကို မှန်းမျှော်ကြည့်လိုက်မိပေသည်၊ မြင့်မားသော တောင်မည်းတောင်ကြီးမှာ အခိုးအငွေ့ ငွေမ်းအဖြူရောင်တို့ဖြင့် ခေါင်းမြီးခြုံထားလေသည်၊ ခေတ်တော် တောင်နှင့် ဇလပ်နီတောင်များမှာလည်း ထိုနည်းရင်းပင်တည်း၊ ကြေးနီတောင်ကတော့ ခေါင်းမြီးခြုံလှုပ်ထားသည်၊ သူ့ဆီမှာ ရာသီဥတု သာယာနေသည့် သဘောတည်း။

လယ်ဦးရိပ်သာမှာ မိုးကုတ်၊ မိုးမိတ်သွား ကားလမ်းဘေး၌ တည်ရှိသည်၊ မိုးမရွာသောကြောင့် ရာသီဥတုမှာ သာယာနေပါသည်၊ ပတ်ဝန်းကျင်တခုလုံး မဟူရာရောင် တောက်ပနေသည်၊ မိုးကုတ်မြို့ ၄-ပုံ ၂-ပုံနှင့် စမ်းချောင်း ကောက်ကောက် လမ်းကောက်ကောက်ကို သာယာ ရှုမောဘွယ်ရာ ပြန်လည်တွေ့ မြင်နေရပါသည်။

ဤရိပ်သာကုန်းမြင့်ထက်ဆီမှ ယောဂီအမျိုးသမီးတို့၏ ရွတ် ဆိုလိုက်ကြသော မဟာစည် ဘုန်းတော်ဖွဲ့အသံတို့သည် ဝေဟင် သို့ပင် ပျံလွင့်တက်သွားကုန်၏။

"အောင်တော်မူ သာသနာ့ရိပ်သာ" ဟူသော ယာယီ ဆိုင်းဘုတ်ကို ရိပ်သာကုန်းထိပ်၌ ဆွဲချိပ်ထားသည်ကို ဖတ်ရ

သည်၊ ရိပ်သာတွင်းသို့ ဝင်မိလျှင်ပင် ရွာပေါက်ဝရှိ "လယ်ဦး ရွာ"ဟူသော ဆိုင်းဘုတ်ကို တွေ့ရပြန်ပါသည်၊ ဤဆိုင်းဘုတ် များကို ဖတ်လိုက်ရမှသာလျှင် "လယ်ဦး"ဟူသည် ရွာ၏နာမည် ဖြစ်ပြီး ရိပ်သာ၏ နာမည် အပြည့်အစုံမှာ "အောင်တော်မူ သာသနာ့ရိပ်သာ"ဟု အတိအကျ သိရပါတော့သည်၊

လယ်ဦးရွာ ဆိုသော်လည်း မိုးကုတ်မြို့နှင့် ဝေးသည်မဟုတ်၊ ယခုလက်ရှိ မိုးကုတ်မြို့အိမ်ခြေနှင့် ဆက်နေသောရပ်ကွက်တခုလို ဖြစ်နေလေပြီ၊ သွားလာရေးလည်း လွယ်ကူသည်၊ အရိပ်ရေစမ်း လည်း ပြည့်စုံသည်၊ စိုက်ခင်း စိုက်ဖွယ်လည်း ပေါများသည်၊ လယ်ဦးရွာတဝိုက်၌ ရတနာကျောက်တူးသော စက်တွင်း လက် တွင်းများလည်း ရှိကုန်၏။

ရိပ်သာ ဓမ္မာရုံသို့မတက်မီ စာသင်ကျောင်းတွင်းသို့ ကြွကြွရ သည်၊ ရိပ်သာမှာတည်ထောင်ခါစမို့ အဆောက်အဦး မပြည့်စုံ သေးပါ၊ ထို့ကြောင့် စာသင်ကျောင်းတွင်းသို့ ကြွကြွရသည်၊ ရိပ်သာ ဒကာဒကာမများက ဆက်ကပ်သောဘိလပ်ရည်များကို သံဃာတော်အားလုံး ဘုဉ်းပေးကြသည်။

ထို့နောက် အောင်တော်မူ သာသနာ့ရိပ်သာဓမ္မာရုံသို့ တက် ကြသည်၊ ဓမ္မာရုံပေါ်သို့တက်လိုက်လျှင် ကော်ဇော၊ တဘက်၊ ပုဝါများကို ကောင်းစွာ ခင်းကျင်း ထားသည်ကို တွေ့ရသည်၊ ထိုအခင်းများကို နင်းမိလိုက်သည်နှင့် တပြိုင်နက် ခြေထောက် များအောက်မှ သာယာသောတရောဆိုးသံများ ပေါ်ထွက်လာ

သည်ဟု ထင်ရသည်၊ အမှန်သော် အောက်မှ အခင်းများမှာ ဝါးခင်းများဖြစ်၍ သာသနာပြု ဆရာတော်ဘုရားကြီး၏ ခြေတော်နှင့် တွေ့ရသောအခါဝယ် ဝမ်းပန်းတသာဖြင့် သာသနာ့အောင်သံကို ကြွေးကျော်နေသည့် သဘာဝအသံ ဖြစ်လေသည်။

ဆရာတော်ဘုရားကြီး ပလ္လင်ပေါ်ထိုင်မိလျှင်ပင် ရှမ်းအမျိုးသား ဒကာကြီး တယောက်က အခမ်းအနား အစီအစဉ်ကို ရှမ်းလို ကျေညာလိုက်ပါသည်၊ ထို့နောက် ရိပ်သာ ဂေါပကဥက္ကဋ္ဌနှင့် မိတ်ဆက်ပေးပြီးနောက် မိုးကုတ်ထုံးစံအရ ဘုရားတရား သံဃာတော်များကို တကြိမ်စီရှိခိုး၊ ရေချမ်းကပ်၊ ပန်းကပ်ကြသည်၊ နောက်တဖန် ဆရာတော်ဘုရားကြီးကို ကန်တော့ကြသည်။

ထိုအခါ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးက မင်္ဂလာအစုံစုံဝိုင်းအုံခသော အသံတော်ဖြင့် ဆုပေးတော်မူသည်၊ ငါးပါးသီလကိုလည်း ပရိသတ်များအား ဆောက်တည် စေတော်မူသည်။

ထို့နောက် ဆရာတော်ဘုရားကြီးက ဩဝါဒတရား မိန့်ကြားတော်မူပါသည်၊ မိန့်ကြားတော်မူရာ၌—

"ကျောင်းဆောက် လှူဒါန်းပြီး ဘုန်းကြီး ကိုးကွယ်တယ်ဆိုတာ ဝမ်းမြောက်ဖွယ် ကောင်းပါတယ်၊ မြတ်စွာဘုရားက ကျောင်းဆောက်လှူယင် ဆရာရော ဒကာပါ ရနိုင်တဲ့ အကျိုးရာငြိုဟ်သူမွေးကို ဟောခဲ့ပါတယ်။

ကျောင်းဟာ အအေး အပူဘေး၊ တိရစ္ဆာန် သားရဲဘေး၊ မြွေကင်းသန်းဘေး၊ များကိုလဲ ပယ်ဖျောက်နိုင်တယ်၊ လေအမျိုးမျိုးဘေး၊ မိုးအမျိုးမျိုးဘေးတွေကိုလဲ ပယ်ဖျောက်နိုင်ပါတယ်။

ကျောင်းဆိုတာက ကျောင်းနေသံဃာအတွက် ကျောင်းပေါ်မှာ ချမ်းချမ်းသာသာ နေထိုင်ရခြင်း၊ တရားအားထုတ်ရခြင်းအကျိုးတွေကိုလဲ ပြီးပြည့်စုံစေနိုင်တယ်၊ ဒါကြောင့် မြတ်စွာဘုရားက ကျောင်းလှူရခြင်းကို မြတ်တယ်လို့ ချီးမွမ်းတော်မူပါတယ်။

ဒါကြောင့် ကောင်းကျိုးမြင်သိပညာရှိသူဟာ မွေ့လျော်ဖွယ် ကျောင်းဆောက်ပြီး ဒီကျောင်းမှာ ပရိယတ်ပဋိပတ်တတ်ကျွမ်းလိမ္မာတဲ့ ပညာရှိရဟန်းကို တင်လှူရပါတယ်၊ အဲဒီကျောင်းမှာ ဖြောင့်မတ်စွာ သီတင်းသုံး ပျော်မွေ့တဲ့ ရဟန်းများအား ကျောင်းဒကာများက ဆွမ်းသင်္ကန်း အိပ်ရာနေရာများကို ကြည်ညိုသဒ္ဓါနဲ့ လှူဒါန်းရတယ်။

အထူးအားဖြင့်တော့ "တေ တဿ ဓမ္မံ ဒေသေန္တိ သဗ္ဗဒုက္ခာပနူဒနံ"တဲ့၊ အဲဒီကျောင်းမှာ သီတင်းသုံးတဲ့ ဆရာတော်တွေက ကျောင်းဒကာအား အလုံးစုံသော ဆင်းရဲကို ပယ်ဖျောက်နိုင်တဲ့ တရားကို ဟောကြားတတ်တယ်"တဲ့။

ဤသို့လျှင်အစချီ၍ ဆရာတော်ဘုရားကြီးက ဩဝါဒတရားကို ဟောကြားတော်မူပါသည်၊ ဦးပဥ္စင်းကား တရားနာနေရင်း ရှေ

တည့်တည့်၌ရှိသော ကန်တော့ပွဲများကို သတိပြုကြည့်မိပါသည်၊ အမြိတ်ဖွားဖွားကြီးများကိုပါ မဖြတ်ဘဲ ညီညာထွားကြိုင်းသော ကြက်သွန်ဖြူဥကြီးများကို ကန်တော့ပွဲ၌ ထည့်ထား သည်မှာ မျက်စေ့ပသာဒ၌ တမျိုးလှပနေသည်ဟုပင် ထင်မိသည်၊ လယ်ဦး ရွာထွက် ငှက်ပျောအုန်း လှလှနှင့် ပန်းမျိုးစုံတို့ကလည်း ဝေ ဝေဆာဆာရှိလှကုန်၏၊ ဆရာတော် ဘုရားကြီးကား ဩဝါဒ တရားတော်ကို အဆက်မပြတ် ဟောကြားတော်မူလျက် ရှိပါ သည်။

"မြတ်စွာဘုရား ပွင့်တော်မူတယ်ဆိုတာဟာလဲ သတ္တဝါတွေ ကို သံသရာဝဋ်ဆင်းရဲမှ ထုတ်ဆွဲကယ်တင်ဖို့ပါဘဲ၊ အဲဒီလို ကယ် တင်ဘို့ မြတ်စွာဘုရား ပွင့်လာရတယ်၊ အဲဒီ မြတ်စွာဘုရားဟော ထားတဲ့ အလုံးစုံသော ဆင်းရဲမှ ကင်းလွတ်ရာဖြစ်တဲ့ တရား တွေကို ကျောင်းထိုင် ဘုန်းကြီးက ဟောပြ ပါလိမ့်မယ်-တဲ့၊ နောက်ပြီးတော့ "ယံ သော ဓမ္မံ ဋ္ဌဉာယ၊ ပရိနိဗ္ဗာတိ အနာသဝေါတဲ့"

ယံ၊ ကျောင်းနေ သံဃာတို့က ဟောသော ဆင်းရဲငြိမ်း ကြောင်း ယင်းတရားကောင်းကို။ သုတွာ၊ကြားနာရ၍။ သော၊ ထိုကျောင်းဒါယကာသည်။ ဓမ္မံ၊သစ္စာလေးတန် တရားမှန်ကို။ ဋ္ဌဓ၊ ဤမျက်မှောက်ဘဝ၌ပင်လျှင်။ အညာယ၊သိ၍။ အနာသ ဝေါ၊ အာသဝေါကင်းကွာ ရဟန္တာဖြစ်၍။ ပရိနိဗ္ဗာတိ၊ ဆင်းရဲ ခပ်သိမ်းငြိမ်းလေတော့၏-တဲ့။

ကျောင်းဒကာ၊ ကျောင်းဒကာမဖြစ်တဲ့ သူဟာ ဆရာဘုန်းကြီးထံ တရားနာပြီး နှလုံးသွင်းအားထုတ်လို့ အဲဒီတရားကို ကိုယ်တိုင်တွေ့သိပြီး ယခုဘဝမှာဘဲ ဆင်းရဲငြိမ်းနိုင်ပါတယ်-တဲ့။

ခုပင် ငြိမ်းနိုင်တယ်ဆိုတာကတော့ ဣဓညာယ-ဆိုတဲ့ ပါဠိအရ ဥက္ကဋ္ဌနည်းပေါ့၊ ခုမငြိမ်းသေးယင် ဩမကနည်းအရ ကျောင်းဘုန်းကြီးဟောတဲ့ တရားကို နာရတော့ သုတမယဉာဏ်ရမယ်၊ ကြိုးစားအားထုတ်တော့ ဘာဝနာမယ ဉာဏ်ရမယ်၊ သောတာပန်စသည်လောက်လဲ ဖြစ်ချင်ဖြစ်နိုင်တယ်ပေါ့။

ယခု ဒီကျောင်းရိပ်သာမှာနေမသွံ့ ကိုယ်တော်ဟာ ပဟာ သတိပဋ္ဌာန်တရားတွေကို ကြိုးစားအားထုတ်ထားတဲ့ ဦးသာသနပါတဲ့၊ အဲဒီ ဆရာတော်က သူအားထုတ်တဲ့ သတိပဋ္ဌာန်တရားတွေကို ကျမ်းဂန်နှင့်အညီ ဟောပြပါလိမ့်မယ်။

ဟောပြယင် ဘုန်းကြီး ခုနင်ကပြောတဲ့ ဆင်းရဲငြိမ်းတဲ့တရားတွေကို လိုက်နာ အားထုတ်သူများရနိုင်ကြပါတယ်၊ အနည်းဆုံးတရားကို ကြိုးစားထုတ်ထားသူ ဆိုယင် ဘာဝနာမယဉာဏ်တွေရထားတော့ လောကဓံကောင်းဆိုးတွေကိုသည်းခံနိုင်ကြပါမည်၊ သည်းခံနိုင်ယင် သည်းခံနိုင်သလောက် ချမ်းသာတာပါဘဲ။

ဘုန်းကြီးတို့လဲ ရံဖန်ရံခါ ရောက်လာပါဦးမယ်၊ မြို့လယ်ရိပ်သာ ဆရာတော် ဦးမုနိန္ဒကလဲ ဝိုင်းဝန်း အားပေးပါလိမ့်မည်၊ မဟာစည် ဓမ္မကထိကအဖွဲ့လဲ ရောက်လာပြီး မကြာမကြာဆိုတာလို တရားဟောပါလိမ့်မယ်။

ဤသို့လျှင် ဆရာတော်ဘုရားကြီးက မိန့်တော်မူပါသည်၊ ဦးပဥ္စင်းကား တရားနာယင်း ဟင်းလင်းပြင် ဓမ္မာရုံကုန်းမြင့်ဆီမှ မိုးကုတ်မြို့ဖက်ကို တချက်မျှ လှမ်းမျှော်ကြည့်လိုက်ပါသည်။

ဘီးတောင်က ကွယ်ထားသဖြင့် မိုးကုတ်မြို့၏ ၄-ပုံ တပုံကို မမြင်ရပါ၊ သို့သော် မိုးကုတ်မြို့ ဖေါင်တောင်ဦး ဘုရားကုန်းမြင့် ဆီကပင်ကြည့်၍ မမြင်နိုင်သော ဘီးတောင်၏ အရှေ့ဖက်ခြမ်းရှိ အိမ်ခြေရပ်ကွက်များကို ရှင်းရှင်းလင်းလင်း မြင်နေရပါသည်၊ ဆရာတော် ဘုရားကြီးကား ဆက်လက်ဟောကြားမြဲဟောကြား လျက်ရှိပါ၏။

"ရိပ်သာ တည်ထောင်တယ် ဆိုတာ သား သမီး မြေး မြစ် အဆက်ဆက်ထိ စားသုံးနိုင်တဲ့ စားပင်သောက်ပင်ကြီး စိုက်ထား တာနဲ့ တူပါတယ်၊ ယခုရှိတဲ့ လူကြီးတွေကစပြီးတော့ သာသနာ တော် အပင်ကြီးစိုက်တဲ့ သဘော သာသနာ အုတ်မြစ်ချတဲ့ သဘောပါဘဲ။

လူဖြစ်လာပြီး သာသနာတော်နှင့် တွေ့ရသို့ ဗုဒ္ဓံ၊ ဓမ္မံ၊ သံဃံ၊ သရဏံ ဂစ္ဆာမိ-လို့ သရဏဂုမ်သုံးပါးကို ဆောက်တည်ကြတယ်၊ ဘာလို့ဆောက်တည်ရသလဲဆိုယင် ဆင်းရဲခပ်သိမ်းငြိမ်းတဲ့ နိဗ္ဗာန် ကို ရလိမ့်မယ်လို့ ရည်ရွယ်ချက်နဲ့ ဆောက်တည်ရတယ်။

သာသနာတော်ကြီးနဲ့ တွေ့လျက်သားနဲ့ လူစည်းစိမ်လောက် နဲ့တော့ အားရမနေသင့်ဘူး၊ ဒါနဲ့တော့ အပါယ်က မလွတ်နိုင် သေးဘူး၊ အနဲဆုံး သောတာပန်ဖြစ်မှ အပါယ်က လုံးဝစိတ်ချ လက်ချလွတ်နိုင်တယ်။

ရိပ်သာ တည်ထောင်တယ်ဆိုတာ အပါယ်ကလွတ်တဲ့ ဥာဏ်တွေနဲ့ ပြည့်စုံချင်လို့ တည်ထောင်ရတာဘဲ၊ဒီမိုးကုတ်မြို့မှာအခြားရိပ်သာဌာနခွဲတွေလဲ ရှိတာပါဘဲ၊ ရိပ်သာတွေများတာကောင်းပါတယ်၊ အဲဒီနေရာတွေဟာ မဂ်ဖိုလ်နိဗ္ဗာန်ကို လိုချင်တဲ့သူတွေအားထုတ်ရတဲ့ နေရာတွေချည်းပါဘဲ၊ အဲဒီ နေရာမျိုးမရှိရင် ဆရာကောင်းမရှိယင်မကောင်းဘူး"

ဆရာတော်ဘုရားကြီးက ဤသို့လည်း ရိပ်သာတည်ထောင်ရခြင်း၏ ရည်ရွယ်ချက်နှင့်ရိပ်သာတည်ထောင်ရကျိုး လူဖြစ်ရကျိုးသာသနာနှင့် တွေ့ရကျိုးနပ်အောင် ရိပ်သာများမှာ တရားအားထုတ်ကြဘို့ကိုပါ အထူးတိုက်တွန်းတော်မူပါသည်။

"ဒီအရပ်က ရှမ်းတွေများတော့ တရားပြ ဆရာတော်ကလဲ ရှမ်းစကားတတ်ယင် ပိုကောင်းမယ်၊ သူ့အရပ် သူ့ဒေသအလိုက် သူ့ဘာသာစကားနဲ့ ပြောပြနိုင်တာကောင်းတယ်။

ဘုန်းကြီးတောင် "ဖောင်းတယ်-ပိန်တယ်" ဆိုတာနဲ့ ပတ်သက်ပြီး ဒီအရပ်က ဘာသာစကားကို ဒကာကြီး တယောက်ဆီမှာ မေးထားရသေးတယ်၊ ကိုယ့်ဘာသာနှင့်ကိုယ် သင်ယူအားထုတ်ဘို့ ဘုရားကလဲ ဟောခဲ့ပါတယ်၊ ဒီမှာနေတဲ့ပုဂ္ဂိုလ်တွေလဲ ဒီက ဘာသာစကားကို သင်ထားအုန်းမှ ဖြစ်မယ်၊ ကြာတော့ ဘတ်လာပါလိမ့်မယ်။

ဘုန်းကြီးပို့ထားတဲ့ ယိုးဒယားကို ရောက်နေတဲ့ ယိုးဒယားသာသနာပြုဘုန်းကြီးကတော့ ယိုးဒယားစကားတွေကို သင်လို့

တစ်မြောက်နေပါတယ်၊ စကားသာမက စာပါတတ်လို့ ကျမ်းတောင် ပြုနေပါပြီ၊ ကြာတော့လဲ တတ်ပါတယ်။

ဘုန်းကြီးတို့တောင်မှ ကြီးသွားလို့သာ မြန်မာပြည်ထောင်စုထဲက စကားတွေကို အားလုံးသင်ထားချင်ပါတယ်၊ ဒါမှ စိတ်တိုင်းကျသာသနာပြုနိုင်ပြီးထိထိရောက်ရောက်အောင်မြင်မှာဘဲ” ဤသို့လည်း ဆရာတော်ဘုရားကြီးကသာသနာပြုရာမှာ ဘာသာစကားမျိုးစုံ တတ်ကျွမ်းထားယင် သာသနာပြုလို့ ခရီးရောက်အောင်မြင်နိုင်ကြောင်းကိုလည်းမိန့်တော်မူပါသည်။ထို့နောက်....

၁။ အပါယ်ဘေးငြိမ်းခွင့်၊ ဉာဏ်အဆင့်၊ အသင့် ရောက်ပါစေ။

၂။ ထိုဉာဏ်ဖြင့်လဲ၊ မတော်လဲ၊ ဆင်းရဲ ငြိမ်းပါစေ။

၃။ ပြစ်ပေါ်လာငြား၊စိတ်ကြမ်းများ၊ ပယ်ရှားနိုင်ပါစေ” ဟူသော ပေးနေကျ ဩဝါဒကထာကိုလည်း လိုရင်းအဓိပ္ပါယ်ဖြင့် ရှင်းလင်း၍ မိန့်ကြားတော်မူပါသည်။ ထို့နောက်....

“ကဲ....အချိန်လဲ စေ့သွားပါပြီ၊ ဒီအောင်တော်မူသာသနာ့ရိပ်သာမှာ ဆရာရော-ဒကာပါ သတိပဋ္ဌာန်သာသနာတော်ကို ပြုစုနိုင်ကြ၍ ဒုက္ခကင်းရာ နိဗ္ဗာန်ချမ်းသာကို လျင်မြန်စွာဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေ” ဟူ၍ ဩဝါဒကို အဆုံးသတ်တော်မူလိုက်ပါသည်။

ဩဝါဒတရား ပြီးသော် — ရေစက်ချ အမျှဝေပါသည်၊ အားလုံးကိစ္စပြီး၍ လယ်ဦးရွာမှ ပြန်ခဲ့ကြသောအချိန်မှာ ညနေ ၆-နာရီ မိနစ် ၃၀-ဖြစ်ပါသည်၊ ဤကား အရှင်ကေလာသ· ရေးမှတ်ခဲ့သော လယ်ဦးသွားမှတ်တမ်း ဖြစ်ပါသည်။

## မဟာစည်တပည့်များ၏ စုပေါင်းဆွမ်းဒါန

ယနေ့ကား ၁၃၃၅-ခု၊ နယုန်လဆန်း ၂-ရက်နေ့ဖြစ်သည်၊ ရိပ်သာတွင်းရှိ သာသနာပြုဆရာတော်များ ယောဂီများအား ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ တပည့်များက ဆွမ်းလှူဒါန်းဆက်ကပ်ကျွေးမွေးကြပါသည်၊ အမှန်မှာ ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ နဝကမ္မမှ ကပ္ပိယညွှန်း၍ အပ်စပ်သောနည်းဖြင့် ဆရာတော်ဘုရားကြီး လှူဒါန်းသော ဆွမ်းဒါနပင် ဖြစ်ပါသည်။

"စဥ့်ကူး-သပိတ်ကျင်း-ကျပ်ပြင် စတဲ့ လမ်းတလျှောက်တုန်းက စွမ်းနိုင်သမျှ သဒ္ဓါထက်သန်စွာနဲ့ လှူလိုက်ကြတဲ့ နဝကမ္မတွေလဲ ရှိတယ်၊ထီး-ဘိနပ်-သင်္ကန်းတွေလဲ ရှိတယ်၊မိုးကုတ်ရောက်မှ လှူတဲ့ နဝကမ္မတွေလဲ ရှိတယ်၊ အဲဒီ အလှူရှင်တွေ ကုသိုလ်တိုးတက် ပွားများသထက် ပွားများအောင် ဒီရိပ်သာ ရဟန်းရှင်လူ ယောဂီများအား ဆွမ်းကျွေးလှူဒါန်းရမယ်။

ဤသို့လျှင် ဆရာတော်ဘုရားကြီးက ကပ္ပိယဒကာကြီးများအား အမိန့်ရှိတော်မူပါသည်။ ထို့ကြောင့် အရိပ်ပြ အကောင်ထင် တထွာပြ တလန်မြင်ကြသော ကျောင်းဒကာ ဦးကြင်ပို

အငြိမ်းစား တရားသူကြီး ဦးသိန်းဟန် အငြိမ်းစား ဗိုလ်ကြီး သန်းမောင်တို့က ဆရာတော် ဘုရားကြီး၏ နဝကမ္မဝတ္ထုငွေ (၁၀၀၀ိ/) တစ်ထောင်ကျပ်ကို ရိပ်သာအကျိုးဆောင် အဖွဲ့အား အပ်နှင်း၍ ဆွမ်းကပ်လိုပါကြောင်း ပြောကြသည်၊ ယင်းသို့ ဆရာတော်ဘုရားကြီးက ဆွမ်းတနပ် လှူမည်ဆိုပြန်တော့လည်း ဆရာတော်ဘုရားကြီး၏ နောက်လိုက် ရန်ကုန် ပုသိမ် ကပ္ပိယများ ရိပ်သာတွင်း ယောဂီများနှင့် ကျောင်းအမကြီး ဒေါ်စောရင် ဝေယျာဝစ္စ အကျိုးဆောင် ဆရာမ မခင်စမ်း စသော အခြား စေတနာရှင်များကလည်း စုပေါင်း၍ ထပ်မံသဒ္ဒါဝင်ကြပြန် ပါသည်။

ထိုနေ့-နေ့ဆွမ်း၌ သက်သတ်လွတ် ဆွမ်းကပ်သည်၊ ဆွမ်းချက် အဖွဲ့က ဂျုံကို အမျိုးမျိုးအသွင်ပြောင်း၍ ဝက်သားဟင်း၊ ကြက်သားဟင်း၊ ဝက်သားလုံးသကြားနှင့် စသည် စိမ်ချက်ပြုတ်လျက် သက်သတ်လွတ်ဟင်းမျိုးစုံဖြင့်လက်စွမ်းပြကြလေသည်၊ အားလုံး သုံးဆောင်၍ ကောင်းမြတ်ပါကုန်၏၊ ဓမ္မကထိက ကမ္မဋ္ဌာနာ စရိယ သံဃာတော်များနှင့် ပင့်သံဃာများအားလည်း သင်္ကန်း ၄၅-စုံကိုဝေဘန်၍ လှူဒါန်းပါသေးသည်၊ သင့်ငွေ ၆၀၀ိ/ ကုန်ကျသည်ဟု သိရပါသည်။

## မြို့တွင်းကြွ၍ချီးမြှောက်ရပုံ

ကျေးဇူးရှင် ဆရာတော်ဘုရားကြီး အမှူးရှိသော မဟာစည် ဓမ္မကထိက အဖွဲ့သည် ဤမိုးကုတ်မြို့- မြို့လယ်ရိပ်သာ၌ သာ

သနာပြုယင်းပင် ရံဖန်ရံခါ ဒကာဒကာမတို့၏ အထူးလျှောက်ထားချက်အရ မြို့တွင်းသို့ကြွ၍ အနေကဇာတင်ခြင်း၊ ပရိတ်တရား ဟောကြားခြင်း စသည်တို့ဖြင့် ချီးမြှောက်တော်မူကြရသေးသည်၊ မိုးကုတ်မြို့- အရှေ့ရပ် ယောဂီဟောင်း ဦးစံလှိုင်အိမ်၊ ပတ္တမြားရပ် ယောဂီဟောင်း ဦးတင်လှအိမ် စသော အိမ်များသို့ကြွရောက်ချီးမြှောက်ကြရပါသည်။

## မိုးကုတ်မူလ- မဟာစည်သာသနာ့ရိပ်သာမှာ သြဝါဒကထာ

ယနေ့ကား ၁၃၃၅ခု၊ နယုန်လဆန်း ၃-ရက်နေ့တည်း။ အချိန်မှာ ညနေ ၅-နာရီဖြစ်၏၊ ကျေးဇူးရှင် မဟာစည် ဆရာတော် ဘုရားကြီးသည် နောက်ပါ ရဟန်းရှင်လူ တပည့်တို့နှင့်အတူ မိုးကုတ်မြို့ မူလမဟာစည် သာသနာ့ရိပ်သာသို့ ကြွရောက်တော်မူလေသည်၊ ဤရိပ်သာကို ဦးစွာတည်ထောင်တော်မူခဲ့သော အဂ္ဂမဟာ ဓမ္မကထိက ဆရာတော် ဦးမုနိန္ဒနှင့် တပည့်များလည်း လိုက်ပါတော်မူခဲ့ပေသည်၊ အကြောင်းမှာ ထိုရိပ်သာ ဆရာတော် ဦးဝိမလနှင့် တပည့် ဒကာဒကာမတို့က သြဝါဒတရား ပေးသနားတော်မူပါရန် ပင့်လျှောက်ကြသောကြောင့်တည်း။

ထိုရိပ်သာ တည်နေရာမှာ မိုးကုတ်မြို့ ကြက်သရေဆောင် ဖောင်တော်ဦးဘုရားအနီး၌ ဖြစ်လေသည်၊ တောင်ကမ်းပါးရံ အဆင့်ဆင့်၌ ရှုချင်စဖွယ် တင့်တယ်စွာတည်ထားသော ရိပ်သာဖြစ်၏။

ရိပ်သာသို့ရောက်လျှင် ရိပ်သာ ဒကာဒကာမများက ဘိလပ်ရည်ကပ်ကြ၏၊ ဆရာတော် ဘုရားကြီးအား ကန်တော့ကြသည်၊ ဆရာတော်ဘုရားကြီးက ဆုပေးသီလ ချီးမြှင့်ပြီးနောက် ဩဝါဒ တရားကို မိန့်ကြားတော်မူပါသည်။

## ဤရိပ်သာ သမိုင်း

"ဒီရိပ်သာ ဆရာတော် ဦးဝိမလနှင့် တပည့်ဒကာဒကာမများက ဩဝါဒ ပေးသနားတော်မူပါ ဘုရား-ဆိုလို့ ကြွလာရပါတယ်၊ ဒါကြောင့် ဒီရိပ်သာကို ဦးစွာတည်ထောင်ခဲ့တဲ့ ဆရာတော် ဦးမုနိန္ဒနှင့် ဘုန်းကြီးနှင့် တွေ့ဆုံပြီး သူသာသနာပြုခဲ့ပုံက စပြီး ပြောရဦးမယ်။

၁၃၀၀ (တထောင့်သုံးရာ) ပြည့်နှစ်ကစပြီး မွေးရပ်ဇာတိ ရွှေဘိုခရိုင် ဆိပ်ခွန်ရွာမှာ ကမ္မဋ္ဌာန်းဌာန တည်ထောင်ပြီး မဟာသတိပဋ္ဌာန် ဝိပဿနာကို ဘုန်းကြီး စတင်ဟောကြားပြသခဲ့ပါတယ်။

၁၃၀၈-ခုနှစ်လောက်မှာ ရွှေဘိုဆရာတော် ဦးမုနိန္ဒ ဆိပ်ခွန်ကိုရောက်လာပြီး တရားအားထုတ်ပါတယ်၊ နောက်ဘုန်းကြီးနှင့်အတူတွဲပြီး နယ်လှည့်တရားဟော တရားပြပြီး သာသနာပြုကြပါတယ်။

၁၃၁၁-ခုနှစ် ရန်ကုန်ရောက်ပြီး သာသနာ့ရိပ်သာမှာ ရွှေမင်းဝန်ဆရာတော်တို့ ဒီရွှေဘို ဦးမုနိန္ဒဆရာတော်တို့နှင့် အတူတွဲပြီး တရား စပြကြပါတယ်။

၁၃၁၆-ခုနှစ်မှာ ရွှေဘို ဦးမှုန်နဲ့ မိုးကုတ်မြို့ကိုကြွပြီး ဒီရိပ်သာ တည်ထောင်ပါတယ်၊ နယ်လှည့်ပြီးတော့လဲ တရားဟော တရား ပြပါတယ်။

ဒါတွေကို အကြောင်းပြုပြီးတော့ ဘုန်းကြီးလဲ မိုးကုတ်ကို အခွင့်သင့်တိုင်း တရားဟော တရားပြကြွရောက်ရ ပါတယ်၊ မိုးကုတ်ကို ဘုန်းကြီး ကြွရောက်ပြီး တရားဟောရတာ မိုးကုတ်မြို့မှာ မဟာသတိပဋ္ဌာန် ဝိပဿနာတရား ထွန်းကားတာဟာ ဦးမှုန်နဲ့ရဲ့ ကျေးဇူးပါပဲ၊ သူဟာ အရင်းခံပါပဲ။

ဤသို့လျှင် ကျေးဇူးရှင် မဟာစည်ဆရာတော် ဘုရားကြီးက ဤရိပ်သာ သမိုင်းအကြောင်းနှင့် ဤရိပ်သာ၏ ကျေးဇူးရှင်ကို ရင်းမြစ်ကစ၍ ထုတ်ဖေါ်ကာ မိန့်တော်မူပါသည်၊ ထို့နောက် ဤသို့ ဆက်လက် မိန့်တော်မူပါသည်။

## မမေ့သင့်သော ဒုလ္လဘနှစ်မျိုး

“ဒွေ မေ ဘိက္ခဝေ ပုဂ္ဂလာ ဒုလ္လဘာ၊ လောကသ္မိံ ကတမေ ဒွေ ယောစ၊ ပုဗ္ဗကာရီ ယောစ ကတညူကတဝေဒီ၊ ဣမေ ခေါ ဘိက္ခဝေ ဒွေ ပုဂ္ဂလာ၊ ဒုလ္လဘာ လောကသ္မိံန္တိ။ (အံ-၁၊ ၈၆)”

“ရဟန်းတို့၊ လောက၌ ရနိုင်ခဲကုန်သော ပုဂ္ဂိုလ်တို့သည် ဤနှစ်မျိုးတို့တည်း၊ အဘယ်နှစ်မျိုးတို့နည်းဟူမူ-ရှေးဦးစွာကျေးဇူးပြုတတ်သော ပုဂ္ဂိုလ်ရင်း၊ ပြုဘူးသော ကျေးဇူးကို သိ၍ ကျေးဇူးတုံ့ပြုတတ်သော ပုဂ္ဂိုလ်ရင်း၊ ရဟန်းတို့ရနိုင်ခဲ့သော

ပုဂ္ဂိုလ်ဘို့သည် ဤနှစ်မျိုးတို့ပေတည်း-လို့ မြတ်စွာဘုရားက မိန့်တော်မူခဲ့ပါတယ်”။

“ဒါကြောင့် ဒီရိပ်သာကို တည်ဆောင်တဲ့ ပုဂ္ဂိုလ်နှင့် ဒီရိပ်သာကို မမေ့သင့်ပါဘူး၊ ဘုန်းကြီးနှင့်တကွ တပည့်တွေတရားပြနေကြတာလဲ မြတ်စွာဘုရားရဲ့ ကျေးဇူးတော်တွေကို ဆပ်နေကြတာပါပဲ၊ မြတ်စွာဘုရားဟာ ကျေးဇူးရှင်ကြီးပဲ။

ဟုတ်တယ်၊ မြတ်စွာဘုရားရဲ့ သာသနာတော်မှာနေလို့ မြတ်စွာဘုရားက ခွင့်ပြုတော်မူလို့ ဒကာဒကာမတွေ လှူဒါန်းတဲ့ ပစ္စည်းလေးပါးတွေကို သုံးဆောင်ပြီး သာသနာပြုကြရတယ်၊ အဲဒီလို ကိုယ်တိုင်လဲ သီလ-သမာဓိ-ပညာ-သိက္ခာ သုံးပါးကို ကျင့်၊ တပည့် ဒကာဒကာမတွေကိုလဲ ဟောပြော ပြသကြတာဟာ မြတ်စွာဘုရားကိုလဲကျေးဇူးဆပ်တာဖြစ်တယ်၊ ဒကာဒကာမတွေကိုလဲ ကျေးဇူးဆပ်တာဖြစ်တယ်”။

ထို့အတူ တပည့်များက ဆရာကို ကျေးဇူးဆပ်ကြရ၊ သားသမီးများက မိဖကို ကျေးဇူးဆပ်ကြရပါတယ်။

တရားနာပရိသတ်တို့ကား ငြိမ်သက်စွာနားကြားလျက် ရှိကြပါသည်၊ တောင်ကမ်းပါးရံကို ရှပ်ရှိုက်ခပ်လာသော လေပြေအေးသည် တရားဟော ဆရာတော်ဘုရားကြီးနှင့်တကွ တရားနာပရိသတ်များအား အေးမြသော ချမ်းသာဖြင့် ပူဇော်သကဲ့သို့ ရှိပါတော့သည်။

## ဘုရားအလိုတော်ကျ နက်နဲတဲ့ တရားကိုသာ ဟောလေ့ရှိခဲ့တယ်

"အဲဒါကြောင့် ဘုန်းကြီးဆိုယင် မြတ်စွာဘုရားကို ကျေးဇူးဆပ်တဲ့အနေနဲ့ ထူးမြတ်တဲ့ သာသနာတွင်း ဝိပဿနာတရားတွေကို လေးလေးနက်နက် တိကျမှန်ကန်စွာ ညွှန်ကြားဟောပြောလေ့ရှိပါတယ်၊ လေးနက်မှန်ကန်တဲ့ ဝိပဿနာတရားဟာ အသိဉာဏ်နဲ့သေးသူများအတွက်ပျင်းစရာကြီးလို ဖြစ်နေတတ်ပါတယ်။

ဘုန်းကြီးငယ်ငယ်တုန်းက တရားဟောခါနီးမှာ ပရိသတ်ကို ငဲ့ပြီး "ဒကာဒကာမကြိုက် စကားလုံးကလေးများ ထည့်ပြီး တရားဟောဦးမှ လေလား" လို့ တွေးမိခဲ့ဘူးပါတယ်။ ဒါပေမယ့် တရားပလ္လင်ပေါ်လဲ တက်လိုက်ရော "ငြော် ငါဟာ မြတ်စွာဘုရားရဲ့ ကိုယ်စားပဲ" လို့ သတိရပြီး ဘုန်းကြီးပါးစပ်က ဒကာဒကာမ အများကြိုက် စကားလုံးကလေးများ ထွက်မလာတော့ဘူး၊မှန်ကန်တိကျနက်နဲတဲ့ မှန်မြတ်တဲ့တရား စကားလုံးများသာ ထွက်လာတော့တယ်၊ဒါကြောင့် ဘုန်းကြီးဟာ ငယ်စဉ်ကတည်းကပြီး နက်နဲတဲ့မှန်ကန်မှန်မြတ်တဲ့ တရားများကိုသာ ဟောလေ့ရှိခဲ့ပါတယ်။"

ဆရာတော်ဘုရားကြီးသည် ဗုဒ္ဓမြတ်စွာ သာသနာတော်နှင့် ပတ်သက်၍ မိမိ၏ ခံယူချက်ကို ဖြောင့်စင်းပွင့်လင်းစွာ ယထာဘူတကျကျ ရဲရဲရင့်ရင့် တည်တည် ကြည်ကြည် မိန့်တော်မူပါသည်၊ ဤသို့ မိန့်ခြင်းဖြင့် မိမိ၏ တပည့်ကြီးငယ်များကိုလည်း

"ဤသို့ပင် ကျင့်သုံးဟောပြောကြ"ဟု သတိပေးပြီးသား ဖြစ်သွားပေသည်။

## သာသနာတွင်းမှာ ဆင်းရဲငြိမ်းအောင် အားထုတ်ကြ

"ဒါကြောင့် ယခုအခါ သာသနာတွင်းသား ရဟန်းရှင်လူ ဗုဒ္ဓသာသနာဝင်များကစပြီး လူသားအားလုံးဟာ မြတ်စွာဘုရားရဲ့ အလိုတော်ကျ နက်နဲအဖိုးတန်တဲ့ တရားထူးတွေကို ကြိုးစားအားထုတ်ဖြစ်အောင် ကြိုးစားအားထုတ်ဘို့ အရေးကြီးတယ်၊ မြတ်စွာဘုရားကလဲ "အကုသိုလ်ကို မပြုကြနဲ့၊ ကုသိုလ်ကို ပြုကြ၊ ကုသိုလ်ပြုရာမှာလဲ အဆင့်ဆင့် လေးနက်မွန်မြတ်ပြီး တန်ဖိုးကြီးတဲ့ ကုသိုလ်ထူးတွေထိအောင် ပြုကြ"လို့ မိန့်တော်မူပါသေးတယ်။

ယခုလို သာသနာတွင်းကာလကြီးမှာ ဒါန လောက်နဲ့လဲ မတင်းတိမ်ကြနဲ့ဦး၊ သီလလောက်နဲ့လဲ မရောင့်ရဲကြနဲ့ဦး၊ သုတလောက်၊ ချာန်အဘိဉာဏ်လောက်၊ ဘောရဆောက်ဘည့်ရုံ လောက်၊ လူ- နတ် ချမ်းသာ လောက်နဲ့လဲ အားမရကြနဲ့ဦး၊ ဝိပဿနာပညာ-မဂ်ပညာ-ဖိုလ်ပညာအဆင့်ဆင့်နှင့် ပြည့်စုံအောင် ရဟန္တာဖြစ်သည်အထိ ကြိုးစားအားထုတ်ကြ-လို့ မိန့်တော်မူခဲ့ပါတယ်"။

ဆရာတော်ဘုရားကြီးသည် ဤသို့ မြတ်ဗုဒ္ဓ၏ အလိုတော်ကျ ဓမ္မစွန်းကိုသည်း ရှင်းလင်းပြတ်သားစွာ မိန့်တော်မူပါသည်။

## ဝိပဿနာတရားဟောပြောပြကြတဲ့နေရာမှာ ပရိယတ်-ပဋိပတ်ကျွမ်းကျင်တဲ့ပုဂ္ဂိုလ်များဖြစ်ဖို့ အရေးကြီးပါတယ်

"ဒါကြောင့် တရားဟောပြသကြရာမှာ ဗုဒ္ဓအလိုတော်ကျ ဖြစ်အောင် ဟောပြောပြသဖို့ အရေးကြီးပါတယ်၊ အထူးအား ဖြင့် ဝိပဿနာတရားဟောပြော ပြသကြတဲ့နေရာမှာ ပရိယတ် ပဋိပတ်ကျွမ်းကျင်တဲ့ပုဂ္ဂိုလ်များ ဖြစ်ဖို့ရာ အရေးကြီးပါတယ်။

မြန်မာပြည်မှာ ပဋိပတ္တိဌာနပေါင်း များစွာရှိကြပါတယ်၊ ရဟန္တာလို့ ကျော်ကြားတဲ့ ပုဂ္ဂိုလ်ထူးများရဲ့ ဌာနတွေလဲ ရှိကြပါ တယ်၊ အဲဒီဌာနတွေထဲမှာ ပရိယတ်၊ ပဋိပတ်ကျွမ်းကျင်ပြည့်စုံ တဲ့ ရဟန်းတော်တော်များများ ဦးဆောင်တဲ့ ဌာနကတော့ ရှားပါတယ်၊ ပရိယတ်-ကျွမ်းကျင်တတ်မြောက်တဲ့ ပညာရှိရဟန်း တော်ယောဂီများ အားထုတ်တဲ့ ကမ္မဋ္ဌာန်းဌာနလဲရှားပါတယ်၊ ခိုင်ခိုင်မာမာနဲ့ ဝိသုဒ္ဓိဉာဏ်စဉ်များကို အစဉ်အတိုင်း စစ်ဆေးပြီး ညွှန်ကြားနိုင်တဲ့ ဌာနလဲရှားပါတယ်။

ဘုန်းကြီးတို့ သာသနာ့ရိပ်သာ တွေမှာတော့ပရိယတ်ပဋိပတ် ကျွမ်းကျင်တဲ့ပုဂ္ဂိုလ်တွေ ဦးဆောင်ကြပါတယ်၊ လာရောက်အား ထုတ်တဲ့ ရဟန်းတော်တွေကလဲ ပရိယတ်တတ်မြောက်တဲ့ပုဂ္ဂိုလ်တွေ အတော်များပါတယ်၊ ပြ,သ,တဲ့ဆရာတွေထဲမှာရော အားထုတ်တဲ့ ယောဂီတွေထဲမှာပါ အစိုးရဓမ္မာစရိယ၊ စေတိယင်္ဂဏဓမ္မာစရိယ၊ သကျသီဟဓမ္မာစရိယ၊ ဒီဃဘာဏက-ကောဝိဒ စတဲ့ စာမေးပွဲ အောင်တဲ့ပုဂ္ဂိုလ်တွေ စာမေးပွဲမအောင်ပေမယ့် စာပေအရည်

အချင်းနဲ့ပြည့်စုံလို့ ကိုယ့်ပရိသတ်နဲ့ကိုယ် စာချနေနိုင်တဲ့ပုဂ္ဂိုလ်တွေတောင်မှ ပါကြပါတယ်”

ဆရာတော်ဘုရားကြီးသည် ကမ္မဋ္ဌာန်းဌာနများနှင့်ပတ်သက်၍လည်း အရည်မီ ရတည်ပြည့်သော ဌာနများဖြစ်သင့်ပုံကိုရင်း၊ မိမိတို့ သာသနာ့ရိပ်သာဌာနများမှာ ပရိယတ်ပဋိပတ်ကျွမ်းကျင်သူများပါ ဦးဆောင်ကြသလို ပရိယတ် ကျွမ်းကျင်သူများပါ အားထုတ်လျက် ရှိကြကြောင်းကိုလည်း ရဲရဲတောက် မိန့်ကြားတော်မူပါသည်။

### ကမ္မဋ္ဌာန်းဌာနဆိုယင် ယောဂီရှိရမယ်

“ကမ္မဋ္ဌာန်းဌာန တည်ထောင်ထားပြီး ယောဂီမရှိဘဲ ချွတ်ယွင်းနေတဲ့ ဌာနတွေလဲ ရှိနေတတ်ကြပါသေးတယ်၊ဘုန်းကြီးတို့ သာသနာ့ရိပ်သာဌာနခွဲတွေမှာလဲ ယောဂီနဲပါးနေတဲ့ ဌာနတွေကို တွေ့ခဲ့ရကြောင်း တရားဟောအဖွဲ့နဲ့ လိုက်ပြီး သာသနာပြုလှည့်လည်ခဲ့တဲ့ အငြိမ်းစား တိုင်းမင်းကြီး ဦးညိုပု က လျှောက်ထားတယ်။

အဲဒီလို ယောဂီနဲပါးနေတဲ့ ယောဂီမရှိဘဲဖြစ်နေတဲ့ ရိပ်သာအခွဲဟာ ဒကာဒကာမဖက်က ယောဂီစောင့်ရှောက်ရေး အားပျော့နေလို့လဲဖြစ်နိုင်တယ်၊ဟောပြောညွှန်ပြတဲ့ ကမ္မဋ္ဌာနာစရိယဆရာတော်ရဲ့ ဆက်ဆံရေးအဆင်မပြေမှု ဟောပြောပုံညံ့မှု၊ ဟောပြောလုပ်ရှားခြင်းမရှိမှုများကြောင့်လဲ ဖြစ်နိုင်ပါတယ်။

ဒါကြောင့်တရားဟောပြတဲ့ ကမ္မဋ္ဌာန်းဆရာ ဓမ္မကထိကတွေ ဖက်ကလဲ မဟာရ မလစ်ဟင်းရအောင် ဂရုစိုက်ကြရမယ်၊ ခရမ်းမြို့ သပြေကုန်း ရိပ်သာမှာ ယောဂီနဲ့လို တရားဟောပုံများ နည်းမကျ လို့လား ကြိုးစားစမ်းပါဦးလို့ ခရမ်းသပြေကုန်း သာသနာ့ ရိပ်သာ ဆရာတော်ကို တိုက်တွန်းခဲ့ရတယ်၊ နောက်တော့ ခရမ်း သပြေကုန်း ရိပ်သာ ဆရာတော်က ဆရာတော်ဘုရားကြီးရဲ့ နည်းနာနိဿယတရားဟောနည်း သေချာအောင် ဆရာတော် ဟောကြားထားတော်မူတဲ့ တရားစာအုပ်ကိုဖတ်ပြီးတော့တောင် ဟောပါတယ်-လို့ထုချေလျှောက်ထားတယ်။

ယောဂီမရှိ-ရှိအောင် စုဆောင်းပြီး ကြိုးစားမှုနှင့် ပတ်သက် လို့ မြင်းခြံ သာသနာ့ရိပ်သာဆရာတော် ဦးသုန္ဒရနည်း ကိုယူဘို့ ကောင်းတယ်၊ မြင်းခြံရိပ်သာမှာ ယောဂီနဲ့ပါးသွားတော့ သူ့ရွာ က သူ့ဆွေမျိုးတွေကို တရားဟောပြောကာ မြင်းခြံရိပ်သာကို ခေါ်ခဲ့ပြီး တရားအားထုတ်ခိုင်းသတဲ့၊ သူ့နည်းလဲကောင်းပါ တယ်၊ ရိပ်သာထောင်ပြီး ယောဂီ မရှိယင် မကောင်းကို မကောင်းဘူး။

ဟောဒီ မိုးကုတ် မြို့လယ်ရိပ်သာက ရွှေဘိုဆရာတော် ဦးမုနိန္ဒ လဲ ပဋိပတ်ဖက်က တော်တော်ဆောင်ရွက်ပါတယ်၊ ကိုယ့်ရိပ် သာ သာမက ဟိုဟိုဒီဒီ လှည့်လည်ပြီးတော့လဲ တရားဟောပါ တယ်။

နောက်ပြီး သူဝါသနာပါတဲ့ ဒုလ္လဘ ရဟန်းခံပွဲကြီးတွေ၊ ရှင်ပြုပွဲကြီးတွေလဲ ကျင်းပတတ်ပါတယ်၊ အဲဒါတွေအားလုံးကို

တော့ ဘုန်းကြီးတို့က အားမပေးပါဘူး၊ ရှင်ပြုပွဲကတော့ဖြင့် တော်ပါရဲ၊ ဒါပေမယ့် ပျော်ပွဲရှင်ပွဲတွေမပါမှ ကောင်းတယ်၊ ဆင်းရဲလို့ရှင်မပြုနိုင်တဲ့ မိဖတွေရှင်ပြုခွင့်ရနိုင်တယ်။

ဆရာတော်ဘုရားကြီးသည် မိမိ၏တပည့် ဩဝါဒခံကမ္မဋ္ဌာန်း ဆရာတွေနဲ့ ကမ္မဋ္ဌာန်းဌာနတွေရဲ့ ချွတ်ယွင်းချက် အားပျော့ချက် များကိုလည်း ထောက်ပြည့်ကြား ဆုံးမတော်မူပါသည်၊ ထို့ နောက် ဤမိုးကုတ်မြို့ မူလ မဟာစည် သာသနာ့ရိပ်သာ အကြောင်းကို မိန့်တော်မူ၍ နိဂုံးချုပ်တော်မူပါသည်။

## ယောဂီရှိတာကိုတွေ့ချင်တယ်

ဒီရိပ်သာဌာနမှာလဲ ယောဂီမရှိဘဲ ပျက်ချော်ချော်ဖြစ်နေ တယ်ဆိုဘဲ၊ အခုလဲ ယောဂီတယောက်မှ မတွေ့ရပါကလား၊ ဒါဟာ ဒီရိပ်သာဆရာတော်နှင့် ဒကာဒကာမတွေရဲ့ တာဝန်ပဲ၊ နောက်တခါဘုန်းကြီးလာယင် ယောဂီရှိဒါကို တွေ့ချင်ပါတယ်၊ ဒီရိပ်သာဆရာတော် ဦးဝိမလက ဂရုစိုက်ဖို့ အရေးကြီးတယ်၊ ဦးမုနိန္ဒက-ထားတဲ့ ပုဂ္ဂိုလ်ဆိုတော့ ဦးမုနိန္ဒရဲ့ ကျေးဇူးကိုသိပြီး တိုးတက်အောင် ကြိုးစားဖို့လိုပါတယ်။

ကိုယ်မစွမ်းဆောင်နိုင်တော့ယင်လဲ ဦးမုနိန္ဒကို ပြန်အပ်နိုင်ရ မယ်၊ ဦးမုနိန္ဒက စွမ်းနိုင်သူ ရှာထားပါလိမ့်မယ်၊ ဒီရိပ်သာ ဌာနကို ရေစက်ချတုန်းကထဲကိုက နောင်ရှုပ်ချင်ယင် ရှုပ်နေမှာ စိုးလို့ ရှင်းအောင် သံဃိက မချခဲ့ဘူး၊ "တရားဟော တရားပြ တရား အားထုတ်ကြတဲ့ ယောဂီအပေါင်းအား လှူပါ၏"လို့

ရေစက်ချထားတာပဲ၊ ဦးဝိမလဆရာတော်က အားသွန်ခွန်စိုက် တိုးတက်အောင် ကြိုးစားရမယ်၊ ရိပ်သာ ဒကာ-ဒကာမတွေကလဲ တိုးတက်အောင် ကြိုးစားကြပါ။

ကဲ....အချိန်လဲ စေ့သွားပါပြီ၊ ယခု ဟောကြားညွှန်ပြတဲ့ ဩဝါဒတရားများကို နာကြားကြရတဲ့ ကုသိုလ်စေတနာကြောင့် ကိုယ်ကျန်းမာ စိတ်ချမ်းသာနဲ့ သာသနာပြုနိုင်ကြ၍ ဒုက္ခကင်းရာ နိဗ္ဗာန်ချမ်းသာကို လျင်မြန်စွာဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေ”

ဤသို့ မိန့်ကြားပြီးနောက် ယခုပြုသော ကုသိုလ်ကောင်းမှုကို ရေစက်သွန်းချ အမျှပေးဝေ၍ ဩဝါဒခံယူပူဇော်ပွဲကို ရုပ်သိမ်းလိုက်ပါသည်၊ ဩဝါဒခံယူပူဇော်ပွဲပြီးသော် ညနေ ၆-နာရီ ၁၀-မိနစ်၌ မြို့လယ်သာသနာ့ရိပ်သာသို့ ပြန်ခဲ့ကြပါလေသတည်း။

## ပန်းမ-အလှူမှာ အနုမောဒနာ

ယနေ့ကား နယုန်လဆန်း ၈-ရက်နေ့တည်း၊ အချိန်မှာ နေ့ဆွမ်းဘုဉ်းပေးပြီးချိန် ဖြစ်သည်၊ ဆရာတော်ဘုရားကြီး အမှူးရှိသော မဟာစည် ဓမ္မကထိကအဖွဲ့၊ မြို့လယ်ရိပ်သာ အဂ္ဂမဟာဓမ္မကထိကဆရာတော်နှင့် ရိပ်သာတွင်းရှိ ရဟန်းရှင်လူ ယောဂီများသည် မိုးကုတ်မြို့ - မြို့လယ်ရိပ်သာမှ ကျပ်ပြင် ပန်းမရပ်လယ်ပြင်ကျောင်းတိုက်သို့ ကားများဖြင့် ကြွကြရသည်၊ မိုးကုတ်မြို့မှ ၇-မိုင်ဝေးသော ပန်းမရပ် လယ်ပြင်ကျောင်းသို့ နေ့ ၁-နာရီ မိနစ် ၂၀-အချိန် ရောက်ကြ၍၊ အနောက်ပိုင်း သံဃာတော်များ

လည်း ရောက်နှင့်တော်မူကြပါသည်၊ အကြောင်းမှာ အလှူကိစ္စ **အတွက်** ပင့်သောကြောင့် ကြွကြရလေသည်။

## လှူဒါန်းသော အကြောင်းအရာမှာ

၁။ ဘုရားအနေကဇာတင်နှင့် ပန်းမရွာ လယ်ပြင်ကျောင်း တိုက် ရှင်ဝါသဝအား ဥပသမ္ပဒကံဆောင်၍ ရဟန်း ဘောင်သို့ ချီးမြှောက်ခြင်း။
၂။ မိုးကုတ်မြို့လယ် သာသနာ့ရိပ်သာ-သုဓမ္မာ တန်ဆောင်း တော်ကြီး တခန်း(၅၀၀ိ)
၃။ ကျပ်ပြင် ပြည်သူ့ဆေးရုံကြီး တခန်း(၃၀၀ပိ)
၄။ အနောက်ပိုင်းသံဃာတော်များအား နဝကမ္မ(၁၀၀ဝိ)
၅။ မိုးကုတ်မြို့ - မြို့လယ် သာသနာ့ရိပ်သာ - ရဟန်း ရှင် လူ ယောဂီများအား ဆွမ်းတရက်လှူ(၂၀၀ဝိ)ခန့်
၆။ မိုးကုတ်မြို့လယ်ရိပ်သာ သံဃာတော်များအား နဝ ကမ္မ(၁၀၀ဝိ)
၇။ ပင့်သံဃာတို့အား ထီး-ဘိနပ်-သက်နှ်းဒွိစုံများ လှူဒါန်း ခြင်းများ ဖြစ်လေသည်။

အလှူရှင်များမှာ ကျပ်ပြင် ပန်းမရွာအနောက်ရပ် ဦးရွှေရေး-ဒေါ်လှစိန် သားသမီးများတည်း။

နံနက် ၁၁-နာရီမှ စ၍ပင် ပရိသတ်များအား ကျွေးမွေး ညွှတ်ခံခဲ့ကြောင်း သိရသည်။

ရတနာမြေ မိုးကုတ်မြို့တော်၏ ကြီးကျယ်သော အလှူကြီး တို့တွင် ဤအလှူလည်း တခုအပါအဝင်ဖြစ်မည်ဟု ထင်မိသည်။

သံဃာပရိသတ် လူပရိသတ် အားလုံးစုံသောအခါ ပရိသတ်များက မိုးကုတ်ထုံးစံအတိုင်း ကန်တော့ကြပါသည်၊ ဆရာတော်ဘုရားကြီးက သီလပေးတော်မူပြီးနောက် သံဃာတော်အားလုံးက ပရိတ်တရား ချီးမြှင့်တော်မူကြသည်၊ ထို့နောက် ဆရာတော်ဘုရားကြီးက အရပ်ရပ် အလှူဒါနနှင့်စပ်သော အနုမောဒနာတရားများကို လိုရင်းချုပ်၍ ဟောပြော်မူပါသည်၊ ထို့နောက် သံယုတ္တပါဠိတော်လာ "သီလဝန္တသုတ်၊သုတဝန္တသုတ်တော်" ကို ဟောကြားတော်မူပါသည်။

"အလှူအရပ်ရပ်နှင့်စပ်သမျှ လိုရင်း ဟောပြီးပါပြီ၊ အထူးအားဖြင့် မိုးကုတ်မြို့မှာတော့ ဘုန်းကြီးတို့က သတိပဋ္ဌာန်ဝိပဿနာတရားတော်ကို ဟောပြောပြသဆဲပါပဲ၊ရက်(၃၀)ဟောပြောပြသဖို့ အစီအစဉ်ရှိပါတယ်၊ ဒီကျပ်ပြင်ပိုင်းမှာတော့ ဆောက်စကဆုန်လဆန်း(၁၄)ရက်ညက မိုးတဖွဲဖွဲနဲ့ ကျပ်ပြင်ကျောင်းကြီးကျောင်းတိုက်မှာပဲ ဟောခဲ့ရသေးတယ်၊ တညထဲပဲ ဟောခွင့်ကြုံသေးတယ်။

ဒါကြောင့် ဒီအလှူမှာ နက်နဲအဖိုးတန်တဲ့ ဝိပဿနာရှုနည်းနှင့်တကွ ရှုရကျိုးတွေ အစုံပါတဲ့ "သီလဝန္တသုတ်-သုတဝန္တသုတ်" တရားတော်ကို ဟောရမယ်၊ဝိပဿနာဆိုလို့ ပျင်းလဲမနေကြနဲ့ဦး၊ ဝိပဿနာတရားဆိုတာ ကြားနာရခဲတယ်။

## မျက်ရည်တိတ်အောင်ဟောမှ ကောင်းတယ်

တချို့ ဓမ္မကထိကတွေကတော့ ဇာတ်ဝတ္ထုတွေကို တရားနာများမျက်ရည်ကျအောင် အလွမ်းအဆွေးတွေနဲ့ဟောကြပါသတဲ့၊

တရားနာသူတွေကလဲ အဲဒါကို"ကောင်းတယ်-မျက်ရည်ကျအောင် ကို ကောင်းတယ်"လို့ ပြောကြသတဲ့၊ အမှန်ကတော့မျက်ရည်ကျ အောင် ဟောယင် ဘယ်ကောင်းမလဲ၊ မျက်ရည်ကျပြီး ပူဆွေး နေယင်တောင် စိုးရိမ်ပူဆွေး ကင်းပြီး မျက်ရည်တိတ်အောင် ဟောနိုင်မှ ကောင်းတယ်။

မြတ်စွာဘုရားက မဟာသတိပဋ္ဌာနသုတ်တော်မှာသတိပဋ္ဌာန် တရားတော်ရဲ့ စွမ်းရည်သတ္တိ ကောင်းကျိုးတွေကို ထုတ်ဖော် ကျေညာတဲ့အထဲမှာ "သောကပရိဒေဝါနံ သမတိက္ကမာယ- စိုးရိမ်မှုသောကနှင့် ငိုကြွေးမှု ပရိဒေဝတွေကို ကောင်းစွာ လွန် မြောက်နိုင်ခြင်းငှါ" လို့ ဟောကြား ကျေညာတော်မူခဲ့တာပဲ၊ တရားဟောတယ် တရားနာတယ် ဆိုတာ အပူ ငြိမ်းအောင် မျက်ရည်တိတ်အောင် ဟောပြောနာကြားကြရတာပဲ။

ဤသို့လျှင် ဆရာတော်ဘုရားကြီးက တရား ဟောခြင်း နာ ကြားခြင်းတို့၏ မှန်ကန်မှန်မြတ်သော ရည်ရွယ်ချက်ကို မိန့်ကြား တော်မူ၍ တရား အစပျိုးတော်မူပါသည်။ ထို့နောက် ဤသို့ ဆက်လက်ဟောကြားတော်မူ၏။

## သုတ်တော် နိဒါန်း

"ဒီ သီလဝန္တသုတ်-သုတဝန္တသုတ် တရားတော်ဟာ အခါ တပါး အရှင်သာရိပုတ္တရာနှင့် အရှင်မဟာကောဋ္ဌိကတို့ အရှင် မြတ် ၂-ပါးဟာ ဗာရာဏသီပြည်အနီး ဣသိပတန အမည်ရတဲ့ မိဂဒါဝုန်တောမှာ သီတင်းသုံး နေတော်မူကြစဉ် အရှင်မဟာ

ကောဋ္ဌိက က သီလနှင့်ပြည့်စုံတဲ့ရဟန်းဟာ ဘယ်တရားကို နှလုံးသွင်းရပါသလဲလို့ မေးလို့ အရှင်သာရိပုတ္တရာက ဖြေကြားတဲ့ တရားတော်ပါဘဲ။

ဒီသီလဝန္တသုတ်ရဲ့အောက်နားမှာလဲ ဒီလိုပဲ၊ ဒီအရှင် ၂-ပါး မေးဖြေတော်မူကြတဲ့ သုတဝန္တသုတ်-ဆိုတာ ရှိတယ်၊ သီလနှင့် သုတကလွဲယင် ကျန်တာတွေ အကုန်အတူတူပါဘဲ၊ ဒါကြောင့် ဒီ ၂-သုတ်ကိုတွဲပြီး ဟောပြောရတယ်။

## နောင်လာနောက်သားများအတွက်

"ဘုန်းကြီးအနေနဲ့ တရားဟောတိုင်းစဉ်းစားမိတယ်၊မြတ်စွာဘုရား ဟောကြားတော်မူတဲ့တရားတွေကို ဟောတိုင်းဟောတိုင်း ချက်ခြင်း ကျောက်စာတွေနဲ့ ရေးပြီး မှတ်တမ်းတင်ထားခဲ့မယ်ဆိုယင် ကောင်းမှာပဲ၊ အခုတော့ ဘုရားပရိနိဗ္ဗာန်စံပြီးမှ သံဂါယနာအဆင့်ဆင့်တင်ပြီး မှတ်တမ်းပြုကြရတာ ဆိုတော့ ဝါဒကွဲတွေက တယ်များတယ်။

ဒီသုတ်တော်မှာ အရှင် မဟာကောဋ္ဌိက မထေရ်မြတ်က မသိလို့ မေးတော်မူတာ မဟုတ်ဘူး၊ နောင်လာနောက်သားများအတွက် မှတ်တမ်းကျန်ရစ်အောင် မေးတော်မူတာပဲ၊ ဒါကြောင့် ဘုန်းကြီးတို့ ယခုဟောကြရတာ ကျေးဇူး အလွန်များလှပါတယ်"

ဤသို့လျှင် ဆရာတော်ဘုရားကြီးက စပ်မိစပ်ရာ တရားရတနာ တိကျခိုင်မြဲရေးကို စိတ်ကူးပေါ်မိကြောင်းနှင့် အရှင်

မဟာ ကောဋ္ဌိကက မေးတော်မူခဲ့ပေလို့ အရှင် သာရိပုတ္တရာက ဖြေကြားတော်မူခဲ့ပေသောကြောင့်သာ ယခုထိ တရားဟောစရာ အဖြစ် တည်ရှိနေ၍ ကျေးဇူးများလှကြောင်းတို့ကို မိန့်တော်မူပါသည်။

ထို့နောက် အရှင် မဟာ ကောဋ္ဌိကက အဆင့်ဆင့် မေးတော်မူပုံ အရှင်သာရိပုတ္တရာက အဆင့်ဆင့် ဖြေကြားတော်မူပုံများကို ဝိပဿနာရှုမှတ်ပုံများဖြင့် အသေးစိပ် ရှင်းလင်း၍ ဟောကြားတော် မူပါသည်၊ပြီးသော် အရပ်ရပ်အလှူကို ရေစက်ချမေးတော်မူပါသည်၊ အားလုံးကိစ္စပြီးသော် ပန်းမမှ မိုးကုတ်မြို့- မြို့လယ်ရိပ်သာသို့ ပြန်ခဲ့ကြရာ ညနေ ၅-နာရီ အချိန်၌ ရောက်ကြပါသတည်း။

ဆရာတော် ဘုရားကြီး ဟောကြားတော်မူသော သီလဝန္တသုတ်- သုတဝန္တသုတ် တရားတော် ဆောင်ပုဒ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်၊ ဤဆောင်ပုဒ်ဖြင့် ဤတရား၏ အဓိပ္ပါယ် သိုရင်း အချုပ်ကိုသိသာနိုင်ပါသည်။

## ခန္ဓဝဂ္ဂသံယုတ် ပါဠိတော်- သီလဝန္တသုတ်-သုတဝန္တသုတ် တရားတော် ဆောင်ပုဒ်များ

(က)

၁။ သီလသုတာ၊ စုံသူမှာ၊ ဘယ်ဟာရှုရပါနည်း။
၂။ စွဲလမ်းနိုင်ရာ၊ ငါးခန္ဓာ၊ မှန်စွာရှုအပ်သည်။
၃။ မမြဲဆင်းရဲ၊ ရောဂါစွဲ၊ ပေါက်ကွဲအိုင်းတူသည်။
၄။ ငြောင့်မကောင်းမှု၊ ဖျားနာဟု၊ မှတ်ရှုသူ့စိမ်းမည်။

၅။ ပျက်စီးသည့၊ အနတ္တ၊ ရှုရ ဆယ့်တစ်မည်။
၆။ သို့ရှုမြင်သန့်၊ သောတာပန်၊ အမှန်ဖြစ်နိုင်သည်။

( ခ )

၁။ သောတာပန်ကား၊ ဘယ်တရား၊ ရှုပွါးအပ်သနည်း။
၂။ သောတာပန်လဲ၊ ခန္ဓာဘဲ၊ ရှုမြဲနည်းတူသည်။
၃။ သို့ရှုမြင်သန့်၊ သကဒါဂါမ်၊ အမှန်ဖြစ်နိုင်သည်။

( ဂ )

၁။ သကဒါဂါမ်ကား၊ ဘယ်တရား၊ ရှုပွါးအပ်သနည်း။
၂။ သကဒါဂါမ်လဲ၊ ခန္ဓာဘဲ၊ ရှုမြဲနည်းတူသည်။
၃။ သို့ရှုမြင်သန့်၊ အနာဂါမ်၊ အမှန်ဖြစ်နိုင်သည်။

( ဃ )

၁။ အနာဂါမ်ကား၊ ဘယ်တရား၊ ရှုပွါးအပ်သနည်း။
၂။ အနာဂါမ်လဲ၊ ခန္ဓာဘဲ၊ ရှုမြဲနည်းတူသည်။
၃။ သို့ရှုမြင်သန့်၊ အရဟံ၊ အမှန်ဖြစ်နိုင်သည်။

( င )

၁။ ရဟန္တာကား၊ ဘယ်တရား၊ ရှုပွါးရသနည်း။
၂။ ရဟန္တာလဲ၊ ခန္ဓာဘဲ၊ ရှုမြဲနည်းတူသည်။
၃။ သို့ရှုသော်ငြား၊ သစ်ဟောင်းကား၊ တိုးပွါးမရှိပြီ။
၄။ သတိသမ္ပဇဉ်၊ ရှုတိုင်းယှဉ်၊ မျက်မြင်ချမ်းသာသည်။

## နယုန်လပြည့်-မဟာသမယနေ့

ယနေ့ကား နယုန်လပြည့်နေ့ ဖြစ်သည်၊ ဤနယုန်လရောက်လျှင် ကောင်းကင်ခရီး၌ ဇေဋ္ဌကြယ်သည် တနင်းလာဂြိုဟ်မင်းနှင့် ယှဉ်သည်၊ အဿ(မြင်း) တာရာကခြံရံလျက်ရှိ၏၊ မိဂသိနက္ခတ်ကား ဥဒေါင်းနန်းဖလ်ဝါ နေမင်းနှင့် ယှဉ်လေသည်၊ ဤကား ကမ္ဘာကို လှည့်ပတ်နေကုန်သော နေလနက္ခတ်တို့၏ နယုန်လ အနေအထားဖြစ်သည်။

ဤနယုန်လ၌ မိုးသားကျူးသော ကောင်းကင်ရှိသည်၊ မိုးသံများလည်း ကြားရသည်၊ နယုန်မိုးသေး မြက်သားမွေး ဆိုသည့်အတိုင်း မိုးသေးအပ်ဖျားတို့လည်း ကျလာတတ်၍ နွေဥတု၏နေပူမိထားသော မြက်ပင်အိုများလည်း အသစ်တဖန် မိုးနှံခံလျက် သားသစ်မွေးကြသည်၊ ကျေးငှက် သာရကာတို့ကလည်း မိုးသံကြား၍ ကစားမြူးတူးကြသည်၊ စမွယ်မုလေး ပန်းကလေးများကလည်း ပွံ့မွှေးကြိုင်လှိုင် နေကြပါပြီကော။

ဤနယုန်လသည် ရတနာပုံ ခေတ်ကဆိုလျှင် ရဟန်းတော်များအတွက် စာမေးပွဲများ ချိမ့်ချိမ့်သဲမျှ ကျင်းပသောလ ဖြစ်သည်၊ ထို့ကြောင့် စာမေးပွဲကျင်းပရာ ဌာနဖြစ်သော ရတနာပုံမင်းနေပြည်၏ သုခမ္မာ ခန်းမဆောင်ကြီးတဝိုက်၌ ရှင်ရဟန်းပရိသတ် မင်းပရိသတ်တို့သည် ပျားပန်းခတ်မျှ စည်ကားသိုက်မြိုက်ခဲ့ကြကုန်၏။

ဤနယုန်လ၏ လပြည့်နေ့သည်လည်း ဗုဒ္ဓဘာသာဝင်တို့အတွက် ထူးခြားသောနေ့ဖြစ်သည်၊ အဘယ်ကြောင့်နည်း၊ ဗုဒ္ဓ

မြတ်စွာသည် မဟာသမယ သုတ်တော်များကို ထုတ်ဖော် ဟော မြွက်တော်မူခဲ့သောနေ့ ဖြစ်သောကြောင့်ပေတည်း၊ ဟောကြား တော် မူရခြင်း အကြောင်းရင်းနှင့် ဟောကြားတော်မူပုံ အလုံး စုံသည် စိတ်ဝင်စားဖွယ် ကောင်းလှပါသည်။

## ရေလုပွဲမှ စစ်ပွဲသို့

လွန်ခဲ့သော နှစ်ပေါင်း နှစ်ထောင့် ငါးရာကျော် ကာလ ဗုဒ္ဓလက်ထက်တော်တုန်းကဖြစ်သည်၊ ကပိလဝတ်ပြည်နှင့်ကော လိယပြည်သား လယ်သမားတို့သည် နှစ်ပြည်ကြားရှိ ရောဟိဏီ မြစ်ရေကို အမှီပြု၍ ကောက်စပါး စိုက်ပျိုးကြသည်၊ပူပြင်းသော နွေဥတု၏ နယုန်လအခါ၌ ရောဟိဏီမြစ်ရေသည် ရေနည်းပါး သောကြောင့် နှစ်ပြည်ထောင် လယ်သမားများအတွက် မလို လောက်ပဲ တပြည်ပြည်က လယ်သမားများအတွက်သာ လုံလောက် ဘည်။ ထို့ကြောင့် ထိုရေကို "သူသာယူမည်၊ ငါသာယူမည်"ဟု လယ်သမားချင်း စကားများ ရန်ဖြစ်ကြသည်ကစ၍ နှစ်ပြည် ထောင် မင်းများအထိ ကူးစက်ကာ နှစ်ပြည်ထောင် ကြားရှိ ရောဟိဏီမြစ်ဆီသို့ စစ်တိုက်ရန် ချီတက်ခဲ့ကြသည်။

## မြတ်ဗုဒ္ဓ၏ ငြိမ်းချမ်းရေးတရားတော်

ထိုအခါ မြတ်စွာဘုရား ကြွရောက်တော်မူလာ၍ ဇာတ်တော် ငါးခုနှင့် အတ္တဒဏ္ဍသုတ် "ငြိမ်းချမ်းရေးတရား"တို့ကို ဟော ကြားလျက် ရန်ငြိမ်းစေတော်မူသည်။

ထိုနေ့၌ နှစ်ပြည်ထောင်မင်းတို့သည် "မြတ်စွာဘုရား၏တရားတော်ကို နာကြားရသောကြောင့်သာ ငါတို့ သွေးချောင်းမစီးကြပဲ ရန်ပွဲငြိမ်းကြရသည်၊ ထို့ကြောင့် မြတ်စွာဘုရားကိုကျည်သို လေးစားသောအားဖြင့် မြတ်စွာဘုရားအား တပြည်ထောင်လျှင် မင်းသား နှစ်ရာငါးဆယ်စီ လှူကြမည်" ဟု ဆုံးဖြတ်၍ လှူကြ၏။

## မဟာဝုန်နှင့်ကုဏာလအိုင်ကြီးသို့

မြတ်စွာဘုရားသည်ထိုနှစ်ပြည်ထောင်ပေါင်းမင်းသားငါးရာတို့ကို ရှင်ရဟန်းပြုစေပြီးလျှင် မဟာဝုန်တောသို့ ခေါ်ဆောင်လျက် ကြွတော်မူခဲ့သည်။

ရဟန်း ငါးရာတို့ကား မိမိတို့ သဘောအလျောက် တရားကျ၍ ရဟန်းပြုကြသူများ မဟုတ်သည့်ပြင် မယားဟောင်းတို့ကလည်း စာနှင့် တမျိုး သတင်း လူကြုံနှင့်တဖုံ လူထွက်ပါရန် ဖျားယောင်းကြသောကြောင့် သာသနာတော်၌ မပျော်မမွေ့ကြပေ။

ထို့ကြောင့် မြတ်စွာဘုရားက ရဟန်းတို့ကို မဟာဝုန်တောမှ တဆင့် သာယာရှုမောဖွယ် ဟိမဝန္တာ၌ ကုဏာလအိုင်ကြီးသို့ တန်ခိုးတော်ဖြင့် ခေါ်တော်မူခဲ့လေသည်၊ ရောက်သော် ကုဏာလအိုင်အနီး၌ သီတင်းသုံးတော်မူကာ ဂါထာတဆောင်ရှိသော ကုဏာလဇာတ်တော်ကို ဟောကြားတော်မူလျက် ရဟန်းတို့၏ ငြီးငွေ့ခြင်းကို ပယ်ဖျောက်တော်မူပေသည်။ ဇာတ်တော်အဆုံး၌ သစ္စာ ၄-ပါးတရားပြ၍ ရဟန်းငါးရာလုံး သောတာပန်ဖြစ်ကြသည်နှင့်တပြိုင်နက် အဘိညာဉ် တန်ခိုးပါ ရရှိကြလေသည်။

## မဟာဝုန်ပြန်ကြွ ရဟန္တာဖြစ်ကြပြီ

ထိုနောက် မြတ်စွာဘုရားသည် သက္ကတိုင်း ကပိလဝတ်ပြည် အနီး မဟာဝုန်တောကြီးသို့ ကောင်းကင်ခရီးဖြင့် ပြန်ကြွတော် မူရာ သောတာပန် ရဟန်းငါးရာတို့လည်း မိမိတို့ တန်ခိုးဖြင့်ပင် ခြံရံကာလိုက်ပါကြလေသည်။

မြတ်စွာဘုရားသည် မဟာဝုန်တောသို့ ပြန်ရောက်သော် ထို ရဟန်းငါးရာတို့အား ကျန်ရှိနေသေးသော ကိလေသာများကို အထက်မဂ်သုံးပါးဖြင့် ပယ်သတ်နိုင်ရန် ကမ္မဋ္ဌာန်းတရားကိုဟော ကြားပြီးလျက် ဆိတ်ငြိမ်ရာ တောဝမ်းသစ်ပင်ရင်းတို့၌ အသီး သီး တရားအားထုတ်စေတော်မူပါသည်၊ ထိုရဟန်း ငါးရာလုံး တပါးပြီးတပါး ရဟန္တာဖြစ်တော်မူကြလေသည်။

ထိုအခါ ရဟန်းငါးတို့သည် မိမိတို့ ရဟန္တာဖြစ်ကြောင်းကို မြတ်စွာဘုရားအားလျှောက်ထားရန် တပါးစီ တပါးစီ မရှေး မနှောင်း ရောက်လာကြသည်။ သို့သော် တပါးနှင့်တပါး ရှက် နိုးတော်မူကြသဖြင့် မလျှောက်ဖြစ်ကြပေ။

## ဝင်ကြွယ်သော ညနှင့် ဝင်ကြွယ်သော ပရိသတ်

အချိန်မှာ လွန်ခဲ့သည့် နှစ်ပေါင်း နှစ်ဆောင့်ငါးရာကျော် ကာလ နယုန်လပြည့်နေ့ ညနေ နေဝင်ခါစ ဖြစ်သည်၊ လမင်း သည် အရှေ့မိုးကုတ်စကြဝိုင်းဆီမှ ဝင်းဝင်းပပ ထွန်းလင်းထွက်ပြူ လာခဲ့ပြီ၊ ဆီးနှင်းမြူတိမ် သူရိန်မီးခိုး ညစ်မျိုးငါးဝ ကင်းစင် ပသော လပြည့်ဝန်းကြီး ထွက်ပေါ်လာရာ ညဥ့်အခါ၌ ကိလေ

သော အညစ်အကြေး ကင်းစင်ဝေးတော်မူကြသော သာကီနွယ် ထူး ရဟန္တာငါးရာ ခြံရံလျက် ကိလေသာ အညစ်အကြေး ကင်းစင်ဝေးတော်မူသော သာကီနွယ်ဘွား မြတ်စွာဘုရားသည် သန့်ရှင်းစင်ကြယ် ကြည်နူးဖွယ်ကောင်းသော မဟာဝုန်တောကြီး ၌ အလွန်တရာ တင့်တယ်တော်မူလှပါပေသည်။

## နတ်ဗြဟ္မာအပေါင်း သောင်းသောင်းဖျဖျ ရောက်လာကြ

ထိုစဉ်အခါ အသညသတ်နှင့် အရူပဗြဟ္မာများမှတပါး တသောင်းသော စကြဝဠာတိုက်တို့၌ ရှိရှိသမျှသော နတ်ဗြဟ္မာ အပေါင်းတို့သည် "အိုး-အချင်းတို့၊ သွားကြကုန်စို့၊ ဘုရားဖူးရ ခြင်း၊ တရားတော်ကို နာကြားရခြင်း၊ သံဃာတော်ကို ဖူးမျှော် ရခြင်းတို့သည် ကျေးဇူးများလှပေသည်၊ သွားကြကုန်စို့၊ သွား ကြကုန်စို့"ဟု အချင်းအချင်း နှိုးဆော်ကြေးကြော်ကြ၍ မဟာ ဝုန်တော မြတ်စွာဘုရားထံတော်သို့ ချောက်လာကြလေသည်။

ဤစကြဝဠာတိုက်အလုံးသည် အပ်အပြည့် ထည့်ထားသော ကျည်တောက်ကဲ့သို့ အကြား မလပ်ပြည့်ကြပ်၍ နေလေသည်။ သားမြီးဖျားမျှလောက်သော နေရာ၌ပင် နတ်ဗြဟ္မာအပေါင်း ဘကျိပ်မှ ခြောက်ကျိပ်အထိပင် ဖန်ဆင်း၍ နေကြရလေသည်။

ထိုအခါ မြတ်စွာဘုရားသည် ' "ဤနတ်ဗြဟ္မာတို့၏ အစည်း အဝေးကား များပြားလှ၏၊ ရဟန်း ငါးရာကား ဤမျှများ ပြားသော နတ်ဗြဟ္မာ အစည်းအဝေးကြီးဟု မသိကြပေ၊ ယခု ပင်လျှင် ထိုရဟန်းတို့အား သိအောင် ဟောကြားပေအံ့"ဟု ကြံစည်တော်မူပါသည်။

ထိုနတ်ဗြဟ္မာတို့လည်း မြတ်ဘုရား၏ ထိုအကြံကို သိကြ၍ "မြတ်စွာဘုရားသည် ဤသို့ များပြားသော နတ်ဗြဟ္မာအစည်းအဝေး၌ တန်ခိုးကြီးသော နတ်ဗြဟ္မာတို့၏ အမည်အနွယ်ကိုသာ ထုတ်ဖေါ် ဟောကြားတော်မူပေမည်၊ တန်ခိုးငယ်သော နတ်ဗြဟ္မာတို့၏ အမည်အနွယ်ကို အဘယ်မှာလျှင် ထုတ်ဖေါ်ဟောကြားတော်မူမည်နည်း" ဟု အကြံအစည် ဖြစ်ကြလေသည်။

မြတ်စွာဘုရားသည် ထိုနတ်ဗြဟ္မာတို့၏ အကြံအစည်ကိုလည်း သိတော်မူသောကြောင့် တသောင်းသော စကြာဝဠာတို့ကမှ စည်းဝေးရောက်လာကြသော နတ်ဗြဟ္မာအားလုံးတို့၏ အမည်အနွယ်ကို ထုတ်ဖေါ်၍ ဟောကြားရန် ကြံစည်ဆုံးဖြတ်တော်မူလေသည်။

## မဟာသမယသုတ်များ ဟောမိန့်ကြား

ထို့နောက် ဖြစ်သစ်စ ရဟန္တာငါးရာတို့အား "ရဟန်းတို့၊ ယခုအခါ အလွန်ကြီးကျယ် များပြားလှသော နတ်ဗြဟ္မာ အစည်းအဝေး "မဟာသမယ" ကြီးသည် ဖြစ်လေပြီ၊ ဤလို နတ်ဗြဟ္မာ အစည်းအဝေးကြီးသည် ရှေးဘုရားများ ပွင့်တော်မူစဉ်ကလည်း ဖြစ်ခဲ့လေပြီ၊ နောင်ပွင့်တော်မူကြမည့် ဘုရားရှင်တို့၏မျက်မှောက်၌လည်း ဤလို နတ်ဗြဟ္မာ အစည်းအဝေးကြီးသည် ဖြစ်လတ့်၊ ဤအစည်းအဝေးကြီးသို့ လာရောက်ကြသော နတ်ဗြဟ္မာတို့၏ အမည်အနွယ်တို့ကို သင်တို့အား ဟောကြားပေအံ့" ဟု မိန့်တော်မူပြီးလျှင် "မဟာသမယသုတ်" တော်ကို ဟောကြားတော်မူလေသည်။

မြတ်ဘုရားသည် မဟာသမယသုတ်ကို ဟောတော်မူပြီးသော် နတ်ဗြဟ္မာတို့ စိတ်နှုးညွှတ်ပျော့ပျောင်းကာ မြတ်ဘုရားကို လွန်စွာ ကြည်ညိုကြလျှင်-

၁။ ရာဂစရိုက် ထူပြောသော နတ်ဗြဟ္မာတို့အား သမ္မာပရိဗ္ဗာဇနီယသုတ်။

၂။ ဒေါသစရိုက် ထူပြောသော နတ်ဗြဟ္မာတို့အား ကလဟဝိဝါဒသုတ်။

၃။ မောဟစရိုက် ထူပြောသော နတ်ဗြဟ္မာတို့အား မဟာဗျူဟသုတ်။

၄။ ဝိတက်စရိုက်ထူပြောသော နတ်ဗြဟ္မာတို့အား စူဠဗျူဟသုတ်။

၅။ သဒ္ဓါစရိုက်ထူပြောသော နတ်ဗြဟ္မာတို့အား တုဝဋကသုတ်။

၆။ ဗုဒ္ဓိစရိုက်(ပညာ) ထူပြောသော နတ်ဗြဟ္မာတို့အား ပုရာဘေဒသုတ်-တို့ကို အသီးသီး ဟောကြားတော်မူပါသည်။

ထိုတရားများအဆုံး၌ ကုဋေ ၆-သိန်းသော နတ်ဗြဟ္မာတို့ အရဟတ္တဖိုလ် ရောက်ကြ၍ မရေမတွက်နိုင်သော နတ်ဗြဟ္မာတို့ အရိယာဖြစ်ကြပြီးလျှင် ကျွတ်တမ်းဝင်ကြလေသည်။

ဤကား မဟာသမယသုတ် များကို ဟောကြားရခြင်း အကြောင်းရင်းနှင့် ဟောကြားတော်မူပုံ အလုံးစုံ အပြွက်မျှပါတည်း။

ဤသည်တို့ကို အကြောင်းပြု၍ ဗုဒ္ဓသာသနာဝင်တို့က နယုန်လပြည့်ကို "မဟာသမယ"နေ့ဟု သမုတ်ကြ၍နယုန်လပြည့် နေ့တိုင်း "မဟာသမယ အခါတော်နေ့" ကျင်းပကြလေသည်။

## မြို့လယ်ရိပ်သာ-မဟာသမယအခါတော်နေ့

၁၃၃၅-ခု၊ နယုန်လပြည့်၊ ယနေ့နံနက် အရုဏ်မတက်မီ ၄-နာရီအချိန်၌ကား မိုးကုတ်မြို့၊ မြို့လယ်သာသနာ့ရိပ်သာ ဒေါ်စောရင် ဓမ္မာရုံကြီးအတွင်းဝယ် ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်ဘုရားကြီးနှင့် အဂ္ဂမဟာဓမ္မကထိက ရွှေဘိုဆရာတော်ဦးမုနိန္ဒတို့အမှူးရှိတော်မူကြသောရိပ်သာတွင်း ရဟန်းရှင်လူ ပရိသတ်တို့သည် စုဝေးလျက်ရှိကြပါသည်၊ အကြောင်းမှာ "မဟာသမယအခါတော်နေ့" ကျင်းပရန် ဖြစ်ပါသည်။

ပရိသတ် စုံသောအခါ မဟာသမယအခါတော်နေ့ ကျင်းပကြပါသည်၊အခမ်းအနားမှူးအဖြစ် ရွှေစည်ဆရာတော်က ဆောင်ရွက်တော်မူပါသည်၊ အခမ်းအနားမှူးက စိရံ တိဋ္ဌတု သဒ္ဓမ္မော-စသော ဂါထာတော်ဖြင့် အခမ်းအနား ဖွင့်တော်မူပါသည်။

ထို့နောက် သီလရှင်နှင့် အမျိုးသား အမျိုးသမီး ယောဂီ ပရိသတ်တို့က ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးထံ ရှစ်ပါးသီလ ခံယူကြပါသည်။

ရေနံချောင်းမြို့ ဦးဥက္ကံသ (အကျိုးဆောင်ဦးအေး)က သမ္ဗာဒေဝနတ်များကို ဖိတ်ကြား၍ မဟာသမယသုတ်တော် အမွန်းကို ရွတ်ဖတ်ပါသည်။

ထို့နောက် ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးအမှူး ရှိသော သံဃာတော်များက မဟာသမယသုတ်တော်ကို ရွတ်ဖတ်တော် မူကြပါသည်၊ သုတ်တော်ဆုံးလျှင် ပရိသတ် အားလုံး၏ သာဓု ခေါ်သံသည် တရိပ်သာလုံး သိမ့်သိမ့် ညံသွားပါ၏။

ထို့နောက် သမ္မာပရိဗ္ဗာဇနိယသုတ်တော်အမှန်းကို မန္တလေးမြို့ အရှေ့ပြင် ဝါခင်းကုန်း ဇောတိကာရာမ ဆူးဖြူရိပ်သာ ဆရာတော် ဦးဇောတိက အရှင်မြတ်က ကျူးရင့်တော် မူပါသည်၊ ထို့နောက် သံဃာတော် အားလုံးက သမ္မာပရိဗ္ဗာဇနိယ သုတ်တော်ကို ရွတ်ဖတ်တော်မူကြပါသည်၊ သုတ်တော်ဆုံးလျှင် သာဓုသံများ ညံသွားပြန်၏။

ထို့နောက် ကလဟဝိဝါဒသုတ်တော်အမှန်းကို ရန်ကုန် သာသနာ့ရိပ်သာ ကမ္မဋ္ဌာနာစရိယဓမ္မကထိက ဟံလင်းကြီး ဆရာတော် ဦးဝိဇယ အရှင်မြတ်က ရွတ်ဖတ်တော်မူပါသည်၊ ထို့နောက် သံဃာတော်အားလုံးက ကလဟဝိဒသုတ်တော်လို ရွတ်ဖတ်တော်မူကြပါသည်၊ ပြီးလျှင် သာဓုသံများ ဆူညံသွားပြန်ပါသည်။

ထို့နောက် မဟာဗျူဟ သုတ်တော် အမှန်းကို ပုသိမ်မြို့ အောင်မြေဘုံကျော် မဟာစည် သာသနာ့ရိပ်သာ ဆရာတော် (ယခု ရန်ကုန် သာသနာ့ရိပ်သာ) ညောင်ကန် အရှင်ဣန္ဒက အရှင်မြတ်က ရွတ်ဖတ်တော်မူပါသည်၊ ထို့နောက် သံဃာတော် အားလုံးက မဟာဗျူဟ သုတ်တော်ကို ရွတ်ဖတ်တော်မူကြပါ သည်၊ ပြီးလျှင် သာဓုသံများ ညံသွားပြန်ပါသည်။

ထို့နောက် စူဠဗျူဟသုတ်တော် အမှန်းကို ရွှေစည် ဆရာတော်က ရွတ်ဖတ်တော် မူပါသည်၊ ထို့နောက် သံဃာတော်အားလုံးက စူဠဗျူဟသုတ်တော်ကို ရွတ်ဖတ်တော်မူကြပါသည်၊ ဆုံးလျှင် သာဓုသံများ ညံသွားပြန်ပါသည်။

ထို့နောက် တုဝဋကသုတ်တော်အမှန်းကို ရွှေဘိုညောင်ကန် ဆရာတော် ဦးဝိစိတ္တက ရွတ်ဖတ်တော်မူပါသည်၊ ထို့နောက် သံဃာတော်အားလုံးက တုဝဋက သုတ်တော်ကို ရွတ်ဖတ်တော် မူကြပါသည်၊ ဆုံးလျှင်သာဓုသံများ ညံသွားပြန်ပါသည်။

ထို့နောက် ပုရာဘေဒသုတ်တော်အမှန်းကို ရန်ကုန်သာသနာ့ရိပ်သာ ဒိဿနိကာယ ကောဝိယ အရှင်ကေလာသက ရွတ်ဖတ်တော်မူပါသည်၊ ထို့နောက် သံဃာတော်များက ပုရာဘေဒ သုတ်တော်ကို ရွတ်ဖတ်တော်မူကြပါသည်၊ ဆုံးလျှင် သာဓုသံများ ညံသွားပြန်ပါသည်။

ထို့နောံ ဘုရားဝတ်တက်ကြ၏၊အရှဏ်တက်လာသော် မြတ်စွာဘုရားအား ဆွမ်း-ပန်း-ရေ-မီးများ ကပ်လှူကြသည်၊ ထို့နောက် အခမ်းအနားမှူးက စိရံတိဋ္ဌတုသဒ္ဓမ္မော ဂါထာဖြင့်ပင် အခမ်းအနားကို ရုတ်သိမ်းလိုက်ပါသည်၊ ထို့နောက် အားလုံး အရုဏ်ဆွမ်း ဘုဉ်းပေးသုံးဆောင်ကြလေသတည်း။

## ဓမ္မာနုဂ္ဂဟ- ဓမ္မမင်္ဂလာ- အလှူမင်္ဂလာအောင်ပွဲကြီး

အချိန်မှာ ၁၃၃၅-ခု၊ နယုန်လပြည့်နေ့၊ နေ့ ၁၂-နာရီ အချိန်ဖြစ်သည်၊ မိုးကုတ်မြို့ မြို့လယ်သာသနာ့ရိပ်သာ၌ ဆောက်

လုပ်၍ မပြီးတပြီး အသစ်စက်စက် သုဓမ္မာတန်ဆောင်းတော်ကြီးအတွင်း၌ သံဃာပရိသတ် လူပရိသတ် နှစ်ထောင်ကျော်ခန့်တို့သည် သူ့နေရာနှင့်သူ နေသားတကျ စည်းဝေးစုရုံးမိကြပါသည်။

ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးနှင့် အဂ္ဂမဟာဓမ္မကထိက ရွှေဘိုဆရာတော် ဦးမုနိန္ဒတို့ အမှူးရှိတော်မူကြသော ကမ္မဋ္ဌာနာစရိယ ဓမ္မကထိက ဆရာတော်များ၊ ယောဂီ ရဟန်းတော်များ၊ မိုးကုတ်မြို့ ပင့်သံဃာတော်များ၊ မိုးကုတ်မြို့ ဤရိပ်သာတွင်းရှိ ရဟန်းတော်များ၊ ကိုရင် သာမဏေများသည် သုဓမ္မာ တန်ဆောင်းတော်ကြီး၏ သံဃာစင်ပေါ်၌ သက်နှင်းတော်ရောင် ထွန်းပြောင်ထိန်ဝါ ညီတညာဖြင့် စီကာထိုင်ယှဉ်းသီတင်းသုံးတော် မူကြ၏၊ တန်ဆာဆင်ယင် ပလ္လင်မြင့်ပေါ်က ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးနှင့် ခင်းထားအပ်သော သံဃာစဉ်ကော်ဇောများပေါ်ရှိ သံဃာတော် တို့သည် ညစ်ကြေးလွတ်ကင်း ပပဝင်းသည့် လမင်းကြီးကို ကြယ်တာရာများ ဝန်းရံထားသလို ကြည်ညိုစဖွယ် လွန်တင့်တယ်၍ သပ္ပါယ်တော် မူလှပါကုန်၏။

သံဃာတော်များရှေ့တည့်တည့်၌ ရောင်စုံမျက်နှာကျက်များ၊ တမ်းခွန်ကုက္ကားမူလေးပွားများ၊ ဝနကမ္မငွေပဒေသာပင်များ၊ ဘိနပ် ထီး သင်္ကန်း စသော ဒါတဗ္ဗဝတ္ထု အစုစုများကို နေသားတကျ စီမံပြင်ဆင်ထားပုံမှာ သဒ္ဓါကြည်နူး ပီတိမြူး၍ ချီးကျူးအံ့သြဘွယ် ကောင်းလှပါကုန်တော့သည်။

ဓမ္မာရုံခန်းမဆောင်ကြီးရှေ့ပိုင်း၌ အညိုရောင် ယောဂီတဘက် ချစ်သိုင်းထားကြသော ယောဂီဥပါသကာ ဒကာများ မြို့တွင်းမှ ဖိတ်မံထားသောကြောင့် ရောက်လာကြသော ဥပါသကာဒကာ များကရင်း၊ ထို့နောက်၌ သီလရှင်နှင့် ရသေ့ ယောဂီများ၊ ထို့နောက်၌ ဥပါသိကာ အမျိုးသမီး ယောဂီများ၊ မြို့တွင်းမှ တရားတော်နာ အမျိုးသမီး ယောဂီများကရင်း၊ သံဃာတော် များဆီသို့ ရှိဦးခိုလျက် ငြိမ်သက်စွာထိုင်နေကြပါသည်။

အကြောင်းမှာ မိုးကုတ်မြို့ မြို့လယ်သာသနာ့ရိပ်သာ၊ အဂ္ဂ မဟာ ဓမ္မကထိက (လောကမာရဇိန်-ရွှေဘိုဆရာတော်ဘုရား)၏ ဓမ္မာနုဂ္ဂဟ-မေ့ဒါန-အလှူတော်မင်္ဂလာ မဟာစည် ဓမ္မသဘင်ပွဲ တော်ကြီး ပြီးမြောက်သည့် အထိမ်းအမှတ်နှင့် (နယုန်လပြည့်) မဟာသမယ အခါတော်နေ့-မဟာစည် ဆရာတော်ဘုရားကြီး အမှူးရှိတော်မူသော သံဃာတော်များအား ပူဇော်ပွဲနှင့် ဩဝါဒ ခံယူပွဲအခမ်းအနား ကျင်းပခြင်း ဖြစ်ပါသည်။

၁။ ဤအခမ်းအနား၌လည်း ရွှေစည်ဆရာတော်က အခမ်း အနားမှူးအဖြစ် ဆောင်ရွက်တော်မူသည်၊ စိရံ တိဋ္ဌတု သဒ္ဓမ္မော-ဖြင့်ပင် အခမ်းအနားဖွင့်၏။

၂။ ရေနံချောင်း ဦးဥက္ကံသက သမ္မာဒေဝနတ်များကို ဖိတ် ကြားသည်။

၃။ ပရိသတ်များက ကျေးဇူးရှင် မဟာစည် ဆရာတော် ဘုရားကြီးထံ ရှစ်ပါးသီလ ခံယူကြသည်။

၄။ သံဃာတော် များက ပရိတ်တရားတော်ကို မိန့်ကြား တော်မူကြပါသည်။

၅။ ဦးအုန်းဖေက အစီရင်ခံစာကို ဖတ်ကြားပါသည်။

၆။ ရွှေဘို-ပြဟ္မဏ၊ သမားတော်ကြီး ဆရာသက်က ဤဓမ္မာ နုဂ္ဂဟ ဓမ္မဒါနပွဲကြီးအကြောင်း အတွေ့အကြုံကို ပြော ပြပါသည်၊ ပြောကြားရာ၌ "တသက်နှင့် တကိုယ်မှာ ခုလို ဓမ္မနုဂ္ဂဟဓမ္မဒါနပွဲမျိုးကို တခါမျှမကြုံစဘူးဘဲ ယခု မှပင်အထူးအသစ် တွေ့ကြုံရကြောင်း၊ ယခုလို တွေ့ကြုံရ ခြင်းကြောင့် မိမိနှင့်တကွ မိုးကုတ်မြို့သူမြို့သား နယ်သူ နယ်သား၊ဒကာ ဒကာမများက ရှေ့ဆောင်ဦးစီး ကျင်းပ တော်မူသော အဂ္ဂမဟာ ဓမ္မကထိက လောကမာရဇိန် ရွှေဘို ဆရာတော်ဘုရားနှင့် အကျိုးဆောင် အဖွဲ့အား အထူး ဝမ်းမြောက်စွာ ကျေးဇူး ဥပကာရ တင်ရှိကြ ပါကြောင်း၊ ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ- မဟာစည် ဆရာတော် ဘုရားကြီးနှင့်တကွ ကမ္မဋ္ဌာနာစရိယ ဓမ္မ ကထိက ဆရာတော်များရဲ့ တရားဒေသနာကို ရက်(၃၀) မပ်လုံး ကြားနာကြရသော်လည်း ကြားနာလို့ အား မရ၊ လှူလို့ ဒါန်းလို့ ပူဇော်လို့လဲ မတင်းတိမ်နိုင် ကြသေး ကြောင်း၊ ထို့ကြောင့် ကျေးဇူးရှင် မဟာစည်ဆရာတော် ဘုရားကြီးအား မိုးကုတ်မြို့ ရိပ်သာမှာ တလှည့်တခါ တမိုးတဝါမျှပင် ဝါဆိုကာ သီတင်းသုံးတော် မူပါ မည့်အကြောင်း သမ္မာဆန္ဒ ပြင်းပြစွာနဲ့ တောင်းဆိုနေ ကြကြောင်း" စသည်ဖြင့် ပြောကြားသွားလေသည်။

၇။ ဤ ရိပ်သာနှင့် ဤ ပွဲတော်ကြီး၏ ဦးစီး တာဝန်ခံ အဂ္ဂမဟာ ဓမ္မကထိက လောကမာရဇိန် ရွှေဘိုဆရာတော် ဦးမုနိန္ဒက အနုမောဒနာ တရားတော်ကို ဟော ကြားတော်မူပါသည်၊ ဟောကြားတော်မူရာ၌ ဓမ္မာနုဂ္ဂ-ဓမ္မဒါနပွဲကြီးနှင့်စပ်ပြီး အလှန်ဝမ်းမြောက်ဖွယ် ကောင်း ကြောင်းကို အင်္ဂုတ္တရ ပါဠိတော်လာ အနုတ္တရိယ သုတ် တော်ဖြင့် တန်ဆာဆင်၍ မိန့်ကြားတော် မူပါသည်။

၈။ ရွှေစည် ဆရာတော်က အမှတ်ပေးတရားကို ဟောကြား တော်မူပါသည်၊ ပရိသတ် အားလုံးက ထိုအမှတ်ပေး တရားဖြင့်ရှုမှတ်၍ ကျေးဇူးရှင် မဟာစည် ဆရာတော် ဘုရားကြီးအား ပူဇော်ကြပါသည်။

၉။ ကျေးဇူးရှင် မဟာစည်ဆရာတော် ဘုရားကြီးအား နဝ ကမ္မပဒေသာပင်ကို ကပ္ပိယညွှန်း၍၎င်း၊ သင်္ကန်း ထီး ဘိနပ် စသည်များကို သာဟတ္ထိကမြောက် ဆက်ကပ်၍ ၎င်း ဆက်ကပ်ပူဇော်ကြပါသည်။

၁၀။ ကမ္မဋ္ဌာနာစရိယ ဓမ္မကထိက ဆရာတော်များ၊ ယောဂီ သံဃာတော်များ၊ ပင့်သံဃာတော်များ၊ ရိပ်သာတွင်းရှိ သံဃာတော် များအား သင်္ကန်းစသော ဒါတဗ္ဗဝတ္ထု အစုစုတို့ကို ဝေဘန်ခွဲခြမ်း၍ ဆက်ကပ်လှူဒါန်း ကြလေ သည်။

၁၁။ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးက မဟာသမယသုတ် တရားတော်ကြီး (မင်္ဂလာ ရကြောင်း တရားတော်)ကို ဟောကြားတော် မူပါသည်။ ဟောကြားတော် မူရာ၌ မဟာသမယသုတ် အဋ္ဌုပ္ပတ္တိနှင့် အဓိပ္ပါယ်ကိုရင်း၊ သမ္မာပရိဗ္ဗာဇနီယသုတ်စသော သုတ် ၆-သုတ် တို့မှ နိဗ္ဗာန်ရောက်ကြောင်း တရားအချုပ်ကိုရင်း အချိန်ရသလောက်ဖြင့် လိုရင်းကွက်၍ ဟောကြားတော်မူပါသည်၊ တရားတော် ဆောင်ပုဒ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

---

ရန်ကုန်မြို့၊ သာသနာ့ရိပ်သာ၊ သန္တာအေးကျောင်း

# မဟာစည် ဓမ္မကထိက

ညောင်ကန်—အရှင်ဣန္ဒက-၏

၁။ တောင်ပိုင်းမေဘတခွင် တရားဟောထွက်ခဲ့စဉ်က—

၂။ ကန္တာရဝတီ ကယားပြည်တခွင် တရားဟောထွက်ခဲ့စဉ်က—

၃။ ကုရုတိုင်းသွင်-သတိပဋ္ဌာန်ပွားစေချင် တရားတော်—

မကြာမီ စာရှုသူများလက်သို့
တင်ဆက်ပါဦးမည်။

အဂ္ဂမဟာပဏ္ဍိတ ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး

ဟောကြားတော်မူအပ်သော

မဟာသမယသုတ်-မင်္ဂလိုလ်ရကြောင်းတရားတော်ကြီး

# အကျဉ်းဆောင်ပုဒ်များ

၁။ ရာဂစရိတအတွက် သမ္မာပရိဗ္ဗာဇနီယသုတ် (ခု- ၁၊ ၃၃၂)

* လောကီမင်္ဂလာ၊ တဏှာသုံးသွယ်၊ ချစ်မုန်းပယ်၍၊ မှိုတွယ်ကင်းစင်၊ သံယောဇဉ်၊ လွတ်လျှင်ထွက်နိုင်သည်။

၂။ ဒေါသစရိတအတွက်- ကလဟဝိဝါဒသုတ် (ခု - ၁၊ ၄၁၃)

* နာမ်ရုပ်ရှိက၊ ဖဿပေါ်ကာ၊ သာယာစဖွယ်၊ မုန်းဖွယ်ထင်ရှား၊ လိုလားပြန်လျက်၊ ချစ်ဖွယ်တွက်၊ ရန်ဖက်ငြင်းခုံသည်။

၃။ မောဟစရိတအတွက်၊ မဟာဗျူဟသုတ် (ခု - ၁၊ ၄၁၈)

* ရှေးအာသဝ၊ ပယ်ချစွန့်ပစ်၊ အသစ်မပြု၊ လိုမှုမလိုက်၊ သိမ်းပိုက်မစွဲ၊ မလူးလဲ၊ လွတ်မြဲမှန်ပေတည်း။

၄။ ဝိတက္ကစရိတအတွက်၊ စူဠဗျူဟသုတ်(ခု-၁ ၄၁၅)

* ကိုယ့်အယူသာ၊ ဂုဏ်တင်ပါက၊ ညံ့ရာကျ၍၊ ဒိဋ္ဌိမြင်အောင်၊ အသိဆောင်၊ ရန်စောင် ကင်းတော့သည်။

၅။ သဒ္ဓါစရိတအတွက်-တုဝဋ္ဋကသုတ် (ခု-၁၊၄၂၁)

* သီလအရေး၊ ဖြူစင်ဖွေး၍၊ ငြိမ်းအေးနိဗ္ဗာန်၊ ရည်သန်ညွတ်လတ်၊ အမြဲမှတ်၊ ကျင့်တတ်စေရမည်။

၆။ ဗုဒ္ဓိစရိတအတွက်-ပုရာဘေဒသုတ် (ခု-၁၊ ၄၁၃)

* ရှုမှတ်အစဉ်၊ လစ်လျူထင်၍၊ သုံးအင်မာန၊ ပယ်နိုင်မှ၊ သန္တပုဂ္ဂိုလ်မည်။

ဤကား ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော တရားတော်ဆောင်ပုဒ်များပေတည်း။

၁၂။ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး ထံတော်၌ အရပ်ရပ်အလှူများ ရေစက်သွန်းချ အမျှပေးဝေကြပါသည်။

၁၃။ သံဃာအားလုံးကို ပရိသတ်များက ကန်တော့ကြသည်။

၁၄။ သံဃာအားလုံးက မိုးကုတ်ထုံးစံအတိုင်း အောက်ပါဂါထာနှစ်ပုဒ်ဖြင့် ဆုပေးတော်မူကြပါသည်။

သဗ္ဗီတိယော ဝိဝဇ္ဇန္တု၊ သောကော ရောဂေါ ဝိနဿတု။
မာ တေ ဘဝန္တွန္တရာယာ၊ သုခီ ဒီဃာယုကော ဘဝ။

အဘိဝါဒနသီလိဿ၊ နိစ္စံ ဝုဍ္ဎာပစာယိနော။
စတ္တာရော ဓမ္မာဝဍ္ဎန္တိ၊ အာယု ဝဏ္ဏော သုခံ ဗလံ။
ထိုဂါထာ ၂-ပုဒ်မြန်မာပြန်မှာ
"သေးရန်မှန်သမျှ ရှောင်ရှားကြပါစေ၊ စိုးရိမ်ပူပန်မှုနှင့် ရောဂါအမျိုးမျိုး အလျှင်းမရောက်ကင်းပျောက်ပါစေ။ သင်-ကိုယ်စိတ်နှစ်ဖြာချမ်းသာပါစေ၊ အသက်ရှည်ပါစေ။
ရှိခိုးခြင်း အလေ့ရှိလျက် အသက်သိက္ခာကြီးသူတို့ကို အရိုအသေပြုတတ်သူအား အသက်ရှည်ခြင်း- အဆင်းလှခြင်း- ချမ်းသာကြီးခြင်း၊ ခွန်အားကြီးခြင်း၊ အကျိုးတရား လေးပါးတို့သည် တိုးပွါးကုန်၏" ဟူသတည်း (အာဋာနာဋိယသုတ် ပရိတ္တပါဠိတော်)

၁၃။ အခမ်းအနားမှုးက စီရံတိဋ္ဌတု- ဂါထာတော်မြတ်ဖြင့် အခမ်းအနားကို ရုတ်သိမ်းတော်မူပါသည်။

## ဥာဏ်စဉ်တရားဟောကြားခြင်း

ယနေ့ကား နယုန်လပြည့်ကျော် ၁-ရက်နေ့ဖြစ်သည်၊ အချိန်မှာ ည ၇-နာရီဖြစ်၏၊ မိုးကုတ်မြို့-မြို့လယ်ရှိပ်သာ ကျောင်းအမဒေါ်စောရင်၏ ဓမ္မာရုံအတွင်း၌ ဥာဏ်စဉ်တရားနာကြားရမည့် ယောဂီများ ရောက်ရှိနေကြပါပြီ၊ နာကြားရမည့်ယောဂီများမှာ ဂ၆-ယောက်ရှိလေသည်။

## ဉာဏ်စဉ်နာခိုင်သူ

ဥာဏ်စဉ်တရားကို အဘယ်လိုယောဂီများအား ဟောကြားပါသနည်းဟူမူ များသောအားဖြင့် ကျေးဇူးရှင်မဟာစည် ဆရာ

ဘော်ဘုရားကြီး၏ ဥပနိဿယအတိုင်း ဘုရားဟော မဟာသတိပဋ္ဌာန်ဒေသနာတော်နှင့်အညီ ရိပ်သာ၌ ကမ္မဋ္ဌာန်းဆရာ၏ ညွှန်ကြားချက်အတိုင်း ကြိုးကြိုးစားစားတလနှစ်လ အားထုတ်လျှင် ဉာဏ်စဉ်တရား နာကြားနိုင်လောက်ပြီဟု ကမ္မဋ္ဌာန်းဆရာက ရွေးချယ်ပေးသော ယောဂီများအား ဉာဏ်စဉ်တရားကို ဟောကြားပေးလေ့ရှိပါသည်။

## ဉာဏ်စဉ်မနာသင့်သူ

အဘယ်ကြောင့်တရားအားမထုတ်ရသေးသူများအား မဟာစည်ဉာဏ်စဉ်တရားကို ဟောကြားမပေးပါသနည်း၊ ပဋိပတ်အတွေ့အကြုံအပြည့်အစုံပါသောထေရဝါဒဗုဒ္ဓစာပေနှင့်ကိုက်ညီသောမဟာစည်ဉာဏ်စဉ်တရားကို အတော်အတန်ပြည့်စုံအောင်အားမထုတ်ရသေးသော ယောဂီများအား ဟောကြားပေးလျှင်တကယ်လက်တွေ့ အားထုတ်သောအခါ ဆင်တူရိုးမှား ဉာဏ်သဘောများကို တွေ့ပြီးလျှင် ဉာဏ်အစစ်ထင်ကာ ဆက်လက်အားမထုတ်ဘဲ အားရနေနိုင်ခြင်း၊ နာကြားထားသည့်သဘောအတိုင်း ပြုံးကနဲ မတွေ့ရလျှင် စိတ်ပျက်အားငယ်ပြီး ဆက်လက်အားမထုတ်ဘဲ ဖြစ်နိုင်ခြင်း၊ မိမိမတွေ့ကြုံဘူးသေးသော အံ့သြဘွယ်ရာ တရားသဘောများကိုတွေ့ရသောအခါ တရားအပေါ်မှာ သို့လောသို့လောတွေးတောယုံမှားလျက် တရားအားမထုတ်တော့ခြင်း စသော မဂ္ဂန္တရာယ်များ အနှောက်အယှက်များ ဖြစ်နိုင်ပါ၍၊ ထို့ကြောင့် ဉာဏ်စဉ်နာနိုင်သည်အထိ အားမထုတ်

ရသေးသော ယောဂီများအား မဟာစည် ဉာဏ်စဉ်တရားကို ဟောကြားမပေးပါ။

အကယ်၍ ဉာဏ်စဉ် နာနိုင်သည်အထိ အားမထုတ်ဘူးသူ ယောဂီသည် မဟာစည် ဉာဏ်စဉ်တရားကို နာကြားငြားအံ့၊ ဘယ်နှစ်ခါနာနာ ဘာမျှ ထူးခြားသည် မဟုတ်ဘဲ မိမိအားထုတ် မထားသဖြင့် ကိုယ်တွေ့နှင့် တိုက်ဆိုင်ကြည့်စရာလည်း တွေ့ရမည် မဟုတ်သည့်အပြင် ဖေါ်ပြပြီး ဓမ္မန္တရာယ်များပင် ဖြစ်နိုင်ပါသည်။

## ဉာဏ်စဉ်ဟောရခြင်း အကြောင်းရင်း

ဉာဏ်စဉ်တရားကို အဘယ်ကြောင့် ဟောကြားရသနည်း၊ "ဉာဏ်စဉ်တရားဆိုတာ ယောဂီပုဂ္ဂိုလ်တွေမှာ အားထုတ်စဉ်ကာလက မိမိကိုယ်တိုင် တွေ့ပြီးထားတဲ့ အသိဉာဏ်တွေဖြစ်ပုံနဲ့ တိုက်ဆိုင်ပြီးတော့ ကိုယ်တွေ့ထားတဲ့ အသိဉာဏ်ဟာဘယ်အဆင့်အတန်း ရောက်နေတယ်ဆိုတာကို သိအောင်လို့ ဟောတဲ့တရား၊ နာရတဲ့တရား။

"အားရ ကျေနပ်လောက်အောင် ပြောနေတဲ့ ဉာဏ်ဖြစ်ပုံအတွေ့များကို ပြောနေတဲ့ ယောဂီများကိုတော့ ဒီဉာဏ်စဉ်တရားနဲ့ တိုက်ဆိုင်ပြီး သူ့ဟာသူဘဲ ဆုံးဖြတ်နိုင်အောင်လို့ ဟောရတာဘဲ၊ တကယ်ပြည့်စုံနေယင်လဲ ပြည့်စုံတာကို ပိုင်ပိုင်နိုင်နိုင်ကြီး ဆုံးဖြတ်နိုင်အောင်လို့ မပြည့်စုံသေးယင်လဲ မပြည့်စုံသေးမှန်းသိပြီး ပြည့်စုံသည်အထိ ဆက်လက်အားထုတ်သွားနိုင်အောင်လို့ ဟောရတာဘဲ။

"တရားအားထုတ်တဲ့သူမှာ ဝိပဿနာဖြစ်ပုံနဲ့ စပ်ပြီး ဗဟုသုတက လုံလုံလောက်လောက် ရှိမထားဘူးဆိုယင် ထူးခြားတဲ့ဉာဏ်တွေကို တွေ့သိနေရပေမဲ့ သူ့ရဲ့ အမည်ကိုတော့ မဆုံးဖြတ်နိုင်ဘူး၊ ဒါကြောင့်အဲဒီလိုမဆုံးဖြတ်နိုင်တာတွေကိုအမည်နာမနှင့်တကွ ကျကျနန ကိုယ်တိုင်ဆုံးဖြတ်နိုင်အောင်လို့ ဒီဉာဏ်စဉ်တရားကို ဟောရတယ်၊ ဒီဉာဏ်စဉ်တရားကို နာပြီးတော့ ကိုယ့်ဉာဏ်အဆင့်ကို ကိုယ်တိုင် ဆုံးဖြတ်ကြရပါတဲ့" ဟူသော ကျေးဇူးရှင်မဟာစည် ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော ဝိသုဒ္ဓိနှင့် ဉာဏ်စဉ်တရားတော်ကြီး စာအုပ်ပါ ဉာဏ်စဉ် ရှေးဦး မှာဘမ်း စကားတော်နှင့်အညီ ကိုယ့်ဉာဏ်အဆင့်ကိုယ်တိုင်ခြင့် အသင့်ဆုံး ဖြတ်နိုင်ရန် မဟာစည် ဉာဏ်စဉ်တရားကို ဟောကြားရပေသည်။

## အရိယာဖြစ်ကြောင်း ဆရာက မဆုံးဖြတ်ကောင်း

အဘယ့်ကြောင့် ဆရာက ဆုံးဖြတ်မပေးသနည်း "ဒီနေရာမှာ ဆရာကတော့ ဘာဖြစ်လို့ ဆုံးဖြတ်မပေးသလဲ ဆိုလို့ရှိယင် ဒီယောဂီ ဘယ်တရားရသွားတယ်၊ ဘယ်အဆင့် ရောက်သွားတယ်၊ သောတာပန် ဖြစ်သွားတယ်၊သကဒါဂါမိ ဖြစ်သွားတယ်၊အနာဂါမိဖြစ်သွားတယ်၊ ရဟန္တာ ဖြစ်သွားတယ်ဆိုတာကို ဘုရားမှတပါး ဘယ်သူမှ ဆုံးဖြတ်ပေးလေ့မရှိဘူး၊ ဆုံးလဲ မဆုံးဖြတ်ကောင်းဘူး" ဟူသော ထိုစာအုပ်ပါ စကားတော်နှင့်အညီ မဟာစည်သြဝါဒခံ သာသနာ့ရိပ်သာဆရာတော်များက ယောဂီများကို အရိယာဖြစ်ပြီဟု ဆုံးဖြတ်မပေးကြပါ။

## ဉာဏ်စဉ်မှာတမ်း ဩဝါဒကထာ

ဉာဏ်စဉ်နှာပြီးသူ ယောဂီများအား အဘယ်သို့ မှာကြား လိုက်ပါသေးသနည်း၊ ဤသို့မေးမြန်းအံ့၊ ထိုစာအုပ်မှပင် ထုတ်နှုတ်၍ ဤသို့ဖြေရပါမည်။

### စုံစမ်းမေး- မေးယင်ဒီလိုဖြေ

"ဥာဏ်စဉ်တရားကတော့ စုံပါပြီ၊ မှာထားစရာကလေးဘဲ ရှိပါတော့တယ်၊ အပြောအဆို ကလေးတွေက သိပ်သိပ်သဲသဲ ရှိဘို့ပါဘဲ၊ ယခု တရားအားထုတ်ရာက ပြန်သွားတော့ မေးကြ လိမ့်မယ်၊ ဘယ့်နှယ်လဲ တရားပြည့်စုံခဲ့ရဲ့လား၊ တရားပေါက်ခဲ့ရဲ့ လားလို့ မေးကြလိမ့်မယ်။

စေတနာရှိးရိုးနဲ့ လေးစားလို့ မေးတာလဲရှိတယ်၊ စေတနာ မရိုးဘဲနဲ့ ကဲ့ရဲ့ချင်လို့ စုံစမ်းမေး- မေးတာလဲရှိတယ်၊ ဒီလိုစုံစမ်း မေး- မေးတာကိုတော့ ကျကျနနဖြေနေဘို့ မလိုပါဘူး၊ "ကိုယ် အားထုတ်နိုင်သလောက်ပဲ ရခဲ့ပါတယ်" လို့ ဒီလိုလွယ်လွယ်ဘဲ ဖြေရတယ်။

### ရိုးရိုးမေးယင် ဖြေသင့်ကဖြေ

"လေးစားလို့ မေးတာကိုတော့ ကျကျနနဘဲ ဖြေရပေမယ်၊ သို့ပေမဲ့ မဂ်ဖိုလ်တရားထူးဆိုတာ မပြောသင့်တဲ့ တရားဘဲ၊ မပြောဘဲနဲ့ ပြီးယင် ရှောင်နိုင်သမျှ ရှောင်လွှဲပြီး ပြောရတယ်၊ ရဟန်းများ ဆိုယင်တော့ သိက္ခာပုဒ်ကလဲ ရှိနေတဲ့အတွက် မပြောရတာဟာ အကောင်းဆုံးပါဘဲ၊ လူများအတွက်မှာတော့

မပြောယင် သာသနာတော်၏အကျိုး မတိုးပွါးမည့် အကြောင်း ကလေးတွေက ရှိနေသေးတယ်။

"ယခုနေအခါလဲ တရားအားထုတ်ယင် တရားထူးကို ရနိုင်သေးတယ်" ဆိုတာကို ယုံကြည်လောက်တဲ့ ပုဂ္ဂိုလ်ထံကကြားရမှ အားထုတ်ကျင့်ကြံမည့် သူတွေကလဲ ရှိနေတယ်။ ဒါကြောင့် ကိုယ့်ဟာကိုယ် "တရားထူးနဲ့ ပြည့်စုံပြီ" လို့ ဆုံးဖြတ်ထားယင် "တရားရခဲ့တဲ့အကြောင်း ဘယ်သူဘဲဖြစ်ဖြစ် ကြိုးစားအားထုတ်ယင် တရားထူးကို ရနိုင်တဲ့အကြောင်းများကို" ပြောရုံပါဘဲ။

## ဒါကို ချင်းချက်ထားပြီး ပြောရတယ်

"ဒီတော့ တဆင့်တက်ပြီးတော့လဲ မေးတတ်သေးတယ်။ တရားထူး ရောက်သွားတယ်၊ မဂ်ဖိုလ်နိဗ္ဗာန် ရောက်သွားတယ်" ဆိုတာက ဘယ့်နှယ်ရောက်သွားတာတုံးလို့ ဒီလိုမေးတတ်သေးတယ်၊ ဒီလိုအမေးကိုတော့ မဖြေရဘူး၊ မိဘနဲ့ သားသမီးဘဲဖြစ်ဖြစ်၊ ဆရာနဲ့ တပည့်ဘဲဖြစ်ဖြစ်၊ ဘယ်လိုရင်းနှီးတဲ့ ပုဂ္ဂိုလ်ဖြစ်ဖြစ်၊ သင်္ခါရချုပ်ငြိမ်းရာ ရောက်သွားပုံကလေးကိုတော့ မပြောရဘူး၊ ကိုယ်တိုင်အားထုတ်ပြီး တွေ့မှ ကောင်းပါတယ်လို့ ဒါကို ချင်းချက်ထားပြီး ပြောရတယ်"။

တရားထူးတွေ့ပုံကိုပြောယင် မယုံတဲ့သူမှာလဲ ကဲ့ရဲ့ပြစ်မှားပြီး မဂ်ဖိုလ်၏ အန္တရာယ် ဖြစ်သွားနိုင်တယ်၊ ယုံတဲ့သူမှာလည်း သူကိုယ်တိုင် အားထုတ်တဲ့ အခါကျတော့ ဆင်တူကိုတွေ့ပြီး အားရနေတာနဲ့ မဂ်ဖိုလ်၏ အန္တရာယ်ဖြစ်နိုင်တယ်၊ ဒါကြောင့် မဂ်ဖိုလ်

နိဗ္ဗာန်ရောက်ပုံ တရားပြီးဆုံးပုံကိုတော့ ဘယ်သူ့ကိုမှ တိတိကျကျ မပြောရဘူး"

## ဘေးက ဝိုင်းကြည့်နေတတ်ကြတယ်

"ပြီးတော့ တရားအားထုတ်ရာက ပြန်လာတဲ့ ပုဂ္ဂိုလ်ကို ဘေးက ဝိုင်းကြည့်နေတတ် ကြသေးတယ်၊ "ဘယ်နှယ်လဲ ထူး သလား၊ မထူးဘူးလား" လို့ စုံစမ်းနေတတ်ကြတယ်၊ တရား ပြည့်စုံတဲ့သူ ဟုတ်ပေမဲ့ သောတာပန်မှာ အထက်မဂ်နဲ့ ပယ်ရမဲ့ လောဘ- ဒေါသ- မောဟ တွေကတော့ အကုန်လုံးကင်းတာ မဟုတ်သေးဘူး၊ အဲဒါတွေကတော့ ဖြစ်ဦးမှာဘဲ၊ သောတာ ပတ္တိမဂ်ကပယ်တဲ့ ဒိဋ္ဌိ-ဝိစိကိစ္ဆာတို့ အပယ်ကျစေနိုင်တဲ့အကုသိုလ် ကံတို့ ဒီလိုအကြမ်းစား တွေကတော့ သူ့သဘာဝအတိုင်းဘဲ အေးငြိမ်းနေကြတယ်။

ဒါကြောင့် ဒီလိုငြိမ်းနေတဲ့ ကိလေသာတွေ အတွက်တော့ စောင့်ရှောက်ဖို့ မလိုပါဘူး၊ ဒါပေမဲ့ မငြိမ်းသေးတဲ့လောဘ- ဒေါသတွေအတွက်ကတော့ စောင့်ရှောက်ရဦးမယ်၊ ဒီလောဘ- ဒေါသတွေဟာလဲ အားနဲ့တန်သလောက်တော့ အားနဲ့နေပါပြီ"

## လောဘ-ဒေါသကို မှတ်ပြီးတော့ပယ်

"ဘေးကလူတွေရဲ့ အမြင်နဲ့ဆိုယင်တော့ "ရှေးကလိုအတူတူဘဲ မထူးဘူး" လို့ဒီလိုထင်ချင်လဲထင်နေလိမ့်မယ်၊ သို့ပေမဲ့တရားပြည့်စုံ နေတဲ့ ပုဂ္ဂိုလ်မှာ သူ့ဟာသူတော့ သိပ်ထူးခြားနေပါတယ်၊ အယင်က လောဘ-ဒေါသဖြစ်ပုံနဲ့ ယခုလောဘ-ဒေါသဖြစ်ပုံဟာ

အများကြီး ကွာခြားနေပါတယ်၊ ယခုဖြင့်တဲ့လောဘ-ဒေါသက အားနဲနေတယ်၊ ပြေလွယ်တယ်၊ သို့ပေမဲ့ အဲဒီ အားနဲနေတဲ့ လောဘ-ဒေါသတွေကိုဘဲ နိုင်နင်းအောင်မှတ်ပြီး ပယ်ရဦးမယ်။

စိတ်ထဲမှာဖြစ်လာယင် စိတ်ထဲတွင်ဘဲ ငြိမ်းသွားအောင် မှတ်ရမယ်။ လောဘ-ဒေါသ အရုပ်နှိမ်တ်မပေါ်စေနဲ့၊ နှုတ်ကမပြောမိစေနဲ့၊ အကယ်၍ပြောသွားမိယင်လဲ တခွန်းကနှစ်ခွန်းမရောက်စေဘဲ ဖြစ်ပေါ်လာတဲ့ ဒီလောဘ-ဒေါသကို မှတ်ပြီးတော့ ပယ်လိုက်ရမယ်"။

ကိုယ့်ကိုယ်ကိုလဲ သိပ်အထင်မကြီးနဲ့ သူများကိုလဲ မနှိမ့်ချနဲ့

"ဒီလိုကဲ့ရဲ့ဖွယ် အမှုအရာမဖြစ်အောင်၊ ဖြစ်လာယင်လဲ မြန်မြန်ပြေပျောက်သွားအောင် ရှုမှတ်မှုဖြင့် နိုင်နိုင်နင်းနင်းစောင့်ရှောက်သွားကြရမယ်၊ ဒီလိုစောင့်ရှောက်သွားယင် ကိုယ့်မှာလဲ အပြစ်ကင်းပြီး သမာဓိဉာဏ်တွေရင့်ကျက်သွားတယ်၊ ဒါကြောင့် ကဲ့ရဲ့ဖွယ် အပြောအဆိုအပြုအမူများကို အထူးသတိပြုဘို့ ဆရာတော်က ယခုနောက်ဆုံးပိတ်အနေနဲ့ မှာကြားလိုက်ပါတယ်။

ပြီးတော့ အရေးအကြီးဆုံးအချက်တခုက ကိုယ့်ကိုယ်ကိုလဲ သိပ်အထင်မကြီးဘို့၊ သူများကိုလဲ အထင်မသေးဘို့ပါဘဲ၊ တရားအားမထုတ်တဲ့ ပုဂ္ဂိုလ်တွေကို မနှိမ့်သေးနှိမ့်ချပြီး မပြောဘို့ အထူးအားဖြင့်ရဟန်းသံဃာတော်တွေကို ရှေးကထက်ပိုပြီးရိုသေလေးစားမှုရှိဘို့၊ အဲဒါကိုလဲ အထူးသတိပြုကြရမယ်" ဤသည်တို့ကား ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ဉာဏ်စဉ်မှာတမ်းသြဝါဒကထာတို့ပါတည်း။

## ဉာဏ်စဉ်ဟူသည်

ဝိသုဒ္ဓိနှင့် ဉာဏ်စဉ်ဟူသည် အဘယ်နည်း၊ ဝိသုဒ္ဓိနှင့် ဉာဏ်စဉ်ဟူသည်-ဓမ္မဒါသသုတ်တော်၊ အရိယသစ္စာ ၄-ပါးနှင့်တကွ (က) သီလဝိသုဒ္ဓိ၊ (ခ) စိတ္တဝိသုဒ္ဓိ၊ ၁။ နာမရူပပရိစ္ဆေဒဉာဏ်၊ (ဂ) ဒိဋ္ဌိဝိသုဒ္ဓိ၊ ၂။ ပစ္စယပရိဂ္ဂဟဉာဏ်၊ (ဃ) ကင်္ခါဝိတရဏဝိသုဒ္ဓိ၊ ၃။ သမ္မသနဉာဏ်၊ (၄/က) နုသော ဥဒယဗ္ဗယဉာဏ်၊ (င) မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ၊ (၄/ခ) ရင့်သော ဥဒယဗ္ဗယဉာဏ်၊ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ၊ ၅။ ဘင်္ဂဉာဏ်၊ ၆။ ဘယဉာဏ်၊ ၇။ အာဒီနဝဉာဏ်၊ ၈။ နိဗ္ဗိဒါဉာဏ်၊ ၉။ မုဉ္စိတုကမျတာဉာဏ်၊ ၁၀။ ပဋိသင်္ခါဉာဏ်၊ ၁၁။ သင်္ခါရုပေက္ခာဉာဏ်၊ ၁၂။ ဝုဋ္ဌာနဂါမိနီဝိပဿနာဉာဏ်၊ ၁၃။ အနုလောမဉာဏ်၊ ၁၄။ ဂေါတြဘူဉာဏ်၊ ၁၅။ မဂ်-ဖိုလ်ဉာဏ်၊ (ဆ) ဉာဏဒဿနဝိသုဒ္ဓိ၊ ၁၆။ ဖလသမာပတ်ဖိုလ်ဉာဏ်-တို့ပေတည်း။

ထိုဝိသုဒ္ဓိနှင့် ဉာဏ်စဉ်တို့၏ ဘာဝနာမယ-ပဋိပတ်ကျင့်စဉ်အတိုင်း ဖြစ်ပုံတို့ကို ပရိယတ်စာပေနှင့်ညှိ၍ အဓိပ္ပါယ် ဖော်ပြဟောကြားချက်ကို ဉာဏ်စဉ်ဟောသည်ဟု ဆိုရသည်။

ထို့ပြင် သောတာပန် ဖြစ်လျှင် ရတနာသုံးပါးကို ဘယ်အကြောင်းကြောင့်မှ မစွန့်တော့ဘဲ အထူး ကြည်ညိုလေးစားပုံ၊ ငါးပါးသီလကိုလည်း ဘယ်အကြောင်းကြောင့်မှ ကျူးလွန်ခြင်းမရှိတော့ပုံ၊ ပါဠိတော်အရ ဒိဋ္ဌိ-ဝိစိကိစ္ဆာ-သီလဗ္ဗတပရာမာသ သံယောဇဉ်ကင်းပုံ၊ အဋ္ဌကထာဆရာအလို ဣဿာနှင့် မစ္ဆရိယ-သံယောဇဉ်ပါ ကင်းနိုင်ပုံတို့ကိုပါ ထည့်သွင်း ဟောကြား

ပါသည်၊ ဤဖော်ပြပါ သောတာပန်အင်္ဂါများနှင့် မကိုက်ညီသေးပါလျှင် သောတာပန် မဖြစ်သေးကြောင်း၊ ဆက်လက်အားထုတ်ရမည်ဖြစ်ကြောင်း မြတ်စွာဘုရားက ဟောကြားတော်မူခဲ့ကြောင်းများကိုပါ ထည့်သွင်း ဟောကြားလေသည်၊ မဟာစည် ဥာဏ်စဉ်ဟူသည် ဤသည်တို့ပင်တည်း။

## ဝမ်းမြောက်ဖွယ်

ယခုအခါ ကမ္ဘာ တဝှမ်းလုံး၌ ဤသို့သော သတိပဋ္ဌာန် ဝိပဿနာတရားအားထုတ်မှု၊ယောဂီများအား ကမ္မဋ္ဌာန်းဆရာက နေ့စဉ် စစ်ဆေးညွှန်ကြားမှု၊ ဝိသုဒ္ဓိနှင့် ဥာဏ်စဉ်ကိုဟောကြားမှုတို့ကို စည်းကမ်းတကျ မှန်ကန်စွာဆောင်ရွက်နိုင်သော ကမ္မဋ္ဌာန်းဌာနများမှာ ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်ဘုရားကြီး၏ ဩဝါဒခံ သာသနာ့ရိပ်သာ ကမ္မဋ္ဌာန်းဌာနများသာ ဖြစ်ကုန်၏။

ဤသို့ စနစ်တကျပြင့် ယခု မိုးကုတ်မြို့၊မြို့လယ်ရိပ်သာ မဟာနဂ္ဂဟ မဟာဒါနပွဲတော်ကြီး၌ ရက် (၃၀)ပတ်လုံး ကြိုးကြိုးစားစား အားထုတ်ကြခြင်းကြောင့် ဥာဏ်စဉ်တရား နာကြားကြရသောယောဂီများသည် အလွန် ဝမ်းမြောက်ဖွယ်ကောင်းလှပါကုန်၏၊ အကြောင်းညီညွတ်သမျှ ရက်အားရသမျှ အားထုတ်ကြရသူတို့သည်လည်း သာသနာတွင်း ဝိပဿနာတရားကို နာကြားခွင့် အားထုတ်ခွင့် ရကြရလေပြီတကားဟု အထူး ဝမ်းမြောက်ကြရမည်သာတည်း၊ အားလုံး အားလုံး ဆင်းရဲငြိမ်းအောင် ဆက်လက်ကြိုးစား အားထုတ်နိုင်ကြပါစေသော်။

## ဥဒါန်းကျူးကြကုန်ရာသတည်း

* ဦးမုနိန္ဒ-ဓမ္မအလှူ၊
မဟာစည်ထေရ-မြန်းကြွကြည်ဖူး၊
တရားရေအေး-တိုက်ကျွေးတော်မူ၊
သောက်သုံးကြ-အေးမြချမ်းသာယူ။

တရားဆောင်ပုဒ် ရှစ်လုံးတွဲ မြန်ပာဂါထာတော်မှာ စာရေးသူ အလှည့်ကျဟောကြားသော တရားပွဲ၌ တရားနာများအား ပို့ချပေးသော တရားဆောင်ပုဒ် ရှစ်လုံးတွဲ မြန်မာဂါထာတော် ဖြစ်ပါသည်။

အခိပ္ပါယ်မှာ အဂ္ဂမဟာဓမ္မကထိက သာသနာပြု ပုဂ္ဂိုလ်ကျော် သာသနဟိတဓရ (လောကမာရဇိန် ရွှေဘိုဆရာတော်ဘုရား)ဦးမုနိန္ဒ ကြီးမှူး၍ တပည့် ဒကာ-ဒကာမများက ကျင်းပသော ဓမ္မာနုဂ္ဂဟဓမ္မဒါန အလှူတော်မင်္ဂလာပွဲကြီးသို့ အဂ္ဂမဟာပဏ္ဍိတ ကမ္ဘာကျော် ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး အမှူးရှိတော်မူသော တိုထိုရိပ်သာ၏ ကမ္မဋ္ဌာနာစရိယ ဓမ္မကထိက ဆရာတော်များ ကြွရောက်တော်မူကြ၍ အမြိုက်ဆေးကို သောက်သုံးကြရသူ ရဟန်းရှင်လူများသည် မိမိတို့ ပါရမီစွမ်းအား ဥဿာဝီရိယစွမ်းအားလျော်စွာ တရားထူးချမ်းသာများကို ရယူကြရပေသည်’ဟူ၍ ဖြစ်ပါသည်။

တာဝန်ခံပင့်ဆောင်၍ ပြုစုစောင့်ရှောက်တော်မူသော ဆရာတော်ကလည်း အဂ္ဂမဟာဓမ္မကထိက၊ တပည့် အဂ္ဂမဟာဓမ္မ

ကထိက၏ ပင့်လျှောက်ချက်အရ ကြွရောက် ချီးမြှောက်တော်မူသော ဆရာတော်ဘုရားကြီးကလည်း၊ အဂ္ဂမဟာပဏ္ဍိတ၊ လှူဒါန်းချီးမြှောက်ကြသော အလုပ်ကလည်း အမြတ်ဆုံး ဓမ္မာနုဂ္ဂဟ-ဓမ္မဒါန-ဖြစ်ရာ သာသနာ့နှစ်ထောင့်ငါးရာကျော်ကာလ ယခုခေတ်အခါသမယ၌ ဤပွဲတော်မျိုးလောက် ကြီးကျယ်များမြတ်ပူဇော်အပ်သော ပွဲတော်ကား ရှာမှ ရှားလှပေသည်။

ဤပွဲတော်နှင့် စပ်သမျှ ရဟန်း ရှင် လူ ပြည်သူအပေါင်းတို့သည်....

'ငါတို့သည် တကယ့်အမွန်မြတ်ဆုံး သာသနာပြုလုပ်ငန်းကြီးကို အဟုတ် ထမ်းဆောင်လိုက်ကြရပေပြီတကား' ဟု အားရရွှင်မြူး စိတ်ကြည်နူး၍ ဥဒါန်းကျူးလိုက်ကြရကုန်သတည်း။

မဟာစည် ဓမ္မကထိကအဖွဲ့သည် ဤသို့လျှင် မိုးကုတ်မြို့၌ ရက်ပေါင်း ၃၀-မတ်လုံး သာသနာပြုကြပြီးနောက် နယုန်လဆုတ် ၂-ရက်နေ့၌ မိုးကုတ်မှသည် မိုးမိတ်သို့ ဆက်လက်၍ သာသနာပြုကြရဦးမည်ဖြစ်ပါတသည်။

## ဘုရားဟော အမြတ်ဆုံးတရားများ

၁။ အလုံးစုံသောအလှူကို တရားအလှူက အောင်နိုင်၏။

၂။ အလုံးစုံသော အရသာကို တရားအရသာက အောင်နိုင်၏။

၃။ အလုံးစုံမွေ့လျော်ခြင်းကို တရားဖြင့်မွေ့လျော်ခြင်းက အောင်နိုင်၏။

၄။ အလုံးစုံသောဆင်းရဲကို တဏှာကုန်ခြင်းက အောင်နိုင်၏(ဓမ္မပဒ၊ ၂။၃၅၀)

( ခ )

၁။ ရဟန်းတို့၊ အလှူတို့သည် ဤနှစ်မျိုးတို့ပေတည်း။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ—

ပစ္စည်း ၄-ပါးအလှူ 'အာမိသဒါန'ငှင်း၊ တရားအလှူ 'ဓမ္မဒါန'ငှင်း တို့တည်း။

ရဟန်းတို့၊ အလှူဒါနတို့သည် ဤနှစ်မျိုးတို့ပေတည်း၊ ရဟန်းတို့၊ ဤ အလှူနှစ်မျိုးတို့တွင် အကြင်တရားအလှူသည် ရှိ၏၊ ထို တရားအလှူသည် မြတ်ပေသတည်း-ဟု မိန့်တော်မူ၏။

၂။ ရဟန်းတို့၊ ထောက်ပံ့ခြင်းတို့သည် ဤ နှစ်မျိုးတည်း။ အဘယ်နှစ်မျိုးတို့နည်းဟူမူ-ပစ္စည်းဖြင့် ထောက်ပံ့ခြင်း 'အာမိသသင်္ဂဟ'ငှင်း၊ တရားဖြင့်ထောက်ပံ့ခြင်း'ဓမ္မသင်္ဂဟ'ငှင်းတို့တည်း။ ရဟန်းတို့၊ ထောက်ပံ့ခြင်း တို့သည် ဤ နှစ်မျိုးတို့ ပေတည်း။ ရဟန်းတို့ ဤထောက်ပံ့ခြင်း နှစ်မျိုးတို့တွင် အကြင်တရားဖြင့် ထောက်ပံ့ခြင်းသည် ရှိ၏၊ ထို တရားဖြင့် ထောက်ပံ့ခြင်းသည် မြတ်ပေသတည်း။ ဟု ဟောတော်မူ၏။

၃။ ရဟန်းတို့၊ချီးမြှောက်ခြင်းတို့သည် ဤနှစ်မျိုးတို့တည်း၊ အဘယ်နှစ်မျိုးတို့နည်းဟူမူ-ပစ္စည်းဖြင့် ချီးမြှောက်ခြင်း 'အာမိသာနုဂ္ဂ'ဟ'ငင်း၊ တရားဖြင့်ချီးမြှောက်ခြင်း 'ဓမ္မာနုဂ္ဂ'ဟငင်းတို့တည်း၊ ရဟန်းတို့ ချီးမြှောက်ခြင်း တို့သည် ဤ နှစ်မျိုးတို့ ပေတည်း၊ ရဟန်းတို့ ဤ ချီးမြှောက်ခြင်း နှစ်မျိုးတို့တွင် အကြင်တရားဖြင့်-ချီးမြှောက်ခြင်းသည် ရှိ၏၊ ထိုတရားဖြင့် ချီးမြှောက်ခြင်းသည် မြတ်ပေသတည်း-ဟု ဟောတော်မူ၏။ (အံ၊ ၁။ ၉၀-၉၁)

---

## ဆန္ဒမွန်

၁။ ဗုဒ္ဓမြတ်စွာ၊ သာသနာ၊ ရှည်ကြာတည်၍ လင်းစေသော်။

၂။ မဟာစည်လမင်း၊ ကြယ်ခပင်း၊ အလင်းကမ္ဘာ ပြန့်စေသော်။

၃။ အသင်းချောင်ကို၊ လက်ခံကြို၊ ကြည်ညိုလေးမြတ်ကြစေသော်။

၄။ ကမ္ဘာငြိမ်းချမ်း၊ နိဗ္ဗာန်နန်း၊ စံမြန်းနိုင်ကြပါစေသော်။

ညောင်ကန်-အရှင်ဣန္ဒက

# မိုးမိတ်မြို့သို့ မဟာစည် ဒေသနာခရီး

ပုညဝန္တေ ဂုဏဝန္တေ ပဿန္တိ ဇနာ

ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး အမှူးရှိသော မဟာစည် ဓမ္မကထိကအဖွဲ့သည် မိုးကုတ်မြို့ မြို့လယ်သာသနာ့ ရိပ်သာ အဂ္ဂမဟာ ဓမ္မကထိက ရွှေဘိုဆရာတော် ဦးမုနိန္ဒ၏ ဓမ္မာနုဂ္ဂဟ ဓမ္မဒါနပွဲတော်ကြီး၌ ရက်ပေါင်း ၃၀-( သုံးဆယ် ) သာသနာပြုပြီးကြပါပြီ။

ထို့နောက် ကျေးဇူးရှင် မဟာစည် ဆရာတော် ဘုရားကြီး အမှူးရှိသော မဟာစည် ဓမ္မကထိကအဖွဲ့သည် မိုးမိတ်မြို့သို့ ဆက်လက်၍ သာသနာပြုကြွရန် အကြောင်းဖန်လာခဲ့ပြန်ပါပြီ။

အကြောင်းမှာ မိုးမိတ် မြို့သူမြို့သား ဒကာ-ဒကာမများကလည်း မိုးမိတ်၌ မဟာသတိပဋ္ဌာန် ဝိပဿနာ တရားတော်ကို ချီးမြှင့်တော်မူပါမည့်အကြောင်း လျှောက်ထားကြသောကြောင့်ပါတည်း။

ထို့ကြောင့် ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးက "မိုးမိတ်မြို့၌ တရားလေးည ချီးမြှင့်မည်၊ လက်တွေ့တရား အားထုတ်မည့် ယောဂီများလည်း စုဆောင်းထားကြပစေ၊ အပြန်လည်း မိုးမိတ်မှပင် မန္တလေးကို လေယာဉ်ဖြင့် ပြန်ကြမည်" ဟု မိန့်တော်မူလိုက်လေသည်။

ထိုအခါ မိုးမိတ်သူ မိုးမိတ်သားတို့သည် မြတ်စွာဘုရားဟောကြားတော်မူသော ဒုလ္လဘတရားငါးပါးတို့တွင် တပါး အပါအဝင်ဖြစ်သော နာကြားရခဲသော သဒ္ဓမ္မသဝနဒုလ္လဘကို ရရှိကြရမည်ဖြစ်သောကြောင့် လွန်စွာ ဝမ်းအသာကြီး သာကြလေကုန်၏။

ထို့ကြောင့် တရားပွဲကျင်းပရေးကို မြို့လုံးကျွတ် နယ်လုံးကျွတ် စည်းဝေးတိုင်ပင်ကြသည်၊ တက်တက်ကြွကြွ စီမံဆောင်ရွက်ကြသည်၊ ထိုသို့ဆောင်ရွက်သည့် ကြားကပင် "မိုးကုတ်နှင့် မိုးမိတ်လမ်း၌ လုံခြုံရေး စိတ်မချရ၊ ကြွလျှင် အနှောက်အယှက်ပေးမည်" ဟူသော ကောလာဟလ သတင်းက ထွက်ပေါ်လာခဲ့လေသည်၊ ဤသတင်းမှာ မိုးကုတ်မြို့မှ စတင်ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်၊ တိတိလင်းလင်းဆိုရသော် မြို့လယ်ရိပ်သာ ဆရာတော် ဦးမုနိန္ဒထံသို့ ပစ်စာတစောင် ရောက်သောဟူ၏။ ပစ်စာဟူသည် မရေမရာ မသေချာသော စာဖြစ်ပေသည်။

သို့သော် ဤသို့ဆိုလျှင် မိုးကုတ်မြို့ မြို့လယ်ရိပ်သာ၏ ဒကာရင်း ဦးအောင်ကြည်က လုံခြုံရေး စိတ်မချရ၍ မိုးမိတ်သို့ မကြွသင့်ကြောင်းကို ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး

အားလည်း လျှောက်ထားသည်၊ တရားပွဲပင့်သူ မိုးမိတ်သူ မိုးမိတ်သားတို့အားလည်း အကြောင်းကြားလေသည်။

ထိုအခါ တရားပွဲပင့်ဆောင်ရေး ကိုယ်စားလှယ် ဦးဘိုကြည်ခမျာ မိုးမိတ်နှင့်မိုးကုတ် ခေါက်တုန့် ခေါက်ပြန် သတင်းပို့သတင်းယူလုပ်ရသည်၊ ဇိမ်ဆောင်ရွက်ရရှာသည်၊ သူသည် ဆရာတော်ဘုရားကြီးနှင့် ဇာတိတူ ရွှေဘိုခရိုင်ဆိပ်ခွန်ရွာ ဇာတိဖြစ်၍ မိုးမိတ်မှာ နေထိုင်သူဖြစ်သည့်အပြင် မြို့လယ် ရိပ်သာ၌လည်း ဒုလ္လဘရဟန်းပြုကာ မဟာသတိပဋ္ဌာန် ဝိပဿနာ တရားတော်ကို အားထုတ်ထားသူ ဖြစ်သောကြောင့် ဤတရားပွဲ ဖြစ်မြောက်ရေး၌အထူးကြောင့်ကြစိုက် ဆောင်ရွက်နေရလေသည်။

ထို့နောက် "သည်အတွက်နဲ့တော့ တရားပွဲအပျက်မခံနိုင်ပါ၊ တပည့်တော်များ မိုးမိတ်မြို့က ရဲနှင့် စစ်တပ်ပေါင်းပြီး လမ်းခရီးနှင့်တရားပွဲကာလပတ်လုံးအစောင့်အရှောက်ဖြင့်မှုတပေါက်မစွန်းမရအောင် တာဝန်ယူ ဆောင်ရွက်ကြပါမည်ဘုရား" ဟု ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးအား မိုး မိတ် မြို့ တရားပွဲ ဖြစ်မြောက်ရေး ကိုယ်စားလှယ်တော် ဦးဘိုကြည်က လာရောက်၍ လျှောက်ထားလေသည်။

သို့နှင့်လည်း ရွှေဘိုဆရာတော် ဦးမုနိန္ဒအရှင်မြတ်က စိတ်မချနိုင်သေးပေ၊ စိတ်ချသထက် စိတ်ချရအောင် လက်သုံးတပည့်ကြီး ဦးကောဏ္ဍညကို တခေါက် ဦးအောင်ကြည်ကို တခေါက်လွှတ်၍ရင်း မိုးမိတ်ကိုသွားစေ၍ တရားပွဲအတွက် အဖက်ဖက်က ပြည့်စုံမပြည့်စုံကို ထောက်လှမ်းစုံစမ်းစေတော်မူသေးသည်၊ စိတ်ချရပြီ

ဆိုမှ ၁၃၃၅-ခု နယုန်လဆုတ် ၂-ရက်နေ့ကို ရက်ချိန်းပေးလိုက်လေသည်။

ဤသည်မှာ မိုးကုတ်မြို့ကရော မိုးမိတ်မြို့ကပါ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးအပေါ်၌ စိုးရိမ်ကြောင့်ကြကြီး ကြကြောင်း အထူးအလေးအမြတ်ပြုကြကြောင်း ထင်ရှားပေါ်လွင်ပေသည်၊ ဤသည်တို့ကိုကြုံတွေ့ရသောအခါ "ဩော်—ပုညဝန္တေဂုဏဝန္တေ၊ ပဿန္တိဇနာ-ပါရမီကုသိုလ်ရှိကုန်သော၊ သီလသမာဓိပညာဂုဏ် သိက္ခာရှိတော်မူကြကုန်သောသူတို့ကိုလူသုံးပါးတို့က ကြည်ညိုလေးမြတ်ရှုမြင်တတ်ကုန်၏ ဟူဘိသို့ ကျေးဇူးရှင်မဟာစည် ဆရာတော်ဘုရားကြီး၏ ဘုန်းတော်ကံတော် သီလသမာဓိပညာသိက္ခာတော် မေတ္တာတော် ဂုဏ်ရောင်တို့သည်ကားထွန်းပြောင်တော်မူလှကုန်စွတကား" ဟု ဆင်ခြင်မိပါသည်။

## မိုးမျက်ရည်က သဲသဲမဲမဲ ရွာမစဲနိုင်

ယနေ့ကား ၁၃၃၅-ခု နယုန်လပြည့်ကျော် ၂-ရက်နေ့ ဖြစ်သည်၊ အချိန်မှာ နံနက်အာရုဏ်ချိန် ဆွမ်းဘုဉ်းပေးချိန်ဖြစ်၏၊ မိုးက တဖွဲဖွဲရွာလျက်ရှိသည်၊ မိုးကုတ်မြို့ မြို့လယ်သာသနာ့ရိပ်သာ၌ မဟာစည်ခမ္မကထိက အဖွဲ့သည် မိုးမိတ်ကြွရန်ဟန်ပြင်လျက်ရှိ၏၊ မြို့လယ်ရိပ်သာတွင်းရှိ တပည့်ယောဂီများ၊ မြို့သူမြို့သား ဒကာဒကာမများကလည်းဆရာတော်ဘုရားကြီးနှင့်တကွကမ္မဋ္ဌာနာစရိယ- ခမ္မကထိက ဆရာတော်များအား အကြိမ်ကြိမ်ပူဇော်ကန်တော့၍ မပြီးနိုင်၊ နှုတ်ဆက်၍ မပြီးနိုင်ရှိနေကြတော့

၏၊ ပလလဲတောမှ မြတ်စွာဘုရား ပြန်လည်ကြွတော်မူခါနီး၌ အချိန်ကာလကြာမြင့်စွာ မြတ်စွာဘုရားအား ပြုစုခဲ့ရပြီးခါမှ ပြန်လည်ကြွတော့မည်ကို သိရသောကြောင့် ဒကာပလလဲဆင်ကြီးသည် မြတ်စွာဘုရားအား မေတ္တာသံယောဇဉ်ငြိကပ်၍ မခွဲနိုင်မခွါရက်သဖြင့် မျက်ရည်ကျသကဲ့သို့ရှိကြတော့သည်၊ သို့သော် ယောဂီတို့ကား ကိုယ်တွေ့ပွါးများ အားထုတ်ကြသော သတိသမ္ပဇဉ်အသိဉာဏ်ဖြင့် ဆင်ခြင်ရှုမှတ်နိုင်ကြ၍ ကြာကြာတော့ မျက်ရည်အကျမခံပေ၊ တွေ့ကြုံဆုံကွဲ ဖြစ်မြဲဓမ္မတာ ကိုလည်း သဘောပေါက်ထားကြပြီးသူများ မဟုတ်ကြပါလား။

ယောဂီတို့မျက်ရည်များ တိတ်သွားကြသော်လည်း မိုးကုတ်မြို့၏ မိုးမျက်ရည်များကား မတိတ်နိုင်ပဲ သဲသဲမဲမဲ ရှိုက်ကြီးတငင် ရွာသွန်းယိုစီးလျက် ရှိကုန်တော့သည်တကား။

နံနက် ၈-နာရီ၌ မိုးမိတ်မြို့မှ အကြိုကားများ ရောက်လာကြပေပြီ၊ အစောင့်အရှောက် ရဲကားတစင်းလည်း ပါလာသည်၊ မိုးကုတ်ရိပ်သာအတွင်းအရောက်၌ အကြိုလာသော ကားတစီးမှာ စီရတိုင်ပြုတ်ထွက်သွားလေသည်၊ ကိုယ်ဖြစ်ချင်တိုင်းမဖြစ်၊ သူဖြစ်ချင်သလိုဖြစ်တတ်သော အနတ္တသဘောကို မလွန်ဆန်နိုင်သောကြောင့် နောက်ထပ်ကားတစီး ထပ်ရှာနေရသဖြင့် ခရီးထွက်ခွါခါနီး၌ ကြန့်ကြာနေရပြန်လေ၏။

## မိုးကုတ်မြို့မှ မိုးမိတ်သို့

ထို့ကြောင့် နံနက် ၈-နာရီ ၃၀-မိနစ်အချိန်မှပင် မိုးကုတ်ရိပ်သာမှ ထွက်ခွါခဲ့နိုင်လေသည်၊ မိုးမျက်ရည်ကတော့ အလွမ်း

သယ်လျက် မဆည်နိုင်ပဲ ဖြိုင်ဖြိုင်သဲသဲ တဖွဲဖွဲကျမြဲ ရွာမြဲပင်၊ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး စီးနင်းလိုက်ပါလာသောကားနှင့် မဟာစည်ဓမ္မကထိက တပွဲလုံးစီးနင်းလိုက်ပါလာသောကားများ၊ မိုးကုတ်မှလိုက်ပါပို့ကြသော ဒေဟန်းရှင်လူတို့၏ ကားများသည် နောက်ထပ်ငါးသော အစောင့်ကား ရောက်မလာသေး၍ လယ်ဦးရွာအရောက်၌ စောင့်နေကြရသေး၏၊ တော ကြာအောင် စောင့်နေပါသော်လည်း ပေါ်မလာသေး၍ လယ်ဦးရွာအထက်တောင်အမြင့်သို့ ဆက်လက်တက်ခဲ့ကြကာ ကားများကို ရပ်တံ့ကြ၍ မိုးတဖွဲဖွဲ၌ ရှုခင်းများကို ကြည့်ယင်းရှုယင်း ထပ်စောင့်နေကြရသေး၏။ နံနက် ၉-နာရီအချိန် ရောက်မှပင် ထိုအစောင့်ကား ရောက်လာသဖြင့် ထိုတောင်ထိပ်မှ ဆက်လက် ထွက်ခွာနိုင်ခဲ့လေသည်။

ကားများသည် ဆီးနှင်းမှုတိမ် တောင်ခိုးတွေ လိမ်ဝေနေအောင် လွှမ်းခြုံထားသော တောင်ကြီးများကို တက်လိုက်ဆင်းလိုက်ဖြင့် ကျော်လွှားမောင်းနှင်ခဲ့ကြလေသည်၊ မိုးဖွဲများကလည်း ကျမစဲသောကြောင့် ချမ်းအေးလှသည့်အပြင် အသားအရေများလည်း ထုံထိုင်းမှုန်မှိုင်းလျက် ရှိကြတော့၏၊ ၇-မိုင်လောက်ခရီးပေါက်၍ တောင်တလုံးနှစ်လုံးကို ကျော်မိလျှင် တောက်လျှောက် တောင်ဆင်းလမ်းအတိုင်း မောင်းခဲ့ကြရ၏။

## သာယာရှုမောဖွယ်တို့ကိုပြောရလျှင်

လမ်းတလျှောက်၌ စိမ်းစိုညိုမှိုင်းသော တောတောင်များ၊ ဂေါ်ရခါးရွာနှင့် ရှမ်းရွာငယ်များ၊ တောင်ဆင်း တောင်တက်၌

စိုက်ပျိုးထားသော လှေကားထစ် သီးနှံခင်းများ၊ စူးထိုးစပါးခင်းများ၊ ရေကြည်လွှင်လွှင်တို့ တသွင်သွင် စီးဆင်းနေသော ချောင်းမြောင်း များကို တွေ့ခဲ့ကြရ၏၊ ကြည်နူးဘွယ်ရာ သဘာဝပန်းချီကားအမျိုးမျိုးတို့ကိုရိပ်ခနဲရိပ်ခနဲအပြောင်းအလဲဖြင့် တွေ့မြင်ရသည်မှာ စိတ်အေးချမ်းသာ ရှိလှပါတော့သည်၊ မြင်တွေ့ရသမျှ ရှုမောဖွယ်တို့ကို ပြောရလျှင် ပြောမဆုံးနိုင်အောင်ပင်ရှိပါချေတော့မည်။

မိုးကုတ်နှင့် မိုးမိတ်ခရီးသည် ၂၀-မိုင်ဝေးပါသည်၊ ကတ္တရာစီးလမ်းဖြစ်သည်၊ သို့သော်လည်း ဟောင်းနွမ်းအိုမင်းလှပြီမို့ မကောင်းလှတော့ပါ၊ ကျင်းချိုင့်များ များလျက် အောင့်သက်သက်ဖြစ်အောင် ကားဆောင့်ပါသည်၊ ပတ်ဝန်းကျင်ရှုခင်းအလှ မျက်နှာပြင်ကို ဤကျောက်ပေါက်မ လမ်းကြမ်းကဖျက်ဆီးနေသလိုရှိနေပါသည်၊ ကျောက်ပေါက်မ,ကင်းလျှင် တိမ်စင်သော လနှယ်သာယာဖွယ်အတိပြီးသောလမ်းကောင်း ဖြစ်ပေလိမ့်မည်ဟုတွေးမိပါသည်။

ခရီး ၁၂-မိုင်ကျော်သော် မိုးကုတ်နယ်ဆုံးပါပြီ၊ မိုးမိတ်နယ်တွင်းသို့ ချဉ်းနင်းဝင်ရောက်ခဲ့ပါပြီ၊ မိုးမိတ်နယ်စပ်မှ မိုးမိတ်မြို့ခရီး ၁၆-မိုင် ၂-ဖာလုံဝေးသည်ဟု သိရပါသည်။

မိုးကုတ်မြို့၊ မိုးမိတ်လမ်းခရီးတဝက်ကျော်လျှင် မိုးမိတ်မြို့ကိုလှမ်းမြင်ရပါတော့သည်၊ လမ်းက ကွေ့လိုက် ကောက်လိုက်မို့မိုးမိတ်မြို့လည်း ပေါ်လိုက် ပျောက်လိုက်ဖြစ်နေပါသည်၊ လှမ်းမြင်နေရသော မိုးမိတ်မြို့သည် မှိုင်းမှုန်ပြာဝေ တောင်တန်းကြီး

တော့နှင့် ချောင်းရေဖွေးဖွေး ထုံးရေးရေး ဘုရားစေတီများ ဖက်ဖူးရောင် စိုက်ပျိုးခင်းများ၊ ဝန်းရံလျက် မှုန်ပြပြတိုက်တာ အိမ်ခြေများဖြင့် သာယာကြည်နူးဖွယ်ရာပင် ဖြစ်ပါတော့သည်။

လမ်းတလျှောက်လုံး ရဲအစောင့်ကားများဖြင့် စောင့်ရှောက်သည့်အပြင် လူပြတ်သော လမ်းစခန်းတိုင်း၌လည်း အထူးကင်းစောင့်ချထားသည်တို့ကို တွေ့ခဲ့ရပါသည်၊ ဤသို့ စောင့်ရှောက်ခြင်းဖြင့် ခရီးသွားရသူများလည်း စိတ်အေးချမ်းသာ၏၊ တာဝန်လည်း ကျေပြွန်၏၊ ကုသိုလ်လည်းရ၏၊ ထို့ကြောင့် အားရဝမ်းမြောက်ဖွယ် ကောင်းပါ၏။

မိုးမိတ်မြို့နှင့် နီးကပ်လာပါပြီ၊ ထိုထိုသော ရွာ ဒကာဒကာမများက ပန်းရေခမ်းတို့ဖြင့် ဆည်းကြိုပူဇော်ကြသေးသည်၊ ခွင့်သာခိုက်၌ ကုသိုလ်ယူလိုက်ကြခြင်းပင်။

## မိုးမိတ်မြို့ ပုဗ္ဗာရုံကျောင်းတိုက်၌ တည်းခိုကြသည်

နံနက် ၁၁-နာရီလောက်၌ ဦးဘိုကြည်နှင့် တရားပွဲဖြစ်မြောက်ရေး ဒကာများက အသံချဲ့စက်ပါသော ကားတစီးဖြင့် အကြိုအထောက် ရောက်လာကြသည်၊ နေ့ ၁၁-နာရီရှိပြီ ဖြစ်သော်လည်း ဆရာတော်များ ရောက်လာတော်မမူကြသေးသော ကြောင့် ဘာမ်းမှုမှိုပါမလားဟု စိတ်ပူနေကြရကြောင်း၊ ထို့ကြောင့် မြို့တွင်းတပတ်လှည့်ကြည့်၍ အပူဇော်ခံရန် အစီအစဉ်ကိုလည်း ရုပ်သိမ်းခဲ့ရ၍ ကြိုဆိုပူဇော်မည့်သူ အချို့ကိုလည်း ပြန်လွှတ်လိုက်ရကြောင်းတို့ကို လျှောက်ထားကြလေသည်။

ထိုအခါ "လာကြိုသည့် ကားတစီး မိုးကုတ်အရောက်၌ ပျက်နေ၍ နောက်ထပ်ကားတစီး ထပ်ငှါးနေရသောကြောင့် ရောက်ချိန် နောက်ကြရကြောင်း" တို့ကို ပြန်ပြောကြရ၏၊ ထို့နောက် ကားများကို သုဘ်သုတ်မောင်း၍ ထွက်ခဲ့ကြရသည်။

မြို့ကိုဝင်သော် မြို့တွင်းကို ခပ်သုတ်သုတ်ပင် တပတ်လှည့်မိအောင် လှည့်လိုက်ကြသေး၏၊ တည်းခိုမည့် ပုဗ္ဗာရုံကျောင်းတိုက် ရောက်သော် နံနက် ၁၁-နာရီ ခွဲနေပြီဖြစ်သောကြောင့် အသင့်ပြင်ထားသော ဆွမ်းများကို ခပ်သုတ်သုတ်ပင် ဘုဉ်းပေးကြရသည်၊ သွားသုတ်သုတ်၊ စားသုတ်သုတ် ဟူသည်နှင့်အညီတည်း။

မိုးမိတ်ကိုရောက်လျှင်ပင် မြေပြန့်အညာဒေသ မန္တလေး မုံရွာ ရွှေဘိုရောက်ရသလိုပင် ရာသီဥတုက ပူအိုက်လာတော့သည်၊ ယာခင်းချားကလည်း အညာဆန်၏၊ ချဉ်ပေါင်ချဉ်ရေ ပဲဟင်း ငြုပ်သီးချက်စသော အစားအသောက်ကအစ အညာဆန်လေသည်။

မိုးကုတ်မြို့၌ အေးခဲ့သမျှ မှိုင်းခဲ့သမျှကိုယ်ရောအဝတ်အစားရောများပါ မိုးမိတ်ရောက်ခါမှပင် ပူအိုက်ကြရတော့၏၊ ပွင့်လင်းပေါ့ပါးကြရ၏၊ ကြာသော် ပူလွန်း အိုက်လွန်းသောကြောင့် အနေရပင် ခက်လာကြရသေးတော့။

တည်းခိုရာ ပုဗ္ဗာရုံကျောင်းတိုက်ကြီးကား ကျယ်ဝန်းစည်ကားလှပါ၏၊ ကျောင်းတိုက်အတွင်း၌ ကျောင်းကြီး ဇရပ်ကြီးများကလည်း ကြီးကျယ်ခန့်ငြားလှကုန်၏၊ ပန်းခရေပင်များကလည်း အုပ်အုပ်ဆိုင်းဆိုင်း ဖွံ့ဖွံ့ဖြိုးဖြိုး စိုးမိုးလျှက်ရှိကုန်၏၊

မှည့်ရင့်ပြွတ်ခဲနေသော အသီးများဖြင့် ရှုချင့်ဖွယ်ရာ သရက်ပင်တို့ကလည်း ပေါများကုန်၏၊ ရေလောင်းကန့်ရှိမှအစ ရေမီးသုံးခွဲ စရာများကလည်း ပြည့်စုံကြွယ်ဝလှကုန်၏။

သိမ်ပေါ်၌ ယမန်နှစ်ကမှ ပျံလွန်တော်မူသွားသော အဂ္ဂမဟာပဏ္ဍိတ ဂိုဏ်းချုပ်ဆရာတော်ဘုရားကြီး (အရှင်ခေမိန္ဒ) သူမြတ်၏ ရုပ်ပုံတော်ကိုလည်း ဖူးမြော်ရ၏၊ တကယ့်မျက်မှန်ကို တပ်ဆင်ထား၏၊ တင်ပလ္လင်ခွေလျက် ထုထားသော ပုံတော်ကို ခပ်လှမ်းလှမ်းကသာ ဖူးမြော်မည်ဆိုလျှင် သက်တော်ထင်ရှား ဆရာတော်ဘုရားကိုယ်တော်တိုင် ထိုင်လျက် သီတင်းသုံးနေတော်မူလေသလားဟုပင် ထင်မှားလောက်အောင် အသက်ဝင်လှပါ၏၊ ဤကျောင်းတိုက်ကြီးကား စာသင်တိုက်ကြီးဖြစ်၍ သံဃာ ၄၀-ကျော်ရှိကြောင်း သိရသည်၊ ဆရာတော် ပျံလွန်တော်မူပြီးနောက် ဆရာတော်ဘုရားကြီး၏ တပည့်ကြီးများက ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ကြကာ မူမပျက်ပင် ဆောင်ရွက်လျက်ရှိတော်မူကြပါသည်။

## ယောဂီတရားအားထုတ်ရေးဆွေးနွေး

နေ့ဆွမ်းဘုဉ်းပေးပြီး၍ ခေတ္တနားနေပြီးသော် သိမ်ကြီးပေါ်၌ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားအား တရားပွဲကျင်းပရေး ဒကာများကရင်း၊ ယနေ့ ဆွမ်းအလှူရှင်များကရင်း ပူဇော်ကန်တော့ကြပါသည်၊ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးက ဆုပေး၍ သီလခြီးမြှင့်တော်မူပြီးနောက်

အနုမောဒနာတရားကို အနည်းငယ် ဟောကြားတော် မူပါသည်။

ထို့နောက် ဆရာတော်ဘုရားကြီးက တရားပွဲဖြစ်မြောက်ရေး ဒကာများအား တရားပွဲအစီအစဉ်ကို မေးမြန်းတော်မူသည်၊ တရားပွဲလေးညအတွက် လိုခြုံရေးနှင့် ဆွမ်းဒကာစသည် ပြည့်စုံစွာစီမံထားကြောင်း လျှောက်ထားကြသည်။

ထိုအခါ ဆရာတော်ဘုရားကြီးက "ဤလေးရက်အတွင်း နေ့ရောညပါ တရားအားထုတ်မည့် ယောဂီ ဘယ်နှစ်ယောက်ရှိပြီလဲ"ဟု မေးတော်မူ၏။

ထိုအခါ "တရားပွဲကိုသာ စီစဉ်ထားကြ၍ တရားအားထုတ်ပွဲကိုမူ အစီအစဉ်မရှိကြောင်း၊ မိုးကုတ်မှအကြောင်းကြားသူများကလည်း တရားအားထုတ်ပွဲပါ စီစဉ်ရန် မပြောကြောင်း" ပြန်လျှောက်ကြသည်။

"ဘုန်းကြီးတို့တရားက နာကြားရုံမျှနဲ့ မရပ်နားရပဲ လက်တွေ့အားထုတ်ရတဲ့ မဟာသတိပဋ္ဌာန် ဝိပဿနာတရားဖြစ်ကြောင်း၊ ဒါကြောင့် ယောဂီတရားအားထုတ်စရာ နေရာနှင့် ယောဂီကျွေးမွေးရန်လိုကြောင်း" မိန့်တော်မူပါသည်။

အားထုတ်မည့် ယောဂီကိုမူ စုဆောင်းပေးနိုင်ကြပါမည်၊ ကျွေးမွေးမှုကိုမူ ပြုန်းကနဲ ဖန်တီးပေး၍ မလွယ်ကူကြောင်း အားထုတ်ချိန်မှာ အမျိုးသားများက ဒီကျောင်းထဲမှာ လာအားထုတ်ကြပြီး အမျိုးသမီးများကမူ ဓမ္မာရုံထဲမှာ အားထုတ်

နိုင်ကြောင်း အစားကို ကိုယ့်အိမ်ကိုယ်ပြန်စားယင် ဖြစ်နိုင်ကြောင်း တင်လျှောက်ကြ၏။

"ယောဂီတွေ ကိုယ့်အိမ်ကိုယ်ပြန်စားနေရယင် တရားကို ထိရောက်အောင် အားထုတ်နိုင်မည်မဟုတ်ဘူး၊ သူတို့အိမ်က ထမင်းလာပို့ရယင်လဲ ကြောင့်ကြစရာ ရှိနေကြမယ်၊ ဖြစ်နိုင်ယင် ရပ်ကွက်လိုက် အလှည့်ကျ တအိမ်လျှင် ဆွမ်းတအုပ်ကျစီ ပို့ရန်ဖိတ်မံပြီး ကျွေးမွေးနိုင်လျှင် ကောင်းမည်၊ ဘုန်းကြီးတို့အတွက်ဆိုယင် မပြောပါဘူး၊ ယောဂီတွေအတွက်မှ ထိထိရောက်ရောက် တရားအားထုတ်ဖြစ်အောင် ပြောရပါတယ်" ဟု ဆရာတော်ဘုရားကြီးက တရားအားထုတ်ရေးနှင့် ပတ်သက်၍ အလေးအနက်ပြုကာ ဆွေးဆွေးနွေးနွေး မိန့်ကြားတော်မူပါသည်။

ထိုအခါ တရားပွဲကျင်းပရေး ဒကာများသည် ခေါင်းချင်းရိုက်၍ တိုင်ပင်ကြသည်၊ ထို့နောက် "ကြိုးစားကြည့်ပါဦးမည် ဘုရား" ဟု ပြန်လျှောက်ပြီး ဆွေးနွေးပွဲကို ရုတ်သိမ်းလိုက်ကြပါသည်။

## အလုပ်ပေးတရားဟော၍ တရားစစ်ရန် ခရင်းအပ်

ခဏကြာသော် မွှောရုံအတွင်း၌ စုပြီးဆောင်းပြီး ယောဂီများကို သီလခံ၍ မြင့်၍ အလုပ်ပေးတရား ဟောကြားတော်မူရန် လာရောက်ပင့်သောကြောင့် ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် ကြွသွားတော်မူသည်၊ မွှောရုံကား တည်းခိုသော ဤပုဗ္ဗာရုံကျောင်းတိုက်အပေါက်ဝ၌ တံတိုင်းချင်းမျှ ခြားလျက် တည်ရှိသည်။

ဆရာတော်ဘုရားကြီးသည် ဓမ္မာရုံမှပြန်ကြွလာသော် ယောဂီ စာရင်းများကိုပါ ကောက်ယူစေခဲ့၍....

၁။ မန္တလေးမြို့အရှေ့ပြင်ဝါခင်းကုန်း ဇောတိကာရာမဆည်းဖူး သာသနာ့ရိပ်သာ ဆရာတော် ဦးဇောတိက။

၂။ ရန်ကုန်သာသနာ့ရိပ်သာ ကမ္မဋ္ဌာနာစရိယ+ဓမ္မကထိက ဟံလင်းကြီးဆရာတော် ဦးဝိဇယ။

၃။ မန္တလေးမြို့ နန်းတော်ရှေ့ ရွှေစည်ရိပ်သာ ဆရာတော် ဦးကုလိသ။

၄။ ပုသိမ်မြို့- အောင်မြေဘုံကျော် မဟာစည် သာသနာ့ရိပ် သာ ဆရာတော်ညောင်ကန် အရှင်ကုန္ဒက(စာရေးသူ) တို့ ၄-ပါးအား ယောဂီများကို ခွဲဝေ၍ တရားစစ်ရန် စာရင်းအပ်တော်မူပါသည်။

## ဆရာတော်ကြီး ဖြစ်ရတာလဲ မသက်သာ

ထို့နောက် ညစဉ်တရားဟောကြားရေး အစီအစဉ် ကိုလည်း စီမံညွှန်ကြားတော်မူပါသည်၊ သည်လိုနှင့်ပင် အချိန်မှာ ညနေ စောင်းသွားလေပြီ၊ ဆရာတော်ဘုရားကြီးလည်း မိမိတည်းခိုရာ ကျောင်း၌ အနားယူသီတင်းသုံးတော် မူသည်။

အနားယူ သီတင်းသုံးဆိုသော်လည်း လာရောက် ဖူးမျှော်သူ လှူဒါန်းသူများအား မကြာမကြာ ဆုပေးချီးမြောက်ခြင်း၊ ငါး ပါးသီလ ချီးမြောက်ခြင်း၊ အနုမောဒနာ တရား အနည်းငယ်

ကို ဟောကြားတော်မူရခြင်း၊ ဆေးနွေးမေးမြန်းချက်ကလေးများကို ဖြေကြားတော်မူရခြင်း၊ ဝမ်းမြောက်ဖွယ်သမ္မောဒနီယကထာများ ချီးမြောက်တော်မူရခြင်းတို့ကိုမူ ဆောင်ရွက်တော်မူရပေသေးသည်။

“အင်း....ဆရာတော်ကြီး ဖြစ်ရတာကလဲ တယ်မသက်သာလှပါကလား”ဟု ရန်ကုန်သာသနာ့ရိပ်သာ ဒီဃနိကာယ ကောဝိဒအရှင်ကေလာသကမှတ်ချက်ချတော်မူ၏။

ဟုတ်၏၊ အရှင်ကေလာသ ပြောမယ်ဆိုကလည်း ပြောစရာပင်၊ ဤမျှ မရပ်မနား အလုပ်များနေတော့သည်း ကိုယ့်ဆရာတော်ဘုရားကြီးအပေါ် ကိုယ်ကရုဏာသက်မိမည်မှာ ဓမ္မတာပင်တည်း၊ ထို့ကြောင့် အရှင်ကေလာသက ဤသို့ပြောငြီးကလေးပြောကာ မှတ်ချက်ချလိုက်ခြင်းပင် မဟုတ်ပါလော။

သို့သော်-ဆရာတော်ဘုရားကြီးကို အကဲခပ်ရသည်မှာ ဤသို့သာသနာ ပြုနေရသည်ကိုပင် ပင်ပန်းဆင်းရဲသည်ဟု ရေတွက်တော်မူပုံမရပေ၊ ရွှင်လန်း၍သာ နေတော်မူ၏၊ တက်ကြွ၍သာ နေတော်မူ၏၊ ဝမ်းမြောက်၍သာ နေတော်မူ၏၊ ဆရာတော်ဘုရားကြီး၏ သတ္တဝါများအပေါ်မှာ အမြိုက်ချမ်းသာ တရားရစေလိုမူ မေတ္တာတော်က ကြီးမားလှ၏၊ သတ္တဝါများ အမြိုက်တရားမရကြလျှင် သံသရာထဲ တဝဲလည်လည် ဒုက္ခရောက်ကြမည်ကို သနားတော်မူသော မဟာကရုဏာတော်ကလည်း များမြတ်တော်မူလှပါ၏။

ထို့ကြောင့်လည်း သက်တော် ၆၉-နှစ် ၇၀-အရွယ်တော် ကြီးရင့်တော်မူပြီ ဖြစ်သော်လည်း ရန်ကုန် သာသနာ့ရိပ်သာ၌ သီတင်းသုံးယင်း တရားလည်းဟောကြားတော်မူ၍ ကျမ်းလည်း ပြုတော်မူကာ ထိုထို သာသနကိစ္စများကိုလည်း ဆောင်ရွက် တော်မူသေးသည်၊ ယခုလို အကြောင်းအားလျော်စွာ အနီး အဝေးအရပ် ထိုထိုမှ တရားဟော ပင့်ပြန်လျှင်လည်း လိုက်၍ တရားဟောဘော်မူလိုက်သေးသည်၊ ထိုအခါ စိတ်ချရသည့် တပည့်ကြီးများ ပါသေးသော်လည်း အသေးအဖွဲ့ ကိစ္စကလေး များမှအစ တပည့်ကြီးများကိုချည်း လွှဲအပ်မထားသေးပဲ ခေါင်း ဆောင်ကောင်းပီပီ၊ ကိုယ်တော်တိုင်ဦးစီးဆောင်ရွက်တော်မူသည် ချည်းသာတည်း၊ ခြေဘ် - ဆရာတော်ဘုရား၏ မေတ္တာတော် ကရုဏာတော် လုံ့လဝီရိယတော်များကား ကြီးကျယ်များမြတ် ပူဇော်အပ်လှပါကုန်၏တကား။

## ဗုဒ္ဓ၏တပည့်သား ဗုဒ္ဓကိုယ်စား

ဆက်ပါဦးမည်၊ဤသို့နေ့မအား ညမအား ဆိုသလို ဆရာတော် ဘုရား ကြိုးကြိုးစားစား သာသနာ ပြုနေတော်မူခြင်းသည်ကား ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံလွန်တော်မူပြီးသည့်နောက်၌ ဗုဒ္ဓမြတ်စွာ ၏ သားတော်ပီသစွာ ဗုဒ္ဓမြတ်စွာ၏ တပည့်သာဝကပီသစွာ ဗုဒ္ဓ ကိုယ်စား သာသနာ ပြုတော်မူခြင်း ဖြစ်သည်ဟု ဆိုရပေမည်။ ဗုဒ္ဓ၏တပည့်သားသံဃာတော်မှန်သမျှ ဗုဒ္ဓသာဝက ဗုဒ္ဓသာသနာ ဝင် ရဟန်းရှင်လူမှန်သမျှ ဤကျေးဇူးရှင် မဟာစည်ဆရာတော် ဘုရားကြီးလိုပင် ကိုယ်စွမ်းရှိသမျှ ဉာဏ်စွမ်းရှိသမျှ ဗုဒ္ဓ၏ အဆုံး

အမ သာသနာတော်ကို ကြိုးကြိုးစားစား ပြုစုဆောင်ရွက်ကြရမည်သာတည်း။

ယင်းသို့ သာသနာပြုရာ၌ အဖုံအသာ် အခက်အခဲ ပင်ပန်းဆင်းရဲမှု ကလေးများကို ကြုံတွေ့ရလျှင်လည်း ဗုဒ္ဓမြတ်စွာ၏ လေးသင်္ချေနှင့် ကမ္ဘာတသိန်းတို့ ကာလပတ်လုံး အပင်ပန်းအဆင်းရဲခံတာ ပါရမီဖြည့်တော်မူခဲ့ပုံတို့ကို ဆင်ခြင်အောက်မေ့၍ သည်းခံ ဆောင်ရွက်နိုင်ကြရ ပေမည်၊ ဗုဒ္ဓမြတ်စွာ၏ ပင်ပန်းဆင်းရဲခံတော်မူခဲ့မှုနှင့် စာလျှင် ငါတို့ ယခုတွေ့ရသော ပင်ပန်းဆင်းရဲမှုသည် ဘာမျှမပြောပလောက်ချေ၊ မြေအထုနှင့် မြေတမှုံ့မျှသာ ရှိချေမည်။

ဗုဒ္ဓမြတ်စွာ၏ သတ္တဝါအများ ချမ်းသာပွားရေး အတွက် လေးသင်္ချေနှင့် ကမ္ဘာတသိန်းကာလပတ်လုံး ပါရမီဖြည့်တော်မူခဲ့ပုံများကိုထားဦး၊ ဘုရားဖြစ်တော်မူပြီးနောက် ၄၅-ဝါ သာသနာပြုတော်မူပုံကို ကြည်ညိုကြည့်လျှင်ပင် အလွန်ကြည်ညို အားကျွယ်ရာ ကောင်းလှပါပေသည်။

ယင်းသို့ ၄၅-ဝါပတ်လုံး သာသနာပြုတော်မူရာ၌ ဗုဒ္ဓမြတ်စွာ ဝယ် နေ့စဉ် ပြုလုပ်ဆောင်ရွက်တော်မူမြဲဖြစ်သော ဗုဒ္ဓကိစ္စများ ရှိပေသည်။ ယင်းတို့မှာ-

၁။ နံနက်ပိုင်း ဆွမ်းကိစ္စပြီးသည်အထိပြုရသော ပုရေဘတ္တကိစ္စ၊

၂။ ဆွမ်းကိစ္စပြီးသည်နောက် နေ့ခင်းပိုင်းပြုရသော ပစ္ဆာဘတ္တကိစ္စ၊

၃။ ညနေချမ်းနှင့် ညဉ့်ဦးယာမ်၌ ပြုရသည့် ပုရိမာယာမ ကိစ္စ၊

၄။ ညဉ့်အလယ်ပိုင်း၌ ပြုရသည့် မဇ္ဈိမယာမကိစ္စ၊

၅။ ညဉ့်၏ နောက်ဆုံးပိုင်း မိုးသောက်ယာမ်၌ ပြုရသော ပစ္ဆိမာ၏ ယာမကိစ္စ—

တို့ပင်တည်း။

ထိုသို့ ဗုဒ္ဓကိစ္စ ငါးပါးတို့ကို နေ့စဉ်မပြတ် ဗုဒ္ဓမြတ်စွာမှာ ဆောင်ရွက်တော်မူရသည်၊ ၂၄-နာရီ ၁-ရက်လျှင် ၁-နာရီနှင့် မိနစ် ၂၀-မျှသာ ကျိန်းစက် နားနေမတော်မူခဲ့ရသည်၊ ဤဗုဒ္ဓကိစ္စ ငါးပါးလုံး ဗုဒ္ဓမြတ်စွာ ဆောင်ရွက်တော်မူခဲ့ပုံကို ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ဘာရသုတ္တန် တရားတော်ကြီး စာအုပ်စာမျက်နှာ ၃-မှ ၁၅-အထိပင် အသေးစိပ် ဟောကြာ ထားသည်ကို တွေ့နိုင်ပါသည်။

ဗုဒ္ဓမြတ်စွာ၏ သတ္တဝါများအပေါ် မေတ္တာ ကရုဏာများ အကြီးအကျယ် ပွားများတော်မူ၍ လေးသင်္ချေနှင့်ကမ္ဘာတသိန်း တို့ ကာလပတ်လုံး သာသနာပြုတော်မူခဲ့ပုံ၊ ၄၅-ဝါ သာသနာ ပြုတော်မူခဲ့ပုံတို့ကို ဆင်ခြင်အောက်မေ့၍သာ ကျေးဇူးရှင် မဟာ စည် ဆရာတော်ဘုရားကြီးသည်လည်း ဗုဒ္ဓ၏ တပည့်သားတော် ပီသစွာ ဗုဒ္ဓကိုယ်စား ယင်းသို့ ကြိုးကြိုးစားစားသာသနာပြုတော် မူခြင်း ဖြစ်ကြောင်းမှာ ထင်ရှားလှပါပေသည်၊ သြော်-ဗုဒ္ဓ၏ တပည့်သားတော် ပီသသော ဗုဒ္ဓကိုယ်စား သာသနာပြုတော်

မူသော သာသနာ့နှစ်ထောင့်ငါးရာ ဝန်းကျင်ခေတ်၌ စံထား ထိုက် ကြည်ညိုထိုက် လေးစားထိုက် မြတ်နိုးထိုက် ပူဇော်ထိုက် သော အာဇာနည် ဆရာတော်ဘုရားကြီးပါတကား။

ရန်ကုန် သာသနာ့ရိပ်သာဆရာတော်ဘုရားကြီး၏ ဥပဋ္ဌာနက အရှင်ဝိစာရိန္ဒ၊ အငြိမ်းစားတရားသူကြီးဦးသိန်းဟန်၊ အငြိမ်းစား ဗိုလ်ကြီး သန်းမောင်တို့ကလည်း ဆရာတော်ဘုရားကြီးအား ဖူး မျှော်ရန် ရောက်လာသူများကို ဆရာတော်ဘုရားကြီးထံ ပို့ရ ခြင်း၊ လှူဖွယ်ဝတ္ထုပစ္စည်းများကို ဝေဘန် သိမ်းဆည်း ရခြင်း၊ ဆရာတော် ဘုရားကြီး၏ ဝေယျာဝစ္စများကို ဆောင်ရွက်ခြင်း တို့ဖြင့် အလုပ်ရှုပ်လျက်ရှိကြ၏။

တရားပွဲကျင်းပရေး ဒကာတို့လည်း သူ့အလုပ်နှင့်သူ အလုပ် ရှုပ်နေကြ၏၊ မိုးကုတ်မြို့မှ လိုက်ပို့တော်မူကြသော သံဃာတော် အချို့နှင့် ဒကာဒကာမများလည်း ကားဖြင့် မိုးကုတ်သို့ပြန်သွား ကြလေပြီ၊ ထို့နောက် အညောင်းပြေ လမ်းလျှောက်ထွက်သူက ထွက်ကြ၏။

## မိုးမိတ်မြို့နှင့် မဟာစည်ဒေသနာ

ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး အမှူးရှိသော မဟာစည် ဓမ္မကထိကအဖွဲ့သည် မိုးမိတ်မြို့ ပုဗ္ဗာရုံကျောင်းတိုက် အနီး ဓမ္မာရုံကြီး၌ မူလက ရည်ရွယ်ရင်း ရှိသည့်အတိုင်း တရား ၄-ည ချီးမြှင့်တော်မူကြရ၏၊ ဟောကြားပုံအစီအစဉ်မှာ အောက် ပါအတိုင်း ဖြစ်ပေသည်။

ပဌမည။ ။ည ၇-နာရီ၌ မိုးကုတ်မြို့မှလိုက်ပို့တော်မူသော ခရွှောတို ဦးတိလောကဆရာတော်က မိန့်ကြားတော်မူပါသည်။

ထို့နောက် ရွှေစည်ဆရာတော်က 'သောက ကင်းဝေးရန် မဟာသတိပဋ္ဌာန် တရားတော်' ကို ဟောကြားတော်မူပါသည်။

ထို့နောက် ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးက 'အရိယာဝါသ တရားတော်ကြီး' ကို ဟောကြားတော်မူပါသည်။

ဒုတိယည။ ။ရွှေပိုင်း၌ ဆရာတော် ဦးဇောတိက-က 'ဒုလ္လ ငါးပါးတရားတော်ကြီး' ကို ဟောကြားတော်မူပါသည်။

ထို့နောက် ကျေးဇူးရှင် ဆရာတော်ဘုရားကြီးက 'အရိယာ ဝါသ တရားတော်ကြီး' ကိုပင် ဆက်လက်ဟောကြားတော်မူပါ သည်။

တတိယည။ ။ရွှေပိုင်း၌ ညောင်ကန် - အရှင်ဣန္ဒက က 'သံဝေဇဉ်ဖြတ်ရန် မဟာသတိပဋ္ဌာန်တရားတော်ကြီး' ကို ဟော ကြားပါသည်။

ထို့နောက် ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးက အရိယာဝါသ တရားတော်ကြီးကိုပင် ဟောကြားတော်မူပါ သည်။

စတုတ္ထည။ ။ရွှေပိုင်း၌ ဟံလင်းကြီးဆရာတော်က 'ကမ္မ သကတာဉာဏ်၊ သစ္စာနုလောမဉာဏ်၊ သစ္စာဉာဏ်ဖြစ်ပုံ တရား တော်ကြီး' ကို ဟောကြားတော်မူပါသည်။

ထို့နောက် ညောင်ကန် အရှင်ဣန္ဒက-က 'သံယောဇဉ် ဖြတ်ရန် မဟာသတိပဋ္ဌာန် တရားတော်ကြီး' ကိုပင် ဆက်လက် ဟောကြားတော်မူပါသည်။

ထို့နောက် ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးက အရိယာဝါသတရားတော်ကြီး' ကို အပြီးသတ်ဟောကြားတော်မူပါသည်၊ ထို့နောက် အရပ်ရပ်အလှူဒါနများကို ရေစက်သွန်းချပေးတော်မူပါသည်။

စတုတ္ထည စာရေးသူ ထပ်၍ဟောကြားရခြင်းမှာ တရားနာပရိသတ်က သံယောဇဉ်တရားကို သဘောကျလှပါသည်ဟု ဆရာတော်ဘုရားကြီးထံ လျှောက်ထားကြ၍ ဆရာတော်ဘုရားကြီး၏ အမိန့်အရ စာရေးသူ ဟောကြားရပေသည်၊ ညစဉ် တရားနာ (၁၀၀၀) တထောင်မျှရှိ၍ နေ့စဉ် တရားအားထုတ်သူပေါင်း ၁၀၀-တရာကျော်ခန့် ရှိပေမည်၊ ညတိုင်း တရားဟောကြားပွဲ၌သည်း ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးက လက်တွေ့ အားထုတ်စေပါသေးသည်။

## အရိယာဝါသတရားတော်ကြီး

ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော "အရိယာဝါသ တရားတော်ကြီး" လိုရင်းကောက်နှုတ်ချက်မှာ ဤသို့ ဖြစ်၏။

အရိယ-ဆိုတာက အရိယာပုဂ္ဂိုလ်ဘဲ၊ အာဝါသ-ဆိုတာက နေရာအိမ်-လို့ အဓိပ္ပါယ်ရှိပါတယ်၊ နှစ်ခုပေါင်းလိုက်တော့ အရိယာဝါသ-ဆိုတာ အရိယာတို့၏ နေအိမ်-လို့ ဆိုလိုပါတယ်။

အရိယာပုဂ္ဂိုလ်-ဆိုလို့ရှိယင် ရှေးရှေးက ဘုရားရဟန္တာ အရိယာပုဂ္ဂိုလ်တွေလဲ ဒီအရိယာဝါသတရားတော်ကိုဘဲ မှီပြီးတော့ နေသွားတော်မူကြတယ်၊ ယခု ပစ္စုပ္ပန်ခေတ် ၈ဂါတမမြတ်စွာဘုရား၏ သာသနာတော်ခေတ်မှာရှိတဲ့ ဘုရားရဟန္တာ အရိယာပုဂ္ဂိုလ်တွေလဲဘဲ ဒီအရိယာဝါသ တရားတော်တွေကိုဘဲ အမှီပြုပြီးတော့နေရပါတယ်၊ နောင်အခါကာလ ပွင့်ထွန်းပေါ်ပေါက်လတ္တံ့သော ဘုရားရဟန္တာ အရိယာပုဂ္ဂိုလ်တွေလဲဘဲ ဒီအရိယာဝါသတရားတော်တွေကိုဘဲ အမှီပြုပြီးတော့ နေကြရမှာပါဘဲတဲ့၊ ဒီအရိယာဝါသတရားတော်တွေကို စွန့်လွှတ်ပြီးတော့ အရိယာမဖြစ်နိုင်ဘူး-လို့ ဆိုလိုပါတယ်။

ဒီတော့ ဒီအရိယာဝါသ တရားတွေဟာ အင်မတန် အရေးကြီးတဲ့ တရားတွေဖြစ်ပါတယ်၊ တနည်းအားဖြင့် အရိယာဝါသ တရားနှင့် ပြည့်စုံနေကြတဲ့ အရိယာပုဂ္ဂိုလ်တွေဟာ အပါယ်လေးပါးအစရှိတဲ့ သံသရာ ဝဋ်ဆင်းရဲတွေမှ လွတ်မြောက်သွားပါတယ်၊ဒါကြောင့် အရိယာဝါသဆိုတာ အပါယ်လေးပါး အစရှိသော သံသရာဝဋ်ဆင်းရဲတွေက လွတ်မြောက်အောင်လို့နိုင်အောင်း ရာဌာနတွေ-လို့ဆိုယင်လဲ မှလွဲပါဘူး။

လောကမှာ ဘေးရန်အန္တရာယ်တွေရှိနေသလို သံသရာမှာလဲ ရှိနေပါတယ်၊ အဲဒီ ဘေးရန်အန္တရာယ် အကုန်လုံးကို ကာကွယ်ပေးနိုင်တဲ့ နေရာဌာနကြီးတွေဆိုတာ ဒီအရိယာဝါသ တရားတော်ကြီးတွေပါဘဲ။

အဲဒီ အရိယာဝါသတရားတွေမှာ ယခုတရားနာ ပရိသတ်တွေ ခိုအောင်းပြီးတော့ ဘေးရန်အန္တရာယ်တွေက အစဉ်ထာဝရ လွတ်မြောက်ဘို့ရာ မြတ်စွာဘုရားက ဒီအရိယာဝါသတရားတွေကို ဟောကြားထားခဲ့ပါတယ်၊ အဲဒီလို ဟောကြားထားခဲ့တဲ့ ဘုရားအမိန့်တော်တွေကို ဘုန်းကြီးတို့ကဘာဆင့် ဟောကြားနေဘယ်လို့ အာရုံပြုပြီးနာကြပ ါ၊ အရိယာဝါသခေါင်းစဉ်ဆောင်ပုဒ်လေးကိုသာဆိုပြီး အတိုချုပ်ရှင်းပြသွားမယ်။

"ငါးအင်ပယ်လေ၊ ဂုဏ်ခြောက်ထွေ၊ စုံစေစောင့်တပါး" (၃-ခေါက်ဆိုပါ)

ဒီဆောင်ပုဒ်အရ အင်္ဂါငါးပါးကို ပယ်ရမယ်၊ အင်္ဂါ ၆-ပါးနှင့်လဲ ပြည့်စုံရမယ်၊ အစောင့်ရှောက်တပါးနှင့်လဲ ပြည့်စုံရမယ်-တဲ့၊ ဒီဆောင်ပုဒ်အရ အရိယာဝါသသုံးပါးပေါ့။

"လေးရပ်မှိုကာ၊ ပယ်ရှင်းရာ၊ သစ္စာသီးသန့်များ" (၃-ခေါက်ဆိုပါ)

ဒီဆောင်ပုဒ်အရ လေးပါးသော အရာဌာနကိုလဲ မှီရမယ်၊ ပြီးတော့ သီးသန့် သစ္စာတွေကိုလဲ ပယ်ရမယ်-တဲ့၊ ဒီဆောင်ပုဒ်အရ အရိယာဝါသတရား ၂-ပါးပေါ့၊ ခုနင်က ဆောင်ပုဒ်ထဲက ၃-ပါးနှင့် ပေါင်းယင် ငါးပါးရှိသွားပြီ။

"ရှာမှီးကင်းစင်၊ ကြံကြည်လင်၊ ထွက်ဝင်ငြိမ်းစေသား" (၃-ခေါက်ဆိုပါ)

ဒီဆောင်ပုဒ်အရ ရှာမှီးမှုလဲ ကင်းစင်ရမယ်-တဲ့၊ အကြံအစည်တွေလဲ နောက်ကျုခြင်း မရှိဘဲနဲ့ ကြည်ကြည်လင်လင် ဖြစ်စေ

ရမယ်-တဲ့၊ ထွက်သက်ဝင်သက်ငြိမ်းတဲ့ တရားနှင့်လဲ ပြည့်စုံရမယ် တဲ့၊ ဒီဆောင်ပုဒ်က ၃-ပါး၊ ရှေ့က ၄ ပါးပါးနှင့် ပေါင်းယင် ၇-ပါးရှိသွားပြီ။

"စိတ်ကောင်းစွာလွတ်၊ ပညာလွတ်၊ မချွတ်ဂုဏ်ဆယ်ပါး" (၃-ခေါက်ဆိုပါ) ဒီဆောင်ပုဒ်အရ စိတ်ကလဲ ရာဂ ဒေါသ မောဟ အစရှိတဲ့ အညစ်အကြေးတွေ အားလုံးအချုပ်အနှောင်လွတ် မြောက်ရမယ်-တဲ့၊ လွတ်မြောက်ကြောင်းကို ကိုယ်ပိုင်ဉာဏ်နှင့်လဲ သိရမယ်-တဲ့၊ ဒီဆောင်ပုဒ်က ၂-ပါး၊ အားလုံးပေါင်းလိုက်တော့ ၁၀-ပါးပြည့်သွားပြီ။

"အရိယာဝါသ၊ ဟောဖေါ်ပြ၊ ဗုဒ္ဓမြတ်ဘုရား"။ (၃-ခေါက်ဆိုပါ) ဒီဆောင်ပုဒ်အရ အဲဒီအရိယာဝါသတရားတော်တွေကို ဘယ်သူက ဟောခဲ့သလဲဆိုယင် မြတ်စွာဘုရားက ဟောသွားပါတယ်-တဲ့။ (မှတ်ချက်။ အကျယ်ကို မဟာစည် အရိယာဝါသတရားတော်ကြီးစာအုပ်တွင် ကြည့်ပါ)

## နေ့စဉ်အစွမ်းအလှူဒါန

မိုးမိတ်မြို့၌ ယောဂီများ စားသောက်ရေးကိုမူ ရတ်တရက်မို့ အထူး မစီစဉ်နိုင်ကြတော့ပါ၊ ကိုယ့်အိမ်ကိုယ် ပြန်စားစနစ်ဖြင့်သာ စီစဉ်နိုင်ကြတော့သည်။

မိုးမိတ် မြို့သူမြို့သား ဒကာဒကာမများတို့သည် ရတ်တရက်မို့ ယောဂီများ ကျွေးမွေးရေးကို ပစီမံနိုင်ကြသော်လည်း တရားပွဲ လေးရက်ပတ်လုံး ပုဗ္ဗာရုံကျောင်းတိုက်ရှိ သံဃာတော်များနှင့်၊ မဟာစည်ခမ္မကထိကအဖွဲ့အားမူ အရှုပ်ဆွမ်းရော နေ့ဆွမ်း

ပါ ယထာဗလ စွမ်းအားရှိသမျှ တက်တက်ကြွကြွ ချက်ပြုတ်ဆက်ကပ်ကြပါသည်၊ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးအားမူ အမြဲတမ်း သက်သတ်လွတ်ဆက်ကပ်၍ အခြားသံဃာတော်များအားမူ သက်သတ်လွတ် ဟင်းများဖြင့်တမျိုး သားငါး ဟင်းများဖြင့်တဖုံ မျိုးစုံအောင်ဆက်ကပ်ကြပါသည်။

မိုးမိတ်ဆန်မှာ ချက်ပြီးလျှင် စေးလည်းစေး၍ မွှေးလည်းမွှေးကာ နူးလည်းနူးလျက် အရသာလည်းထူးလှပါသည်၊ ဟင်းကလည်း အညာချက်မို့ အညာသား ဘုန်းကြီးမှာ လျှာမြက်မြက်တွေ့၍ အာသွက်လှသည်ဟုပင် ဆိုရချေမည်၊ ငြုပ်သီးကလည်း အဟုတ်ကြီးစပ်၏၊ အချဉ်ရေကလည်း အဆင်ပြေပါ၏၊ ပဲချက်ကလည်း စွဲမက်စရာဖြစ်၏၊ အဟုတ်မက် အားတက်စရာ တရုတ်ချက် ကုလားချက်များနှင့် အရမ်းမက်မခွါရက်စရာ ရှမ်းချက် ဗမာချက်များကလည်း စုံလှပါကုန်၏၊ ရသတဏှာဖက်၌ တပ်မက်ခြင်း အစွန်းမထွက်ရအောင် မလွန်ရအောင်ပင် အမှတ်သတိဖြင့် ခပ်ဖိဖိကလေး ဘုဉ်းပေးတော်မူကြရပါ၏၊ ကျွေးမွေးလှူဒါန်းကြသည်မှာ အပြိုင်အဆိုင်ဖက် မရှိပါဘဲလျက် အပြိုင်အဆိုင် ကျွေးမွေး လှူဒါန်းနေသလိုရှိဘော့၏၊ မိုးကုတ်ကိုများလှမ်း၍ ပြိုင်နေရော့သလားဟုပင် ထင်ရပေသည်။

## အစောင့်အရှောက်ဖြင့် တရားပွဲကျင်းပရသည်

မိုးမိတ်မြို့တရားပွဲ၌ အခြားတရားပွဲနှင့်မတူသော ထူးခြားချက်ရှိ၏၊ သာသနာတော်အတွက် အားတက် ဂုဏ်ယူဖွယ်ရာအကြောင်းဖန်လာသော ထူးခြားချက်ဟုပင်ဆိုရချေတော့မည်။

အကြောင်းမှာ မိုးကုတ်မြို့မှ မိုးမိတ်မြို့သို့ တရားဟောအဖွဲ့အား ပင့်ဆောင်ခဲ့ကြစဉ်ကလည်း လမ်းတလျှောက်လုံးအစောင့်အရှောက်ဖြင့် ပင့်ခဲ့ကြရသည်၊ မိုးမိတ်ရောက်၍ တရားပွဲကျင်းပရာ၌လည်း နေ့ရောညပါ ၄-ရက်ပတ်လုံး လက်နက်ကိုင် ရဲရောစစ်ပါ လုံခြုံရေးအစောင့်အရှောက်များဖြင့် စောင့်ရှောက်လျက်ကျင်းပကြရသည်၊ တရားပွဲနှင့်ပတ်သက်၍ လုံခြုံရေးစိတ်မချရဟူသော ကောလာဟလကြောင့် မိုးမပြိုဘူး ပြိုခဲ့သော် ဆိုဘိသို့ ဤလိုစောင့်ရှောက် ကျင်းပကြရ၏။

ထိုကောလာဟလသည် အကြည်ညိုလွန်ကာ အစိုးရိမ်ကြီး၍ အတွေးလွန်သူများက ပြောယင်း ဆိုယင်းဖြင့် ကောလာဟလသတင်း ကျယ်လောင်စွာ ဖြစ်လာသည်လည်း ဖြစ်နိုင်သည်၊ တရားပွဲကို မလိုလားသူအချို့က အနှောက်အယှက်ဖြစ်အောင် သတင်းလွှင့်သည်လည်း ဖြစ်နိုင်သည်၊ သုံးလူ့ထွတ်ထား မြတ်စွာဘုရားကိုပင် မာရ်နတ်က နှောက်ယှက်လိုနှောက်ယှက်၊ ဒေဝဒတ်က ကန့်လန့်တိုက် လိုတိုက် စိဉ္စမာဏဝိကာနှင့် သုန္ဒရီပရိဗိုဇ်မတို့က စွပ်စွဲလို စွပ်စွဲ ပြုလုပ်တတ်ကြသေးရာ ဤတရားပွဲကိုလည်း မလိုသူအချို့က မနှောက်ယှက်ပါဟု မဆိုနိုင်ပါချေ။

ဘာဘဲဖြစ်ဖြစ် ဤကောလာဟလသတင်းသည် မိုးမိတ်သူမိုးမိတ်သားတို့၏ ဗုဒ္ဓမြတ်စွာ သာသနာရေးကို အလေးပေးဆောင်ရွက်နိုင်ကြောင်း ဂုဏ်ထူးတက်ရန် ဖန်လာသည်ဟု ဆိုရပါတော့မည်၊ မှန်၏၊ တရားပွဲကလည်း ဤသို့ခက်ခက်ခဲခဲ အဖိုးတန်ကျင်းပရလေမှ ပရိသတ်က ပိုမိုစိတ်ဝင်စားကာ ပိုမိုစည်ကားလာရလေသည်။

မဏ္ဍိဿံသဇာတ်တော်တွင် မိမိတို့နေသော ဖလ်ဂူကြီး၌ မိမိတို့ ဖလ်ဂူ၏ မလှမ်းမကမ်း တောင်ကမ္ဘာယံဝယ်နေသော ခြင်္သေ့၏ အရိပ် ထင်လာသည်ကို ကြောက်လန့်ကြသော ဝက်သတ္တဝါတို့ သည် ခြင်္သေ့ရိပ်မထင်အောင် ဖလ်ဂူကို ရွှံ့ညွန့်တို့ဖြင့် အကြိမ်ကြိမ် ပွတ်တိုက်သေမှ ဖလ်ဂူမှာ အရောင်ပိုထွက်လျက် ခြင်္သေ့ရိပ်က ပိုမိုထင်ရှားလာဘိသို့ ဖြစ်ရလေတော့သည်ဟု ဆိုရပါတော့မည်၊ ပွတ်တိုက်လေ အရောင်တောက်လေ ဖြစ်ရသော ဗုဒ္ဓသာသနာ တော်၏ တန်ခိုးရှိန်စော် အာနုဘော်သည် အဟော်ဝတညြော် အံ့သြဖွယ်ကောင်းလှချေ၏တကား၊ ကြီးကျယ်များမြတ် ပူဇော် အပ်လှချေ၏တကား၊ ကြည်ညိုထိုက်-ဆည်းကပ်ထိုက်-အလေးပြု ထိုက် အားကိုးထိုက်လှချေ၏တကား။

ယခုလို ပိုမိုစည်ကားရခြင်း၊ တရားပွဲကျင်းပသူတို့ ပိုမိုကုသိုလ် ရကြခြင်း၊ ပိုမိုဂုဏ်တက်ရခြင်း၊ ဗုဒ္ဓဘာသာ သာသနာတော် အတွက် ဂုဏ်ယူဖွယ်ရာ ဖြစ်ရခြင်းတို့သည် နှောက်ယှက်လို၍ဘဲ ဖြစ်ဖြစ်၊ အကြည်ညိုလွန် အစိုးရိမ်ကြီး၍ဘဲဖြစ်ဖြစ် ထိုထိုသူတို့၏ ကောလာဟလ သတင်းကြောင့်သာ ဖြစ်ပေါ်လာရကုန်၏၊ ထို့ကြောင့် ထိုသူတို့ကို ကျေးဇူးတင်၍ မဆုံးနိုင်အောင်ပင် ဖြစ်ရချေတော့မည်။

## ဝိပဿီမြတ်စွာဘုရားလက်ထက်တော်ကို သတိရမိသည်

ဤသို့ မိုးမိတ်မှုံ၌ ကြည်ညိုလွန်းအားကြီး၍ အစောင့် အရှောက်ဖြင့် တရားဟောကြားရခြင်း၊ ပြိုင်ဆိုင်ဖက်မရှိသော် လည်း အပြိုင်အဆိုင်လို မြိုင်မြိုင်ဆိုင်ဆိုင် လျှုဒါန်းဆက်ကပ်ကြ

ခြင်းများကို ကြုံတွေ့ရသောအခါ ကျမ်းဂန်၌လာသော ဝိပဿီ မြတ်စွာဘုရားလက်ထက်တော်ကို သတိရမိ-မှန်းမြော်မိပါတော့ သည်။

လွန်ခဲ့သော ၉၁-ကမ္ဘာထက်၌ ဝိပဿီမြတ်စွာဘုရားသည် ထင်ရှားပွင့်တော်မူခဲ့၏၊ ထိုမြတ်စွာဘုရားသည် မင်းမျိုး၌ဖြစ်၍ ကောဏ္ဍညအနွယ်၌ ဖြစ်တော်မူသည်၊ အသက်တော် အတိုင်း အရှည်-အနှစ်ရှစ်သောင်းဖြစ်၍ သခွတ်ပင်ရင်း၌ ပွင့်တော်မူလေ သည်။

ထိုမြတ်စွာဘုရား၏ အဂ္ဂသာဝကအစုံသည် ခဏ္ဍနှင့် တိဿ မည်၏၊ ထိုမြတ်စွာဘုရား၏ လက်ထက်တော်၌ အလုံးစုံ ရဟန္တာ ချည်း ပါဝင်တော်မူကြသော သာဝက အစည်းအဝေးတို့သည် ခြောက်သန်း ရှစ်သိန်းသော အစည်းအဝေးကတကြိမ်၊ တသိန်း ရှိသော အစည်းအဝေးကတကြိမ်၊ ရှစ်သောင်း အစည်းအဝေး ကတကြိမ် အားဖြင့် အစည်းအဝေး သုံးကြိမ်ရှိကုန်၏၊ ထိုမြတ်စွာ ဘုရား၏ အလုပ်အကျွေး ရဟန်းတော်မှာ အသောကမည်၏၊ ထို မြတ်စွာဘုရား၏ ခမည်းတော်သည် ဗန္ဓုမာမည်၍ မယ်တော် မှာ ဗန္ဓုမတီမည်၏၊ ဗန္ဓုမာမင်း၏ ပြည်တော်သည်လည်း ဗန္ဓုမတီ မြို့တည်း။

ခုနစ်နှစ် ခုနစ်လ-ဘုရင် အလှူဒါန

ထို ဝိပဿီမြတ်စွာဘုရား ပွင့်တော်မူ၍ အခြံအရံ ရဟန်း သံဃာတော်ပေါင်း တသိန်းခြောက်သောင်း ရှစ်ထောင်ရှိလတ်

သောအခါ ခမည်းတော် ဗန္ဓုမာမင်းကြီးသည် “ငါ၏သား ကြီးသည် တောထွက်၍ ဘုရားဖြစ်ခဲ့ပြီ၊ ဒုတိယမြောက် သား လတ်သည် ပထမအဂ္ဂသာဝက ဖြစ်ခဲ့ပြီ၊ ပုရောဟိတ်၏သားသည် လည်း ဒုတိယအဂ္ဂသာဝက ဖြစ်ခဲ့ပြီ၊ သည်မျှမကသေးပါ၊ အဂ္ဂ သာဝကအစုံတို့မှ ကြွင်းကျန်သော ဤရဟန်းတို့သည်လည်း လူ ဖြစ်စဉ်အခါက ငါ့သားကိုသာလျှင် ခြံရံကုန်၍ လှည့်လည်ခဲ့ကြ ကုန်ပြီ။

ယခုအခါ၌လည်း အလုံးစုံကုန်သော ဤရဟန်းတို့သည် ငါ၏တာဝန်သာလျှင်တည်း၊ ထိုသို့ဖြစ်ရကား ငါသည်သာလျှင် ထိုရဟန်းတို့ကို ပစ္စည်း ၄-ပါးတို့ဖြင့် လုပ်ကျွေးရပေတော့အံ့၊ ငါ့အပြင် အခြားသူတို့အား လုပ်ကျွေးခွင့်ကို မပေးရတော့အံ့” ဤသို့ အကြံဖြစ်လေပြီ။

မင်းကြီးသည် ဤသို့အကြံဖြစ်ပြီး၍ ကျောင်းတံခါးမုခ်မှစ၍ မင်း၏ နန်းတော်တံခါးအထိ နံဘေးနှစ်ဖက်တို့၌ ရှားသားတံ တိုင်းကို အကာအရံ ဆောက်လုပ်စေပြီး၍ ဖျာကြမ်းတို့ဖြင့် အပြင်ဖက်၌ ဖုံးလွှမ်းစေပြီး၍ရှင်း၊ အတွင်းက အဝတ်တို့ဖြင့် ဖုံးလွှမ်းစေပြီး၍ရှင်း၊ အထက်က အဝတ်တို့ဖြင့် ဖုံးလွှမ်းစေပြီး၍ ရှင်း၊ ရွှေကြယ်တို့ဖြင့် ဆန်းကြယ်သော ကောင်းစွာတွဲလျားကျ သော ထန်းလုံးမျှ အတိုင်းအရှည်ရှိသော အသူးထူး အပြားပြား သော ပန်းဆိုင်းရှိသော မျက်နှာကြက် ဗိတာန်ကိုပြုစေ၍ အောက်မြေပြင်က ဆန်းကြယ်သော အခင်းတို့ဖြင့် ခင်းစေပြီး၍ အတွင်းနှစ်ဖက် နံဘေးတို့၌ ပကတိသော ပန်း-သိကုံးအပ်သော

ပန်းတို့ဖြင့် ပန်းပင်သဏ္ဍာန် ရစ်ပတ်အပ်ကုန်သော ရေပြည့်အိုး တို့ကိုငင်း၊ တလမ်းလုံးကို မွေးကြိုင်သင်းပျံ့ ရနံ့ထုံစေခြင်း အကျိုးငှါ အိုးစရည်းကြီးတို့၌ ပြည့်သော ရေပန်း၊ ပန်းတောင်း တို့၌ပြည့်သောကုန်းပန်း အိုးစရည်းကြီးတို့၌ ပြည့်သောနံ့သာ၏ အကြား၌ ပန်းတို့ကိုငင်း၊ အိုးစရည်းကြီးတို့၌ ပြည့်သောရေ ပန်း၊ ပန်းတောင်းတို့၌ပြည့်သော ကုန်းပန်းတို့အကြား၌ အမွှေး နံ့သာတို့ကိုငင်း ထားစေ၍ မြတ်စွာဘုရားအားဆွမ်းဘုဉ်းပေးရန် အချိန်ကို လျှောက်ထားစေလေပြီ။

မြတ်စွာဘုရားသည် ရဟန်းအပေါင်းခြံရံ၍ တင်းတိမ်ကန့် လန့်ကာ၏ အတွင်းဖြင့်သာလျှင် မင်းနန်းတော်သို့ကြွ၍ ဆွမ်း ဘုဉ်းပေးခြင်း ကိစ္စကိုပြု၍ ကျောင်းသို့တဖန် ပြန်ကြွတော်မူ၏။

မင်းမှတပါး အခြားတယောက်တလေမျှသည် ဖူးမြင်ခြင်း ငှါ သော်လည်း မရပေ၊ ထို့ပြင် ဆွမ်းကိုပေးလှူခြင်းငှါသော် လည်းကောင်း၊ ပူဇော်ခြင်းကို ပြုခြင်းငှါသော်လည်းကောင်း၊ တရားကို နာခြင်းငှါသော်လည်းကောင်း၊ အဘယ်မှာရနိုင်ပါ အံ့နည်း၊ မရနိုင်သည်သာတည်း၊ ဤနည်းဖြင့် ခုနှစ်နှစ် ခုနှစ်လ ကြာသွားသတဲ့။

## ဘုရင်ချည်းလှူပြည်သူမကျေနပ်

ထိုနောက်မြို့သူမြို့သားတို့သည် "ယခုအခါ လောက၌ဘုရား ပွင့်တော်မူခဲ့သည်မှာ ခုနစ်နှစ်နှင့် ခုနစ်လ လွန်ခဲ့ပါကုန်ပြီ၊ ထိုသို့ပင် ဘုရားပွင့်ပါသော်လည်း ငါတို့မှာကား ဖူးမြင်ရခြင်း

ကို သော်လည်း မရကြကုန်၊ ဆွမ်းကိုလှူခြင်းငှါသော်လည်း ကောင်း၊ ပူဇော်ခြင်းကို ပြုခြင်းငှါသော်လည်းကောင်း၊ တရား ကို နာခြင်းငှါသော်လည်းကောင်း၊ အဘယ်မှာ ရနိုင်ပါကုန်အံ့ နည်း၊ မရကြကုန်သည်သာတည်း။

မင်းသည် 'ငါ့ဘုရား- ငါ့တရား-ငါ့သံဃာ' ဟု ငါ့ဥစ္စာ တဦးတည်း ပိုင်လုပ်၍ ကိုယ်တိုင်သာလျှင်လုပ်ကျွေးခဲ့၏၊ သည်မျှ မကသေးပါဘူး၊ မြတ်စွာဘုရားသည် ပွင့်တော်မူသည် ရှိသော် နတ်နှင့်တကွသောလောက၏အကျိုးကို ပြုခြင်းငှါလည်းကောင်း အစီးအပွါးကိုပြုခြင်းငှါလည်းကောင်း၊ ပွင့်တော်မူရပြီ။

အမှန်မတော့ မင်းအားသာ ငရဲမီးသည် ပူသည် မဖြစ်ရာ၊မင်း မှတပါး အခြားသူတို့အား ငရဲမီးသည် ကြာညိုတောနှင့်တူသည် မဖြစ်ရာပါဘူး၊ ထို့ကြောင့် ငါတို့သည် မင်းကို အရေးဆိုသံတော် ဦးတင်ကြကုန်အံ့။

မင်းသည် ငါတို့အား ဘုရားကို အကယ်၍ပေးခဲ့အံ့၊ ဤသို့ မပေးခဲ့သော် ငါတို့သည် မင်းနှင့်အတူ ယှဉ်ပြိုင်လျက် စစ်ထိုး ကြကုန်၍လည်း သံဃာကို ပင့်ကြကုန်၍ ဒါနစသောကောင်းမှု တို့ကို ပြုကြကုန်အံ့။

သို့သော်လည်း ခေါင်းဆောင်မပါပဲ မြို့သူမြို့သား ဒို့များ ချည်းသာဆိုလျှင် စစ်ထိုးခြင်းကို ပြုခြင်းငှါ မစွမ်းနိုင်ကြကုန်၊ ငါတို့သည် ခေါင်းဆောင် ယောကျ်ားကောင်း တယောက်ကို ရှာကြဦးစို့'' ဟု ကြံကြကုန်ပြီ။

## သံဃာကို ပေးလျှင်ပေး မပေးလျှင် စစ်တိုက်ယူမည်တဲ့

ထိုသို့ ကြံကုန်၍ မြို့သူမြို့သားတို့သည် စစ်သူကြီးကို ချဉ်းကပ်ကုန်၍ ထိုစစ်သူကြီးအားသာလျှင် ထိုအကြောင်းကို ပြောကြကုန်၍ "အရှင်စစ်သူကြီး၊ အရှင်သည် အကျွန်ုပ်တို့ဖက်သား လုပ်မည်လော၊ ဘုရင့်ဖက်တော်သားလုပ်မည်လော"ဟု ပြောဆိုကြကုန်၏။

ထိုစစ်သူကြီးသည် "ငါသည် သင်တို့ဖက်သား ဖြစ်အံ့၊ သို့သော် လက်ဦးဆုံးနေ့ကို ငါ့အား ဆွမ်းကပ်ခွင့်ပေးရမည်"ဟု ပြောဆို၏၊ မြို့သူမြို့သားတို့သည် သဘောတူကြကုန်၏။

ထိုစစ်သူကြီးသည် မင်းကိုချဉ်းကပ်၍ "အရှင်မင်းကြီး မြို့သူမြို့သားတို့သည် အရှင်မင်းတို့အား စိတ်ဆိုးကုန်ပြီ"ဟု သံတော်ဦးတင်၏။

"ဘာ့ကြောင့် မြို့သူမြို့သားတို့က စိတ်ဆိုးကြရသလဲ" ဟု မင်းကြီးက အထိတ်တလန့်မေး၏။

မြတ်စွာဘုရားကို အရှင်မင်းမြတ်တို့ချည်းသာ လုပ်ကျွေးပါကုန်သတဲ့၊ သူတို့လုပ်ကျွေးခွင့်ကိုမူ မရကြဘူးတဲ့၊ ဒါကြောင့် မြို့သူမြို့သားတို့က အရှင်မင်းမြတ်တို့အား စိတ်ဆိုးကြကုန်ပြီ၊ ယခုအခါ၌လည်း ဘုရားကို အကယ်၍ရလျှင် အမျက်မထွက်ကြပါကုန်မင်းမြတ်၊ မရကြလျှင်မူ အရှင်မင်းမြတ်တို့နှင့် စစ်ထိုးလိုကြပါကုန်၏"ဟု စစ်သူကြီးက သံတော်ဦးတင်ပြန်၏။

"အမောင်စစ်သူကြီး၊ ငါစစ်ထိုးတော်မူမည်၊ ငါသည် ရဟန်းသံဃာကို မပေးနိုင်ဘူး" ဟု မင်းကြီးက ပြန်ပြော၏။

"မင်းမြတ်၊ အရှင်မင်းမြတ်တို့၏ ကျွန်တော်မျိုးအမှုထမ်းတို့သည် အရှင်မင်းမြတ်တို့နှင့်အတူ 'ငါတို့သည် စစ်ထိုးကြကုန်အံ့' ဤသို့ ပြောဆိုကြပါကုန်၏၊ အရှင်မင်းမြတ်တို့သည် ဘယ်သူ့ကိုခေါ်၍ စစ်ထိုးကြကုန်အံ့နည်း" ဟု စစ်သူကြီးက သံတော်ဦး တင်ပြန်၏။

"သင်သည် ငါ၏ စစ်သူကြီးမဟုတ်လော" ဟု မင်းကြီးက ဆိုပြန်၏၊

"မင်းမြတ်၊ ကျွန်တော်မျိုးသည် မြို့သူမြို့သားတို့နှင့်ကင်း၍ စစ်ထိုးခြင်းငှါ မစွမ်းနိုင်ပါ" ဟု စစ်သူကြီးက သံတော်ဦးတင် ပြန်၏။

## ဘုရင်ကြီးက နောက်ထပ်ခုနစ်ရက်မျှသာ ခွင့်ပြုပါတော့တဲ့

ထိုကြောင့် ဗန္ဓုမာမင်းကြီးသည် "မြို့သူမြို့သားတို့သည် အင်အားရှိကြကုန်၏၊ စစ်သူကြီးသည်လည်း ထိုမြို့သူမြို့သား တို့၏ ဘက်တော်သားသာလျှင် ဖြစ်ချေပြီ" ဟု သိတော်မူ၍ "ယခု ကိုးကွယ်ခဲ့ပြီး ခုနစ်နှစ်ခုနစ်လအပြင် နောက်ထပ် အခြား ခုနစ်နှစ်ခုနစ်လတို့ပတ်လုံး ငါ့အား ရဟန်းသံဃာကို ကိုးကွယ်ခွင့် ထပ်ပေးကြပါဦး" ဟု တောင်းဆို၏၊ မြို့သူမြို့သားတို့က တောင်း ဆိုချက်ကို သဘောမတူကြကုန်။

"ခုနစ်နှစ် ခုနစ်လ မပေးနိုင်လျှင် ခြောက်နှစ်တို့ပတ်လုံး ငါ့အား ရဟန်းသံဃာကို ပေးကြပါကုန်ဦးလော့"ဟု မင်းကြီးက တောင်းပြန်၏၊ မြို့သူမြို့သားတို့သည် သဘောမတူ လက်မခံကြကုန်သည်သာတည်း။

ထို့ကြောင့် မင်းကြီးသည် "ငါးနှစ်တို့ပတ်လုံး၊ လေးနှစ်တို့ပတ်လုံး၊ သုံးနှစ်တို့ပတ်လုံး၊ နှစ်နှစ်တို့ပတ်လုံး၊ တစ်နှစ်တို့ပတ်လုံး ငါ့အား ရဟန်းသံဃာကို ပေးကြကုန်ဦးလော့"ဟု အစဉ်အတိုင်းလျှော့၍ တောင်းဆိုပါသော်လည်း မြို့သူမြို့သားတို့သည် သဘောမတူကြ ကုန်သည်သာတည်း။

ထို့ကြောင့် မင်းကြီးသည် နောက်ဆုံး "ယခုပြီးခဲ့သော ခုနစ်နှစ် ခုနစ်လမှတပါး နောက်ထပ် ခုနစ်နေ့တို့ပတ်လုံး ငါ့အား ရဟန်းသံဃာကို ပေးကြကုန်ဦးလော့"ဟု တောင်းဆိုပြန်၏။

ထိုအခါ မြို့သူမြို့သားတို့သည် "ယခုအခါ၌ မင်းနှင့်တကွ အလွန်တင်းမာမှုကို မပြုသင့်ကြတော့ဘူး"ဟု နှလုံးသွင်းကြကုန်၍ နောက်ထပ် ခုနစ်ရက်ကို ခွင့်ပြုလိုက်ကြကုန်၏။

## ငါ့အလှူမျိုး လှူနိုင်ကြရဲ့လား-တဲ့

ထို့ကြောင့် မင်းကြီးသည် နောက်ထပ် ခုနစ်နှစ် ခုနစ်လ အတွက် စီမံထားသော ဒါနပြုဖွယ်ပစ္စည်းကို ခုနစ်နေ့တို့၌ အကုန်စွန့်လွှတ်၍ ခြောက်ရက်တို့ပတ်လုံး အချို့ပုဂ္ဂိုလ်တို့သည် မမြင်ရကုန်စဉ်သာလျှင် အလှူကိုပေးလှူ၍ ခုနစ်ရက်မြောက်သောနေ့၌

မြို့သူမြို့သားတို့ကို ခေါ်စေ၍ "အမောင်တို့၊ သင်တို့သည် ဤလို အလှူမျိုးကို လှူနိုင်ကြကုန်အံ့လော့" ဟု ကိုယ်ရည်သွေး ပြောဆိုလေ၏။

## ဘုရင့်အလှူ-ဟူသည် ပြည်သူကိုမှီ၍ ဖြစ်ရသည်တဲ့

ထိုအခါ မြို့သူမြို့သားတို့ကလည်း "အရှင်းမင်းမြတ်၊ အရှင်မင်းမြတ်၏ အလှူသည် အကျွန်ုပ်တို့ကို မှီ၍သာလျှင် ဖြစ်သည် မဟုတ်တုံလော" ဟု သံတော်ဦးတင်ကြကုန်၍ "အကျွန်ုပ်တို့သည်လည်း သည်လိုအလှူမျိုးကို လှူစွမ်းနိုင်ကြပါကုန်အံ့" ဟု အားကျမခံ ပြန်လှန်၍ သံတော်ဦးတင်ကြကုန်၏။

## သူချည်းမလှူရ၍ ငိုရသည်

ထိုအခါ ခမည်းတော် ဗန္ဓုမာမင်းကြီးသည် လက်ဖမိုးဖြင့် မျက်ရည်တို့ကိုသုတ်လျက် မြတ်စွာဘုရားကို ရှိခိုး၍ "သားတော်မောင် မြတ်စွာဘုရား၊ တပည့်တော်သည် တသိန်းခြောက်သောင်း ရစ်ထောင်သော ရဟန်းအပေါင်းကို အကျွန်ုပ်မှတပါး အခြားပုဂ္ဂိုလ်အား လုပ်ကျွေးခွင့် အလှည့်အကြိမ်ကို မပြုမူ၍ အသက်ထက်ဆုံး ပစ္စည်းလေးပါးတို့ဖြင့် လုပ်ကျွေးရတော့အံ့ဟု ကြံစည်မိခဲ့ပါပြီ၊ ယခုအခါ၌မူ မြို့သူမြို့သားတို့သည် အကျွန်ုပ်အား အလှူကိုလှူခြင်းငှါ ခွင့်မပြုကြပါကုန်။

ခွင့်မပြုပုံအကြောင်းကို လျှောက်ထားပါဦးမည်၊ မြို့သူမြို့သားတို့သည် 'ငါတို့သည် အလှူကိုလှူခြင်းငှါ မရကြကုန်' ဟု နှလုံးသွင်း၍ အမျက်ထွက်ကြပါကုန်၏၊ မြတ်စွာဘုရား၊ အရှင်

မြတ်စွာဘုရားတို့သည် နက်ဖြန်ခါမှစ၍ ထိုမြို့သူမြို့သားတို့အား ချီးမြှောက်ထောက်ပံ့ခြင်းကို ပြုတော်မူပါကုန်လော့”ဟု ဝမ်းနည်းပက်လက် လျှောက်ထားလေ၏။

## လက်နက်ကိုင်စစ်သားတို့ဖြင့် အစောင့်အရှောက် ချထားသော စစ်သူကြီး အလှူပေးမည့်နေ့

ထို့နောက် ခုနစ်ရက်မြောက်သောနေ့၌ စစ်သူကြီးသည် အလှူကြီးကိုစီမံ၍ “ယနေ့ ငါမှတပါး အခြားသူသည် တထပ်စာဆွမ်းကိုသော်လည်း ပေးလှူခွင့်မရှိအောင် သင်တို့ စောင့်ရှောက်ကြလော့”ဟု အမိန့်ပေး၍ ဝန်းကျင်ပတ်လည် အရပ်တို့၌ လက်နက်ကိုင်စစ်သား အစောင့်ယောကျ်ားတို့ကို ချထားလေပြီ။

## မငိုပါနဲ့အမေရယ် သမီးဦးအောင်လှူပါ့မယ်

ထိုနေ့၌ သူဌေးကတော်တယောက်သည် ငိုကြွေးလျက် “ချစ်သမီး၊ သမီးရဲ့ဖေဖေသာ အသက်ရှင်နေသေးလျှင် ယနေ့ ငါသည် မြို့သူမြို့သားအားလုံးတို့၏ ရှေးဦးစွာ အားတော်ဆယ်တန် ဉာဏ်တော်ဆယ်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို ဆွမ်းဆက်ကပ်နိုင်ရာ၏”ဟု သမီးကို ပြောလေ၏။

ထိုအခါ “အို-အမေရယ်၊ ငိုငိုမြည်မြည် မကြံစည်ပါလင့်၊ မြတ်စွာဘုရား အမှူးရှိသော သံဃာတော်အပေါင်းသည် သမီးတို့၏ ဆွမ်းအလှူကို ရှေးဦးစွာ ခံယူဘုဉ်းပေးရအောင် သမီးကြံဆောင်ပါမည်”ဟု သမီးက နှစ်သိမ့်စကား ပြောကြားလေ၏။

သူဌေးသမီးသည် ဤသို့ပြောဆိုပြီးသော် တသိန်းတန်ရွှေခွက်၌ ရေမရောသော နို့ဃနာဆွမ်းဖြင့် ပြည့်စေ၍ ထောပတ် ပျားသကာ စသည်တို့ဖြင့် ပြုပြင်စီရင်၍ တခုသောရွှေခွက်ဖြင့် ဖုံးအုပ်၍ ထိုရွှေအုပ်ကို မုလေးပန်းခေါ် မြတ်လေးပန်းတို့ဖြင့် ရစ်ပတ်၍ ပန်းကုံးနှင့် တူအောင်ပြု၍ မြတ်စွာဘုရား၏ ရွာသို့ ကြွဝင်ရာအခါ၌ ကိုယ်တိုင်သာလျှင် ရွက်၍ အထိန်းတော် အပေါင်း ခြံရံလျက် မြို့မှထွက်ပြီ။

## အစောင့်စစ်သားများကို တပတ်ရိုက်၍ လှူလိုက်သည်

လမ်းခရီးအကြား၌ စစ်သူကြီး၏ အစောင့်စစ်သား အလုပ်အကျွေးတို့က "အို-အမိငယ်၊ သင် ဒီနားက မသွားလင့်" ဟု တားမြစ်ကြ၏။

ထိုအခါ သူဌေးသမီးက "ဩော်-ဘထွေးတို့၊ ဘကြီးတို့၊ ဦးရီးတို့ရယ် ဘာ့ကြောင့် ဘထွေး၊ ဘကြီး၊ ဦးရီးတို့က ကျမအား သွားခွင့် မပေးကြပါသလဲ"ဟု ကြည်လင်သောမျက်နှာ ချိုသာသောစကားဖြင့် ပြောကြား၏။

"ယနေ့ ငါတို့သခင်စစ်သူကြီး ဆွမ်းဦးလှူမည့်နေ့ ဖြစ်သည်၊ ငါတို့ကို သခင်စစ်သူကြီးက 'တစုံတယောက်ကိုမျှ မြတ်စွာဘုရားအား ခဲဘွယ်ကိုဖြစ်စေ၊ ဘောဇဉ်ကိုဖြစ်စေ၊ လှူခွင့် မပေးကြလင့်'ဟု အမိန့်ပေးမှာထားပြီး အစောင့်ချထားသည်၊ ထို့ကြောင့် ငါတို့က သင်အမိငယ်အား ဤနားက သွားခွင့် မပေးကြခြင်း ဖြစ်တော့သည်"ဟု ပြန်ပြောကြ၏။

"ဘထွေး-ဘကြီး-ဦးရိုးတို့သည် ကျမလက်ထဲမှာ ခဲဘွယ်နှင့် ဘောဇဉ်တစုံတရာကို မြင်ကြပါသလား"ဟု ထိုသူဌေးသမီးက စောဒကတက်လိုက်ပါသည်။

"အေး-ဟုတ်ပါရဲ့၊ တူမငယ်ရဲ့လက်ထဲမှာ ခဲဘွယ် ဘောဇဉ် တစုံတရာကို ငါတို့မတွေ့မြင်ကြရပေ၊ ပန်းကုံးကိုသာ မြင်ကြရပေသည်"ဟု အစောင့်တို့က ပြန်ပြောကြ၏။

"သည်လိုဆိုယင် ဘထွေး-ဘကြီး-ဦးရိုးတို့၏ စစ်သူကြီးက ပန်းကုံးဖြင့် ပူဇော်ခြင်းကိုပင် ခွင့်မပေးဘူးတဲ့လား"ဟု သူဌေးသမီးက ပိုင်ပိုင်နိုင်နိုင် စကားချိုချိုဖြင့် ပြန်ပြောဆိုပြန်၏။

"အဘယ်-အမိငယ်၊ ငါတို့၏စစ်သူကြီးက ပန်းကုံးဖြင့်ပူဇော်ခြင်းကိုမူ ခွင့်ပေးပါသည်"ဟု အစောင့်စစ်သားတို့က လိုက်လျောစွာ ပြောဆိုကြရတော့၏။

"သည်လိုဆိုလျှင် ဘထွေး-ဘကြီး-ဦးရိုးတို့က ခဏ ဖယ်ပေးကြဦးလေ၊ နဲနဲရှောင်ပေးကြဦးလေ"ဟု သူဌေးသမီးက ပြောပြောဆိုဆို ကြွလာတော် မူပြီဖြစ်သော မြတ်စွာဘုရားထံတော်ချဉ်းကပ်၍ "ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား ရှင်တော်မြတ်ဘုရားတို့သည် ပန်းကုံးကို အလှူခံတော် မူကြပါကုန်ဘုရား"ဟုလျှောက်ထား၏။

ထိုအခါ မြတ်စွာဘုရားသည် စစ်သူကြီး၏ အလုပ်အကျွေး ဒကာတယောက်ကို ကြည့်တော်မူ၍ ပန်းကုံးကို ယူစေတော်မူခဲ့လေပြီ။

ထိုသူဌေးသမီးသည် မြတ်စွာဘုရားကို ရှိခိုး၍ "တပည့်တော်မအား ဘဝကြီးငယ်၌ ဖြစ်ရလျှင် ဆင်းရဲပင်ပန်းသဖြင့် တောင့်တရသော အသက်မွေးခြင်းမည်သည် ဘယ်ကာလမှာမှ မဖြစ်ရပါစေလင့်၊ ဤမုလေးပန်းကို မြတ်နိုးရသကဲ့သို့ ထိုအတူတပည့်တော်မသည် ဖြစ်ရာဖြစ်ရာအရပ်တိုင်း၌ ချစ်ခင်စုံမက် မြတ်နိုးရသည်သာလျှင် ဖြစ်ရပါလို၏ ဘုရား၊ နာမည်အားဖြင့်သည်း သုမနာ အမည်ရှိသည်သာလျှင် ဖြစ်ရပါလို၏ဘုရား" ဟု ဆုတောင်းခြင်းကိုပြု၍ မြတ်စွာဘုရားက "သင်သည် ချမ်းသာခြင်းရှိသည် ဖြစ်စေလော့"ဟု မိန့်တော်မူအပ်သည် ရှိသော် ထိုသူဌေးသမီးသည် မြတ်စွာဘုရားကို ရှိခိုး၍ လက်ျာရစ်လှည့်ကာ ဖဲသွားလေ၏။

မြတ်စွာဘုရားသည် ဝစ်သူကြီးအိမ်သို့ကြွ၍ ခင်းထားအပ်သောနေရာ၌ ထိုင်တော်မူပြီ၊ စစ်သူကြီးသည် ယာဂုကို ယူ၍ အနီးသို့ချဉ်းကပ်ပြီး၊မြတ်စွာဘုရားသည်သပိတ်ကို ပိတ်တော်မူပြီ။

ထိုအခါ "မြတ်စွာဘုရား၊ ရဟန်းသံဃာအပေါင်းသည် ထိုင်နေတော်မူကြပါပြီဘုရား"ဟု စစ်သူကြီးက သံဃာမစုံသေး၍ အလှူမခံသည်အထင်ဖြင့် လျှောက်၏။

"ငါတို့အား လမ်းခရီးအကြား၌ ရခဲ့သည့် တခုသော ဆွမ်းရှိပြီ"ဟု မြတ်စွာဘုရားက မိန့်တော်မူ၏၊ ထိုအခါ မြတ်လေးပန်းကို ဖယ်လိုက်သော် ဆွမ်းကိုတွေ့မြင်ရလေပြီ။

ထိုအခါ စစ်သူကြီး၏ အလုပ်အကျွေးငယ်သည် "အရှင်စစ်သူကြီး၊ မာတုဂါမတယောက်သည် ဘုရားကျွန်တော်မျိုးကို

ပန်း-ဟူ၍ ပြောပြီးလျှင် လှည့်ပတ်သွားပါပြီ”ဟု သံတော်ဦး တင်လေပြီ။

ဃနာဒိနို့ဆွမ်းသည် မြတ်စွာဘုရားကို အစပြု၍ ခပ်သိမ်း ကုန်သော တသိန်းခြောက်သောင်း ရှစ်ထောင်ကုန်သော ရဟန်း တို့အား ခွဲဝေပေးခြင်းငှါ လောက်င၏၊ အဝစားခြင်းငှါ စွမ်း နိုင်သည်၏ အဖြစ်ဖြင့် လောက်သည်တော့မဟုတ်ပေ၊ ထို့ ကြောင့် စစ်သူကြီးသည်လည်း မိမိ၏ လှူဖွယ်ဝတ္ထုပစ္စည်းအစုကို ပေးလှူပြီ။

မြတ်စွာဘုရားသည် ဆွမ်းဘုဉ်းပေးပြီးသော် ဆွမ်းအနုမော ဒနာမင်္ဂလာကို ပြုပြီးလျှင် ကြွသွားတော်မူလေပြီ။

## သူနှင့်သာနေရလျှင် နတ်စည်းစိမ်ရဘို့မခက်ပါ

စစ်သူကြီးသည်“ဆွမ်းဦးလှူသော မိန်းမသည် အဘယ်မည် သော မိန်းမပေနည်း”ဟု မေးပြီ။

“အရှင် ဆွမ်းဦးကိုလှူသော မိန်းမသည် သူဌေးသမီးပါ တည်း”ဟု အစောင့်စစ်သားအလုပ်အကျွေးငယ်တို့က လျှောက် ကုန်ပြီ။

“ဆွမ်းဦးကို ပေးလှူသော မိန်းမသည် ပညာရှိပေ၏၊ ဤလို မိန်းမမျိုးသည် အိမ်၌ နေသည်ရှိသော် လင်ယောကျ်ားသည် နတ်စည်းစိမ်မည်သည်ကို ရရန် ခက်ခဲတော့သည်မဟုတ်ပေ” ဟု နှလုံးသွင်း၍ ထိုသူဌေးသမီးကို ဆောင်ယူကာ အကြီးဆုံး စစ် သူကြီးကတော်အရာ၌ ထားလေပြီ။

## အလှူခြင်းပြိုင် ဘယ်သူနိုင်မည်နည်း

တဖန် မိုးသောက်သော နှစ်ရက်မြောက်နေ့၌ မြို့သူမြို့သား တို့သည် အလှူကိုလှူကြကုန်ပြီ ၊နောက်တနေ့၌ ဗန္ဓုမာမင်းကြီး သည် အလှူကိုလှူပြန်လေပြီ၊ ဤသို့တရက်ခြားဖြင့် အလှူကိုလှူ ခြင်းငှါ အားထုတ်ကြကုန်ပြီ။

မင်းကြီးသည် သူလျှိုယောကျာ်းတို့ကိုထား၍ မြို့သူမြို့သား တို့ပေးလှူအပ်သောဒါနထက် အထူးသဖြင့် သာလွန်သော ဒါန ကို ပေးလှူ၏၊ မြို့သူမြို့သားတို့သည်လည်း ထိုအတူ သူလျှိုထား မှုကို ပြုကြ၍လျက်သာလျှင် မင်းကြီး ပေးလှူသောဒါနထက် အထူးသဖြင့် သာလွန်သော ဒါနကို ပေးလှူကြကုန်၏။

မင်းနန်းတော်၌ ကချေသည် မိန်းမတို့က "အမောင်ပဥ္စင်း ငယ် သာမဏေငယ်တို့ အရှင်မြတ်တို့သည် မြိန်မြိန်ယှက်ယှက် နှစ်သက်ကြည်ဖြူ ခံယူတော်မူကြပါကုန်လော၊ ဆွမ်းကို မြို့တွင်း က အိမ်ရှင်မတို့၏ ကိုယ်အဝတ်စသည်တို့၌ ကလေးသူငယ်တို့၏ တံတွေး-နှပ်ချေးစသည်တို့ကို ဆေးကြောသုတ်သင်သော လက် တို့ဖြင့် ပြုအပ်သည်မဟုတ်ပါ၊စင်စင်ကြယ်ကြယ် မွှန်မွှန်မြတ်မြတ် ပြုပြင် လှူဒါန်းသောဆွမ်းပါ"ဟု ပဥ္စင်းငယ် သာမဏေငယ်တို့ကို မြို့သူမြို့သားတို့၏ အလှူဒါနကို နှိမ့်ချလျက် စောင်းမြောင်း လျှောက်ထားကြကုန်၏။

နောက်တနေ့၌ မြို့သူမြို့သားတို့သည်လည်း အလှူကိုပေးလှူ ကြကုန်သည်ရှိသော် "အမောင်ပဥ္စင်းငယ်- သာမဏေငယ်တို့၊ အရှင်မြတ်တို့သည် ယုံကြည်စိတ်ချ သံသယမထား စိတ်သွား

ကြည်ဖြူ ခံယူတော်မူကြပါကုန်လော့၊ ဆွမ်းကို သူတပါးတို့၏ ခြေသလုံး- ဦးခေါင်း- ကျောကုန်း စသည်တို့ကို ချိုးဖဲ့နှိပ်စက် ဖျက်ဆီး၍ ဆောင်စေအပ်ကုန်သော ရွာနိဂုံးစသည်တို့၌ စုရုံး အပ်သော နို့ရည်-နို့ခမ်း- ထောပတ်စသည်တို့ဖြင့် ပြုအပ်သည် မဟုတ်ပါ၊ အိမ်ခြံပေါက် နွားမတို့မှ ဖြစ်သော ထောပတ်-နို့ ရည်စသည်တို့ဖြင့် ပြုအပ်ပါသည်”ဟု ပဉ္စင်းငယ်-သာမဏေငယ် တို့ကို မင်း၏အလှူကို နှိမ့်ချစောင်းမြောင်း၍ လျှောက်ထားကြ ကုန်၏။

ဤသို့လျှင် ဝိပဿီမြတ်စွာဘုရားသည်လည်း ခမည်းတော် မင်းမြတ်နှင့် ဗန္ဓုမတီ မြို့သူမြို့သားတို့ကို ခုနစ်နှစ် -ခုနစ်လ ခုနစ်ရက်တို့ ပတ်လုံး ချီးမြှောက် တော်မူ ပြီး သော် တပည့် ရဟန်းတော်တို့နှင့်အတူ စေနေယျသတ္တဝါတို့အား အကြောင်း ညီညွတ်သလို လှည့်လည်တော်မူ၍ တရားဟောချွတ်တော်မူ လေသတည်း။ (ဒီ ၂။ ၉-၁၀၊ ဒီဋ္ဌ၊ ၂၊ ၆၅-၆၆-၆၇-၆၀)။

ဤသည်တို့ကား အစောင့်အရှောက်ဖြင့် တရားပွဲကျင်းပကြ သော ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးအား အကြည် ညိုလွန်သော ပြိုင်ဆိုင်ဖက်မရှိပါဘဲလျက် အပြိုင်အဆိုင်လို ပြိုင် မြိုင်ဆိုင်ဆိုင်လှူဒါန်းဆက်ကပ်ကြသော မိုးမိတ်မြို့သူမြို့သားတို့၏ တရားပွဲနှင့်စပ်၍ စာရေးသူ သတိရမှန်းမြော်မိသော ဝိပဿီ မြတ်စွာဘုရား လက်ထက်တော်တွင်းက ဖြစ် ရပ် တို့ပါ တည်း။ (ဤ၌ မိမိအလှူဒါနကို မြင့်တင်၍ သူတပါးအလှူဒါနကို နှိမ့် ချသည့်သဘောကိုမူ အတုမယူသင့်ပါ)။

## ဆက်လိုပါသေးသည်

ဆက်လိုပါသေးသည်၊ မိုးမိတ်သူ မိုးမိတ်သားတို့၏ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးအား ကြည်ညိုလွန်းအားကြီး၍ မိုးကုတ်မှ မိုးမိတ်သို့ အစောင့်အရှောက်ဖြင့်ပင့်ကြပုံ၊ ၄-ရက်ပတ်လုံး တရားပွဲကျင်းပရာ၌လည်းနေ့ရောညပါအစောင့်အရှောက်ဖြင့် ကျင်းပကြပုံ၊ မွန်မွန်မြတ်မြတ် လှူဒါန်းကျွေးမွေးကြပုံတို့ကို ဝိပဿီမြတ်စွာဘုရား လက်ထက်တော်တုန်းက အကြောင်းဖြစ်ရပ်များနှင့် နှိုင်းယှဉ်ထင်ဟပ်၍ သတိရမှန်းမြော်မိပုံများကို တင်ပြခဲ့ပြီးပါပြီ။

သို့သော် ယင်းသို့ ထက်ထက်သန်သန် မွန်မွန်မြတ်မြတ် လှူဒါန်းကြသော ဒါန၏ အကျိုးပေးထက်သန်ပုံတို့ကို မတင်ပြရသေးပေ၊ ထိုသို့မတင်ပြရသေးလျှင်လည်း ဤ၌ ပြီးပြည့်စုံပြီဟု မဆိုနိုင်သေးပေ။

ထို့ကြောင့် ဤဖော်ပြပြီး ဝိပဿီ မြတ်စွာဘုရား လက်ထက်တော်တုန်းက ဖြစ်ရပ်၌ ပါဝင်သော သူဌေးသမီး၏ ဒါနပြုခြင်းကြောင့် ကောင်းကျိုး ခံစားရပုံကိုလည်းကောင်း ဂေါတမမြတ်စွာဘုရား လက်ထက်တော်၌ သူ၏ ဒါနရှင် မောင်ကလေးနှင့် သူ့မောင်ကလေး၏ သူငယ်ချင်း (ဒါနမပြုခဲ့သူ) တို့၏ အကျိုးပေး ကွာခြားပုံကို တွေ့ရ၍ သူကိုယ်တိုင် မြတ်စွာဘုရားအား သွားရောက် လျှောက်ထားပုံနှင့် ထိုအခါ ဂေါတမမြတ်စွာဘုရားက ဒါနနှင့်စပ်၍ ပြတ်ပြတ်သားသား ဟောကြားတော်မူပုံတို့ကို လည်းကောင်း ဆက်လက်၍ တင်ပြရပါဦးမည်။

## ကောင်းမှုရှင်ဟူသည်

ထိုဆွမ်းဦးလှူ၍ စစ်သူကြီး ကတော်ဖြစ်သော သူဌေးသမီးသည် ဖခင် အိမ်၌ရှင်း၊ စစ်သူကြီးအိမ်၌ရှင်း ဥစ္စာကိုယူ၍ အသက်ထက်ဆုံး ဝိပဿီ မြတ်စွာဘုရားအား အလှူကိုပေးလှူ၍ ကောင်းမှုတို့ကိုပြု၍ ထိုသူဌေးသမီး စစ်သူကြီးကတော်အဖြစ်မှ စုတေသေလွန်သော် ကာမာဝစရ နတ်လောက၌ ဖြစ်လေပြီ။

သူနတ်ဖြစ်သော ခဏ၌သာလျှင် ပဆစ်ဒူးဝန်းမျှ မြုပ်သည်အထိ နတ်ပြည်တပြည်လုံး ပြည့်အောင် မြတ်လေးပန်းမိုးသည် ရွာသွန်းဖြိုးလေပြီ။

နတ်တို့သည် "ဤနတ်သမီးသည် မိမိကိုယ်တိုင်သာလျှင် မိမိ၏ နာမည်ကို ယူလာသူပေတည်း" ဟု သဘောပေါက် ဆုံးဖြတ်ကြကုန်၍ ထိုနတ်သမီး၏ နာမည်ကို "သုမနာနတ်သမီး" ဟူ၍သာလျှင် ခေါ်ဝေါ်သမှု ပြုကြကုန်၏။

ထိုကောင်းမှုရှင် သုမနာသည် ၉၁-ကမ္ဘာ ကာလပတ်လုံး နတ်ပြည်၌ရှင်း၊ လူ့ပြည်၌ရှင်း၊ ကျင်လည်ရစဉ် ဖြစ်ရာဖြစ်ရာဘုံဘဝအရပ်၌ မစွန့်လွှတ်အပ်သော မြတ်လေးပန်းမိုး ရွာသွန်းဖြိုးခြင်းရှိသည်ဖြစ်၍ "သုမနာ—သုမနာ" ဟူသော နာမည်သာလျှင် ထင်ပေါ်ကျော်ကြားခြင်း ဖြစ်လေပြီ။

## ကောသလ မင်းကြီး၏သမီး သုမနာ ဖြစ်လာပြန်သည်

သူမသည် ယခု ဂေါတမမြတ်စွာဘုရား လက်ထက်တော်၌ ကောသလမင်းကြီး၏ မိဖုယားခေါင်ကြီးဝမ်း၌ ပဋိသန္ဓေ တည်

နေရှင်လေပြီ၊ ထိုဝိပဿီ မြတ်ဘုရား လက်ထက်တော်တုန်းက သုမနာ၏ အခြံအရံပြုခဲ့ကြကုန်သော အမျိုးသမီး ငါးရာတို့သည်လည်း ထိုသုမနာ သန္ဓေယူသော နေ့၌ပင်လျှင် ထိုထိုအမျိုးအိမ်၌ ပဋိသန္ဓေ တည်နေကြကုန်၍ ဖွားမြင်ကြသောအခါ၌လည်း တနေ့တည်း၌သာလျှင် အားလုံးသော အမိဝမ်းမှ ဖွားမြင်ကြကုန်ပြီ။

ထိုကောင်းမှုရှင် သုငယ်မ ဖွားမြင်ရာ ခဏ၌သာလျှင် ပဆစ်ဒူးခန်း မြုပ်သည်အထိ မြတ်လေးပန်းမိုးသည် ရွာသွန်းဖြိုးဖြန်လေပြီ၊ ထိုမြတ်လေးပန်းမိုး ရွာသွန်းဖြိုးသည်ကို မြင်ရ၍ ကောသလမင်းကြီးက "ဤသုငယ်မသည် ရှေးက ဆုတောင်းခဲ့သည် ဖြစ်လေမည်" ဟု နှစ်သက်ခြင်းပြီး စိတ်နှလုံးရွှင်သည်ဖြစ်၍ "ငါ့သမီးသည် ကိုယ်တိုင်သာလျှင် ကိုယ့်နာမည်ကို ယူခဲ့ပြီ" ဟု ဆုံးဖြတ်လျက် ထိုသမီး၏ အမည်ကို 'သုမနာ' ဟု ခေါ်ဝေါ်သမုတ်ပြုပြီးလျှင် "ငါ့သမီးသည် တဦးတည်းသာလျှင် ဖြစ်မည်မဟုတ်ပေ" ဟု ဆင်ခြင်ကာ မြို့ကို စုံစမ်းသော် သတို့သမီးငါးရာ ဖွားပွါးသည်တို့ကို ကြားသိရလျှင် အားလုံးကို ကိုယ်တိုင်သာ ကျွေးမွေးပြုစုလေ၏။

ကောသလမင်းကြီးသည် တလဆောက်တိုင်း တလဆောက်တိုင်းလည်း "ထိုသတို့သမီး ငါးရာတို့ကို ငါ့သမီးအား ဆောင်ယူပြုကြ" ဟု အမိန့်မှတ်ပြောဆို၏။

ဤသို့လျှင် ဤကောင်းမှုရှင် သုမနာမင်းသမီးသည် မြတ်သော ပူဇော်သက္ကာရကို ပြုခဲ့၍ ဆုတောင်းခဲ့သဖြင့် ဤသို့ 'သုမနာ' တူသော နာမည်ကို ရအပ်သည်-ဟု သိအပ်၏။

## သူနှင့်အတူ သောတာပန်နှစ်ထောင် ဖြစ်ကြပြီ

ထိုသုမနာမင်းသမီး ခုနစ်နှစ်အရွယ်၌ အနာထပိဏ် သူဌေးသည် ကျောင်းဆောက်ပြီး၍ မြတ်စွာဘုရားအားပင့်ရန် တမန်စေလွှတ်သော် မြတ်စွာဘုရားသည် ရဟန်းအပေါင်း ခြံရံလျက် သာဝတ္ထိပြည်သို့ ကြွလာတော်မူ၏။

အနာထပိဏ် သေဌေးသည် ကောသလမင်းကြီးထံ သွား၍ "မြတ်သော မင်းကြီး၊ မြတ်စွာဘုရားသည် ဤသာဝတ္ထိပြည်သို့ ကြွလာတော်မူခြင်းသည် အကျွန်ုပ်တို့အားလည်း မင်္ဂလာဖြစ်ပါသည်၊ အရှင်မင်းမြတ်အားလည်း မင်္ဂလာသာ ဖြစ်ပါသည်၊ သုမနာ မင်းသမီးကို အခြံအရံ သတို့သမီးငါးရာနှင့်တကွ ရေပြည့်အိုးတို့ကိုရင်း၊ နံ့သာပန်း စသည်တို့ကိုရင်း၊ ယူစေ၍ မြတ်စွာဘုရားအား ခရီးဦး အကြိုအဆို လွှတ်ပေးတော် မူပါကုန်လော့"ဟု မင်းကြီးကို သံတော်ဦးတင်လေပြီ။

မင်းကြီးသည် "သေဌေးကြီး၊ ကောင်းလှပါပြီ"ဟု ဝန်ခံ၍ ထိုသေဌေးကြီး ဆိုတိုင်းပြုလေ၏၊ထိုသုမနာ မင်းသမီးသည်လည်း မင်းကြီး ခိုင်းစေချက်အတိုင်းသာလျှင် သွား၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် ပန်းနံ့သာစသည်တို့ဖြင့် ပူဇော်ကာ သင့်တင့်သော အရပ်၌ နေလေ၏။

မြတ်စွာဘုရားသည် ထိုသုမနာမင်းသမီးအား တရားတော်ကို ဟောတော်မူ၏၊ ထိုသုမနာမင်းသမီးသည် အခြံအရံ သတို့သမီးငါးရာတို့နှင့်တကွ သောတာပန် ဖြစ်လေ၏။

ထိုသတို့သမီး ငါးရာမှ တပါးကုန်သော အခြားသူငယ်မငါးရာတို့သည်၎င်း၊ အခြားအမျိုးသမီး ငါးရာတို့သည်၎င်း၊ အခြားဥပါသကာ အမျိုးသား ငါးရာတို့သည်၎င်း၊ ထိုဓာဌ်သာလျှင်သောတာပန် ဖြစ်ကြကုန်၏၊ ဤသို့ ထိုနေ့၌ လမ်းခရီး အကြား၌သာလျှင် နှစ်ထောင်သော သောတာပန် တို့သည် ဖြစ်ကြကုန်၏။

## သုဘာ့ကြောင့် ဘုရားထံ သွားသနည်း

ထို့နောက် မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူ၏၊ ထိုအခါ အခါတပါး၌ သုမနာမင်းသမီးသည် ရထားငါးရာ မင်းသမီးငါးရာခြံရံကာ မြတ်စွာဘုရား သီတင်းသုံးတော်မူရာ ဇေတဝန်ကျောင်းတော်သို့ ထွက်ခဲ့၏၊ ထိုသို့ထွက်ခဲ့ခြင်းမှာ အကြောင်းရှိလေသည်၊ မည်သို့သော အကြောင်းနည်း၊ ပြဿနာမေးလျှောက်လိုသော အကြောင်းဖြစ်လေသည်။

## ဘတ္တဂ္ဂဝတ်ကျင့်သူနှင့် သာရဏီယဝတ်ကျင့်သူ

အနည်းငယ် ချဲ့ပါဦးအံ့၊ ကဿပမြတ်စွာဘုရား၏ လက်ထက်တော်တုန်းက သူငယ်ချင်း ရဟန်းနှစ်ဦးတို့ ရှိကြကုန်၏၊ ထိုနှစ်ပါးတို့တွင် တပါးသော ရဟန်းသည် သာရဏီယအကျင့်ကို ဖြည့်ကျင့်၏၊ တပါးသော ရဟန်းကား ဘတ္တဂ္ဂဝတ်အကျင့်ကို ဖြည့်ကျင့်၏။

မှတ်ချက်။ ။ဤ၌ သာရဏီယအကျင့်ဟူသည် သီတင်းသုံးဘော်တို့၏ ချစ်ခြင်း လေးစားခြင်းကို ဖြစ်စေတတ်သော မပြတ်အောက်မေ့ထိုက်သည့် အကျင့်တရားဖြစ်သည်၊ ယင်းတို့မှာ သီတင်းသုံးဘော်တို့အပေါ်၌ ကာယကံမေတ္တာ-ဝစီကံမေတ္တာ-မနောကံမေတ္တာ-ပြုခြင်းများ ၃-ပါး၊ မိမိရသောလာဘ်များမှ ဆွမ်းမျှဖြစ်စေ သီတင်းသုံးဘော်များအား ခွဲဝေလှူဒါန်းခြင်း ၁-ပါး၊ သီတင်းသုံးဘော်တို့နှင့် အကျင့်သီလတူမျှခြင်း ၁-ပါး၊ သီတင်းသုံးဘော်တို့နှင့်အတူ သံသရာဝဋ်ဆင်းရဲမှ လွတ်ကြောင်း အသူအကျင့်ကို ကျင့်ခြင်း ၁-ပါး၊ ပေါင်း ၆-ပါးတို့ပင် တည်း။ (အံ-၂၊ ၂၅၅-၂၅၆-၂၅၇=နှင့် ၎င်း အဋ္ဌကထာတို့၌ အကျယ်ကို သိနိုင်သည်)။

ဘတ္တဂ္ဂဝတ်အကျင့်ဟူသည် ဆွမ်းစားစရပ်၌ ကျင့်ရသော အကျင့်ဖြစ်သည်၊ ရွာတွင်း ဆွမ်းစားစရပ်သို့ ကြွသောအခါ ဝိနည်းတော်နှင့်ညီစွာ ကြွရခြင်း၊ ထိုင်ရခြင်း၊ ဆွမ်းကို ကောင်းစွာခံယူရခြင်း၊ သပိတ်၌ အမှတ်ရှိလျက် ဆွမ်းကိုခံယူရခြင်း၊ ဟင်းနှင့်ညီမျှသော ဆွမ်းကို ခံယူရခြင်း၊ သပိတ်အနားချေးနှင့် ညီမျှသောဆွမ်းကို ခံယူရခြင်း စသည်တို့ပင်တည်း။ (ဝိနည်း စူဠဝါ-ဝတ္တက္ခန္ဓက၌ အကျယ်ကို သိနိုင်သည်)။ ဤကား မှတ်ချက် အမြွက်မျှပါတည်း။

သာရဏီယအကျင့်ကို ကျင့်သောရဟန်းက ဘတ္တဂ္ဂဝတ်ကျင့် သော ရဟန်းကို "ငါ့ရှင်၊ မပေးလှူသောသူအား ခံစားရသော အလှူ၏ အကျိုးမည်သည် မရှိနိုင်ဘူး၊ မိမိရရှိသောလာဘ်

ပစ္စည်းကို သူတပါးတို့အား ပေးလှူပြီးမှ သုံးဆောင်ခြင်းငှါ သင့်သည်''ဟု ပြောဆို၏။

ဘတ္တဂ္ဂဝတ်ကို ဖြည့်ကျင့်သောရဟန်းက ''ငါ့ရှင် သင်မသိပါဘူး၊ လှူအပ်သော ပစ္စည်းမည်သည်ကို လေလွင့်ပျက်စီးခြင်းငှါ မသင့်ဘူး၊ မိမိအား မျှတရုံမျှ ခံယူသဖြင့် ဘတ္တဂ္ဂဝတ်ကို ဖြည့်ဘို့ သင့်ပါသည်''ဟု ပြန်ပြောလေသည်။

ထိုနှစ်ပါးသော ရဟန်းတို့တွင် တပါးသည်လည်း တပါးကို မိမိ၏ အဆုံးအမ၌ သက်ဝင်ယုံကြည် ခံဘည်ခြင်းငှါ မစွမ်းနိုင်ပေ၊ နှစ်ပါးသော ရဟန်းတို့သည်လည်း မိမိ၏ ပဋိပတ်အကျင့်ကို ဖြည့်ကျင့်ကြ၍ ထိုရဟန်းအဖြစ်မှ စုတေ၍ ကာမာဝစရနတ်ပြည်၌ ဖြစ်ကြကုန်၏၊ ထိုနှစ်ပါးသော ရဟန်းတို့တွင် သာရဏီယအကျင့်ကို ဖြည့်ကျင့်ခဲ့သောသူက ဘတ္တဂ္ဂဝတ်ကို ဖြည့်ကျင့်သောသူထက် ငါးပါးသော တရားတို့ဖြင့် သာလွန်၏။

## ငါက အထက်က မင်းက အောက်က

ဤသို့ ထိုရဟန်းနှစ်ပါးတို့သည် နတ်ပြည်တို့၌ရှင်း လူ့ပြည်တို့၌ရှင်း ကျင်လည်ကြကုန်သည်ရှိသော် ဘုရားတဆူ ခြားကာလကို ကုန်စေ၍ ဤယခု ဂေါတမမြတ်စွာဘုရား လက်ထက်တော်၌ သာဝတ္ထိပြည်ဝယ် ဖြစ်ကြကုန်၏။

သာရဏီယ အကျင့်ကို ကျင့်ခဲ့သောရဟန်းက ကောသလမင်းကြီး၏ မိဖုရားခေါင်ကြီးဝမ်း၌ ပဋိသန္ဓေတည်နေရ၏၊

ဘတ္တဂ္ဂဝတ်ကို ကျင့်ခဲ့သောရဟန်းက ထိုမိဖုရားခေါင်ကြီး၏ အလုပ်အကျွေး အမျိုးသမီး၏ဝမ်း၌ ပဋိသန္ဓေတည်နေရ၏။

ထိုသူငယ်နှစ်ယောက်တို့သည် တနေ့တည်း၌သာလျှင်ဖွားမြင်ကြကုန်၏၊ ထိုသူငယ်နှစ်ယောက်တို့ကို နာမည်မှည့်သောနေ့၌ ရေချိုးပေး၍ အသရေရှိသော တိုက်ခန်း၌ အိပ်စေ၍ သူငယ်နှစ်ယောက်တို့၏ မိဖတို့သည် အိမ်ပြင်ပ၌ ပူဇော်ဖွယ်ကို စီရင်နေကြကုန်၏။

ထိုသူငယ်နှစ်ယောက်တို့တွင် သာရဏီယကျင့်ခဲ့သော သူငယ်သည် မျက်စေ့တို့ကိုဖွင့်၍ ကြီးကျယ်သော ထီးဖြူကိုရင်း၊ ကောင်းစွာ ခင်းထားအပ်သော အသရေရှိသည့် နေရာကိုရင်း၊ တန်ဆာဆင်ထားသော နန်းတော်ကိုရင်း၊ မြင်ရ၍ "ငါသည် တဦးသောမင်းမျိုး၌ ဖြစ်နေရပြီ"ဟု သိလေပြီ။

ထိုသူငယ်သည် "ငါသည် အဘယ်ကောင်းမှုကို ပြုခဲ့၍ ဤနန်းတော်၌ ဖြစ်ရပေသနည်း"ဟု ဆင်ခြင်၏၊ "သာရဏီယ အကျင့်၏ အကျိုးဆက်ဂုဏ်အင် အာနိသင်ကြောင့် ဤနန်းတော်၌ ဖြစ်ရသည်"ဟု သိရ၏၊ "ငါ့သူငယ်ချင်းသည် ယခုအခါ အဘယ်မှာ ဖြစ်လေသနည်း"ဟု ဆင်ခြင်ပြန်၏၊ နိမ့်ကျသော အိပ်ရာ၌ အိပ်နေရသည်ကို မြင်ရလေ၏၊ ထို့ကြောင့် ထိုသာရဏီယ ကျင့်ခဲ့သောသူငယ်က "အင်း-သူသည် 'ငါဘတ္တဂ္ဂဝတ်ကို ဖြည့်ကျင့်မည်' ဟု နှလုံးပိုက်ပြီး ငါ့စကားကို နားမထောင်ခဲ့ဘူး၊ ယခုအခါ ဤနေရာ၌ သူ့ကို ခပ်နာနာ နှိပ်ချသောစကား

ပြောကြားသင့်လေပြီ”ဟု ကြံစည်၍ “ချစ်ဆွေ၊ သင်သည် ငါ့စကားကို နားမထောင်ခဲ့ဘူး”ဟု စကားစပြောလေ၏။

ထိုအခါ ဘတ္တဂ္ဂဝတ် ကျင့်ခဲ့သောသူငယ်က “ဒီတော့ ဘာဖြစ်သလဲ”ဟု ခပ်မာမာပင် ပြန်ပြော၏။

“ငါ့ စည်းစိမ်ကို ကြည့်စမ်းပါ၊ ထီးဖြူမိုးသောအောက်မှာ ကြက်သရေရှိသော အိပ်ရာ၌ အိပ်ရသည်၊ သင်ကတော့ ကြမ်းတမ်းသော အခင်းမျှသာရှိသော နိမ့်ကျသည့် ပုခက်၌ အိပ်နေရသည်”ဟု အထက်စီးဖြင့် ပြောကြား၏။

ထိုအခါ ဘတ္တဂ္ဂဝတ်ကျင့်ခဲ့သော အောက်တန်းကျနေသည့် သူငယ်က “သင်သည် ဤစည်းစိမ်ချမ်းသာကိုမှီ၍ မာနထောင်သသော၊ ဝါးခြမ်းစိပ်ဖြင့်ပြု၍ ပုဆိုးကြမ်းဖြင့် ရစ်ပတ်အပ်သော ထိုအရာအားလုံးသည် ပထဝီဓါတ်မျှ ပါဘဲ”ဟု အညံ့မခံဘဲ ပြန်ပြောလေသည်။

## ဓါတ်ဟူသည် သာသနာတွင်းစကား

ကောသလမင်းကြီး သမီး သုမနာမင်းသမီးသည် ထိုသူငယ်နှစ်ယောက်တို့၏ စကားကို ကြားရသော်–“ငါ့မောင်ကလေးများ၏ အနား၌ လူကြီးတစုံတယောက်မျှ မရှိပါဘူး”ဟု နှလုံးသွင်း၍ ထိုသူငယ်တို့၏ အနီးသို့သွားကာ တံခါးကိုမှီ၍ ရပ်တည်နေလေ၏။

ထိုအခါ ‘ဓါတ်’ ဟူသော စကားကို ကြားရ၍ “ဤ‘ဓါတ်’ ဟူသော စကားသည် သာသနာတော်၏ အပြင်ပ၌ မရှိနိုင်ဘူး၊ ငါ့-မောင်လေးများသည် ကေန္ဒ ရဟန်းနတ်သား (ဝင်စားသူ)

ကလေးများ ဖြစ်ကြပေမည်”ဟု ကြံစည်ပြီးလျှင် “ငါသည် အကယ်၍ ပုခက်တွင်း ကလေးများက ဤစကားမျိုးပြောကြသည်ဟု အမိအဖတို့အား ပြောကြားမိငြားအံ့၊ အမိအဖတို့က ‘ဤသူငယ်များသည် နတ်ဘီလူးများ ဖြစ်ကြပေမည်’ဟု နှလုံးသွင်းကြ၍ ပယ်ထုတ်စွန့်ပစ်စေကြချေတော့မည်၊ ဤအကြောင်းကို အခြားသူအား မပြောကြားပဲ ယုံမှားကင်းအောင် ဖြေရှင်းနိုင်သော ငါ၏ဖခင် ယောကျ်ားမြတ်ဖြစ်သော အားတော်ဆယ်တန် ဉာဏ်တော်ဆယ်ပါးသခင် ဘုရားရှင်ကိုသာလျှင် မေးမြန်းလျှောက်ထားရပေတော့မည်”ဟု နှလုံးပိုက်၍ နေ့စာ ပွဲတော်တည်ပြီးချိန်၌ ခမည်းတော်မင်းကြီးထံ ချဉ်းကပ်ကာ “မြတ်စွာဘုရားထံ သမီးသွားပါဦးမည်”ဟု ခွင့်ပန်ပြောကြားလေ၏၊ ခမည်းတော်မင်းကြီးကလည်း ရထားငါးရာတို့ကို ယှဉ်တပ်စေလေ၏။

## ဇမ္ဗူဒိပ်မှာ သူတို့သုံးဦးသာ ရထားငါးရာစီရကြသည်

ဇမ္ဗူဒိပ်ကျွန်း မြေပြင်တလွှား၌ အမျိုးသမီးသုံးယောက်တို့သည်သာလျှင် ဖခင်တို့ထံမှ ရထားငါးရာတို့ကို ရကြကုန်၏၊ ထိုသူတို့ကား ဗိမ္ဗိသာရမင်းကြီး၏ သမီး စုန္ဒီမင်းသမီး၊ ဓနဉ္စယသူဌေး၏သမီး ဝိသာခါ၊ ကောသလမင်းကြီး၏သမီး သုမနာမင်းသမီးတို့ပေတည်း။

ထိုသုမနာမင်းသမီးသည် နံ့သာပန်းကိုယူ၍ ရထားပေါ်၌တည်လျက် ရထားငါးရာခြံရံကာ ပြဿနာမေးလျှောက်ရန် ထွက်ခဲ့ခြင်း ဖြစ်ပါသည်၊ ဤကား သုမနာမင်းသမီး မြတ်စွာ

ဘုရားထံ ထွက်လာခဲ့ခြင်းအကြောင်း ဖြစ်ပါသည်။ (အံ-ဌ၊ ၂၊ ၁၄-၁၅-၁၆)။

## သုမနသုတ်တော်

ထိုစဉ်အခါ သုမနာမင်းသမီးသည် ရထားငါးရာ မင်းသမီးငါးရာခြံရံကာ သာဝတ္ထိပြည် ဇေတဝန်ကျောင်း မြတ်စွာဘုရားထံတော်သို့ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်လျက် မြတ်စွာဘုရားအား....

"အရှင်ဘုရား၊ ဤသာသနာတော်၌ မြတ်စွာဘုရား၏ တပည့်သာဝကနှစ်ဦးတို့သည် ညီမျှသောသဒ္ဓါ-ညီမျှသောသီလ-ညီမျှသောပညာ ရှိပါကုန်၏၊ တဦးသည် ပေးလှူတတ်၍ တဦးကား မပေးလှူတတ်ပါ၊ ထိုနှစ်ဦးတို့သည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသောလားရာ နတ်ပြည်လောကသို့ ရောက်ကုန်ရာ၏၊ အရှင်ဘုရား၊ နတ်ဖြစ်သူ ထိုနှစ်ဦးတို့၏ ထူးခြားချက်သည် ဖြစ်ကောင်းပါ၏လော၊ ခြားနားချက်သည် ဖြစ်ကောင်းပါ၏လော"ဟု လျှောက်၏။

"သုမနာ၊ ဖြစ်ကောင်း၏"ဟု မြတ်စွာဘုရားသည် မိန့်တော်မူ၏၊ "သုမနာ၊ ပေးလှူတတ်သူသည် မပေးလှူတတ်သူကို နတ်ဖြစ်ခြင်း တူသော်လည်း—

နတ်၌ ဖြစ်သောအသက်၊
နတ်၌ ဖြစ်သောအဆင်း၊
နတ်၌ ဖြစ်သောချမ်းသာ၊
နတ်၌ ဖြစ်သော အခြွေအရံ (အကျော်အစော)၊

နတ်၌ဖြစ်သော အစိုးရခြင်းဟူသော

အကြောင်းငါးမျိုးတို့ဖြင့် လွှမ်းမိုးနိုင်၏၊ သုမနာ=ပေးလှူတတ်သူသည် မပေးလှူတတ်သူကို နတ်ဖြစ်ခြင်းတူသော်လည်း ဤအကြောင်း ငါးမျိုးတို့ဖြင့် လွှမ်းမိုးနိုင်၏ဟု မိန့်တော်မူ၏။

"အရှင်ဘုရား၊ အကယ်၍ ထိုသူနှစ်ဦးတို့သည် ထိုနတ်အဖြစ်မှ ရွေ့လျော၍ ဤလူ့ပြည်သို့ရောက်လာကြပါမူ လူဖြစ်သူ ထိုနှစ်ဦးတို့၏ ထူးခြားချက်သည် ဖြစ်ကောင်းပါ၏လော၊ ခြားနားချက်သည် ဖြစ်ကောင်းပါ၏လော"ဟု လျှောက်ပြန်၏။

'သုမနာ၊ ဖြစ်ကောင်း၏'ဟု မြတ်စွာဘုရားသည် မိန့်တော်မူ၏၊ 'သုမနာ၊ ပေးလှူတတ်သူသည် မပေးလှူတတ်သူကို လူဖြစ်ခြင်းတူသော်လည်း-

လူ၌ဖြစ်သောအသက်၊

လူ၌ဖြစ်သော အဆင်း၊

လူ၌ဖြစ်သောချမ်းသာ၊

လူ၌ဖြစ်သော အခြံအရံ(အကျော်အစော)၊

လူ၌ဖြစ်သော အစိုးရခြင်းဟူသော

အကြောင်း ငါးမျိုးတို့ဖြင့် လွှမ်းမိုးနိုင်၏၊ သုမနာ၊ ပေးလှူတတ်သူသည် မပေးလှူတတ်သူကို လူဖြစ်ခြင်းတူသော်လည်း ဤအကြောင်း ငါးမျိုးတို့ဖြင့် လွှမ်းမိုးနိုင်၏'ဟု မိန့်တော်မူ၏။

"အရှင်ဘုရား၊ အကယ်၍ ထိုနှစ်ဦးတို့သည် လူ့ဘောင်မှ (ထွက်၍) ရဟန်းဘောင်၌ ရဟန်းပြုကြပါမူ ရဟန်းဖြစ်သူ ထိုနှစ်ဦးတို့၏ ထူးခြားချက်သည် ဖြစ်ကောင်းပါ၏လော၊ ခြား နားချက်သည် ဖြစ်ကောင်းပါ၏လော"ဟု လျှောက်ပြန်၏။

"သုမနာ၊ ဖြစ်ကောင်းပါ၏"ဟု မိန့်တော်မူ၏၊ သုမနာ၊ ပေးလှူတတ်သူသည် မပေးလှူတတ်သူကို ရဟန်းဖြစ်ခြင်းတွင် သော်လည်း ငါးပါးသောအကြောင်းတို့ဖြင့် လွှမ်းမိုးနိုင်၏။

(အလှူခံတော်မူပါဘုရား)ဟု တောင်းပန်ခံရသည် ဖြစ်၍ သာလျှင် သင်္ကန်းကို သုံးဆောင်ရသည်ကများ၏၊ တောင်းပန် မခံရပဲ သုံးဆောင်ရသည်က အနည်းငယ်သာတည်း။

တောင်းပန်ခံရသည်ဖြစ်၍သာလျှင် ဆွမ်းကို သုံးဆောင်ရ သည်ကများ၏၊ တောင်းပန်မခံရမူ၍ သုံးဆောင်ရ သည်ကား အနည်းငယ်သာတည်း။

တောင်းပန်ခံရသည်ဖြစ်၍သာလျှင် ကျောင်းကိုသုံးဆောင်ရ သည်က များ၏၊ တောင်းပန်မခံရမူ၍ သုံးဆောင်ရသည်ကား အနည်းငယ်သာတည်း။

တောင်းပန်ခံရသည်ဖြစ်၍သာလျှင် သူနာ၏ အထောက်အပံ့ ဖြစ်သော ဆေးအသုံးအဆောင်ကို သုံးဆောင်ရသည်ကများ၏၊ တောင်းပန်မခံရမူ၍ သုံးဆောင်ရသည်ကား အနည်းငယ်သာ တည်း။

အတူတကွနေထိုင်ကြသော သီတင်းသုံးဖော်တို့သည် ထိုပေးလှူတတ်သော ရဟန်းအား နှစ်ခြိုက်ဖွယ် ကိုယ်အမူအရာဖြင့်သာ ပြုမူကြသည်ကမျာ း၏၊ မနှစ်ခြိုက်ဖွယ် ကိုယ်အမူအရာဖြင့် ပြုမူကြသည်ကား အနည်းငယ်သာတည်း။

နှစ်ခြိုက်ဖွယ် နှုတ်အမူအရာဖြင့် ပြုမူကြသည်က များ၏၊ မနှစ်ခြိုက်ဖွယ် နှုတ်အမူအရာဖြင့် ပြုမူကြသည်ကား အနည်းငယ်သာတည်း။

နှစ်ခြိုက်ဖွယ် စိတ်အမူအရာဖြင့် ပြုမူကြသည်က များ၏၊ မနှစ်ခြိုက်ဖွယ် စိတ်အမူအရာဖြင့် ပြုမူကြသည်ကား အနည်းငယ်သာတည်း။

နှစ်ခြိုက်ဖွယ် ပူဇော်ကြသည်ကများ၏၊မနှစ်ခြိုက်ဖွယ် ပူဇော်မှုကို ပူဇော်ကြသည်ကား အနည်းငယ်သာတည်း။

သုမနာ၊ပေးလှူတတ်သူသည်၊ မပေးလှူတတ်သူကို ရဟန်းဖြစ်ခြင်းတူကြသော်လည်း ဤအကြောင်းငါးမျိုးတို့ဖြင့် လွှမ်းမိုးနိုင်၏”ဟု မိန့်တော်မူ၏။

“အရှင်ဘုရား၊အကယ်၍ထိုသူနှစ်ဦးတို့သည်ရဟန္တာအဖြစ်သို့ ရောက်ကြပါမူ ရဟန္တာအဖြစ်သို့ ရောက်ကုန်သော ထိုသူနှစ်ဦး၏ ထူးခြားချက်သည် ဖြစ်ကောင်း ဖြစ်သေးသလော၊ခြားနားချက်သည် ဖြစ်ကောင်းဖြစ်ပါသေးသလော” ဟု လျှောက်ပြန်၏။

“သုမနာ၊ဤအရာ၌စင်စစ်အားဖြင့်(တပါး၏)ကိလေသာမှ လွတ်မြောက်မှု“အရဟတ္တဖိုလ်နှင့်(တပါး၏)ကိလေသာမှ လွတ်

မြောက်မူ အရဟတ္တဖိုလ်”ကို အနည်းငယ်မျှပင် ခြားနား၏ဟု ငါမဆို”ဟု မိန့်တော်မူ၏။

“အရှင်ဘုရား၊ အံ့ဖွယ်ရှိပါပေစွ၊ အရှင်ဘုရား၊မဖြစ်ဘူး မြဲဖြစ်ပါပေစွ၊အလွန်လျှင် ဤအလှူဒါနတို့ကို ပေးလှူရန်သင့်လျော်လှသည်သာတည်း၊ ကောင်းမှုတို့ကိုပြုရန် သင့်လျော် လှသည်သာတည်း၊ ကောင်းမှုတို့သည် နတ်ဖြစ်သူအားလည်း ကျေးဇူးပြုတတ်၊လူဖြစ်သူအားလည်း ကျေးဇူးပြုတတ်၊ရဟန်းဖြစ်သူအားလည်း ကျေးဇူးပြုတတ်ပါပေကုန်၏”ဟု လျှောက်၏။

“သုမနာ၊ ဤစကားသည် ဤအတိုင်းမှန်ပေ၏၊ သုမနာ၊ အလှူဒါနတို့ကို ပေးလှူရန် သင့်လှသည်သာတည်း၊ ကောင်းမှုတို့ကိုပြုရန် သင့်လှသည်သာတည်း၊ ကောင်းမှုတို့သည်နတ်ဖြစ်သူအားလည်း ကျေးဇူးပြုတတ်၊ လူဖြစ်သူအားလည်းကျေးဇူးပြုတတ်၊ ရဟန်းဖြစ်သူအားလည်း ကျေးဇူးပြုတတ်ကုန်၏” ဟု မိန့်တော်မူ၏။

ထိုနောက်ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည်ဤတရားစကားကို ဟောကြားတော်မူ၏၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် ဤတရားစကားကို ဟောကြားတော်မူ၏၊ ထိုမှတပါး(လူနတ် ဗြဟ္မာတို့၏)ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ဤစကားကို ဟောတော်မူလေ၏။

“လောက၌ ကောင်းကင်ခရီးဖြင့်သွားသော၊အညစ်အကြေးကင်းသော လမင်းသည် အလုံးစုံသော ကြယ်(တာရာ)အပေါင်းတို့ကို အရောင်အလင်းဖြင့် သာလွန်၍ ပင့်တယ်သကဲ့သို့။

ထိုအတူပင် လောကဥ္စသီလနှင့် ပြည့်စုံ၍ သဒ္ဓါတရားရှိသော ပုဂ္ဂိုလ်သည် နှမြောဝန်တိုခြင်းရှိသူအားလုံးကို စွန့်ကြဲခြင်းဖြင့် သာလွန်တင့်တယ်၏။

လျှပ်စစ်ပန်းနွယ် ရှိသည့် အရာမကသော တိမ်ထွဋ် တိမ်တောင်တို့နှင့် ပြည့်စုံသော မိုးသည် ကြည်းကုန်းမြေကိုရင်း၊ ချိုင့်ဝှမ်းမြေကိုရင်း ထစ်ချုန်းရွာသွန်းလျက် ပြည့်စေသကဲ့သို့။

ဤအတူသာလျှင် (သောတာပတ္တိ) ဉာဏ်အမြင်နှင့် ပြည့်စုံသော မြတ်စွာဘုရား၏ တပည့် သာဝကဖြစ်သည့် ပညာရှိသည် နှမြောဝန်တိုသူကို အကြောင်းငါးမျိုးဖြင့် သာလွန်လွှမ်းမိုးနိုင်၏။

ထိုသူသည် စင်စစ်(ပေးလှူအပ်သော)စည်းစိမ်ဥစ္စာတို့က တင်ပို့အပ်သည်ဖြစ်၍ အသက်ဖြင့်ရင်း အခြံအရံ(အကျော်အစော)ဖြင့်ရင်း ရုပ်အဆင်းဖြင့်ရင်း ချမ်းသာဖြင့်ရင်း တမလွန်လောကဝယ် နတ်ပြည်၌ ဝမ်းမြောက်ရလေသတည်း”(အံ-၂၊ ၂၇-၂၈-၂၉)ဤသည်တို့ကား ဒါနနှင့်စပ်၍ သိမှတ်ဖွယ်ရာ အဖြာဖြာတို့ပါတည်း။

## မိုးမိတ်မြို့အကြောင်း

မိုးမိတ်မြို့၌ လေးရက်ပတ်လုံး တရားဟော တရားပြသာသနာပြုယင်း မိုးမိတ်မြို့အကြောင်းကိုလည်း လေ့လာခွင့် ရခဲ့ပါသည်၊ အကြောင်းမှာ မိုးမိတ်မြို့ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ် ဦးစီးဌာနမှူး၊ ဦးအေးသွင်သည် စာရေးသူတို့ ပုသိမ်သားဖြစ်နေလေသည်၊ ထို့ကြောင့် သူက ပုသိမ်မှာသာသနာပြု

နေသည်ဆိုသော စာရေးသူထံ လာရောက် မိတ်ဆက်သည်၊ သူ့ဇနီးကလည်း စာရေးသူတို့ ဘုတလင်မြို့နယ် (ဗန္ဓုလ စစ်သူကြီး၏ ဇာတိ)ပေါ်ရင်းသူ ဖြစ်နေလေသည်၊ သူတို့ဇနီးမောင်နှံနှင့် သားစုံသမီးစုံ ဆိုသလိုပင် စာရေးသူထံ လာရောက် တွေ့ဆုံကြသည်၊ သူ့သမီးနှင့် သူ့သမက်ကိုလည်း ကြုံသည့်အခါတိုင်း ဗုဒ္ဓသာသနာ ယဉ်ကျေးမှုများဖြင့် ဆုံးမဩဝါဒ ပေးသနားပါရန် တောင်းပန် လျှောက်ထားသေးသည်၊ ထို့ကြောင့် စာရေးသူနှင့် သူတို့တတွေ ရင်းနှီးကြရ၏၊ ထိုအခါ စာရေးသူက လိုအပ်နေသောမိုးမိတ်မြို့ ဖြစ်စဉ်မှတ်တမ်းကို သူ့ထံစုံစမ်းသည်၊ ထို့ကြောင့် ဒကာကြီးဦးအေးသွင်က 'မြို့နယ်လုံခြုံရေးနှင့် အုပ်ချုပ်မှု ကော်မီတီ- မိုးမိတ်မြို့ မြို့နယ်ဖြစ်စဉ်မှတ်တမ်း (၁၉၆၈) ခု ဒီဇင်ဘာလထုတ် စာမူ' ကို ဆက်ကပ် လိုက်ပါသည်၊ ဤ မိုးမိတ်မြို့အကြောင်းကို ရေးရာ၌ ထိုမှတ်တမ်းနှင့် မြန်မာ့ စွယ်စုံကျမ်း (အတွဲ ၉)တို့မှ ထုတ်နှုတ်၍ ဆီလျော်အောင် မကျယ်မကျဉ်း ရေးသားလိုက်ရပေသည်။

## တည်နေရာ

မိုးမိတ်မြို့သည် ရှမ်းကုန်းပြင်မြင့်ဒေသ ရှမ်းပြည်နယ်မြောက်ပိုင်းတိုင်း ကျောက်မဲခရိုင်တွင် ပါဝင်သည်၊ ထိုခရိုင်တွင်း ကျရောက်သည့် မဘိမ်းမြို့နယ်၊ ရွှေလီမြစ်ဝှမ်းဒေသ၊ ကျောက်မဲမြို့နယ်၊ နမ္မတူမြို့နယ်၊ နမ့်ဆန်မြို့နယ်နှင့် မန္တလေးခရိုင်- မိုးကုတ်မြို့နယ်၊ သပိတ်ကျင်း မြို့နယ်တို့နှင့် ဆက်စပ် တည်ရှိနေပါသည်။

မြေမျက်နှာပြင် အနေအထားမှာ မြို့နယ်၏ အရှေ့ဖက်နှင့် မြောက်ဖက်တို့တွင် မြင့်မားသည့် တောင်တန်းကြီးများ တည်ရှိပြီးလျှင် အနောက်ဖက်နှင့် မြောက်ဘက်တို့တွင် ဆင်ခြေလျှောနိမ့်ဆင်းလာကာ ချိုင့်ဝှမ်းကြီးသဖွယ် ဖြစ်လျက် တည်ရှိနေပါသည်။

## တောတောင်ရေမြေ အခြေအနေ

မြို့နယ်၏ အမြင့်မားဆုံး အပိုင်းမှာ ပင်လယ် ရေပြင်ထက် ပေ ၆၀၀၀-ခြောက်ထောင်ကျော် ရှိပြီးလျှင် အနိမ့်ဆုံး အပိုင်းမှာ ပင်လယ်ရေပြင်ထက် ပေ ၃၀၀-သုံးရာကျော် ရှိပါသည်၊ မိုးမိတ်မြို့နယ်၏ပင်လယ်ရေပြင်အထက်အမြင့်မှာ ပေ ၆၀၀-တိတိ ရှိပါသည်။

တရုတ်ပြည် ယူနန်နယ်မှ စီးဆင်းလာသည့် ရွှေလီမြစ်သည် မိုးမိတ်မြို့နယ်သို့ မိုင်တရာ (၁၀၀)နီးပါးမျှ ဖြတ်သန်းစီးဆင်းသွားပြီးလျှင် သစ်ဝါးမျှောရန် ဖန်တီးပေးထားပါသည်။

ရွှေလီမြစ်သည် မိုးမိတ်မြို့နယ်အတွင်းသို့ အရှေ့မြောက်ဖက်မှ အနောက်တောင်ဖက်သို့ စီးဆင်းပြီးလျှင် အနောက်မြောက်ဖက်သို့ လှည့်ပတ်၍ စီးဆင်းသွားသည်၊ ရွှေလီမြစ်၏ လက်ျာဖက်ကမ်း၌ မြင့်မားသောတောင်တန်းကြီးများသာ ရှိသည်၊ လက်ဝဲဖက်ကမ်း၌မူ အိမ်ခြေများ တည်ရှိနိုင်ပါသည်၊ ထိုလက်ဝဲဖက်ကမ်းခြေ၌ မိုးမိတ်မြို့၏ မြို့နယ်ခွဲမိုးလို ကျေးရွာ တည်ရှိပါသည်၊ မိုးလိုကျေးရွာသည် မိုးမိတ်မှ ၁၈-မိုင် ဝေးကွာပါသည်။

မြို့နယ်၏ ရုံးစိုက်ရာ မိုးမိတ်မြို့ကို နမ့်မောင်းချောင်းနှင့် နမ့်မိတ်ချောင်းနှစ်သွယ်တို့က ပေါင်းဆုံ၍ သံလျက်ခုံသဖွယ် အရှေ့မှ အနောက်သို့ ဖြတ်သန်း စီးဆင်းလျက် ရှိသည်၊ ထိုချောင်းမှာ တနှစ်ပတ်လုံး ရေရှိသည်။

နမ့်မိတ်ချောင်းသည် မြို့နယ်၏ အရှေ့ဖက်တောင်တန်းများရှိ ညောင်ထောက်ကျေးရွာမှ စတင် စီးဆင်းလာ၍ နမ့် မောင်း ချောင်းမှာလည်း ထိုတောင်တန်းများရှိ ခွန်ခါကျေးရွာအနီးမှ စတင်စီးဆင်းခဲ့သည်၊ ထိုချောင်းနှစ်သွယ်သည် မိုးမိတ်မြို့အလွန်၌ ပေါင်းဆုံကြ၍ နမ့်မိတ်ချောင်းအမည်ဖြင့် အနောက်မြောက်သို့ ဆက်လက်စီးဆင်းသွား၏၊ မြစ်ဆုံကျေးရွာအောက်၌ ရွှေလီမြစ်နှင့် ပေါင်းဆုံးသွားလေသည်။

မိုးကုတ်မြို့နယ် တောင်ဖက်မှ မြောက်သို့ စီးဆင်းလာသော ကင်းချောင်းသည် ရွှေလီမြင်မှ ဆယ်မိုင်အကွာ၌ နမ့်မိတ်ချောင်းသို့ ပေါင်းဆုံသည်၊ ထိုကင်းချောင်း၏ မိုးမိတ် မြို့နယ်အတွင်း ဖြတ်သန်း စီးဆင်းသော အပိုင်းကို ထိုချောင်း အနီးရှိ စကားတောင် ကျေးရွာကိုအစွဲပြု၍ စကားတောင်ချောင်းဟု ခေါ်၏၊ မိုးမိတ်မြို့နယ်အတွင်း၌ ထင်ရှားသော အင်းအိုင် ရေတွင်းရေကန်များမရှိကြပါ၊ ကျေးရွာတိုင်းလိုလိုပင် သောက်သုံးရန် ရေတွင်းများသာ ရှိကြပါသည်။

မြို့နယ်အတွင်း ထင်ရှားသော တောင်များမှာ မြောက်ဖက်၌ မန့်ဟိုင်တောင်(ပေ-၂၂၀၂)၊ ဦးကင်းတောင်(ပေ-၂၁၃၇)၊ ယမ်းတောင်(ပေ-၁၆၀၃)တို့ တည်ရှိကြသည်၊ အရှေ့မြောက်

ဖက်၌ လိုင်လိန်တောင်(ပေ-၃၂၁၂)နှင့် လိုင်မောက်တောင် (ပေ-၃၀၀၂)တို့ ရှိကြ၏။

အရှေ့တောင်ဖက်၌ လိုင်ကတ်တောင်(ပေ-၂၀၉၆)နှင့် လိုင်ဟူးမိန်းတောင်(ပေ-၂၉၉၇)တို့ ရှိကြ၏။

အနောက်တောင်နှင့် အနောက်ဖက်တို့၌ ကျားကြီး (ဂျူး ကြီး)တောင် (ပေ-၄၀၀၃)၊ နတ်သမီးတောင် (ပေ-၄၁၅၄)၊ ကွဲပွဲတောင် (ပေ-၃၀၀၃)၊ ရွှေဦးတောင် (ပေ-၆၂၀၇)၊ ခမောက်တောင် (ပေ-၂၂၆၀)၊ မိုးခတ်ကျောက်တောင်(ပေ-၂၉၂၀)နှင့် ဆန္ဒမ်းတောင်(ပေ-၃၃၉၇)တို့ ရှိကြ၏၊ ရွှေဦးတောင်ကို ယခုအခါ ရွှေဥဒေါင်းတောင်ဟု ခေါ်ကြ၏။

## အကျယ်အဝန်း

မိုးမိတ်မြို့နယ်၏ အကျယ်အဝန်းမှာ စတုရန်းမိုင်(၇၂၀)ကေ (၄၆၀၀၀၀) ရှိပါသည်၊ မိုးမိတ်မြို့နယ်တွင် ယခင်က မဘိမ်းမြို့နယ် ပါဝင်ခဲ့သော်လည်း ယခုအခါ မဘိမ်းမြို့နယ်သည် သီးခြား မြို့နယ်ဖြစ်သွားပါ၍ မပါဝင်တော့ပါ။

## ရာသီဥတုနှင့် မိုးရေချိန်

မိုးမိတ်မြို့နယ်၏ တောင်ပေါ်ကုန်းဒေသ၌ သမပိုင်း ရာသီဥတုကဲ့သို့ မျှတပါသည်၊ မြို့နယ်၏ အနိမ့်ပိုင်း ချိုင့်ဝှမ်းဒေသ၌မူ ပူအိုက်စွတ်စိုသည့် ရာသီဥတုမျိုးရှိပါသည်၊ မြို့နယ်တခုလုံးအနေဖြင့် မုတ်သုန်လေရ၍ နှစ်စဉ်ဇွန်လမှ အောက်တိုဘာလအထိ မိုးရွာပါသည်၊ ပျမ်းမျှမိုးရေချိန်မှာ(၄၉•၄၀)လက်မ ရှိပါသည်။

## မြို့နေ-အိမ်ခြေလူဦးရေ

မိုးမိတ်မြို့နယ်၌ ကျေးရွာအုပ်စုပေါင်းမှာ မြို့မ၊ မကျည်းပင်၊ မိုးဘို၊ ခွန်ခွာ၊ လွယ်ဝိုင်၊ ကွမ်းစမ်း၊ လွယ်ဆာ-ဟု ခုနစ်အုပ်စု ရှိပါသည်။

မိုးမိတ်မြို့နယ်၌ အစိုးရအထက်တန်းကျောင်း ၁၊ မူလတန်းကျောင်း ၁၅ ရှိကြပါသည်၊ အလယ်တန်းကျောင်း မရှိသေးပါ၊ ထို့ပြင် ရုံးများ၊ ဈေးများ၊ ဆေးရုံများ စသည်တို့လည်း ရှိကြပါသည်။

မိုးမိတ်မြို့နယ်၏ ကျေးရွာအုပ်စု (၇)ခု၌ အိမ်ခြေ ပေါင်း (၅၇၄၉)ရှိ၏၊ အိမ်ထောင်စုပေါင်း (၆၂၆၅)ရှိ၏၊ လူဦးရေပေါင်း (၃၁၉၁၄)ရှိ၏၊ ကျေးရွာငယ်ပေါင်း (၁၀၉) ရွာရှိ၏။

မိုးမိတ်မြို့နယ်မြို့မအုပ်စုတခုတည်း၌အိမ်ခြေပေါင်း(၂၉၄၀) ရှိ၏၊ အိမ်ထောင်စုပေါင်း (၃၃၆၆)ရှိ၏၊ လူဦးရေပေါင်း (၁၆၆၄၉)ရှိ၏။

## လူမျိုးနှင့် ကိုးကွယ်သည့် ဘာသာဝါဒ

မိုးမိတ်မြို့နယ်အတွင်း၌ နေထိုင်ကြသူ လူမျိုးများမှာ ရှမ်း၊ ကချင်၊ ပလောင်၊ မြန်မာ၊ တရုတ်၊ ကုလား၊ ကရင်၊ ရခိုင်၊ ချင်း၊ ပါကစ္စတန်၊ ကယားတို့ဖြစ်ကြပါသည်။

ထိုလူမျိုးတို့သည် ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ မူဆလင်ဘာသာ၊ ဟိန္ဒူဘာသာနှင့် နတ်များကို ကိုးကွယ်ကြပါသည်၊ ကျေးရွာနေ တောင်သူလယ်သမား အများစုမှာ ဗုဒ္ဓဘာသာကိုးကွယ်ကြ၏၊ ဒုတိယ အများဆုံးမှာ ခရစ်ယာန် ဖြစ်ပါသည်၊ ကချင်နှင့် ကယားလူမျိုး အများစုမှာ ခရစ်ယာန် ဘာသာကို ကိုးကွယ်ကြသည်၊ ကုလားလူမျိုးများမှာ ဟိန္ဒူနှင့် မဟာမေဒင်မူဆလင်ဘာသာဝါဒတို့ကို ကိုးကွယ်ကြလေသည်၊ အချို့ တောင်ပေါ်ဒေသ လူမျိုးများသည် နတ်များကို ကိုးကွယ်ကြပါသည်၊ ယင်းဘာသာများ၏ ယဉ်ကျေးမှု ဓလေ့ထုံးစံများမှာ အခြားဒေသ မြို့ရွာများနှင့် မခြားနားကြပါ၊ သို့ရာတွင် ဗုဒ္ဓဘာသာတမျိုး ဖြစ်သည့် ဇောတိ ဂိုဏ်းဝင်များလည်း ရှိကြပါသည်၊ ဇောတိရှမ်းဟု ခေါ်ကြသည်၊ အခြားဘာသာဝင်များနှင့် ရောနှောမနေကြဘဲ တရွာတည်းဖြစ်နေကာမူ ရပ်ကွက်သီးခြား နေလေ့ရှိကြပါသည်၊ သူတို့သည် နတ်ကိုးကွယ်မှု လုံးဝမပြုကြပါ၊ သူတို့ ကိုးကွယ်ကြသည်မှာ ကိုရင်ကြီးဖြစ်ပါသည်၊ သူတို့သည် အလှန်ရိုးသားကြပြီး ကောင်းသော အသက်မွေးမှုများကိုသာ ပြုကြပါသည်။

မိုးမိတ်မြို့၌ ဘာသာရေး အသင်းအဖွဲ့များလည်း ရှိကြပါသည်၊ ယင်းတို့မှာ ဂေါပကအဖွဲ့၊ သာသနမာမက အဖွဲ့၊ အဘိဓမ္မာပြန့်ပွါးရေးအဖွဲ့၊ ဝေပုလ္လအဖွဲ့၊ ဝိသာခါအဖွဲ့တို့ဖြစ်ကြပါသည်၊ ထိုအဖွဲ့တို့က ဘာသာရေး၊ သာသနာရေးတို့ကို စုပေါင်းဆောင်ရွက်ကြပါသည်။

## အလုပ်အကိုင်နှင့်ထွက်ကုန်

မိုးမိတ်မြို့နယ်သည် တောင်သူလယ်သမားတို့နယ်ဟု ခေါ်ဆိုနိုင်ကြပါသည်၊ တောင်ပေါ် ကျေးရွာဒေသ အနည်းငယ်၌ တောင်ယာလုပ်ကိုင်ကြ၍ ကျန်ကျေးရွာ အားလုံး တောင်သူလယ်သမားအလုပ်ကို လုပ်ကိုင်ကြပါသည်။

လယ်ယာအလုပ်အကိုင်များပြီးကြလျှင် သစ်ဝါးခုတ်သူများ ကျောက်တွင်းတူးသူများ အစိုးရ အရာသမ်း အမှုထမ်းများနှင့် အရောင်းအဝယ်လုပ်သူများလည်း ရှိကြပါသည်၊ အချို့ကသင်းခုတ်ခြင်း၊ မီးသွေးဖုတ်ခြင်း၊ ထုံးဖုတ်ခြင်းများကိုလည်း လုပ်ကိုင်ကြသည်၊ ထိုသူတို့မှာ လူနည်းစုများသာ ဖြစ်ကြသည်၊ တောလိုက် ငါးဖမ်းလုပ်ငန်း၊ ရွှေကျင်လုပ်ငန်း လုပ်ကိုင်သူများနှင့် ဘောင်း၊ ဖျာယက်လုပ်သူများလည်း အနည်းငယ်ရှိကြပါသေးသည်၊ တောင်ပေါ်ဒေသ၌ လဘက်ကိုလည်း အနည်းငယ် စိုက်ပျိုးကြပါသည်။

မိုးမိတ်မြို့နယ်၌ စပါးစိုက်သည့် မြေဧကမှာ(၁၄၄၄၀)ခန့်ရှိသည်၊ ဒုတိယလိုက်သည့် ပဲ၊ ပြောင်း၊ နှမ်း၊ ဆေး၊ ကြံ စသည်တို့ကို စိုက်ပျိုးသည့်မြေဧကမှာ(၁၄၀၀)ရှိပါသည်၊ထို့ကြောင့် မိုးမိတ်မြို့နယ်မှ ထိုဖော်ပြပါ လုပ်ငန်းနှင့်ဆိုင်သော ကုန်ပစ္စည်းများထွက်ကြပါသည်။ ဆန်စပါးမှာ နှစ်စဉ် ငါးသိန်းကျော်ထွက်၍ သုံးသိန်းသာ မြို့နယ်ကသုံးစွဲလျက် ကျန်စပါးများကို မြို့နယ်ဘင်သာမက မိုးကုတ်၊ ကျောက်မဲစသည့် တခြားနယ်သို့ တင်ပို့ရောင်းချကြပါသည်။

## ကျောက်တူးခြင်းနှင့်ရွှေကျင်ခြင်း

ကျောက်တူးခြင်းနှင့် ရွှေကျင်ခြင်း လုပ်ငန်းကို အနည်းငယ် သီးခြားဖော်ပြရလျှင် မိုးမိတ်မြို့မှ မြောက်ဖက် ရှစ်မိုင်ကွာဝေးသော ကျောက်တောင်၌ ကျောက်တူးခြင်းကို တိုးလုပ်ကိုင်နေကြသည်၊ ယခင်က မိမိတို့ကိုယ်တိုင် ဆောင်ရွက်လုပ်ကိုင်ခဲ့ကြပြီး ယခုအခါ အစိုးရက စနစ်တကျ ကွပ်ကဲဆောင်ရွက်လုပ်ကိုင်လာကြသည်၊ ကျောက်တွင်းသမားများ ပေါများလာ၍ ကျေးရွာငယ် တခုကဲ့သို့ပင် ဖြစ်လာတော့သည်၊ ထိုတွင်းများမှ ကျောက်ကောင်းများတော့ မထွက်ကြပါ၊မှတ်စာများသာထွက်ကြပါသည်။

မိုးမိတ်မြို့နှင့်(၁၃)မိုင် ကွာဝေးသော ရေတံခွန်ကျေးရွာ ရေတံခွန်ချောင်းနှင့် တောင်တို့၌လည်း ကျောက်တူးလုပ်ငန်းများကို အသင့်အတင့် ဆောင်ရွက်နေကြပါသည်၊ ထိုတွင်းများမှ ကျောက်ကောင်းများ ထွက်ကြသော်လည်း အသေးစားကလေးများသာဖြစ်ကြပါသည်၊ မိုးမိတ်မြို့နယ်ရှိ စကားတောင်နှင့်ဗားနဒ်တောင်ခြေရင်း၌ ပတ္တမြား ဂေါမုတ် ဥဿဖား၊ နီလာကြောင်စသည့် ကျောက်များ ထွက်ကြသော်လည်း အရည်အသွေး မကောင်းလှချေ။

ရွှေကျင်ခြင်း လုပ်ငန်းများမှာမူ ပြောလောက်ခြင်းမရှိပေ၊ မြစ်တုံကျေးရွာအနီး ရွှေရှိရာ ခေါက်ခိုးစခန်းနှင့် တံုးပေါစခန်းတို့၌ အပိုလုပ်ငန်းသဘော စမ်းသပ်ဆောင်ရွက်ကြခြင်းများသာဖြစ်သည်၊ မိုးမိတ်အထက်ပိုင်း ပင်ရှားစေး (ဝေ့ခန်း) အနီး

(ရွှေထွက်ရှိ) တွင်လည်း အပိုလုပ်ငန်းသဘော လုပ်ကိုင်ကြသေးသည်။

## မိုးမိတ်ကျောင်း-ကန်-ဘုရားသိမ်-ခေါင်းလောင်းများ

မိုးမိတ်မြို့၌ ထင်ရှား မထင်ရှားသော ကျောင်း-ကန်-ဘုရား-သိမ်များနှင့် ခေါင်းလောင်းများလည်း ရှိကြပါသည်၊ တချို့မှာ ပြိုပျက်ကုန်၍ တချို့မှာ ယခုတိုင်ထင်ရှား ရှိကြပါသေးသည်၊ ယင်းတို့မှာ အောက်ပါအတိုင်း ဖြစ်ကုန်၏။

### ၁။ ရှုမျှော်တာဘုရားနှင့် မင်းဆရာစေတီ

ထိုစေတီတော် ၂-ဆူမှာ ယခုတိုင်ထင်ရှား တည်ရှိနေသည့် ရွှေမြင်တင်ဘုရားအနီး၌ တည်ရှိခဲ့ပါသည်၊ မိုးမိတ်မင်းဆက် (၄၄) သက္ကရာဇ် (၄၅၃)၌ စပ်ဟုံကဖ်-မင်း လက်ထက်၌တည်သည်၊ မဟာယာနဂိုဏ်းဝင်များ တည်ထား၍ ရှေးအကျဆုံး လက်ရာဖြစ်၏၊ ယခု ပျက်စီးနေပြီ။

### ၂။ အောင်မြေဘုံသာဘုရား

အောင်မြေဘုံသာ စေတီတော်ကို သက္ကရာဇ် ၉၁၀-ခုနှစ်၌ ဘုရင့်နောင်သည် မိုးမိတ်သို့ စစ်ချီရောက်ရှိယင်း တည်ထားခြင်းဖြစ်သည်၊ ဇေတဝန်သုံးကျောင်းနှင့် အရံ ၁၀-ကျောင်း ဆောက်လုပ်လှူဒါန်း၏၊ ကျောင်းများ လုံးဝမရှိတော့ပဲ စေတီလည်း ပျက်စီးနေပြီ၊ ထိုအချိန်မှစ၍ မိုးမိတ်၌ ထေရဝါဒဗုဒ္ဓဘာသာ ထွန်းကားလာခဲ့သည်။

## ၃။ ဆုတောင်းပြည့်စေတီ

မိုးမိတ်မင်းဆက် ၉၆-ဆက်မြောက် ဆေစပ်ဖမင်းလက်ထက်၊ သက္ကရာဇ် ၉၂၇-ခု၊ တပေါင်းလဆန်း ၅-ရက်နေ့၌ မိုးမိတ်မြို့ အနောက်အရပ် သံလျက်စွန်း၌ တည်ထားသည်၊ ခေတ်အဆက်ဆက် မွမ်းမံပြီး ကိုးကွယ်သဖြင့် ယခုတိုင်မပျက်မစီးပဲ တည်ရှိသေး၏၊ ၁၃၂၉-ခုနှစ် တပေါင်းလ၌ ထီးတော်တင်ပွဲ ကျင်းပခဲ့သေးသည်။

## ၄။ ဂူတော်သစ်ဘုရား

မိုးမိတ်မြို့၊ အရှေ့ပိုင်း၌ တည်ရှိသည်၊ မိုးမိတ်မင်းဆက် ၉၇-ဆက်၊ ဆေဟုံဖမင်းလက်ထက် သက္ကရာဇ် ၉၃၀-ပြည့် တပေါင်းလဆန်း ၂-ရက်၌တည်သည်၊ ယခုပျက်စီးနေပြီ။

## ၅။ ရွှေမြင်တင်ဘုရား

မိုးမိတ်မြို့မြောက်ဖက် တောင်ထိပ်၌တည်ရှိသည်၊ ယခုတိုင် ထင်ရှားလျက် နှစ်စဉ်ဘုရားပွဲ ကျင်းပဆဲဖြစ်သည်၊ မိုးမိတ်မင်းဆက် ၉၉-ဆက်၊ ဆေစပ်ဖ-ခေါ် သိုပ်စော်ဘွားလက်ထက်၊ ဘိနပ်တော် ၁၅-တောင်ပြည့်ထား၍ သက္ကရာဇ် ၉၄၈-ခုနှစ်၌ တပေါင်းလဆန်း ၁၅-ရက် အင်္ဂါနေ့၊ ညနေ ၃-နာရီအချိန် ခါတ်တော်တို့ကို ဌာပနာလျက် "ဘုရားလွယ်မောက်" ဟု သမုတ်၍ စေတီတည်သည်။

သက္ကရာဇ် ၉၄၉-ခု၊ ကဆုန်လဆန်း ၁-ရက်နေ့၌ ထီးတော်တင်သည်၊ ယခု ရွှေမြင်တင်ဘုရား-ဟု အမည်တွင်နေသည်။

## ၁၄။ ချမ်းသာကြီးဘုရားနှင့်ခေါင်းလောင်းများ

ဤချမ်းသာကြီးဘုရားကို မင်းဆက် ၁၁၇- စပ်ခွန်ခမ်းလှိုင် လက်ထက် သက္ကရာဇ် ၁၁၄၅-ခုနှစ်၊ ယာခု ရွှေဂူကျောင်းတောင်ဖက်၌ တည်ခဲ့သည်၊ ခေါင်းလောင်း သွန်းလောင်း၍လည်းလှူသည်၊ ရွှေကျောင်းတိုက်၌ ယခုတိုင်ရှိသည်၊ ၁၁၅၄-ခုနှစ်၌ ထပ်မံ၍ ခေါင်းလောင်းသွန်းလျက် လှူဒါန်းသေးသည်၊ ယခု ရွှေကြာပင်ကျောင်း၌ တည်ရှိသည်။

## ၁၅။ ရွှေဂူကြီးနှင့် ရွှေလင်းပင်

မင်းဆက် ၁၁၈-စပ်ခွန်ဖူးလက်ထက် သက္ကရာဇ် ၁၁၆၁-ခုနှစ် မြို့အနောက်၌ ရွှေဂူကြီးဘုရားဟု သမုတ်လျက် အုတ်ချိုးဖြင့် ပေါင်းလဲရုပ်ပွါးတော်ကြီး (တောင်သို့ဦးခေါင်းပြု၍ လျောင်းတော်မူဘုရား) ကို တည်သည်၊ သက္ကရာဇ် ၁၁၈၅-ခု၌ ဘကြီးတော်မင်း၏ အမိန့်ဖြင့် ရွှေလင်းပင် ဘုရားကိုတည်သည်။

မှတ်ချက်။ ။ဤ၌ တောင်သို့ဦးခေါင်းပြုထားသော လျောင်းတော်မူ ရွှေဂူကြီးဘုရားကို (ပေါင်းလဲ)ဟု သုံးထားပါသည်။ အမှန်မှာ တောင်သို့ဦးခေါင်းပြုတော်မူလျှင် ပေါင်းလဲမဟုတ်ပါ (ရွှေသာလျောင်း)သာဖြစ်ပါသည်။ ထို့ကြောင့် သုတေသနရှင် ဆရာရဝေထွန်းက "အရှေ့ပေါင်းလောင်း၊တောင်သာလျောင်း၊ နောက်စောင်းနရဗန်၊ မြောက်နိဗ္ဗာန်" ဟုသံပေါက်စီထားပါသည်။ (စာရေးသူ)

## ၁၆။ ဘုံပျံကျောင်းသိမ်တော်

မင်းဆက် ၂၁- ဝပ်ခွန်ထယ်လက်ထက် သက္ကရာဇ် ၁၂၂၈-ခုနှစ်၊ မင်းတုန်းမင်း အမိန့်ဖြင့် ဘုံပျံကျောင်းအတွင်း၌ သိမ်တော်ကို သမုတ်၍တည်ခဲ့သည်။

## ၁၇။ ရှစ်မျက်နှာဘုရား

ဤဘုရားကား ယခု မြနန္ဒာကန်အနီး၌ တည်ရှိသည်၊ မင်းဆက် ၁၂၄-ဇပ်ခွန်မွန်လက်ထက်၊ သက္ကရာဇ် ၁၂၈၁-ခု၊ တပို့တွဲလဆန်း ၁၂-ရက်နေ့၌ ရှစ်မျက်နှာဘုရားကို မှန်စီရွှေချ၍ ကိုးကွယ်သည်။ သက္ကရာဇ် ၁၂၇၉-ခုနှစ်၌ ဗုဒ္ဓရုံကျောင်းတိုက်တွင်းဝယ်"သာသနသောဘိဏီ"မည်သော သိမ်တော်ကိုသမုတ်သည်။

## ယဉ်ကျေးမှု

"ကျိုင်းတုံအစ သာကီက၊ မိုးမိတ်အစ ကျိုင်းတုံက" ဆိုရိုးရှိခဲ့ရာ မိုးမိတ်မြို့နယ်သည် အိန္ဒိယ ဗုဒ္ဓဘာသာ ယဉ်ကျေးမှု လွှမ်းမိုးမှုရှိသည်ဟု တွက်ဆနိုင်ပါသည်။

မိုးမိတ်မြို့တော် စတင်ခဲ့ရာ မဘိမ်းမြို့နယ်၌ရှင်း၊ ပြောင်းရွှေ့တည်ထောင်လာသည့် မြို့နယ်၌ရှင်း ရှေးဟောင်းလက်ရာ ကြွေအိုး၊ ဆေးတံစသည်များကို ကြည့်ရှုခြင်းဖြင့် မြန်မာပြည်၏ ရှေးဦးယဉ်ကျေးမှု ထွန်းကားရာ ဒေသဖြစ်ကြောင်း သိနိုင်ပါသည်။

ကြေးအိုးများမှာ တရုတ်ကြေးအိုးများဖြစ်ကြောင်း တွေ့ရ ပြန်ရာ လက်မှုပညာ အဆက်အသွယ်များမှာ တရုတ်ပြည်နှင့် ဆက်စပ်နိုင်ကြောင်း ယူဆရန်ရှိပါ၏။

## စာပေနှင့်စကား

မိုးမိတ်မြို့နယ်အတွင်းရှိ မြန်မာ·ကချင်-ရှမ်းတို့တွင် မိမိတို့ ဆိုင်ရာ စာပေများရှိကြပြီး မြန်မာစာပေကို ကျေးရွာတိုင်းလိုပင် သင်ယူလေ့လာကြပါသည်၊ လူကြီးတိုင်းပင် မြန်မာစကား ပြော တတ်ကြပြီး မိမိတို့ အချင်းချင်းမှု-ဆိုင်ရာ ဘာသာစကားဖြင့်သာ ပြောကြပါသည်။

## ဝတ်စားဆင်ယင်မှု

ရှမ်းပိုင်း-ကချင်ပိုင်းတို့တွင် ထိုလူမျိုးတို့သည် ရိုးရာ အဝတ် အစားကို ဆင်ယင်မှု ပြုကြပါသည်၊ မြို့ပေါ်၌မူ မြန်မာအဝတ် အစားများကိုသာ ဝတ်စား ဆင်ယင်ကြသည်က များပါသည်။

## တူရိယာအကအခုန်

ကချင်နှင့် ရှမ်းတို့သည် ရိုးရာအတီးအမှုတ် အကအခုန်များကို ပြုကြပါသည်၊ မြန်မာများက မြန်မာဆိုင်းဝိုင်းများ၊ အိုးစည် ဒိုးပတ်များဖြင့် တီးမှုတ်ကခုန်ကြသည်၊ လယ်သမားများသည် ဗုံကြီး သီချင်းများဆို၍၊ ဗုံကြီးဝိုင်းခြင်းများ ပြုကြပါသည်။

မြန်မာကျေးရွာများ၌ မြန်မာဇာတ်များ တည်ထောင်၍ ရှမ်းကျေးရွာများ၌ ရှမ်းဇာတ်များ တည်ထောင်ကြပါသည်၊ ကျေးရွာပွဲလမ်းတို့သို့ အငှါးလိုက်၍ ကကြပါသည်။

## ပွဲလမ်းသဘင်များ

တန်ခူးသင်္ကြန်- ကဆုန်ညောင်ရေသွန်း- ဝါဆိုသင်္ကန်းကပ်ပွဲ သီတင်းကျွတ် ကန်တော့ပွဲ- ကထိန်ပွဲ- တန်ဆောင်တိုင်မီးထွန်းပွဲ တပို့တွဲ ထမန်ပွဲနှင့် ဘွဲ့နှင်းသဘင်ပွဲ- စာပြန်ပွဲ- တပေါင်းပွဲတော် များကို ပြုလုပ်ကြပါသည်။

ရွှေမြင်တင်ဘုရားပွဲမှာ ရှေးအခါမှစ၍ ယနေ့အထိ အစည်ကားဆုံး ဖြစ်ပါသည်၊ ထိုပွဲ၌မြင်းပွဲ (မြင်းအရောင်းအဝယ်)ပါရှိပြီး၊ သိန္နီ၊ သီပေါ၊ မူစယ်၊ နမ့်ခမ်း၊ နမ္မဆန်၊ မိုင်းလုံ၊ ကိုးတောင်နယ်၊ ခြောက်တောင်နယ်တို့မှပင် မြင်း အရောင်းအဝယ်များ လာရောက်ကြကြောင်း သိရပါသည်၊ ယင်းတို့နှင့်အတူ ဒေသထွက်ကုန်များ ပါရှိလာကြောင်းလည်း သိရပါသည်၊ သို့ရာတွင် ယခုခေတ်၌ မြင်းပွဲများမရှိတော့ပါ၊ ဘုရားပွဲတော်ရိုးရိုးသာ ရှိပါတော့သည်။

ဒုတိယအစည်ကားဆုံး ပွဲတော်မှာ တပို့တွဲထမန်ပွဲနှင့် ဘွဲ့နှင်းသဘင်ပွဲများ ဖြစ်ကြပါသည်၊ ဒေသဆိုင်ရာ ဘာသာရေး စာမေးပွဲများ၊ အစိုးရ ပထမပြန် စာမေးပွဲများ၊ နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့က ကျင်းပသည့် အဘိဓမ္မာ စာမေးပွဲများတွင် အောင်မြင်သော ရှင်လူများအား စုပေါင်း၍ ဘွဲ့နှင်းသဘင် ကျင်းပခြင်းဖြစ်သည်၊ ယခုထိ ကျင်းပဆဲဖြစ်ပါသည်။

## လောင်းကစားပွဲများ

လောင်းကစားပွဲများကို ယခင်က အကြီးအကျယ် ပြုလုပ်ကြပါသည်၊ ၃၆-ကောင် ၄-ကောင်ဂျင်၊ ပါတန်၊ အသေးဝိုင်း

စသည်များကို လောင်းကစားကြပါသည်၊ ယခုအခါ ထို လောင်းကစားပွဲများ မပြုလုပ်ကြတော့ပါ။

## ဝန်းကစေစသည် ဝွဲလန်းမှု

ဝန်းကစေ ပညာသည်များ ပေါများသည်ဟု အပြောသာ ရှိသော်လည်း အမှန်မဟုတ်ပါ၊ သို့ရာတွင် မိုးမိတ် မြို့နယ်၌ ညောင်ပင်ကြီးရှိ၍ ထိုညောင်ပင်ကြီး၌ ဘိုးတော်ကြီးစင်ဆောက် လုပ်၍ ကိုးကွယ်ကြသည်၊ ပွဲလမ်းသဘင်များ ရှင်ပြုများရှိပါက ထိုနတ်စင်တော်ကြီးသို့ လာရောက်နတ်ပြုကြပါသည်၊ သို့မှသာ ပွဲ၌ ဘေးအန္တရာယ်ကင်း၍ အောင်မြင်သည်ဟု အယူအဆရှိကြ သည်၊ စင်တော်ကြီး ပတ်ဝန်းကျင်၌ မလေးမစားပြုခြင်း မတော် မသင့်ပြုခြင်းကို နတ်ကမကြိုက်ဟုဆိုသည်၊ ပြုမိက ထိခိုက်သည်ဟု ဆိုသည်။

မိုးမိတ်မြို့နယ် ရွှေဦးတောင်အနီး ကျောက်မောရွာ၌ ခရီး သည်တို့သည် ရေခပ်လျှင် ထင်းမယူရ၊ ထင်းယူလျှင် ရေမခပ်ရ၊ ငါးကိုဖမ်းကစားပြီးလျှင် ပြန်မလွှတ်ရ၊ ယင်းသို့ပြုလုပ်လျှင် နတ် ကျားများ ပတ်လည် ဝန်းရံနေတတ်ပြီး ရွှေဦးတောင် အရှင်ကို ပသမှ လွတ်မြောက် ပျောက်ကွယ်သည်ဟု အပြောရှိသည်။

ရှမ်းကျေးရွာများ၌ အင်းအိုင် လေ့ လက်ဖွဲ့များကို အကာ အကွယ်အဖြစ် ဆောင်ထားကြပါသည်၊ သူတို့သည် ဆေးထိုး ခြင်း၊ ထိုးကွင်းမင်ကြောင်များ ထိုးခြင်းများကို ပြုကြပါသည်၊ ယခုအခါ၌ ထိုအပြုအမူများ နည်းပါးလာပါသည်။

## လမ်းပန်းဆက်သွယ်ရေး

**မီးရထားလမ်း။** ။ မိုးမိတ် မြို့နယ်၌ မီးရထားလမ်း မရှိပါ၊ ရထားလမ်းရှိသော အနီးဆုံးမြို့မှာ ကျောက်မဲမြို့ ဖြစ်ပါသည်။

**ရေလမ်း။** ။မိုးမိတ်မြို့နယ် အတွင်းသို့ ကသာမြို့ အောက်ဖက် ၁၂-မိုင်အကွာ ရွှေဝတီ မြစ်ကမ်းအင်းရွာမှ ရွှေလီ မြစ်တလျှောက် ဆန်တက်လာလျှင် မိုးမိတ်မြို့ မြစ်ဆုံကျေးရွာသို့ ဆိုက်ရောက်လာပါသည်၊ ထိုရေလမ်းသည် မိုင် ၁၀၀-ခန့်ရှည် လျားပြီး မိုးရာသီ၌မော်တော်များဖြင့် သွားလာနိုင်ပါသည်။

**ကုန်းလမ်း။** ။မိုးမိတ်မြို့သို့ မော်တော်ကားဖြင့် အခြားမြို့များ သို့သွားရသော အဓိကကုန်းလမ်းများမှာ မိုးမိတ်၊ မိုးကုတ်၊ တလမ်းသာ ကောင်းမွန်စွာ သွားလာနိုင်ပါသည်၊ အခြားလမ်းများမှာ မိုးမိတ်၊ ကုန်းဝက်၊ မြစ်ဆုံ၊ သစ်ခွဲပင်၊ စိအူ၊ မိုးလို၊ မိုင်းငေါ့လမ်းတို့ပေတည်း။

**လေကြောင်းခရီး။** ။မိုးမိတ်၌ လေယာဉ်ကွင်း ရှိပါသည်၊ ရက် သတ္တတပတ်လျှင် ၅-ရက် ခေါက်ရေ ၈-ကြိမ် တိတိရှိပါသည်၊ဖော်ကာဖရင်းရှစ်နှင့် ဒါကိုတာ လေယာဉ်များ ဖြင့် ခရီးသည်နှင့်ကုန်များကို တင်ဆောင်ပျံသန်းပါသည်။

**ခရီးစဉ်များမှာ။** ။ ၁။ တနင်္လာ-ရန်ကုန်၊ မန္တလေး၊ မိုးမိတ်၊ ဗန်းမော်၊ မြစ်ကြီးနား၊ ဗန်းမော်၊ မိုးမိတ်၊

မန္တလေး၊ ရန်ကုန်။ မန္တလေး၊ ဟဲဟိုး၊ လားရှိုး၊ မိုးမိတ်၊ လားရှိုး၊ မိုးမိတ်၊ ဟဲဟိုး၊ မန္တလေး (ညအိပ်)

၂။ ကြာသာပတေး-ရန်ကုန်၊ မန္တလေး၊ မိုးမိတ်၊ ဗန်းမော်၊ မြစ်ကြီးနား၊ ဗန်းမော်၊ မိုးမိတ်၊ မန္တလေး၊ ရန်ကုန်။

၃။ သောကြာ-မန္တလေး၊ ဟဲဟိုး၊ လားရှိုး၊ မိုးမိတ်၊ လားရှိုး၊ ဟဲဟိုး၊ မန္တလေး (ညအိပ်)

၄။ စနေ-မြစ်ကြီးနား၊ ဗန်းမော်၊ မိုးမိတ်၊ မန္တလေး၊ ဟဲဟိုး၊ လွိုင်ကော်၊ ရန်ကုန်။

၅။ တနင်္ဂနွေ- မန္တလေး၊ မိုးမိတ်၊ ဗန်းမော်၊ မြစ်ကြီးနား။ (ညအိပ်)

## မိုးမိတ်သမိုင်း

မိုးမိတ်မြို့နယ်သည် မောကိုး ပြည်ထောင်တွင် အပါအဝင် ဖြစ်သည်၊ မောကိုးပြည်ထောင်ဟူသည် ရွှေလီမြစ် (သျှမ်းအခေါ် နမ့်မောမြစ်) ကို အစွဲပြု၍ ခေါ်ခြင်း ဖြစ်သည်၊ ရွှေလီ မြစ်ချိုး တလျှောက်၌ ရှစ်ပြည်ကို စဘင်တည်ထောင်ခဲ့ပြီးလျှင် ယင်းမှ တဖန် ကိုးပြည်အထိ တိုးချဲ့လာခဲ့ခြင်းဖြစ်သည်။

## သမိုင်းဦး

မိုးမိတ်မြို့သားများ၏ ရှေးစကား၌ အစဉ်အလာအရ "ကျိုင်းတုံအစ၊ သာကီယ၊ မိုးမိတ်အစ၊ ကျိုင်းတုံက" ဟု အဆိုရှိသည်၊ ထိုအဆိုအရ၊ ဂေါတမမြတ်စွာဘုရား မပွင့်မီ (ခုနှစ် မသိရပါ) ဇမ္ဗူဒိပ်ပြည် အလယ်ပိုင်းမှ သာကီဝင်မင်းအမည်ရှင်း 'သုဘာဟု' ဘွဲ့အမည် 'မဟာဝံသရာဇာ' လာရောက် တည်ထောင်ခဲ့သည်။

မြို့နေရာမှာ မဘိမ်းမြို့နယ် (ယခင် မိုးမိတ်မြို့နယ်၌ ပါဝင်ခဲ့သည်) ရွှေလီမြစ်အရှေ့ဘက်ကမ်း ဘဟဲရွာ အထက်၌ ဖြစ်၏၊ မြို့ရိုးပျက်- ကျုံး- မြောင်းများ ယနေ့အထိ တူးဖော် တွေ့နိုင်သည်။

## သန်လျက်(ဒါး)မြို့

ကျိုင်းတုံပြည်၌ မဟာသက္ကရာဇ် ၁၂၀-မှ သာသနာသက္ကရာဇ် ၅၈-အထိ အုပ်စိုးသည့် ကျိုင်းတုံရွှေနန်းရှင်သည် သားတော် ညီတော် တူတော်များအား မိုးမိတ်၊ မိုးကောင်း၊ မိုးညှင်း၊ မိုးဝန်း၊ ကောင်းစင်၊ ကောင်းတုံမြို့အသီးသီး၌ အုပ်စိုးစေခဲ့သည်။

ရွှေလီမြစ် အနောက်ဖက်ကမ်းရှိ ကျိုင်းမောပြည်ကိုမူ ညီတော် စပ်ဖအွန်ကို အုပ်ချုပ်စိုးစံစေသည်၊ ထို့ကြောင့် ကျိုင်းတုံ ရွှေနန်းရှင်၏ သားတော် ဆေဟုံဖခေါ် သိုဟုံဘွားသည် သာသနာသက္ကရာဇ် ၃၅-ခုနှစ်၌ မိုးမိတ်မြို့ကို စတင်တည်ထောင်၍ ၃၈-ခုနှစ်၌ ပြီးသည်။

မိုးမိတ်မြို့ကို နမ့်မောင်းချောင်းနှင့် နမ့်မိတ်ချောင်းတို့ဆုံရာ သန်လျက်ခုံ၌ တည်ထောင်သည်၊ ထို့ကြောင့် ရှမ်းဘာသာဖြင့် မိန်းမိတ် (မိန်း=မြို့+မိတ်=သန်လျက်-ဒါး) ဟု ခေါ်သည်၊ မြန်မာဘာသာဖြင့် မိုးမိတ်— သန်လျက်ဒါးမြို့-ဟု ခေါ်သည်။

မိုးမိတ်မြို့ ရာဇဝင်၌ တည်ထောင်သူ ဆေဟုံဖ၏ မိဖုရားကြီး မဟာဒေဝီ (စပ်နန်းမိဖျား)မှ ဖွားမြင်သည့် သမီးတော် စပ်မြဝတီကို သရေခေတ္တရာပြည်ရှင် ဒွတ္တဘောင်မင်းကြီးအား ဆက်သကြောင်း ပါရှိ၍ မြန်မာပြည်မြေပြန့်၌ သရေခေတ္တရာပြည်

ထွန်းကားချိန်၌ မိုးမိတ်ကို စတင် တည်ထောင်သည်ဟုလည်း ယူဆနိုင်သည်။

## မြို့သစ်နှင့် ခံတပ်ဆယ်မြို့

သုမန္ဒရိမင်း ဖြိုခွင်းသက္ကရာဇ် ၁၆-ခုနှစ်၌ မိုးမိတ်မင်းဆက် ၂၁-ဆက်မြောက် (စစ်ကဲဘွား)သည် ပျက်စီးနေသောမြို့ကို မြို့သစ်တဖန်တည်ပြီး ခံတပ်မြို့ ၁၀-မြို့ကိုလည်း တည်ထောင်လေသည်၊ ထို ၁၀-မြို့မှာ အောက်ပါအတိုင်း ဖြစ်သည်။

၁။ ယခင်နောင်စွန်မြို့-ယခုမန်ပတ်ရွာအနီး၌ တည်ရှိသည်။
၂။ ယခင်မိုင်းပုံ (မိုင်းဘုံ)မြို့-ယခု မိုးဘုံရွာ၌တည်ရှိသည်။
၃။ ယခင်လွယ်ဝိန်းမြို့၊ ယခုသရက်တောရွာ၌ တည်ရှိသည်။
၄။ ယခင် တောင်းကျိုင်းမြို့၊ ယခု တောင်ကိုင်းရွာ၌ တည်ရှိသည်။
၅။ ယခင် မန်းတန်းမြို့၊ ယခု ပဒါန်းရွာ၌ တည်ရှိသည်။
၆။ ယခင် လွယ်လုံမြို့၊ ယခု ဂင်နွဲ့ရွာ၌ တည်ရှိသည်။
၇။ ယခင် လိပ်ဆိန်မြို့၊ ယခု ဝဲဘောင်းရွာ၌ တည်ရှိသည်။
၈။ ယခင် တုံခံမြို့၊ ယခု မိုင်းတိုင်း ၁၂-ပြည်သွားရာ လမ်း၌ တည်ရှိသည်။
၉။ ယခင် ပိန်းလုံမြို့၊ ယခု ပိုင်းလုံရွာ (မဘိမ်းမြို့) အနီး၌ တည်ရှိသည်။
၁၀။ ယခင် မိုင်းလင်းမြို့၊ ယခု မိုးလောရွာ၌ တည်ရှိသည်။

## အင်္ဂလိပ်ကို တော်လှန်ခြင်း

မိုးမိတ်မြို့ မင်းဆက် ၁၂၃-ဆက်မြောက် စပ်ခွန်ခန်းအူသည် မြန်မာသက္ကရာဇ် ၁၂၄၉-ခုနှစ်၌ မြန်မာမင်းသား စောရန်နိုင်တို့နှင့် ပေါင်း၍ အင်္ဂလိပ်ကို တော်လှန်ရာ မိုင်းဘုံရွာအနီး တိုက်ပွဲ၌ အင်္ဂလိပ်စစ်ဗိုလ်တဦး ကျဆုံးသည်၊ သို့ရာတွင် နောက်ဆုံး၌ စစ်ရှုံး၍ မိုးမိတ်မင်းဆက်ပြတ်သည်။

## အင်္ဂလိပ်လက်အောက်ခံ

အင်္ဂလိပ်အစိုးရခန့်သော နယ်ပိုင်ဝန်ထောက်သည် မြို့အုပ်တဦး အပါအဝင်နှင့် ၁၅၄၉-ခုနှစ်မှစ၍ မိုးမိတ်မြို့နယ်ကို အုပ်ချုပ်စေခဲ့သည်။

သက္ကရာဇ် ၁၂၉၈-ခုနှစ်၌မှ မိုးမိတ်စော်ဘွားဆက်ဖြစ်သူ (စပ်ခွန်မွန်) စောခင်မောင်ကို စော်ဘွားအဖြစ်ခန့်၍ အုပ်ချုပ်စေသည်။

သက္ကရာဇ် ၁၂၉၈-ခုနှစ်၌ စပ်ခွန်ချိုက ဆက်လက်အုပ်ချုပ်၍ စော်ဘွားများ အာဏာစွန့်သည်အထိ ဖြစ်သည်။

ထို့နောက် ရှမ်းပြည်တွင် တိုင်း-ခရိုင်၊နယ်-မြို့နယ်ဟူ၍ ခွဲခြားအုပ်ချုပ်လာခဲ့ရာ မိုးမိတ်မြို့နယ်မှာ နယ်ပိုင်အုပ်ချုပ်သည့်နယ်ဖြစ်လာ၍ ရှမ်းပြည်မြောက်ပိုင်းတိုင်း ကျောက်မဲခရိုင်တွင် ပါဝင်သည်၊ မိုးမိတ်မြို့သည်လည်း မိုးမိတ်နယ်၏ရုံးစိုက်မြို့ဖြစ်လာသည်၊

## အပြန်ခရီး

ယနေ့ကား ၁၃၃၅-ခု နယုန်လဆုတ် ၆-ရက်နေ့ဖြစ်သည်၊ နေ့ဆွမ်းဘုဉ်းပေးပြီးချိန်၌ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး အမှူးရှိသော မဟာစည်ခမ္မကထိကအဖွဲ့သည် မိုးမိတ်မြို့၊ ပုဗ္ဗာရုံကျောင်းတိုက်မှ ကား ၁၁-စီးဖြင့် ထွက်ခဲ့ကြပါသည်၊ မိုးမိတ်ဒကာ ဒကာမများက လိုက်ပို့ကြလေသည်၊ လမ်းတလျှောက်လုံးပင် မြို့လူထုက ဖူးမျှော်ပူဇော်ကြပါသည်။

နေ့ ၁၁-နာရီ၌ လေယာဉ်ကွင်းရောက်ကြ၏၊ မိုးမိတ်လေယာဉ်ကွင်းကား အနီးဝန်းကျင်၌ စိမ်းစိုသော သီးနှံခင်းများက ဝန်းရံလျက်ရှိကြသည်၊ အဝေးဆီ၌မူ ညိုမှိုင်းသော တောတောင်များက ဝန်းရံနေကြပါသည်၊ ထို့ကြောင့် ရှုခင်းမှာသာယာလှပါ၏၊ လေယာဉ်မလာမခြင်း လေယာဉ်တည်းခိုရိပ်သာ၌ အလွှာပသလ္လာပစကားများကို ပြောဆိုနေကြပါသည်။

"အရှင်ဘုရားရဲ့ သံဝေဇနီယတရားကိုတော့ အားလုံးကသဘောကျစွဲလမ်းနေကြတယ်ဘုရား" ဟု တရားပွဲအကျိုးဆောင် မိုးမိတ်စခန်းမှူး ဒကာကြီးက လျှောက်ထားလေသည်။

"ဘယ့်နှယ်လဲ ဦးဋ္ဌနန္ဒက-က သံဝေဇနီယဖြစ်အောင် သံဝေဇနီယဖြစ်နည်းတရားကို ဟောတာဘဲ၊ ပရိသတ်က ဘာလို့သံဝေဇနီယဖြစ်နေကြပါလိမ့်" ဟု ဆရာတော်ဘုရားကြီးက ပြုံးပြုံးကြီး မိန့်တော်မူပါသည်၊ ဆရာတော်ဘုရားကြီး၏ ဤစကားတော်နှင့် မျက်နှာသွင်ပြင်တော်သည် မိမိတပည့် တရားဟောကောင်းသည်

ဆိုသည်ကိုလည်း ချီးမြှောက်ခြင်း၊ တရားနာပရိသတ်အားလည်း အစွဲမချော်ရအောင် သတိပေးခြင်း အဓိပ္ပါယ်ကို ဆောင်နေသည်။

ထို့နောက် မိုးမိတ် ဒကာ ဒကာမတို့က ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး အမှူးရှိသော မဟာစည်မေ့ကထိက တဖွဲ့လုံးနှင့် ကြိုဆိုလိုက်ပို့ကြသော ပရိသတ်အား ဘိလပ်ရည်များ ဆက်ကပ်လှူဒါန်းကြလေသည်၊ နေပူချိန် ပူအိုက်နေချိန်၌ ဘိလပ်ရည်ကို ဘုဉ်းပေးလိုက်ရသည်မှာ အေးမြသော ချမ်းသာကို ခံစားရပါသည်၊ ထို့ကြောင့် ဘိလပ်ရည်အလှူရှင်များလည်း အေးမြသော နိဗ္ဗာန်ချမ်းသာကိုရအောင် ကြိုးစားအားထုတ်နိုင်ကြပါစေဟုပင် ဆုတောင်းမိပါသည်။

နေ့လယ် ၁၂-နာရီ ၄၅-မိနစ်၌ လေယာဉ်က မိုးမိတ် လေယာဉ်ကွင်းမှ ထွက်ခွာခဲ့ပါသည်၊ မိုးမိတ်သူ မိုးမိတ်သားတို့ကား လေယာဉ်ကွင်း၌ လေယာဉ်ထွက်ခွာချိန်အထိပင် လက်အုပ်တချီချီဖြင့် ကျန်ရစ်ကြပါသတည်း။

# မအုပင်မြို့သို့ မဟာစည်ဒေသနာခရီး

---

လမင်းသည် ကြယ်တာရာအပေါင်း ခြံရံလျက်
ပေါ်ထွက်လှည့်လည်နေသကဲ့သို့

ထိုခရီးကို မှတ်မိပါသေးသည်၊ ထိုနေ့ ခရီး၏ အစသည် ၁၃၃၅-ခု ပြာသိုလဆန်း ၂-ရက်နေ့၊ အချိန်မှာ နံနက်(၆)နာရီ (၄၅)မိနစ်၊ နေရာမှာ မဟာရန်ကုန်မြို့တော်၏ မော်တင် ဆိပ်ကမ်း၊ ကိုင်းတန်းအောက် ဘောတံတား၌ ဆိုက်ကပ်လျက်ရှိသော 'စောမွန်လှ' အမည်ရှိ အိမ်မဲသင်္ဘောဦးခန်း။

ရန်ကုန် သာသနာ့ရိပ်သာမှ ထိုသင်္ဘောဆိပ် ရောက်အောင် လိုက်ပို့ကြသော ကားများလည်း ပြန်သွားကြပြီ၊ စောမွန်လှလည်း ရန်ကုန် မြစ်ရေလှိုင်းကိုစီး၍ တငြိမ့်ငြိမ့် ထွက်ခဲ့ပါပြီ၊ သင်္ဘောပိုင်ရှင်ကတော့ သူ့သင်္ဘောကို ဘယ်သဘောဖြင့် 'စောမွန်လှ'ဟု မှည့်ထားသည်မသိ၊ သူ့သင်္ဘောကို စီးရသော စာရေးသူကတော့ ပုဂံ-အနော်ရထာခေတ်က ရှမ်းပြည်သူ အချောအလှ စောမွန်လှဇာတ်ကြောင်းကို သွား၍ သတိရလိုက်မိသေးသည်။

သတော်ဦးခန်းထိပ် ခင်းထားသော ထိုင်ခုံပေါ်၌ အဂ္ဂမဟာပဏ္ဍိတ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် နောက်ပါ တပည့်ရဟန်းရှင်လူများ ခြံရံလျက် ပါလာတော်မူ၏။ ပဝင်းသောလမင်းသည် ကြယ်တာရာအပေါင်း ခြံရံလျက် ပေါ်ထွက်လှည့်လည်နေသကဲ့သို့ပင်၊ မှန်၏၊ ကြယ်တာရာအပေါင်း ခြံရံသော လမင်းသည် ကမ္ဘာသူကမ္ဘာသားတို့အား အေးမြသောအလင်း ရောင်ခြည်ကို ပေး၏၊ တပည့်အပေါင်း ရဟန်းရှင်လူ ခြံရံသော ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးသည်လည်း ကမ္ဘာသူ ကမ္ဘာသားတို့အား အပူဆင်းရဲအားလုံးကင်းနိုင်သော မဟာသတိပဋ္ဌာန် ဝိပဿနာရောင်ခြည် တရားတော်ကို ဖြန့်ချီ ဟောကြားနေတော်မူသည် မဟုတ်ပါလော....။

ယခု ထွက်ခဲ့ကြသော ကိစ္စမှာလည်း မအူပင်မြို့ ရန်အောင်သာသနာ့ရိပ်သာဖွင့်ပွဲ၌ တရားရေအေးအမြိုက်ဆေးကိုတိုက်ကျွေးအားပေးရမည့်ကိစ္စတည်း။

လိုက်ပါလာကြသည့် တပည့် ရဟန်းတော်များမှာ မဟာဂန္ဓာရုံ ရတနာကျမ်းပြု ဝက်လက်မစိုးရိမ် ဦးတိဿ-ဆရာတော်၊ ဖျာပုံမြို့ သာသနာ့ရိပ်သာ ဆရာတော် ဦးဝဏ္ဏိတနှင့် နောက်ပါ ဦးဝဏ္ဏာ ဦးဥတ္တမ၊ ရန်ကုန် သာသနာ့ရိပ်သာ ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးဇဝန၊ မမ္မကထိက သရက်အောင်မင်္ဂလာ ဆရာတော် ဦးစန္ဒာဝရ၊ ဒီဃ နိကာယ-ကောဝိဒ၊ အခြေပြု ဗုဒ္ဓဘာသာကျမ်းပြု အရှင်ကေလာသ၊ ပုသိမ်အောင်မြေဘုံကျော် မဟာစည်ရိပ်သာ ဆရာတော် ညောင်ကန် အရှင်ဣန္ဒကတို့ပင်တည်း။

တပည့်ဥပါသကာ၊ ဥပါသိကာများမှာ အငြိမ်းစား တိုင်းမင်းကြီး စည်သူဦးညိုပု၊ အငြိမ်းစားတရားမ- တရားသူကြီး ဦးသိန်းဟန်၊ အငြိမ်းစား အင်ဂျင်နီယာ ဦးဦးခိုင်၊ အငြိမ်းစား ဗိုလ်ကြီး ဦးသန်းမောင်၊ ပုသိမ်-အောင်မြေဘုံကျော် မဟာစည်ရိပ်သာ သာသနဝုဓ်ဝိုကာရကအသင်း-တွဲဘက်အတွင်းရေးမှူးဦးစု၊ ရန်ကုန်သာသနာ့ရိပ်သာ ဝေယျာဝစ္စအကျိုးဆောင် ကိုသိန်းဟန်လေး၊ ဆွမ်းစားကျောင်းအုပ် ဒေါ်အေးကြည်နှင့် ဆွမ်းစားကျောင်း အကျိုးဆောင် ဒေါ်ဝေမာ၊ ဒေါ်ဇေယျာ၊ဒေါ်သိန်းရှင်၊မအုပ်မှလာကြိုသူဒေါ်ရွှေဒေါ်ရင်မေတို့အဖွဲ့များပင်။

သံဃာတော်များက ဦးခန်း၌စီးခဲ့ကြ၏၊ လူအများကရိုးရိုးသင်္ဘောကုန်းပတ်အထက်ထပ်၌ စီးခဲ့ကြသည်၊ သင်္ဘောထွက်၍မကြာမြင့်မီ ဒေါ်အေးကြည်တို့အဖွဲ့က အသင့် ပါလာသောခေါက်ဆွဲကြော်ဆွမ်းတို့ကို ဆက်ကပ်၏၊ ပြီးလျှင် အချိုပွဲအဖန်ပွဲတို့ကိုလည်း ဆက်ကပ်ကြသေး၏။

"ဦးဣန္ဒက နောက်ပါ ဒကာ ဒကာမများကိုခေါ်လိုက်ပါ၊ ရှစ်ပါးသီလယူကြရအောင်လို့"

အရှက်ဆွမ်းကိစ္စ အားလုံး ပြီးကြလျှင် ဆရာတော်ဘုရားကြီးက ဤသို့ မိန့်တော်မူ၏၊ ထို့ကြောင့် သူတို့အားလုံးကို စာရေးသူက ခေါ်လိုက်၏၊ ရောက်လာကြလျှင် သူတို့အားလုံးဆရာတော်ဘုရားကြီးထံ ရှစ်ပါးသီလဆောက်တည်ကြရ၏။

ထို့ကြောင့် သူတို့အားလုံး ရန်ကုန်ပြန်မရောက်မချင်း ရှစ်ပါးသီလရှိသူ ယောဂီများ ဖြစ်ကြရပေသည်၊ ပင်ကိုယ်က အမြဲတန်း

ရှစ်ပါးသီလ စောင့်ထိန်းပြီးသူများလည်း ထပ်မံ အမွှမ်းတင်ပြီး သွားဖြစ်သွားကြတော့၏၊ ညော့ဝတ်ပြုရမည့် ရောက်ရာဌာနရှင်တို့ကလည်း သူတို့ကို ညစာအထူးကျွေးမွေးပြုစုစရာမရှိလို့တော့ပေ၊ သံဃာတော်များကို ပြုစုယင်း သူတို့ကိုလည်း ပြုစုပြီးဖြစ်ရတော့မည်၊ ထို့ပြင် ကျွေးမွေးပြုစုသူများဖက်ကလည်း သီလစသည်အထူး ဂုဏ်ကျေးဇူးရှိသူများကို ကျွေးမွေးပြုစုကြရသောကြောင့် အကျိုးပေး ဖွံ့ဖြိုးကြရမည့်အပြင် ဗဟုကိစ္စလည်း နည်းပါးသက်သာကြတော့မည်။

စောမွန်လှ တံတေးတူးမြောင်းထဲအရောက်၌ ရှေကတအိအိသွားနေသော ဆင်မြောင်ကြီး(၂)အခည်ရှိ ရေနံတင် သင်္ဘောတဲ့ရှည်ကြီးကိုတွေ့ရ၏။ ထို့ကြောင့် တူးမြောင်းတွင်း၌ ရေနံတင်သင်္ဘောကြီးကို အခြားသင်္ဘောများက ကျော်မတက်ရဟူသောစည်းကမ်းအတိုင်း စောမွန်လှလည်း သူ့ကိုကျော်မတက်ရပဲ သူ့နောက်ကပင် တဖြေးဖြေး အေးအေးလိုက်ခဲ့ရပေသည်၊ အလျင်လို အနေးနှင့်တွေ့ရခြင်းပါတကား၊ နေ့ဆွမ်းမီ မအူပင်ကိုရောက်တော့မည်လည်းမထင်။

ထို့ကြောင့် ဆရာတော်ဘုရားကြီးနှင့် တပည့်များကား စာအကြောင်း၊ ပေအကြောင်း၊ သာသနာရေးအကြောင်းတို့ကို ဆွေးနွေးယင်း၊ စာကြည့်ယင်း၊ တရားနှလုံးသွင်းယင်း၊ မေးစက်ယင်း လိုက်ပါတော်မူခဲ့ကြပေသည်၊ နံနက်(၁၀)နာရီ(၂၁)မိုင်တံတေးဝသို့ရောက်၏၊ ဒေါ်အေးကြည်အဖွဲ့က အသင့်ပြင်ဆင်ကပ်သော ဆွမ်းကြော်နှင့်ဦးညိုပုကောင်းမှု ကောက်ညှင်းပေါင်း

တို့ကို နေ့ဆွမ်းအဖြစ် ဘုဉ်းပေးကြရသည်၊ ဆွမ်းပြီးသော်အချိုပွဲ အဖန်ပွဲတို့ကို ဆက်လက်ဘုဉ်းပေးကြရသေး၏။

နေ့ ၁၂-နာရီ ၄၅-မိနစ်၌မအူပင်ဆိပ်ကမ်းသို့ဆိုက်ရောက်၏၊ ဤသို့ဖြင့် ယနေ့ နံနက်ဆွမ်း (၂)ထပ်သည် ခေါက်ဆွဲကြော်၊ ထမင်းကြော်ဟူသော ၂-ထပ်ကွမ်း ကြော် ၂-ကြော်ဆွမ်းဖြစ်တော့၏၊ ထို့ပြင် စောမွန်လှ ရန်ကုန်မှ ထွက်ခဲ့ချိန်သည် နံနက် ၆-နာရီ ၄၅-မိနစ်ဖြစ်၍ ယခု မအူပင်မြို့သို့ဆိုက်ရောက်ချိန်သည်လည်း ၁၂-နာရီ ၄၅-မိနစ်ဆိုတော့ ၄၅-မိနစ်ချင်း တိုက်ဆိုင်သောကြောင့် ၂-ထပ်ကွမ်း ၄၅-မိနစ်ခရီးလည်း ဖြစ်ရလေတော့သည်။

မအူပင်မြို့ဆိပ်ကမ်းထက်က တခဲနက် ကြိုဆိုပူဇော်ကြသည့်

ဘုရားတန်ဆောင်းကျောင်းကန် တိုက်တာ အဖြာဖြာတို့ဖြင့် အလွန်သာယာသော မအူပင်မြို့ဆိပ်ကမ်းကို အားလုံး ဆင်းခဲ့ကြ၏၊ ထိုအခါ တခဲနက်ကြိုဆိုပူဇော်ကြသော ပရိသတ်ကြီးကို တွေ့ရသည်၊ ဆောင်းဥတု၏ ပြာသိုလ်လ နေမင်းကလည်း ထွန်းလင်းလျက်ရှိ၏၊ ကြိုဆိုပူဇော်သူ အားလုံး တန်းစီလျက်လက်အုပ်ကိုယ်စီချီနေကြ၏။

အကျိုးဆောင် ဥပါသကာများက ဝတ်ဖြူစင်ကြယ်များကို ဝတ်ဆင်ထား၏၊ ပုဝါဖြူများကို လက်ကန်တော့သိုင်းထားကြ၏၊ အမျိုးသမီးများကမူ အညိုရောင် ယောဂီအဝတ်များကို ဝတ်ဆင်ထားကြ၏၊ အညိုရောင် ပုဝါများကို ရင်မှာသိုင်းရစ်

သွားကြ၏၊ ပရိသတ်အားလုံး ဖဲထီးကိုယ်စီ ဆောင်းမိုးထားကြ၏၊ အပေါ်က စီးကြည့်လိုက်လျှင် မှိုအုန်းနက်များ မြေတပြင်လုံး ပေါက်ရောက်နေသည်များနှင့် တူလှကုန်၏။

ဆရာတော်ဘုရားကြီးကို တင်ဆောင်သည့် မော်တော်ယာဉ်ကားဘေး တဘက်တချက်၌ ဥပါသကာကြီးများက ဆောင်းမိုးပေးထားကြသော ရွှေထီးတော်ကြီး ၂-လက်တို့သည် လူတို့၏ ဖဲထီးအားလုံးတို့အထက်၌ ရွှေရောင်တလက်လက်ဖြင့် ကြက်သရေရှိလှကုန်၏၊ မော်တော်ကားယာဉ်တို့၏ ကိုကြားကိုကြား၌ ဥပါသကာတို့ ကိုင်ဆောင်ထားကြသော သာသနာ့အောင်လံများကလည်း ထိုထိုထီးအားလုံးတို့၏ အထက်၌ ပြာသိုလ်လေဆောင်းလေနှင့်အတူ လူးလွန့်မြူးကွန့်လျက်ရှိကုန်၏။

ဥပါသကာတို့ တီးခတ်လိုက်သော ကြေးစည်(၉)လုံးတို့၏ အသံစုံတို့ကလည်း နဘံတုံမျှဂုဏ်မြောက်လှကုန်၏၊ အသံခဲ့ျစက်ဖြင့် ရွတ်ဆိုပူဇော်လျက်ရှိသော အကျိုးဆောင် ဦးဝင်း၏မဟာစည်ဘွဲ့တော်ဘွဲ့ ဓမ္မတေးသံကလည်း သာယာလှပါ၏၊ ပရိသတ်ကြီးတခုလုံးကို သူ့အသံကလွှမ်းမိုးနေ၏။

အစီအစဉ်အားလုံးပြီးကြလျှင် ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး အမှူးရှိသော တရားဟောအဖွဲ့ကို မော်တော်ယာဉ်ကား ၆-စီးဖြင့် တင်ဆောင်ကြကာ ဆိပ်ကမ်းမှသည် ဘုရားလမ်းအတိုင်း ရန်အောင်သာသနာ့ရိပ်သာဆီသို့ တကြိမ့်ကြိမ့် ပင့်ဆောင်ခဲ့ကြလေသည်၊ ကားများနောက်ကလည်း ပရိသတ်ကြီးက တန်းစီလျက်လိုက်ခဲ့ကြလေသည်။

"ဦးဆောင် ကြိုဆိုသူများကတော့ ဗုဒ္ဓကုသလ သဟာယ အသင်း၊ မဟာဗောဓိအသင်း၊ ပေါ်တော်မူအသင်း၊ မြို့လယ် သာသနရက္ခိတအသင်း၊ မိုးကုတ်ဝိပဿနာအသင်း၊ စွန်းလွန်း ဝိပဿနာအဖွဲ့၊ သာသနာ့ရောင်ခြည်အဖွဲ့၊ ရန်အောင်သာသနာ ရိပ်သာ တရားပွဲကျင်းပရေး ဦးစီးကော်မီတီအဖွဲ့၊ မော်တော် ယာဉ်အဖွဲ့၊ အရံမီးသတ်တပ်ဖွဲ့၊ မြို့မရဲတပ်ဖွဲ့များက ဦးဆောင် တဲ့ မြို့လူထုကြီးပါပဲ ဘုရား"ဟု အကျိုးဆောင် ဦးဂျော်နီက လျှောက်ထား၏။

ရန်အောင်သာသနာ့ရိပ်သာရောက်သော် ဆရာတော်ဘုရား ကြီးက မဏ္ဍပ်သင်္ဘအတွင်း၌ ကြိုဆိုပူဇော်သူများအား ဆုပေး ပြီးနောက် သီလချီးမြှင့်တော်မူ၏၊ ထို့နောက် နဝင်္ဂတ္တရ-ဒေဝ တာသုတ် (ကြိုဆိုရေးတရားတော်) ကိုလည်း ဟောကြားတော် မူ၏။

သံဃာတော်များနှင့် အငြိမ်းစားဗိုလ်ကြီးသန်းမောင်၊ ပုသိမ် ဦးစုတို့က ရိပ်သာ၌ပင် တည်းခိုကြရ၏၊ ကျန်လူအားလုံးက မြို့တွင်း မြသိန်းတန်ဆန်စက်ပိုင်ရှင် ဒေါ်ရင်မေတို့အိမ်၌ သွား ရောက်တည်းခိုကြသည်။

## ရန်အောင် သာသနာ့ရိပ်သာဟူသည်မှာ

ဤရိပ်သာကား ၃-ဧက ကျယ်ဝန်း၏၊ အလယ်ခေါင်၌ ထူ ထဲသော စမျဉ် ၄-ဖက်ချ ၇-ပင်ပတ်လည် ၂-ထပ်အုတ်တိုက် ကြီးနှင့် ဘေးပတ်လည်၌ အသား ကျောင်း သိမ် အပါအဝင် ဇရပ် ၄-လုံးရှိကုန်၏၊ ထို့ပြင် ရေကန်တလုံးနှင့် အုန်းပင် ၄က်

ပျောပင်စသည်တို့ဖြင့် စိမ်းလန်းစိုပြေပါ၏၊ တံတိုင်းပတ်လည် စောင်းတန်း ၂-သွယ်နှင့် မုခ်ဦးပြသာဒ်တို့မှာလည်း သာယာကြည်နူးဖွယ် ကောင်းလှကုန်၏၊ သို့သော် ယောဂီကမ္မဋ္ဌာန်းကျောင်း များစွာ ဆောက်စရာလိုသေး၏။

"ဒီကျောင်းတိုက်ကြီးဟာ မြို့တည်စကပင် ရှိခဲ့တဲ့ ကျောင်းတိုက်ကြီးဖြစ်ပေမဲ့ ကျောင်းထိုင်ဘုန်းကြီး အဆက်ပြတ်သွားပြီး အနှစ် ၄၀-လောက် ပျက်ချော်ချော်ရှိခဲ့ရပါတယ်၊ ဒါကြောင့် ဒီကျောင်းတိုက်ထဲမှာ လူနေအိမ်တွေ ပြည့်ကြပ်လာခဲ့ရပါတယ်၊ ဘုန်းကြီးနေယင်ကျောင်း၊ လူနေယင်အိမ်လို့တောင် အများက ပြောခဲ့ကြတယ်"

"နောက် ၁၃၁၈-ခုနှစ်မှာတော့ ဒီကျောင်းတိုက်ကြီး အသစ်တဖန် ပြန်ဝင်လာရန် အကြောင်းက ဖန်လာပါတော့တယ်၊ အကြောင်းကတော့ ဆရာတော် ဦးဇယာနန္ဒက ဒီကျောင်းတိုက် ဒကာ ဦးဖိုးကျော်ရဲ့သားများ ဦးသိန်းမောင်၊ ဦးကျော်ညွန့်တို့ ထံ အလှူခံပြီး ဒီကျောင်းတိုက်တွင်းရှိ ကျူးကျော်အိမ်တွေကို ကျောင်းတိုက်တွင်းမှ ထွက်ခွါကြရန် မေတ္တာရပ်ခံရတယ်၊ သူတို့ အားလုံး ထွက်ခွါသွားကြမှ ရန်ကုန်သာသနာ့ရိပ်သာမှာ တရားအားထုတ်ပြီး ဒီကျောင်းတိုက်ကို ရိပ်သာတည်ထောင်လိုက်တယ်၊ ရန်အောင်ရပ်ဌာနဖြစ်လို့ 'ရန်အောင်သာသနာ့ရိပ်သာ' လို့ မှည့်ခေါ်တယ်။"

ဤသို့လျှင် ယခုလက်ရှိရိပ်သာ ဆရာတော် ဦးသောဘိတက ဤရိပ်သာ သမိုင်းကြောင်းကို မိန့်တော်မူ၏။

"အရှင်ဘုရားကတော့ ဒီရိပ်သာကို ဘယ်လိုဆက်ခံရပါသလဲ"ဟု စာရေးသူက စပ်စုလိုက်၏။

"ဆရာတော် ဦးဇဃာနန္ဒဟာ ၁၃၂၆-ခုနှစ်၊ ဝါဆိုလဆုတ် (၃) ရက်နေ့မှာ ဘဝနတ်ထံ ပျံလွန်တော်မူပါတယ်၊ ဆရာတော် ဦးဇဃာနန္ဒ သက်တော်ထင်ရှားရှိတော်မူစဉ်က ဒီရိပ်သာကို ဆရာတော်က တပည့်တော်နှင့် ဒွိသန္တက ၂-ပါးပိုင် ပြုခဲ့ပြီး သားပါ၊ ဒါကြောင့် တပည့်တော်က ဒီရိပ်သာကို ဆက်လက်ခံယူ သာသနာပြုရပါတယ်။"

ဤသို့လျှင် လက်ရှိဆရာတော် ဦးသောဘိတက အမိန့်ရှိတော်မူပါသည်၊ ဦးသောဘိတမှာ ဤမအူပင်မြို့နယ် စစ်ချောင်းသား လည်းဖြစ်၏၊ သာသနဓဇမွှာဝရိယလည်း ဖြစ်၏၊ ရန်ကုန် သာသနာ့ရိပ်သာ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ဥပနိဿယဩဝါဒအတိုင်း မဟာသတိပဋ္ဌာန် ဝိပဿနာတရားကို အားထုတ်ပြီးလည်းဖြစ်၊ သင်တန်းယူပြီးလည်းဖြစ်၍၊ ၁၀-ဝါ လည်း ကျော်ခဲ့ပြီ၊ ထို့ကြောင့် ဤရိပ်သာကို ဦးသောဘိတသည် တိုးတက်အောင် ဆောင်ရွက်နိုင်မည်ဟု မြော်လင့်ရပါသည်။

## ပေါ်တော်မူ ရွှေဘုန်းမြင့်စေတီတော်

ရိပ်သာ၌ ခေတ္တနေကြပြီးနောက် ဝက်လက်ဆရာတော် ပုသိမ် ဦးစုတို့နှင့်အတူ ပေါ်တော်မူ ရွှေဘုန်းမြင့်စေတီတော်ကို ဖူးမျှော်ရန် ထွက်ခဲ့ကြ၏၊ စေတီတော်သည် ရိပ်သာ၏ အနောက်ဖက်၌ ကပ်လျက်ရှိသည်၊ မြစ်ဆိပ်မှ မြို့ပေါ်သို့တက်၍ လမ်းမ

ကြီးအတိုင်း လာခဲ့ဝဥ်ကပင် ဖူးမြင်ခဲ့ကြရသော စေတီတော်သည်၊ လမ်းမကြီးကမူ စေတီတော်ကို ဦးတိုက်နေသည်၊ စေတီတော် စောင်းတန်းဦး ရှေ့ကျသော လမ်းမကြီးကား နှစ်မှာကွဲ၍ စေတီတော်တန်းတိုင်းကို ရစ်ပတ်သွားသည်၊ ထို့ကြောင့် ဤလမ်းမကို ဘုရားလမ်းဟု ခေါ်သည်။

စောင်းတန်း တန်းဆောင်းတို့ဖြင့် ခြံရံလျက် ကြည်ညိုဖွယ်ကောင်းသော စေတီတော်ကို အပြင်လမ်းအတိုင်း လကျာ်ရစ်ပတ်၍ ဦးစွာဖူးမျှော်ကြသည်၊ စေတီတော်ဝန်းကျင်ပတ်လည်၌ ပရိယတ္တိ စာသင်တိုက်များနှင့် ပဋိပတ္တိ အသင်းအဖွဲ့များလည်း ရှိကုန်၏။

တောင်ဖက်နှင့် အရှေ့တောင်ဖက်တို့၌ မိုးကုတ်ဝိပဿနာအသင်း ဤစေတီတော်၏ ဗုဒ္ဓကုသလသဟာယအသင်း၊ မဟာစည် သာသနာ့ရိပ်သာ (မမ္ဂဝေသီကမ္မဋ္ဌာန်းကျောင်းတိုက်) ဒီပဲရင်းကျောင်းတိုက်နှင့် အောင်စေတီများ ရှိကုန်၏။

မြောက်ဖက်နှင့် အရှေ့မြောက်ဖက်တို့၌ သုစိဏ္ဏသာသနရံသီ (သီလရှင်) စာသင်တိုက်၊ မွေရုံ ရွှေကျင်ကျောင်းတိုက်တို့ရှိကုန်သည်၊ အနောက်တောင်ဖက်၌ စွန်းလွန်းရိပ်သာ ရှိလေသည်။

အရှေ့ဖက်၌ ပုဗ္ဗာရုံကျောင်းတိုက်၊ ရန်အောင်သာသနာ့ရိပ်သာ၊ ကျောက်သဘောင်ကျောင်း၊ ဝိပဿနာဇရပ်ကြီးတို့ ရှိကုန်၏။

စေတီတော်ကို အပြင်ဖက်၌ ဖူးမျှော်ကြပြီးနောက် အရှေ့မုခ် စောင်းတန်းဖက်ကလျှောက်၍ စေတီတော် တန်းတိုင်အတွင်းသို့ ဝင်ခဲ့ကြသည်။

ရွှေရောင်ဝင်းထိန် မိုးတိမ်မြင့်မား ထင်ရှားသော စေတီ တော်ကြီးကို စေတီရံ ၁၂-ဆူတို့နှင့်အတူ ဖူးမျှော်ကြည်ညိုရ၏၊ စေတီခြေတော်ယင်း အရပ်လေးမျက်နှာတို့၌ စုလစ်မွတ်ချွန် အထွတ်တင်သော အာရုံခံတန်စောင်း ၄-စောင်တို့နှင့် ရုပ်ပွား ဆင်းတုတော် ဓါတ်တော်၊ ပန်းချီကားတို့ကိုလည်း ဖူးမျှော် ကြည်ညိုခဲ့ရ၏၊ ပုံတော်များမှသည် သက်တော်ထင်ရှား မြတ် ဘုရား၏ ဂုဏ်တော်များကိုလည်း ပွားများဆင်ခြင် ပူဇော်ခဲ့ရ ၏။

အဆူးအားဖြင့် အရှေ့ဖက်မုခ် အာရုံခံတန်ဆောင်းအတွင်းရှိ ခေါင်းလောင်းကြီး ၂-လုံးနှင့် စေတီဘော်၊ တနင်္ဂနွေဒေါင့်ရှိ ဘုရားသမိုင်း ကျောက်စာတိုင်များကိုလည်း လေ့လာကြရ၏၊ ထို့အပြင် မြင့်မားသော တန်ခွန်တိုင်ကြီးကိုလည်း တွေ့ခဲ့ကြ ရသည်။

## သမိုင်းကျောက်စာ

သမိုင်းကျောက်စာကို စာရေးသူအား ဖတ်ပြ၍ ဝက်လက် ဆရာတော်က ရေးကူးယူလေသည်၊ ထိုကျောက်စာ၏လိုရင်း အကျဉ်းချုပ်မှာ ဤသို့တည်း။

၁၂၅၂-ခု၊ တန်ခူးလပြည့် တနင်္ဂလာနေ့ နံနက် ၂၅-ပါး စက်နာရီ ၇-နာရီ၌ မအူပင်မြို့ နန္ဒာဇေယျကုန်းတော်၌ ရွှေ

ဘုန်းမြင့်စေတီတော်ကြီးကို လက်မှန်အစ ပထမ ပန္နက်သဲစိုက်၍ တည်စပြုခဲ့ကြသတည်း။

ပထမ ဌာပနာတိုက်၌ သုဒ္ဓေါဒန မယ်တော်မာယာတို့၏ ရုပ်လုံးမှစ၍ ဘုရားပရိနိဗ္ဗာန်ယူသည့်တိုင်အောင် ဆင်းတုရုပ်ပေါင်းများစွာရှိသည်တွင် ရွှေဆင်းတု ၈-ဆူ၊ ငွေဆင်းတု ၂၂၆၉-ဆူ၊ ကြေးဆင်းတု(ကြေးရုပ်များပါ) ၂၅၄-ဆူ၊ သစ်သားဆင်းတု ၁၆-ဆူ၊ နန်းဆောင် ၈-ခု၊ သစ်ပင် ၁၉-ပင် ပါရှိလေသည်၊ တန်ဖိုးမှာ ၅၂၄၀-တန်သည်။

ဒုတိယ ဌာပနာတိုက်၌ ငွေဆင်းတု ၄၈-ဆူ၊အဖိုးငွေ၉၆၄၀ တန်တည်ထားကိုးကွယ်ကြသည်။

တတိယ ဌာပနာတိုက်၌ ဓမ္မစေတီတော်နှင့် ငွေဆင်းတု ကြေးဆင်းတု အစုစုတန်ဖိုး ၁၂၃၀၀-တန် တည်ထား ကိုးကွယ်ကြသည်။

စတုတ္ထဌာပနာတိုက်၌ အသီတိရှစ်ကျိပ်သာဝကနှင့်တကွ ငွေဆင်းတု၊ ပရင်းဆင်းတု၊ ကြေးဆင်းတု၊ နံ့သာဆင်းတု၊ ရွှေပန်းခိုင်တို့မှစ၍ အစုစုတန်ဖိုး ၄၃၀၀-တန်ခန့် တည်ထားကိုးကွယ်ကြသည်။

၎င်းစေတီတော်ကြီးတည်ရန် အုတ်ဖိုရေ ၁၀၀၊ တဖိုလျှင် အုပ်ချပ်ရေ တသောင်း၊ အားလုံး အုပ်ချပ်ရေပေါင်း တသန်း၊ လက်ခ ငွေသုံးထောင် ကုန်ကျသည်။

၁၂၅၂-ခုနှစ်က စ၍ စေတီတော်ကြီး တည်ထားကြရာ ၁၂၆၁-ခု၊ နတ်တော်လဆုတ် ၇-ရက်၊ စနေနေ့တွင် အုတ်ရိုးစေတီတော်ကြီး အပြီးသတ်သည်။

ကုန်းတော်အကျယ် စတုရန်း အတောင် ၄၄၀၊ ကုန်းတော် အမြင့် ၅-တောင်၊ ပလ္လင်ခံခုံအကျယ်(ဖိနပ်တော်)၁၀၆တောင် ဥဏှိတော်အမြင့် ၇၃-တောင်၊ ငှက်ပျောဖူးထိပ်ဝ (ကြေး စလောင်း ၂-တောင်၊ ပထမဘုံထီးဝတော် ၅-တောင်နှင့် ၂မိုဒ် ထီးတော်အမြင့် ၁၂-တောင်ရှိကုန်၏။ ထီးတော်မှာ ဘုံ ၉ဆင့် ရှိ သံထီးတော်ကြီးဖြစ်သည်။ ၁၂၆၁-ခု တပို့တွဲလပြည့် အင်္ဂါ နေ့တွင် အသပြာကျပ် ၂၂၃၀-ထိုက်တန်သော လောဟမယ ထီးတော်ကြီးကိုတင်လျက် စေတီတော်ကြီးအပြီးအဆုံးသို့ရောက် စေခဲ့သည်၊ စေတီတော်၏ ဘွဲ့အမည်မှာ ပေါ်တော်မူရွှေဘုန်း မြင့်ဖြစ်သည်။

သမိုင်းအကျယ်ကို ထိုသမိုင်းကျောက်စာတိုက်၌ရှင်း၊ မအူ ပင်မြို့ ရွှေဘုန်းမြင့်ကျောက်စာမူနှင့် ဒက္ခိဏသာခါသမိုင်းကျမ်း ၌ရှင်း လေ့လာနိုင်ပေသည်။

## နာမည်ကျော် မအူပင်မုန့်ဟင်းခါး

ပြာသိုလဆန်း ၃-ရက်နေ့ နံနက် အရုဏ်၌ ရန်အောင် သာသနာ့ရိပ်သာ ဒကာဒကာမတို့ ဆက်ကပ်သော နာမည်ကျော် မအူပင် မုန့်ဟင်းခါးကို ဘုဉ်းပေးကြရ၏။ ဟင်းရေချိုမှာ ငါး ကြီးဟင်းရေချိုဖြစ်၍ မုန့်ရေနွဲနွဲနှင့် မုန့်မျှင်များများကို ဦးစား ပေး စားရသော မုန့်ဟင်းခါးဟူ၏။

မနေ့ညက အအေးဓာတ် ပိုခဲ့သဖြင့် ဤနံနက်စောစော၌ လည်း အေးစက်နေကြရာ မုန့်ဟင်းခါးပူပူကို ငြုပ်သီးမှုန့်

နံနံပင်နိုင်နိုင်နှင့် ရောစပ် ဘဉ်းပေးယင်း အအေးဓာတ်ကို ခုခံကာကွယ်ကြရသည်။ အားလုံး မြိန်မြိန်ယှက်ယှက် ဘဉ်းပေးသုံးဆောင်ကြ၏။

## ဘုရားဖူးယင်း လေ့လာရေးခရီး

နေ့ဆွမ်းကိစ္စပြီး၍ ရေချိုးပြီးလျှင် ဝက်လက် ဆရာတော်၊ ပုသိမ် ဦးစုတို့နှင့်ပင် မြို့တွင်းသို့ ဘုရားဖူးယင်း လေ့လာရေးထွက်ခဲ့ကြ၏။

ရှေးဦးစွာ ကြီးကျယ်ခမ်းနားသော မဟာဗောဓိကျောင်းတိုက်ကြီး၏ မှန်စီရွှေချ အလယ်ကျောင်းပေါ်သို့ တက်၍ကျောင်းတိုက် ဆရာတော်နှင့် စကားစမြည်ပြောယင်း လေ့လာခဲ့ကြ၏။

ထိုနောက် သကျရန်အောင်မဟာဗောဓိဘုရားကြီးကို ဖူးမျှော်ကြရ၏၊ ညာဏ်တော် ၁၀-တောင်ရှိ ရုပ်ပွားတော်ကြီးနှင့် ယင်း၏ဝဲယာ၌ကြေးဆင်းတု ၂-ဆူအပြင် တန်ဆောင်းတွင်းရှိ သဲပုံစေတီတော်ကိုပါ ဖူးမျှော်ကြရ၏။

ထိုဘုရားတန်ဆောင်းတော်ကြီးအတွင်း၌ မဟာဗောဓိအသင်းတည်ရှိ၏၊ ထိုအသင်း လူကြီးမင်းများနှင့်လည်း တွေ့ခဲ့ရ၏၊ သူတို့နှင့် ဤမအူပင်အကြောင်း မအူပင် သာသနာရေး အကြောင်းတို့ကိုလည်း ဆွေးနွေးခွင့်ရခဲ့သည်။

ရှေးက မြို့တောင်ပိုင်း ယခု ကမ်းနားရာဇဂုရုနေ- ပေါ်တော်မူ ဘုရားအနီး၌ မအူပင်ကြီးတပင် ရှိခဲ့၏၊ ထိုမအူပင်ကြီးမှာ

ခရီးသွား လှေသမားများ စခန်းချ နားနေရာဖြစ်ခဲ့သည်၊ ထို့ကြောင့် လှေသမားများက ထိုနေရာကို မအူပင်စခန်းဟု ခေါ်ခဲ့ကြ၏၊ နောင်အခါ ထိုနေရာ၌ လူနေအိမ်များ ဖြစ်ပေါ် တိုးပွားလာ၏၊ မအူပင်ရွာ အမှုပင်မြို့ဟု ဖြစ်လာခဲ့လေသည်၊ ဤကား ထိုလူကြီးများ ပြောပြကြသော မအူပင်မြို့ အကြောင်းတည်း။

ထို့ပြင် ဤမအူပင်မြို့ရှိ ဝါဆိုသံဃာတော်များအား ဝါတွင်းသုံးလ ပတ်လုံး နေ့စဉ် ဆွမ်းသောင်းရေးကို ဤ မဟာဗောဓိအသင်းက ဦးဆောင် နှီးဆော်စီမံသည်၊ ယခုအခါ ၂၃-ကြိမ်မြောက်ခဲ့လေပြီ၊ မအူပင်မြို့ သာသနဝိသုဒ္ဓိ မဟာဗောဓိ ဒက္ခိဏာ ရာမကျောင်းတိုက်၌ ကျင်းပသော ဝိနည်း စာပြန်ပွဲကြီးကိုလည်း ဤအသင်းကြီးကပင် ဦးဆောင်ကျင်းပသည်၊ ယခုအခါ အကြိမ် ၃၀-မြောက်ပေပြီ၊ ထို့ပြင် ယခုအခါ ဓမ္မာရုံ ရွှေကျင်ကျောင်းတိုက်ကလည်း ဝိနည်းစာပြန်ပွဲ ကျင်းပလျက်ရှိပေသည်၊ ရှေးက မအူပင်မြို့၌ သံဃာ ၇၇-မျှသာရှိခဲ့သော်လည်း ယခုအခါ သံဃာ ၃၀၀-ကျော်အထိ တိုးတက်လာကြောင်းကိုလည်း သိခဲ့ရသည်။

ထို့နောက် ယင်းလူကြီးများက ရေခဲနှင့်ကြံရေကို ဆက်ကပ်ကြ၏၊ သို့သော် ဝက်လက်ဆရာတော်က ချောင်းဆိုးနေသဖြင့် မသောက်ခဲ့ပေ၊ စာရေးသူနှင့် ဦးစုတို့ကသာ သောက်ခဲ့ကြ၏။

ထို့နောက် အဆိုပါမြို့တောင်ပိုင်း မြစ်ကမ်းရှိ ရာဇဂုရုနေပေါ်တော်မူဘုရားကိုလည်း သွားရောက် ဖူးမျှော်ခဲ့ကြသည်။

ပေါ်တော်မူဟူသည် မြေတူးရင်း ခြုံရှင်းရင်းပေါ်လာသော ပေါ်တော်မူဘုရားမျိုး မဟုတ်ပေ၊ ရောဝတီမြစ်ကြောင်း ခရီးသွားတို့သည် မအူပင်မြို့ဆီသို့ အစုံဘက်က လာ-လာ၊ အဆန်ဘက်က လာ-လာ အဝေးကပင် မအူပင်မြို့ဆီသို့ မျှော်ကြည့်လိုက်တိုင်း ဤရာဇဂုရုနေ့-စေတီတော်မြတ်ကသာ ဦးစွာ ပေါ်တော်မူလာသည်ကို ဖူးတွေ့ကြရသောကြောင့် ပေါ်တော်မူ ဘုရား-ဟု အများကသမုတ်ကြသော ပေါ်တော်မူ-ဟူ၏။

ယခုအခါ ပေါ်တော်မူ ဘုရားကုန်းတော်ကို ရေတိုက်စားနေသောကြောင့် ရေကာတာပြုလုပ်၍ ဘုရားကိုလည်း ပြုပြင်မွမ်းမံနေကြသည်ကို တွေ့ခဲ့ရ၏၊ ဦးစုကပင် တတ်အားသမျှအလှူခွင့် ပါဝင်ခဲ့ပေသေး၏၊ ၎င်းမှတဖန် ရိပ်သာသို့ ပြန်ခဲ့ကြသည်။

## ပထမညတရားပွဲ

ရိပ်သာ ပြန်ရောက်သော် ရေချိုးပြီးလျှင်ပြီးချင်း လေတိုက်ထဲလမ်းလျှောက်သွားခဲ့ခြင်း ရေခဲနှင့်ကြံရေကို မဆင်မခြင်သောက်ခဲ့မိခြင်း၊ ဥတုဖောက်ပြန်၍ အအေး လွန်ကဲခြင်းများကြောင့် စာရေးသူ အအေးမိကာ ဖျားနေပါလေ၏၊ အရှင်ကေလာသကသူ့၌ပါလာသောဆေးများကို တိုက်ကျွေးလေသည်။

ည ၆-နာရီ ၃၀-မိနစ်၌ စာရေးသူနှင့် ပခုက္ကူ မဟာဝိသုဘာရာမတိုက်ကြီးဝယ် အတူစာသင်ခဲ့စဉ်က သာသနဓဇဓမ္မာစရိယ

ဦးတေဇနိယအဖြစ် ဆုံတွေ့ခဲ့ရသူ ဤမအူပင်မြို့နယ် ညောင်ပင်ဂယက်ဇာတိ ယခုအခါ လူပြန်တော်သူ ဦးတင်ရွှေက တရားပွဲစတင်ပြီ ဖြစ်ကြောင်း အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ယင်း နမောတဿဖြင့် ဘုရားရှိခိုးလျက် မဟာစည်ဘုန်းတော်ဘွဲ့ဂါထာ ပါဠိနက်ကိုရွတ်ကာ တရားပွဲ ဖွင့်လှစ်ကျေညာလေသည်။

ထို့နောက် ရန်ကုန်မြို့ အငြိမ်းစား တိုင်းမင်းကြီး စည်သူ ဦးညီပုက ရိပ်သာဖွင့်ပွဲနှင့်စပ်၍ ဝမ်းမြောက်စကား ပြောကြားသည်။

ထို့နောက် ရန်ကုန် သာသနာ့ရိပ်သာ ဓမ္မကထိက သရက်အောင်မင်္ဂလာဆရာတော် အရှင်စန္ဒာဝရက မဟာစည်ဩကာသအဖွင့်နှင့် မဟာစည် ထေရဝန္ဒာဂါထာတော်ကို ရွတ်ဖတ်ပူဇော်ဟောကြားသည်၊ တရားနာ ပရိသတ်အားလည်း မဟာစည်ဩကာသဖြင့် ရတနာသုံးပါးကို ညီညာစွာ ကန်တော့စေလေသည်၊ ထို့နောက် မိတ်ဆက်နိဒါန်းနှင့် ဝိပဿနာ အလုပ်ပေးတရားကို မူတည်ဟောကြားသည်။

ထို့နောက် ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးက "ဝိပဿနာ အခြေခံ တရားတော်ကြီး"ကို စတင် ဟောကြားတော်မူ၏၊ ဥတုအေးလွန်းသော်လည်း တရားနာ ပရိသတ်မှာစည်ကားမြဲစည်ကားသည်၊ တရားမဏ္ဍပ်ကြီး ပြည့်လျှံသည့်အပြင်စောင်းတန်းအတွင်းနှင့် လမ်းပေါ်များကပင်နေကြ၍ ကြိုးကြိုးစားစား နာကြားကြလေသည်။

## မှတ်တမ်းတင် ဓာတ်ပုံနှင့် ညပွေးပန်း ထိကရုန်းတို့ အကြောင်း

ပြာသိုလဆန်း ၄-ရက်နေ့၊ နံနက် ၉-နာရီ၌ ရန်အောင် သာသနာ့ရိပ်သာဝယ် ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး အမှူးရှိသော သံဃာတော်များအား ဟာရားပွဲကျင်းပရေး ဦးစီးအဖွဲ့က မှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးယူသည်၊ ဤလိုရိုပ်သာဖွင့်ပွဲ၌ သမိုင်းဝင်မည့်သာသနာပြုမှတ်တမ်းတင်ဓာတ်ပုံကို ရိုက်သင့်ရိုက်ထိုက်သည်၊ ဤလိုဓာတ်ပုံရိုက်ရန် အမှတ်ရသူများကိုလည်း ကျေးဇူးတင်ရမည်သာတည်း။

နေ့ဆွမ်း စားပြီးချိန်၌ ဆရာတော်ဘုရားကြီး ရေချိုးတော်မူ၏၊ ရေချိုးအိမ်အနီး၌ အငြိမ်းစား ဗိုလ်ကြီးသန်းမောင်၊ အရှင်ကေလာသနှင့် စာရေးသူတို့ ရှိကြလေသည်။

“ဒီပန်းက အတော်ဆန်းတယ်၊ နေ့မှာမမွှေးဘဲ ညကျမှ မွှေးတယ်”

ရေချိုးအိမ်အနီးရှိ ညမွှေးပန်းပင်ကိုကြည့်ယင်း အရှင် ကေလာသက ဤသို့ အမိန့်ရှိသည်။

“ဟုတ်တယ်ဘုရား- ဒီပန်းမွှေးကြိုင်ချိန်မှာ ရှေးက ရှင်ဘုရင်တွေ မိဖုရားတွေ အဆောင်တော်ကို ကူးကြလို့ ဆောင်တော်ကူးပန်းလို့တောင် ခေါ်တွင်ခဲ့ကြတယ်” အရှင် ကေလာသ၏အဆိုအမိန့်ကို ဒကာ ဦးသန်းမောင်က ဤသို့ ထောက်ခံလိုက်ပြန်သည်။

"ညမွှေးပန်းဆန်းသလို ထိကရုန်းပင်ကလဲထူးတယ်၊ ထိကရုန်းပင်ဟာ သူ့ထိလိုက်ယင် တခါထဲ တွန့်ဆုပ်ကုပ်သွားတာပဲ"

စာရေးသူက ညမွှေးပန်း ဆန်းပုံနှင့် ပတ်သက်ပြီး ထိကရုန်း ထူးပုံကိုပါ ပြောလိုက်သည်။

"ဟုတ်တယ်- ထိကရုန်းက အသက်လဲပြင်းတယ်၊ ဘယ်လိုဖြတ်တောက်ပြီး လွှင့်ပစ်ပေမဲ့လဲ မြေပေါ်ရောက်လို့ ရေနဲ့တွေ့ယင် ပြန်ရှင်လာတယ်၊ သူ့ထိလိုက်ယင် ရှုန်းသွားပုံကလဲ ဟန်ဆောင် မာယာလုပ်သလိုပဲ"

ဆရာတော် ဘုရားကြီးကသည်း တပည့်များနှင့်အတူ ဝင်ရောက်ဆွေးနွေးယင်း အမိန့်ရှိပါသည်။

"မှန်ပါ- ထိကရုန်းဟာ ဘာ့ကြောင့် သူ့ကိုထိလိုက်ယင် ရှုန်းသွားရတယ်၊ ညမွှေးပန်းဟာ ဘာကြောင့် ညကျမှ မွှေးရတယ်- ဆိုတာကို ရုက္ခဗေဒပညာရှင်တွေဟာ သုတေသနပြုကြဖို့ကောင်းပါတယ် ဘုရား" ဟု စာရေးသူက ထင်မြင်ချက်ကို လျှောက်ထားသည်။

"ညမွှေးပန်း ညကျမှ မွှေးတာကတော့ အပူငွေ့နှင့် နေရောင်ခြည်ကိုကြောက်လို့ အေးပြီး လသာတဲ့ညနှင့် မှောင်တဲ့ညများမှာမှ မွှေးတယ်လို့ယူဆနိုင်ပါတယ်" ဟု ဆရာတော်ဘုရားကြီးက မိန့်တော်မူပါသေးသည်။

ဆရာတော်ဘုရားကြီး၏ တပည့်များနှင့် ဆက်ဆံပုံသည် မလျော့မတင်း တည်ကြည်ခြင်း ရှေ့ထား၍ ဆက်ဆံတော်မူ

သည်။ ထို့ကြောင့် တပည့်များက ဆရာတော် ဘုရားကြီးအား မြတ်နိုးလေးစား အားထားကြသည်။

## ဒုတိယည တရားပွဲ

ညနေ ၄-နာရီကျော်ကျော်၌ ဆရာလေး ဒေါ်ဂုဏဝါက သူ့ရိပ်သာကို ကြွပါဦးဟုပင့်သောကြောင့် ဝက်လက်ဆရာတော်နှင့်အတူ ဦးစုပါခေါ်၍ သွားလိုက်ကြရသေးသည်။ ရောက်သော် ဆက်ကပ်သော လိမ္မော်ရည်များကို ဘုဉ်းပေးကြပြီးနောက် သူ့ရိပ်သာအကြောင်းကို ဆွေးနွေးမေးမြန်းကြသည်။

"တပည့်တော်မသည် ၁၃၁၅ ခု၊ ရန်ကုန် ဒေါ်ဥာဏစာရီ တိုက်မှာ စာသင်စဉ်ကပင် စာဝါ အားလပ်ချိန်မှာ သာသနာ့ရိပ်သာကို သွားသွားပြီး တရားအားထုတ်ခဲ့ပါတယ်၊ အကြိမ်ကြိမ်ပါပဲ။

ဒီရိပ်သာကို ဆရာကြီး ဒေါ်ဝိစာရီက လှန်ခဲ့တဲ့ အနှစ် ၂၀-လောက်ကပင် တည်ထောင်ခဲ့ပါတယ်။ ဆရာကြီး ကွယ်လွန်တော့ ၁၃၂၉-ခုနှစ်မှာ တပည့်တော်မက ဒီရိပ်သာကို ဆက်လက် သာသနာပြုနေရပါတယ်။ ဥာဏ်စဉ်နာခါနီးအထိ အားထုတ်သူ ၁၅-ယောက်ခန့်နှင့် ဥပုသ်သည် ယောဂီ၊ တနင်္ဂနွေ ယောဂီများလဲ ပေါ်ပေါက်ခဲ့ပါပြီဘုရား။

ဤသို့လျှင် မဟာစည် သာသနာ့ရိပ်သာ (မြဂဝေသီကမ္မဋ္ဌာန်းကျောင်းတိုက်)၌ ယခုလက်ရှိ သာသနာပြုနေသော ဒေါ်ဂုဏဝါက လျှောက်ထားပါသည်၊ ရိပ်သာဆိုသော်လည်း

လူသုံးလေးဆယ် နေနိုင်သော ၂-ထပ်ကျောင်းကြီးနှင့် အခြား ဇရပ် ၂-ဆောင်မျှသာရှိပါသည်၊ သူလည်း အစွမ်းရှိသမျှ ကြိုး ကြိုးစားစားသာသနာပြုနေသည်ကို ချီးကျူးစရာပင်၊ မအူပင်မြို့ အမျိုးသမီးများဖက်က မဟာသတိပဋ္ဌာန်ဝိပဿနာ တရားအား ထူတ်ရေးနှင့် ပတ်သက်၍ အားထားမှီခိုစရာဋ္ဌာနကောင်းတခုပင် တည်း၊ ထို့နောက် ရန်အောင်ရိပ်သာသို့ ပြန်ခဲ့ကြသည်။

ညနေ ၅-နာရီ၌ မအူပင်မြို့ ပြည်သူ့ဆေးရုံကြီး ဆရာဝန် ကြီးက ဆရာတော်ဘုရားကြီးအမှူးရှိသော သာသနာပြု သံဃာ တော်များနှင့် ဝေယျာဝစ္စဆောင်များအား ကျန်းမာရေး စစ် ဆေးသည်၊ဆေးထိုးပေးသင့်လျှင် ထိုးသည်၊ ဆေးတိုက်သင့်လျှင် တိုက်သည်၊ တရားပွဲကျင်းပရေး ဦးစီးအပွဲ၏ အစီအစဉ်အရ ဗီဝိတဒါနပြုခြင်းပင်။

စာရေးသူကို စစ်ဆေးရာ အပူရှိန်(ဖျားသေး) ၁၀၀-ရှိသည် ဟု၏၊ ဆေးတလုံးထိုးပေး၏၊ အပူကျ ဆေးလုံးများကိုလည်း ပေးသွားသေး၏၊တကြိမ်လျှင် ၁-လုံးကျ တနေ့၃-ကြိမ်သောက် ရမည်၊ နွားနို့ကော်ဖီနှင့် ဘိလပ်ရည်မှအပ ဆွမ်းစသည် မစား ရန်လည်း ညွှန်ကြားသွားသေးသည်။

"ဟိုဟိုသည်သည် လျှောက်မလယ်ရန်လည်း ညွှန်ကြားခဲ့ပါ ဆရာဝန်ဒကာကြီးရဲ့" ဟု အရှင်ကေလာသက ပြုံးစနဲ့နဲ့ မျက်နှာ ထားဖြင့် ဆရာဝန်ကြီးအား ပြောလိုက်သေး၏၊ ဆရာဝန်ကြီးက လည်းပြန်၍ပြုံးပြခြင်းဖြင့် အဖြေပေးသွား၏၊ အကြောင်းမှာ စာရေးသူ၏ မြို့တွင်းလေ့လာရေးခရီးကို သိကြသောကြောင့် ဘည်း။

ည ၇-နာရီ၌ စာရေးသူက "သံယောဇဉ်ဖြတ်ရန် မဟာသတိပဋ္ဌာန်တရားတော်"ကိုဟောကြား၏ ဆရာတော်ဘုရားကြီးက "ဝိပဿနာ အခြေခံတရားတော်ကြီး" ကိုပင် ဆက်လက်ဟောကြားတော်မူ၏။

စာရေးသူ ရှေ့ပိုင်း ၁-နာရီဟော၍ တရားသိမ်းချိန်၌ နောက်ဆုံးဂါထာအရွတ်မှာ အသံဝင်သွားသေးသည်၊ သို့သော် တရားဟောမပျက်၍ တော်ပါသေးသည်၊ အအေးမိသော အဖျားရှိန်ကြောင့်ထင်၏။

## ဒုတိယမှိုမြို့တွင်းလှည့်လာရေးခရီး

ပြာသိုလဆန်း ၅-ရက်နေ့၊ နေ့ဆွမ်းကိစ္စပြီးလျှင် စာရေးသူနှင့် ဝက်လက်ဆရာတော် ပုသိမ်ဦးစတို့သည် မြို့တွင်းသို့ လှည့်လာရေးခရီးထွက်ခဲ့ကြပြန်သည်။

ရှေးဦးစွာ မြို့လယ်ကျောင်းတိုက်နှင့် မြို့လယ် ရုပ်ပွားတော်ကြီးကို ဖူးမျှော်လှည့်လာခဲ့ကြပါသည်၊ ရုပ်ပွားတော်ကြီးမှာ မဟာဗောဓိရုပ်ပွားတော်ထက် ဥဏှာတော်မြင့်မားသည်။

"၁၂၇ဂ-ခုနှစ်တွင် တည်ထားပြီးစီးသည်၊ မဟာအတုလသကျသီဟ ချမ်းသာကြီးဘုရား၊ မြို့လယ်ရုပ်၊ မအူပင်မြို့"ဟု ကမ္ပည်းထိုးထားသည်၊ ထို့နောက် ကမ်းနားလမ်း၊ မြို့မဈေးကြီး၊ လွတ်လပ်ရေးကျောက်တိုင်၊ ဆေးရုံကြီး၊ ရုံးပေါင်းစုံ၊ သစ်စက်၊ ဆန်စက်၊ မီးစက်၊ နေ့ကလေးထိန်းကျောင်း၊အထက၊ မင်းကျောင်းစသည်တို့သို့လည်း ရောက်ခဲ့ကြလေသည်။

## မြန်မာ့စွယ်စုံကျမ်းလာ မအူပင်မြို့အကြောင်း

ဤနေရာ၌ အလျဉ်းသင့်သဖြင့်မြန်မာ့စွယ်စုံကျမ်း အတွဲ ၉-မှ မအူပင်မြို့အကြောင်းကို ထုတ်နှုတ်ဖော်ပြပါဦးမည်။

မအူပင်မြို့သည် ဧရာဝတီတိုင်းတွင် ပါဝင်သော မအူပင်ခရိုင်၊ မအူပင်မြို့နယ်တို့၏ ရုံးစိုက်မြို့ဖြစ်သည်၊ ဧရာဝတီမြစ်ဝကျွန်းပေါ်တွင် တိုးမြစ်၏ လက်ျာဖက်ကမ်းပေါ်၌ တည်ရှိ၍ ရန်ကုန်မြို့မှ ၄၆-မိုင်မျှသာ ဝေးသောကြောင့် ရန်ကုန် နေ့ချင်းပြန် ခရီးပေါက်ရကား အသင်းအဖွဲ့များသည် ရန်ကုန်မှ မအူပင်မြို့သို့ အပန်းဖြေ နေ့ချင်းပြန် ပျော်ပွဲစားယင်း ခရီးအဖြစ် တပျော်တပါး သွားလာတတ်ကြပေသည်။

မအူပင်မြို့သည် ခရိုင်ဝန်ရုံးစိုက်သော မြို့ဖြစ်သည့်အလျောက် ခရိုင်အုပ်ချုပ်ရေးအရာရှိကြီးများ၏ ရုံးများ၊ ဆေးရုံ၊ အထက်တန်းကျောင်းများနှင့် အကျဉ်းထောင် စသည်တို့ တည်ရှိသည်၊ မအူပင်မြို့၏ မြူနီစီပါယ် အုပ်ချုပ်ရေးကို ခရစ် ၁၈၈၈-ခုနှစ်တွင် စတင်ခဲ့၍ မြို့ရွာသန့်ရှင်း စည်ပင်ရေးကို ဆောင်ရွက်ခဲ့သည်၊

မအူပင်ဆိပ်ကမ်းတွင်များသောအားဖြင့် မြစ်ဝကျွန်းပေါ်ရှိ မြို့ကြီးများသို့သွားသော သင်္ဘောများသည်၎င်း၊ မန္တလေးသို့ သွားသောသင်္ဘောများသည်၎င်း၊ ဆိုက်ကပ်သောကြောင့် စည်ကားသော ဆိပ်ကမ်းမြို့ဖြစ်သည်။

မအူပင်မြို့မှ ငှက်ပျောသီး သင်္ဘောသီးစသည့် ဟင်းသီးဟင်းရွက်များနှင့် ပုဇွန် ငါးသလောက်ဝသည့် ဘားငါးများကို

ရန်ကုန်သို့ တင်ပို့ရောင်းချ၏၊ ဆန်စပါးလုပ်ငန်းနှင့် ငါးပိငါးခြောက် လုပ်ငန်းလည်း ထွန်းကား၏၊ သို့သော် ရှေးကတည်းက ပင် မအူပင်မြို့သည် 'ခြင်'ပေါသည်ဟု နာမည်ရသော မြို့ဖြစ်၏။

မအူပင်မြို့မှ ခရိုင်အတွင်းရှိ မြို့များသို့ သွားလာရာတွင် ရေလမ်းကို အားကိုးရ၏၊ မအူပင်မှ အနောက်ဖက် ၉-မိုင်ကွာဝေးသည့် ရေလဲကလေးရွာသို့ ကျောက်ခင်းလမ်းရှိ၏။

မအူပင်မြို့၏လူဦးရေမှာ ၁၉၆၂-ခုနှစ် ခန့်မှန်းသန်းကောင်စာရင်းအရ ၂၄၂၄၁ဖြစ်၏၊ ဗုဒ္ဓဝါဒီ မြန်မာလူမျိုးများမှာ အများစုဖြစ်သည်၊ မအူပင်မြို့တွင် ထင်ရှားသောဘုရားမှာ ရွှေဘုန်းမြင့်စေတီဖြစ်၏။

မအူပင်မြို့သည် ရှေးအခါက တံငါရွာကလေးမျှသာဖြစ်၏၊ ခရစ် ၁၈၇၆-ခုနှစ်တွင် မအူပင်ကို သုံးခွခရိုင်၏ ရုံးစိုက်မြို့အဖြစ် ရွေးချယ်လိုက်သည်၊ ၁၉၀၃-ခုနှစ်တွင် ခရိုင်နယ်ပယ်များ ပြန်လည်ဖွဲ့စည်း၍ သုံးခွခရိုင် မအူပင်ခရိုင်ဟု အမည်ပြောင်းလိုက်သောအခါ မအူပင်ခရိုင်၏ ရုံးစိုက်ရာမြို့ဖြစ်လာသည်၊ ထို့နောက် မြို့သည်လည်း တဖြေးဖြေး စည်ကားတိုးတက်လာခဲ့၏။

မအူပင်မြို့ဟု အမည်တွင်ရခြင်း အကြောင်းမှာ မြို့တွင်းရှိ မအူပင်ကို အစွဲပြု၍ ခေါ်ခြင်းဖြစ်သည်ဟုဆို၏။ ထိုအပင်သည် ရှေးဂျင်မခါနာ ကလပ်အနီးတွင်ရှိ၏၊ မူရင်းအပင်မှာ သြောင်ပင်တပင်က မြိုလိုက်သောကြောင့် သေသွားခဲ့၏။ သို့သော် ၁၉၁၀-ပြည့်နှစ်တွင် ထိုစဉ်က အရေးပိုင်ဖြစ်သော မေဂျာအေ

အကံ(စ) ရေးဗက်က ထိုအပင်ဟောင်းအနီးတွင် မအုပင်သစ် တပင်ကိုထပ်၍ စိုက်စေသည်၊ ထိုမအုပင်၏ အရိပ်အောက်တွင် မြို့စောင့်နတ်ကွန်းရှိလေသည်။ "ဤကား ဝွယ်စုံကျမ်း၏ အဆိုတည်း"

## ဦးအောင်သိန်းနှင့် ဦးဗဆွေ

ရိပ်သာပြန်ရောက်သော် လူပြန်တော် ဦးတင်ရွှေ၏ မိတ်ဆက်ပေးချက်အရ ဦးအောင်သိန်း ဦးဗဆွေတို့နှင့် တွေ့ရသည်၊

ဦးအောင်သိန်းကား အောင်သိန်း အောင်ငြိမ်း ဆပ်ပြာစက်ပိုင်ရှင်ဖြစ်သည်၊ ပအုပင်မြို့ ဗုဒ္ဓသာသနာတော် ထွန်းကားရေးအတွက် စိတ်ပါဝင်စားစွာ အားပေးနေသူ သာသနရက္ခိတ အသင်းကြီး၏ အတွင်းရေးမှူးဖြစ်သည်၊ ယခုလည်း သူက စာရေးသူနှင့် ဝက်လက်ဆရာတော်အား "စစ်ကိုင်းတောင်ရိုးက-ရွှေဟင်္သာ ဆရာတော်၏ ကာယာနုပဿနာကျမ်းနှင့် ပခန်းကျော်၏- ပခန်းကြီးအကြောင်း သိကောင်းစရာ၊ ဩကာသ အလင်းပြကျမ်း၊ ပေါ်တော်မူ ရွှေဘုန်းမြင့် ကျောက်စာသာမိုင်း" စာအုပ်များကို လှူဒါန်းလိုက်သေး၏။

ဦးဗဆွေဟူသည် ပခန်းကျော်ပင်ဖြစ်၏၊ သူ့အကြောင်းကို ပခန်းကြီးအကြောင်း သိကောင်းစရာ ကျမ်းနိဒါန်း၌ ပခုက္ကူ အရှင်ကေသရက—

"ဤစာအုပ်ကို ရေးသားတင်ဆက်သူ ပခန်းကျော် အမည်ခံ ပဏ္ဍာလာ ဦးဗဆွေသည် ပခုက္ကူခရိုင်ရေစကြိုမြို့နယ် ရှေးအခေါ်

ပခန်းကြီးမြို့ အနောက်လက် ကောင်းစဉ် ကျေးရွာတွင် ဦးကျော်လှ-ဒေါ်သင်းထုံတို့မှ ဖွားမြင်သော သားကောင်းရတနာ တယောက် ဖြစ်ပါသည်။

ပခန်းရိပ် မကင်းပုံကား၊ ပခန်းကျော်၏ မိဖများသည် ကောင်းစဉ်ရွာဌရင်း၊ ပခုက္ကူဌရင်း၊ နေထိုင်ခဲ့ဘူးပါသည်၊ ယခုလည်း ပခုက္ကူမြို့၌ အခြေစိုက်နေသူများဖြစ်သည်။

ပခန်းကျော်သည် ညောင်လေးပင်မြို့ ဒက္ခိဏာရာမတောင်ကျောင်းဆရာတော် ဘုရားကြီး ဦးကေသရ၊ဥတ္တရာ ရာမမြောက်ကျောင်းဆရာတော်နှင့် မအူပင်ခရိုင် မှန်ပင်ကျောင်းကြီး ဆရာတော် ဦးသုမနတို့ကို ဦးထိပ်ထား၍ သာသနာတော်တွင် ရဟန်းဘဝဖြင့် ပရိယတ္တိ စာပေတို့ကို သင်ကြားတတ်မြောက်၏။

ရဟန်းဘဝတွင် စာပေသင်ကြားခဲ့၍ မိမိကိုယ်တိုင် ဂါထာပါဠိ စီကုံးရေးသားခဲ့၍ သာယာနာပျော်ဖွယ်ရာ လင်္ကာများဖြင့် တရားဟောသော ဓမ္မကထိကအဖြစ်ဖြင့် ထင်ရှားကျော်ကြားခဲ့ပါသည်။

နောက်တွင် သာသနာ့ဘောင်၌ မပျော်၍ လူဝတ်လဲကာ မအူပင်မြို့၌ နေထိုင်ခဲ့ပါသည်၊ယခင်အချိန်ကဗုဒ္ဓဘာသာလူများစုအတွက် "ဩကာသ အလင်းပြကျမ်း"ကို ရေးသားပြုစုခဲ့ဘူးသည်"ဟု ဖေါ်ပြထားလေသည်။

"မင်္ဂလာ· ဦးဗဆွေဆိုတဲ့ နာမည်ကတော့ ဘယ်လိုလဲ ဒကာကြီးရဲ့"ဟု စာရေးသူကမေး၏။

"ရဟန်းဘဝတုန်းက "ဦးမင်္ဂလာသီရိ"လို့ ဘွဲ့မည် ရှိခဲ့ပါ တယ်၊ လူအမည်က ဗဆွေ-အဲဒီ ၂-မည်ကိုပေါင်းပြီး "မင်္ဂလာ ဦးဗဆွေ"လို့ တွင်နဲ့ပါတယ်ဘုရား။

"အခု ဘာစာတွေ ရေးနေပါသလဲ"

"ယခု ဒီပေါ်တော်မူ ရွှေဘုန်းမြင့် ဘုရားသမိုင်းသစ်နှင့် မအူပင်မြို့သမိုင်းကိုရေးရန် ရှာဖွေစုဆောင်း နေပါတယ်ဘုရား"

"အဲဒီစာအုပ်က ဘယ်တော့လောက် ထွက်မလဲ"

"မအူပင်မြို့ရဲ့ ရာပြည့်ပွဲမီလောက် ထွက်နိုင်အောင် စီစဉ်နေ ပါတယ်ဘုရား"

"ရာပြည့်ပွဲက ဘယ်တော့တုန်း"

"မအူပင်ရွာမှသည် မြို့ဖြစ်တာက ခရစ် ၁၈၇၆-ခုနှစ်ဆိုတော့ လာမည့်ခရစ်နှစ် ၁၉၇၆- ခုနှစ်ပေါ့ ဘုရား"

မအူပင်မြို့နှင့် နယ်မှထင်ရှားခဲ့သူများ

"ဒီမအူပင်မြို့နှင့်နယ်မှ ပေါ်ပေါက်ခဲ့ကြတဲ့ထင်ရှားသူများ ကို ပြောပြစမ်းပါဦး"

"တပည့်တော် သိသမျှ ရဟန်းဖက်ကဆိုယင်- မအူပင်မြို့ အဂ္ဂ မဟာပဏ္ဍိတ မြို့လယ်ကျောင်းတိုက် ဆရာတော်ဘုရားကြီး၊ မအူ ပင်မြို့နယ် ပန်တပွတ်ရွာဇာတိ၊ မန္တလေးမြို့ ဘုရားကြီးတိုက် အဂ္ဂမဟာပဏ္ဍိတ ဟံသာဝတီ ဆရာတော်ဘုရားကြီး၊ မအူပင်မြို့ နှင့် ၉-မိုင်ကွာ ရေလဲကလေးရွာ ဇာတိ ဝဇီရဗုဒ္ဓိ ပဥ္စာဒ္ဓိကာ၊

ဆန္ဒောသာရတ္ထမေဒိနီ၊ စတဲ့ ကျမ်းများကိုပြုစုတဲ့ ဓမ္မိကာရုံ ဆရာတော်၊ မအူပင်မြို့ သုဓမ္မသုခစာရိကျောင်း ဆရာတော်၊ ဗုဒ္ဓဓမ္မကလောင်ရှင် မအူပင် ဦးသုန္ဒရ- စသည့်တို့ပါပဲဘုရား။

လူဘက်ကတော့ မအူပင်ခရိုင် ပန်းတနော်မြို့က ကမ္ဘာ့ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်၊ မအူပင်မြို့၊ မင်းလမ်းမှာ နေသွားတဲ့ ရုပ်ရှင်ဇာတ်လိုက်မင်းသား နာမည်ကျော် ခင်မောင်ရင်၊ မြို့အထက်ပိုင်းသား မောင်ဒီဒေါ်တင်ဆွေ၊ ပြီးတော့ ဘာဂျာ-ဘထွန်း၊ သရော်လှစိန်တို့လဲ မအူပင်သားတွေပါဘုရာ့၊ မအူပင်ခရားရိုးသား ဗန္ဓုလကျော်စိန်တို့၊ မအူပင်ကိုရုပ်သေးလာပြယင် ကြိုးဝင်ဆွဲလေ့ရှိတဲ့ ကြိုးဆွဲဝါသနာအိုး သူဌေး ကေဘာကြီးတို့လဲ မအူပင်သားတွေပါပဲဘုရား။

နောက်ပြီးတော့ စာရေးဆရာ မောင်နေဝင်း၊ ရုပ်ရှင် မင်းသမီး မြင့်မြင့်ဌေး၊ ဇင်မာဝင်းတို့အပြင် စာရေးဆရာ မအူပင်ဗဟိန်း၊ မအူပင် မြင့်ကျော်၊ လွင့်ကျော်၊ သုဝဏ္ဏကျော်စိန်၊ မိုးကျော် (လယ်ဝန် ဦးကျော်မင်း) တို့လဲမအူပင်သူ မအူပင်သားတွေပါဘဲဘုရား"

ဤသို့လျှင် ဦးဗဆွေနှင့် ဆွေးနွေးခွင့်ရခဲ့ပါသည်၊ ဦးဗဆွေကလည်း သူစုပြီးဆောင်းပြီးများကို စိတ်ရှေ့စွာလျှောက်ထားပါသည်။

## ၃—ညဟောခဲ့သော ဝိပဿနာ အခြေခံ တရားတော်

ယနေ့ညကပင် ဆရာတော်ဘုရားကြီးနှင့် နောက်ပါတပည့်

များသည် မဟာစည် သာသနာ့ရိပ်သာ (ဓမ္မဂဝေသီကျောင်း တိုက်) သို့ကြွရောက်၍လည်း အပူဇော်ခံကြရသည်၊ ဆရာတော် ဘုရားကြီးက ဪဝါဒတရားကိုလည်း ချီးမြှင့်တော် မူခဲ့သေး သည်။

ထို့နောက် ဂိလာန ကိုရင်ကြီး တပါးထံသို့လည်း ကြွရောက်၍ တရားချီးမြှင့်တော် မူရသေးသည်၊ ဤ၂-ဌာနတို့သို့မှ စာရေး သူနှင့် ဝက်လက်ဆရာတော်တို့ မလိုက်ပါခဲ့ကြရပေ၊ အကြောင်း မှာ လေ့လာရေးခရီး လွန်နေကြသောကြောင့်ပင်။

ညဉ့် စာရေးသူက "သံယောဇဉ်ဖြတ်တရား"ကို အပြီးသတ် ဟောကြားလိုက်ရ၏၊ ဆရာတော် ဘုရားကြီးကလည်း ဝိပဿနာ အခြေခံတရားဘော်ကြီးကို အပြီးသတ် ဟောကြားတော်မူပေ သည်။

"ဝိပဿနာအခြေခံတရားတော်"

ဝိပဿနာရှုတာ ဝိပဿနာ တရားအားထုတ်တာကို ကောင်း တယ်လို့ ယခုနေအခါမှာ အထူးပြောဟောနေတို့ မလိုပါဘူး၊ ဒါပေမဲ့ တချို့က သမထကို ဝိပဿနာအနေနဲ့ ပြောဟောနေကြ တယ်၊ တချို့ကလဲဝိပဿနာအစစ်ကိုသမထလို့ဘဲထင်နေကြတယ်၊ ဘာမျှ မဟုတ်ဘူးလို့လဲ အချို့က ပြောဆိုနေကြတယ်၊ တချို့ ဟောတဲ့ ဝိပဿနာက စာသံပေသံ ပြောင်သော်လဲ တကယ် အားထုတ်ပြီး ကိုယ်တိုင်တွေ့သိဘို့ကျတော့ မဖြစ်နိုင်တဲ့လုပ်ငန်း တွေဖြစ်နေတယ်၊ ဒါကြောင့် တချို့ပုဂ္ဂိုလ်တွေမှာ ဝိပဿနာနဲ့

စပ်ပြီး မဝေခွဲနိုင်ဘဲရှိနေကြတယ်၊ ဒါကြောင့် ဒီကနေ့ဝိပဿနာ အကြောင်း ကောင်းကောင်း သဘောပေါက်သွားအောင် ဝိပဿနာ အခြေခံတရားကို ဟောရမယ်၊ ခုဟောမည့် ဝိပဿနာ အခြေခံတရားဟာ တိုတိုကလေးနဲ့လဲ ပြည့်စုံတယ်၊ ရှင်းလဲရှင်း ကောင်းလဲကောင်းတယ်။

## ဘာကိုဝိပဿနာရှုရသလဲ

ဒီတရားထဲမှာ ဝိပဿနာ၏ အခြေခံတွေကို လွယ်လွယ်ကူကူ နှင့် မှတ်သားထားရအောင် ခေါင်းစဉ် ဆောင်ပုဒ်ကလေးတွေ ပါ စီစဉ်ထားတယ်၊ ပထမခေါင်းစဉ် ဆောင်ပုဒ်က—

ဝိပဿနာ၊ ဉာဏ်ဆိုတာ၊ ဘယ်ဟာရှု၍ ဖြစ်သနည်းတဲ့။ ကဲ ဒီဆောင်ပုဒ်ကို ဆိုကြရမယ်။

ဝိပဿနာ၊ ဉာဏ်ဆိုတာ၊ ဘယ်ဟာရှု၍ ဖြစ်သနည်း။ (ဆို- ၃ ခေါက်)။

“ဝိပဿနာ ဉာဏ်ဆိုတာဟာ ဘယ်လိုဟာကို ရှုရသလဲ၊ ဘယ်လိုဟာကိုရှုပြီးတော့ ဝိပဿနာ ဉာဏ်ဖြစ်သလဲ”လို့ မေးခွန်း က မေးသွားတယ်၊ ဒီအချက်ဟာ အင်မတန် အရေးကြီးပါတယ်၊ ဘာကြောင့်လဲဆိုတော့—

## သမထ ကမ္မဋ္ဌာန်း(၄၀)

“ကမ္မဋ္ဌာန်း ဘာဝနာအနေနှင့် ရှုတယ်” ဆိုတာက သမာဓိ ဖြစ်အောင်လို့ ရှုတာကတမျိုး၊ ဝိပဿနာ ဉာဏ်ဖြစ်အောင်လို့

ရှုတာကတမျိုး၊ ဒီလိုနှစ်မျိုးရှိတယ်၊ ပထဝီမြေကသိုဏ်း၊ အာပေါ ရေကသိုဏ်း၊ တေဇောမီးကသိုဏ်း၊ ဝါယောလေကသိုဏ်း၊ အစရှိတဲ့ကသိုဏ်း (၁၀) မျိုးကိုရှုယင် သမာဓိသာဖြစ်တယ်၊ အဲဒါဟာ ဝိပဿနာမဟုတ်ဘူး။

ပြီးတော့ ဥဒ္ဓုမာတက ဖူးဖူးယောင်နေတဲ့ သူသေကောင် ကြီး၊ ဝိနီလက ညိုမဲနေတဲ့ သူသေကောင်ကြီး အစရှိတဲ့ အသုဘ အာရုံ (၁၀)မျိုးကို ရှုယင်လဲ သမာဓိသာဖြစ်တယ်၊ အဲဒါလဲ ဝိပဿနာ မဟုတ်ဘူး။

ပြီးတော့ အနုဿတိ (၁၀)ပါးထဲက ဗုဒ္ဓါနုဿတိ မြတ်စွာ ဘုရား၏ ဂုဏ်တော်တွေကို နှလုံးသွင်း ဆင်ခြင်တာ၊ ဓမ္မာနုဿတိ တရားတော်၏ ဂုဏ်တော်တွေကို နှလုံးသွင်းဆင်ခြင်တာ၊ သံဃာ နုဿတိ၊ သံဃာတော်၏ ဂုဏ်တော်တွေကို နှလုံးသွင်းဆင်ခြင် တာ၊ သီလာနုဿတိ၊ မိမိ၏သီလဂုဏ်ကို နှလုံးသွင်းဆင်ခြင်တာ၊ စာဂါနုဿတိ၊ မိမိစွန့်ကြဲပေးလှူဘူးတဲ့ ဒါနဂုဏ်ကို နှလုံးသွင်း ဆင်ခြင်တာ၊ ဒေဝတာ နုဿသိ၊ နတ်တို့၏ သဒ္ဓါသီလစသော ဂုဏ်နှင့် ဥပမာပြုပြီးတော့ မိမိ၏သဒ္ဓါသီလစသော ဂုဏ်တွေကို နှလုံးသွင်းဆင်ခြင်တာ၊ ဥပသမာနုဿတိ နိဗ္ဗာန်၏ဂုဏ်ကို နှလုံး သွင်းဆင်ခြင်တာ၊ မရဏာနုဿတိ၊ သေခြင်းတရား သေခြင်း အကြောင်းကို နှလုံးသွင်းဆင်ခြင်တာ၊ ဒါတွေဟာသမာဓိဖြစ်တဲ့ အလုပ်တွေဘဲ၊ ဝိပဿနာဥာဏ်ဖြစ်တဲ့ အလုပ်မဟုတ်ဘူး။

ပြီးတော့ ကာယဂတာသတိ ဆံပင်၊ မွေးညှင်း၊ ခြေသည်း၊ လက်သည်း၊သွား၊အရေ၊အသား၊အကြော၊အရိုး၊ရိုးတွင်းခြင်ဆီ၊

အညွှိစသည်ဖြင့် ကိုယ်ထဲမှာရှိနေတဲ့ (၃၂)မျိုးသော အဘို့အစုတွေကို နှလုံးသွင်း ဆင်ခြင်ပြီး ရှုနေတာလဲ သမာဓိဖြစ်တဲ့အလုပ်ဘဲ၊ ဝိပဿနာဉာဏ်ဖြစ်တဲ့ အလုပ်မဟုတ်ဘူး။

ပြီးတော့ ထွက်သက်ဝင်သက်ကိုရှုတဲ့ အာနာပါနသတိဆိုတာလဲ သမာဓိ ကမ္မဋ္ဌာန်းဘဲ၊ သို့ပေမယ့် ဒီအာနာပါနကမ္မဋ္ဌာန်းမှာတော့ ဝိပဿနာဉာဏ်ဖြစ်အောင် ရှုတဲ့နည်းလဲ ရှိပါတယ်၊ ဒါပေမယ့် ဝိသုဒ္ဓိမဂ်က သမာဓိကမ္မဋ္ဌာန်းထဲမှာ ပြထားလို့ ဒီမှာလဲ သမာဓိကမ္မဋ္ဌာန်းလို့ အမည် ပေးလိုက်ရဘာဘဲ။

ပြီးတော့ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုတဲ့ ဗြဟ္မဝိဟာရ ကမ္မဋ္ဌာန်းက (၄)ပါး၊ အရူပ ဈာန်တွေကို ရအောင် အားထုတ်ရတဲ့ အရူပ ကမ္မဋ္ဌာန်းက (၄)ပါး၊ ဒီ ၈-ပါးလဲ သမာဓိ ကမ္မဋ္ဌာန်းချည်းဘဲ။

ပြီးတော့ စားသောက်တဲ့အစာအာဟာရတွေကို စက်ဆုပ်ဖွယ်ထင်အောင် ဆင်ခြင်ရတာက အာဟာရေ ပဋိကူလသညာတဲ့၊ အဲဒါလဲ သမာဓိကမ္မဋ္ဌာန်းဘဲ။

ပြီးတော့ မိမိကိုယ်ထဲမှာရှိနေတဲ့ ဓာတ်(၄)ပါးကို ခွဲခြားပြီးရှုတာက စတုဓာတုဝဝတ္ထာန်ကမ္မဋ္ဌာန်းတဲ့၊ ဒါကတော့ သမာဓိကမ္မဋ္ဌာန်း ဖြစ်ပေမယ်လို့ ဝိပဿနာ၏ အခြေခံ ဖြစ်တဲ့အတွက်ဝိပဿနာနှင့်လဲ ဆိုင်ပါတယ်။

အဲ ယခုပြောခဲ့တာတွေဟာ အရေအတွက်အားဖြင့် အမျိုးပေါင်း (၄၀)ရှိပါတယ်၊ သမာဓိ ကမ္မဋ္ဌာန်းတွေချည်းဘဲ၊ ဒါ

တွေထဲက ဝိပဿနာနှင့်ဆိုင်တဲ့ အာနာပါန တစိတ် တပိုင်းနဲ့ စတုဓာတုဝ ဝတ္ထာန်မှတပါး ကျန်တဲ့ ကမ္မဋ္ဌာန်း အာရုံတွေကို ရှုယင် သမာဓိသာဖြစ်တယ်၊ ဝိပဿနာတော့မဖြစ်ဘူး၊ဝိပဿနာ ဖြစ်စေချင်ယင် အဲဒီသမာဓိကို ထပ်ပြီးရှုမှ ဖြစ်နိုင်တယ်၊ ဒါ ကြောင့် ဝိပဿနာဉာဏ်ဖြစ်အောင် ဘယ်လို တရားတွေကို ရှုရ သလဲ-လို့ မေးခွန်းထုတ်ပြထားတာ။

ဝိပဿနာ၊ ဉာဏ်ဆိုတာ၊ ဘယ်ဟာရှု၍ ဖြစ်သနည်းတဲ့၊ ဒီ မေးခွန်းကို ယခုအဖြေပေးလိမ့်မယ်။

## စွဲလမ်းနိုင်တဲ့ ခန္ဓာငါးပါးကို ဝိပဿနာရှုရတယ်

စွဲလမ်းနိုင်ရာ၊ ငါးခန္ဓာ၊ မှန်စွာရှု၍ဖြစ်သတည်း။

အဲဒါက အဖြေဘဲ၊ စွဲလမ်းနိုင်တဲ့ ခန္ဓာငါးပါးကို အမှန် အတိုင်းရှုပြီးတော့ ဝိပဿနာဉာဏ်ဖြစ်ပါတယ်တဲ့၊ သတ္တဝါတို့၏ သန္တာန်မှာရှိတဲ့ လောကီရုပ်နာမ်တွေကို ပါဠိလို ဥပါဒါနက္ခန္ဓ လို့ခေါ်တယ်၊ အဲဒါကိုဗမာလို ဥပါဒါနက္ခန္ဓာလို့ ဘာသာပြန် ဆိုထားကြတယ်၊ ဥပါဒါန်-က စွဲလမ်းတာ၊ ခန္ဓာ-ကတော့ ရုပ် နာမ်အစု၊ စွဲလမ်းနိုင်တဲ့ ရုပ်နာမ်အစုတရားတွေ-လို့ ဆိုတယ်၊ ဒါတွေကို ကာမုပါဒါန်ခေါ် တဏှာနဲ့လဲ သာယာပြီးစွဲလမ်း နိုင်တယ်၊ ဒိဋ္ဌုပါဒါန်ခေါ် ဒိဋ္ဌိနဲ့လဲ အထင်မှားပြီးတော့စွဲလမ်း နိုင်တယ်၊ ဒီလိုတဏှာဒိဋ္ဌိနဲ့ စွဲလမ်းနိုင်တဲ့ ခန္ဓာငါးပါး တရား တွေကို အမှန်အတိုင်းသိအောင် ရှုရတယ်၊ အဲဒါတွေကိုမရှုလို့ အမှန်အတိုင်းမသိယင် တဏှာဒိဋ္ဌိနဲ့ စွဲလမ်းနိုင်တယ်၊ ရှုလို့

အမှန်အတိုင်း သိသွားယင်တော့ မစွဲလမ်းနိုင်ဘူး၊ အစွဲအလမ်း ကင်းသွားတယ်၊ ဒါကြောင့် မစွဲလမ်းနိုင်အောင် အစွဲအလမ်း ကင်းအောင်လို့ အဲဒါတွေကို အမှန်အတိုင်းသိဘို့ ရှုရတယ်၊ အဲဒါတွေကို အမှန်အတိုင်း ရှုသိပြီးတော့ ဝိပဿနာဉာဏ် ဖြစ် ပါတယ်တဲ့။

ဝိပဿနာရှုစရာ စွဲလမ်းနိုင်တဲ့ခန္ဓာငါးပါး-ဆိုတာ ရူပက္ခန္ဓာ, ဝေဒနက္ခန္ဓာ, သညက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ ဆိုတဲ့ ခန္ဓာငါးပါးပါဘဲ၊ ဒီခန္ဓာငါးပါးဆိုတဲ့ အမည်ကတော့ ဗမာ ပြည်မှာ လူတိုင်းလိုလို နှုတ်တက်နေတာပါ၊ အဲဒီ ခန္ဓာငါးပါး တွေကိုအမှန်အတိုင်းသိအောင် ရှုရမယ်၊ဒါကိုရှုပြီး အမှန်အတိုင်း သိယင် ဝိပဿနာဉာဏ် ဖြစ်တယ်၊ အဲဒီ ခန္ဓာငါးပါးတွေကို ဝိပဿနာ မရှုယင်တော့ ဥပါဒါန်-လို့ခေါ်တဲ့ တဏှာနှင့်ဒိဋ္ဌိက စွဲလမ်းသွားတယ်၊ တဏှာက သာယာပြီးတော့ စွဲလမ်းတယ်၊ ဒိဋ္ဌိက အထင်မှားပြီးတော့ စွဲလမ်းတယ်။

အဲဒီ ဥပါဒါနက္ခန္ဓာတွေက ဘယ်ဟာတွေလဲဆိုယင် ယခု လူတွေ အမြဲမပြတ်တွေ့နေကြရတဲ့ တရားတွေပါဘဲ၊ တခြား သွားပြီးတော့ ရှာယူရမည့် တရားတွေမဟုတ်ပါဘူး၊ ကိုယ့်ကိုယ် ထဲမှာ ထင်ရှားတွေ့နေရတာတွေပါဘဲ၊ ဘယ်လိုလဲဆိုယင် မြင် ရတဲ့အခါမှာ မြင်ရာက ထင်ရှားတွေ့ရတယ်၊ ကြားတဲ့အခါမှာ ကြားရာက တွေ့ရတယ်၊ အနံ့နံတဲ့ အခါမှာ နံရာကတွေ့ရတယ်၊ အရသာကို စားသိရာမှာလဲ အဲဒီစားသိရာကတွေ့ရတယ်၊ ကိုယ်က

ဘွေ့ထိတဲ့အခါမှာ တွေ့ထိရာက တွေ့ရတယ်၊ စိတ်ကူး စဉ်းစား ကြံစည်တဲ့အခါမှာ ကြံသိရာက တွေ့ရတယ်။

တွေ့ထိရာက ခန္ဓာငါးပါး ဖြစ်ပုံနှင့်စပ်ပြီး ယခု လက်ခြေ ကွေးခိုက်မှာ ခန္ဓာငါးပါးဖြစ်ပုံကို ပြောပြမယ်၊ တွေးတဲ့အခါ မှာ တွေးမယ်ကြံတဲ့ စိတ်ကလေးကစပြီး ဖြစ်လာတယ်၊ ပြီး တော့မှ တွေးတဲ့ရုပ်ကလေးတွေ တရွေ့ခြင်းတရွေ့ခြင်း ဖြစ်လာ တယ်၊ ဒီလိုကြံတဲ့နေရာမှာ တွေးမယ်ကြံတဲ့ စိတ်ထဲမှာ နာမ်ခန္ဓာ ၄-ပါး ပါဝင်တယ်၊ ပါဝင်ပုံကတော့ တွေးမယ်လို့ ကြံသိတဲ့ စိတ်က ဝိညာဏက္ခန္ဓာဘဲ၊ တွေးမယ် ကြံရမှာ ကောင်းတယ်, မကောင်းဘူး, မကောင်းမဆိုး ခပ်ရှိုးရှိုးဘဲ-လို့ ခံစားတာက ဝေဒ နက္ခန္ဓာဘဲ၊ မှတ်သားတာက သညက္ခန္ဓာဘဲ၊ တွေးဘို့ရာ စေ့ ဆော်တိုက် တွန်းပေးတဲ့သဘောက သင်္ခါရက္ခန္ဓာဘဲ၊ အဲဒီ ဝေ ဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ဆိုတဲ့ နာမ်ခန္ဓာ ၄-ပါးကြောင့် တရွေ့ခြင်း တရွေ့ခြင်း ရွေ့လျားတာက ရုပ်တရား ရူပက္ခန္ဓာဘဲ၊ ဒါလိုဘဲ မြင်မှုစသည်ဖြစ်ရာမှာလဲ ခန္ဓာငါးပါးတွေ ထင်ရှားဖြစ် တယ်၊ အဲဒီခန္ဓာငါးပါးတွေကို မရှုမှတ်ယင် တဏှာဒိဋ္ဌိနှင့် စွဲ လမ်းတယ်၊ အဲဒီခန္ဓာငါးပါးကို ဝိပဿနာရှုရတယ်။

## ဘယ်အကျိုးငှါ ဝိပဿနာရှုရသလဲ

ဒီတော့ မေးစရာတခုက ထင်ရှားပေါ်လာပြန်တယ်၊ အဲဒီ ဥပါဒါနက္ခန္ဓာတွေကို ရှုရတာဟာ ဘယ်အကျိုးရအောင် ရှုရ တာလဲ၊ ပြီးတော့ ကာလအားဖြင့် အတိတ်ကို ရှုရတာလား၊

အနာဂတ်ကို ရှုရတာလား၊ ပစ္စုပ္ပန်ကို ရှုရတာလား၊ ကာလ ၃-ပါးမှ အလွတ်ကာလဝိမုတ်ကိုရှုရတာလား၊ ဘယ်အခါ ရှုရတာလဲ-လို့ မေးစရာရှိပါတယ်၊ ဒါကြောင့် ဒီအချက်တွေကို သရုပ်ဖော်ရအောင်—

"ဘယ်အကျိုးငှါ၊ ထိုခန္ဓာ၊ ဘယ်ခါ ရှုရပါသနည်း" လို့ မေးခွန်းဆောင်ပုဒ် စီထားပါတယ်၊ အဲဒါကို ဆိုကြရမယ်။

ဘယ်အကျိုးငှါ၊ ထိုခန္ဓာ၊ ဘယ်ခါ ရှုရပါသနည်း။

(၃-ခေါက်ဆိုပါ)

ဒီဆောင်ပုဒ်ထဲမှာ "ဘယ်အကျိုးငှါ ရှုရပါသလဲ၊ ဘယ်အခါမှာ ရှုရပါသလဲဆိုတဲ့ အမေး ၂-ချက် ပါဝင်နေပါတယ်၊ ပဌမအမေးရဲ့အလိုက အဲဒီဥပါဒါနက္ခန္ဓာတွေကို ဝိပဿနာရှုတာဟာ လောက ကြီးပွားချမ်းသာရေး အတွက်လား၊ ရောဂါဝေဒနာ ပျောက်အောင်လို့ ရှုရတာလား၊ အကြားအမြင်ပေါက်အောင်လို့ ရှုရတာလား၊ ကောင်းကင်ပျံ မြေလျှိုးတန်ခိုးဣဒ္ဓိပါဒ်တွေနဲ့ ပြည့်စုံအောင်လို့ ရှုရတာလား၊ ဘယ်အကျိုးအတွက်လဲ-လို့ ဒီလို မေးလိုပါတယ်။

ဝိပဿနာရဲ့ ရည်ရွယ်ချက်ကတော့ ယခုဖော်ပြပြီးမေးခဲ့တဲ့ အကျိုးတွေကို မရည်ရွယ်ပါဘူး၊ ဒါပေမယ့် တချို့ပုဂ္ဂိုလ်တွေမှာ ဝိပဿနာရှုတာနဲ့ အကြီးအကျယ် ရောဂါ ဝေဒနာတွေ ပျောက်သွားတာလဲ ရှိပါတယ်၊ ဘုရားလက်ထက်တော် ကာလဆီကဆိုယင် ဝိပဿနာရှုတာနဲ့ မင်္ဂဖိုလ်ရောက်သွားတဲ့အခါမှာ

မဂ်ဖြင့်ပြီးတဲ့ အဘိညာဏ်တွေနဲ့ ပြည့်စုံသွားကြတာတွေလဲ ရှိခဲ့ကြပါတယ်၊ အဲဒီ အဘိညာဏ်ဖြင့် ပြည့်စုံတဲ့ ပုဂ္ဂိုလ်တွေမှာ ဒိဗ္ဗစက္ခု, ဒိဗ္ဗသောတအစွမ်းအားဖြင့် အကြားအမြင်လဲ ပေါက်နေပါတယ်၊ ဣဒ္ဓိဝိဓ အဘိညာဏ်အစွမ်းဖြင့် ကောင်းကင်ပျံ မြေလျှိုး တန်ခိုးဣဒ္ဓိပါဒ်တွေနဲ့လဲ ပြည့်စုံ နေပါတယ်၊ ယခု ကာလမှာလဲ ပါရမီထူးသူတွေမှာ အဲဒီလိုပြည့်စုံတယ်အကြောင်း တော့ ရှိပါတယ်၊ ဒါပေမယ့် ဝိပဿနာရဲ့ မူလရည်ရွယ်ချက်ကတော့ ယခုပြောခဲ့တဲ့အကျိုးတွေ မပါပါဘူး၊ မူလ ရည်ရွယ်ချက်ကိုတော့ အဖြေဆောင်ပုဒ်ကျတော့ ပြောပြပါမယ်။

## ဘယ်အခါ ရှုရသလဲ

ဒုတိယအမေးရဲ့ အလိုကတော့-ခုနင်က ပြောခဲ့တဲ့အတိုင်း ပါဘဲ၊ ဖြစ်ပြီးချုပ်ပြီ အတိတ်တရားဟောင်းတွေကို ပြန်လည်စဉ်စားပြီး ရှုရမှာလား၊ မဖြစ်သေးတဲ့ အနာဂတ်တရားတွေကို မြှော်တွေးပြီး ရှုရမှာလား၊ ဖြစ်ဆဲပစ္စုပ္ပန်တရားကို ရှုရမှာလား၊ တကယ်ဖြစ်ဘူးတာလဲမဟုတ်၊ ဖြစ်ဆဲလဲမဟုတ်၊ ဖြစ်လာဖို့လဲ မဟုတ်ပါဘဲလျက် စာပေကျမ်းဂန်အရ မှတ်သားထားဘူးတဲ့ ရုပ်နာမ်သဘောတရားတွေကို မှန်းဆတွေးတောပြီး ရှုရမှာလား လို့ ဆိုလိုပါတယ်၊ အဲဒီ အမေး ၂-ရပ်ကို-

"မစွဲဘိုရာ၊ ဖြစ်ဆဲမှာ၊ မှန်စွာရှုရပါသတည်း" လို့ ဖြေထားပါတယ်၊ အဲဒါကို ဆိုကြရမယ်။

## မစွဲဘိုရာ-ဖြစ်ဆဲမှာ-ရှုရတယ်

မစွဲဘိုရာ၊ ဖြစ်ဆဲမှာ၊ မှန်စွာရှုပါသတည်း။ (ဆိုပါ)

ဒီဆောင်ပုဒ်ထဲမှာ ဖြေရှင်းချက် ၂-ခု ပါနေတယ်၊ အမေးဆောင်ပုဒ်က "ဘယ်အကျိုးငှါ ရှုရပါသလဲ"ဆိုတဲ့ ပဌမအမေးကို "မစွဲဖို့ရာ ရှုရပါတယ်"လို့ ဖြေထားပါတယ်၊ ဟုတ်တယ်၊ ဝိပဿနာကင်းနေတဲ့ ပုဂ္ဂိုလ်တွေမှာ မြင်တိုင်းကြားတိုင်း တွေ့တိုင်းသိတိုင်း ပေါ်လာသမျှ ရုပ်နာမ်တွေကို တဏှာနှင့်သာယာပြီး စွဲလမ်းနေကြတယ်၊ ဒိဋ္ဌိနှင့်လဲ အထင်မှားပြီး စွဲလမ်းနေကြတယ်၊ မြဲတဲ့အနေ ချမ်းသာတဲ့အနေ ငါကောင် သတ္တဝါကောင်အနေနဲ့ စွဲလမ်းနေကြတယ်၊ အဲဒီလို စွဲလမ်းမှုတွေ မဖြစ်ခွင့်မရဘဲ ကင်းငြိမ်းသွားအောင်လို့ ဝိပဿနာရှုတာဘဲ၊ ဒါဟာ ဝိပဿနာရဲ့ မူလရည်ရွယ်ချက်ဘဲ၊ မရှုမိယင် စွဲလမ်းပုံ၊ ရှုမိယင် အစွဲလမ်းကင်းပုံတွေကိုတော့ နောက်ဆောင်ပုဒ်များကျမှ ရှင်းပြီးပြောမယ်။

ပြီးတော့ အမေးဆောင်ပုဒ်က "ဘယ်အခါ ရှုရပါသလဲ" ဆိုတဲ့ ဒုတိယအမေးကို ဒီအဖြေဆောင်ပုဒ်မှာ "ဖြစ်ဆဲမှာ ရှုရပါတယ်"လို့ ဖြေထားဘယ်။

ဒီအဖြေစကားဖြင့် "အတိတ်ကိုလဲ စပြီး မရှုရဘူး၊ အနာဂတ်ကိုလဲ မရှုရဘူး၊ ကာလဝိမုတ်ကိုလဲ မရှုရဘူး၊ ဖြစ်ဆဲပစ္စုပ္ပန်တရားကိုသာ ရှုရတယ်"လို့ ဆိုလိုပါတယ်၊ ဒါကလဲ ရှုခါစ ပစ္စက္ခဝိပဿနာကိုသာ ရည်ရွယ်ပါတယ်၊ ဒီပစ္စက္ခဝိပဿနာ ပြည့်စုံပြီးတဲ့နောက် အနုမာန ဝိပဿနာမှာတော့ အတိတ် အနာဂတ် ကာလဝိမုတ်တွေကိုလဲ ရှုရပါတယ်။

ဒီနေရာမှာ အထူးသတိပြုစရာကတော့ အနုမာန ဝိပဿနာ ဆိုတာ ပစ္စက္ခအားဖြင့် မျက်မှောက်မြင်ပြီးမှ အနုမာနဉာဏ် အစစ်ဖြစ်နိုင်တယ်၊ မျက်မှောက်မမြင်ရသေးပါဘဲနဲ့ မှန်းဆရုံလို့တော့ မဖြစ်နိုင်ဘူးဆိုတာကို အထူးသတိပြုထားကြရမယ်။

## ပစ္စုပ္ပန်ကို စ၍ ရှုရသည်

ပစ္စုပ္ပန်ကို ဘာ့ကြောင့် ရှုရသလဲဆိုယင် ပစ္စုပ္ပန်တရားဆိုတာ ယခုမှ ဒွါရ ၆-ပါးမှာ ထင်ပေါ်လာတယ်၊ အဲဒါကို ဘယ်ကိလေသာနဲ့မှ မစွဲလမ်းရသေးဘူး၊ အဝတ်သစ်များမှာ အညစ်အကြေးမတင်သေးတာလို စက္ကူအသစ်များမှာ မှင်စာလုံးမတင်သေးတာလို အသစ်စက်စက် စင်ကြယ်နေတယ်၊ အဲဒါကို ဝိပဿနာက ဦးအောင်ရှုမိလို့ အမှန်အတိုင်း သိသွားယင် အဲဒီတရားအပေါ်မှာ ကိလေသာအညစ်အကြေး မကပ်ငြိ မစွဲလမ်းတော့ဘူး၊ မရှုမိယင်တော့ အဲဒီတရားကို ကိလေသာက စွဲလမ်းသွားတယ်၊ စွဲလမ်းပြီးမှတော့လဲ ပြုပြင်လို့ မရတော့ဘူး၊ ဒါကြောင့် "ဖြစ်ခိုက်မရှု ရုပ်နာမ်စု စွဲမှု ဝင်ရောက်သည်"လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

## ဖြစ်ခိုက်မရှုလို့-စွဲမှုဝင်တော့-သံသရာလည်တယ်

ဖြစ်ခိုက်မရှု၊ ရုပ်နာမ်စု၊ စွဲမှုဝင်ရောက်သည်။ (ဆိုပါ)

ဖြစ်ခိုက်မှာ ဖြစ်တုန်းဖြစ်ဆဲမှာ မရှုမိလို့ရှိယင် အဲဒီ ရုပ်နာမ်အပေါ်မှာ စွဲလမ်းမှု ဝင်ရောက်ပါတယ်၊ ကာမုပါဒါန်ခေါ်တဲ့ တဏှာနဲ့လဲ စွဲလမ်းတယ်၊ ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်, အတ္တ

ဝါဒုပါဒါန်, ခေါ်တဲ့ ဒိဋ္ဌိနဲ့လဲ စွဲလမ်းတယ်၊ အဲဒီ စွဲလမ်းဆိုတာ ဟာ ဥပါဒါန်ဘဲ။

မရှိမိလို့ စွဲလမ်းယင် ကမ္မဘဝခေါ်တဲ့ ကုသိုလ်ကံ အကုသိုလ် ကံတွေ ဖြစ်မြောက်လာတယ်၊ ဖြစ်ပုံကတော့ "ဘယ်လိုလုပ်ယင် ကောင်းစား ချမ်းသာမယ်လို့ ကိုယ်ထင်မြင်စွဲလမ်းချက် ရှိတဲ့အ တိုင်း ကိုယ်အလိုရှိတာတွေ ပြီးစီးအောင် တခုခုတော့ သူလုပ် တော့တာဘဲ။

အကုသိုလ်ကိုလုပ်မှ ကောင်းစား ချမ်းသာမယ်ထင်လဲ အကု သိုလ်ကို လုပ်ကြတာဘဲ၊ အဇာတသတ်က သူ့ဖခင် ဗိမ္ဗိသာရ မင်းကို သတ်တာလဲ ကောင်းမယ်ထင်လို့ဘဲ၊ ဒေဝဒတ်က မြတ်စွာဘုရားကို ကျောက်တုံးနဲ့ လှိမ့်ချပြီး သေကြောင်းကြံတာ လဲ ကောင်းမယ်ထင်လို့ လုပ်တာဘဲ။

ထို့အတူ သူ့အသက်ကို သတ်ကြတာ၊ သူ့ဥစ္စာကို ခိုးယူလု ယက်ကြတာ၊ သူ့သားမယား သူ့အိမ်ရာကို ပြစ်မှားလွန်ကျူး ကြတာ၊ အရက်သေစာကို သောက်စားမူးယစ်ကြတာ၊ ဘိန်းမဲ ဘိန်းဖြူတွေကို ရှူရှိုက်စားသောက် မူးယစ်ကြတာတွေကလဲ ကောင်းတယ်ထင်လို့ လုပ်ကြတာတွေဘဲ၊ ညအခါ မီးထဲဝင်တိုး တဲ့ ပိုးကောင်ကလေးတွေကလဲ ကောင်းတယ်ထင်လို့ တိုးကြတာ ဘဲ၊ ဒီလိုချည်းပါဘဲ၊ သတ္တဝါတွေဟာ အဲဒီလို အကုသိုလ် အမှုတွေကို ကောင်းမယ်ထင်လို့ လုပ်နေကြတာပါဘဲ။

"သူတပါးကို စိတ်ဆင်းရဲအောင် အကျိုးမဲ့ကို မပြုလုပ်ဘဲ ရှောင်ကြဉ်လျှင် ကုသိုလ်ဖြစ်တယ်၊ သူတပါး ကောင်းကျိုးကို

ရှက်ဆောင်လျှင်ကုသိုလ်ဖြစ်တယ်၊ ပေးလှူလျှင်ကုသိုလ်ဖြစ်တယ်၊ ရှိသေထိုက်တဲ့ သူတွေကို ရှိသေလျှင် ကုသိုလ်ဖြစ်တယ်၊ ကုသိုလ်ဖြစ်လျှင် ယခုဘဝမှာလဲ ဘေးရန် အန္တရာယ် ကင်းခြင်း, အသက်ရှည်ခြင်း, အနာကင်းခြင်း, ကျန်းမာခြင်းစတဲ့ကောင်းကျိုးတွေကို ရနိုင်တယ်၊ နောင် သံသရာဘဝတွေမှာလဲ ကောင်းကျိုး ချမ်းသာတွေကို ရသွားနိုင်တယ်”လို့ ဒီလို စွဲလမ်းတာမျိုး ကတော့ မှန်ကန်သောစွဲလမ်းမှုဘဲ၊ အဲဒီလို အမှန်အတိုင်း စွဲလမ်းတဲ့ ပုဂ္ဂိုလ်က လောကကြီးပွားချမ်းရေး တွေကို ရည်ရွယ်ပြီး ဒါန, သီလ အစရှိတဲ့ ကောင်းမှုတွေကို ပြုတယ်၊ ဒါတွေဟာလဲ ခုဘဝ နောင်ဘဝ ကောင်းစား ချမ်းသာရေးကို မျှော်တွေးပြီး ပြုကြတာဘဲ။

အဲဒီလို ကောင်းစားချမ်းသာမယ်ထင်လို့ ပြုသမျှတွေက ကမ္မဘဝခေါ်တဲ့ ကုသိုလ်အကုသိုလ်ကံတွေ ဖြစ်သွားတယ်၊ အဲဒီတော့ ဘာဖြစ်သလဲဆိုယင် ဘဝပစ္စယာဇာတိ-ဆိုတဲ့ အတိုင်း လက်ရှိဘဝက သေတဲ့အခါမှာ အဲဒီပြုခဲ့တဲ့ အကုသိုလ်ကံ, ကုသိုလ်ကံကြောင့် ဘဝအသစ်ဖြစ်ရတယ်။

အဲဒီ အကုသိုလ်, ကုသိုလ် ၂-မျိုးတို့တွင် အကုသိုလ် ကမ္မဘဝတွေကို ပြုထားတဲ့သူမှာ တနေ့ကျတော့ အဲဒီ ကိုယ်ပြုထားတဲ့ အကုသိုလ် ကံတွေက တန်ပြန်ပြီးတော့ မကောင်းကျိုးတွေကို ပေးတော့တာပါဘဲ၊ အဲဒီ ကိုယ်သင်တဲ့အတိုင်း ကောင်းစားချမ်းသာမှုမဟုတ်ဘဲ ဆင်းရဲတွေနှင့်သာ တွေ့ရတော့တာဘဲ၊အထူးအားဖြင့် အကျိုးပေးပုံကတော့ လက်ရှိဘဝက သေသွားတဲ့အခါမှာ မိမိပြုထားတဲ့အကုသိုလ် ကမ္မဘဝကြောင့် ဘဝအသစ် ဖြစ်ရ

တယ်၊ ဖြစ်ရတော့လဲ ဘဝကောင်းတွေမှာ ဖြစ်ရတာမဟုတ်ဘူး၊ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်-ဆိုတဲ့ အပါယ် ၄-ဘုံမှာ ဖြစ်ရတယ်၊ ခုနင်တုန်းကပြောခဲ့တဲ့ အဖသတ်တဲ့ အဇာတသတ်နှင့် ဘုရားကို သေကြောင်းကြံတဲ့ ဒေဝဒတ်တို့ဟာ ငရဲကျကြရတယ်၊ အဲဒီ အပါယ်ဘုံတွေမှာ ဖြစ်ရတယ်ဆိုတော့ ဖြစ်ကတည်းက ချက်ခြင်း ဆင်းရဲဒုက္ခတွေနဲ့ တွေ့ရတော့တာဘဲ၊ ငရဲကို ကျရောက်သွားတယ်ဆိုယင် မီးပုံကြီးထဲခုန်ချလိုက်ရသလို တခါထဲ အကြီးအကျယ်ဒုက္ခရောက်တော့တာဘဲ၊ လူ့ဘဝကဆွေမျိုးတွေက မျက်ရည်စက်လက်နဲ့ ငိုကျွေးနေကြတုန်းမှာပင် စုတေစိတ်ကလေး ကျလိုက်တာနဲ့တပြိုင်နက် ငရဲမီးထဲခုန်ချလိုက်ရသလိုဘဲ ဖြုတ်ကနဲ ကျရောက်သွားတယ်၊ သိပ်ကြောက်ဝရာကောင်းတာဘဲ။

ကုသိုလ်ကမ္မဘဝတွေကို ပြုတဲ့သူတွေမှာတော့ လက်ရှိဘဝက သေတဲ့အခါမှာ အဲဒီကုသိုလ်ကံကြောင့် လူလောက, နတ်လောက ဆိုတဲ့ သုဂတိဘဝ ကောင်းမြတ်တဲ့ဘဝတွေမှာဘဲ ဖြစ်ရပါတယ်၊ လူ့ပြည်မှာဖြစ်ယင် အသက်ရှည်ခြင်း, ကျန်းမာခြင်း, အဆင်းလှခြင်း အစရှိတဲ့ ကိုယ်တွင်း အင်္ဂါကောင်းတွေနှင့် ပြည့်စုံနေမယ်၊ လူချမ်းသာကြီး ဖြစ်နေတယ်လို့ ဆိုရမှာပေါ့၊ အမျိုးမြတ်ခြင်း, အခြွေအရံများခြင်း, ပစ္စည်းဥစ္စာပေါများခြင်း အစရှိတဲ့ အပြင်ပ အင်္ဂါတွေနှင့်လဲ ပြည့်စုံနေတယ်၊ လူချမ်းသာကြီးဖြစ်နေတယ်လို့ ဆိုရမှာပေါ့၊ နတ်ပြည်မှာဖြစ်ယင်လဲ နတ်သား,နတ်သမီး အခြွေအရံပရိသတ်တွေ ဘုံဗိမာန်ကြီးတွေနှင့် တခမ်းတနားကြီး ဖြစ်နေမှာပေါ့၊ ဒါကြောင့် အဲဒီပုဂ္ဂိုလ်ဟာ “ချမ်းသာ ကောင်းစား

လိမ့်မယ်”လို့ စွဲလမ်းနေတဲ့ မူလရည်ရွယ်ချက်အတိုင်း လောက အလိုအားဖြင့် ကောင်းစား ချမ်းသာနေတယ်-လို့ဘဲ ဆိုရပါ တယ်။

ဒါပေမယ့် မြတ်စွာဘုရား၏ ဒေသနာတော်အရဆိုယင်တော့ အဲဒီ လူ့ချမ်းသာကြီး နတ်ချမ်းသာကြီး ဖြစ်နေရတာလဲ ဆင်းရဲ မကင်းသေးဘူး၊ ဇာတိပစ္စယာ ဇရာမရဏံ-ဆိုတဲ့အတိုင်း ဘဝ အသစ်ဖြစ်တဲ့အတွက် အိုရခြင်း သေရခြင်းလဲ ပေါ်လာပါတယ် တဲ့၊ ပြီးတော့ လူ့ချမ်းသာ, နတ်ချမ်းသာဘဝမှာ အိုရ, သေရ ရုံတွင် မကသေးဘူး၊ သောကပရိဒေဝ ဒုက္ခဒေါမနဿုပါယာသာ သမ္ဘဝန္တိ-ဆိုတဲ့အတိုင်း အကြောင်းအားလျော်စွာ စိုးရိမ် ပူဆွေးရတာတွေ, ကိုယ်ဆင်းရဲအမျိုးမျိုးတွေ့. စိတ်ဆင်းရဲအမျိုး မျိုးတွေ စိတ်နှလုံးပြင်းစွာပူပန်ရတာတွေလဲ ဖြစ်ပေါ်လာကြပါ သေးတယ်၊ ဒါတွေဟာ အကုန်လုံး မလိုလားအပ်တဲ့ ဆင်းရဲတွေ ချည်းဘဲ။

ဒါကြောင့် ဧဝံ၊ ဤသို့ဆိုခဲ့သောနည်းဖြင့်။ ကေဝလဿ၊ ချမ်းသာနှင့် မရောမယှက် သက်သက်သော၊ ဧတဿ ဒုက္ခက္ခန္ဓဿ၊ ထိုဆင်းရဲအစု၏၊ သမုဒယော၊ ဖြစ်ခြင်းသည်။ ဟောတိ၊ ဖြစ်ပါ၏-တဲ့။

ဒီပဋိစ္စသမုပ္ပါဒ် ဒေသနာတော်အရအားဖြင့် စွဲလမ်းမှုဥပါ ဒါန်ကြောင့် ကုသိုလ်ကမ္မဘဝ ဖြစ်ပေါ်လာတာလဲ ကြောက်စရာ ကောင်းတဲ့ ဆင်းရဲဘဲ၊ အဲဒီ ကမ္မဘဝကြောင့် လူ့ချမ်းသာ, နတ်ချမ်းသာ ဖြစ်ရတယ်ဆိုတာလဲ ဖြစ်ရ, အိုရ, သေရ, စိုးရိမ်ပူ

ဆွေးရ, ငိုကြွေးရ, ကိုယ်ဆင်းရဲရ, စိတ်ဆင်းရဲရ အစရှိတဲ့ ဒုက္ခတွေကြောင့် ကြောက်စရာကောင်းတဲ့ ဆင်းရဲတွေချည်းပါဘဲ၊ အကုန်လုံး ဆင်းရဲချည်းဘဲလို့သာ ဆိုရတယ်။

ဒီစဲ့လမ်းမှုတွေဟာ ဖြစ်ခိုက်မှာ မရှုမှတ်မိလို့ ဖြစ်ရတာဘဲ၊ ဖြစ်ခိုက်ဆိုတာ ဒွါရ ၆-ပါးနှင့် အာရုံ ၆-ပါး ဆုံတဲ့အခါမှာ ဖြစ်ပေါ်လာတဲ့အခိုက်ကို ဆိုလိုပါတယ်၊ မြင်ခိုက်, ကြားခိုက်-စသည်တွေပေါ့၊ ဒါကြောင့်—

"ဖြစ်ခိုက်မရှု၊ ရုပ်နာမ်စု၊ စွဲမှုဝင်ရောက်သည်"လို့ ဆောင်ပုဒ် စီထားပါတယ်။ ဒါကို ဆိုကြရမယ်။

ဖြစ်ခိုက်မရှု၊ ရုပ်နာမ်စု၊ စွဲမှုဝင်ရောက်သည်။ (၃-ခေါက်ဆိုပါ)

ဖြစ်ခိုက်မှာ မရှုမှတ်မိလို့ အဲဒီ မြင်မှု, ကြားမှု, စသည်တွေကို မြဲတယ်, ကောင်းတယ်, ငါကောင်ဘဲ-လို့လဲ စွဲလမ်းပါတယ်၊ ဒါကိုလဲ "မြဲတယ် ကောင်းတယ်၊ ငါကောင်နှယ်၊ တကယ်ထင်ဘတ်သည်"လို့ ဆောင်ပုဒ်စီထားပါတယ်၊ ဒါကိုလဲ ဆိုကြရမယ်။

မြဲတယ်ကောင်းတယ်၊ ငါကောင်နှယ်၊ တကယ်ထင်တတ်သည်။ (၃-ခေါက်ဆိုပါ)

ဒီမှာ မြဲတယ်၊ ငါကောင်ဘဲ-လို့ ထင်မှားတာက ဒိဋ္ဌိနှင့် အထင်လွဲတာဘဲ၊ ကောင်းတယ်လို့ သာယာတာက တဏှာစွဲဘဲ၊ ဒိတဏှာဒိဋ္ဌိ ဥပါဒါန်စွဲလမ်းပုံကိုတော့ ပြောပြီးပါပြီ၊ စွဲလမ်းလို့ ဒုက္ခရောက်ရပုံကိုလဲ ယခုဘဲ ပြောခဲ့တာဘဲ။

အဲဒီ အစွဲသမ်းတွေကင်းပြီး ဆင်းရဲငြိမ်းအောင်လို့ ဝိပဿနာ ရှုရမယ်၊ ဘာတွေကို ရှုမလဲဆိုယင် မြင်တိုင်း, ကြားတိုင်း,နံတိုင်း, စားတိုင်း, တွေ့ထိတိုင်း ကြံသိတိုင်း ဖြစ်ပေါ်ပျောက်ပျက်နေတဲ့ တရားတွေကို ရှုရတယ်၊ ဒါကြောင့် ဒီနေရာမှာ မှတ်ဘို့ဆောင်ပုဒ်က—

ဖြစ်တိုင်းမှတ်ရှု၊ ရုပ်နာမ်စု၊ စွဲမှုကင်းပျောက်သည်-လို့ ဆိုထားပါတယ်၊ ဒါကိုလဲ ဆိုကြပါ။

ဖြစ်တိုင်းမှတ်ရှု၊ ရုပ်နာမ်စု၊ စွဲမှုကင်းပျောက်သည်။ (သုံးခေါက်ဆိုပါ)

ဖြစ်တိုင်းမှတ်ရှု-ဆိုတာ မြင်တိုင်း, ကြားတိုင်း, နံတိုင်း,စားတိုင်း, တွေ့ထိတိုင်း, ကြံသိတိုင်း အဲဒါတွေကို ချက်ခြင်း ရှုမှတ်ရမယ်၊ ဝိပဿနာရှုရာမှာ ဈေးဝယ်ရာမှာလို အကြွေးမရဘူး၊ ချက်ခြင်းလက်ငင်း ရှုမှရဟယ်၊ ယခုမြင်ယင် ယခုရှုရတယ်၊ ဒီ မြင်မှု, ကြားမှုစတဲ့ ရုပ်နာမ်စုတွေဟာ စောစောကပြောခဲ့တဲ့ စွဲလမ်းနိုင်တဲ့ ခန္ဓာငါးပါး တရားတွေဘဲ၊ ဒါတွေဟာ ဝိပဿနာ ရှုရတဲ့ တရားတွေပါဘဲ။

## အားထုတ်ခါဝ ရှုနည်း

ရှုပုံကတော့ အသက် ရှုတိုင်းရှိုက်တိုင်း ဝမ်းဗိုက်က ဖောင်းလိုက် ပိန်လိုက်နဲ့ လှုပ်ရှားနေတဲ့ ရုပ်ဟာ အထူးသဖြင့် ထင်ရှားနေတယ်၊ အဲဒီ လှုပ်ရှား ရုပ်ကလေးကစပြီး ရှုရတယ်၊ ဖောင်းတက်လာတဲ့ လှုပ်ရှားရုပ်ကလေးကို "ဖောင်းတယ်"လို့ ရှုရတယ်၊ ပိန်ကျသွားတဲ့ လှုပ်ရှားရုပ်ကလေးကို "ပိန်တယ်"လို့ ရှုရတယ်။

ဒီ ဖောင်းတယ် ပိန်တယ်-ဆိုတဲ့ ရုပ်ပုံကလေးက စာသံ ပေသံ မပါတဲ့ အတွက် အချို့ပုဂ္ဂိုလ်တွေက "ဖောင်းတာ ပိန်တာဟာ စာနဲ့ ပေနဲ့ မဆိုင်ပါဘူး၊ ဘာမှ မဟုတ်ပါဘူး"လို့လဲ ပင်ပယ်ပြီး ပြောနေကြတယ်၊ ဟုတ်တယ် သူ့ ဥစ္စာက စာသံပေသံ ပပါတော့ "ဘာမျှမဟုတ်ဘူး" လို့ ထင်မယ်ဆိုယင်လဲ ထင်စရာပါဘဲ။

ဒါပေမယ့် သဘောတရားအနေနဲ့ကတော့ တကယ့်ကို ဟုတ်နေတာ၊ ဖောင်းတက်လာတာလဲ တကယ့်ကို ဟုတ်နေတာဘဲ၊ ပိန်ကျသွားတာလဲ တကယ့်ကို ဟုတ်နေတာဘဲ၊ လှုပ်ရှားတဲ့ ဝါယော ရုပ်သဘော တကယ့်ကို ဟုတ်နေတာဘဲ။

"ဖေါင်းတယ်၊ ပိန်တယ်" ဆိုတဲ့ အမည်ကတော့ ဒေါ်လို့ ပြောလိုလွယ်အောင်အရပ်သုံးစကားအတိုင်းဘုန်းကြီးတို့က ညွှန်ကြားပြောနေတာဘဲ၊ အမှန်ကတော့ကျမ်းဂန်စကားနဲ့ ပြောရယင် "ဖေါင်းတာပိန်တာ" ဟာ "ဝါယောဓာတ်"ပဲ၊ ဖေါင်းတိုင်းပိန်တိုင်းဉာဏ်နဲ့စိုက်ပြီး ကြည့်နေယင် ဘာထင်ရှားသလဲလို့ ဆိုတော့ တောင့်တင်းတဲ့သဘောလဲ ထင်ရှားတယ်၊ လှုပ်ရှားတဲ့ သဘောလဲထင်ရှားတယ်၊ တနေရာကတနေရာကို ရွှေ့ဆောင်နေတဲ့ သဘောလဲ ထင်ရှားတယ်။

## ဝါယောဓာတ်၏ လက္ခဏာစသည်

ဒီအထဲမှာ တောင့်တင်းတဲ့သဘောက ဝါယောဓာတ်ရဲ့ ဝိတ္ထမ္ဘနလက္ခဏာဘဲ၊ လှုပ်ရှားတဲ့ သဘောက ဝါယောဓာတ်ရဲ့သမုဒီရဏရသဘဲ၊ တနေရာက တနေရာကို ရွှေ့ဆောင်နေသလို ထင်တာက ဝါယောဓာတ်ရဲ့ အဘိနီဟာ ရပစ္စုပဋ္ဌာန်ဘဲ၊

ဝေဒယောခေတ်ကို အမှန်အတိုင်းသိယင် ဒိဋ္ဌိလက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်တွေနဲ့ သိရတယ်၊ ဒါကြောင့် အဲဒီလက္ခဏာ ရသ ပစ္စုပဋ္ဌာန်တွေနဲ့ အမှန်အတိုင်း သိအောင်လို့ ရှုရတာဘဲ၊ ဝိပဿနာဆိုတာ ရုပ်တရား နာမ်တရားတွေကို သဘောအမှန် အတိုင်းသိတဲ့ နာမရူပ ပရိစ္ဆေဒဉာဏ်ကစပြီး အားထုတ်ရတယ်၊ ရုပ်နာမ် ၂-ပါးထဲကလဲ ဝိပဿနာသက်သက်ကစပြီးရှုတဲ့ ဝိပဿနာယာနိကပုဂ္ဂိုလ်မှာ ရုပ်တရားကစပြီး ရှုရတယ်။

အခြေခံမှစ၍ အပြည့်အစုံအားထုတ်ပုံ

ရှုတော့ ဘယ်လိုရှုသလဲဆိုယင် ယခုနင်က ဆောင်ပုဒ်ထဲမှာ "ဖြစ်တိုင်း မှတ်ရှုလို့ ဆိုတဲ့အတိုင်း ဝိပဿနာဆိုတာ မြင်တိုင်း ကြားတိုင်း နံတိုင်း စားတိုင်း တွေ့ထိတိုင်း ကြံသိတိုင်း မလွတ်ရအောင် မပြတ်ရှုသွားရတယ်၊ ဒါပေမယ့် အားထုတ်ခါစမှာတော့ အကုန်လုံးကို စေ့ငှအောင် လိုက်ပြီး မရှုနိုင်သေးလို့ နဲနဲကစပြီးရှုရတယ်၊ ဝမ်းဗိုက်က ဖေါင်းလိုက် ပိန်လိုက်နဲ့လှုပ်ရှားနေတဲ့ ရုပ်ဟာ အများအားဖြင့် ရှုလို့ လွယ်ကူပါတယ်။

ဒါကြောင့် အဲဒီဖေါင်းတာ ပိန်တာကစပြီး ရှုဖို့ပြောခဲ့ပါပြီ၊ အဲဒီပြောခဲ့တဲ့အတိုင်း "ဖေါင်းတယ်၊ ပိန်တယ်၊ ဖေါင်းတယ်၊ ပိန်တယ်" လို့ တင်ပလ္လင်ခွေထိုင်ပြီး ရှုမှတ်ရတယ်၊ အမျိုးသမီးဆိုသင်လဲ အများရှေ့မှာဆိုယင် ပဆစ်တုပ်ထိုင်ပြီး ရှုမှတ်ပေါ့၊ နောက် သတိသမာဓိကောင်းလာတဲ့ အခါကျတော့ ထိုင်တာ ထိတာပါသည့်ပြီးတော့ "ဖေါင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်" ၄-မျိုးရှုမှတ်နိုင်ပါတယ်၊ ထိုင်တယ်-လို့ ရှုမှတ်တော့

မိမိထိုင်နေတဲ့ ရုပ်သွင်ကို စိတ်စိုက်ပြီး မှတ်ရတယ်၊ ထိတယ်လို့ မှတ်တော့ တင်ပါးနှင့်ကြမ်းနဲ့ ထိနေတဲ့နေရာကို စိတ်စိုက်ပြီး ရှုမှတ်ရတယ်။

အဲဒီလိုရှုမှတ်နေယင်းထဲက စိတ်ကူးကြံစည်မှုတွေ ပေါ်လာယင် အဲဒါတွေကိုလဲ ဖြစ်တိုင်းဖြစ်တိုင်း "စိတ်ကူးတယ်၊ ကြံစည်တယ်၊ သိတယ်" စသည်ဖြင့် အကုန်လုံးလိုက်ပြီး မှတ်ရတယ်၊ အဲဒီစိတ်ကူးတွေဟာ အများအားဖြင့် နီဝရဏတရားတွေဘဲ၊ ဒါကြောင့် အဲဒီလို စိတ်ကူးတွေ မကင်းစင်သေးယင် စိတ္တဝိသုဒ္ဓိ မဖြစ်သေးတဲ့အတွက် ရုပ်နာမ်ကို ရှင်းရှင်းလင်းလင်းမသိနိုင်သေးဘူး၊ အဲဒါတွေ ကင်းစင်သွားမှ စိတ္တဝိသုဒ္ဓိဖြစ်ပြီးရှင်းရှင်းသိနိုင်တယ်၊ ဒါကြောင့် အဲဒီလို စိတ်ကူးတွေကို လက်မခံဘဲ ရှုမှတ်ပြီး ပယ်ရတယ်။

ကိုယ်ထဲကညောင်းတာပူတာနာတာယားတာ ဒီလိုအခံခက်တဲ့ ဝေဒနာတွေပေါ်လာယင်လဲ အဲဒါကိုစူးစိုက်ပြီးတော့ "ညောင်းတယ်၊ ညောင်းတယ်၊ ပူတယ်၊ ပူတယ်" စသည်ဖြင့် သူဖြစ်ပေါ်တဲ့အတိုင်းဘဲ လိုက်မှတ်ရတယ်၊ ဒီထဲက လက်ခြေကွေးစရာဆန့်စရာ အကြောင်းပေါ်လာလို့ ကွေးချင်ဆန့်ချင်၊ ရွှေ့ချင်တဲ့ စိတ်ဖြစ်ပေါ်လာယင် အဲဒီစိတ်ကို "ကွေးချင်တယ်၊ ဆန့်ချင်တယ်၊ ရွှေ့ချင်တယ်" စသည်ဖြင့် အစဉ်မပြတ်လိုက်မှတ်ရတယ်၊ ကွေးပြန်ဆန့်ပြန် ရွှေ့ပြန်တော့လဲ "ကွေးတယ်၊ ကွေးတယ်၊ ဆန့်တယ်၊ ဆန့်တယ်၊ ရွှေ့တယ်၊ ရွှေ့တယ်" စသည်ဖြင့် အစဉ်မပြတ် လိုက်မှတ်ရတယ်၊ ဒီနည်းဖြင့် ထိုင်ရာက ထယင်လဲ

မပြတ်လိုက်မှတ်ရတယ်၊ လမ်းလျှောက်ယင်လဲ ခြေလှမ်းတိုင်း မပြတ်မှတ်သွားရတယ်၊ သွားရာကထိုင်ယင်လဲ မှတ်ရတာဘဲ၊ ထိုင်ရာက လှဲအိပ်လိုက်ယင်လဲ မပြတ်မှတ်သွားရတာဘဲ။

ကိုယ်အမူအရာ လှုပ်ရှားပြုပြင်တိုင်း စိတ်ကူးဖြစ်တိုင်း ဝေဒနာပေါ်လာတိုင်း သဘောတရားတွေ ပေါ်လာတိုင်း အကုန်လုံး လိုက်မှတ်ရတယ်၊ ဘာမျှအထူးမှတ်စရာမရှိတဲ့အခါ"ဖေါင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်"လို့ မပြတ်ရှုမှတ်နေရတယ်၊ စားသောက်ရာ ရေချိုးရာတွေမှာလဲ မှတ်ရတာဘဲ၊ အိပ်ပျော်နေတဲ့အချိန် ၄-၅-၆-နာရီမှတပါး အခြား အချိန်တွေမှာ ဆိုယင် ဒီလိုမပြတ်မဲ့ ရှုမှတ်နေရတယ်၊ အနည်းဆုံး တစက္ကန့်လောက်မှာတကြိမ်- တကြိမ်ထက်မနည်း ရှုမှတ်နိုင်အောင်မပြတ်လုံ့လပြုပြီး ရှုမှတ်နေရတယ်။

ဒီလိုရှိုရှိုသေသေ မပြတ်ရှုမှတ်နေယင် ၂-ရက်၃-ရက်လောက်ကြာတဲ့အခါ သတိ သမာဓိ တော်တော်လေး ကောင်းလာတာကို တွေ့ရတာဘဲပါတယ်၊ ၂-ရက်၃-ရက်နဲ့ မတွေ့သေးယင်လဲ လေးငါး-ခြောက်-ရက်အတွင်း တွေ့မှာပေါ့။

သတိသမာဓိက အားကောင်းလာတော့ ပျံ့လွင့်ပြေးသွားတဲ့စိတ်တွေဟာ မရှိသလောက်ပဲ နည်းသွားတယ်၊ ဖြစ်ပေါ်လာပြန်ယင်လဲ အဲဒီစိတ်ကို ဖြစ်လျှင်ဖြစ်ခြင်း ရှုမှတ်နိုင်တယ်၊ ရှုမှတ်လိုက်တော့လဲ တခါထဲ ပြတ်စဲသွားတော့တယ်၊ ဖေါင်းမှု ပိန်မှုစသော မှတ်စရာအာရုံနှင့် မှတ်စိတ်ဟာ ချိန်ထားသလို ကပ်ခနဲ ကပ်ခနဲ အံကျကိုက်ပြီး လွယ်လွယ်ကူကူနဲ့ ရှုမှတ်နိုင်နေတယ်၊ အဲဒီလို

ထူးခြားတာတွေဟာ သတိသမာဓိ အားကောင်းလာတဲ့ အထိမ်းအမှတ်တွေပါဘဲ၊ အဲဒါဟာ စိတ္တဝိသုဒ္ဓိဖြစ်တဲ့ သဘောပါဘဲ။

## နိဝရဏ-စင်တော့-ဉာဏ်စဉ်တက်ပုံ

အဲဒီလိုအခါကစပြီး မှတ်တိုင်း မှတ်ရတဲ့ ရုပ်အာရုံနှင့် မှတ်စိတ်ဟာ တခြားစီကွဲလာတယ်၊ ဖေါင်းမှု ပိန်မှုစတဲ့ ရုပ်တရားကတခြား၊ မှတ်သိတဲ့ နာမ်တရားကတခြား ကွဲပြားပြီးသိလာတယ်၊ ပကတိအနေကဆိုယင် ကိုယ်ရုပ်နဲ့ သိတဲ့စိတ်ကို မခွဲခြားနိုင်ဘူး၊ တပေါင်းတည်း တယောက်တည်းအနေနဲ့ ထင်နေခဲ့တယ်၊ စာသိအရက ကွဲနေပေမယ်လို့ ကိုယ်တိုင်သိ အနေကတော့ တလုံးထဲဖြစ်နေတယ်၊ အခုလက်တွေ့သိရအောင် လက်ညှိုးကလေးကို လှုပ်ကြည့်စမ်းပါ၊ လှုပ်ချင်တဲ့စိတ်ကို ထင်ရှားတွေ့ရဲ့လား၊ အဲဒီစိတ်နဲ့ လှုပ်တာကွဲရဲ့လား၊ ရိုးရိုးဖြေကြယင် မကွဲဘူးလို့ ဖြေရလိမ့်မယ်၊ ခုနင်ကပြောခဲ့တဲ့အတိုင်း သမာဓိ အားကောင်းနေတဲ့ ယောဂီမှာတော့ "ခဲနဲ့ပေါက်တဲ့အခါမှာ နံရံကိုထိမှန်သွားတော့ နံရံကတခြား ခဲကတခြား ကွဲပြားနေသလို" အာရုံရုပ်နဲ့ မှတ်သိစိတ်ဟာ တခြားစီကွဲနေတယ်။

ဖေါင်းတယ်လို့ မှတ်တဲ့အခါ ဖေါင်းတာကလေးကတခု၊ သိတာလေးကတခု၊ ဒါကလေး ၂-ခုဘဲရှိတယ်၊ ပိန်တယ်လို့ မှတ်တဲ့အခါမှာလဲ ပိန်တာလေးကတခု၊ မှတ်သိတာကလေးကတခု၊ ဒါကလေး ၂-ခုဘဲရှိတယ်၊ သွားနေခိုက်မှာလဲ ကြွတဲ့အခါကြွတာနှင့် မှတ်သိတာ၊ လှမ်းတဲ့အခါ လှမ်းတာနှင့် မှတ်သိတာ၊ ချတဲ့အခါချတာနှင့် မှတ်သိတာ ဒီလို ၂-မျိုး၂-မျိုး စီသာရှိတယ်၊

ဒိပြင် ဘာမှမရှိဘူးဆိုတာ တချို့ယောဂီက ရှင်းရှင်းလင်းလင်း ပြောတတ်ကြပါတယ်။

ဒါထက် သမာဓိဉာဏ် ရင့်ကျက်လာတဲ့အခါမှာ အဲဒီမှတ်သိရတဲ့ ရုပ်နာမ်ကလေးတွေဟာ သူ့အခိုက်အတန့်နှင့်သူ ပေါ်လာပြီး ပျောက်ပျောက်သွားတာကို တွေ့ရလိမ့်မယ်၊ ပြီးတော့အဖြစ်အပျက်တွေ နှိပ်စက်နေလို့ ဆင်းရဲတာကိုလဲ တွေ့ရလိမ့်မယ်၊ ငါ ကောင်သူကောင် မဟုတ်တဲ့ သဘောတရားမျှကိုလဲ တွေ့ရလိမ့်မယ်၊ ဒါကြောင့် "မမြဲဆင်းရဲ၊ သဘောဘဲ၊ ဉာဏ်ဘဲရှင်းတော့သည်" လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

မမြဲဆင်းရဲ၊ သဘောဘဲ၊ ဉာဏ်ထဲ ရှင်းတော့သည်။ (၃-ခေါက်ဆိုပါ။)

ဒီကနေ ဆက်လက်ပြီး ရှုမှတ်သွားယင် တဏှာဒိဋ္ဌိ အရာတွေကင်းပျောက်ပြီး မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို မျက်မှောက်ပြုသွားနိုင်တယ်၊ အဲဒါကို ရည်ရွယ်ပြီးတော့ "စွဲမှုကင်းပျောက်၊ မဂ်လမ်းပေါက်၊ ဆိုက်ရောက်နိဗ္ဗာန်ပြည်" လို့ ဆောင်ပုဒ်စီထားတယ်။

အဲဒီ အရိယာ မဂ်လမ်းပေါက်ဖို့ရာဟာ ဝိပဿနာမဂ်လမ်းကစပြီး ဖေါက်ရလိမ့်မယ်၊ ဝိပဿနာမဂ်လမ်း ဆိုတာကလဲ ရုပ်နာမ်တို့ရဲ့ ပင်ကိုယ်ရင်း သဘောမှန်ကို ပိုင်းခြားပြီးသိတဲ့ နာမရူပပရိစ္ဆေဒဉာဏ်ကစပြီးဖေါက်ရတယ်၊ အဲဒီကနောက် အကြောင်းနှင့် အကျိုးကို သိမ်းဆည်းသိတဲ့ ပစ္စယ ပရိဂ္ဂဟဉာဏ် စခန်းကို ရောက်လာတယ်၊ အဲဒီကနောက် ဆက်ပြီးရှုပြန်တော့ ရှုတိုင်း

ရှုတိုင်း ဖြစ်ပေါ်လာပြီး ပျောက်ပျောက်သွားတာကို တွေ့ရတဲ့အတွက် ရှုယင်းရှုယင်းဘဲ "မမြဲဘူး ဆင်းရဲတယ်၊ အနတ္တသဘောတရားမျှဘဲ" လို့သုံးသပ်တာသမ္မသနဉာဏ်စခန်းရောက်လာတယ်။

အဲဒီ စခန်းမှာတော့ ဆင်ခြင်လို့ကလဲ ကောင်းကောင်းနဲ့ ဗဟုသုတ အတော်အတန်ရှိတဲ့ အချို့ပုဂ္ဂိုလ်တွေက နည်းအမျိုးမျိုးနဲ့ သုံးသပ်ဆင်ခြင်ကြည့်နေတတ်တယ်၊ ဒါကြောင့် ဒီစခန်းမှာ အချိန်ကြာနေတတ်တယ်၊ မသုံးသပ် မဆင်ခြင်ဘဲ ရှုမှတ်ရုံကလေး ရှုမှတ်သွားယင်တော့ အသိကလေးတွေက ပေါ့ပေါ့ပါးပါး လျှင်လျှင်မြန်မြန် ဖြစ်လာတယ်၊ ရှုမှတ်ရတဲ့ အာရုံကိုလဲ အစအဆုံး အဖြစ်အပျက်နဲ့ ပိုင်းခြားသိတဲ့ ဥဒယဗ္ဗယဉာဏ်စခန်းရောက်လာတယ်၊ အဲဒီမှာ အရောင်အလင်း, ဝမ်းသာအားရမှု, ငြိမ်းအေးမှု, ချမ်းသာမှုစတဲ့ ဝိပဿနုပက္ကိလေသ-ခေါ်တဲ့ တရားအရသာတွေကိုတွေ့ရတယ်၊ အဲဒါတွေကိုလဲ ပျောက်ကင်းအောင် ရှုမှတ်သွားရတယ်။

အဲဒီလို ဆက်လက်ပြီးရှုမှတ်လို့ ဒီအဆင့်က ရှေ့ကို တိုးတက်သွားတဲ့အခါမှာ ပုံသဏ္ဍာန် အထည်ဒြပ်တွေ မထင်တော့ဘဲ ပျောက်ပျောက် သွားတာကိုချည်း တွေ့နေရတယ်၊ မြင်တာကို မှတ်လိုက်ယင်လဲ ရိပ်ရိပ်ရိပ်ရိပ်နဲ့ ပျောက်သွားတာဘဲ၊ ကြားတာကို မှတ်လိုက်ယင်လဲ ပျောက်သွားတာဘဲ၊ ကွေးတာဆန့်တာကို မှတ်နေယင်လဲ တရိပ်ရိပ်နဲ့ ပျောက်သွားတာဘဲ၊ ပေါ်လာတဲ့ အာရုံတွင် မဟုတ်သေးဘူး၊ အာရုံရော မှတ်သိတဲ့စိတ်ရော အတွဲလိုက် အတွဲလိုက် ပျောက်ပျောက်သွားတာကိုသာ တွေ့ရတယ်၊ အဲဒီလို သိနေတာက 'ဘင်္ဂဉာဏ်'တဲ့။

အဲဒီလို မှတ်တိုင်းမှတ်တိုင်း တရိပ်ရိပ်နဲ့ ပျက်နေတာကိုချည်း တွေ့ဘန်များလာတော့ အဲဒါတွေကို ကြောက်စရာအနေနဲ့ ထင်လာတယ်၊ 'ဘယဉာဏ်'ပါဘဲ၊ အဲဒီလို တပျက်ထဲ ပျက်နေတာတွေကိုလဲ မကောင်းဘူးလို့ အပြစ်မြင်လာတယ်၊ 'အာဒီနဝဉာဏ်' ပါဘဲ၊ အဲဒါတွေကို ရှုနေယင်း ငြီးငွေ့လာတယ်၊ 'နိဗ္ဗိန္ဒဉာဏ်'ပါဘဲ။

အဲဒီလို ငြီးငွေ့နေရာက လွတ်မြောက်ချင်တဲ့စိတ်တွေလဲ ပေါ်လာတတ်တယ်၊ ငြီးငွေ့မှတော့ လွတ်ချင်ဘော့တာပေါ့၊ 'ခဏမစဲ ဖြစ်ပျက်နေတာတွေချည်းဘဲ၊ ဘာမှမကောင်းဘူး၊ ဒါတွေ အကုန်ချုပ်ငြိမ်းသွားမှ ကောင်းမယ်'လို့ ဒီလိုလဲ သဘောကျလာတတ်တယ်၊ အဲဒါဟာ 'မုဉ္စိတုကမျတာဉာဏ်'ပါဘဲ၊ အဲဒီမှာ 'အကုန်လုံး ချုပ်ငြိမ်းတယ်' ဆိုတာဟာ နိဗ္ဗာန်တရားဘဲ၊ ဒါကြောင့် အဲဒီလိုသဘောကျပြီး လွတ်မြောက်ချင်တာဟာ နိဗ္ဗာန်အစစ်ကို တကယ်ရောက်ချင်တဲ့ သဘောပါဘဲ၊ နိဗ္ဗာန်ကိုရောက်ချင်တော့ ဘယ်လို လုပ်ရပြန်သလဲဆိုယင်၊ ရောက်အောင်လို့ အထူးအားထုတ်ပြီး တဖန်ရှုရပြန်တာပါဘဲ၊ အဲဒါကို 'ပဋိသင်္ခါဉာဏ်'ခေါ်တယ်၊ အဲဒီလို အထူးအားထုတ်ပြီး ရှုတဲ့အခါမှာ အနိစ္စ ဒုက္ခ အနတ္တသဘောတွေက ပိုပြီးထင်ရှားလာတယ်၊အထူးအားဖြင့် ဒုက္ခသဘောတွေက ပိုပြီးထင်ရှားတတ်တယ်။

ဒီပဋိသင်္ခါဉာဏ်ကို လွန်သွားယင်တော့ သင်္ခါရုပေက္ခာဉာဏ်ကိုရောက်တယ်၊ ဒီဉာဏ်ရောက်တော့ ယောဂီမှာ အင်မတန် သက်သာပါတယ်၊ အထူးကြောင့်ကြမစိုက်ရဘဲနဲ့ အမှတ်အသိကလေး

တွေက သိမ်သိမ်မွေ့မွေ့ဖြစ်ပြီး အထူးကောင်းနေတယ်၊ကောင်း နေပုံကတော့ ထိုင်ပြီးမှတ်နေတယ်ဆိုယင် အစပိုင်းနဲ့နဲ့သောက်ပဲ ကြောင့်ကြစိုက်ပေးလိုက်ရတယ်၊ အဲဒီကနောက်တော့ သူ့အရှိန် နဲ့သူ သိသိပြီးသွားနေတယ်၊ နာရီစက်ကလေးများ သော့ပေး ထားလိုက်တော့ သူ့ဟာသူ သွားနေတာလိုပါဘဲ၊တနာရီလောက် အတွင်းမှာတော့ အနေအထိုင်လဲ မပြင်ရဘူး၊ အမှတ်လဲ ပျက် မသွားဘူး၊ ကောင်းမြဲကောင်းနေတယ်။

ဒီဉာဏ်မရောက်ခင် ရှေးရှေးဉာဏ်တွေတုန်းကတော့ ကောင်း နေရာထဲကပေမယ့် အနှောက်အယှက် အမျိုးမျိုးကြောင့် တယ် မကြာခင် အခြေပျက်ပျက်သွားတယ်၊ အသံကြားရာဆီ စိတ်က ရောက်ပြီးတော့လဲ အခြေပျက်သွားတတ်တယ်၊ သက်သက် စိတ် ကူးတွေ အပြင်ထွက်ပြီးတော့လဲ အခြေ ပျက်သွားတတ်တယ်၊ ညောင်းတာ ပူတာ နာတာ ယားတာ ချောင်းဆိုးတာ ဒီလို ဒုက္ခဝေဒနာတွေ ပေါ်လာလို့လဲ အခြေ ပျက်သွားတတ်တယ်၊ အဲဒီလို အခြေပျက်ပျက်သွားလို့ ပြန်ပြန်ပြီး အခြေတည် မှတ်ရ တာတွေကဘဲ များခဲ့ပါတယ်၊ ယခု ဒီဉာဏ်ကျတော့ သိပ် နေရာကျတာဘဲ၊ အဲဒီလို အပျက်တွေမရှိတော့ဘူး၊ အသံကြား ယင်လဲ အဲဒီအသံကို ဂရုမစိုက်ဘူး၊ မှတ်ရုံကလေးဘဲ မှတ်သွား တယ်၊ ပြီးတော့လဲ ပေါ်ရာပေါ်ရာကို အခြေမပျက် မှတ်မြဲ မှတ်သွားပြန်တာဘဲ၊ ပြီးတော့ အပြင်ထွက်တဲ့ အလွတ်စိတ်ကူး ဆိုတာလဲ လုံးလုံးမရှိဘူး၊ ကောင်းတဲ့အာရုံတွေကို တွေ့ရလို့လဲ နှစ်သက်ခြင်း၊ ဝမ်းမြောက်ဝမ်းသာခြင်း မရှိဘူး၊ မကောင်းတဲ့

အာရုံတွေကို တွေ့ရလို့လဲ စိတ်ပျက်ခြင်း နှလုံး မသာခြင်း ကြောက်ခြင်းမရှိဘူး၊ ညောင်းတာ ပူတာ နာတာ ဒီလိုဒုက္ခ ဝေဒနာတွေကတော့ ပေါ်လာတယ်လို့ မရှိပါဘူး၊ ပေါ်လာ ပြန်ယင်လဲ မနေသာအောင် မဆိုးဘူး၊ မှတ်လို့ နိုင်ပါတယ်၊ ယားနာတို့ ချောင်းဆိုးတို့ ဒီလိုရောဂါဝေဒနာ တွေကတော့ မူလကရှိနေတောင်မှ ဒီသခ်ါရုပေက္ခာ အမှတ် ကောင်းနေတဲ့ အခါမှာ ပျောက်နေတယ်၊ တချို့မှာ တော်တော်ကြီးကျယ်တဲ့ ရောဂါတွေတောင်မှ ဒီဉာဏ်ရောက်တော့ ပျောက်သွားတတ် ပါသေးတယ်၊လုံးလုံးမပျောက်တောင် အဲဒီလိုအမှတ်ကောင်းနေ ခိုက်မှာတော့ သက်သာခွင့် ရနေပါတယ်၊ ဒါကြောင့်အမှတ် ကလေးတွေက တနာရီလောက်တော့ အခြေမပျက်ဘဲ သူ့အရှိန် နဲ့သူ သိသိပြီးသွားနေပါတယ်၊ တချို့ပုဂ္ဂိုလ်မှာ နှစ်နာရီ သုံး နာရီလဲ တသမတ်တည်း အရှိန်မပျက် သွားနေပါတယ်၊ အဲဒီလို နှစ်နာရီ သုံးနာရီကြာတော့လဲ ကိုယ်မှာပင်ပန်းခြင်းလဲ မရှိဘူး၊ အချိန်ဟာလဲ ကုန်မှန်းမသိ ကုန်သွားတတ်တယ်၊ ‘တယ်မကြာ သေးဘူး’လို့တောင် ထင်တတ်ပါသေးတယ်။

ယခုလို နေ့ဥတု ပူအိုက်တဲ့အခါဆိုယင် ဒီဉာဏ်နဲ့ ဒီအမှတ် ရောက်နေယင် သိပ်ကောင်းတာပေါ့၊ သူများတွေက “ပူအိုက် တယ်လို့ ညည်းညူနေကြပေမယ့် ဒီဉာဏ်နဲ့ဒီလိုအမှတ်ကောင်းတဲ့ ပုဂ္ဂိုလ်မှာတော့ ပူမှန်း အိုက်မှန်းမသိရဘဲ ဖြစ်နေတတ်တယ်၊ တနေ့လုံးအချိန်ဟာလဲ မကြာခင် ကုန်သွားသလို ထင်ရတတ် တယ်၊ ဒီဉာဏ်က အင်မတန်ကောင်းတဲ့ ဝိပဿနာဉာဏ်ပါဘဲ၊

ဒါပေမယ့် ဒီဉာဏ်အဆင့်မှာလဲ ကြောင့်ကြမှုတောင့်တမှုလွန်နေ တာ၊ နှစ်သက်သာယာနေတာ အစရှိတဲ့ အန္တရာယ်ကလေးတွေ ကတော့ ရှိသေးတာပါဘဲ၊ အဲဒါကလေးတွေကို ပယ်ရှားပြီး ရှုမှတ်သွားတော့ အရိယမဂ်ဉာဏ်ရောက်သွားဘို့ဘဲ ရှိပါတော့ တယ်၊ ဒါကြောင့် "စွဲမှုကင်းပျောက်၊ မဂ်လမ်းပေါက်၊ ဆိုက်ဆဲ ရောက်နိဗ္ဗာန်ပြည်"လို့ ဆောင်ပုဒ်က ဆိုထားတာ။

ဝိပဿနာရှုရင်းတွေ့ရတဲ့ မဂ္ဂင်ရှစ်ပါး

နာမရူပပရိစ္ဆေဒဉာဏ်ကစပြီး၊ သင်္ခါရုပေက္ခာဉာဏ်အထိ ယခုပြောလာခဲ့တာတွေဟာ စွဲလမ်းမှု ကင်းပျောက်ပြီး၊ အဲဒီမဂ် လမ်းပေါက်ပုံတွေပါဘဲ။ ဘယ်လိုလဲဆိုတော့-

"ပေါင်းတယ်၊ ပိန့်တယ်၊ ထိုင်တယ်၊ ထိတယ်၊ မြင်တယ်၊ ကြားတယ်၊ ကွေးတယ်၊ ဆန့်တယ်"စသည်ဖြင့် ရှုမှတ်တိုင်းရှုမှတ် တိုင်း၊ ရှုမှတ်မိအောင် ကြောင့်ကြစိုက်ပေးနေတဲ့ အားထုတ်မှု ဆိုတာပါတယ်၊ အဲဒါဟာ မဂ္ဂင်ရှစ်ပါးထဲမှာ သမ္မာဝါယာမ ခေါ်တဲ့ မဂ္ဂင်တရားဘဲ၊ ပြီးတော့ အမှတ်ရတဲ့ သတိလဲပါတယ်၊ အဲဒါက သမ္မာသတိမဂ္ဂင်ဘဲ၊ ပြီးတော့ ရှုမှတ်မိတဲ့အာရုံထဲဝင် သွားသလို အာရုံမှာ ကပ်ကပ်ပြီး တည်တည်နေတဲ့ သမာဓိလဲ ပါတယ်၊ အဲဒါက သမ္မာသမာဓိမဂ္ဂင်ဘဲ၊ အဲဒီသုံးပါးကိုသမာဓိ မဂ္ဂင်သုံးပါးလို့ ခေါ်တယ်၊ ပြီးတော့ အဲဒီသမာဓိနဲ့ကပ်ကပ်ပြီး စူးစိုက်မိရာ အာရုံကို "တောင့်တင်းလှုပ်ရှားတဲ့ သဘောမျှဘဲ၊

မြင်သိတဲ့သဘောမျှဘဲ၊ ဖြစ်ပြီးပျက်သွားတဲ့သဘောမျှဘဲ၊ မမြဲတဲ့သဘောပဲ” စသည်ဖြင့် ကြံစည်မိတဲ့ ဝိတက်ဆိုတာလဲပါတယ်၊ အဲဒါက သမ္မာသင်္ကပ္ပမဂ္ဂင်ဘဲ၊ ဒီနေရာမှာ “ကြံစည်မိတယ်” ဆိုပေမယ့်လို့ တစိမ့်စိမ့်နဲ့ အကြာကြီးတွေးတော နေရတာသော မဟုတ်ပါဘူး၊ ရှုမှတ်သည်နှင့် တပြိုင်နက် အဲဒီ ရှုမှတ်မိတဲ့ အာရုံပေါ် လှမ်းတက်သွားသလို စိတ်ဦးကလေး တက်တက်သွားတဲ့ သဘောပါဘဲ၊ သူ့ကိုအကြောင်းပြုပြီးတော့ သူနဲ့ယှဉ်ဘက်နာမ်တရားတွေကလဲအဲဒီအာရုံကိုတက်ရောက်ပြီးအာရုံပြုရတဲ့အတွက် သူ့ကို “အဘိနိရောပနလက္ခဏာ- ယှဉ်ဘက်တရားတွေကို အာရုံပေါ်တင်ပေးခြင်း သဘောရှိတယ်” လို့ အဋ္ဌကထာမှာ မိန့်ဆိုထားပါတယ်၊ ပြီးတော့ အဲဒီ တက်ရောက်မိတဲ့ အာရုံကိုတောင့်တင်းလှုပ်ရှားတဲ့ သဘောမျှဘဲ၊ အာရုံကို မသိတတ်တဲ့သဘောမျှဘဲ၊ မြင်သိတဲ့သဘောမျှဘဲ၊ အာရုံကိုသိတတ်တဲ့သဘောမျှဘဲ၊ ဖြစ်ပြီးပျက်သွားတဲ့သဘောမျှဘဲ၊ မမြဲတဲ့သဘောဘဲ” စသည်ဖြင့် အမှန်အတိုင်း သိမြင်သဘောကျသွားတဲ့ အသိဉာဏ်လဲပါတယ်၊ အဲဒါက သမ္မာဒိဋ္ဌိမဂ္ဂင်ဘဲ၊ ဒီသမ္မာသင်္ကပ္ပနှင့် သမ္မာဒိဋ္ဌိကို ပညာမဂ္ဂင်လို့ ခေါ်တယ်၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝဆိုတဲ့ သီလမဂ္ဂင်သုံးပါးကတော့ဝိပဿနာမရှုမီရှေးအဘို့ သီလဆောက်တည်ကတည်းက ပြည့်စုံတယ်၊ တနည်းအားဖြင့် ရှုမိတဲ့အာရုံနှင့် စပ်ပြီး မိစ္ဆာဝါစာလဲမဖြစ်နိုင်ဘူး၊မိစ္ဆာကမ္မန္တလဲ မဖြစ်နိုင်ဘူး၊ မိစ္ဆာအာဇီဝလဲ မဖြစ်နိုင်ဘူး၊ ဒါကြောင့် ရှုတိုင်း ရှုတိုင်း သီလမဂ္ဂင်ကိစ္စတွေလဲ ပြီးနေပါတယ်။

## အရိယမဂ်ကို ရောက်သွားပုံ

ယခုပြောခဲ့တဲ့အတိုင်း မဂ္ဂင်ရှစ်ပါးတရားတွေဟာ ရှုမှတ်တဲ့ စိတ်တိုင်းမှာပါဝင်နေတယ်၊ အဲဒီမဂ္ဂင်တရားတွေဟာ စုံမှုကင်း ပျောက်ပြီး ပေါ်ပေါက်လာတဲ့ ဝိပဿနာမဂ်လမ်းပါဘဲ၊ ဒီဝိ ပဿနာမဂ်လမ်းက ခုနကပြောခဲ့တဲ့အတိုင်း သင်္ခါရုပေက္ခာဉာဏ် တိုင်အောင် အစဉ်အတိုင်း တည်ဖေါက်လာရတယ်၊ ဒီလိုတည် ဖေါက်လာလို့ သင်္ခါရုပေက္ခာဉာဏ်က ရင့်ကျက်လာတဲ့အခါမှာ သူ့ဖြစ်ရိုးဖြစ်စဉ်အတိုင်း အရိယမဂ်ကို ဆိုက်ရောက်သွားတော့ တာပါဘဲ၊ ဆိုက်ရောက်သွားပုံကတော့ ဒီသင်္ခါရုပေက္ခာဉာဏ်က ရင့်ကျက်ပြီး၊ အားပြည့်လာတဲ့အခါမှာ အမှတ်အသိတွေက ထူး ခြားပြီး လျင်မြန်လာတယ်၊ အဲဒီလို လျင်လျင်မြန်မြန်သိယင်း သိယင်းဘဲအငြိမ်းဓာတ် နိဗ္ဗာန်ထဲကို ဖြုတ်ကနဲ ကျရောက်သွား တယ်၊ အဲဒီလိုကျရောက်သွားပုံကလဲ အဆန်းသားဘဲ၊ မရောက် ခင်စောစောက ကြိုတင်ပြီးသိထားတာလဲ မဟုတ်ဘူး၊ ရောက် နေတုန်းလဲ ဆင်ခြင်နိုင်တာမဟုတ်ဘူး၊ ရောက်ပြီးမှ ပြန်ဆင်ခြင် နိုင်တယ်၊ ထူးထူးခြားခြားတွေ့ရတော့ ရောက်ပြီးမှ ပြန်ဆင်ခြင် နိုင်တယ်၊ ထူးထူးခြားခြားတွေ့ရတော့ ပြန်ဆင်ခြင်မိတာပေါ့၊ အဲဒါကို ပစ္စဝေက္ခဏာဉာဏ်-လို့ ခေါ်တယ်၊ အဲဒီလို ပြန်ဆင်ခြင် တဲ့အခါကျမှ အမှတ်အသိကလေး မြန်လာရာက ငြိမ်းရာကို ရောက်သွားပုံရော ငြိမ်းနေပုံရော၊ အဲဒါတွေကို ထင်ရှားတွေ့ရ တယ်၊ ဒီအထဲမှာငြိမ်းနေပုံက နိဗ္ဗာန်ဘဲ၊ ငြိမ်းရာရောက်သွား တာက အရိယမဂ်ဘဲ၊ အဲဒါတွေဟာ မဂ်လမ်းပေါက်ပြီး နိဗ္ဗာန် ဆိုက်ရောက်သွားပုံတွေပါဘဲ၊ ဒါကြောင့်—

စွဲမှုကင်းပျောက်၊ မဂ်လမ်းပေါက်၊ ဆိုက်ရောက်
နိဗ္ဗာန်ပြည်။ (ဆို)

ဒီတော့ နိဗ္ဗာန်ရောက်ချင်ယင် အရေးတကြီးလိုတာက ဘာလဲ ဆိုယင် စွဲလမ်းမှုကင်းပျောက်အောင် အားထုတ်ဘို့ပါဘဲ၊ ပကတိ လူတွေမှာ နေရာတကာက စွဲလမ်းမှုတွေရှိနေတယ်၊ မြတယ်လို့လဲ စွဲလမ်းနေတယ်၊ ချမ်းသာတယ် ကောင်းတယ်လို့လဲ စွဲလမ်းနေ တယ်၊ အသက်ကောင် ငါကောင် သတ္တဝါကောင်ဘဲလို့လဲ စွဲလမ်းနေတယ်၊ အဲဒီအစွဲအလမ်းတွေ လုံးလုံးကင်းသွားအောင် အားထုတ်ဘို့ပါဘဲ။ အဲဒီလိုအားထုတ်တယ်ဆိုတာလဲ ဖြစ်တိုင်း ဖြစ်တိုင်း ရှုမှတ်နေရတာပါဘဲ၊ မြင်တိုင်း ကြားတိုင်း တွေ့တိုင်း သိတိုင်း မပြတ် ရှုမှတ်နေရတာပါဘဲ၊ အဲဒီလို ရှုမှတ်နေယင် စွဲလမ်းမှုတွေ အကုန်လုံး ကင်းပျောက်သွားမယ်၊ အဲဒီလိုစွဲလမ်းမှု ကင်းတော့ အရိယာမဂ် ဖြစ်ပေါ်ပြီး . နိဗ္ဗာန်ရောက်သွားမယ်၊ ဒါဟာ ဖြစ်စဉ်းဖြစ်စဉ်ပါဘဲ၊ ဒါကြောင့်—

ဖြစ်တိုင်းမှတ်ရှု၊ ရုပ်နာမ်စု၊ စွဲမှု ကင်းပျောက်သည်။
စွဲမှုကင်းပျောက်၊ မဂ်လမ်းပေါက်၊ ဆိုက်ရောက်
နိဗ္ဗာန်ပြည်လို့—

ဆောင်ပုဒ်က ဆိုထားတယ်၊ ယခုဟောခဲ့တဲ့ ဆောင်ပုဒ်တွေဟာ အရင်းခံကတော့ (၆)ပုဒ်ပဲ ရှိပါတယ်။

(၁) ဝိပဿနာ၊ ဉာဏ်ဆိုတာ၊ ဘယ်ဟာရှု၍ ဖြစ်သနည်း။
(၂) စွဲလမ်းနိုင်ရာ၊ ငါးခန္ဓာ၊ မှန်စွာရှု၍ ဖြစ်သတည်း။
(၃) ဘယ်အကျိုးငှာ၊ ထိုခန္ဓာ၊ ဘယ်ခါရှုရပါသနည်း။

(၄) မစွဲဘိုရာ၊ ဖြစ်ဆဲမှာ၊ မှန်စွာရှုရပါသတည်း။
(၅) ဖြစ်ခိုက်မရှု၊ ရုပ်နာမ်စု၊ စွဲမှုဝင်ရောက်သည်။
(၆) မြဲတယ် ကောင်းတယ်၊ ငါကောင်နှယ်၊ တကယ် ထင်တတ်သည်။
(၇) ဖြစ်တိုင်းမှတ်ရှု၊ ရုပ်နာမ်စု၊ စွဲမှုကင်းပျောက်သည်။
(၈) မမြဲဆင်းရဲ၊ သဘောဘဲ၊ ဉာဏ်ထဲရှင်းတော့သည်။
(၉) စွဲမှုကင်းပျောက်၊ မဂ်လမ်းပေါက်၊ ဆိုက်ရောက် နိဗ္ဗာန်ပြည်။

## ဝိပဿနာရှုနည်း-မှုသေစည်း

ဒီဆောင်ပုဒ်(၉)ပုဒ်ဟာ ဝိပဿနာ အခြေခံတရားမှာ မူရင်းတွေပါဘဲ၊ ဒီမူရင်းညွှန်ကြားချက်တွေဟာ ဝိပဿနာ၏ မူသေစည်းတွေဘဲ၊ဝိပဿနာဆိုယင် ဒီမူသေစည်းနှင့်မညီယင် ဝိပဿနာအစစ်မဖြစ်နိုင်ဘူး၊ဒါကြောင့် ဒီညွှန်ကြားချက်တွေကို ဝိပဿနာရှုနည်း၊ မူသေစည်း-လို့ အမည်ပေးထားတယ်၊အဲဒါကို မှတ်သားသိမ်းဆည်းထားရမယ်လို့ နိဂုံးချုပ်အနေနဲ့ နောက်ဆုံးဆောင်ပုဒ် တခုလဲ ပေးထားပါတယ်။

(၁၀) ဝိပဿနာရှုနည်း၊ မူသေစည်း၊ သိမ်းဆည်းထားရမည်တဲ့။

ဒါကတော့ အမှာစကားကလေးပါဘဲ၊ ကဲ....အဲဒီမှာတမ်းကလေး ဆိုကြရမယ်။

ဝိပဿနာရှုနည်း၊ မူသေစည်း၊ သိမ်းဆည်းထားရမည်။ (ဆို)

ဝိပဿနာအခြေခံတရားကတော့ စုံသွားပါပြီ။

ဤတရားတော်မှာ စာအုပ်အဖြစ် ရောက်ခဲ့ပြီးပေပြီ၊ သို့သော် ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် ပြန်ဟောသောအခါ၌လည်း တရားနာ ပရိသတ်မှာ နာ၍ အားမရနိုင်ကြပဲ ရှိကြပြန်လေသည်။

## နောက်ဆက်တွဲတရားပွဲများ

ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးနှင့် စာရေးသူတို့ကား နက်ဖြန်ခါဆိုလျှင် ပြန်ကြတော့မည်၊ သရက်အောင်မင်္ဂလာဆရာတော် ဦးစန္ဒာဝရကား နက်ဖြန်ညမှစ၍ ၄-ညပတ်လုံး တပါးတည်း တရားဟောရစ်ဦးမည်၊ ဟောရစ်မည့်တရားမှာ "မဟာသတိပဋ္ဌာန် ဝိပဿနာ အလုပ်ပေးတရားတော်ကြီး" ဖြစ်၏။

ထို့နောက် ယောဂီများသက်ခံ၍ ဖျာပုံမြို့ သာသနာ့ရိပ်သာ ဆရာတော်က ရက် ၃၀-ပတ်လုံး တရားဟော တရားပြရစ်တော်မူဦးမည်။

ထို့နောက်၌ကား ဤရိန်အောင်ရိပ်သာ ဆရာတော် ဦးသောဘိတ-က ဆက်လက်၍ ဤရိပ်သာကြီး တည်တံ့တိုးတက် စည်ကားလာအောင် အစဉ်ထာဝရ သာသနာပြုတော်မူမည် ဖြစ်ပေသည်။ ယခင်က ဦးဇယာနန္ဒ တရားပြခဲ့သော်လည်း ကျန်းမာရေး အားနည်းခဲ့သောကြောင့် ထင်တိုင်းမပေါက်ခဲ့ပေ၊ ဒေါ်ဝိစာရီတို့ ဒေါ်ဂုဏဝတီတို့ တည်ထောင်ပြသလျက်ရှိသော ရိပ်သာ၌လည်း တိုးတက်မှု နည်းပါးနေသေးသည်၊ ယခု ဤရိန်အောင်

သာသနာ့ရိပ်သာ ဦးသောဘိတမှာ ကျန်းမာရေး ကလည်း ကောင်း၊ အရွယ်ကလည်း သန်သန်မာမာ၊ ပညာကလည်း ချွန်ချွန် မွန်မွန်ဆိုတော့ ဤမအူပင်မြို့၏ ရန်အောင်သာသနာ့ရိပ်သာ၏ ခရီးသည် ဖြောင့်ဖြူးသာယာစည်ပင်လာမည်-ဟု မြော်မှန်း ရပေသည်၊ မအူပင်မြို့၌ စနစ်တကျ မဟာသတိပဋ္ဌာန်ဝိပဿနာ တရားပြရိပ်သာတခု လိုအပ်နေသည်ကို မြို့မိမြို့ဖ ဆရာတော် ဘုရားကြီးများကသည်း အသိဖြစ်တော်မူကြရာ ဖြစ်မြောက် အောင် ဝိုင်းဝန်း အားပေးတော်မူကြမည်မှာလည်း ယုံမှား ဖွယ်ရာ မရှိပေ၊ အောင်မြင်စွာ တိုးတက်ထွန်းကားပါစေဟု လည်း ဆုမွန်ကောင်း တောင်းတမိပါသည်။

## သဒ္ဓါဟုန်စက်ဝလုပ် နှိုးသော်ကြောင့်

ပြာသိုလဆန်း ၆-ရက်၊ စာရေးသူအဖို့ ညဥ့် တရားဟောရန် လည်း မရှိတော့-အဖျားလည်း ကျသွားခဲ့လေပြီ၊ ထို့ကြောင့် ရိပ်သာမှ ဆက်ကပ်သမျှ အရက္ခဆွမ်း နေ့ဆွမ်းတို့ကို သောက ကင်းကင်း လွှတ်လွှတ်သပ်သပ် ဘုဉ်းပေးလိုက်ရပေသည်။

မအူပင် ဒကာဒကာမတို့ကလည်း ရောက်သည့်နေ့မှစ၍ ယနေ့ ပြန်မည့်နေ့အထိပင် သဒ္ဓါတရား ထက်ထက်သန်သန်ဖြင့် မွန်မြတ် သော ဆွမ်းဘောဇဉ်တို့ကို ဆက်ကပ်ကြပေသည်။

နေ့ ၁-နာရီ၌ ရန်အောင်သာသနာ့ရိပ်သာမှ ကားများဖြင့် ထွက်ခဲ့ကြ၏၊ မအူပင် လူထုကလည်း စည်စည် ကားကားပင် လိုက်ပို့ပူဇော်ကြပေသေး၏၊ ဒကာ ဦးဝင်းကလည်း မဟာစည်

ဘုန်းတော်ဖွဲ့များကို အသံချဲ့စက်ဖြင့် ရွတ်ဖတ် ပူဇော်ပြန်ပါသည်။

သူသည် ဤမဟာစည် ဘုန်းတော်ဘွဲ့များကို ရောက်ခါစကြို့ဆိုစဉ်ကလည်း ရွတ်ဖတ်၊ နေ့စဉ် မြို့တွင်းတရားပွဲ လှည့်လည်ကျောညာယင်းလည်း ရွတ်ဖတ်၊ ညစဉ် တရားပွဲမစခင် ညနေစောင်း၌လည်း ရွတ်ဖတ်၊ ယခုလည်း ပြန်လည်လိုက်ပို့ယင်း ရွတ်ဖတ်၊ ဤသို့ အကြိမ်ကြိမ် ရွတ်ဖတ်ပူဇော်ရ၍လည်း အားရတင်းတိမ်ပုံမရ၊ မောပန်းပုံလည်းမပေါ် ရှင်လန်း ထက်သန်လျက်ပင်။

သူ၏ ဘုန်းတော်ဘွဲ့ရွတ်ဖတ်ပုံမှာ ကျေညက်နေသောကြောင့် ခတ်ပြားသွင်း၍ ဖွင့်သည်နှယ် အသံညီညာ၍ နေပေသည်၊ ဤလို ရွတ်ဖတ်မှု၌ ဝါသနာလည်း ကြီးပုံရသည်၊ သူသည် ဘုန်းတော်ဘွဲ့ဂါထာပါဠိအနက်အဆုံး ချ"ဝန္ဒာမ"ကို ထပ်၍ထပ်၍ ဆိုလေသည်၊ ဆိုပုံမှာ "ဝန္ဒာမ-သဒ္ဓါဟုန် စက်ခလုပ်နှိုးသော်ကြောင့် အဖြာဖြာအစုံစုံ လက်အုပ်မိုးလို့မို ရှိခိုးကာကန်တော့ပန်းတို့ဖြင့် လှူဒါန်းပူဇော်ကြပါကုန်၏ အရှင်ဘုရား" ဟူ၏။ ဤ၌ နှိုးနှင့် မိုးတို့ကို ခပ်ဆောင့်ဆောင့် ခပ်ဆွဲဆွဲရွတ်ဆိုလေ၏။

ဆိပ်ကမ်းရောက်သော်လည်း သင်္ဘောမလာသေး၍ ဆိပ်ခံကြီး အထက်ထပ်ရုံးခန်း၌ သံဃာတော်အားလုံး သီတင်းသုံး၍ သင်္ဘောစောင့်နေတော်မူကြ၏၊ ဦးဝင်းကတော့ အချို့လူများ ပြန်သွားကြသည့်တိုင်အောင် ရွတ်မြဲဖတ်မြဲတည်း။

## ဂျပန်ပြည်သူပြည်သားတို့နှုတ်ဆက်ပုံ

ညနေ ၃-နာရီ၌ စကားဖြူအမည်ရှိ ခနွဲဖြူသင်္ဘောကို စီး၍ မအူပင်မှ ထွက်ခွာခဲ့ကြတော့၏၊ သင်္ဘောထွက်ခွာလျှင် ဦးသန်းမောင်တို့က သင်္ဘောပြူတင်းပေါက်မှနေ၍ မအူပင် လူထုကို လက်ခါရမ်းပြ နှုတ်ဆက်ကြ၏။

ထိုအခါ ဆရာတော်ဘုရားကြီးက "ဂျပန် ပြည်သူပြည်သားများ နှုတ်ဆက်ကြပုံကတော့ ဒီလို မဟုတ်ဘူး၊ နှုတ်ဆက်ပစ္စည်းအဖြစ် ရောင်းချတဲ့ဆိုင်က စက္ကူလိပ်များကို ဝယ်ယူကြပြီး သင်္ဘောတို့ မီးရထားတို့ ကားတို့ ထွက်ခါနီးမှာ ခရီးထွက်သူနှင့် လိုက်ပို့သူအချင်းချင်း စက္ကူစကို တဖက်တချက်ဆွဲကိုင် နှုတ်ဆက်ကြတယ်၊ တချို့များ စက္ကူလိပ်ကြီးတော့ အတော်ရှည်လို့ တမျှော်တခေါ်ကြီး နှုတ်ဆက်ကြရတယ်"ဟု ဂျပန်ပြည်က နှုတ်ဆက်နည်းကို ဗဟုသုတအဖြစ် မိန့်တော်မူလေသည်။

ဆရာတော်ဘုရားကြီးကား ကမ္ဘာအရပ်ရပ်သို့ ဗုဒ္ဓသာသနာပြု လှည့်လည်ဘူးသောကြောင့် အကြောင်းဆုံစည်းတိုင်း ဤလို နိုင်ငံခြား ဗဟုသုတမျိုးကို တပည့်များအား မိန့်ကြားတော်မူမြဲတည်း။

မအူပင်မြို့ကား ကျန်ခဲ့လေပြီ၊ စကားဖြူသည် နံနက်စောစောကပင် ခနွဲဖြူမှ ထွက်ခဲ့သည်၊ သူသည် ခနွဲဖြူ၊ သံကြိုး၊ သပြု၊ ညောင်ကုန်း၊ ဒေါင့်ကြီး၊ ဂန်ချောင်း၊ စစ်ချောင်း၊ ကျွဲကပ်တို့ကို လွန်ခဲ့ပြီး စာရေးသူတို့ စီးသော မအူပင်သို့ဆိုက်

ခဲ့၏။ ထိုမှတဖန် ယခုဆက်လက် ထွက်ခဲ့ပြန်သော် ပန်တပွတ်၊ မလက်တို၊ ထနီး၊ သုံးခွ၊ လေးအိမ်စု၊ တာတပေါ်၊ ကဝက္ကင်း၊ တံ့တေးဝ၊ တံ့တေးတို့ကို လွန်သော် ည ဂ-နာရီ၌ ရန်ကုန်သို့ ဆိုက်ရောက်လေသတည်း။

ညောင်ကန်-အရှင်ဣန္ဒက

စာကြည့်တိုက်
ပိဋကဘာသာပြန်စာပေ
ပြန့်ပွါးရေးအဖွဲ့

မှတ်ချက်။ ။၁၃၃၆-ခု၊ ဒုတိယဝါဆိုလဆုတ် (ဂ)ရက်နေ့ ဤစာမူကို ကျေးဇူးရှင် မဟာစည် သရာတော်ဘုရားကြီး ကြည့်ရှုစစ်ဆေး အသိအမှတ်ပြုပြီး ဖြစ်သည်။

"အငြိအငွန်း အပြစ်မရှိပါဘူး၊ ပြန်ယူသွားနိုင်ပါပြီ"ဟု မိန့်တော်မူပါသည်။

## ပုဇွန်တောင် ဒေါ်ရွှေဝါ၊ သမီး-မမြသိတို့ဆောင်ရွက်သော ဓမ္မဒါနအလှူရှင်များ

### ၁၀-အုပ် အလှူရှင်

၁။ ဒေါ်ရွှေဝါ- မိသားစု၊ အမှတ် (၁)ကမ်းနားလမ်း၊ တောင်လုံးပြန်၊ ပုဇွန်တောင်၊ ရန်ကုန်မြို့။

### ၂-အုပ်အလှူရှင်

၂။ ဒေါ်အုန်းကြည်၊ ဒေါ်ခင်အုန်း၊ သမီး မခင်ဆွေဦး၊ ဝင်းဝင်းရွှေဆိုင်၊ ၆၇၊ ပုဇွန်တောင်၊ ရန်ကုန်မြို့။

### ၁-အုပ် အလှူရှင်များ

၃။ ဦးအုန်းငွေ+ဒေါ်အုန်းကြည်၊ သမီး- ဒေါ်တင်တင်ဦး ၃၂ ပိတောက်လမ်း၊ တပ်မြေ၊ ပုဇွန်တောင်၊ရန်ကုန်မြို့။

၄။ ဦးခင်ရွှေ+ဒေါ်အေးနွဲ့၊ မိသားစု၊ ပိန်းကန်ရွာ။

၅။ ဦးသိန်းဝင်း+ ဒေါ်ခင်ဦး၊ အမှတ် (၁၀-၁၁) ဘိုရုံ၊ ပုဇွန်တောင်ဈေး၊ ရန်ကုန်။

၆။ မောင်သန်းငွေ၊ အခန်း(၅) အဆောင်(၂) (ဂျီ-တီ-စီ) ဘော်ဒါဆောင်၊ သိမ်ဖြူလမ်း ရန်ကုန်မြို့။

၇။ မောင်ခင်ထွန်း၊ အမှတ် ၂၉၊ ဂန္ဓမာလမ်း၊ တပ်မြေ၊ ပုဇွန်တောင်။

၈။ လူထုဆေးတိုက်၊ ပုဇွန်တောင်၊ တောင်လုံးပြန်၊ ရန်ကုန်

၉။ ဦးပု+ဒေါ်စန်းစန်း မိသားစု၊ အမှတ် (၁၉)ဈေးလမ်း ပုဇွန်တောင်၊ ရန်ကုန်။

၁၀။ ဦးအောင်သန်း+ ဒေါ်တင်မြ၊ ရေကျော်လမ်းမကြီး၊ ပုဇွန်တောင်၊ ရန်ကုန်မြို့။

၁၁။ ဦးသန်းထွန်း+ဒေါ်ဒေါ်သန်း၊ ၉၁၊ အနော်ရထာလမ်း ရန်ကုန်။
၁၂။ ဦးသန်းထွန်း+ဒေါ်မြ၊ သီရိမင်္ဂလာလမ်း၊ တောင်လုံးပြန် ပုဇွန်တောင်၊ ရန်ကုန်မြို့။
၁၃။ ဦးဟန်နှင့်ဇနီး ဒေါ်ခင်လှ၊ အမှတ် ၂၂၊ လသာလမ်း၊ ရန်ကုန်။
၁၄။ ဦးအုန်းဟန်၊ ဒေါ်လှမြိုင်၊ ၆၇၊ ရွှေဆိုင်၊ အထက် ပုဇွန်ဘောင်။
၁၅။ ဦးညွန့်ဝေ+ ဒေါ်ကျင်လှ၊ သား-မောင်ဇော်ဝင်း၊ အမှတ်(၁)ကမ်းနားလမ်း၊ တောင်လုံးပြန်၊ ပုဇွန်တောင် ရန်ကုန်မြို့။
၁၆။ ဦးခွေးနှင့် ဇနီး၊ အပြင်တန်း၊ အထည်ဆိုင်၊ ပုဇွန်တောင်ဈေး။
၁၇။ ဦးမောင်မောင်တင်+ဒေါ်ကျင်ယုံ၊ အပြင်ဆန်ပွဲရုံတန်း ပုဇွန်တောင်ဈေး၊ ရန်ကုန်။
၁၈။ ဦးမာ+ဒေါ်စိန်တင်၊ ကုန်သည်၊ မန္တလေးမြို့။
၁၉။ ဦးကျော်တင်+ဒေါ်ဖြူဖြူဝင်း၊ သား- ထူးတင့်အောင်၊ ခတ္တာလမ်း၊ တောင်ကြီးမြို့၊ တောင်ပိုင်းရှမ်းပြည်။
၂၀။ ဦးထွန်းရွှေ+ဒေါ်မြင့်မြင့်၊ ချမ်းသာလမ်းတောင်လုံးပြန် ပုဇွန်တောင်၊ ရန်ကုန်မြို့၊
၂၁။ ဒေါ်ခင်ရီ၊ ဒေါ်စန်းကြည်၊ ပုဇွန်တောင်ဈေး၊ (အရေှ့) ရန်ကုန်။

၂၂။ ဒေါ်ကျင်မွေး၊ ဒေါ်ကျင်အေး၊ အမှတ်(၄၁) အထည်ရုံ၊ ပုဇွန်တောင်ဈေး၊ ရန်ကုန်မြို့။
၂၃။ ဦးကျင်စိန်+ ဒေါ်သိန်းမြ၊ အောက်ပုဇွန်တောင်၊ တပ်မြေထိပ်။
၂၄။ ဦးမြင့်မောင်+ဒေါ်ကျင်မွေး-မိသားစု၊ ရေကျော်လမ်း၊ ရန်ကုန်။
၂၅။ ကိုစိုး+မညွန့်ခင်၊ ဥက္ကလာပမြို့၊ ရန်ကုန်တိုင်း။
၂၆။ ဦးမောင်မောင်+ဒေါ်ခင်ယုံ၊ ၅၈၊ (အေရုံ) ပုဇွန်တောင်ဈေး။
၂၇။ ကိုရန်ရှင်း+ မညွန့်မေ၊ အမှတ် ၆၂၊ မင်းလမ်း၊ ဒိုက်ဦးမြို့။
၂၈။ ဦးရွှေညွန့်+မခင်အေး၊ သမီး–ခင်ခင်လှိုင်၊ အမှတ် (၅၁) (အေရုံ) ပုဇွန်တောင်ဈေး၊ ရန်ကုန်မြို့။

---

မိုးကုတ်၊ မိုးမိတ်၊ မအူပင် မဟာစည်ဒေသနာခရီး

**မယ်တော်ကြီး-ဒေါ်ပွဲဟန်-ဆောင်ရွက်သော**

**ဓမ္မဒါန အလှူရှင်များ**

**၁၀-အုပ်အလှူရှင်များ**

၁။ ဆရာတော်ဦးကုဏ္ဍလ၊ မဟာစည် သာသနာ့ရိပ်သာ၊ ဟင်္သာတမြို့။
၂။ ဆရာတော် ဦးပညာဒီပ၊ မဟာစည်သနာ့ရိပ်သာ၊ ဝက် ပုတ်ရွာ၊ ပေါင်းတည်မြို့။

၃။ စန္ဒာမြိုင်ကျောင်းအမ-ဒေါ်ချမ်း၊ သာသနာ့ ရိပ်သာ၊ ရန်ကုန်မြို့။
၄။ ဒေါက်တာ မင်းတင်မွန်+ဒေါ်ယဉ်မြ မိသားစု၊ ၁၅-၁၉-ဦးဝိစာရလမ်း၊ ဗဟို၊ ရန်ကုန်မြို့။
၅။ ဦးရွှေဝင်း+ဒေါ်သန်းမြင့်၊အမှတ်(၄၄၁)ပန်းဘဲတန်း ပြည်မြို့။
၆။ ဦးထွန်းဘ+ဒေါ်မြသီ၊ ကွမ်းခြံရပ်၊ ၀၄-လမ်း၊ မန္တလေးမြို့။

## ၅-အုပ် အလှူရှင်များ

၁။ အငြိမ်းစား-ဗိုလ်မှူး တောက်ထိန် (ရဲဘော်သုံးကျိပ်) ဇနီး ဒေါ်ခင်ခင်၊ ဗိုလ်တောက်ထိန်လမ်း၊ မင်္ဂလာရပ်၊ ပျဉ်းမနားမြို့။
၂။ ကွယ်လွန်သူ ဗေယျာကျော်ထင်- ဗိုလ်မှူးမင်းဒင် အား ရည်စူး၍၊ ဇနီးဒေါ်ရီရီလှ သားသမီးများ၊ အမှတ် ၉၉ အို- ခတ်ပေါင်းစု ဘုရားအနီး၊ ဝင် ဒါမိ ယာ၊ ရန်ကုန်မြို့။
၃။ ဦးခင်မောင် + ဒေါ်ဖွားချော မိသားစု (ငါးနန်း-ဆေးပွဲရုံ) မလွန်ကျောက်စိမ်းတန်း၊ မန္တလေးမြို့။

## ၃-အုပ် အလှူရှင်များ

၁။ ဦးမောင်မောင်ကြီး+ ဒေါ်မိမိကြီး မိသားစု၊ အမှတ် ၅၃၁/စီ-၂၊မာလာမြိုင်ရိပ်သာ၊ ပြည်လမ်း၊ရန်ကုန်မြို့။

၃။ ဖြူဖြူ၊ အမှတ် ၁၅- ၂၃-လမ်း၊ ရန်ကုန်မြို့။
၄။ ဦးကောင်းစင်+ဒေါ်ဝင်းစိန် မိသားစု၊ ၆၂-နတ်မောက် လမ်းသွယ်၊ ရန်ကုန်မြို့။
၅။ ဦးတင့်အောင်၊ အမှတ် ၇၂၊ ၂၄-လမ်း၊ ရန်ကုန်မြို့။
၆။ ဦးထွန်းနိုင်၊ အမှတ် ၃၇၃-အောက်ကြည့်မြင်တိုင်လမ်း အလုံ၊ ရန်ကုန်မြို့။
၇။ ဦးတင်မောင်+ဒေါ်မြသင် မိသားစု၊ ၇၇၅-ဇေတုမတီလမ်း၊ ၆-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့။
၈။ ဦးဖေ+ဒေါ်မြင့်မြင့်ခင်၊ အောင်သိဒ္ဓိမင်္ဂလာပုံနှိပ်တိုက်၊ ဝါးတန်းရပ်၊ ပခုက္ကူမြို့။

## ၂-အုပ် အလှူရှင်များ

၁။ ဆရာတော်ဦးသူရိယ၊ မဟာစည် သာသနာ့ရိပ်သာ၊ ငံပြကွက်သစ်ရပ်၊ မဲဇလီကုန်း၊ အင်္ဂပူမြို့နယ်၊ ဧရာဝတီတိုင်း။
၂။ ဆရာတော် ဦးထေရဝံသ၊ မဟာစည်သာသနာ့ရိပ်သာ၊ မင်းကန်ကြီး ကျောင်းတိုက်၊ ဘုတလင်ကွင်းရပ်၊ မြန်အောင်မြို့၊ ဧရာဝတီတိုင်း။
၃။ ဦးဆိန်းကျန်+ဒေါ်ခင်သွေ-မိသားစုနှင့် ဒေါ်ခင်ကြွေ မိသားစု၊ အမှတ်( )တကောင်းဘုရားလမ်း၊ပုသိမ်မြို့။
၄။ ဗိုလ်ကြီးမောင်ထွန်း+ ဒေါ်မြမြရီ မိသားစု၊ အမှတ် ( ) ဓမ္မဝိဟာရလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။

၅။ ဦးစံမောင်+ဒေါ်အုန်းမိသားစု၊အမှတ် ၁၇၊ ၁-လမ်း၊ ၁၂-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့။
၆။ ဒေါ်စက်ရှိမိသားစု၊ အမှတ် ၁၅၉-၁၆၃၊ ဒုတိယထပ်၊ ၃၅-လမ်း၊ ရန်ကုန်။
၇။ ဦးအောင်သိန်း+ဒေါ်သန်းရီ၊ မစန်း၊ မမြင့်မြင့်သန်း၊ ငါနန်းရွာ၊ မြင်းခြံမြို့နယ်။

မယ်တော်ကြီး ဒေါ်ပွဲဟန်ဆောင်ရွက်သော

(၁)အုပ်အလှူရှင်များ

၁။ မသင်သင်းကြည်၊ အမှတ်(၁၃၆)၊မဟာဗန္ဓုလလမ်း၊ သင်္ကန်းကျွန်း။
၂။ ခင်သန်းယု။ ဈေးကြီးရပ်၊ မဲဇလီကုန်းမြို့၊ အင်္ဂပူမြို့နယ်၊ ဧရာဝတီတိုင်း။
၃။ ဒေါ်ကျင်ငွေ၊ ဇေတဝန်လမ်း၊ ထူးကြီးမြို့၊ အင်္ဂပူမြို့နယ်၊ ဧရာဝတီတိုင်း။
၄။ ဒေါ်ကြင်သန်း၊ အမှတ်(၁၇၁) ၃၃-၃၄၊ လမ်းကြား၊ အနော်ရထာလမ်း၊ ရန်ကုန်မြို့။
၅။ ဦးအုန်းမောင်+ဒေါ်တင်ရွှေ မိသားစု၊ မဲဇလီကုန်း၊ အင်္ဂပူမြို့နယ်။
၆။ ဒေါ်ချစ် မိသားစု၊ မြင်းခြံမြို့။
၇။ ဦးညိုမောင်+ဒေါ်ခင်သိန်း မိသားစု၊ တပ်ထောက်ဌာန စစ်ဆေးရုံ၊ မင်္ဂလာဒုံ။
၈။ ဦးပညိန္ဒိယ(ဓမ္မကထိက)ချစ်တီးကုန်းကျောင်း မင်္ဂလာဒုံ။

၉။ ဦးကျော်စိန်၊ ၂၂၄၊ လေးဒေါင့်ကန်လမ်း၊
သင်္ကန်းကျွန်း။
၁၀။ ဦးထွန်းနိုင်၊ အမှတ်(၃၇၃) အောက်
ကြည့်မြင်တိုင်လမ်း၊ အလုံ၊ ရန်ကုန်။
၁၁။ ဆရာကျော်–ဒေါ်သီ၊(၁၁၈) ၂-လမ်း၊
၁၂-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့။
၁၂။ မဝေမာသီ၊ သာသနာ့ရိပ်သာ၊ ရန်ကုန်မြို့။
၁၃။ ဒေါ်ဇေယျာသီ၊ သာသနာ့ရိပ်သာ၊ ရန်ကုန်မြို့။
၁၄။ ဒေါ်ညွန့်ရီ၊ အင်းယားကန်လမ်း၊ ရန်ကုန်မြို့။
၁၅။ ဦးထွန်းမောင်–ဒေါ်အေးစိန်၊ ဘီးလင်းတန်း၊
လက်ပန်တန်းမြို့။
၁၆။ မောင်ကျော်မွန်+မတင်ထွေး၊ သား
မောင်သန်းကျော်ဦး၊ မောင်ကျော်လွင်၊
ကမာ့ပါရွာ၊ ကွမ်းခြံကုန်းမြို့၊ ရန်ကုန်းတိုင်း။
၁၇။ ဦးလှဘော်+ဒေါ်ခင်စိန်၊ ၂၈၈၊ လမ်းရှည်လမ်း
မြောက်မင်းတဲရပ်၊ သရက်မြို့။
၁၈။ ဒေါ်သိန်းကျင်၊ လမ်းရှည်လမ်း၊ဈေးရပ်၊
သရက်မြို့။
၁၉။ ဒေါ်ဒေါ်ထွေး၊ အမှတ် (၃၆၃) လမ်းရှည်လမ်း၊
မြောက်မင်းတဲရပ် သရက်မြို့။
၂၀။ ဦးကျော်သိန်း-ဒေါ်ရင်မေ၊ အမှတ်(၂၂၉) လမ်းမ
တော်၊ မြောက် ပင်းတဲရပ်၊ သရက်မြို့။

စာပေပြန့်ပွားရေး... တွန်းကားပြန့်ပွားရေးဦးစီးဌာန
စာကြည့်တိုက်



-၁၉၅၈- ထမ္ဘာဒေး - ရန်ကုန်။

၂၁။ ဒေါ်မြသိန်း၊ သိမ်ကြီးလမ်း၊ မြောက်မင်းတဲရပ်၊ သရက်မြို့။

၂၂။ ဒေါ်သန်းညွန့်၊ လမ်းမတော်၊ ရွှေဘုံသာရပ်၊ သရက်မြို့။

၂၃။ ဒေါ်အေးကြည်၊ ကဝမြို့။

၂၄။ ဒေါ်တိုး၊ ချောက်ပင်ရွာ၊ ကမ္မမြို့နယ်၊ သရက်ခရိုင်။

၂၅။ ဒေါ်တင်၊ ချောက်ပင်ရွာ၊ ကမ္မမြို့နယ်၊ သရက်ခရိုင်။

၂၆။ ဦးတင်လှ-ဒေါ်လှတင် မိသားစု၊ ရန်ကုန်သစ်။

၂၇။ ဒေါ်မြရင်၊ ဆွမ်းစားကျောင်း၊ သာသနာ့ရိပ်သာ၊ ရန်ကုန်မြို့။

၂၈။ ဒေါ်ကြည်အောင်၊ ဆွမ်းစားကျောင်း၊ သာသနာ့ရိပ်သာ၊ ရန်ကုန်မြို့။

၂၉။ မဘင်ငွေးဝင်း၊အမှတ် ၁၆၊ကျိုက်ခေါက်ဘုရားလမ်း၊ သန်လျင်မြို့။

---

## နိဂုံး ပန်ကြားလွှာ

ဤစာအုပ်သည် ရန်ကုန် သာသနာ့ရိပ်သာ လိပ်စာနှင့် ဓမ္မဒါနအဖြစ် ထုတ်ဝေသော ညောင်ကန်-အရှင်ဣန္ဒက ၏ နောက်ဆုံးစာအုပ်ဖြစ်သည်၊ ရှေ့ဆက်ထွက်မည့် ညောင်ကန်-အရှင်ဣန္ဒက၏ စာအုပ်များကို ထုတ်ဝေသူများက တာဝန်ယူ ထုတ်ဝေကြပါလိမ့်မည်။

သူတော်ကောင်းတို့၏မေတ္တာကိုခံယူလျက်....

ညောင်ကန်-အရှင်ဣန္ဒက

စာကြည့်တိုက်

စာကြည့်တိုက်
ပိဋကတ်တော်သာသနာပြန့်ပွားရေးဝန်
မြန်မာမှုဆောင်ရွက်ရေးအသင်း

ညောင်ကန်—အရှင်ဣန္ဒက-၏

မိုးကုတ်၊ မိုးမိတ်၊ မအူပင်

# မဟာစည် ဒေသနာခရီး-တွင်

ပါဝင်သမျှ

မိုးကုတ်၊မိုးမိတ်၊မအူပင်မြို့များနှင့် ထိုခရီးတလျှောက်ရှိ-ရွာ၊မြို့များ၏ သမိုင်း၊ ပထဝီဝင်၊ တော,တောင်,ရေ,မြေ-အထွေထွေ၊ ဘာသာ,ယဉ်ကျေးမှု၊ ထုံးတမ်း,ဓလေ့များ၊ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးနှင့် တပည့် ရဟန်း, ရှင်, လူတို့၏ သတိပဋ္ဌာန်ဝိပဿနာ သာသနာပြုခဲ့, လှုပ်ရှားခဲ့ပုံများ၊ ဆရာတော်ဘုရားကြီး၏ ဩဝါဒထူးများ၊ ဟောကြားတော်မူခဲ့သည့် တရားတော်လိုရင်း အချုပ်များကို ချုံမိ-ငုံမိအောင် ကြိုးစား၍ မှတ်တမ်းတင်ထားသည်၊ ဤစာအုပ်ကိုဖတ်လျှင် ဤခရီးတွင် စာဖတ်သူကိုယ်တိုင် လိုက်ပါနေရသလို ခံစားရမည်၊ ကုသိုလ်လည်းရ၊ ဗဟုသုတလည်းပွား၊ အမြတ်တရားလည်း ရနိုင်သည်။

မြန်မာနိုင်ငံ အမျိုးသားစာကြည့်တိုက်
စာကြည့်ခန်း
-၁၆၃၈-